

အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်

ပဉ္စမတွဲ

—


မြန်မာ့အာယုဗ္ဗေဒ ဆေးသိပ္ပံဆရာတော်

အရှင်နာဂသေနာဘိဝံသ(ဓမ္မာစရိယ)

ရေးသားပြုစုသည်

သက္ကတဘာသာ ဆေးအဘိဓာန်ကျမ်းကြီးများကို

မှီငြမ်းပြု၍

ခေတ်သစ်၊ ခေတ်ဟောင်း – ဆေးအဘိဓာန်ပေါင်းများစွာတို့မှ

ထုတ်နုတ်လျက်

မြန်မာ့ အာယုဗ္ဗေဒ ဆေးသိပ္ပံ ဆရာတော်

အရှင်နာဂသေနာဘိဝံသ (ဓမ္မာစရိယ)

မြို့ဝ - ဝိရင်အပ်ဒေသ

# အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်

## ပဌမတွဲ

☆

မင်္ဂလာပုံနှိပ်တိုက်

၁၃၊ ၉၈-လမ်း၊ ကန်တော်လေးစာတိုက်၊ ရန်ကုန်မြို့။

# မာတိကာ


နိဒါန်း က

[ က ]

ကစော့ပုပ် ၁
ကစော့ပုပ်ငယ် ၅
ကညင်နီ ၅
ကညင်ဖြူ ၆
ကညို့ ၇
ကညောင်ပင် ၈
ကညွတ် ( ရှဉ့်မတက် ) ၉
ကညွတ်ကလေး ၁၁
ကတောက်စပ် ( ကတောက်ဆပ် ) ၁၂
ကတတ်ငန်း ( စကားစိမ်းမျိုး ) ၁၂
ကတွတ် ( ကြက်ကတွတ်, ရေခအောင်း ) ၁၃
ကဒူဥ ( ကောက်ရင်ပန်း ) ၁၃
ကဒူးပြန် ၁၄
ကဒူးဖို ၁၅
ကဒတ်ပင် ၁၆
ကနခို ၁၆
ကနခို ( တော ) ၂၀
ကနဖော့ ၂၀
ကန္တယ်ပင် ၂၂
ကဘိုင်ပင် ၂၄
ကမလာသီး ၂၅
ကရဝေးသီး (ဆင်ပန်) ၂၆
ကရဝေးရွက် ၂၇

# မာတိကာ


| | |
|---|---|
| ကလမက် | ၂၉ |
| ကလမက် ( တောင် ) | ၂၉ |
| ကလောသီး | ၃၀ |
| ကလန်ပင် | ၃၁ |
| ကလိမ်ပင် | ၃၁ |
| ကလ္လာပင် ( ကလဝါ ) | ၃၂ |
| ကသီးပန်း | ၃၂ |
| ကသစ် ( ရိုးရိုး ) | ၃၃ |
| ကသစ် ( ပင်လယ် ) | ၃၃ |
| ကာဆောလီ | ၃၅ |
| ကာဖီပင် | ၃၅ |
| ကုလားဆတ်စပါး | ၃၆ |
| ကုလားဇော ( ရှားစောင်းလက်ဝါး ) | ၃၇ |
| ကုလားနက်သွေး | ၃၇ |
| ကုလားပဲ | ၃၈ |
| ကုလားပိတောက် | ၃၈ |
| ကုလားမျက်စိပင်စောက်ကြီး ( မောင်မောင်သီး ) | ၃၉ |
| ကောလိသိန်( ကောလိစိန် ) ရှင်စိန် | ၄၀ |
| ကိုယ်ရုံကြီး | ၄၁ |
| ကိုယ်ရုံငယ် ( ကိုယ်ရုံကလေး ) | ၄၂ |
| ကက္ကုကမျဉ်း | ၄၃ |
| ကောက်ကြီးစပါး | ၄၆ |
| ကောက်ညှင်းစပါး | ၄၆ |
| ကောက်ရိုးနွယ် | ၄၇ |
| ကင်မလင်းပင် ( ကျဲပြည့်စင် ) | ၄၇ |
| ကင်ပိုမ့် ( ဂင်ပိုမ့် ) | ၄၈ |
| ကင်ပွန်းသီး ( ဗမာ ) | ၄၉ |
| ကင်ပွန်းသီး ( ကုလား, မျောက်မင်းဆွဲခဲ ) | ၅၀ |
| ကင်းပုံသီး ( အချို ) | ၅၂ |
| ကိုင်းပင်ကြီး | ၅၃ |
| ကဏ္ဍရသချေ | ၅၃ |

## မာတိကာ


| | |
|---|---|
| ကတ္တရသချေ် ( တမျိုး ) | ၅၄ |
| ကင္ဍဖိုလ် | ၅၅ |
| ကုက္ကို ( မြန်မာ ) | ၅၆ |
| ကန့်ကလာ ( ဂန့်ဂလာ ) | ၅၇ |
| ကန့်ချုပ်ပင် | ၅၈ |
| ကန့်ပလူ ( ကန့်ဘလူ ) | ၆၀ |
| ကန့်အိပ်ပင် ( ဂန့်အိပ် ) | ၆၅ |
| ကန်စွန်းပင် ( ရေကန်စွန်း ) | ၆၅ |
| ကန်ဇတ်ပန်း ( သင်းခွေ ) | ၆၆ |
| ကမ်စော်ပင် ( ရေမယ်ဇယ် ) | ၆၆ |
| ကပ်စေးနှဲ ( ကလေး ) | ၆၇ |
| ကပ်စေးနှဲ ( ဝက်မြီးကပ် ) | ၆၇ |
| ကပ်စေးနှဲ ( နွားမြီးကပ် ) | ၆၈ |
| ကံ့ကော်ဝစ္ဆ | ၆၉ |
| ကုံကုမံ | ၇၀ |
| ကျားမနိုင် | ၇၃ |
| ကျီးပေါင်း | ၇၄ |
| ကျီးအာသီး | ၇၅ |
| ကျူ ( အလိုကျူ ) | ၇၆ |
| ကျေးမြီးနီပင် | ၇၇ |
| ကျေးမြီးဖို ( သာလပဥ္စ ) | ၇၇ |
| ကျေးမြီးမ ( ပြိဿပဥ္စ ) | ၇၉ |
| ကျောက်ထင်ရှူး | ၈၀ |
| ကျောက်ပန်းမွှေး | ၈၁ |
| ကျောက်ဖရုံသီး | ၈၂ |
| ကျည်း ( တောင် ) | ၈၃ |
| ကျည်းနီ ( ရေကျည်း ) | ၈၄ |
| ကျိတ်ပင် | ၈၇ |
| ကြခတ်ဝါး | ၈၈ |

မာတိကာ


| | |
|---|---|
| ကြစုသီး | ၈၈ |
| ကြဖက်ကြီး | ၉၂ |
| ကြာပန်း ( ပဒုမ္မာ ) | ၉၃ |
| ကြို့ပင် | ၉၈ |
| ကြက်ဆူ ( အကြီး ) | ၁၀၀ |
| ကြက်ဆူ ( အငယ် ) | ၁၀၀ |
| ကြက်တရော်ပင် | ၁၀၁ |
| ကြက်တူရွေးပန်း | ၁၀၁ |
| ကြက်တက်နွယ် | ၁၀၁ |
| ကြက်မအုပ်ပင် | ၁၀၂ |
| ကြက်မောက် ( ပန်း ) | ၁၀၂ |
| ကြက်မောက် ( တော ) | ၁၀၃ |
| ကြက်မောက် ( တရုတ် ) | ၁၀၄ |
| ကြက်မောက် ( ခွေးသေ ) | ၁၀၄ |
| ကြက်မောက် ( ဆူးပြန့် ) | ၁၀၅ |
| ကြက်ရိုးပင် ( ပန်း ) | ၁၀၆ |
| ကြက်ရိုးပင် | ၁၀၇ |
| ကြက်သွန် ( ရေ ) | ၁၀၈ |
| ကြက်သွန် ( ထန်း ) | ၁၀၈ |
| ကြက်သွန် ( တော ) | ၁၀၈ |
| ကြက်သွန် ( ပဒိုင်း ) | ၁၀၉ |
| ကြက်သွန် ( မြက် ) | ၁၀၉ |
| ကြက်သွန်နီ ( ဥအကြီး ) | ၁၀၉ |
| ကြက်သွန်နီကလေး | ၁၁၀ |
| ကြက်သွန်ဖြူဥ | ၁၁၀ |
| ကြက်သွန်ဖြူဥ ( ဥတလုံး ) | ၁၁၁ |
| ကြက်ဟင်းခါး ( အဖို ) | ၁၁၁ |
| ကြက်ဟင်းခါး ( အမ ) | ၁၁၂ |
| ကြောင်ပန်း | ၁၁၃ |
| ကြောင်ပန်းကြီး | ၁၁၅ |
| ကြောင်ရှိသေပန် | ၁၁၅ |

| | |
|---|---|
| ကြောင်လျှာ | ၁၁၇ |
| ကြိတ်မှန်ပင် | ၁၁၈ |
| ကြံ | ၁၂၁ |
| ကြံဟင်းပင် | ၁၂၂ |
| ကြံဟင်းကလေးနွယ် | ၁၂၃ |
| ကြိမ် ( ကုန်း ) | ၁၂၃ |
| ကြိမ် ( ရေ ) | ၁၂၄ |
| ကူကူရာ | ၁၂၄ |
| ကွန့်ဂါးဆေးနီအုတ် | ၁၂၆ |
| ကွမ်းကတိုး | ၁၂၆ |
| ကွမ်းစားဂမုံး ( ကြီး ) | ၁၂၇ |
| ကွမ်းစားဂမုံး ( အငယ် ) | ၁၂၈ |
| ကွမ်းပင် | ၁၂၉ |
| ကွမ်းသီး | ၁၃၀ |
| ကျွေးဥ | ၁၃၀ |
| ကျွဲကောသီး | ၁၃၁ |
| ကျွဲကျောင်းမင်ဆေး ( ကျွဲကျောင်းမင်သေ ) | ၁၃၂ |
| ကျွဲခေါင်းသီး | ၁၃၃ |
| ကျွဲချိုပင် | ၁၃၄ |
| ကျွဲစာပင် | ၁၃၅ |
| ကျွဲယမ်းငယ် ( ပင်လယ်ကျောက်ပန်း ) | ၁၃၅ |
| ကျွန်းပင် | ၁၃၆ |
| ကျွန်းနလင် ( ကျွန်းအဖို ) | ၁၃၈ |
| ကြွက်နပေါင်း | ၁၃၈ |
| ကြွက်နား | ၁၄၀ |
| ကြွက်နွယ် | ၁၄၂ |

## [ ခ ]

| | |
|---|---|
| ခပေါင်းကြီး | ၁၄၃ |
| ခပေါင်းနွယ် | ၁၅၂ |
| ခခေါင်းရေကြည် | ၁၅၂ |

## မာတိကာ


| | |
|---|---|
| ခရာ ( ကုန်း ) | ၁၅၄ |
| ခရာ ( ရေ ) | ၁၅၅ |
| ခရေပင် ( ချယား ) | ၁၅၅ |
| ခရမ်းပင် | ၁၅၇ |
| ခရမ်း ( ဆင် ) | ၁၅၇ |
| ခရမ်း ( မြေပုတ်ကြီး ) | ၁၅၈ |
| ခရမ်း ( မြေပုတ်ငယ် ) | ၁၅၉ |
| ခရမ်းကစော့ | ၁၆၀ |
| ခရမ်းချဉ်သီး | ၁၆၁ |
| ခဝဲသီး ( အချို ) | ၁၆၂ |
| ခဝဲသီး ( အခါး ) | ၁၆၃ |
| ခအောင်း | ၁၆၄ |
| ခူသန်ပင် | ၁၆၅ |
| ခေါင်ရမ်းပန်း ( ဆည်းလည်း ) | ၁၆၆ |
| ခေါင်းခွ ( ဂေါင်းဂွ ) | ၁၆၇ |
| ခေါင်းအုန်းဇာ ( ဂေါင်းအုန်းဇာ ) | ၁၆၇ |
| ခန်းတောက် ( ဖို ) ပင် | ၁၆၈ |
| ခန်းတောက် ( မ ) ပင် ( ကျွဲဘကွဲ ) | ၁၆၉ |
| ခုံညင်း ( ဂုံချင်း ) | ၁၇၀ |
| ခုံညင်းယား ( ဂုံညင်းယား ) | ၁၇၀ |
| ခတ်ချိုပင် ( အကြီး ) | ၁၇၁ |
| ခတ်ချိုပင် ( အငယ် ) | ၁၇၁ |
| ခံပင် ( အဖို ) | ၁၇၂ |
| ခံပင် ( အမ ) | ၁၇၃ |
| ခံတက် ( ကဒက် ) | ၁၇၄ |
| ချိကိုရီ ( ကာဆနီ ) | ၁၇၅ |
| ချေးသီး | ၁၇၅ |
| ချင်ရွေး ( ချိန်ရွေး ) အငယ် | ၁၇၈ |
| ချင်းချောက် ( သဘော် ) | ၁၇၉ |
| ချင်းစိမ်း | ၁၈၁ |
| ချင်းတောင်မွှေးစုပ် | ၁၈၂ |

## မာတိကာ


| | |
|---|---|
| ချင်းယား (ရေ) | ၁၀၃ |
| ချင်းယား (ကုန်း) | ၁၀၄ |
| ချဉ်ပေါင် (တော) | ၁၀၄ |
| ချဉ်ပေါင်နီ | ၁၀၅ |
| ချဉ်ပေါင်ကြီး (ချဉ်ပေါင်ခါး) | ၁၀၅ |
| ချဉ်ပေါင် (ကုလား) | ၁၀၆ |
| ချဉ်ပေါင် (ဝက်မာ) | ၁၀၇ |
| ချဉ်ပေါင် (ပဲ) | ၁၀၇ |
| ချဉ်ပေါင် (ပန်း) | ၁၀၈ |
| ချဉ်ပစ်ပင် (ချဉ်ဖျစ်) | ၁၀၉ |
| ချဉ်ယုတ်ပင် | ၁၀၉ |
| ခွာညို | ၁၉၀ |
| ခွေးတောက်နွယ် | ၁၉၀ |
| ခွေးလေ့းယားပင် (ခွေးလယားပင်) | ၁၉၁ |
| ခွေးအီးပင် (ပီဘုတ်တမျိုး) | ၁၉၅ |
| ခွံပြောင်း (ပြောင်းဖူး) (ဆန်ပြောင်း) | ၁၉၅ |
| ခင်ပုပ် (ဂင်ဘုတ်) | ၁၉၅ |


## [ ဂ ]


| | |
|---|---|
| ဂမုန်းကွင်းထိုး | ၁၉၆ |
| ဂမုန်းသဿခစဉ် | ၁၉၇ |
| ဂဋ္ဌုန်တောင်ပံ | ၁၉၇ |
| ဂဋ္ဌုန်တောင်ပံဆီ | ၁၉၈ |
| ဂေါ်ဘီထုပ် | ၁၉၉ |
| ဂေါ်ဘီရိုင်း | ၁၉၉ |
| ဂန္ဓမာ (ဆေး) | ၂၀၀ |
| ဂန္ဓာစိမ်းပင် | ၂၀၁ |
| ဂျုန်ပါးပင် | ၂၀၂ |
| ဂျုံးမြစ် | ၂၀၃ |
| ဂျို့ကြီး (ဗျိုင်းခြေထောက်) | ၂၀၃ |
| ဂျို့ပန်းပင် | ၂၀၃ |

မာတိကာ


ရှောင်ဖြူပင် ၂၀၄
ဂုံခါး ၂၀၄
ဂုံချီ ၂၀၅
ဂျုံ ၂၀၅
ဂွကျတ်နွယ် ၂၀၆

[ င ]

ငပြုတ်သခွား ( ကဆစ်သခွား ) ၂၀၇
ငဘောက် ၂၀၇
ငရုံ့ပတူ ၂၀၈
ငရုတ်သီး ၂၀၉
ငရုတ်သီးမိုးမျှော် ၂၀၉
ငရုတ် ( တံငါ ) ၂၁၀
ငရုတ် ( အမေရိကန် ) ၂၁၀
ငရုတ်ကောင်း ၂၁၁
ငုံ ( ငုံကြီး, ငုံရွှေ ) ၂၁၂
ငှက်ခြေခက်ပင် ၂၁၄
ငှက်ပျော ၂၁၅
ငှက်မနာခင်စာ ၂၁၆

[ စ ]

စကားစိမ်း ၂၁၇
စကားစိမ်း ( တော ) ၂၁၈
စကားဝါ ၂၁၈
စကား ( တရုတ် ) အဖြူ ၂၂၁
စကား ( သင်္ဘော ) အဖြူ ၂၂၁
စကွဲကလေးပင် ( စကွဲပန်း ) ၂၂၂
စပါးလင် ၂၂၃
စပါးလင် ( မွှေး ) ၂၂၃
စပယ် ( ရိုးရိုး ) ၂၂၄
စပယ်ကြီး ( တော ) ၂၂၅
စပယ်ပန်း ( တော ) ၂၂၆

| | |
|---|---|
| စပယ်သန်း ( တော ) တမျိုး | ၂၂၆ |
| စပယ်ခေါင်းရမ်းပွင့် | ၂၂၇ |
| စပျစ်ရိုး ချိုး | ၂၂၇ |
| စပျစ်ရိုင်း ( သပျက်ရိုင်း ) | ၂၂၈ |
| စမုန်စပါး | ၂၃၀ |
| စမုန်နီ | ၂၃၀ |
| စမုန်နက် | ၂၃၁ |
| စမုန်ဖြူ | ၂၃၂ |
| စမုန်ဖြူ ( တော ) | ၂၃၃ |
| စမြိတ် ( ဆမိတ်, စမုန်ညို ) | ၂၃၃ |
| စမြိတ် ( တောင် ) | ၂၃၄ |
| စရိုပင် | ၂၃၄ |
| စရည်းပင် | ၂၃၅ |
| စမ္ဘတ် | ၂၃၆ |
| စုစပ်ပန်း | ၂၃၇ |
| စူကာသီး ( တော ) | ၂၃၇ |
| စူလာနဖါ | ၂၃၈ |
| စေးမခန်း | ၂၃၉ |
| စက်ကတုံးပင် | ၂၃၉ |
| စောင်ချမ်း | ၂၄၀ |
| စောင်းလျားသီး | ၂၄၁ |
| စောင်းလျားသီး ( တရုတ် ) | ၂၄၁ |
| စစ် ( သစ်ဖြူ ) | ၂၄၂ |
| စစ်ဖြူပင် | ၂၄၂ |
| စိန်တပေါ် ( မြန်မာ ) | ၂၄၃ |
| စိန်တပေါ် ( သင်္ဘော ) | ၂၄၄ |
| စိန်တံချူ | ၂၄၅ |
| စိန်ပန်းကြီး | ၂၄၅ |
| စိန်ပန်း ( အသေး ) | ၂၄၆ |
| စမ္ပာ | ၂၄၆ |
| စွန်ပလွန်သီး | ၂၄၈ |

စွန်လက်သည်း ( စွန်လက်သဲ ) ၂၄၉

[ ဆ ]

ဆလတ်ရွက် ၂၄၉
ဆီမီးတောက် ၂၅၀
ဆီးခနောက် ၂၅၂
ဆီးသီး ၂၅၂
ဆီသီး ( တရုတ် ) ၂၅၄
ဆီးသီး (မျောက်, ပေါင်ပွဲ ) ၂၅၄
ဆီးတော်သီး ၂၅၅
ဆီးဖြူသီး ၂၅၅
ဆီးဖြူသီး ( သဘော ) ၂၆၁
ဆီးဖြူသီး ( မြေ ) ၂၆၂
ဆူးကြမ်းပိုး ( ဆူးကြန်ဖို ) ၂၆၃
ဆူးခေါက်ပင် ၂၆၃
ဆူးကောက်နက် ( ဆူးခေါက်နက် ) ၂၆၄
ဆူးပဒေါင်း ၂၆၅
ဆူးပန်း ၂၆၆
ဆူးပုပ်ကြီး ၂၆၇
ဆူးဖြူပင် ၂၆၈
ဆူးလိုး ၂၇၀
ဆူးလေကြီး ၂၇၂
ဆူးလေငယ် ၂၇၃
ဆေးကတ္တီပါ ၂၇၃
ဆေးခါးကြီး ၂၇၄
ဆေးခါးကြီး ( သဘော ) ၂၇၅
ဆေးခြောက် ၂၇၅
ဆေးဂျွန် ၂၈၂
ဆေးပုလဲ ၂၈၂
ဆေးပိုးတီ ၂၈၃
ဆေးမန်ကျည်း ၂၈၄

| | |
|---|---|
| ဆေးရွက်ပင် | ၂၀၄ |
| ဆေးဝက်သခေါက်ပင် ( တောင်ကလား, တောသစ်ချ ) | ၂၀၅ |
| ဆေးသူငယ်ချက် | ၂၀၅ |
| ဆေးသံပုရာ (သမင်စာဖြူသီး ) | ၂၀၆ |
| ဆယ့်နှစ်ရာသီပန်း ( အဝါ ) | ၂၀၈ |
| ဆောက်ချဉ် | ၂၉၁ |
| ဆင်ကဒက် | ၂၉၂ |
| ဆင်ငိုမြက် | ၂၉၂ |
| ဆင်တုံးမနွယ် | ၂၉၂ |
| ဆင်နှာမောင်းကလေး | ၂၉၄ |
| ဆင်နှာမောင်းကြီး | ၂၉၄ |
| ဆောင်မေးခါး | ၂၉၅ |
| ဆတ်စပါး | ၂၉၆ |
| ဆတ်ဆတ်ချေ | ၂၉၆ |
| ဆတ်နီ | ၂၉၇ |
| ဆတ်သွားဖူး ( အဖြူ ) | ၂၉၇ |
| ဆတ်သွားဖူး ( ရွှေဝါရောင် ) | ၂၉၈ |
| ဆိတ်ချေးငင် ( ဆိတ်ချေးဖို ) | ၂၉၈ |
| ဆိတ်နံကြီး ( တော ) | ၃၀၀ |
| ဆိတ်ဖလူးပင် | ၃၀၀ |
| ဆိတ်ဖူး | ၃၀၃ |


## [ ဇ ]


| | |
|---|---|
| ဇရစ် | ၃၀၃ |
| ဇလတ်ပန်း | ၃၀၄ |
| ဇလတ် ( အနီ ) | ၃၀၆ |
| ဇာတိပ္ပိုလ်သီး | ၃၀၆ |
| ဇာတိပ္ပိုလ်ပွင့် | ၃၁၀ |
| ဇာတိပ္ပိုလ်သီး ( တော ) | ၃၁၀ |
| ဇီရာ | ၃၁၁ |

ဇီရာရွက် ( မြန်မာ ) ၃၁၄
ဇီရာညို ၃၁၄
ဇီရာနက် ( တောဇီရာ ) ၃၁၅
ဇော်ဂျီခါါးပုံစ ၃၁၅
ဇော်ဂျီတောင်ဝှေး ၃၁၅
ဇော်ဂျီမုတ်ဆိတ် ၃၁၆
ဇင်ပြွန်းသီး ၃၁၇
ဇောင်းကလေး ၃၁၈
ဇမ္ဗူပနီပင် ( ဇမ္ဗူဗနီပင် ) ၃၁၈
ဇွန်ပန်း ၃၁၉

## [ ည ]

ညံပင် ၃၂၁
ညောင်ခြေထောက် ၃၂၁
ညောင်ချဉ် ၃၂၃
၁ - ညောင်ချဉ် (တမျိုး) ၃၂၄
၂ - ညောင်ချဉ် ( တမျိုး ) ၃၂၅
ညောင်ဖြူ ၃၂၅
ညောင်ဗုဒ္ဓဟော ၃၂၆
ညောင်ရေအိုးပန်း ၃၃၀
ညောင်သပြေ ၃၃၁
ညောင်အုပ် ၃၃၁
နိဂုံးအမှာ - ပန်ကြားလွှာ ၃၃၃
အက္ခရာစဉ် အညွှန်း ၃၃၅

အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်

---

နမော သဗ္ဗညုနော တိကိစ္ဆကဿ မဟာကာရုဏိကဿ

[ က ]

## ကစော့ပုပ်

သက္ကတ कासमर्द
ဟိန္ဒီ कसौंदी

လက်တင် Cassia Occidentalis
အင်္ဂလိပ် Negro Coffee

**ပုံသဏ္ဍာန်။** ။ကစော့ပုပ်သည် နေရာဒေသ မရွေး ပေါက်တတ်သော အပင်ငယ်မျိုး ဖြစ်၏၊ မိုးဥတု၌ ထူးထူးခြားခြား ပေါက်တတ်၏၊ အမြစ် သေး၏၊ ပင်လုံးမှာ တပင်လုံး အနေဖြင့် ခြုံ၍ ကြည့်သော် ခတ်ဝိုင်းဝိုင်း နေ၍ ရှက်ဆိုင် ထွက်၏၊ အရွက်သည် ဝိုင်း၍ အဖျား ရှူးသွား၏၊ ဒန့်ကျဲပင်နှင့် ပုံသဏ္ဍာန် တူယောင် ရှိ၏၊ အကိုင်းများ နူးညံ့၍ ၎င်းတွင် အမွေးနု ကလေးများ ရှိ၏၊ အပွင့်သည် ဝါရောင်သန်းလျက် အဆုတ်အခိုင် ဖြစ်၍ ပွင့်၏၊ အသီးသည် ၄-လက်မမှ ၅-လက်မထိ ရှိ၏၊ ခတ်ဖေါင်းဖေါင်း နေ၍ ပြား၏၊ အသီးတောင့် တခုတွင် အစေ့ အရေအတွက်မှာ ၁၀-မှ ၂၀-အထိ ဖြစ်၏၊ ၎င်းသည် အသေး အရောင်အားဖြင့် အဖြူ

မျိုး, အညိုမျိုး ဟူ၍ ၂-မျိုး ကွဲပြား၏၊ အရွယ် အစားအားဖြင့် အကြီးမျိုး, အငယ်မျိုး ဟူ၍ ၂-မျိုး ကွဲပြား၏၊ ၂-မျိုးစလုံးမှာမူ ဆေးဘက်တွင် စွမ်းရည်သတ္တိ ရှိကြကုန်သည် သာ ဖြစ်၏၊ ၎င်းကို ဟင်းချိုချက် စားကြကုန်၏၊ ဟင်းရွက်တမျိုး ဖြစ်၏၊ အချို့ အရပ်ဒေသ၌ "ဟင်းပုပ်" ဟူ၍လည်း ခေါ်ကြကုန်၏၊ "ကစော့ပုပ်" ဟု ခေါ်ရာ၌ ကစော့ခါး, ခရမ်းကစော့ခါး မဟုတ်သည်ကို ထူးခြားစွာ သတိပြုရပေမည်။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းသည် ပဥ္စင်္ဂါးပါးလုံး ဆေးဘက်တွင် အသုံးဝင်၏၊ အထူးအားဖြင့် အရွက် နှင့် အစေ့များ အသုံးဝင်၏၊ ချို၏၊ ခါးသက်သက် ရှိ၏၊ ပူသော သတ္တိ ရှိ၏၊ ကြေကျက်သော အခါ၌ စပ်၏၊ ဤသို့ ရသ, ဝိပါက အနေဖြင့် ဖော်ပြထား၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်ကို မြိန်စေ၏၊ ကြေကျက်လွယ်၏၊ ကျင်ငယ်ကို ဖြစ်စေ၏၊ အားကို တိုးပွားစေ၏၊ လည်ချောင်းကို သုတ်သင်တတ်၏၊ ချောင်းဆိုး, ကြို့ထိုး, ပန်းနာ, ဝမ်းပိုက်ရောဂါ, အစာမကြေရောဂါ, ရေဖျဉ်းရောဂါ, အဆိပ်သင့်ခြင်း, မြင်းသရိုက်ရောဂါ, တုလာသရော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ သည်းခြေ ဒေါသကြောင့် ဖြစ်သော ချောင်းဆိုးသွေးအန်တို့နှင့် လွန်စွာ သင့်၏၊ သို့ဖြစ်၍ ၎င်းကို ကာသမဒ္ဒ (ချောင်းဆိုးနှိုင်ပင်) ဟု ဆေးကျမ်းတို့၌ ခေါ်၏၊ ဤသို့ ဂုဏပ္ပဘာဝ အနေဖြင့် ဖော်ပြထား၏။

## ရောဂါအလိုက် အသုံးပြုနည်း

ဥပယောဂ (ရောဂါအလိုက် အသုံးပြုနည်း) ကို အောက်ပါ အတိုင်း ကျမ်းတကာမှ နှုတ်၍ အသီးအသီး ထုတ်ဖော်ရေးသားပါမည်။


**ကာမသတ္တိနည်းသောရောဂါ။** ။ ထိုကစော့ပုပ် အစေ့ ၆၅ိ-သားကို ယူ၍ မီးညှင်းညှင်းပေါ်တွင် လှော်ပြီးနောက် အမှုန့်ထောင်းပါ၊ ၎င်းနောက် ထည့်သွင်းရမည့် ဆေးဘက်များမှာ— ဖာလာ ၁၂-ပဲသား, ဆင်ပန်ကရဝေးစေ့ ၆-ပဲသား, သစ်ကြံပိုးခေါက် ၆-ပဲသား, ဇာတိပ္ဖိုလ်သီး ၃-ပဲသား, ဇာတိပ္ဖိုလ်ပွင့် ၃-ပဲသား, ချင်းခြောက် ၃-ပဲသား, ဘိန်းစေ့ ၃-ပဲသား, ကုံကုမံ ပဲဝက်သား— အားလုံးစုံ ဆေးဘက်ကို စုပြီးလျှင် အမှုန့်ပြု၍ ၎င်းဆေးမှုန့်ကို အမြဲမပြတ် မှီဝဲ သုံးစွဲ သွားခဲ့သည် ရှိသော် လူငယ်, လူလတ်, လူကြီး ၃-ဦးစလုံးပင် (ဝါ) ပေါက်စကလေးငယ်မှ အဖိုးအို တိုင်အောင် များစွာပင် အကျိုးပြု၏၊ ထိုဆေးကို မှီဝဲသူသည် ကာမဂုဏ် မှီဝဲရာ၌ အားအင် ခြောက်ခန်းခြင်းမှ ကင်း၏၊ နှစ်သက်ရွှင်လန်း၏၊ ဝမ်းမီးကို တောက်ပစေ၏၊ သုက်သွေးများကို သန့်ရှင်းစေပြီးလျှင် ကာမအားကိုလည်း တိုးပွားစေ၏။

**တနည်း။** ။ ၎င်း၏ အမြစ်ခြောက်သည် ကာမအားကို တိုးစေ၏၊ အမြစ်မှုန့် ၇-ပဲသားကို ပျားရည်နှင့် တေပြီးလျှင် အလုံးပြုလုပ်၍ နွားနို့နှင့် သောက်ပါ၊ ၎င်းနောက် နွားနို့တခွက် ထပ်သောက်ပါလျှင် ကာမသတ္တိ လွန်စွာ တောင့်တင်းခိုင်မာသည် ဟု ဆို၏။

## ကစော့ပုပ်

CASSIA OCCIDENTALIS,

कसोदी



**ခေတ်ပြောဆေး။** ။ အမြစ်၏ အခေါက်, အရွက်, အသီး ထိုသုံးမျိုး လုံးသည် နူးညံ့ညင်သာစွာ ခေတ်ကို သက်လျှောစေတတ်၏၊ ဝမ်းသက်စေလိုရာ၌ အရွက်၏ အမှုန့် သက်သက်ကို အသုံးပြုခဲ့သော် ၅-ပဲသားခန့် အသုံးပြုရ၏။

**ဆီးချိုရောဂါ။** ။ အမြစ်ခေါက်ကို လဘက်ရွက်နှင့် ရော၍ အမှုန့်ပြုပြီး၊ တနည်း-အခေ့ မှုန့်ကို ပျားရည်အစစ်နှင့် ရော၍ငင်း အသုံးပြုခဲ့သော် ဆီးချိုရောဂါ၌ ကောင်း၏။

**အညောင်း အကိုက်။** ။ ၎င်း၏ အရွက်ကို ရေနှင့် ပြုတ်၍ ချိုးနိုင်လောက်သော ပြုတ်ရည်ပူဖြင့် ရေချိုးပေးခဲ့သော် ခါးနာ, ခါးအောင့်, အညောင်းအကိုက်, အဖေါ အရောင်များ ပျောက်ကင်း နိုင်၏၊ အဆစ် ရောင်ရာ၌ ၎င်းအရွက်သက်သက်ကို ထုချေ၍ အုံပေးရ၏။

**အဖျားရောဂါ။** ။အဖျား ဖျားခဲ့သော် ခေါင်းတွင် စည်းပေးခြင်းဖြင့် မကြာမီ ရောဂါမှ လွတ်ကင်းနိုင်၏။

**အကြောကပ်ရောဂါ။** ။ အရွက်ကို ကြက်သွန်နီနှင့် ကြိတ်၍ အကြောတွင် လိမ်းကျံခြင်း, စည်းပေးခြင်း ပြုလုပ်ခဲ့သော် မကြာမီ ပင် အကြောများ ကပ်နေရာမှ ထကြွ အားရှိလာ၏။

**သူငယ်နာ သံရောဂါ။** ။ အရွက်ကို ပြုတ်၍ ကလေးမျှား၏ ဝမ်းပိုက်သံပိုးများ အတွက် တိုက်နိုင်၏။

**အဆိပ်သင့် ရောဂါ။** ။ ကစော့ပုပ်မြစ်ကို ကိုက်ဝါးပြီးလျှင် ကင်းမြီးကောက် ကိုက်သည့် နေရာ၌ ထွေးပေးခဲ့သော် အဆိပ်များ ပြေကျ၏၊ မြွေကိုက်ခဲ့သော် ၎င်း၏ အမြစ် နှင့် ငြုတ်ကောင်းမှုန့်ကို ရောစပ်ပြီး တိုက်ခဲ့သော် မြွေဆိပ်ကျ၏။

**ကိုယ်ရေဝါရောဂါ။** ။ ၎င်းအရွက် ၂-ရွက် ၃-ရွက်ကို ငြုတ်ကောင်း ၂-စေ့ ၃-စေ့နှင့် အတူ စားသွားခဲ့သော် ကိုယ်ရေဝါရောဂါ ပျောက်ကင်း၏၊ ၎င်းအရွက်ကို သကြားနှင့် ရောစပ်၍လည်း ကိုယ်ရေဝါရောဂါ အတွက် သောက်နိုင်၏။

**ခရုသင်းရောဂါ။** ။ ကစော့ပုပ်အမြစ်, ၎င်း၏ အစေ့တို့ကို ကြိတ်၍ လိမ်းကျံပေးခဲ့သော် ဖြူသော အသွေးအရောင်များ ပျောက်ကင်းနိုင်၏။

**သူငယ်နာ ကြက်ညှာ ချောင်းဆိုး။** ။ ဗာလကုက္ကုဋ္ဌကာသ ခေါ် သူငယ်နာ ကြက်ညှာ ချောင်းဆိုး ရောဂါသည် **ကလေး**သူငယ်များ သာ သီးသန့် ဖြစ်၍ အဆက်မပြတ် ဆိုးတတ်သော ရောဂါ ဖြစ်သည်၊ ချောင်းဆိုးသော ကလေးသည် သလိပ်မပါဘဲ တဟွတ်ဟွတ်နှင့် အဆက်မပြတ် ဆိုး၏၊ အစာရှိသမျှ အန်ထွက်၏၊ ချွေးများ, တံထွေးများ ထွက်လာ၏၊ ခေါင်းငိုက်ဆိုက် ကျဆင်းသည် အထိ သနားစဖွယ် ဆိုး၏၊ ပက်လက်အိပ်၍ မရ၊ ဖြစ်မိလျှင်လည်း လွန်စွာ ပျောက်ခဲ၏၊ အရပ်သူ အရပ်သားတို့သည် ရက်တရာချောင်းဆိုး ဟု ခေါ်၏၊ အင်္ဂလိပ်လို Whooping Cough ဟုခေါ်၏၊ ၎င်းရောဂါ၌ အရွက်၏ သတ္တုရည်ကို အသုံးပြုရ၏။

**ကြက်မျက်သင့်ရောဂါ။** ။ ကြက်မျက်သင့်ရောဂါ၌ လတ်ဆတ်သော ကစော့ပုပ်ရွက်ကို ရေနှင့် ကြိတ်၍ ၎င်းနည်းတူ ဂျုံမှုန့်ဖြင့် ရောပြီးလျှင် နှမ်းဆီစစ်စစ်နှင့် ရော၍ သုံးစားခဲ့သော် ညအခါ မမြင်မစမ်း ဖြစ်တတ်သော ကြက်မျက်သင့်ရောဂါများ ပျောက်ကင်း၏၊ ၎င်းအရွက်၏ သတ္တုရည်ကို မျက်စိတွင်လည်း ကွင်းပေးနိုင်၏။

**ပွေးနာ, ယားနာ။** ။ ၎င်း၏ အရွက်သတ္တုရည် သက်သက်သော်၎င်း, နံ့သာဖြူရည်နှင့် ရော၍သော်၎င်း, သံပုရာရည်နှင့် ရော၍သော်၎င်း သုတ်လိမ်းပေးသည် ရှိသော် ခြေဝဲနာ, ယားနာ, ပွေးနာတို့ကို ပျောက်ကင်းစေနိုင်၏။

**ထိခိုက် ရှ နာ။** ။ ကစော့ပုပ်ရွက်ကို ကြိတ်ပြီးလျှင် လတ်တလောဖြစ်သော ထိခိုက်ရှနမှု၌ ထည့်သွင်း လိမ်းကျံပေးခဲ့သော် မကြာမီ ဒဏ်ရာများ အသားနုတက်နိုင်၏။

**လူပျိုနာရောဂါ။** ။ ၎င်း၏ အရွက်ပြုတ်ရည်နှင့် အနာကို ဖန်ရည်ဆေးပေးခဲ့သော် လူပျိုနာရောဂါ၌ ကောင်း၏။

**ချောင်းဆိုးရောဂါ။** ။ ၎င်း၏ လတ်ဆတ်သော အရွက်ကို ဟင်းချက်စားသောက်ခဲ့သော် ချောင်းခြောက်, ချောင်းစို ၂-မျိုးလုံး ပျောက်ကင်းနိုင်၏၊ ပြုတ်၍လည်း သောက်နိုင်၏။

**မှတ်ချက်။** ။ ၎င်းသည် ဆေးသုံးလည်းရ, ဟင်းသုံးလည်းဖြစ်, ကျန်းလည်းကျန်းမာ, အဆိပ်ကိုလည်းနိုင်, အသက်ကိုလည်း ရှည်စေသော အပင်မျိုး ဖြစ်၍ မည်သူမျှ မစိုက်မပျိုးရဘဲ အလိုအလျောက် ပေါက်ရောက်နေ၍ တန်ဘိုးမရှိဟု မသိသူများက ကျော်သွားသော်လည်း သိသူများကား ဖော်ပြခဲ့သည့် အတိုင်း ဖော်စား အသုံးပြုကြကုန်၏၊ သစ်ပင်တို့၏ စွမ်းရည် သတ္တိ အကျိုး အမျိုးမျိုးရှိပုံကို နာနာဓာတုဉာဏ်ရှိသော ဘုရားရှင်မှ တပါး ဖော်ပြနိုင်ရန် ခဲယဉ်းသော အရာ ဖြစ်သောကြောင့် လက်တွေ့ စမ်းသပ်အသုံးပြုခြင်းဖြင့် အသိဉာဏ် ရရှိခဲ့ကြကုန်သော ရှေးရှေးသော ဗိန္ဒော ဆရာကြီးများ၏ အားကိုးစွာ အသုံးပြုခဲ့ကြသည့် စရက သံဟိတာ, သုဿုတသံဟိတာ ဝါဂ္ဘဋ္ဋ, စက္ကဒတ္တ စသော ကုထုံးကျမ်းကြီးများမှ၎င်း, ကမ္ဘာ့ဆေးအဘိဓာန် ကျမ်းကြီးများမှ၎င်း ထုတ်နုတ်၍ အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်၊ ထိုသို့ ဖော်ပြလိုက်ခြင်းဖြင့် အရှေ့တိုင်း ဆေးပညာ နှင့် အနောက်တိုင်း ဆေးပညာ- ကမ္ဘာ့ဆေးပညာ နှင့် မြန်မာ့ဆေးပညာ တို့သည် အချင်းချင်း မှီတင်း ညွတ်ကိုင်း သိုင်းဝိုင်း နေကြသည်ကို လေ့လာ သုံးသပ်နိုင်ပေသည်၊ အရသာကို သိရုံဖြင့်၎င်း, အပင်ကို ကြည့်ရုံဖြင့်၎င်း, စွမ်းရည်သတ္တိ အသုံးဝင်ပုံ ဟူသမျှ သိနိုင်ရန် ခဲယဉ်းသောကြောင့် နောင် ရေးသား ဖော်ပြသမျှ အကျိုးသွား စွမ်းရည် သတ္တိ အသုံးဝင်ပုံ ဟူသမျှကို ဖော်ပြရာတွင် ဤအတိုင်းပင် ပမာဏမှု အလေးဂရုပြုထိုက်သော နိဿယကျမ်းကြီးအဆူဆူမှ ထုတ်နုတ်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပေသည် ဟု မှတ်ယူရာ၏။

---

# ကစော့ပုပ်ငယ်

သက္ကတ **कासमर्द** လက်တင် Cassia Sophera
ဟိန္ဒီ **कसौंदा** အင်္ဂလိပ် Senna Sophera

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ကစော့ပုပ်ကြီးနှင့် တမျိုးတည်း ပင် ဖြစ်၏၊ အကြီး အငယ် အနေဖြင့် ကွဲခြား၏၊ အသီးဝ ည်း အတိုအရှည် အနေဖြင့် ကွာ၏၊ ဂုဏ် သတ္တိ စွမ်းရည် တို့သည်လည်း အကြီး အငယ် ၂-မျိုးလုံး ပင် တူကြကုန်၏၊ ထူးခြားချက်ကို ကျမ်းလာ အတိုင်း ဖော်ပြပါအံ့။

## ရောဂါအလိုက် အသုံးပြုနည်း

**ကြောက်မက်ဖွယ် ကောင်းသော ချောင်းဆိုး။** ။ ၎င်း၏ ပဥ္စင်္ဂါးပါးကို ပြုတ်၍ သောက်သော် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ခံစားရသော ချောင်းဆိုးရောဂါကို ပျောက်ကင်းစေ၏။

**ဆီးချိုရောဂါ။** ။ အခေါက် သို့မဟုတ် အခေါက်၏ သတ္တုရည်, အမှုန့်ကြိတ်ထား သော အစေ့, ၎င်းတို့ကို ရော၍ ဆီးချိုရောဂါ၌ အသုံးပြုရ၏။

**ပွေးနာ ယားနာ။** ။အရွက် သတ္တုရည်တွင် နံ့သာဖြူ သွေးရည် ရော၍ လိမ်းပေး ခဲ့သော်၎င်း, တနည်း- အမြစ် သို့မဟုတ် အစေ့ကို ကန့်နှင့် ရောသွေး၍ လိမ်းပေးခဲ့သော်၎င်း, သို့မဟုတ် အရွက်သက်သက် အရည်ကို လိမ်းပေးခဲ့သော်၎င်း ပွေးနာ ယားနာ စသည်တို့ကို ပျောက်ကင်းစေကုန်၏၊ အမြေပြား, ကာလသားရောဂါတို့၌လည်း ဖန်ရည် ဆေးပေးရ၏။

**ပိုးရောဂါ။** ။ အရွက်ကို ၅-ခွက် တခွက်တင် ကျို၍ သောက်ခဲ့သော် သံပိုးရောဂါ များ ပျောက်ကင်း၏။

**ဆီးအောင့်ရောဂါ။** ။ အရွက်ကို ငြုတ်ကောင်းနှင့် ရော၍ ကြိတ်ပြီး သောက်သော် ဆီးအောင့်ရောဂါများ လျင်မြန်စွာ ပျောက်ကင်း၏၊ ပဥ္စင်္ဂါးပါးလုံးကိုလည်း ပြုတ်၍ သောက် နိုင်၏။

ဤမျှ ကျမ်းတို့၌ ဖော်ပြထားသည်ကို တွေ့ရသည်။

---

# ကညင်နီ

သက္ကတ **रक्त यक्षदुम** လက်တင် Dipterocarpus Turbinatus
ဟိန္ဒီ **लाल गुरजन** အင်္ဂလိပ် Wood oil Tree

**ပုံသဏ္ဌာန်။** ။ အပင်ကြီးမျိုး ဖြစ်၏၊ အခေါက်မှာ အဖြူရောင်, ကာကီရောင် ရှိ ၏၊ ချောမွတ်၏၊ ငင်ကြယ်၏၊ အကိုင်း အခက် အရွက်နုများ၌ အမွေးနုများ ရှိ၏၊ နူးညံ့၏၊

အသီး လုံး၍ ချောမွတ်၏၊ တောတောင်တလျှောက် နေရာမရွေး ပေါက်ရောက်တတ်၏၊ ၎င်းသည် အနီ အဖြူ ၂-မျိုး ရှိ၏၊ ကညင်ကြောင်ချေး, ကညင်ကုပ်, ကညင်ဝက်တောင်, ကညင်ပျံ ဟူ၍ အမျိုး အစား ပြားနေသည် ကိုလည်း တွေ့ရ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် သလိပ် နှင့် အရေပြားရောဂါတို့ အတွက် အကျိုးပြု၏၊ အထူး အားဖြင့် ဆီးအိမ် တလျှောက်၌ ဖြစ်တတ်သော ရောဂါများကို ပယ်ဖျောက်နိုင်၏၊ တာရှည်စွဲနေသော ဆီးပူ, ဆီးအောင့်, ညောင်းကျရောဂါတို့ အတွက် လွန်စွာ အသုံးဝင်၏၊ ၎င်း၏ အပင်ကို ထစ်ပြီးလျှင် ထွက်လာသော အဆီကို ဆေးကျမ်းတို့၌ ဆေးအတွက် အသုံးပြု၏၊ ၎င်းကို "ကညင်ဆီ" ဟု ခေါ်၏၊ ၎င်းအဆီသည် နူနာ, အနာပေါက်, အရေပြားရောဂါများ၌ အကျိုးပြု၏၊ ပြည်တုလာသရော ရောဂါ, ကျင်ချောင်းပူခြင်း တို့ကို ပျောက်ကင်းစေ၏၊ ဆီးရှင်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပြည်တုလာသရော ရောဂါ။** ။ ပြည်တုလာသရော ရောဂါ အတွက် အောက်ပါ အတိုင်း ဆေးအဘိဓာန်ကျမ်းကြီးတို့၌ ဖော်စပ်ထုတ်ဖော် ပြထား၏။

( ၁ ) ကညင်ဆီ, ( ၂ ) နံ့သာဖြူဆီ ( ၃ ) ကရဝေးသီး အဆီ ၎င်းသုံးမျိုး အဆီကို အညီအမျှရော၍ အစက် ၃၀- ချပြီးလျှင် သကြား သင့်ရုံ ထည့်စပ်၍ သောက်ခဲ့သော် အထက် ဖော်ပြပါ အမြစ်စွဲနေသည့် ဆီးပူ ညောင်းကျရောဂါများ လျင်မြန်စွာ ပျောက်ကင်း သွားနိုင်၏။

**မှတ်ချက်။** ။ အဆီ ထုတ်ယူ လိုလျှင် ၎င်းအပင်၏ မြေနှင့် နီးရာ အပင်ခြေတွင် ပကတိ အခေါင်း၌ ဖြစ်စေ, ထွင်းဖောက်ထားသော အခေါင်း၌ဖြစ်စေ မီးထည့်ပေးရ၏၊ ညဦးပိုင်းမှ ထည့်ထားလျှင် ထိုမီးအရှိန်ကြောင့် နံနက် လင်းသောအခါ၌ အဆီများ စိမ့်ဆင်းလာ၏၊ ၎င်းအဆီ၏ အဆင်းသည် ဝါညစ်ညစ် အရောင်ရှိ၏၊ ထိုအဆီကို "ကညင်ဆီ" ဟု ခေါ်ကြ၏၊ ၎င်းသည် မီးတောက်တတ်သော အစွမ်းသတ္တိ ရှိ၏၊ မီးတိုင်လုပ်၍လည်း ညှိထွန်းကြကုန်၏၊ ၎င်းအဆီကို ပေါင်းတိုက်ယူလျှင် အရက်ပြန်ကဲ့သို့ ပြန့်လွင့်စေသော အဆီကို ရ၏။

---

# ကညင်ဖြူ

သက္ကတ मञ्जद्रुम खत — လက်တင် Dipterocarpus Alatus

ဟိန္ဒူ सफेद गुरजन — အင်္ဂလိပ် Wood oil tree

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် အပင်ကြီးမျိုး ဖြစ်၏၊ ပေ ၄၀-ခန့်မှ ပေ ၁၀၀-ကျော် အထိ တွေ့ရ၏၊ အဖြူ နှင့် အနီမှာ အပင် ပေါက်ရောက်ပုံချင်း လွန်စွာ မထူးခြားလှကုန်၊ အနီ

မျိုးမှာ အဖြူမျိုးသက် အရွက် အနည်းငယ် ငယ်၏၊ အရွက်၏ အရောင်, ၎င်း၏ အခေါက်, ၎င်း၏ အသားအရောင်တို့မှာ ဖြူ နီ ၂-မျိုး ရှိနေခြင်းကြောင့် ဤကဲ့သို့ ကညင်သည် အဖြူမျိုး, အနီမျိုး ဟူ၍ ကွဲပြားရ၏၊ အဖြူမျိုးသည် အောက်အညာဒေသ၌ အပေါက်များ၍ အနီမျိုးသည် အထက်အရပ်ဒေသ၌ အပေါက်များ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေးကို ဆီးပူ သြောင်းကျ ရောဂါတို့၌ လိမ်းကျံပေးရ၏၊ အခေါက်ကို **အားတိုးဆေး** အဖြစ်ဖြင့် အသုံးပြုရ၏၊ အပင်ငယ်များကို အဆစ်ရောင်ရောဂါ, အသည်းနှင့် စပ်သော ရောဂါတို့၌ အသုံးပြုရ၏ အဆီကို အနာပျက် ရောဂါတို့၌ အသုံးပြုရ၏၊ ထို့ပြင် ချောင်းဆိုး, ဆီးချုပ်, အသည်း၌ ဖြစ်သော ရောဂါ, အဖုအကျိတ်, အဆစ်အမြစ်၌ ဖြစ်သော လေရောဂါ စသည်တို့၌ အသုံးပြုရ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သွားကိုက်ရောဂါ။** ။ အရွက်ကို ကျို၍ ငုံလျှင် သွားကိုက်ရောဂါ ပျောက်ကင်း၏။

**ပိုက်မကောင်းခြင်း။** ။ အရွက် နှင့် အခက်တို့ကို ကျို၍ သောက်လျှင် ဝမ်းပိုက်မကောင်းခြင်း, အဆီအားနည်းခြင်း နှင့် အဖုအကျိတ်နာများကို ပျောက်ကင်းစေ၏။

---

# ကညို.

လက်တင် Jussiaca repens

**ပုံသဏ္ဍာန်။** ။ ရေကညို့သည် မြက်မျိုးတွင် ပါဝင်သော မြေ့ရေတို့တွင် တွားသွားတတ်သော အပင်မျိုး ဖြစ်၏၊ ရေစပ်တွင် အပေါက်များ၏၊ အချို့ အရပ်တို့တွင် စိုက်ပျိုးကြ၏၊ အဆစ်တွင် အမွေးနုမြစ်များ ရှိ၏၊ အမြစ်လည်း ရေတွင် ဆင်းသွားတတ်၏၊ အရိုးကို ချိုးလျှင် ဆတ်၏၊ အသံအနည်းငယ် မြည်တတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်ကို မြိန်စေတတ်၏၊ နှလုံးကို ကြည်လင်စေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဆီးရောဂါ။** ။အပင်သည် ဆီးပူ သြောင်းကျရောဂါ, ဆီးအိမ်နှင့် စပ်သောရောဂါ, ကြာရှည်စွဲနေသော တုလာသရော ရောဂါ တို့ကို ပျောက်ကင်းစေ၏၊ အချို့ ဆရာတို့သည် တပင်လုံးကို ပြုလုပ်သော တင်ချာကို ကျင်ချောင်းတွင်းသို့ သွင်း၍ ဆီးရောဂါကို ကုသကြ၏၊ ရှာလပတ်ရည် ပြုလုပ်၍လည်း သောက်ကြ၏၊ ၎င်းပြင် အဆစ်တို့၌ နာကျင်ခြင်းကိုလည်း လိမ်းပေးရ၏။

**ကိုယ်ရောင်, အသည်းရောဂါ။** ။ အမြစ်ကို ကျို၍ သောက်ပါက ကိုယ်ရောင်ရောဂါ, အသည်းရောဂါ တို့ကို ပျောက်ကင်းစေတတ်၏။

**မှတ်ချက်။** ။မြန်မာတို့သည် အတို အမြှုပ် ပြုလုပ် စားခြင်း, ဟင်းချက်၍ စားခြင်း, ကြော်ချက်၍ စားခြင်းဖြင့် လွန်စွာ အသုံးပြုသောကြောင့် အိုင်ငယ်များ ပြုလုပ်၍ အချို့ စိုက်ပျိုးကြ၏။

---

# ကညောင်ပင်

**အာသံ** হোলোং

**လက်တင်** Dipterocarpus Pilosus

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အဖင်ကြီးမျိုး ဖြစ်၏၊ အင်အမျိုးအစားထည်းမှ ဖြစ်၏၊ "အင်ဖို" ဟု ခေါ်ကြ၏၊ မြန်မာပြည်, အာသံ, စစ်တကောင်း, သီဟိုဠ်ကျွန်းတို့၌ အများအပြား ပေါက်ရောက်တတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အပွင့်သည် ဆီးပူ ညောင်းကျ ရောဂါ, ပြည်တုလာသရော ရောဂါနှင့် ဆီးအိမ် ကျင်ချောင်း တလျှောက်တို့၌ ဖြစ်ပေါ်တတ်သော ရောဂါအမျိုးမျိုးတို့ကို ပျောက်ကင်းစေ၏၊

---

# ကညွတ် ( ရှဉ့်မတက် )

**သက္ကတ** सतमूली　　**လက်တင်** Asparagus racemosaUS

**ဟိန္ဒီ** सतावरी　　**အင်္ဂလိပ်** Asparagus

**ပုံသဏ္ဌာန်။** ။၎င်းသည် ချုံနွယ်မျိုး ဖြစ်၏၊ ဆူးငယ်များ အများအပြား ရှိ၏၊ ဥ-အနေဖြင့်သော်၎င်း, အပင်တက်ရောက်ပုံ အနေဖြင့်သော်၎င်း, ကြီးထွား မြင့်မားခြင်းကြောင့် ၎င်းကို ကညွတ်ကြီး ဟု ခေါ်၏၊ ရှေးဟောင်း မြန်မာဗိန္ဒောဆရာတို့သည် "ရှဉ့်မတက်" ဟု ခေါ်ကြ၏၊ ရှဉ့်များ မတက်ရောက်နိုင်အောင်ပင် ရှုပ်ထွေး၍ ထက်သော ဆူးများ ရှိသောကြောင့်ပင် ဖြစ်သည်၊ ဥ-မြစ် များစွာ ရှိ၏၊ နိဃဏ္ဍုကျမ်းတို့၌ "သတ မူလိ" ဟု ခေါ်၏၊ "ဥတရာပင်" ဟု အဓိပ္ပါယ်ရသည်၊ အပွင့်သည် ဖြူ၏၊ အရွက်သည် လွန်စွာ သေး၏၊ အပင်၏ အောက်တွင် မြေကြီး ထဲ၌ မြောက်မြားစွာသော ဥများ ပျံ့နှံ့ စိတန်း ပေါက်ရောက်နေကြကုန်၏၊ အများအားဖြင့် ဥ-ကို အသုံးပြု၏။

**အရသာ နှင့် အကျိုးသက္ကား။** ။ချိုဆိမ့်၏၊ ခါး၏၊ ကြေကျက် သွားသောအခါ၌ ( ဝိပါက ) ချို၏၊ အညွန့်များသည် ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ခွန်အား နှင့် ပညာကို ပြုတတ်၏၊ ဝမ်းမီးကို တောက်စေ တတ်၏၊ ဝဖြိုးစေ၏၊ ပြေပြစ်၏၊ သုက်, နို့ရည်ကို ပွားစေတတ်၏၊ နှလုံးရောဂါ, ဝမ်းသက်, သွေး အန်, သွေးကျ, အဆုတ်နာ တို့ကို ပျောက်ကင်းစေတတ်၏၊ သည်းခြေ ဒေါသ, လေဒေါသ နှင့်

သလိပ်ဒေါသ ၃-ပါးလုံးကို ပယ်ဖျောက်နိုင်၏၊ အလုံး ရောဂါ, ဖေါရောင်ခြင်း, ဝမ်းသွန် ရောဂါ, မျက်စိရောဂါ တို့၌ အကျိုးပြု၏၊ ကာမအားကို ပွားစေ၏၊ ၎င်း၏ စွမ်းရည်သည် တကိုယ်လုံးကိုပင် ပျံ့နှံ့၍ အကျိုးပြု၏။

**ရာဇနိဃဏ္ဍုကျမ်း အလို။** ။ ဖော်ပြခဲ့ပြီးသော စွမ်းရည် သတ္တိ အကျိုးသွားတို့ကား ကျမ်းတကာမှ အများဆုံး ဖော်ပြထားသည့် အတိုင်း ဖြစ်၏၊ ရာဇနိဃဏ္ဍုကျမ်း၌ကား အသက် ရှည်စေနိုင်သည် ဟု ဖွင့်ပြထားသည်ကို တွေ့ရ၏၊ အသက်ရှည်ဆေး၌ အမြတ်ဆုံး ဖြစ်သည် ဟု ချီးကျူးထားသည်ကို တွေ့ရ၏။

**နိဃဏ္ဍု ရတနာကရကျမ်း အလို။** ။ ဤကျမ်း၌ကား မျက်စိရောဂါ, ခယရက် ရောဂါ, သွေးဖောက်ပြန်သောရောဂါ, ဂူလုံးရောဂါ, ဖောရောင်သောရောဂါ, အတိသာရ ဝမ်း သက်ရောဂါတို့၌ အကျိုးပြုကြောင်း ထူးခြားစွာ ဖော်ပြထားသည်ကို တွေ့ရ၏။

**စရကသံဟိတာကျမ်း အလို။** ။ ဤကျမ်း၌ကား ထို၃မျှားသည် အိုခြင်းတည်းဟူ သော ဘေးဆိုးမှ များစွာ ကယ်တင်နိုင်ကြောင်း၊ ထူးခြားစွာ ဖော်ပြထား၏။

**သုဿုတသံဟိတာကျမ်း အလို။** ။ ဤကျမ်းဆရာမြတ်ကား၊ သွေးမြင်းသရိုက်ရောဂါ ကို ပယ်ဖျောက်နိုင်ကြောင်း ဖော်ပြထား၏။

**ကုထုံးကျမ်းများ အလို။** ။ ကုထုံးကျမ်းများ၌ ဖော်ပြထားသည်မှာ အဖျားကို ပယ် ဖျောက်စေတတ်၏၊ ကျင်ငယ်ကို ပွားစေတတ်၏၊ ကာမအားကို ရှိစေ၏၊ အကွေ့ပ (လေဆင်ဦးစီး) ရောဂါတို့၌ တားမြစ်တတ်၏၊ ပိတ်ဝမ်းရောဂါကို တားမြစ်တတ်၏။

## ရောဂါ အလျောက် အသုံးပြုနည်း

**အားဆေး။** ။ ကညွတ်ဥကို ချက်ပြုတ် စားသောက်ပါ၊ တနည်း—နွားနို့နှင့် အတူ နို့ထမင်း ကဲ့သို့ ပြုလုပ်၍ စားပါ။

**ချောင်းခြောက်။** ။ ကညွတ်ဥ, မယားကြီးရွက်, သကြားခဲ ရော၍ သောက်သင့်၏။

**အိပ်မပျော် ရောဂါ။** ။ နွားနို့ နှင့် ကညွတ်ဥမှုန့်ကို နို့ထမင်း လုပ်၍ ၎င်းတွင် ထောပတ် ရောပြီး သောက်စားသင့်၏။

**လေဖျား။** ။ ကညွတ်ဥ အရည်တွင် ဆင်တုံးမနွယ် အရည်ကို ထန်းလျက်ခဲ ရော၍ သောက်ပါ။

**လေရောဂါ အမျိုးမျိုး။** ။ အဆစ်ရောင်ကိုက်ခြင်း စသော တကိုယ်လုံး ဖောက်ပြန် သော လေရောဂါတို့၌ ကညွတ်ဥရည် သက်သက်ဖြင့် ချက်ထားသော ဆီသက်သက်ကို လိမ်းကျံ ပေးသင့်၏ (ဆေးရည် ကုန်၍ ဆီသာလျှင် ကြွင်းစေ)၊ ကညွတ်ဥကို ကျို၍ ၎င်းတွင် သကြားခဲ

ရောပြီးလျှင် ပျားရည် ထပ်ထည့်၍ သောက်ခဲ့သော် ဆီးပူရောဂါ နှင့် ဆီးအောင့်ရောဂါတို့ ပျောက်ကင်း၏။

**သွေးအန်, သွေးဝမ်း။** ။ကညွတ်စု အစိုကို နွားနို့နှင့် ကြိတ်၍ အဖတ်များကို စစ်၍ သောက်သင့်၏၊ ၎င်းသတ္တုရည်နှင့် ချက်ထားသော ထောပတ်ကိုလည်း ထပ်ကျွေးသင့်၏။

**ခေါင်းကိုက် (ခေါင်းတခြမ်းကိုက်)။** ။ကညွတ်ဥ လတ်လတ်ဆတ်ဆတ်ကို ထုချေ၍ အရည်ထုတ်ယူပြီးလျှင် ၎င်းအရည်နှင့် လေးတူ နှမ်းဆီ ရောပြီးနောက် ချက်ပါ၊ ထို့နောင် ထိုဆီကို ခေါင်းတွင် လိမ်းကျံပေးသင့်၏။

**အသံပျက် အသံဝင်။** ။ကညွတ်ဥ, ရွှေတံတိုင်းမြစ်, သကြား, ပျားရည်တို့နှင့် အတူ လျက်ပေးခဲ့သော် ပျောက်ကင်း၏။

**အရက်မူးရောဂါ။** ။ကညွတ်ဥ-ရည်, နွယ်ချိုမှုန့်, နွားနို့ ဤသုံးမျိုးတို့ဖြင့် ချက်၍ ကြွင်းသော ထောပတ်ကို သောက်ခဲ့သော် ပျောက်ကင်းနိုင်၏။

**ဝါတရက် ရောဂါ (အဆစ်ရောင်ရောဂါတမျိုး)။** ။ကညွတ်ဥ-ရည် ၂-ပိဿာ ၅၀-သား, ကြိတ်ထားပြီးသော ကညွတ်ဥ-သက်သက် ၆၅°-သား, နွားနို့ ၂-ပိဿာ ၅၀-သား, ထောပတ် ၆၅°-သား ရော၍ သောက်သင့်၏။

**အပူ နှင့် အကိုက်။** ။ကညွတ်ဥ-ရည်တွင် ပျားရည် နှင့် နွားနို့ ရော၍ နံနက်၌ သောက်ခဲ့သော် ပူခြင်း, ထိုးအောင့် ကိုက်ခဲခြင်း နှင့် အမျိုးမျိုးသော သည်းခြေ ရောဂါများ ပျောက်ကင်း၏။

**ဆီးချုပ်ရောဂါ။** ။ကညွတ်ဥ-ကို ရေနှင့် ၅-ပုံ, တပုံကြွင်း ပြုတ်၍ ပျားရည် နှင့် သကြား ရော၍ သောက်ခဲ့သော် ကြာမြင့်စွာ ဖြစ်နေသည့် ဒေါသ ၃-ပါးကြောင့် ဖြစ်သော ဆီးချုပ်, ဆီးအောင့် ရောဂါများ ပျောက်ကင်း၏။

**ကျောက်တည်ရောဂါ။** ။ကညွတ်ဥ သတ္တုရည်နှင့် လေးတူ နွားနို့ကို ရော၍ သောက်ခဲ့သော် ကြာမြင့်စွာ စွဲကပ်နေသော ကျောက်တည်ရောဂါ ပျောက်ကင်းနိုင်၏။

**မီးယပ်ရောဂါ။** ။ကညွတ်ဥ-ရည်တွင် ပျားရည် ရော၍ သောက်ခဲ့သော် သည်းခြေ ဒေါသကြောင့် ဖြစ်သော ယောနိပူခြင်း, လောင်ခြင်း, ကြေးနီရောင် အဆင်းရှိသော မီးယပ် သွေးပျက်များ ပျောက်ကင်း၏။

**မိခင်နို့နည်းရောဂါ။** ။ကညွတ်ဥ-မှုန့်ကို နွားနို့နှင့် ရော၍ မှီဝဲခဲ့သော် နို့များ တိုးပွားလာနိုင်၏။

**အဆိပ် ဖောက်ပြန်ခြင်း။** ။ကညွတ်ဥ-ရည်တွင် နွားနို့ ရော၍ သောက်ခဲ့သော် အဆိပ်အမျိုးမျိုးသင့်သော ရောဂါ၌ ချမ်းသာနိုင်၏။

**ဝက်ရူးရောဂါ။** ။ကညွှတ်ဥ-မှုန့် ၁၂-ပဲသားကို နွားနို့နှင့် တိုက်ကျွေးခဲ့သော် ဝက်ရူးရောဂါများ ပျောက်ကင်း၏။

**သွေးဖောက်ပြန်။** ။ကညွှတ်ဥ သတ္တုရည်တွင် သကြားခဲ ရော၍ ၎င်းကို ရှာလပတ်ရည် ပြုလုပ်ပြီးလျှင် ထိုရှာလပတ်ရည်၌ ကုံကုမံ, ဖာလာ, ဇာသီး, ဇာပွင့် စသော အမွှေးမဆလာများ ထည့်ခပ်ပြီးနောက် ၁၂-ပဲသားမှ ၁-၄-ပဲသား အထိ ဆေးရည်ကို နွားနို့ နှင့် အတူ ရော၍ ၇-ရက် ၆-ပတ်ခန့် မှီဝဲခဲ့သော် သွေးအမျိုးမျိုး ဖောက်ပြန်ခြင်းမှ ကင်း၍ သွေးများ သန့်ရှင်းလာနိုင်၏။

**ပိတ္တသုံးချက်ရောဂါ။** ။အမ္ဗိလပိတ္တ-အစာအိမ် ချဉ်ပေါက်သော ရောဂါ, ရတ္တပိတ္တ-သွေးအန် သွေးကျနာ, ဝါတပိတ္တ-အပူလွန် လေအောင့်နာ ထိုကဲ့သို့ သည်းခြေဒေါသ ဖောက်ပြန်သော ရောဂါတို့၌ **လွန်စွာ** အသုံးပြုရန် သင့်သော ဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်၏

ကြိတ်ထားပြီးသော ကညွှတ်ဥ ၃၆-ကျပ် ၆-ပဲ, ထောပတ် ၃၆-ကျပ် ၆-ပဲ, နွားနို့ ၁၂၉-ကျပ် ဂ-ပဲ, ၎င်း ၃-မျိုးကို ရောပြီးလျှင် မီးညှင်းညှင်းနှင့် ချက်ပါ၊ အားလုံး ခမ်းသွားပြီးနောက် ထောပတ်မျှသာ ကျန်သော် ၎င်းကို စစ်ယူထားပါ၊ ထိုထောပတ်ဆေးကို ၁၂-ပဲသားမှ ၁-ကျပ် ၄-ပဲသား အထိ နွားနို့နှင့် အတူ သောက်သင့်၏။

၎င်းဆေးသည် ဖော်ပြပြီးသော ရောဂါ၌ ပျောက်သည့် အပြင် ပန်းနာ, မေ့မြောသော ရောဂါ, ရေငတ်ရောဂါ စသော အမျိုးမျိုးသော ရောဂါများလည်း ပျောက်ကင်း၏။

**မှတ်ချက်။** ။ဖော်ပြခဲ့ပြီးသော ဗိန္ဒောဆရာမြတ်တို့၏ သုံးစွဲခဲ့သည့် အစဉ်အလာ ထုံးကို နှလုံးမူ အတုယူ၍ အသုံးပြုနိုင်ကြစေရန် ကျမ်းတကာမှ ကောက်နှုတ် ဖော်ပြလိုက်ပါသည်၊ လွန်စွာ ကျေးဇူးများသော အပင်မျိုး ဖြစ်ပါသည်၊ စိုက်လည်း စိုက်ပျိုးသင့်၏၊ သုံးလည်း သုံးသင့်ပါသည်။

---

# ကညွှတ်ကလေး

| | |
|---|---|
| သက္ကတ **सतमूली** | လက်တင် Asparagus officinalis |
| ဟိန္ဒီ **हलियून** | အင်္ဂလိပ် Common Asparagus |

**ပုံသဏ္ဌာန်။** ။၎င်းသည် ကညွှတ်အမျိုးအစား ပင် ဖြစ်၏၊ အပွင့်သည် ငယ်၍ စိမ်းရောင်သန်းလျက် ဖြူ၏၊ ကညွှတ်ကြီးမျိုးကဲ့သို့ အမြင့်သို့ တက်အား မရှိပေ၊ နိမ့်၏၊ တောသို့လည်း အလိုလို ပေါက်၏၊ ကြော်ချက် စားသုံးရာတွင် များစွာ အသုံးဝင်သောကြောင့် ၎င်း၏ ဥ-ကို မြောင်းတလျောက်တို့၌ စိုက်ပျိုးကြ၏၊ အညွှန့်ကို အသုံးပြု၏၊ များသောအားဖြင့် ဟင်းရွက်အတွက် စိုက်ပျိုးကြ၏၊ ကညွှတ်ကြီးကိုမူ ဥကို ဆေးဘက်တို့၌ အသုံးပြုကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အနည်းငယ် ဝမ်းသက်စေ၏၊ နှလုံး၏ စွမ်းရည် သတ္တိကို အားပေး၏၊ အညွန့်သည် လေကို ပယ်တတ်၏၊ အနည်းငယ် ဝမ်းသက်စေ၏၊ အမြစ်သည် ဝဖြိုးစေတတ်၏၊ ၎င်းပြင် ဆီးရောဂါ၊ ဝါသင့်နာတို့ကို ပျောက်ကင်းစေ၏၊ ကျောက်တည်ရောဂါ၊ သားအိမ်နာကျင်ခြင်း၊ နှလုံးတုန်ခြင်း၊ ဝမ်းပိုက်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ အဆစ်ရောင်ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ အရွက်၊ အပင်၊ ဥ၊ အသီး အားလုံးလိုပင် လူသားတို့အား အကျိုးပြုသော အပင် ဖြစ်၏၊ အနောက်တိုင်း ဆေးပညာရှင်တို့ကား နည်းအမျိုးမျိုး ထွင်၍ ဆေးဝါးဖော်စပ် အသုံးပြုကြသည်တွင် ၎င်းဥများကို တင်ချာ ပြုလုပ်၍ အသုံးပြုသည် အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ကြကုန်၏။

---

# ကတောက်စပ် (ကတောက်ဆပ်)

ဟိန္ဒီ नानका
လက်တင် Monochoria vaginalis

**ပုံသဏ္ဌာန်။** ။ လယ်များ၊ အင်းအိုင်များ၌ ရေစပ်တွင် ပေါက်တတ်သော အပင်ငယ် တမျိုး ဖြစ်၏၊ ချဉ်ဖတ်ထည့် စားကြ၏၊ အပွင့်သည် နီရောင်သန်း၍ ပြာ၏၊ ၎င်းသည် အကြီး၊ အငယ်၊ ၂-မျိုး ရှိ၏၊ အကြီးမျိုးသည် ရိုးများတွင် ပေါက်တတ်၏၊ ၂-ပေ၊ ၃-ပေခန့် ရှိ၏၊ အငယ်မျိုးသည် တထွာ၊ တမိုက်ခန့် ရှိ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သွားကိုက်။** ။ ၎င်းအမြစ်ကို ဝါးက သွားကိုက် သွားနာ ပျောက်ကင်း၏။

**ပန်းနာ။** ။ ၎င်းအခွံကို သကြားနှင့် ရော၍ သောက်ခဲ့သော် ပန်းနာ ရောဂါ ပျောက်ကင်း၏။

---

# ကတတ်ငန်း (စကားစိမ်းမျိုး)

**ပုံသဏ္ဌာန်။** ။ ပင်ငယ် အမျိုးအစား ဖြစ်၏၊ အရွက် ၇-လက်မခန့် ရှည်၍ ၁-လက်မ ကျော်ကျော်ထိ ကျယ်၏၊ အပွင့် စိမ်းရောင် ရှိ၍ မွှေးကြိုင်၏၊ အများအားဖြင့် အပွင့်ကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ပူ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်မြက်၏၊ သည်းခြေကို နိုင်၏၊ အန်ခြင်း၊ သွေးဖောက်ပြန်ခြင်း၊ ရေငတ်ခြင်း၊ ယားယံခြင်း၊ နှလုံးရောဂါ၊ ခေါင်းကိုက်၊ အနာပေါက်၊ အနာမီးလျှံနာ၊ ဆီးအိမ်နှင့် ပတ်သက်သော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

---

ခား
းစေ
ဂါ
ရာင်

သာ
ဝါး
အထိ




အပင်
သည်
ပန်း

ရာဂါ

က်မ
ိုး၏။

ခက်
းလျှ



ကတွတ်
FICUS CUNIA
गिव उनाउ

# ကတွတ် ( ကြက်ကတွတ်, ရေခအောင်း )

သက္ကတ प्लक्ष
ဟိန္ဒီ खिउनाउ

လက်တင် Ficus cunia
အင်္ဂလိပ် A wild fig tree

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၏၊ အခေါက်၏ အရောင်သည် အပြာရင့်ရောင် ရှိ၏၊ အရွက်များမှာ အရင်းဘက်မှာ ညီတူမဖြစ်ဘဲ တဘက်နိမ့် တဘက်မြင့် ဖြစ်နေ၏၊ အရွက်၏ အောက်ဘက်မှာ အမွေးများ ရှိ၏၊ အသီးမှာ သဖန်းသီးနှင့် တူ၏၊ ပင်ရင်းများတွင် ညှာတံကြီးများ ထွက်၍ သီးလေ့ရှိ၏၊ မှည့်သော အခါ အသီးမှာ နီရောင် ရှိ၏။

**ဂုဏ် နှင့် စွမ်းရာ်။** ။ အသီးကို မကျွရ ရောဂါ၌ အသုံးပြုရ၏၊ အခေါက်ကို နူနာရောဂါတို့၌ အသုံးပြုရ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာကြီးရောဂါ။** ။ အခေါက်နှင့် အသီးကို ကျို၍ ၎င်းအရည်နှင့် အနာကြီးရောဂါများ၌ ဆေးကြော အသုံးပြုသော် အကျိုးရှိ၏။

**ဆီးချုပ် ဆီးအောင့်။** ။ အမြစ်၏ သတ္တုရည်ကို ဆီးချုပ် ဆီးအောင့် ရောဂါ၌ သောက်ပေးသော် ပျောက်ကင်း၏။

**ပူလောင်သောရောဂါ။** ။ အမြစ်ကို နွားနို့နှင့် ကျို၍ ပူလောင်သော ရောဂါ, အပူကြီးသော ရောဂါတို့၌ သောက်ပေးသော် ကောင်းစွာ ပျောက်ကင်း၏။

**မှတ်ချက်။** ။အနာကြီးရောဂါ နှင့် ဆီးရောဂါတို့၌ အချို့ဆရာများ အလွန် ဦးစားပေး၍ သုံးကြလေသည်၊

---

# ကဒ္ဒူဥ ( ကောက်ရင်ပန်း )

သက္ကတ वराहीकन्द
ဟိန္ဒီ वराहीकन्द

လက်တင် Dioscorea sativa
အင်္ဂလိပ် Species of yam

**ပုံသဏ္ဌာန်။** ။ နွယ်မျိုး ဖြစ်၏၊ သက်ငယ်ပင်မျိုး ဖြစ်၏၊ မိုးဥတု၌ ပေါက်တတ်၏၊ အရွက် ဝိုင်း၍ ချွန်၏၊ မျောက်ခေါင်းတို့ ကဲ့သို့ ဥ-ကို အသုံးပြုရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး စပ် ဆိမ့်၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ ငမ်းမီး နှင့် ချဉ်ဆီကို ပွားစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝဖြိုးစေတတ်၏၊ ဓာတ်တို့ကို ပြောင်းလဲစေတတ်၏၊ ကာမကို အားပေး၏၊ သုက်ကို ပွားစေ၏၊ ဆာလောင် မွတ်သိပ်ခြင်းကို ဖြစ်စေ၏၊ ကိုယ်သား ကိုယ်ရေ

ကြည်လင်ခြင်းကို ဖြစ်စေ၏။ အသံကို သာယာစေ၏၊ နူနာ, တုလာသရော ရောဂါ တို့ကို ပျောက်ကင်း စေတတ်၏၊ လွန်စွာ ဟောင်းသော အရေပြား ရောဂါရှင်တို့ကို ရှာလပတ်ရည် လုပ်၍ တိုက်ပေးနိုင်၏၊ အသက်ကို ရှည်စေတတ်၏၊ ပိုးတို့ကို နိုင်၏၊ သည်းခြေ နှင့် သလိပ်ကို ပယ်တတ်၏၊ ၎င်းပြင် အနာပေါက်, လေပြွန်ချောင်းပူ, မြင်းသရိုက်, မြင်းဖုအစိုနာ, ကျောက်တည်နာ, ဆီးနှင့် စပ်သော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

**မှတ်ချက်။** ။ ၎င်း၌ ယားယံစေသော အဆိပ် တမျိုး ရှိ၏၊ အခွံသင်ပြီးလျှင် ပါးပါး လှီး၍ ပြာသုတ်ပြီး နေလှမ်းရ၏၊ ထိုနောက် ပြာကို ဆေး၍ လိုသလို စားသုံးကြ၏။

---

# ကဒူးပြန်

သက္ကတ महाबल

ဟိန္ဒီ सहदेई

လက်တင် Vernonia cinera

အင်္ဂလိပ် Ash-coloured Fleabane

**ပုံသဏ္ဌာန်။** ။ အရွက်ပါး၍ ကြမ်း၏၊ အသီး အပွင့် ခရမ်းရောင် ပြာတာတာ ရှိ၏၊ အသီးလုံးကလေးများ၌ ဆူးရှိ၏၊ ရွှေတံတိုင်းနှင့် တူ၏၊ ရွှေတံတိုင်းမှာ အဝါရောင် ရှိ၏၊ ချွေးသွားစိပ်ငယ်များ ရှိ၏၊ အပင် ကြီး၏၊ ဤအပင်ကား အရွက်ကြဲ၏၊ အရွက်တဆစ်တွင် အပွင့်ငယ်များ ထိုး၍ ပွင့်၏၊ နီဃဏ္ဍုကျမ်းတို့၌ ပြအပ်သော "ဗလာ" လေးမျိုးတွင် တမျိုး ပါဝင်၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ အေး၏၊ ဝဖြိုးစေ၏၊ ဝမ်းမီးတောက်စေ၏၊ တွန့်ရှုံ့စေ၏။


**ဂုဏ် နှင့် စွမ်းရည်။** ။ ရွှေတံတိုင်းနှင့် တူ၏၊ ထူးခြားချက်မှာ လေကို အောက်သို့ သက်စေ၏၊ဆီးအောင့်ရောဂါ, ချောင်းဆိုး, ပန်းနာ တို့ကို ပျောက်ကင်းစေ၏၊ တြိဒေါသကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဖျား။** ။ အပွင့်သည် အဖျားဂါကို နိုင်၏၊ချွေးထွက်ရန် ၎င်း၏ ပြုတ်ရည်ကို ပေးရ၏၊ ၎င်းအပင်ကို ဦးထုပ်သဏ္ဌာန် လုပ်၍ ခေါင်းတွင် အုံပေးခဲ့သော် အဖျားကျစေ၏၊ အရွက်၏ သတ္တုရည်ကို အဖျားရောဂါ၌ သောက်၍ လိမ်းကျံပေးရ၏။

**ငှက်ဖျား။** ။ ၎င်းအရွက် ၆-ပြားသားကို ငြုပ်ကောင်း ၇-စေ့ နှင့် ကြိတ်၍ တနင်္ဂနွေနေ့၌သော်၎င်း အင်္ဂါနေ့၌သော်၎င်း မှီဝဲခဲ့သော် မလေးရီးယား ခေါ် ငှက်ဖျား ရောဂါ ပျောက်ကင်းနိုင်၏၊ အမြစ်ကို ငှက်ဖျားရောဂါတွင် ငှက်ဖျားဖြတ်ဆေးတို့နှင့် တွဲစပ် သုံးခဲ့သော် ထိုဆေးသည် ပို၍ စွမ်းရည် ထက်မြက်၏။

**မြင်းသရိုက်။** ။ အရွက်၏ သတ္တုရည်ကို မြင်းသရိုက် ရောဂါ၌ သုံးရ၏၊ ၎င်း၏ အမြစ်ကိုလည်း ရေဖျဉ်းရောဂါ၌ သုံးရ၏။



ကဒူဥ (ကောက်ရင်ပန်း)
DIOSCOREA SATIVA
बाराही कद

**ပိုး။** ။ ၎င်း၏ အစေ့ကို ပိုးနိုင်ဆေး အဆိပ်နိုင်ဆေးတို့၌၎င်း ၎င်းပြင် ကျောက်တည်ရောဂါ နှင့် ဆီးကြောများ တင်းရာ၌၎င်း အသုံးပြုရ၏၊ ၎င်းအပင့်ကို မျက်စိသူငယ်အိမ်ရောင်ရာ၌ သုံးရ၏။

**အိပ်မပျော်။** ။ အိပ်မပျော်သူများ အတွက် ၎င်းအပင်ကို ထောင်းထု၍ ခေါင်းတွင် အုံပေးသော် အိပ်ပျော်စေ၏။

---

# ကဒူးဖို

**ဗင်္ဂါလီ** ဒေါက်ဒ်ဂီ
**လက်တင်** Ageratum Conyzoides
**အင်္ဂလိပ်** Appa grass

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ ဖြောင့်၏၊ အရွက်သည် ရွက်ဆိုင် ဖြစ်၏၊ ဝိုင်း၍ ချွန်၏၊ ရွက်ရိုးတံတွင် အမွေး ရှိ၏၊ အပွင့်သည် အညိုဖျော့ရောင် နှင့် အဖြူ ဖြစ်၏၊ အသီး မဲ၏၊ အစေ့ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။အများအားဖြင့် အမြစ် နှင့် အခေါက်ကို အသုံးပြုရ၏၊ အလွန် ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်ရည်သည် ကျောက်တည်ရောဂါကို ပျောက်ကင်းစေ၏၊ ပိုးကို ပယ်တတ်၏၊ ထိုမှတပါး အအေးဖျား, ဝစ္စမဂ် နာကျင် ကိုက်ခဲခြင်း, ဝစ္စမဂ် ထွက်ခြင်း တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အကိုက် အခဲ။** ။ အမြစ် နှင့် အမြစ်ခေါက်ကို အဆစ်အမြစ် ကိုက်ခဲရာ၌ လိမ်းကျံ ပေးရ၏၊ အရွက်ကို အုံဆေး အဖြစ် အုံပေးရ၏။

**အနာပေါက်။** ။ အရွက်ကို သွေးတိတ်စေရန် အတွက် အနာပေါ်တွင် ကပ်ရ၏၊ လိမ်းရ၏၊ ထိုအရွက်ကို ကပ်ခဲ့သော် လျင်စွာ အသားနုတက်စေ၏။

**လေရောဂါ။** ။ ၎င်းအမြစ် ပြုတ်ရည်နှင့် သုဒ္ဓလုပ်ထားသော ထောပတ်ကို လေထိုးသော အခါ၌၎င်း ခွေးကိုက်, သံထ, ရောင်ရမ်းသော ရောဂါတို့၌၎င်း အသုံးပြုရ၏။

**အန်ဆေး။** ။ အမြစ် နှင့် အခေါက်ကို အန်ဆေး အဖြစ်ဖြင့်၎င်း, အခေါက်ကို အဆိပ်ဖြေဆေး အဖြစ်ဖြင့်၎င်း အသုံးပြုရ၏။

**မှတ်ချက်။** ။ ကဒူးဖိုသည် မယားကန်မျိုး ကဲ့သို့ အဖို, အမ ဟူ၍ နှစ်မျိုး နှစ်စား ရှိ၏။

---

# ကဒတ်ပင်

**ဟိန္ဒီ** **पीटम**

**လက်တင်** Dioscorea Wallichill

**အင်္ဂလိပ်** Species of yam

**ပုံသဏ္ဌာန်။** ။ ကဒတ်ပင်သည် မြစ်ဥ ရှိသော နွယ်မျိုး ဖြစ်၏၊ အရွက်သဏ္ဌာန်မှာ မျောက်ဥရွက် သဏ္ဌာန် ရှိ၏၊ ဥရှည်၏၊ ဥတွင် အမွေးများ ရှိ၏၊ ခွဲပြစ်၏၊ မြစ်ဥ အရောင်ကို စွဲ၍ အဖြူမျိုး, အနီမျိုး ဟူ၍ ရှိ၏၊ အချို့ ဖွယ်၏၊ အချို့ အလွန် စေး၏၊ တောချုံတို့၌ အလေ့ ပေါက်မျိုး ဖြစ်၏၊ စီးပွားဖြစ် တခု အနေဖြင့် အိမ်တွင် စိုက်ပျိုးထားခြင်း မရှိချေ။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဂျာဗားကျွန်း၌ ကဒတ်ဥကို ရေနှင့် ပြုတ်၍ အဖျော်ယမကာ ပြုလုပ်ပြီးလျှင် မြွားဆိပ်သင့်ရာ၌ အသုံးပြုကြ၏၊ ကျွန်ုပ်တို့ မြန်မာပြည်တွင် ကဒတ်ကို ဟင်းချို ချက်၍၎င်း, ကြော်ချက် ချက်၍၎င်း စားကြ၏။

---

# ကနခို

**သက္ကတ** **जयपाल** — **လက်တင်** Croton Tiglium

**ဟိန္ဒီ** **जमाल गोटा** — **အင်္ဂလိပ်** Purging Croton

**ပုံသဏ္ဌာန်။** ။ ကနခိုပင်သည် အလွန်လည်း မကြီးလွန်း, အလွန်လည်း မသေးလွန်းသော နှပ်ချို အမျိုးအစား အပင်မျိုး ဖြစ်၏၊ အခါခပ်သိမ်း စိမ်းလန်းလျက် နေရာတိုင်းတွင် တွေ့မြင်ရသော အပင်မျိုး ဖြစ်လေသည်၊ အမြင့်မှာ ၁၅-ပေမှ ပေ ၂၀-ခန့် အထိ ရှိ၏၊ ပင်စည် အခေါက်သည် မှုန်ပြာပြာ ရှိ၏၊ ချော၏၊ ထိုအပင်၏ အရွက်သည် ၂-လက်မမှ ၄-လက်မ အထိ ရှည်၏၊ အဖျား ချွန်၏၊ အနည်းငယ် အပေါ်ဘက်သို့ ထောင်နေ၏၊ ပြောင်ချော၍ အလည်မှ အကြောများ ဖျာထွက်လျက် ရှိသည်၊ အပွင့်အခိုင်တို့သည် ၂-လက်မမှ ၃-လက်မ အထိ ရှည်၏၊ အခက်အလက်တို့၏ အဖျား၌ ပွင့်၏၊ အသီးမှာ သုံးမြှောင့် ဖြစ်ပြီး အတွင်း၌ အကန့်များ ရှိ၏၊ ( အသီး တလုံးတွင် ၃-ကန့်မှ ၄-ကန့် အထိ ရှိတတ်သည်) ၎င်းအကန့်များမှ ကနခိုစေ့ (ဆံ)များ ရလေသည်၊ အစေ့သည် ကြက်ဆူနှင့် တူ၏၊ ၃-ပုံ ၂-ပုံ လက်မ ရှည်၍ ဥသဏ္ဌာန် ရှိ၏၊ ကနခိုစေ့၌ စိမ်းခြင်း, ဝါခြင်း, ပူခြင်း, အနံ့ရှိခြင်းနှင့် ရာနှုန်း ၃၀-မှ ၄၀-အထိ ဆီထွက်ခြင်း ရှိ၏၊ ၎င်းအစေ့ကို "ဇယပါလ=ကနခိုစေ့" ဟု ခေါ်၏၊ ဤကနခိုစေ့သည် နှပ်ချိုစေ့ထက် ငယ်သော်လည်း နှပ်ချိုစေ့ထက် ဝမ်းသွားသော သတ္တိသည် ပိုမို လွန်ကဲ၏၊ ရှေးယခင်က မြန်မာပြည်တွင် မရှိဘဲ နိုင်ငံခြားမှ လာ၍ သင်္ဘောတင် ဆေးပစ္စည်း ဖြစ်သောကြောင့် ၎င်းကို သင်္ဘောကနခိုဟုလည်း ခေါ်ကြသည်၊ ဓာတ်ကို လွန်စွာ သက်စေသော ဆေးပစ္စည်း ဖြစ်သောကြောင့် ၎င်း၏ ပြင်းထန်သော တန်ခိုးကို "ဝေဿဝရော" ၌ တင်စား၍ ၎င်းကို "ဝေဿဝရော" ဟုလည်း ခေါ်ကြ၏၊ အပင်း, အလုံး, အခဲ, အမြောင်း, ကြမ်းတမ်းသော အစိုင်အခဲကို ဖျက်ဆီး

ကနခို
CROTON TIGLIUM
जमाल गोटा



ရာ၌ အထူး သုံးရ၏၊ အားလုံး အလေး "ဝေဿဝရော-ကဲ" ဟုပင် အခြားသော ကျမ်းတို့၌ ပရေးသားထားကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ဤကနခို၌ အစေ့သည် ဆေးဘက်၌ လွန်စွာ အသုံးဝင်၏၊ ကနခိုစေ့ အရသာသည် ခါး၏၊ ပူသော သတ္တိ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဤကနခိုစေ့ကို သောက်ခဲ့သော် ဝမ်းသွား၏၊ ၎င်းအစေ့ကို "ရေဝမ်းပိုက်ရောဂါ" ၌ စုဝေးနေသော ရေကို ထုတ်ရန် အတွက် တိုက်ကျွေးရာ၏၊ ဤနည်း အတိုင်း အဖျားသစ်များ၌ ဤဆေးကို ပေးခဲ့သော် ဝမ်းသက်၍ အဖျား၏ အဆိပ်တို့သည် ထွက်ကုန်ခြင်းကြောင့် အဖျားရောဂါသည် လျော့နည်းသွား၏၊ ဝမ်းပိုက်တွင်းရှိ ပိုးတို့ကို သတ်ရန် အတွက် ဤဆေးကို ပေးရာ၏၊ ထိုကြောင့် ပိုးတို့သည် သေကြေကုန်၍ ဝမ်းသက်ခြင်းနှင့် အတူ အပြင်သို့ ထွက်ကုန်၏၊ အနူရောဂါ၌ သည်းခြေကြောင့် ဖြစ်သော သွေးဖောက်ပြန်ခြင်းကို ဤကနခိုစေ့ဖြင့် ဖျက်ဆီးခဲ့သော် ပျောက်ကင်း၏၊ ဤကနခိုစေ့ကို အပြင်၌ အသုံးပြုပါက လေ, သလိပ် ဖောက်ပြန်ခြင်းသည် ပျောက်ကင်း၏၊ ဤကနခိုစေ့သည် အတိုင်းအတာထက် ပိုလွန်သောက်ပါက ပျို့အန်တတ်၏၊ ကနခိုစေ့ကို သောက်ခဲ့သော် သည်းခြေ အလွန် အကဲ ကျ၏၊ ကင်းမြီးကောက် စသည်တို့ ကိုက်သော ဒဏ်ရာ၌ ကနခိုစေ့ကို လိမ်းပေးခဲ့သော် ကင်းမြီးကောက် စသည်တို့၏ အဆိပ်သည် ပျောက်ကင်း၏၊ ထို့ပြင် ဝမ်းမီးကို တောက်စေတတ်၏၊ အစေ့ဆီသည် ဖောရောင်, ဝမ်းပိုက်ရောင်, ဝမ်းပိုက်ရောဂါ, ခေါင်းကိုက်, အဖျား, ဒူးခေါင်းတောင့်, အရူးရောဂါ, အစာမကြေ, လေပြည့်, ချောင်းဆိုး ရောဂါ စသည်တို့ကိုလည်း ပျောက်ကင်းစေ၏၊ လေ, သလိပ်ကို နိုင်၏၊ ဝမ်းတစစ်စစ်သက်သော အတိသာရ ဝမ်းသွန်ရောဂါကို ပျောက်ကင်းစေ၏၊ အသည်းရောင်ခြင်း နှင့် ရွံ့စောင်းသော ရောဂါ, မေ့မြောသော ရောဂါ, လေလေးကိုင်း ရောဂါတို့ကို ကင်းဝေးစေ၏၊ ၎င်းသည် အပြင်းထန်ဆုံး ဝမ်းသက်စေသဖြင့် တန်လျှင် ဆေးဖြစ်၍ လွန်လျှင် ဘေးဖြစ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

ကနခိုသည် ဆေး၌ လွန်စွာ အသုံးဝင်သော ဆေးဘက် တမျိုး ဖြစ်သောကြောင့် ရေလဲ အမျိုးမျိုး နှင့် ရောဂါအမျိုးမျိုး အတွက် ဥပယောဂ အနေဖြင့် ရောဂါအလိုက် အသုံးပြုနည်းကို ကျမ်းတကာမှ ထုတ်ဆောင်၍ ဆက်လက် ဖော်ပြပေအံ့။

**ဝမ်းသက်လိုသော်။** ။ ၁ သုဒ္ဓပြုပြီးသော ကျောက်ချဉ်၊
၂ ငြုတ်ကောင်းမှုန့်၊
၃ စင်ကြယ်ပြီး ပြဒါး၊
၄ စင်ကြယ်ပြီး ကန့်၊
၅ ချင်း ခြောက်မှုန့် — ဤဆေး အသီးသီး ၁၂-ပဲသားစီ

နှင့် သုဒ္ဓပြုပြီးသော ကနခိုစေ့ဆံ ၂-ကျပ် ၄-ပဲသား တို့ကို ယူပါ၊ ပဌမ ပြဒါး နှင့် ကန့်ကို ပြဒါးမှိုင်း ပြုလုပ်ပါ၊ ထိုပြဒါးမှိုင်းတွင် အခြား ဆေးဘက်တို့ကို ထည့်၍ ရေနှင့် တကွ နယ်ပြီး ၂-ရတီစီ အလုံးကလေးများ ပြုလုပ်ပါ။

ဤဆေးကို ဝမ်းနူးညှံ့သော မြို့သူမြို့သားတို့ကို ရတီဝက် သကြားရေအေးနှင့် တိုက်ပါ၊ ဝမ်းကြမ်းသောသူ, သို့မဟုတ် အားအင် ပြည့်စုံသော တောသူတောင်သားတို့ကို ၂-ရတီ အတိုင်းအရှည် သကြားနှင့် တိုက်ကျွေးသင့်၏၊ ဤဆေးလုံးကို သောက်ပြီးနောက် အကြင်မျှ လောက် ရေကို သောက်၏၊ ထိုမျှလောက် သာလျှင် လူသည် ဝမ်းသက်၏၊ အကယ်၍ ဝမ်းရပ် လိုခဲ့သော် လူနာကို နောက်ဆုံး ရေနွေးကို တိုက်သင့်၏၊ ဝမ်းရပ်ပြီးနောက် ၃-နာရီ တိုင်အောင် ရေအေးကို မသောက်သင့်၊ တဖန် ဝမ်းသက်မည်ကို ကြောက်ရလေသည်။

**ဇလောဒရ ( ရေဝမ်းပိုက် ) ရောဂါ။** ။ ၁ သုဒ္ဓပြုပြီးသော ကြေးနီပြာ၊
၂ ပိတ်ချင်းမှုန့်၊
၃ သုဒ္ဓပြုပြီးသော ပြဒါး၊
၄ ငြုတ်ကောင်းမှုန့်၊
၅ နနွင်းမှုန့်—ဤဆေး အသီးသီး ၁၂-ပဲ သားစီ နှင့် သုဒ္ဓပြုပြီးသော ကနခိုစေ့ဆံ ၁-ကျပ် ၈-ပဲသား တို့ကို ယူပါ၊ ရှေးဦးစွာ ပြဒါး နှင့် ကန့်ကို ပြဒါးမှိုင်း ပြုလုပ်ပါ၊ တဖန် ထိုပြဒါးမှိုင်းတွင် အခြားသော ဆေးဘက်တို့ကို ရော ပြီး "ဆင်တုံးမနွယ်" ကွာတာပြုတ်ရေနှင့် ရော၍ သုံးကြိမ် ထုံပါ၊ နောက်ဆုံး အလုံးကလေး များ ပြုလုပ်ပါ။

ဤဆေးကို မှီဝဲခဲ့သော် ဓာတ်သွား၍ ရေဝမ်းပိုက်ရောဂါ ( ဇလောဒရ ) သည် ပျောက် ကင်း၏၊ အကယ်၍ ဤဆေးကို သောက်၍ အလွန်အကဲ ဓာတ်သွားနေသော်ငြင်း, ထိုဓာတ် သွားခြင်း ရပ်သော်ငြင်း, လူနာကို နို့ချဉ်နှင့် ထမင်းကို ပေးခြင်းသည် သင့်၏။

**အဖျားသစ်။** ။ ၁ စင်ကြယ်ပြီးသော ဟင်းရိုင်း၊
၂ ပိတ်ချင်းမှုန့်၊
၃ ချင်းခြောက်မှုန့်၊
၄ ငြုတ်ကောင်းမှုန့်၊
၅ နှမ်းကြပ်ဗီသွာ၊
၆ ကျောက်ချဉ်၊
၇ သုဒ္ဓပြုပြီး ဝစ္ဆနာဘအဆိပ်၊
၈ ဆီးဖြူသီးမှုန့်—ဤဆေးအသီးသီး ၁၂-ပဲသားစီ နှင့် သုဒ္ဓပြုပြီး သော ကနခိုစေ့ အမှုန့် ၃-ကျပ်သားကို ယူပါ၊ ဤအလုံးစုံသော ဆေးကို ဆုံတွင် ချင်းရည်နှင့်

အတူ ကြိတ်၍ တရုတ်ခန့် အလုံးကလေးများ ပြုလုပ်ပါ၊ ဤဆေးသည် အဖျားသစ်ကို ပယ်ဖျောက်တတ်၏။

**သန္နိပါတ်ရောဂါ။** ။ ၁ သုဒ္ဓပြုပြီးသော ပြဒါး၊

၂ သုဒ္ဓပြုပြီးသော ကန့်၊

၃ ပိတ်ချင်းမှုန့်၊

၄ ကျောက်ချဉ်—ဤဆေးအသီးသီး တဆစီ နှင့် သုဒ္ဓပြုပြီးသော ကနခိုစေ့ အမှုန့် အလုံးစုံသော ဆေးတို့၏ ထက်ဝက် တဆ ယူပါ၊ ရှေးဦးစွာ ပြဒါးနှင့် ကန့်ကို ကောင်းစွာ ပြဒါးမှိုင်း ပြုလုပ်ပါ၊ ထိုပြဒါးမှိုင်းတွင် အခြားသော ဆေးဘက်တို့ကို ရောလျက် သံပုရာ သတ္တုရည်နှင့် အတူ ကောင်းစွာ နယ်ပြီး အရိပ်တွင် အခြောက်လှမ်းပါ၊ ထိုနောက် စဉ့်ခွက်တခုတွင် ထည့်၍ ထားပါ၊ ဤဆေးကို သန္နိပါတ်ရောဂါ ရှိသူတို့၏ မျက်စိတွင် ခတ်ပေးခဲ့သော် သန္နိပါတ်ရောဂါသည် ပျောက်ကင်း၏။

**ကင်းမြီးကောက် ကိုက်သော်။** ။ ကင်းမြီးကောက် ကိုက်သော နေရာတွင် လိမ်းကျံပေးခဲ့သော် နာကျင် ကိုက်ခဲ ခြင်းသည် အထူးသဖြင့် ပျောက်ကင်း၏။

## ဆေးသောက်ရန် အတိုင်းအတာ နှင့် မတိုက်သင့်သူများ

သုဒ္ဓပြုပြီးသော ကနခိုစေ့ အဆံကို အခြားသော ဆေးများနှင့် အတူ ရော၍ တရုတ်၏ ၈-ပုံ ၁-ပုံမှ စ၍ တရုတ်၏ ၄-ပုံ ၁-ပုံ တိုင်အောင် အသုံးပြုရာ၏။

ကနခိုစေ့ သို့မဟုတ် ကနခိုစေ့ ပါသော ဆေးကို—

၁ ငယ်ရွယ်သော ကလေးများ၊

၂ အသက် ကြီးရင့်သူများ၊

၃ ပိန်ကြုံသူများ၊

၄ အားနည်းသူများ၊

၅ ကိုယ်ဝန်ဆောင် မိန်းမများ၊

၆ မြင်းသရိုက် ရှိသူများ၊

၇ ပိတ်ဝမ်းရောဂါ ရှိသူများ၊

၈ အစာသစ်အိမ်, အစာဟောင်းအိမ် နာကျင်ကိုက်ခဲသူများ၊

၉ ဝစ္စမဂ် ဖလျှာကျသော ရောဂါရှိသူများ၊

၁၀ အူရောင်သူများ၊

၁၁ ဝမ်းချုပ်ရောဂါရှိသူများ၊

၁၂ အူ၏အဝ အစိတ်အပိုင်း ရောင်တင်းသူများသည် မမှီဝဲသင့်။

**မှတ်ချက်။** ။ ကနခိုသည် ဆေးဘက်၌ လွန်စွာ အသုံးဝင်သည့် အလျောက် ကမ္ဘာနှင့် ချီ၍ အသုံးပြုခြင်းလည်း ရှိလေသည်၊ ၎င်းသည် လွန်စွာ ထက်မြက် ပြင်းထန်သည့် အဆိပ်မျိုး ဖြစ်လေရာ သုဒ္ဓိပြုပြီး ( အခိုးအကင်း သတ်ပြီး ) သော ဆေးများကိုပင် လူတိုင်း မမှီဝဲသင့်သောကြောင့် သုဒ္ဓမပြုရ ( အခိုးအကင်းမသတ်ရ ) သေးသော ဆေးကိုကား လုံးဝ မှီဝဲ စားသောက်ရန် မသင့်လျော်ချေ၊ ထို့ကြောင့် ကနခို၏ အရသာ, အကျိုး, ဂုဏ်, စွမ်းရည် နှင့် ရောဂါအလိုက် အသုံးပြုပုံ အစုံအလင်ကို ဆေးကျမ်းပေါင်း အစောင်စောင်မှ ရှာဖွေ ဖော်ပြပြီးနောက် သုတ်သင် (အခိုးအကင်းသတ်) ပုံ အနည်းငယ်ကို ထုတ်ဆောင် ဖော်ပြပေအံ့။

**သုတ်သင်ပုံကား။** ။ ကနခို၏ သေးငယ်သော အစေ့များကို ယူ၍ ထိုကနခိုစေ့၏ အပြင် အခွံများကို ခွာလျက် အလည်မှ ထွက်သော အဆံကို ဓားဖြင့် အလည်၌ ခွဲပါ၊ ခွဲသော အခါ အဆံ၏ အလည်မှ စိမ်းသော အရောင် ရှိသော လျှာကဲ့သို့ သေးငယ်သော အရာကို တွေ့လိမ့်မည်၊ ၎င်းကို ထုတ်ပစ်ပါ၊ ထိုလျှာမှ ကင်းသော ကနခိုစေ့ အလည်ဆံကို အဝတ်တခုဖြင့် ထုတ်ပါ။ ထိုနောက် "ဒေါလာ ယန္တရား" (ဓာတ်သမုဒ္ဒရာကျမ်းတွင်ကြည့်) တွင် နွားနို့ကို ထည့်၍ ၃-နာရီ ကိုင်အောင် ပြုတ်ပါ၊ ဤနည်းအတိုင်း ၃-ကြိမ် နွားနို့ဖြင့် "ဒေါလာယန္တရား" ၌ ပြုတ်ခဲ့သော် ကနခိုစေ့သည် စင်ကြယ်သွား၏။

**တနည်း သုတ်သင်လိုသော်။** ။ အခွံ လျှာမှ ကင်းသော ကနခိုစေ့ အဆံ၌ ထိုကနခိုစေ့ထက် ဂ-ပုံ ၁-ပုံ ရှိသော ကျောက်ချဉ်ကို ရော၍ ထိုဆေး ၂-မျိုးကို အဝတ်တွင် ထုပ်ပါ၊ ဒေါလာ ယန္တရားတွင် နွားနို့နှင့် ၆-နာရီ တိုင်အောင် ပြုတ်ပါ၊ ဤနည်းဖြင့်လည်း ကနခိုသည် ကောင်းစွာ စင်ကြယ်သွား၏၊ ဤကား စံနစ်တကျ စင်ကြယ်အောင် ကနခိုစေ့ သုတ်သင်ပုံကို ဖော်ပြခြင်း ဖြစ်၏။

---

# ကနခို (တော)

**ပုံသဏ္ဌာန်။** ။ ကနခိုပင်မျိုး ဖြစ်၏၊ အပင်သည် ချုံသဘော ရှိ၍ အပွင့်သည် သေးငယ်၏၊ ၎င်းသည် ဖော်ပြခဲ့သော ကနခိုနှင့် အားလုံးပင် တူ၏၊ ဖော်ပြခဲ့သော "ကနခိုယဉ်" ၌ အရွက်သည် ပြောင်ချော၏၊ "ကနခိုရိုင်း" ၌ကား အရွက်တွင် အမွေးနုများ ရှိ၏၊ "ကနခိုအရိုင်း - ဘောစကိုင်း" ဟု ရှေးဗိန္ဒောဆရာမြတ်တို့၏ ဆိုထုံး ရှိခဲ့၏၊ ထိုဘောစကိုင်းကို ယူရာ၌ "ကနခိုမျိုး" မှ လာသော "တောကနခို" ဟု ခေါ်သည့် "ဘောစကိုင်း" နှင့် "ကြက်ဆူမျိုး" မှ လာသော "ကြက်ဆူ" ကဲ့သို့ ရွက်ခြား ရွက်ခွ ဖြစ်သော အချို့အရပ်ဒေသ၌ "တောကနခို" ဟူ၍ပင် ခေါ်သော "ဘောစကိုင်း" ဟူ၍လည်း ရှိသေး၏၊ ဤသို့ဖြင့် ဘောစကိုင်းသည် ၂-မျိုး ရှိပေ၏၊ ၎င်းဘောစကိုင်းမျိုးကို စည်းရိုးကြက်ဆူငယ်တွင် ကြည့်ပါ။

"င, ပိ, နိ, ဆိ, ဘ, လော" ဟူ၍ ဗိန္ဒောဆရာမြတ်တို့ နည်းနယ သတ်မှတ်ခဲ့သော အလုံး, အဖျဉ်း, အစိုင်အခဲ, ရေဖျဉ်း တို့ကို ကုသရာ၌ အသုံးပြုကြသည့် ဆေးနည်းတွင် ပါသော

(ပကာ) အရ အထက်၌ ဖော်ပြခဲ့သည့် "တောကနခို" ဖြစ်သော "ဘောစကိုင်းမြစ်" ကို ထည့်သွင်း အသုံးပြုရာ များစွာ အကျိုးသက္ကိ ရှိသည်ကို တွေ့ရ၏။

ဂုဏ် နှင့် စွမ်းရည်။ ။ အပင် အခေါက် ပြုတ်ရေသည် ဥတုသွေးကို မှန်စေ၏၊ အရွက်ကို ဆံပင်ကျွတ်ခြင်း, အနာမီးလျှံ, ယားယံခြင်းတို့၌ လိမ်းပေးရ၏၊ အစေ့သည် အန်စေတတ်၏၊ စားပါက မူးစေတတ်၏၊ သတ္တုရည်ကို ရှူပါက ခြေဆတ်၍ ခေါင်းကိုက် ပျောက်ကင်း၏။ ။ အရွက် နှင့် အပွင့်သည် ဝမ်းကို သက်စေတတ်၏၊ အရွက်ကို ရေနှင့် ပြုတ်၍ ရေချိုးပါက အဖျားရောဂါ ပျောက်ကင်း၏၊ အရွက်ရည်ကို ကလေးများအား လိမ်းကျံပေးပါက အနာများ ပျောက်ကင်း၏။

ဆီး, ဝမ်းတို့ကို နိုင်စေတတ်၏၊ အဆိပ်ကို နိုင်၏၊ ကိုယ်ရောင်နာ, သလိပ်နာကို နိုင်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ ဒဏ်ထိ၍ ရင်၌ သွေးပြည် ပြည့်သော အနာ, စမြင်းဒေါသနာ, ပိုးကြောင့် ဖြစ်သောအနာ, သုက်သွေး ခန်းခြောက်သောအနာ, သေချုပ်သောအနာ, အပင်းအဖုနာတို့ကို ပျောက်စေတတ်၏။

မှတ်ချက်။ ။ "ကနခိုယဉ်, ကနခိုရိုင်း" ဟူ၍ သာ နိဃဏ္ဍုကျမ်းတို့၌ အမည်ခေါ်ဝေါ်သည်ကို တွေ့ရသည်၊ (သဘောကနခို, မြန်မာကနခို) ဟူ၍ ခေါ်ဝေါ် သုံးစွဲသည်ကို မတွေ့ရချေ၊ ရိုင်းသော ကနခိုမျိုးကို "မြန်မာကနခို" ဟူ၍ မှည့်ခေါ်ခြင်းသည်လည်း မသင့်ပေ၊ အဘယ့်ကြောင့်နည်း ? ထိုရိုင်းသော ကနခိုမျိုးသည် အခြားသော တိုင်းပြည်တို့၌လည်း ပေါက်ရောက်တတ်သောကြောင့်တည်း၊ ထိုကြောင့် ကျွန်ုပ်တို့ ပြုစုသော ဆေးအဘိဓာန်၌ နိဃဏ္ဍုကျမ်းတို့နှင့် ညီစေလျက် (ကနခိုယဉ်, ကနခိုရိုင်း) ဟူ၍သာ တိကျစွာ ခွဲခြား ဖော်ပြထားသည်၊ အထူးသတိပြုရန်မှာ "ကနခိုရိုင်း" ကို "ဘောစကိုင်း" ယူနည်း- "စည်ရိုးကြက်ဆူရိုင်း" ကို "ဘောစကိုင်း" ယူနည်း ဟူ၍ ၂-မျိုး ရှိရာတွင် ကျွန်ုပ်တို့ကား တောကနခို (ကနခိုရိုင်း) ကို (ဘောစကိုင်း) ဟု ထည့်သွင်း အသုံးပြု၏၊ စည်းရိုးကြက်ဆူရိုင်း ဘောစကိုင်းလည်း ဝမ်းသက်သည်သာ ဖြစ်၏။

---

## ကနဖော့

သက္ကတ हिलमोचिका
ဟိန္ဒီ हरूच
လက်တင် Enhydra fluctuans.

ပုံသဏ္ဌာန်။ ။ ထင်ရှား၏။

အရသာ နှင့် အကျိုးသွား။ ။ အများအားဖြင့် အရွက်ရိုးကို သုံးရ၏၊ အရသာ

အားဖြင့် အနည်းငယ် ခါးသက်သက် ရှိ၏၊ အေးသော သတ္တိ ရှိ၏၊ ကြေကျက်သွားသော အခါ ( ဝိပါက ) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အနည်းငယ် ဝမ်းကို သက်စေ၏၊ သည်းခြေ သလိပ်ကို နိုင်၏၊ ဖောရောင်ခြင်း, နူနာ, အရေပြားရောဂါ, ချောင်းဆိုး ရောဂါစသည်တို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဖောရောင်။** ။ ၎င်းကို ပြုတ်၍ တို့မြှုပ် စားခဲ့သော်၎င်း, ပြုတ်ရည်ဖြင့် ချေးအောင် ခဲ့သော်၎င်း ဖောရောင်သူများ ပျောက်ကင်း၏။

**ကျောက်ဖြူပေါက်သောရောဂါ, အရေပြားရောဂါ နှင့် ခြင်ဆီတိုးသောရောဂါ ၌—**ပ ငါးပါး သတ္တုရည်ကို ၆-မူး ၁-ပဲသားမျှ တိုက်သော် ပျောက်ကင်း၏။

**အသည်းအားနည်းသော်။** ။ အသည်း အားရှိစေရန် ၎င်းအရွက်ကို ဆံပုန်းရည်နှင့် ပြုတ်၍ မုန်ညင်းဆီ ထည့်၍ စားသော် အသည်းသည် ကောင်းစွာ အလုပ်လုပ်နိုင်၏။

**တူလာသရောနာ။** ။ ၎င်း၏ သတ္တုရည်ကို နွားနို့နှင့် တိုက်ခဲ့သော် တူလာသရောနာ ပျောက်ကင်း၏။

**ဥကျောက်ပူခြောက်ရောဂါ။** ။ ၎င်း၏ အရွက်ကို ကြိတ်၍ ဦးခေါင်း၌ အုံပေးခဲ့သော် ဥကျောက် ပူခြောက်သော ရောဂါ ပျောက်ကင်း၏။

**ကျောက်ရောဂါ။** ။ ၎င်း၏ သတ္တုရည်ကို ပျားရည်နှင့် ရော၍ သောက်ခဲ့သော် ကျောက်ရောဂါ ပျောက်ကင်း၏။

---

# ကနွယ်ပင်

သက္ကတ प्रायमाणी

ဘင်္ဂလား भुईदुंबर

လက်တင် Ficus heterophylla.

**ပုံသဏ္ဌာန်။** ။ ချုံပင်မျိုး ဖြစ်၏၊ တရံတခါ မြေကြီးများ, ကျောက်များပေါ်တွင် တွားသွားတတ်၏၊ မြစ်ကမ်းတလျှောက်တို့၌ အပေါက်များ၏၊ အသီးမှာ သဖန်းသီးငယ် အတိုင်းပင် ဖြစ်၏၊ အရွက်လည်း ၎င်းအတိုင်းပင် ဖြစ်၍ အစေး ထွက်၏၊ ထို့ကြောင့် ၎င်းကို "ရေသဖန်းနွယ်" ဟုလည်း ခေါ်ကြသည်၊ ၎င်းအမည်ဖြင့် ဗိန္ဓောဆေးပညာလောက၌ အသိများကြ၏၊ ၎င်း၏ နွယ်သည် ခိုင်မာ ပြင်းတဲ့၏၊ အကြမ်းသုံးသော "မြေသယ်ခြင်း" တို့ကို ပြုလုပ်ကြ၏၊ တောင်သူလယ်သမားတို့ "ခါးနွဲ့ထိုးခြင်း" ဟူသော စကား၌ ၎င်းနွယ်ကြိုးဖြင့်

အလုံးစုံ အသုံးပြုရသော အပင်မျိုး ဖြစ်သောကြောင့် " ခါးနွဲပင် " ဟူ၍လည်း အချို့ပညာရှင်တို့ ယူဆကြသေးသည်ကို သိရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာအားဖြင့် ဖန်၏၊ ချို၏၊ ခါး၏၊ အေးသော သတ္တိ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သည်းခြေရောဂါ, အန်ခြင်း, ဖျားခြင်း, ဂူလုံး, သလိပ်, အဆိပ်, ထိုးအောင့်ခြင်း, မူးဝေခြင်း, သွေးဖောက်ပြန်ခြင်း, လည်ချောင်းနာခြင်း, ရေငတ်ခြင်း, နှလုံးရောဂါ, ရတ္တပိတ်နာ, ပြည်တူသာသရောနာ တို့ကို ပျောက်ကင်းစေနိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လေထိုးနာ။** ။ အမြစ်ကို အဖျော် ယမကာ ပြုလုပ်၍ သောက်ခဲ့သော် လေထိုးနာ နာကျင် ကိုက်ခဲခြင်းတို့ကို ပျောက်ကင်းစေ၏။

**ဝမ်းကိုက်ရောဂါ။** ။ အရွက်ရည်ကို နို့ရည်နှင့် ရော၍ အဖျော် ယမကာ ပြုလုပ် သောက်ခဲ့သော် ဝမ်းကိုက်ရောဂါ ပျောက်ကင်း၏။

**ချောင်းဆိုး, ပန်းနာ။** ။ မြစ်ခေါက်ရည်ကို သောက်ခဲ့သော် ချောင်းဆိုး, ပန်းနာ နှင့် ရင်ဘတ်၌ ဖြစ်သော ရောဂါတို့ကို ပျောက်ကင်းစေ၏။

**ဒါဟဖျား။** ။ ၎င်း၏ နွယ်ကို ရှေးရှေးသော မြန်မာဗိန္ဒောဆရာတို့သည် သည်းခြေဒေါသ လွန်ကဲ၍ ပူလောင်နေသော ဒါဟဖျားတို့၌ များစွာ အသုံးပြုကြ၏၊ ချွေးမထွက်ဘဲ အသားခြောက်ပြီးလျှင် အတွင်းရော အပြင်ပါ ပူလောင်နေသော ရောဂါတို့ကို ပယ်ဖျောက်ရာ၌ များစွာ အသုံးဝင်၏။

**သွေးဝမ်းသွားခြင်း, သွေးအန်ခြင်း။** ။ ၎င်းဦးစီး ပါဝင်နေသော ဆေးကို အသုံးပြုခဲ့သော် သွေးဝမ်း လွန်စွာ သွားခြင်း, သွေးအန်ခြင်းတို့သည် ပျောက်ကင်း၏။

## သီတာကလပ် - သဖန်းနွယ်ကဲဆေးနည်း

| | | | | | |
|---|---|---|---|---|---|
| ၁-၅ | စမုန်မျိုးငါးပါး | ၂-ပဲစီ | ၁၁ | နံ့သာနီ | ၁၀-ကျပ် |
| ၆ | ပညာလကာ် | ၄-ပဲ | ၁၂ | ဇာသိီး | ၁-ကျပ် |
| ၇ | ဆေးပုလဲ | ၄-ပဲ | ၁၃ | ဇာပွင့် | ၁-ကျပ် |
| ၈ | နွယ်ချို | ၁၀-ပဲ | ၁၄ | ကမာ | ၂-ကျပ် |
| ၉ | နံ့သာဖြူ | ၂-ကျပ် | ၁၅ | လ-ချေး | ၂-ကျပ် |
| ၁၀ | ဒန့်သက္ကူးနီ | ၅-ကျပ် | ၁၆ | သဖန်းနွယ် | ၈-ကျပ် |

အားလုံး အမှုန့်ပြု၍ သုံးနိုင်သည်။

**ထိုဆေးတွင်** -

| | | | |
|---|---|---|---|
| ၁ ယမ်းစိမ်း | ၂-ကျပ် | ၃ ကန့်ကူဆန် | ၄-ကျပ် |
| ၂ ဇဝက်သာ | ၄-ကျပ် | ၄ ထုံးခြောက် | ၈-ကျပ် |

ထည့်သွင်းရောနိုင်၏။

**ထို့ပြင် ထိုဆေးတွင်** —

| | | | |
|---|---|---|---|
| ၁ ဘိန်း | ၄-ပဲ | ၃ နွားမြေချင်း | ၁-ကျပ် |
| ၂ ဆေးခြောက် | ၄-ပဲ | ၄ ကံ့ကော်ဝတ်ဆံ | ၁-ကျပ် |

ထည့် ရောနိုင်၏။

**မှတ်ချက်။** ။ စမုန် မှ စ၍ နံ့သာနီ တိုင်အောင် ဆေးဘက်တို့ကို "အဘိညာဉ်ဆေး" ဟု ခေါ်၏၊ ထို အဘိညာဉ်ဆေး ၁ဝ (တဆယ်) သားတွင် ဇာသိမ်မှ စ၍ သဖန်းနွယ် တိုင်အောင် ၆ါးမျိုးလုံးကို ဖော်ပြပါ အလေးချိန် အတိုင်း ရောခဲ့သော "သီတာကလပ် ဆေး" ဖြစ်၏၊ ၎င်းကို "အချိန်မရွေးဆေး" ဟူ၍၎င်း၊ "ချွေးထုတ်ဆေး" ဟူ၍၎င်း ခေါ်ကြသည်၊ မူရင်း အဘိညာဉ်ဆေး တဆယ်တွင် ယမ်း မှ ထုံးခြောက် အထိ ဖော်ပြပါ အလေးချိန် အတိုင်း ထည့်ခဲ့သော် "ဆီးပေါက်ဆေး" ဖြစ်၏၊ ဖော်ပြပါ အဘိညာဉ် ဆေး တဆယ်တွင် ဘိန်း မှ စ၍ လေး-မျိုးတို့ကို ဖော်ပြပါ အတိုင်း ရောခဲ့သော် "ဝမ်း ထိမ်းဆေး" ဖြစ်၏၊ ဗိန္ဒောဆရာမြတ်တို့ အဆက်ဆက် သုံးခဲ့ကြသည့် အတိုင်း ထည့်သွင်း ဖော်ပြလိုက်ခြင်း ဖြစ်၏။

---

# ကဘိုင်ပင်

**ဟိန္ဒူ** **गोरन**

**လက်တင်** Ceriops Candolleana.

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုး ဖြစ်၍ ရေငံတက်သော ပင်လယ်ကမ်းခြေ တလျှောက် ပေါက်တတ်၏၊ အရွက် ရှည်၍ လုံး၏၊ အနား ကွဲ၏၊ အခေါက် နီ၏၊ ဆိုးဆေး အဖြစ်ဖြင့် အသုံး ဝင်၏၊ အသား လိမ်မော်ရောင် ရှိ၍ ခိုင်မာသဖြင့် အိမ်တိုင်၊ ယက်မ၊ ထုပ်၊ လျှောက်၊ ဒိုင်းမြား၊ ထင်း နှင့် မီးသွေး အဖြစ် အသုံးပြုကြ၏၊ အပွင့် ဖြူ၏၊ အသီးမှာ ဗာဒံရောင် ရှိ၏၊ "ကြပိုင်၊ ကပြိုင်၊ ကမြိုင်၊ ဘိုင်ဒေါင်း၊ ဗြူးပစ်၊ ကပိုင်၊ ရေမဒမ" ဟုလည်း အမျိုးမျိုးခေါ်ကြသေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ တပင်လုံး တွန့်ရှုံ့စေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သွေးယိုစီးခြင်း နှင့် အနာပျက်။** ။ အခေါက်ပြုတ်ရည်သည် သွေးယိုစီးခြင်းကို ပယ် ဖျောက်တတ်၏၊ အနာပျက်များ၌ ကပ်၍ ပေးရ၏။

**မှတ်ချက်။** ။ မဒမသည် ၂-မျိုး ရှိ၏၊ ကုန်း နှင့် ရေ တို့ပင် ဖြစ်သည်၊ ထိုဘွင် ရေမဒမ သည် ( ၁ ) ကဘိုင်ရေမဒမ, ( ၂ ) ပန်းလုံရေမဒမ, ( ၃ ) ဖြူးရေမဒမ ဟူ၍ ၃ - မျိုး ပြား၏၊ ထိုသုံးမျိုးလုံးကို ရေမဒမ ဟု ခြုံ၍ ခေါ်ကြ၏။ ခွဲခြားလိုသော် —

**၁။ ကဘိုင်ရေမဒမ**

လက်တင် Cersop roxbur ghiana

**၂။ ပန်းလုံးရေမဒမ**

လက်တင် Cerion tagal

**၃။ ဖြူးရေမဒမ**

လက်တင် Brnguiera cylindrian

ဟူ၍ လက်တင် အနေဖြင့် မြန်မာ အမည် ကွဲသလို ၃-မျိုး ကွဲနေ၏၊ ဟိန္ဒီ, သက္ကတ, အင်္ဂလိပ်တို့၌ကား ခွဲခြား၍ ဖော်ပြထားခြင်း မရှိပေ။

---

# ကမလာသီး

**လက်တင်** Citrus grandis.

**အင်္ဂလိပ်** ~~Grape-fruit.~~ Sweet lemon

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ အသီးသည် လိမ်မော်သီးငယ်ခန့် ရှိ၏၊ ၂-ဖက်၌ ချိုင့်၏၊ မှည့်သော အခါ လိမ်မော်ရောင် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အသီးသည် ချို၏၊ အေးသော သတ္တိ ရှိ၏၊ အဆီ သြဇာ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အဆင်း အသံကို ကောင်းစေ၏၊ အားကို ဖြစ်စေ၏၊ ဝမ်းမီး ကို တောက်စေ၏၊ သုက်သွေး နှင့် သလိပ်ကို ပွားစေ၏၊ သွေးကို သုတ်သင်တတ်၏၊ ပိန်ကြုံသော ရောဂါ, သုက်အားနည်းသောရောဂါ, လည်ပင်းရောဂါ, အဆိပ်သင့်, ရေငတ်, ပင်ပန်းသော ရောဂါများကို ပျောက်ကင်းစေ၏။

---

# ကရဝေးသီး (ဆင်ပန်)

သက္ကတ ကင်္ကောလ　　လက်တင် Piper cubeba.
ဟိန္ဒီ ကဘာဗ စီနီ　　အင်္ဂလိပ် Cubebs.

**ပုံသဏ္ဌာန်။** ။ သူတပါးကို မှီတတ်သော နွယ်မျိုး ဖြစ်၏၊ အပွင့်သည် ဖြူ၏၊ မြေမာတွင် ပေါက်တတ်၏၊ အစေ့သည် လုံး၏၊ ငြုတ်ကောင်းစေ့နှင့် တူ၏၊ ငြုတ်ကောင်းမျိုး ထဲမှ ဖြစ်၏၊ အရိပ်ကို လွန်စွာ ကြိုက်တတ်၏၊ "ကရဝေးသီး" ဟု ခေါ်ရာ၌ ကရဝေးပင်က သီးသော အသီးမျိုး မဟုတ်ပေ၊ ဖော်ပြခဲ့သည့် အတိုင်း "ကရဝေးသီး" ဟု အရပ်သုံး ခေါ်သော အသီးမျိုး ဖြစ်၏၊ အချို့ "ဆင်ပန်ကရဝေး" ဟုလည်း ခေါ်ကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ခါး၏၊ စပ်၏၊ ပူသော သတ္တိ ရှိ၏၊ ဝမ်း မီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ အစာကို ကြေကျက်စေတတ်၏၊ မွှေး၏၊ နှလုံးကို အကျိုးပြု၏။ သလိပ်ကို ငြိမ်းစေတတ်၏၊ အနံ့မကောင်းခြင်း, လေရောဂါ, နှလုံး ရောဂါ, ပိုး, ဝမ်းမီးနုံ့ခြင်း, မျက်စိရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အာမာတိသာရရောဂါ။** ။ ဘိန်းနှင့် ရော၍ ၎င်းကို သုံးခဲ့သော် အာမာတိသာရ (အစာမကျေဝမ်းသက်) ရောဂါ ပျောက်ကင်း၏။


**ဆီးနည်းရောဂါ။** ။ ၎င်း၏ အသီးမှုန့်ကို နို့နှင့် စိမ်၍ သောက်ခဲ့သော် ဆီးနည်း ရောဂါ ပျောက်ကင်း၏။

**သုက်ခဲရောဂါ။** ။ ၎င်းအသီး နှင့် ဖာသာအဖြူ, ဝါးစိန်, သကြားခဲ တို့ကို လေး တူ ယူ၍ အမှုန့်ထောင်းပြီး ၎င်းအမှုန့် ၃-မတ်သားကို နွားနို့နှင့် ဖျော်သောက်လျှင် သုက်ခဲ ရောဂါ ပျောက်ကင်း၏။

**နှစ်ရှည် ညောင်းကျရောဂါ။** ။ ၎င်းအသီးမှုန့် ၂-ဆ, ကျောက်ချဉ် တဆကို ရော၍ အားလုံး ရောပြီး တမတ်သား (တခွက်စာ) တနေ့ ၃ ကြိမ် သောက်လျှင် နှစ်ရှည်လများ စွဲကပ် နေသော ညောင်းကျရောဂါ ပျောက်ကင်း၏။

**ကျင်ချုပ်ရောဂါ။** ။ ၎င်းအသီးမှုန့် နှင့် သကြားကို ရော၍ သောက်ခဲ့သော် ဆီးများ ရွှင်လာပါလိမ့်မည်။

**ခံတွင်းရောင် နှင့် အသံဝင် အသံပျက်နာ။** ။ ကရဝေးသီး, လင်းနေ့, ပဒ်ကောဇယ်, ကွမ်းရိုး တို့ကို အမျှစီစု အမှုန့်ပြုပြီး ကွမ်းရွက်သတ္တုရည်နှင့် ကြိတ်၍ ခံတွင်း၌ မြုံ့လျက် တ ဖြည်းဖြည်း မျိုချခဲ့သော် ခံတွင်းရောင်ခြင်း နှင့် အသံဝင်, အသံပျက်နာ, လည်ပင်းလေးခြင်း စသော ရောဂါများ ပျောကင်း ချမ်းသာနိုင်၏။



ကရဝေးသီး(ဆင်ပနို)

PIPER CUBEBA

कबाबचीनी

ဝ
ထို
အ
ဖျ

စည်

ကင်

တွင်

**မှတ်ချက်။** ။ ၎င်းကို မရခင် အစားထိုး၍ သုံးရန် ဆေးကျမ်းတို့၌ မှာထား၏၊ သာမညရောဂါတို့၌ "ကုက္ကုရာ" ကို အသုံးပြုနိုင်၏၊ အခြားသော ရောဂါ အမျိုးမျိုးတို့၌လည်း အခြေအနေကို ကြည့်၍ သင်္ကြပိုး (အပါး) နှင့် ဖာလာကို အသုံးပြုနိုင်၏။

---

# ကရဝေးရွက်

| | | | |
|---|---|---|---|
| **သက္ကတ** | **तेजपत्र** | **လက်တင်** | Cinnamomum Tamăla. |
| **ဟိန္ဒီ** | **तज** | **အင်္ဂလိပ်** | Cassia Cinnamon. |

**ပုံသဏ္ဍာန်။** ။ ပင်လတ်မျိုး ဖြစ်၏၊ ၁၀-ပေမှ ပေ ၄၀-အထိ မြင့်သည်ကို တွေ့ရ၏၊ ၎င်းသည် ဒေသအလျောက် ပေါက်ရောက်ပုံ ကွာခြားခြင်းကြောင့် အမျိုးများ၏၊ ၎င်း၏ အရွက်သည် ကဆုန်လ၌ ရွက်နုလဲတတ်၏၊ အပင်ငယ်မှာ အချိန်မရွေး ရွက်နုထိုးတတ်၏၊ ရွက်နုထိုးသောအခါ ၎င်း၏ အရောင်သည် ကြေးနီရောင် အဆင်း ရှိ၍ လွန်စွာ ကြည့်ရှုရန် လှပ၏၊ အပွင့်သည် ဖြူရောင် ရှိ၍ အသီးမှာမူ လက်မဝက်ခန့် ခပ်လျားလျား ရှိ၏၊ မှည့်သော အခါ မဲရောင် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် စပ်၏၊ ချို၏၊ ပူသော သတ္တိ ရှိ၏ ကြေကျက်သွားသောအခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အဆိပ်ကို နိုင်၏၊ လေရောဂါ, ယားနာ, ညောင်းကျရောဂါ ဝစ္စမဂ်အနာ ရောဂါတို့၌ ကောင်း၏၊ ထိပ်ခတ်နာ, နှလုံးရောဂါ, နှုတ်မမြိန်နာတို့၌လည်း သုံး၏၊ ချွေးကို ထွက်စေ၏၊ အစာမကြေကျက်သော မန္ဒဝမ်းရောဂါ၌ ထူးခြားစွာ အကျိုးပြု၏၊ ထို့ကြောင့် အစာမကြေ, ဝမ်းပိုက်အောင့်, ဝမ်းသက်, အစာအိမ် တောင့်ခိုင်သော ရောဂါတို့အတွက် အသုံးပြုရ၏၊ ကိုယ်ဝန်ပျက် ရောဂါတို့ကိုလည်း တားမြစ်နိုင်၏၊ ချောင်းဆိုး, အအေးဖျား တို့၌လည်း လွန်စွာ အကျိုးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆစ်ရောင်ရောဂါ။** ။ ၎င်းအရွက်ကို အဆစ်ရောင်ရောဂါတို့၌ စည်းပေးသော် ပျောက်ကင်း၏။

**ပိုက်အောင့်ရောဂါ။** ။ ၎င်းအရွက်ကို အထက်ပါနည်း အတိုင်း ပိုက်အောင့်ရာ၌ စည်းပေးခဲ့သော် ပျောက်ကင်း၏။

**ဖောရောင်။** ။ ၎င်း၏ အခေါက်ကို ဖောရောင်ရာ၌ သွေးလိမ်းသော် ပျောက်ကင်း၏။

**ဝမ်းတွင်းလေလုံး။** ။ ဝမ်းတွင်း လေလုံး ဖြစ်ရာ၌ ကြိတ်၍ အုံပေးခဲ့သော် ဝမ်းတွင်း လေလုံး ပျောက်ကင်း၏။

**ဘိန်းဆိပ် မြွေဆိပ်သင့်သူ။** ။ ဘိန်းဆိပ် နှင့် မြွေဆိပ်သင့်သူသည် ၎င်းအရွက်မှုန့်ကို သောက်ရ၏။

**ပန်းနာ, ရင်ကျပ်, ချောင်းဆိုး။** ။ ပန်းနာ, ရင်ကျပ်, ချောင်းဆိုးတို့၌ ကရဝေး ရွက်, ပိတ်ချင်း တို့ကို အမှုန့်ပြု၍ ချင်းစိမ်းရည်နှင့် လူးကျက်ပေးခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ကရဝေးသည် အရွက်ကို သုံးရသော အပင်မျိုး ဖြစ်၏၊ ဆေးဥဒိုင်း, ဟင်းချက်ရာ၌ရင်း များစွာ အသုံးဝင်၏၊ တောဂန္ဓ ခေါ် အမွှေးမျိုး လေးပါးတွင် တပါး ပါဝင်၏၊ အမျိုးများသော်လည်း ရွက်ကြီး, ရွက်သေး, ရွက်ရှည် အားဖြင့် ၃-မျိုးခန့် ခွဲနိုင်၏၊ ရွက်ကြီးမှာ မြန်မာပြည် တောတောင် တလျောက် တို့၌ အပေါက် များ၏၊ အမွှေးနံ့ နည်းပါး၏၊ ဆေးအရာတွင် မသုံးကြပေ၊ အရွက်သေးမှာမူ များစွာ အတွေ့နည်း၏၊ လှုန်စွာ မွှေး၏၊ အရွက်များ ကျွတ်ဆတ်နေ၏၊ ဆေးဘက်တွင် သုံးနိုင်၏၊ ယိုသော် ရွက်သေးရှည် အမျိုးအစားကဲ့သို့ အကျိုးမပြုချေ၊ မြန်မာပြည်၌ အဖြစ်နည်း၏၊ မြန်မာပြည်တွင် ရှေးအခါက စိုက်ပျိုးကြသည်ကို မတွေ့ရချေ၊ သဘောတင် ဗယ ဆေးမျိုး ဖြစ်၏၊ အရွက်သေး၏၊ ရှည်၏၊ ချွန်နေ၏၊ ရွက်ကြောသည် ထင်ရှားစွာ ပြိုင်နေ၏၊ "သီဟိုဠ်ကျွန်းကရဝေး, စကာပူကရဝေး, ဣန္ဒိယကရဝေး" ဟူ၍ တိုင်းပြည် အလျောက် ထူးခြားစွာ စိုက်ပျိုး ရောင်းချကြသည်ကိုလည်း တွေ့ရ၏။

သစ်ကြပိုးပင်၌ ခွဲယူသော် - "အရွက်ကို ကရဝေး" ဟု ခေါ်၏၊ "အခေါက်ကို သစ်ကြပိုး" ဟု ခေါ်၏၊ ဤကဲ့သို့ ယူကြသည်၊ များသော အားဖြင့် ဤကဲ့သို့ ယူကြသော်ငြားလည်း အရွက်ကို သာ ယူရသော "ကရဝေမျိုး" နှင့် အခေါက်ကို သာ ယူရသော "သစ်ကြပိုး" မျိုးသည် ထူးခြားလျက်ပင် ရှိကြ၏၊ ကရဝေးပင်မှ သစ်ကြပိုး အဖြစ် ယူထားသော အခေါက်သည် ထူ၏၊ အချို အစပ် နည်း၏၊ သစ်ကြပိုးပင်မှ ယူထားသော အခေါက်မှာမူကား ပါးလေသည်၊ သီဟိုဠ်ကျွန်း၌ သစ်ကြပိုးမျိုးကို မြောင်းချစိုက်ပြီးလျှင် အပင်ငယ် ဘဝမှာပင် ခုတ်၍ အခေါက် အခွံကို ချွတ်ယူကြကုန်၏၊ ( သစ်ကြပိုးခေါက် အခန်း၌ ဆက်လက် ဖော်ပြဦးမည်။ )


အချုပ်မှာ ကရဝေးခေါက်မှ သင်္ကြပိုးကို "တရု ( တဇ )" ဟု ခေါ်၍ သင်္ကြပိုးပင်မှ ရသော အခေါက်ကို "ဒါလ်ကျ်ိနီ" ဟု ခေါ်၏၊ ၎င်း၍ ချီ၏ ဟု "ဘာဝပ္ပကာသဘာသာဋီကာ" ၌ ခွဲခြား ခေါ်ထား၏၊ အရွက်ရင့် မကြွေမီ ဆွတ်ခူး၍ နေရောင်တွင် မခြောက်စေဘဲ အရိပ်၌ သွေ့စေရာ၏။


---

ကရဝေးရွက်

CINNAMOMUM TAMALA

टेज पत्र





ထလဖက်

GAGEI

# ကလမက်

| | |
|---|---|
| သက္ကတ पीतचन्दन | လက်တင် Mansonia gagei. |
| ဟိန္ဒီ फलदक | အင်္ဂလိပ် Bastard sandal wood. |

**ပုံသဏ္ဌာန်။** ။ အပင်ကြီးမျိုး ဖြစ်၏၊ အရွက်သည် အင်ရွက် ကဲ့သို့ပင် ကြီးထွား၏၊ ယိုသော် ရွက်ခြားနေ၏၊ မြန်မာပြည် ငြိတ်နယ် ကျွန်းတလျောက်တွင် အများအပြား ပေါက်ရောက်တတ်၏၊ အချို့ ဥယျာဉ် ခြံမြေတို့၌လည်း စိုက်ပျိုးထား၏၊ အရိပ်အာဝါသ ရ၏၊ အပွင့်မွှေး၏၊ "နံ့သာနီ, နံ့သာဖြူ, အကျော်, စမ္ပါ, ကလမက်" ဟု နံ့သာမျိုး ငါးပါးကို ပေါင်းစုအသုံးပြုရာတွင် ပါဝင်သော နံ့သာမျိုး ဖြစ်၏။

ကရမက်ဟူ၍၎င်း, ကလမက်ဟူ၍၎င်း အရေး အသား ၂-မျိုး ရှိသည်ကို တွေ့ရ၏၊ "လ" အက္ခရာနှင့် အရေးအသားသည် မူလသက္ကတ ပုဒ်ရင်းမှ တိုက်ရိုက် လာသော အရေးအသား ဖြစ်၏၊ နံ့သာမျိုး ဟု ဆိုသည့် အတိုင်း အနှစ်အသားသည် မွှေးရမည် ဖြစ်၏၊ အပင်တိုင်း မမွှေးချေ။

လူသတ်, နတ်သတ် ဟူ၍ ၂-မျိုး ရှိရာတွင် နတ်သတ် ဟူသည် ကြီးသော အခါမှ အလိုလို သေသွားသော အပင်မျိုးကို ဆိုသည်၊ ထိုအပင်မျိုး၏ အနှစ်အသားသည် သာလျှင် မွှေး၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ခါးသက်၏၊ ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ်ကို ဖြစ်စေ၏၊ လေကို တိုးပွားစေ၏၊ နှလုံးရောဂါ, သီးရောဂါ, ပြည်တည်သော အနာတို့ကို ပျောက်ကင်းစေ၏၊ ဆံပင်ကို ကောင်းစေ၏၊ နာကျင်ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ နှလုံး ပူခြင်းကို ပျောက်ကင်းစေ၏။

---

# ကလမက် (တောင်)

သက္ကတ बहुवारक

လက်တင် Cordia fragrantis sima.

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၍ စိုပြေ၏၊ အရွက်သည် သနပ်ရွက်ခန့်ရှိ၏၊ "စန္ဒဝါ" ဟူ၍၎င်း, "မှိုက်ချောက်" ဟူ၍၎င်း, ခေါ်ကြ၏၊ အထူးသတိပြုရန်မှာ တောင်ကလမက်ဟူ၍ ခေါ်ကြသော်လည်း နံ့သာမျိုးထဲမှ မဟုတ်ဘဲ ကလမက်ပင်နှင့်လည်း များစွာကွာခြားနေ၏၊ သက္ကတ, ဟိန္ဒီ, အင်္ဂလိပ်တို့ အခေါ်အဝေါ်ခြင်းလည်း ကွာခြားနေ၏၊ ကလမက်နှင့် တောင်ကလမက်တို့သည် အပင်ပေါက်စ၌ အရွက်ချင်း လွန်စွာ တူကြ၏၊ ကြီးသော အခါမှ ကလမက်သည် ရွက်သေး၏၊ ၎င်း၏ အနှစ်အသားတို့သည် အနံ့မွှေး၍ အညိုနုရောင် ရှိသဖြင့် မြန်မာတို့သည် ၎င်းကလမက်တွင် ထည့်သွင်း ခေါ်ဝေါ်ကြ၏။

အရွက်သည် နုစဉ်အခါ ကတ္တီပါ အမွေးများ ရှိ၏၊ အရွက်ရင့်၌မူ အမွေးအမှင် မရှိ၊ အရွက်များပေါ်၌ အကြေား အဖြူကလေးများ ရှိ၏၊ အခေါက်ဖတ်များ ကွာကျသော အခါ မညီညာဘဲ အပြားလိုက် ကွာကျ၏၊ အရွက်သည် ၅-လက်မ မှ ၁၀-လက်မ အထိ ဖြစ်၍ အညှာ မှာမူ ၁-လက်မ မှ ၂-လက်မ အထိ ဖြစ်၏၊ အသီး သီးသော အခါ ပွင့်ချပ်ကွက်တွင် တဝက် မြှုပ်၍ သီး၏၊ ၎င်းသည် သနပ်ပင်မျိုးတွင် ပါဝင်၏၊ ထို့ကြောင့် "ဗဟုဝါရက" ဟူ၍ သက္ကတ ဘာသာဖြင့် ခေါ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါးသက်၏၊ ချို၏၊ အေး၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ်ကို ဖြစ်စေ၏၊ လေကို တိုးပွားစေ၏၊ ဆံပင်ကို ကောင်းစေ၏၊ နှလုံးရောဂါ, ဆီးရောဂါ, ပြည်တည်ခြင်း, နာကျင်ကိုက်ခဲခြင်း, နှလုံးပူခြင်းကို ပျောက်စေ၏။

**မှတ်ချက်။** ။ သနပ်ခါး, နံ့သာဖြူ, နီ, ကလမက်ဘို့ကို နံ့သာခဲ နံ့သာမှုန့် ပြုလုပ်ရာ၌ ၎င်းကိုလည်း ထည့်သွင်း၍ အသုံးပြုကြ၏၊ ကလမက်၏ အသုံးဝင်ပုံကို မှတ်သား၍ ၎င်းကိုလည်း စိစစ် ဝေဘန် အသုံးပြုနိုင်၏၊

သနပ်မျိုး ဖြစ်၍ သနပ်၏ အသုံးဝင်ပုံကဲ့သို့ ၎င်း၏ အနှစ်အသားကို စိစစ်အသုံး ပြုရာ၏၊ ဆိုလိုသည်မှာ မျိုးကား သနပ်မျိုး ဖြစ်၏၊ အသုံးကား နံ့သာမျိုးတွင် အသုံး ပြုထား၏။

---

# ကလောသီး

| | | | |
|---|---|---|---|
| သက္ကတ | कुष्ठवैरी | လက်တင် | Gynocardia Odorata |
| ဟိန္ဒီ | चालमोगरा | အင်္ဂလိပ် | Chaulmoogra |

**ပုံသဏ္ဌာန်။** ။ အပင်ကြီးမျိုး ဖြစ်၏၊ တောတောင် ထူထပ်သော အရပ်တို့၌ ပေါက် ရောက်တတ်၏၊ အသီး၏ အဆံကို သုံးရ၏၊ အဆီထုတ်၍လည်း သုံးနိုင်၏၊ အခေါက် နှင့် အရွက် ကိုလည်း အသုံးပြုကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ စပ်၏၊ ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သွေးကို သုတ်သင်တတ်၏၊ အသားနုတက်စေ၏၊ နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ ပိုးကို နိုင်၏၊ လေကို နိုင်၏၊ အန်စေ၏၊ ဝမ်းသွားစေ၏၊ အဆိပ်ကို ပြေစေ၏၊ ခယရုပ်, ကျပ်တီးနာ, အရေပြား, အနာပေါက်, အဆစ်မြစ်၌ဖြစ်သော လေ, အစာမကြေ, လေပြည့်, ဒူးခေါင်းကြီးသော သေရောဂါ စသည်ကို ပျောက်ကင်းစေတတ်၏။

**မှတ်ချက်။** ။ အဆီကို လိမ်းရ၏၊ အဆီသက်သက်ကို လိမ်းလျှင် အလွန် ပူ၏၊ အရေ ကွာပြဲတတ်၏၊ ထို့ကြောင့် ၎င်းတဆကို တမာဆီ သုံးဆ လေးဆ ထည့်၍ လူးပါလေ။


---


ကလောသီး
GYNOCARDIA ODORATA
चालमोगरा

ကလိမ်ပင်

CRESALPINIA CRISTA

करजुआ



# ကလန်ပင်

ဟိန္ဒီ कजपुति (कयपुति)

လက်တင် Melaleuca leucadendron

အင်္ဂလိပ် Cajuput tree

**ပုံသဏ္ဌာန်။** ။ အပင် အသတ်စားမျိုး ဖြစ်၏၊ အရွက် ချွန်၏၊ ကာဂျူပွတ်ဆီကို ၎င်းအရွက်တို့မှ ထုတ်ယူရ၏၊ ထိုအဆီမှာ အငွေ့ပျံ့လွယ်၏၊ အနံ့မှာ တာရပင်ဆီ နှင့် ပရုပ် ရောစပ်သောအနံ့ကဲ့သို့ ရှိ၏၊ ( မြိတ်နယ်၌ ရှိ၏ ) အခေါက်များသည် စက္ကူကဲ့သို့ ပါး၏၊ ၎င်း၏ ပွင့်တံမှာ မယ်ဇလီပင်၏ ပွင့်တံ ရှည်ကဲ့သို့ ဖြစ်၏၊ ၎င်းပွင့်တံရှည်များတွင် သီး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝမ်းသက်, ပစ်လွင့်သော လေရောဂါ, ရေယုန်, ယားယံခြင်း, လေပြွန်ချောင်းပွ, အဆုပ်ရောဂါတို့၌ အသုံးပြုရ၏၊ အဖုအကျိတ်, အပြင်းဖျား, ခြေသလုံးကြောနှင့် အသားများ နာကျင်ခြင်း, အဆုပ်ပြွန်ချောင်းပူခြင်း, အဆစ်အဆက်များ ပူခြင်းတို့၌ လိမ်းကျံပေးရ၏၊ အစာမကြေရောဂါ, ဝမ်းပိုက်နာ, အူတွင်း၌ ဖောက်ပြန်သော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

---

# ကလိမ်ပင်

သက္ကတ कुबेराक्षा।

ဟိန္ဒီ करंजुआ।

လက်တင် Caesalpinia crista

အင်္ဂလိပ် Fever nut

**ပုံသဏ္ဌာန်။** ။ ကလိမ်ပင်သည် သင်းဝင်မျိုးတွင် ပါဝင်၏၊ နွယ်မျိုး ဖြစ်၏၊ ဥယျာဉ်ကရံအတား အဖြစ် ခြံဘေး၌ အချို့ စိုက်ထားကြ၏၊ တော၌လည်း အလိုလို ပေါက်ရောက်ကြ၏၊ မြွားပစ်၍ မဝင်နိုင်အောင် ဆူးများ၏၊ ထိုသို့ ရှုတ်ထွေးသော အပင်မျိုးကို စွဲ၍ ရှုတ်ထွေးသော လူဘယောက်ကို ကလိမ်ခြုံ ဟု ခေါ်ဝေါ် သုံးစွဲလေ့ရှိကြသည်။

**အရသာနှင့် အကျိုးသွား။** ။ ပူ၏၊ စပ်၏၊ ချုပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပိုးကို ပယ်တတ်၏၊ လေကို နိုင်၏၊ တူလာသရောနာ, နူနာ, မြင်းသရိုက်, အနာပေါက် စသည်ကို နိုင်၏။

---

# ကလွာပင် ( ကလ၀ါ )

ဘင်္ဂလား ডাবুর

လက်တင် Cerbera Odollam

အင်္ဂလိပ် Odallam

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ အပင်မှ အဆိပ်ရှိသော နို့စေး ထွက်၏၊ အပွင့် ကြီး၍ ဖြူ၏၊ အဝါလည်း ရှိ၏၊ မွှေး၏၊ ညှာတံ ဝါ၏၊ အကိုင်းအခက်များ ထွားကြိုင်း၏၊ အရွက်သည် အကိုင်းဖျား၌ ထွက်၏၊ အရွက်များ ချွန်၍ အကြော အလွန် များ၏၊ အရွက်သည် ခြောက်သော အခါ မဲသွား၏၊ အသီးသည် အလွန် နူးညံ့၍ စိမ်း၏၊ အစေ့ တစေ့မှ ၂-စေ့အထိ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အခေါက်ကို ဝမ်းနုတ်ဆေး အဖြစ်ဖြင့်၎င်း, ခွေးရူးပြန် ရောဂါ၌၎င်း, အသုံးပြုရ၏၊ အသီးမှာ လွန်စွာ ပြင်းထန်သော အဆိပ်မျိုး ဖြစ်၏၊ ထိုမှတပါး ၎င်း၏ အသီး နှင့် အရွက်ကို အန်ဆေး အဖြစ်ဖြင့်လည်း အသုံးပြုရ၏၊ ၎င်း၏ အသီးကို ဆေးဘက် အနေနှင့် အသုံးပြုလျှင် လွန်စွာ အော့အန်စေတတ်၏၊ ဓာတ်သက်စေ၏၊ တဖြည်းဖြည်း နွမ်းနယ် ခွေယိုင်၍ သေသည် အထိ ဖြစ်နိုင်၏၊ တိရစ္ဆာန်တို့ အတွက် ၎င်းအပင်သည် အဆိပ် ဖြစ်၏။

---

# ကသီးပန်း

တမီလ် निबम

လက်တင် Samadera Indica

အင်္ဂလိပ် Neepa-bark

**ပုံသဏ္ဍာန်။** ။ အမြဲ စိမ်းလန်းနေတတ်သော အပင်ငယ်မျိုး ဖြစ်၏၊ အခက်အလက် ကြီး၏၊ အရွက် ကြီး၏၊ ချွန်၏၊ ချော၏၊ တောက်ပ၏၊ အပွင့် နည်း၏၊ အသီးပြား၏၊ နူးညံ့၏၊ ၎င်း၌ ကြီးသော အစေ့များ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် ခါး၏၊ ပူ၏၊ ဝမ်းမီးကို ပွားစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အခေါက်သည် အဖျားကို ပယ်တတ်၏၊ အရွက်သည် ပိုးတို့ကို ပယ်တတ်၏၊ အစေးသည် ပိုးရှိ ခြပုန်းတို့ကို ဖျက်ဆီးတတ်၏၊ အမြစ်သည် ဥတုသွေး လာခြင်းကို မှန်စေ၏၊ အပွင့်သည် သည်းခြေကို ပယ်တတ်၏၊ နား, နာကျင် ကိုက်ခဲခြင်းကိုလည်း ပျောက် ကင်းစေ၏၊ အဆီကို အဆစ်အဆက်များ ရောင်တင်းခြင်း၌ လိမ်းဆေး အဖြစ်ဖြင့် အသုံးပြုရ၏။

---

# ကသစ် ( ရိုးရိုး )

သက္ကတ मंदार　　　　လက်တင် Erythrina Suberosa
ဟိန္ဒီ पंगरा　　　　အင်္ဂလိပ် Moochy wood

ပုံသဏ္ဍာန်။　　။ အပင်မှာ အမြင့်ပေ ၆၀-ကျော်ခန့် ရှိ၍ လုံးပတ်မှာ ၄-ပေမှ ၅-ပေအထိ ရှိ၏၊ အခေါက် ထူ၏၊ အရွက်တွင် အမွှေးသည် ဝါတာဘာ ရှိ၏၊ ဆူးသည် တပင်လုံး၌ ပေါက်နေတတ်၏၊ ဆူးမရှိသော နေရာ၌ အစင်းမျောင်းကလေးများ ထင်နေ၏၊ အပွင့်၏ အရောင်သည် နီ၍ အရွက်နု မထွက်မီ အပွင့် ထွက်တတ်၏၊ အသီးမှာ အပြားတောင့် ဖြစ်၍ ၃-လက်မခန့် ရှိ၏၊ အသီး တတောင့်လျှင် အစေ့ ၃-စေ့ခန့် ပါ၏၊ နွေရာသီတွင် အရွက်များမှာ ပင်လုံးကျွတ် ကြွေကျ၏။

အရသာ နှင့် အကျိုးသွား။　　။ အရွက်သည် ခါး၏၊ ပူ၏။

ဂုဏ် နှင့် စွမ်းရည်။　　။ အမြစ်သည် ဥတုသွေး လာခြင်းကို မှန်ကန်စေ၏၊ အခေါက်သည် သလိပ် ,လေကို ပယ်တတ်၏၊ ဝမ်းသက်ရောဂါကို ပျောက်ကင်းစေ၏၊ အရွက်သည် ဝမ်းပိုးကို ပွားစေ၏၊ ပိုးကို နိုင်၏၊ ဆာလောင် မွတ်သိပ်စေ၏၊ ဖေါရောင်ရောဂါ, ဆီးနှင့် စပ်သော ရောဂါတို့ကို ပျောက်ကင်းစေ၏၊ အပွင့်သည် သည်းခြေကို ပယ်တတ်၏၊ နား နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏။

မှတ်ချက်။　　။ ကသစ်ကို မြန်မာတို့ အခေါ်အဝေါ် အားဖြင့် ရေကသစ်, ကုန်းကသစ်, တောင်ကသစ်, အင်းကသစ်, ပင်လယ်ကသစ်, ကသစ်ခါး ဟူ၍ ခွဲခြား ခေါ်ဝေါ်ကြ၏၊ ဆေးကျမ်းများ၌မူ ကသစ်ရိုးရိုး, ပင်လယ်ကသစ် ဟူ၍ ၂-မျိုးသာ ပြ၏။

---

# ကသစ် (ပင်လယ်)

သက္ကတ पारिभद्रं (पारिजा तक　　　　လက်တင် Erythrina Indica.
ဟိန္ဒီ फरहद (पंगरा)　　　　အင်္ဂလိပ် Indian coral tree.

ပုံသဏ္ဍာန်။　　။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၍ အကြီး မြန်သော အပင်မျိုး ဖြစ်၏၊ ၁၅-ပေမှ ၄၀-ပေ အထိ မြင့်၏၊ အသီးတောင့်မှာ ၁-ပေခန့် ရှိ၏၊ အစေ့ နီ၏၊ အစေ့ ၆-စေ့မှ ဂ-စေ့ အထိ ရှိ၏၊ သုံးရွက်ဆိုင် ထွက်၏၊ ခြံ ဥယျာဉ် စည်းရိုးတို့၌ စိုက်ပျိုးကြ၏၊ အလှအလျောက်လည်း ပေါက်ကုန်၏၊ ရံခါ ၎င်းကို ငြုတ်ကောင်းနွယ်များ တင်ရန် စိုက်ပျိုးကြ၏၊ အသီးမှ၎င်း, အကိုင်းမှ၎င်း စိုက်ပျိုး ဖြစ်ထွန်းနိုင်၏၊ ပင်လုံး ပင်တံ ချော၏၊ ပင်လုံး၏ အရောင်

မှာ စိမ်းစို၏၊ နွေရာသီ၌ အရွက်များ ကြွေကျပြီးသည်နှင့် တပြိုင်နက် ကြက်သွေးရောင် အပွင့်များသည် အကိုင်းထိပ်ဖျားများ၌ ပင်လုံးကျွတ် ပွင့်၏၊ အပွင့်မှာ အဆုတ်လိုက် ပွင့်၍ အနီရောင်မျိုး များ၏၊ အဖြူ, အဝါ တို့လည်း ထွန်း၍ ရှိတတ်ကုန်၏၊ အချို့ အပင်တို့၏ အရွက်သည် ပကတိ အစိမ်းရောင်မျိုး မဟုတ်ဘဲ ပန်းပေ ယာပီနံပင် ကဲ့သို့ ကျားတားတား ရှိကုန်၏၊ အဖြူ, အစိမ်း, အဝါရောင် ရောကုန်၏၊ ၎င်းကို မြန်မာတို့သည် ကသစ်ကျား ဟု ခေါ်ကုန်၏။

**အရသာ နှင့် အကျိုးသွား။** ။ အပွင့်, အခေါက်, အရွက်တို့ကို အသုံးပြုရ၏၊ အရသာမှာ စပ်၏၊ ပူ၏၊ ကြေကျက်သော အခါ (ဝိပါက၌) စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်ကို မြိန်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ သည်းခြေကို ပယ်တတ်၏၊ ပိုးရောဂါ, ဖေါရောင်, နားရောဂါ, သည်းခြေကြောင့် ဖြစ်သော ရောဂါများကို ပျောက်ကင်းစေတတ်၏၊ အမြစ်သည် ဥတုကို မှန်စေ၏၊ အခေါက်သည် လေ, သလိပ်ကို နိုင်၏၊ ၎င်းပြင် ဝမ်းတစစ်စစ် သွားသော အတိသာရ ဝမ်းသက်ခြင်းကို ပျောက်ကင်းစေ၏၊ ဝမ်းမီး တောက်၏၊ ပိုးကို နိုင်၏၊ ရောင်ရမ်းခြင်းကို ပျောက်ကင်းစေ၏၊ ဆီးချုပ်ရောဂါ၌ အကျိုးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**နားကိုက်။** ။ အပွင့်သည် သည်းခြေကို နိုင်၍ နားကိုက်ရောဂါကို ပျောက်ကင်းစေ၏။

**မြွေဆိပ်။** ။ အပင်သည် မြွေဆိပ်ရောဂါ၌ သုံး၏၊ ပိုး နှင့် မျက်စိရောဂါ တို့၌လည်း သုံး၏။

**ပိုး။** ။ အရွက်စိမ်းသည် ပိုးကျသော အနာ၌ ပိုးသေစေရန် အသုံးဝင်၏။

**ကာမအား။** ။ ၎င်းကသစ် အပွင့်, အမြစ်ကို ထောင်း၍ နွားနို့ အေးကွင် စိမ်သောက်ခဲ့သော် ကာမအားကို တိုးပွား တောင့်ခိုင်စေ၏။

**လူပျိုနာ။** ။ လူပျိုနာနှင့် ပတ်သက်သော ရောဂါများ၌ ၎င်း၏ အရွက်ကို ကြိတ်၍ လိမ်းပေးရ၏၊ ၎င်းပြင် အဆစ်ရောင်၍ ကိုက်ခဲရာ၌လည်း လိမ်းကျံ ပေးရ၏။

**ဝက်ခြံ။** ။ ကသစ်ဆူးဖုကို သွေး၍ မျက်နှာတွင် ပေါက်သော ဝက်ခြံနာတို့၌ လိမ်းပေးသော် ပျောက်ကင်း၏။

**မှတ်ချက်။** ။ကသစ်ဆူးဖုကို ကသစ်ပင်မှ အများဆုံး ယူ၍ မယားနင်း ကြက်ဆူပင်မှ၎င်း, ဒီးဒူးပင်မှ၎င်း, ယူကြကုန်၏၊ ၎င်းပြင် တံဆိပ် အမည်နာမ ထွင်းရန် တံဆိပ်တုံး အသုံးပြုကြကုန်၏။

# ကာကောလိ

**သက္ကတ** काकोली
**ဟိန္ဒီ** ककोली
**လက်တင်** Gymnama Balsamicum.

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အဋ္ဌဝဂ္ဂ ဆေးတွင် ပါဝင်သော အပင် ဖြစ်၏၊ ချုံနွယ်မျိုး ဖြစ်၏၊ ဆူး ရှိ၏၊ အရွက် ရိုးတံ ကြီး၏၊ နူးညံ့၏၊ အရွက်သည် ၃-လက်မ မှ ၇-လက်မခန့် ရှည်၏၊ အပွင့် ဖြူ၏၊ အသီး လုံး၏၊ ခို-ဥနှင့် တူ၏၊ အစေ့ တစေ့မှ ၃-စေ့ အထိ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ချိုခါး၏၊ သတ္တိ အေး၏၊ ကြေကျက်သော အခါ ( ဝိပါက ) ၌ ချို၏၊ ပဠင်္ဂါးပါးလုံးကို သုံးရ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကိုရင်း, ဓာတ်တို့ကိုရင်း ပွားစေ၏၊ သလိပ်ကိုရင်း, နှာကိုရင်း ပြုတတ်၏၊ သည်းခြေ နှင့် လေဒေါသကို ငြိမ်းစေ၏၊ ယေရက်, ရေငတ်, သွေးပေါက်ပြန်, သွေးအန်, သွေးကျ, အပူ, အဖျား, အဆိပ်, လေ နှင့် သည်းခြေကြောင့် ဖြစ်သော ရောဂါတို့၌ အသုံးပြုရ၏၊ ထိုပြင် အမြစ် နှင့် အသီးကို အခြားသော ဆေးတို့နှင့် ရော၍ မြေပိပ်, ကင်းမြီးကောက်ဆိပ်တို့၌ အသုံးပြုရ၏။

**မှတ်ချက်။** ။ ၎င်းအပင်ကို အမှန်ရဘို့ရန် အလွန် ခဲယဉ်း၏၊ ၎င်း၏ အစား ဒဟာသကိုပင်ကို ထည့်ရန် သာလိဂ္ဂါမ နိဃဏ္ဍုဆရာကြီးက မိန့်မှာထားခဲ့၏။

---

# ကာဖီပင်

**ဟိန္ဒီ** काफी
**လက်တင်** Coffca arabica
**အင်္ဂလိပ်** Coffee

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ချုံယောင် ပင်ယောင် ဖြစ်၏၊ မူလမှာ အဘီဆီးနီးယားပြည်တွင် စတင် ပေါက်ရောက်၏၊ အမြင့်မှာ ၈-ပေခန့် ရှိ၏၊ ဥယျာဉ် ခြံတို့၌ စိုက်ပျိုးကြ၏၊ အရွက်မှာ ၅-လက်မမှ ၇-လက်မ အထိ ရှည်၏၊ အရွက်တွင် အကြောတို့သည် ၆-ခုမှ ၁၀-ခု အထိ ရှိကြ၏၊ အစေ့မှာ ကြာသီးဆံ အသေးစားခန့် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကာဖီရွက်သည် အဖျားကို ပျောက်ကင်းစေ၏၊ အစေ့ သည် နှလုံးကို အားပေး၏၊ အကြော နှင့် ခြင်ဆီများကို အားပေး၏၊ ဆီးကို ထုတ်ဆောင်တတ်၏၊ မက်တို့၏ ပြောင်းလဲခြင်းကို ထိန်းချုပ်တတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဖျားရောဂါ။** ။ ကာဖီရွက် ၆-ပဲသားမျှကို ပြုတ်၍ သောက်သည် ရှိသော် အဖျားရောဂါ ပျောက်ကင်း၏။

**လေရောဂါ နှင့် အဖုအကျိတ်နာ။** ။ ပါစနကြိယာ နှင့် အသက်ကို ထိန်းသိမ်းသော အကြော ပျက်စီးသော အခါ၌ ခန္ဓာကိုယ် အဆက်အစပ်များ နှင့် ဆီးအိမ်၌ ပြာဓာတ်တမျိုးသည် စုသွားတတ်၏၊ ထို့ကြောင့် အဆစ်အဆက်တို့၌ ဖြစ်သော လေရောဂါ၊ အဖုအကျိတ် နှင့် အခြားရောဂါမျိုးစုံ ဖြစ်တတ်၏၊ ထိုအခါ ကာဖီပြုတ်ရည်ကို သောက်ပေးရ၏။

**အကြော နှင့် နှလုံးရောဂါ။** ။ ကာဖီရွက်ကို ထောပတ်နှင့် လှော်၍ အမှုန့်ပြုပြီးလျှင် ထိုအမှုန့်ကို ပြုတ်ပါ၊ ထိုပြုတ်ရေတွင် နို့ရည် နှင့် သကြား ရောစပ်ထည့်မွှေ၍ သောက်လျှင် အကြောများ လေးလံခြင်း ပျောက်ကင်း၏၊ သဘာဝအတိုင်း လှုပ်ရှားသွားလာ၏၊ ထိုမှတပါး ထိုပြုတ်ရည်ဆေးသည် နှလုံးကို အားပေး၏၊ နှလုံးကို ထက်မြက်စေ၏။

---

# ကုလားဆတ်စပါး

| | | | |
|---|---|---|---|
| သက္ကတ | **बाजरी-बाजरा** | လက်တင် | Pennisetum Typhoideum. |
| ဟိန္ဒီ | **बाजरी-बाजरा** | အင်္ဂလိပ် | Spiked millet. |

**ပုံသဏ္ဌာန်။** ။ အပင်သည် ပြောင်းပင်ကဲ့သို့ ဖြောင့်တန်းစွာ ပေါက်၏၊ ပြောင်းပင်လောက် မတုတ်ဘဲ အလုံး အနည်းငယ် သေး၏၊ အပင်ဖျားမှာ ဖူးတံရှည် တခု ရှိ၍ ၎င်းတွင် အစေ့ကလေးများ တွယ်ကပ်နေ၏၊ တိရစ္ဆာန်တို့သည် ၎င်းအပင်ကို မြက်အဖြစ်ဖြင့် စားကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပူ၏၊ ခြောက်ထပ်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ လေကို ပွားများစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှလုံးကို အကျိုးပြု၏၊ ခွန်အားကို ပြုတတ်၏၊ အရောင်အဆင်းကို ဖြစ်စေ၏၊ သည်းခြေကို ဖေါက်ပြန်စေ၏၊ ကြေကျက်ခဲ၏၊ မိန်းမတို့၏ ကာမကို ဖြစ်စေ၏၊ ဝဖြိုးစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အော့အန်။** ။ ၎င်း၏ အစေ့ကို စတုမဓုကဲ့သို့ လျက်ဆေး ပြု၍ သုံးလျှင် သည်းခြေ နှင့် လေဒေါသတို့ကြောင့် ဖေါက်ပြန်သော အော့အန်ခြင်းကို ပျောက်ကင်းစေ၏၊ ၎င်းပြင် မီးယပ် နှင့် ဆီးများကို စင်ကြယ်အောင် ကျဆင်းစေ၏၊ အထူးသဖြင့် ရေဖျဉ်းရောဂါ၌ ကောင်း၏။

**ခွေးရူးကိုက်။** ။ ၎င်းဆတ်စပါး အဖူးကို ၆-ပြားသားမျှ ယူ၍ ထန်းလျက်နှင့် ရောပြီး ၇-ရက် ပြည့်အောင် ကျွေးသော် ခွေးရူးကိုက် ရောဂါကို ပျောက်ကင်းစေ၏။

---

# ကုလားဇော (ရှားစောင်းလက်ဝါး)

သက္ကတ बहु-दुग्धिका လက်တင် Opuntia Dellenii
ဟိန္ဒီ नागफणी အင်္ဂလိပ် Prickly Pear

**ပုံသဏ္ဌာန်။** ။ ချုံနွယ်မျိုး ဖြစ်၏၊ အခက်အလက်တို့သည် အပင်ရင်းမှ ထွက်၏၊ အပင်သည် ၃-ပေခန့် ရှိ၏၊ အပွင့် ဝါ၏၊ အသီးမှည့်သောအခါ ခရမ်းရောင် ဖြစ်သွား၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းအပင်သည် ခါး၏၊ ပူ၏၊ ၎င်း၏ အပွင့်ရည်သည် ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပင်သည် ဝမ်းကို နူးစေ၏၊ အစာကို ကြေစေတတ်၏၊ ဝမ်းကို ချောင်စေ၏၊ လေကို နိုင်၏၊ ၎င်းပြင် ပူလောင်ခြင်း, ခရုသင်း, ဆီးနှင့် ပတ်သက်သောရောဂါ, အဖုအနာများ, ရေဖျဉ်း, သတိမေ့လျော့ခြင်း, မြင်းသရိုက်, ကိုယ်ရေဝါ, အနာယင်းခြင်း, သရက်ရွက်ကြီးခြင်း တို့ကို ပျောက်ကင်းစေ၏၊ ၎င်း၏ အပွင့်ရည်သည် ရေဖျဉ်းရောဂါ, အဖုအနာများ, ကာလသားရောဂါ, ခရုသင်းနာတို့ကို ပျောက်ကင်းစေ၏။

---

# ကုလားနက်သွေး

သက္ကတ बोल, ग्रोल လက်တင် Comniphora Myrrha
ဟိန္ဒီ बोल အင်္ဂလိပ် Myrrha

**ပုံသဏ္ဌာန်။** ။ အာရပ် နှင့် မြောက်အိန္ဒိယတွင် အများဆုံး ပေါက်ရောက်၍ ကြီးလှသော ချုံမျိုး ဖြစ်၏၊ စိုပြေဝေဆာသော အပင်မျိုး မဟုတ်ချေ၊ ၎င်းမှ အစေး ထွက်၏၊ ထိုအစေးကို ဆေးဘက်၌၎င်း, အမွှေးအကြိုင် အနေဖြင့် မီးတွင် ထည့်၍ ပူဇော်ရာ၌၎င်း များစွာ သုံးကြ၏၊ မည်သည့် အပင် ဖြစ်သည်ကို ထင်ရှားစွာ ထုတ်ပြထားကြသည်ကို မတွေ့ရချေ၊ လူသေအလောင်းများ မပုပ်သိုးအောင် မီးသွေးများ ဝန်းရံ ထည့်ထားသကဲ့သို့ ထိုအစေးများကို မပုပ်သိုးရန် အတွက် များစွာ အသုံးပြုကြ၏။

ဗောလသည် သစ်ပင်မှ ဖြစ်သော အစေး ရုက္ခဗောလ, လူမှ ဖြစ်သော " သွေး " မနုဿဗောလ ဟူ၍ ၂-မျိုး ရှိ၏။

ကုလားနက်သွေး ဟူသည် သစ်ပင်မှ ထွက်သော အစေး ဖြစ်၏၊ ယခုအခါ ရောနှော၍ ရောင်းနေကြရာ အစစ် အတု သိရန် လိုအပ်၏၊ ကုလားနက်သွေးကို ရေနွေး၌ ထည့်သော် ခရမ်းရောင် ဖြစ်သွားပါမှ အစစ် ဟု ယူအပ်၏။

**အရသာ နှင့် အကျိုးသွား။** ။ အစေးကို သုံးရ၏၊ ဖန်, ခါး, စပ်၏၊ ပူ၏၊ ဝိပါက၌ စပ်၏၊ မွှေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစာကို ကြေကျက်စေ၏၊ ပညာကို ဖြစ်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ သားအိမ်ကို သုတ်သင်တတ်၏၊ ဒေါသ သုံးပါးကို နိုင်၏၊ အသားနုကို တက်စေ၏၊ ချုပ်၏၊ သလိပ်ကို ထုတ်တတ်၏၊ သွေးဖောက်ပြန်ခြင်း, မီးယပ်, ကျောက်တည်, တုလာသရော, ယောနိ, နာကျင်ကိုက်ခဲခြင်း, အဖျား, နူနာ, ဝက်ရူး, သွေးဝမ်း, ချွေးထွက်ခြင်း, ဂြိုဟ်ဖမ်းစား ခြင်း တို့ကို နိုင်၏။

---

# ကုလားပဲ

| | |
|---|---|
| သက္ကတ चणक | လက်တင် Cicer arietinum |
| ဟိန္ဒီ चना | အင်္ဂလိပ် Gram |

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် ချဉ်၏၊ ဖန်၏၊ အသီးစိမ်းသည် အေး၏၊ ဖန်၏၊ အသီးမှည့်သည် ချို၏၊ ကုလားပဲလှော်သည် ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်သည် အူတို့ကို တွန့်ရှုံ့စေတတ်၏၊ သည်းခြေကို ပယ်တတ်၏၊ ဖေါရောင်ခြင်းကို ပျောက်ကင်းစေ၏၊ အသီးစိမ်းသည် အလွန် နူးညံ့၏၊ နှုတ်ကို မြိန်စေ၏၊ သည်းခြေကို ပယ်တတ်၏၊ ကာမသတ္တိကို ဖျက်ဆီးတတ်၏၊ လေကို ပြုတတ်၏၊ မလတို့ကို တားဆီးတတ်၏၊ ကြေကျက်လွယ်၏၊ အသီးမှည့်သည် ရေငတ်ပြေစေ၏၊ တုလာသရော ရောဂါကို ပျောက်ကင်းစေ၏၊ လေ, သည်းခြေကို ပြုတတ်၏၊ ဝမ်းမီးကို တောက်စေ၏၊ နှုတ်ကို မြိန်စေ၏၊ ခွန်အားကို ပြုတတ်၏၊ ဝမ်းပိုက် တင်းရောင်စေတတ်၏၊ သွေးဖေါက်ပြန်, အရေပြားရောဂါ, နှာစေး, လည်ပင်းရောဂါ, လေ, သည်းခြေ, ရောဂါ, ပိုးရောဂါတို့ကို ပယ်ဖျောက်တတ်၏။

ကုလားပဲပြုသည် ဝမ်းပိုက်ရောဂါ, ဝမ်းမီးနုံ့ခြင်း, ချုပ်ခြင်းတို့ကို ပျောက်ကင်းစေတတ်၏၊ ကုလားပဲလှော်သည် နှုတ်မြိန်စေ၏၊ သွေးကို ဖေါက်ပြန်စေတတ်၏၊ ခွန်အားကို ပြုတတ်၏၊ သုက်ကို ဖြစ်စေ၏၊ ခန္ဓာကိုယ်ကို တက်မြက်စေ၏။

---

# ကုလားပိတောက်

| | |
|---|---|
| သက္ကတ शींसपा | လက်တင် Dalbergia Sissoo. |
| ဟိန္ဒီ सीसपा | အင်္ဂလိပ် Sissoo. |

**ပုံသဏ္ဍာန်။** ။ အပင်မှာ ပေ ၆၀ - ခန့် မြင့်၏၊ လုံးပတ်မှာ ၆ - ပေမှ ၁၂ - ပေ ခန့် ရှိ၏၊ အကိုင်းများသည် အောက်သို့ ကိုင်းညွတ်၍ တွဲလွဲ ကျဆင်းနေ၏၊ အမွေးနုကလေးများ ရှိ၏၊ အခေါက်မှာ တလက်မခန့် ထူ၍ အနည်းငယ် ဝါရောင်သန်းပြီး ပြာနှမ်းနှမ်း ရှိ၏၊ အရွက်မှာ ဝိုင်း၍ ချွန်၏၊ ဇီးရွက်ခန့်မျှ ရှိ၏၊ အရွက်နုသည် အလွန် စိမ်း၏၊ အရွက်ရင့်သည် အနည်း

းကို
၏၊
ရော,
စား

း၏၊

ပယ်
န်စေ
တို့ကို
ဂါ
စ၏၊
, နှာ

တတ်
တ်၏၊

- ပေ
ားများ
အရွက်
နည်း

ကုလားမျက်စိ

PHYSALIS PERUWIANA

टंकारी



ယ် နီရောင်သန်း၍ ပြာနှမ်းနှမ်း ရှိ၏၊ အပွင့်များမှာ သေး၍ ဖြူနုရောင် ရှိ၏၊ အဆုပ်လိုက် ပွင့်၏၊ အသီးမှာ အလွန် ပြား၍ မာ၏၊ လက်လေး ပက်ဆ ရှိ၍ ခိုင်မာ၏၊ ကုလားပိတောက်သည် ၃ မျိုး ရှိ၏၊ အနက်မျိုး, အဖြူမျိုး, အဝါမျိုးတို့ ဖြစ်သည်၊ အဝါမျိုးကို သက္ကတ အလို "ကပိလသိံသပါ" ဟု ခေါ်၏၊ အနက်ကို "ကဏှသာရ" ဟု ခေါ်၏၊ အဖြူကို "သေတသိံဆပါ" ဟု ခေါ်၏၊ အသား နှင့် အစေ့မှ ဆီကို ထုတ်ယူရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ဖန်၏၊ ပူ၏၊ စပ်ရှားရှား ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကာမကို အားပေး၏။ သလိပ်ကို ရှင်စေ၏၊ ပိုးကို နိုင်၏။

---

# ကုလားမျက်စိပင်စောက်ကြီး (ဗောင်ဗောင်သီး)

သက္ကတ टङ्कारी လက်တင် Physalis peruviana.

ဟိန္ဒီ टंकारी အင်္ဂလိပ် Winter Cherry, Cape Goosebesry.

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ပင်ငယ်မျိုး ဖြစ်၏၊ အမြင့် ၃-ပေခန့် ရှိ၏၊ ပင်စည်ရိုးများသည် နူးညံ့၏၊ အရွက်မှာ ရှည်၍ ဝိုင်း၏၊ အပွင့်သည် နီရောင် နှင်းဆီရောင် ရှိ၏၊ ၎င်းပြင် အရောင်မျိုးစုံဖြင့် ပွင့်၏၊ အသီးသီးသော အခါ အဆုပ်လိုက် အပြွတ်လိုက် သီး၏၊ အရောင်မှာ နုစဉ် စိမ်းနုရောင် - မှည့်လျှင် ဝါရောင် ရှိ၏။



**အရသာ နှင့် အကျိုးသွား။** ။ ၎င်းအပင်သည် ခါး၏၊ အသီးမှာ ချိုချဉ် ရှိ၏၊ အေး၏၊ ကြေကျက်လွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးမှာ လေပူ သလိပ်ပူတို့ကို နိုင်၏၊ ဝမ်းမီးတောက်စေ၏၊ ကျက်လွယ်၏၊ ရေယုန်ရောဂါ, ရောင်ရမ်းခြင်း, ရင်ဘတ်နာတို့ကို ပျောက်ကင်းစေ၏၊ ဆီးရှင်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သူငယ်နာဝမ်းပျက်ရောဂါ။** ။ ကလေးငယ်များ ဝမ်းပျက်ခြင်း ဝမ်းမကောင်းခြင်း ဖြစ်သော အခါ ၎င်းအရွက်ကို ပြုတ်၍ တိုက်ကျွေးရ၏။

**ရောင်ရမ်းသော ရောဂါ။** ။ ခန္ဓာကိုယ်၏ တနေရာရာတွင် ရောင်ရမ်းရာ၌ ၎င်းအရွက်ကို ကျပ်ထုပ် လုပ်၍ ထိုးပေးရ၏။

**ဆီးချုပ်ရောဂါ။** ။ ၎င်းအရွက်ပြုတ်ရည်ကို ဆီးချုပ်သော အခါ တိုက်ကျွေးခဲ့သော် ဆီးချုပ်ရောဂါ ပျောက်ကင်း၏။

**မှတ်ချက်။** ။ မြန်မာပြည်တွင် မေမြို့၌ အများအပြား ထွက်၍ သစ်သီးဈေးများ၌ လူတို့ စားသုံးရန် ရောင်းချနေသည်ကို တွေ့ရ၏၊ ၎င်း၏ အသီးသည် အရည်ပြည့်သော အသီးမျိုး နှင့် အရည်ခြောက်သော အသီးမျိုး ဟူ၍ ၂-မျိုး ရှိ၏၊ အရည်ခြောက်သည်ကို မစားကြ အရိုင်းမျိုး ဖြစ်၏၊ ၎င်းကို ဗောင်ဗောင်သီး ဟု ခေါ်၏၊ "ဘောက်သီး" ဟူ၍ လည်း ခေါ်၏။


---

# ကောလိသိန် ( ကောလိစိန် ) ဂျင်စိန်

**လက်တင်** Aralia quinquefolia

**အင်္ဂလိပ်** Ginseng

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ ရက်ညှာ တခုလျှင် ငါးရွက် ထွက်၏၊ အရွက် တခုလျှင် ခွေးသွားစိပ်ငယ်များ ရှိ၏၊ အမြစ်သည် ၆-လက်မမှ ၈-လက်မခန့် အထိ ရှည်၏၊ မြစ်ဥမျိုး ဖြစ်၏၊ ၎င်းကို ထူးထူးခြားခြား သုံးကြ၏၊ မြစ်ဥတွင် မြစ်မွှားကလေးများ မြောက်မြားစွာ ရှိ၏၊ မြစ်ဥ၏ ထိပ်၌ တဆင့် သေးငယ်၍ ဥကျော်းကဲ့သို့ ဖြစ်နေ၏၊ ထိုမြစ်ဥ၌ အထက်တွင် မြစ်ကြီး ၂-ခု အောက်တွင် ၂-ခု ရှိတတ်၏၊ ၎င်းကို အစွဲပြု၍ လူကဲ့သို့ သဏ္ဍာန် (ခြေ, လက်, ခေါင်း) ဖြစ်နေ၏၊ ၎င်းအပင်ကို ရှေးရှေးသော ပုဂ္ဂိုလ်တို့သည် "သူယောင်ပင်" "နတ်ဆေးပင်" ဟူ၍လည်း ကိုးစား ယုံကြည်ကြ၏၊ ထိုအပင်ကို စတင် တွေ့ရှိရာ တိုင်းပြည်မှာ တရုပ်ပြည် ဟု ဆိုကြ၏၊ ကိုးရီးယားပြည် ဟုလည်း ဆိုကြ၏။ မည်သို့ပင် ရှိစေ လူသားတို့အား အသက်ရှည်ရာ အနာကင်းကြောင်း အတွက် လွန်စွာ ကျေးဇူးပြုသော အပင် ဖြစ်၍ ယခုအခါ ၌ အမေရိက, ပြင်သစ်, ဂျပန်တို့၌ များစွာ စိုက်ပျိုးကြ၏၊ သဘာဝ ပေါက်သော အပင်ကို အတုပြု၍ ဥာဏ် ဝိရိယဖြင့် အားထုတ် စိုက်ပျိုးကြရာ၌ အသွေး, အရောင်, အရည်, ရသ, ဩဇာတို့သည် အပြည့်အဝ တူညီ မျှတစွာ ရကြ၏၊ သို့သော် "ပဘာဝ" ခေါ် စွမ်းရည်သတ္တိကား မတူကြကြောင်း စိုက်ပျိုးရှင် အသိအသီးတို့က ဝန်ခံကြကုန်၏၊ ဆေးပစ္စည်းတွင် ရှိသော ဘေသဇ္ဇ အစိတ်ငယ် ခေါ် စွမ်းရည် သတ္တိ ပဘာဝကား ကြိုးစား၍ ထည့်သွင်း မရကြပေ၊ ထိုကြောင့် အာယုဗ္ဗေဒဝိန္ဒောဆရာကြီးတို့သည် ဆေးပစ္စည်းကို ခွဲရာ၌ ပဘာဝ ခေါ် စွမ်းရည် သတ္တိ တန်ခိုးကိုလည်း အပိုင်းတခု အနေဖြင့် ဖော်ပြကြကုန်၏။ ထိုအပင်ကို စိုက်ပျိုးရန်မှာ စိုစွတ်လွန်းသော နေရာ, ကုန်းခြောက်မြေများ, နေတိုက်ရိုက်ပူသော နေရာ, အရိပ်အောက်များကို ရှောင်ကြဉ်စေရာ၏၊ မြင့်မားသော တောင်များကို အဘောကျ၏ ထိုကြောင့် နှင်းများ ရှိသော တောင်တန်း တလျှောက်တို့၌ ၎င်းကို စိုက်ပျိုးကြသည်၊ ၂-ပေခန့် မြင့်သည်၊ ၎င်း၏ ဥသည် ၅-လက်မ ၆-လက်မ ခန့် ရှည်သည်၊ ၆-နှစ် ကြာမှ ထိုဥကို အသုံးချရသည်၊ နှစ်ရှည်လများ ထိန်းသိမ်းထားရခြင်းကြောင့် ငွေရင်း များစွာ ကုန်ကျသည်၊ ၎င်းသည် အဖြူမျိုး, အနီမျိုး ဟူ၍ ၂မျိုး ရှိ၏ အနီမျိုးသည် ပို၍ ကောင်းသည်၊ ၎င်းတွင် အဖြူမျိုးကို ထိန်းသိမ်း စောင့်ရှောက်ထားရာ၌ ၆-နှစ် ထိအောင် မကြာပေ၊ ၆-နှစ်မတိုင်မီ အနီဥကို အသုံးပြုကြရာ၌ သတ္တိနည်းသည်ကို တွေ့ရသည်။



ကောလိသိန်(ကောလိစိန်)
GINSENG

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းကို အားအတွက် အသုံးပြု၏၊ စွဲစားလျှင် ကျန်းမာ လျက် အသက်ရှည်၏၊ ထိုသို့ ကျန်းမာရေး, အားရှိရေး, အသက်ရှည်ရေး ၃-မျိုးတို့ အတွက် ၎င်း ကို အသုံးပြုကြသည်၊ ၎င်းသည် ထို ၃-ရေးတို့ အတွက် ထူးခြားစွာ အကျိုးပေးသော မြစ်ဥထူး ဖြစ်၏၊ ဆီးချိုရောဂါ, အစာအိမ်ရောဂါ, အာနည်းသောရောဂါ, အကြောအားနည်းခြင်း, သွေး အား, ကိုယ်ငွေ့အား နည်းခြင်း, အဖျားတာရှည်ခြင်း နှင့် နူတ်မမြိန်သော ရောဂါတို့ အတွက် လည်း အသုံးချ၏။

တရုပ်လူမျိုးတို့သည် ၎င်းကို ဆေးနည်းမျိုး (၂၀)တို့၌ ယခု အသုံးပြုနေကြပြီ၊ ဆပ်ချိန်း ပါသော ဆေးဘက်တို့၌ အများဆုံး သုံးကြ၏၊ မြန်မာတို့ကား ပုလဲ, ရွှေ, နံ့သာ စသည် ပါ သော နှလုံးသွေး ပူသောရောဂါ, ဆူသောရောဂါ, သွေးအားနည်းသော ရောဂါတို့၌ အသုံး ပြုကြသည်။

၎င်းသည် သားသမီးများကိုလည်း ရစေနိုင်သည် ဟု ယုံကြည်ပြီး စားကြ၏၊ ပြင်သစ်ပြည် အလုကုန် ထုတ်လုပ်ရေးလုပ်ငန်းမှ ၎င်းကို မျက်နှာလိမ်းရန် စီမံနေကြသည်၊ ၎င်းကို တောင်နစ် အမျိုးမျိုး လုပ်၍ ကိုးရီးယားတွင် နိုင်ငံခြား အရက်ကို ပိတ်စေလျက် အသုံးပြုကြသည်၊ ဥ-ကို သာလျှင် အသုံးပြုကြရသော ဥ-သုံး အပင်မျိုး ဖြစ်၏၊ သို့သော် အကိုင်း အရွက် စသည်တို့သည် လည်း စွမ်းရည်သတ္တိ ရှိသောကြောင့် ၎င်းကို လဘက်ရည် ကျိုချက် ပြုတ်သောက်ကြ၏။

သက်ဦးဆံပိုင်စံနစ် အုပ်စိုးချိန်၌ ရွှေနှင့် စက်၍ ချိန်ဝယ်ရသည်၊ တိုင်းသူပြည်သားများ မသုံးကြရ၊ ထို့ကြောင့် ဝိ၍ ဈေးကြီးမားသည်၊ ၎င်းကို နေရာတကာ၌ ချီးကျူး၍ မကုန်နိုင် အောင် စွမ်းရည် သတ္တိ ထက်မြက်ခြင်း ရှိသော အပင် ဟု ယူဆပြီးလျှင် "နတ်ဆေးပင်" ဟူ၍ လည်း ရှေးအစဉ်အလာက စ၍ သမုတ်ခေါ်ဝေါ်ကြ၏။

---

# ကိုယ်ရံကြီး

| | | | |
|---|---|---|---|
| သက္ကတ | ဝိဿမဒ္ဒနီ | လက်တင် | Cinum Asiaticum |
| ဟိန္ဒီ | နာဂဒမနီ | အင်္ဂလိပ် | Piosin bulb |

**ပုံသဏ္ဌာန်။** ။ အရွက်သည် ၂-တောင်, ၃-တောင်, ထိ ရှိ၏၊ တမိုက်ခန့် ကျယ်၏၊ နုးညံ့၏၊ အပွင့်ဖြူ၏၊ မွှေး၏၊ ဥ-ဖြူ၏။

**အရသာ နှင့် အကျိုးသွား။** ။ ဥ-အရွက်တို့ကို အသုံးပြုရ၏၊ အရသာအားဖြင့် ခါး စပ်စပ်, စပ်ဖျင်းဖျင်း, စူးရှရှ ရှိ၏၊ ကြေကျက်သွားသောအခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ ဂြိုဟ်တို့ကို ငြိမ်သက်စေ၏၊ အဆိပ်ကို ပယ် တတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ ရေဖျဉ်းရောဂါ, သရက်ရွက်ရောင် ရောဂါတို့ကို ပယ်တတ်

၏၊ ဝမ်းပိုက်ကို သုတ်သင် ရှင်းလင်းတတ်၏၊ ပင့်ကူဆိပ်, မြွေဆိပ်ကို နိုင်၏၊ တုလာသရော, ကိုက်ခဲ, ဂူလုံး, သွေးဖောက်ပြန်သောရောဂါ, ဆီးအောင့်, အနာပေါက်, ရက္ခိုက်ဖမ်းစားသော အနာရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အပေါ်ရောဂါ။** ။ အပေါ်ရောဂါတို့၌ ၎င်းအရွက်ကို ပြုတ်၍ချိုးခဲ့သော် အပေါ်ရောဂါ ကျ၏။

**ခါးနာ, ဒူးရောင်။** ။ အရွက်ကို မီးကင်၍ စည်းပေးခဲ့သော် ခါးနာ, ဒူးရောင်ခြင်းတို့၌ အကျိုး ရှိ၏။

**အနာ မီးလျှံနာ။** ။ အနာမီးလျှံနာ စသည်တို့၌ ဥ-ကို သွေးလိမ်းသော် ပျောက်ကင်း၏၊ သို့သော် ယား၏။

**မှတ်ချက်။** ။ အချုပ်အားဖြင့် ဆိုသော် ကိုယ်ရံကြီးသည် အဆိပ် အမျိုးမျိုးတို့ကို နိုင်၏၊ လျှာကို ပွတ်ရုံနှင့် ကိစ္စပြီးစေသည့် မကြံစည်နိုင်သော အစိန္တေယျထိုက်သည့် ဆေးဘက်တို့ကို စုပေါင်း ဖေါ်စပ်ထားသော ရာဇဝင်စဉ်လာ သုံးစွဲခဲ့ကြဘူးသည့် "နန်းတွင်းလျှာပွတ်ဆေး" ၌ ကိုယ်ရံကြီးကို အထူး အသုံးပြုထားသည်ကို တွေ့ရသဖြင့် "အဆိပ်အမျိုးမျိုးကို နိုင်၏" ဟူသော အဘိဓာန်ဆရာမြတ်တို့၏ အယူအဆ၌ ရှေးဗိန္ဒောဆရာမြတ်တို့သည် လွန်စွာ ကျွမ်းကျင်လှကြောင်း သိနိုင်ပေ၏၊ ရှေးသူဟောင်းတို့သည် မိမိ အိမ်ဆောက်လုပ်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် မြွေကြမ်းသည် ဟု ယူဆကြလျှင် ကာကွယ်နိုင်ရန် ၎င်းအပင်ကို အိမ်ရှေ့ ထောင့်တထောင့်၌ စိုက်ပျိုးကြကုန်၏၊ နွား, မြင်း, တင်းကုပ်တို့၌ ခြင်ဆိပ်ကို ကာကွယ်ရန် ၎င်းအရွက်များကို နွားမီးတွင် မီးရှို့ကြ၏၊ အပင်လိုက် အရွက်ကိုလည်း နွားတင်းကုပ်တို့၌ ဆွဲထားကြ၏၊ ဖေါ်ပြသည့်အတိုင်း နိဃဏ္ဍုကျမ်းတို့၌၎င်း, ရှေးဗိန္ဒောဆရာကြီးတို့သည်၎င်း, အသက်ကယ်တင်ရှင် အပင် အနေဖြင့် ထူးခြားစွာ အသုံးပြုကြခြင်းလည်း နိဃဏ္ဍုကျမ်းကို လေ့လာနည်းသော သူတို့ကား သာမာန် အလှအပ အနေနှင့် သာ စိုက်ပျိုး အသုံးပြုကြသည်ကို တွေ့ရသည်။

---

# ကိုယ်ရံငယ် (ကိုယ်ရံကလေး)

**ဟိန္ဒီ** သုဒရ်ရှန

**လက်တင်** Crinum defixum

**ပုံသဏ္ဌာန်။** ။ ကိုယ်ရံကလေးသည် ကြံရွက်နှင့် သဏ္ဌာန် တူ၏၊ ပျော့၏၊ ပါး၏၊ ကိုယ်ရံကြီး, ကိုယ်ရံကလေး, ၂-ခုလုံးကိုပင် သုဒဿနသဒ္ဒါသည် ဟော၏၊ ထူးခြားချက်မှာ

ကိုယ်ရုံကြီးကို " နာဂဒမနီသုဒဿန " ဟု ခေါ်၍ ကိုယ်ရုံငယ်ကို " နာဂဒေါနသုဒဿန " ဟု ခေါ်၏။

"ရာယပြီရ အင်္ဂလိပ်-ဟိန္ဒီ အဘိဓာန်ကြီး" စာမျက်နှာ ( ၄၃၇ ) ၌ ဖေါ်ပြထားသည့် ကိုယ်ရုံကလေးသည်" သာမညသုဒဿန "မျိုး ဖြစ်၏၊ ကိုယ်ရုံကြီးသည် "ဝိသမဒ္ဒနီ အဆိပ်ချေသော အပင်" တမျိုး ဖြစ်၏၊ ၎င်း၏ အဆိပ်ဖြင့် အဆိပ်အမျိုးမျိုးကို ပယ်နိုင်၏ဟု ခွဲခြား၍ ပြထားသည်၊ မှန်ပေ၏၊ ဗိန္ဒောဆရာတို့သည် ဆေးကိုသုံးရာ၌ ကိုယ်ရုံကြီးကို အထူး ဦးစား ပေး၍ သုံးကြ၏၊ အဆိပ်ဖြေဆေး ဟု ခေါ်လောက်သော နန်းတွင်း လျှာပွတ်ဆေးတွင် ကိုယ်ရုံကြီးကို ထူးခြားစွာ အသုံးပြုထားသည်ကို သတိပြုသင့်၏။

ထို့ကြောင့် ကိုယ်ရုံကြီး အကြောင်း၌ ကိုယ်ရုံကြီး၏ ဂုဏ်သတ္တိကို အထူး ဦးစားပေး၍ ပြည့်စုံစွာ ဖေါ်ပြထားသည်ကို တွေ့ရသည်။

သာလိဂါမနိဃဏ္ဍု ၌ ကိုယ်ရုံကလေး တမျိုးကို ဖေါ်ပြထားသေး၏၊ ၎င်းကို ဟောသော ပရိယာယ် သဒ္ဒါများတွင် "သောမဝလ္လိ, စက္ကဃ်ိ, စက္ကဝှာ" စသည်တို့ပင် ဖြစ်၏၊ အဓိပ္ပါယ်မှာ အရွက်ကွင်းထိုး၍ စက်ဝိုင်းကဲ့သို့ တည်ရှိတတ်သော အပင် ဟု အဓိပ္ပါယ်ရသည်၊ နွယ်သန် အပင်မျိုး ဖြစ်၍ သီးသန့် တနေရာတွင် ဖေါ်ပြပါအံ့။

၎င်းကို မြန်မာတို့သည် "ဂမုန်းကွင်းထိုးပင်" ဟု ခေါ်ကြသည်၊ ၎င်းသည်း ကိုယ်ရုံငယ် ၏ အမျိုးအစားထည်းမှပင် ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ရှိ၏၊ ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ်, လေကို ပယ်တတ်၏၊ ဖေါရောင်ခြင်း, ပါဒရက် ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

---

# ကဏ္ဍုကမျဉ်း

ဟိန္ဒီ लोभान

လက်တင် Styrax Benzoin

အင်္ဂလိပ် Benzoin tree

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နံ့သာခိုး အတွက် မီးရှို့ သုံးရသော သစ်စေး တမျိုး ဖြစ်၏၊ ၎င်းအစေးကို ဆေးတွင်လည်း သုံးရ၏၊ "ကမျဉ်း" ဟူ၍၎င်း, "ကဏ္ဍုကမျဉ်း" ဟူ၍၎င်း, "မလယာမလော်ဗန်" ဟူ၍၎င်း ခေါ်ကြ၏၊ ထင်ရှားစေအံ့ — "ကဏ္ဍု" သည် "ကလ္လု" ဟူသော သက္ကတပုဒ်၏ အမည်ရင်း ဖြစ်၏၊ ကဏ္ဍုသီး ဟူ၍ မြန်မာဝေါဟာရ သီးသန့် ရှိသေး၏၊ ပျံကောင်းသီး ဖြစ်၏၊ "ကမျဉ်း" သည် "ပသျှူး" ဘာသာ စကား ဖြစ်၏၊ ၂-ပုဒ်လုံးသည် "ဟတ္ထိနာဂေါ" ဟူသော ပုဒ်ကဲ့သို့ အနက် အရတူ ပုဒ်မျိုး ဖြစ်၏၊ အစေးတမျိုးကို ဟော၏၊

အိန္ဒိယပြည်တို့၌ တောင် အသုံးပြုသည် မဟုတ်၊ အာရပ်မှ တောင် အသုံးပြုသောကြောင့် "လော ဗန်" ဟူသော စကားသည် အာရဗီစကား ဖြစ်၏၊ အာရဗီအသုံး ဖြစ်၏၊ မြန်မာတို့ကား ၎င်းကို "လော်ပန်" ဟု ခေါ်ဝေါ် အသုံးပြုကြ၏၊ အိန္ဒိယ၌လည်း အများအပြား သုံးကြ၏၊ ထိုအပင် ကို မည်ကဲ့သို့ ပုံပန်းသဏ္ဌာန် ရှိသည်ကိုင်း, မည်သည့် အပင်မျိုး ဖြစ်သည်ကိုင်း ဖော်ပြရန် မလွယ်ကူချေ၊ လက်တင်ဘာသာဖြင့်ကား ဖော်ပြထားသည့် အတိုင်းပင် ဖြစ်၏၊ ထိုအပင်ကို ရှေးမြန်မာမှု ပြန်ဆိုကြကုန်သော ပုဂ္ဂိုလ်တို့သည် နံ့ဘဲ (နဘဲ) ပင်၏ အစေးမှ ဖြစ်သည်ဟု ပြန်ဆို ဖော်ပြထားသည်ကို တွေ့ရ၏၊ ထိုပြန်ဆိုမှုကို များစွာပင် စဉ်းစားအပ်ပေ၏၊ အမွှေးအနံ့ အနေ ဖြင့် အသုံးပြုမှုသည် ပါဠိစာပေတို့၌လည်း အထင်အရှား အသုံးပြုသဖြင့် စိတ်ဝင်စားစွာဖြင့် ခွဲခြား မှတ်သားအပ်သောကြောင့် ဆက်လက် ဖော်ပြပေအံ့။

"မဟာသုဒဿနသုတ္တဋ္ဌကထာ, သဠာယတနသံယုတ်, အာသီဝိသဝဂ္ဂဋ္ဌကထာ" တို့၌ အမွှေး ၄ -မျိုးကို ပြရာတွင် ပါရှိ၏၊ ၎င်းတို့ကို မှီ၍ မာဂဓအဘိဓာန် ဆရာသည် —

ကုင်္ကုမဉ္စေဝ ယဝနႆ ပုပ္ဖဉ္စ တဂရံ တထာ။
တုရုက္ခောတိ စတုဇ္ဇာတိ၊ ဂန္ဓာ တေ ပကာသိတာ။ ။

ဟူ၍ အမွှေးမျိုး လေးပါးတို့ကို ဖော်ပြရာတွင် —

"တုရုက္ခ" ဟုပါရှိ၏၊ ထို "တုရုက္ခ" ကို "ကမျဉ်း" ဟူ၍၎င်း, "လော်ဗန်" တမျိုး ဟူ၍၎င်း ပြန်ဆိုခဲ့ကြ၏၊ ကမျဉ်း နှင့် လော်ဗန်သည် အမည်တူ ဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီ ထိုကမျဉ်း ခေါ် လော်ဗန်ကို ဆက်လက်၍ စိစစ်ရန် လိုပေ၏၊ ၎င်းသည် ၂ -မျိုးရှိ၏၊ ကက္က ကမျဉ်းသည် ဆယာမလော်ဗန် ဖြစ်၏၊ ၎င်းကို "အူ-ဒ်, ဆယာမဓု-ပ်" ဟူ၍၎င်း, ဟိန္ဒီလို "လောဗန်" ဟူ၍၎င်း,မြန်မာလို "လော်ပန်" ဟူ၍၎င်း ခေါ်ကြ၏၊ လက်တင်လို "Stryrox ben zoin" ခေါ်၍ အင်္ဂလိပ်လို "Benzoi germ" ဟူ၎င်း "Bem gomoi" ဟု၎င်း ခေါ်၏ အခြား တမျိုးမှာ အာရဗီလော်ဗန် ဖြစ်၏၊ ၎င်းကို "စာလာအ်, ကုန္ဒရ, ကုန္ဒ, လော်ဗန် ဟူ၍ ခေါ်၏၊ လက်တင်လို "Boswellia Serrata" အင်္ဂလိပ်လို "Gesgal" ဟူ၍ ခေါ်၏ အပင်သဏ္ဌာန်မှာ အပင်ကြီးမျိုး ဖြစ်၏၊ အကိုင်းအခက်များ အောက်သို့ ညွတ်နေ၏၊ အပွင့်များ သည် ရွက်ဖျားတွင် ထွက်နေ၏၊ အရွက်သည် ရွက်ဆုံထွက်၏၊ အပွင့်မှာ သေးငယ်၍ ဖြူရော် ရှိ၏၊ ပွင့်ချပ်သည် ၂-ထပ် ထပ်နေ၏၊ တထပ်တွင် ပွင့်ချပ် ၅-ခုစီ ရှိ၏၊ အတွင်းထပ်သည် သေး၍ အပြင်ထပ်သည် ကြီး၏။

အသီးမှာ အသားများ ရှိ၍ သုံးမြှောင့် ရှိ၏၊ အခေါက်ကို ခြစ်လိုက်လျှင် အစေးများ ထွက်လာ၏၊ ၎င်းကို "အာရဗီလော်ဗန်" ဟု ခေါ်၏၊ မြန်မာလို မည်သည့် အပင် ဖြစ်သည် ဟု မဖော်ပြနိုင်သေးပါ၊ ကက္ကုကမျဉ်းသည် ၂-မျိုး ရှိ၏၊ ၎င်းကို လော်ဗန် ဟု ခေါ်၏။

ဤသို့လျှင် ၎င်းသည် မည်သည့် အပင်မှ ရသည် ဟု ထင်ရှားစွာ မပြထားပေ၊ သို့ဖြစ်၍ လော်ဗန် ခေါ် ကက္ကုကမျဉ်းသည် "အာရပ်မှ လာသော အဝါမျိုး နှင့် စုမတြာမှ လာသော

အညိုမျိုး" ဟူ၍ ၂-မျိုး ပြား၏၊ ထိုတွင် ဗိန္ဓောဆရာမြတ်တို့သည် အခိုးမွှေးသော အစေး ၂-မျိုးတွင် အညိုမျိုးကို အသုံးများကြ၏။

**အထူးမှတ်သားချက်။** ။ ပါဠိဓာပေ၌၎င်း, နိဃဏ္ဍုကျမ်းတို့၌၎င်း, တုရုက္ခပင်မှ ထွက်သည့် အခိုးမွှေးသော အစေး ရှိသေး၏၊ "တုရုက္ခ" သဒ္ဒါကို ပရိယာယ်တူ အနေဖြင့် "ပိဏ္ဍက, တုရုက္ခ, သိဟလ, (သိလှ) ယာဝန" ဟု၎င်း, အင်္ဂလိပ်လို (Burmese stuiax) ဟု၎င်း, လက်တင်လို (Altingia execlsa) ဟု၎င်း ခေါ်၏၊ မြန်မာလို "နန်တရုတ်" ဟု ခေါ်၏။

ပါဠိတွင် ပါသော "တုရုက္ခ" ကို "နဘဲစေး" ဟူ၍ ပြန်ဆိုကြရာ၌ စဉ်းစားဘွယ် ဖြစ်ကြောင်း ဖော်ပြထားပေသည်၊ ဆိုလိုသည်မှာ "တုရုက္ခ" ကို နဘဲစေး ဟု ပြန်ဆိုခြင်းသည် မသင့်ပေ၊ "ကက္ကုဠမျဉ်း" ဟူ၍၎င်း "လော်ဗန်" ဟူ၍၎င်း ပြန်ဆိုခြင်းသည်သာ သင့်၏၊ သို့သော် ဖော်ပြခဲ့သည့် "အာရဗီလော်ဗန်" "ဆာမလော်ဗန်" မျိုး မဟုတ်ချေ၊ မြန်မာပြည်တွင် ရှိသော "နန်တရုပ်" ၏ အစေးသာ ဖြစ်ကြောင်း သံသယကင်းစွာဖြင့် မှတ်အပ်၏။

အင်္ဂလိပ် အဘိဓာန်တို့၌လည်း ထိုအပင်၏ အဖွင့်ကို (Lignidambar altingia) ဟု သီးသန့် ဖွင့်ဆိုထားကြကုန်၏။

"လော်ဗန်" ဟူသော စကားသည် အာရဗီစကား ဖြစ်၏၊ သို့ဖြစ်၍ အခိုးနံ့ မွှေးတိုင်းသော အစေးကို ဟောနိုင်၏၊ ယူဆ ရာ၌သာ ဆေးအတွက် မည်သည့် အပင်၏ အစေး ဖြစ်သော "လော်ဗန်" ကို ယူရမည် ဟု ဆုံးဖြတ်ချက် ချထားရုံ သာ ရှိပေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေအားကြီးသော အဖျား, နှလုံးရောင်ခြင်း, နှလုံးပူခြင်း, နှလုံးရောင်တင်း၍ လေဆို့ပိတ်ခြင်း, အိပ်မပျော်ခြင်း, အပူလွန်၍ ဆာလောင်ခြင်း, အလွန်ပိတ်လန့်ကြောက်ရွံ့ခြင်း, ဘဝင်မြင့် ရူးခြင်း, သတိလစ်ခြင်း, လူမှန်းမသိခြင်း, သန္နိပါတ် အတိညာဉ်သို့ ရောက်သော ရောဂါများကို ပျောက်ကင်းစေ၏။

ပြည်ကို စင်ကြယ်စေ၏၊ အရေပြား၌ ရှိသော အကြောများကို အားရှိစေ၏၊ အနာကသားနု တက်စေ၏၊ အနာကို စင်ကြယ်စေ၏၊ သွေးကို ချုပ်စေ၏၊ သလိပ်ကို နိုင်၏၊ ဆီးကို ရွှင်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ခေါင်းကိုက်, လည်ချောင်းနာ။** ။ ကုက္ကုဠမျဉ်းမှိုင်းကို ရှူခဲ့လျှင် ခေါင်းကိုက်ခြင်း, လည်ချောင်းနာခြင်း, ၎င်းပြင် သလိပ်ဦးစီးသော အဖျား, အစာသစ်အိမ် အားနည်းသော ရောဂါ, ဆီးအိမ် ရောင်ခြင်းတို့ကို ပျောက်ကင်းစေ၏။

**သလိပ်ပုပ်ရောဂါ။** ။ အသက်ရှူပြွန်တံ ရောင်၍ အသက်ရှူ ကျပ်နေသော အခါ ပဒ်စေး နှင့် ကုက္ကုဠမျဉ်း၏ အစေးကို ရော၍ တိုက်ပါ၊ ထိုအခါ အလွန် စေးထန်းသော

သလိပ်ပုပ်များ ကျဆင်း၍ ကောင်းမွန်စွာ အသက်ရှုနိုင်လာပါလိမ့်မည်၊ ဤနည်းဖြင့် ပြုလုပ်သော် ပန်းနာ, ချောင်းဆိုး ရင်ကျပ်, အဆုပ်နှင့် ပတ်သက်သော ရောဂါများကို ပျောက်ကင်းစေ၏။

**အစာမကြေ လည်ချောင်းပူသောရောဂါ။** ။ အစာမကြေကျက်သဖြင့် လည်ချောင်းများ ပူလောင်လာသော အခါ ငရုတ်ကုက္ကုကမျဉ်း၏ အစေးကို တိုက်ခဲ့သော်အစာမကြေ လည်ချောင်း ပူခြင်းများ ပျောက်ကင်းနိုင်၏၊ ညောင်းကျရောဂါ နှင့် ဆီးအိမ်ရောင်ခြင်းတွင်လည်း ဤနည်းအတိုင်း တိုက်ကျွေးရ၏။

---

# ကောက်ကြီးစပါး

သက္ကတ **षष्टिधान्य** လက်တင် Oryza sativa

ဟိန္ဒီ **साठिधान्य** အင်္ဂလိပ် Late paddy

**ပုံသဏ္ဌာန်။** ။ ထင်ရှား၏၊ ရေနက်ပိုင်းတွင် စိုက်ပျိုးရသော "မြီးတုံး, ဖြတ်" စသော သက်ကြီးစပါးမျိုး ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ အေး၏၊ ဝိပါကဒ္ဒ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အနည်းငယ် ဟိုစီးစေတတ်၏၊ မလတို့ကို ချုပ်စေတတ်၏။

---

# ကောက်ညှင်းစပါး

ဟိန္ဒီ **बबेल, चिपचिपा चावल**

လက်တင် Oryza sativa

အင်္ဂလိပ် Puttu rice

**ပုံသဏ္ဌာန်။** ။ ထင်ရှား၏၊ ချက်ပြီးသောအခါ ပြေ့ပျောင်း စေးကပ်သော စပါး တမျိုး ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ လေ,သလိပ်ကို ပွားစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အားကို ဖြစ်စေ၏၊ ကာမသတ္တိကို ဖြစ်စေ၏၊ ဝဖြိုးစေ၏၊ နှုတ်ကို မြိန်စေ၏၊ ဆီးရောဂါ, သည်းခြေပျက်ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

---

# ကောက်ရိုးနွယ်

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အမြဲ စိမ်းလန်းပြီး အလိုအလျောက် ပေါက်ရောက်နေသော နွယ်ပင်ငယ်မျိုး ဖြစ်၏၊ ၎င်းနွယ်ပင်ကို ဖြတ်တောက် ချိုးလိုက်သော် အစိတ်အပိုင်းတိုင်း၌ ပင် ဖြူသော နို့စေးများ ထွက်၏၊ အရွက်မှာ ၃ လက်မခန့် ရှည်၍ အနံမှာ တလက်မ၏ ၄-ပုံ ၁-ပုံခန့် ကျယ်၏၊ အသီးမှာ လုံး၍ ရှည်လျားလျား ရှိ၏၊ အစေ့မှာ များစွာ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းသည် ပူ၏၊ ခါးသက်သက် ရှိ၏၊ ချို၏၊ ဓာတ်များနည်းငယ် သက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆီးရွှင်စေ၏၊ ကာမအားကို တိုးစေ၏၊ ပိုးကို နိုင်၏၊ သလိပ်ကို ထုတ်ဆောင်တတ်၏၊ ပိုး, လေပြွန်ချောင်းပူ, နှစ်ရှည် စွဲနေသော ညောင်းကျရောဂါ, လိင်ချောင်း ရောင်ခြင်း, ချောင်းဆိုးရောဂါတို့ကို ပယ်နိုင်၏ ကလေးများ ဝမ်းသက်ရောဂါ၌ အသုံးပြုနိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပါးစပ်။** ။ ၎င်း၏ ပြုတ်ရည်ကို ငုံပေးခဲ့သော် ခံတွင်း၌ ပေါက်သော အဖု အပိမ့်များကို ပျောက်ကင်းစေ၏။

**ယားနာ။** ။ ၎င်းကို အခြားသော ဆေးဘက်များနှင့် ရော၍ ယားနာ၌ လိမ်းနိုင်၏။

**ဖဏ်ဆေး။** ။ ၎င်းပြုတ်ရည်ဖြင့် အနာများကို ဖဏ်ရည် ဆေးပေးနိုင်၏။

**မှတ်ချက်။** ။ အလိုအလျောက် ပေါက်၍ တန်ဘိုးမရှိသော အပင်တမျိုးပင် ဖြစ်လင့်ကစား အသက်ရှည်ရာ အနာမဲ့ကြောင်း အတွက် ဟင်းရွက် အနေဖြင့် အသုံးပြုရာ၌ လွန်စွာ မြတ်သောကြောင့် ဟင်းရွက်မြတ် တမျိုး ဟု နိဃဏ္ဍုဆရာကြီးများ ချီးကျူးကြကုန်၏၊ ၎င်းအပင်နှင့် နီးစပ်သော တို့, မြုပ် စားသောက် ကြော်ချက်ရာ၌ လွန်စွာ ချိုသော နွယ်ပင်ငယ် တမျိုး ရှိသေး၏၊ ထိုကောက်ရိုးနွယ်ပင်နှင့် ယှဉ်၍ ပေါက်တတ်၏။ အရွက်ဝိုင်းသည်၊ ၎င်းကို "ယောက္ခမ ရှုတ်ထွေးပင်" ဟု ခေါ်ကြသည်။

---

# ကင်မလင်းပင် (ကျွဲဖြည့်စင်)

ဟိန္ဒီ नीलाई दाली

လက်တင် Antidosma Bunius

**ပုံသဏ္ဍာန်။** ။ အမြဲ စိမ်းလန်းနေသော အပင်ငယ်မျိုး ဖြစ်၏၊ အခေါက်သည် ပြာရောင်သန်းလျက် ဗာဒံရောင် ရှိ၏၊ အရွက်သည် ၃-လက်မခန့်မှ ၇-လက်မခန့် ထိ ရှည်၏၊

တလက်မခွဲမှ ၆-လက်မခန့် ထိ ကျယ်၏၊ အပွင့်သည် နီရောင်ရောင် ရှိ၏၊ အဖို့ အမ ဟူ၍ ၂-မျိုး ရှိ၏၊ အသီးမှာ ပြောင်ကောင်းစေ့ခန့် အသီးငယ်ကလေးများ ရှိ၏၊ နုစဉ် စိမ်းရောင် ရှိ၍ ရင့်သော အခါ နီညိုရောင် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အမြစ် အခေါက်တို့သည် ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်ကို မြွေကိုက်ရာ၌ အသုံးပြုရ၏၊ အရွက်ပြုတ်ရည်ကို ကာ ငသားရောဂါရှိသူကို တိုက်ရ၏၊ ထို့ပြင် ၎င်း၏ အရွက်ကို ဟင်းချိုချက်ခြင်း, ချဉ်ဟင်းချက်ခြင်း, အတို့ အမြှုတ် ပြုလုပ်စားကြ၏၊ နှုတ်ကို မြိန်စေ၏၊ အထူးသတိပြုရန်မှာ အရွက်သည် စားသောက်ကောင်းသော်လည်း အမြစ် အခေါက်တို့ကား သွေးဆိပ် လေဆိပ် ပိုးမွှားဆိပ်တို့၌ အသုံးပြုရ၏၊ အဆိပ်အမျိုးမျိုးကို ဖြေရာ၌ ၎င်း၏ အမြစ်သည် လွန်စွာ အကျိုးပြု၏ ရာဇဝင်တလျှောက်လုံး နာမည်ကြီးခဲ့သော နန်းတွင်းလျှာပွတ်ဆေးကြီး၌ ၎င်း၏ အမြစ်ကို ထည့်သွင်း အသုံးပြုထားသည်ကို တွေ့ရ၏၊ ဆေးပစ္စည်းကို လျှာအသိ ရသာ ၆-ပါးနှင့် ခွဲယူ၍ ၎င်း၏ စွမ်းရည် သတ္တိကို မသိနိုင်ကြောင်း လွန်စွာ ထင်ရှား၏။

---

# ကင်ပိမ့် (ဂင်ဗိမ့်)

သက္ကတ **उपोदिका**
ဟိန္ဒီ **पोई**
လက်တင် Basella Rubra; B. Alba

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နှစ်ရှည်ခံ နွယ်ပင်ရှည်မျိုး ဖြစ်၏၊ ညာဘက်သို့ လိမ်၏၊ အခက်အလက် များ၏၊ အရွက်သည် ၂-လက်မမှ ၅-လက်မ အထိ ရှည်၍ ၁-လက်မမှ ၃-လက်မ အထိ ရှိ၏; ထိပ်ချွန်၏၊ ထူ၏၊ ချော၏၊ အပွင့်သည် အဖြူ သို့မဟုတ် နီ၏၊ အညှာ မရှိချေ၊ အသီးသည် စားတော်ပဲခန့် ရှိ၏၊ နီ၏၊ သို့မဟုတ် ဖြူခြင်း,မဲခြင်း ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ချဉ်၏၊ ချို၏၊ ပူ၏၊ သက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ်ကို ဖြစ်စေ၏၊ ကာမကို အားပေး၏၊ ဝဖြိုးစေ၏၊ နှုတ်ကို မြိန်စေ၏၊ ထိုင်းမှိုင်းစေ၏၊ ၎င်းပြင် သည်းခြေရောဂါ, နူနာ, ဝမ်းကိုက်, အနာယင်းခြင်း တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သည်းခြေဖျား။** ။ ၎င်းအရွက်၏ သတ္တုရည်သည် သည်းခြေဖျားကြောင့် အလွန်ပူလောင်သူအား လိမ်းပေးခြင်းဖြင့် ပူလောင်ခြင်း နှင့် ယားယံခြင်းတို့သည် လျော့နည်းပါး၍ **သည်းခြေဖျားကို ချမ်းသာစေ၏။**

**သွေး နှင့် သည်းခြေဖျား။** ။ သွေး နှင့် သည်းခြေ ဒေါသကြောင့် အလွန် ပူလောင် [illegible] ရင်းကို ဟင်းချက် ပေးက သွေး နှင့် သည်းခြေဖျားမှ သက်သာ ပျောက်ကင်း၏။

**ပြည်စုလာသရော ရောဂါ။** ။ ၎င်းအရွက်၏ သတ္တုရည်ကို သောက်ပါက ပြည်တု[illegible]သမရော ရောဂါမှ ပျောက်ကင်း၏။

**အနာမီးလျှံနာ။** ။ ၎င်းအရွက်ကို ညက်စွာ ကြိတ်၍ အနာပေါ်၌ သုတ်လိမ်းပေး[illegible] ပူလောင်ခြင်း နည်းပါး၍ အနာများ ကျက်သာပါလိမ့်မည်။

**လိင်နိမိတ်ဖျား ပူလောင်ခြင်း။** ။ ၎င်းအရွက် သတ္တုရည်ကို သောက်ပါက လိင်[illegible]များ ပူလောင်ခြင်း နှင့် ဆီးပူ ညောင်းကျ ရောဂါပါ ပျောက်ကင်း၏။

**ဆီးပူ။** ။ ၎င်းအရွက်၏ သတ္တုရည်ကို သောက်ခဲ့သော် ဆီးအလွန် ပူလောင်ခြင်းမှ [illegible] ပျောက်ကင်း ချမ်းသာ၏။

**မှတ်ချက်။** ။ ဤ၌ ကင်ပိမ့်ခေါင်းလောင်း ဟူ၍၎င်း, ညောင်ကပ် ဟူ၍၎င်း, နတ်သွီး ဘယက် ဟူ၍၎င်း ခေါ်ဝေါ်သော ဆေးကင်ပိမ့်မျိုး ရှိသေး၏၊ ထိုဆေးကင်ပိမ့်ကို မြန်မာတို့သည် ငန်းဆေးတွင် ထည့်သွင်းလျက် အသုံးပြုကြ၏၊ ထို့ပြင် အင်္ဂလိယဆရာများလည်း အသုံးပြုကြသည်။

---

# ကင်ပွန်းသီး ( မဓာ )

| | | | |
|---|---|---|---|
| သက္ကတ | सात्पला | လက်တင် | Acacia Concina |
| ဟိန္ဒီ | शिकाकाइ | အင်္ဂလိပ် | Soap nut |

**ဂုဏ် နှင့် စွမ်းရည်။** ။ ဟင်းရွက် အနေဖြင့် အမျိုးမျိုး စီမံ၍ ချက်ပြုတ်စားသောက်[illegible]၏၊ ဆေးအတွက်မှာမူ အရွက်ကို ပြုတ်၍ အဆီ ဖြစ်အောင် ချက်ပြီးလျှင် အခြားသော ယှဉ်[illegible] ဆေးတို့နှင့် အမျိုးမျိုး တွဲစပ်၍ သုံးနိုင်၏၊ ထက်မြက်၏၊ ကြေလွယ်၏၊ နှလုံးကို ကျေးဇူး[illegible]၏၊ သည်းခြေ သလိပ်ကို ပယ်တတ်၏၊ ၎င်းပြင် နှလုံး, လေချုပ်, နူနာ, မြင်းသရိုက်, ဂူလုံး, [illegible]တွင်းအဆိပ်, ဝမ်းပိုက်ရောင်, သွေးဒေါသ, ပိုး, အစာမကြေ ရောဂါများကို ပျောက်ကင်း[illegible]၏၊ ၎င်း၏ အစေ့ကို အန်စေဆေး, ချွဲယိုင်ဆေး အဖြစ်ဖြင့် သုံးနိုင်၏၊ ၎င်းသည် ကျင်ငယ်ကိုလည်း [illegible]စေ၏၊ ဓာတ်ကိုလည်း လျင်စွာ သက်စေ၏၊ ၎င်း၏ အသီးပြုတ်ရည်သည် ကိုယ်ဝန်ကိုလည်း [illegible]လျောစေနိုင်၏၊ အသီးကို ပြုတ်၍ ခေါင်းလျှော်ခဲ့သော် ပိုး နှင့် ဘောက်တို့ကို နိုင်စေ၏၊ [illegible]ခေါင်းကို အေးစေ၏၊ ဆံပင်ကိုလည်း အေးစေ၏၊ ထို့ကြောင့် မြန်မာတို့သည် ယခုတိုင်ပင်

လျှင် ခေါင်းလျှော်ရာ၌ အသုံးပြုကြဟန် တူသည်၊ ထိုအသီး နှင့် ခေါင်းဆေးမင်္ဂလာ ပြုကြသ
ကို စွဲ၍ "ကင်ပွန်းတပ်မင်္ဂလာ" ဟု ခေါ်ဝေါ် သမုတ်ကြလေသည်။

**အရသာ နှင့် အကျိုးသွား။** ။ ဆေးကျမ်းတို့၌မူ အများအားဖြင့် အသီးကို သုံ
၏၊ ခါး၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ ဝမ်းမီးကို တောက်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဝမ်းသက် စမြင်းကြေ။** ။ ၎င်း၏ အသီးကို ပြုတ်၍ အရည်ကို ကလေး၏ ဝစ္စမ
အဝတ်တွင် သုတ်၍ သွင်းပေးခဲ့သော် နူးညံ့စွာ ဝမ်းများ သက်လာ၏၊ စမြင်းတုံးများ ချော်
လာ၏။

**ဝစ္စမဂ်ကွဲအက်နာ။** ။ ခတ်ချုပ်ခြင်းကြောင့် ဖြစ်သော ဝစ္စမဂ် တလျောက် ကွဲအ
နာကျင်ရာ၌၎င်း, ကျင်ငယ်အိမ်များ နာကျင်ရာ၌၎င်း, ၎င်း၏ အသီးပြုတ်ရည်ကို အသုံးပြုခြ
ဖြင့် လျှင်စွာ ပျောက်ကင်းနိုင်၏၊ ကိုယ်ဝန်ကိုသည်း သက်လျှောစေနိုင်၏။

**မြွေဆိပ်။** ။ "သုဿုတသံဟိတာ" နှင့် "ယောဂရတနာကရ" ကျမ်းကြီးတို့
အလိုမှာ ၎င်း၏ အသီးများသည် မြွေဆိပ်ကို ကုသရာ၌ အသုံးပြုနိုင်သည်။

**အဖျဉ်းရောင်။** ။ အဖျဉ်းရောင်သော ရောဂါ၌ ရွက်နုများကို ညဉ့်သိပ်စိမ်ပြ
သောက်ခဲ့သော် လျှင်စွာ ပျောက်ကင်းနိုင်၏၊ ၎င်းအရွက်တို့ကို ကြိတ်၍ ပူအောင် လုပ်ပြီးလျ
ရောင်သောနေရာ၌ လိမ်းကျံပေးခဲ့သော် ပျောက်ကင်းနိုင်၏။

**အသည်း (အသဲ) ရောင်။** ။ အသည်းရောင် ရောဂါ၌မူ အရွက်နုများကို ကြိတ်
အသည်းရောင်ရာ၌ လိမ်းကျံပေးသင့်၏။

**ချောင်းခြောက်ဆိုးရောဂါ။** ။ ချောင်းခြောက်ရောဂါ၌ နှလုံးရောင်သည် အဝ
မဖြစ်သေးလျှင် ၎င်းရောဂါကို ပျောက်ကင်းစေနိုင်၏။

**လေဖျားရောဂါ။** ။ လေဖျား ရောဂါ၌ ၎င်း၏ အသီးများကို ပြုတ်၍ အသ
ပြုနိုင်၏။

---

# ကင်ပွန်းသီး (ကုလား,မျောက်မင်းသွေးခဲ)

သက္ကတ अरिष्टक လက်တင် Sapindus Trifoliatus
ဟိန္ဒီ रीठा အင်္ဂလိပ် Soap nut

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၏၊ ပေ ၂၀-မှ ၃၀-အထိ မြင့်၏
အရွက်သည် ရွက်ဆိုင်ထွက်၏၊ အပွင့်သည် ဖြူ၏၊ အဆုပ်လိုက် ပွင့်၏၊ သီတင်းကျွတ်, တ

...ပုန်း၌ ပွင့်၍ ပြာသိုလ, တပို့တွဲလ၌ အသီးရင့်၏၊ အသီးတခု၌ သုံးမြွာင့် ရှိ၏၊ "ကင်ပုန်း" ... ဟောရတပ်ထားရာ၌ မြန်မာကင်ပွန်းနှင့် သီး, ပွင့်, ရွက် သဏ္ဌာန် မတူကြချေ၊ မြန်မာ ...ပွန်းသီးများ၏ စွမ်းရည် သတ္တိကဲ့သို့ အမြုပ်, အချွဲ ထွက်ခြင်း, သန့်ရှင်းစေခြင်း၌ တူခြင်း ...သော "ကင်ပွန်း" ဟု ခေါ်ဝေါ်ခြင်း ဖြစ်၏၊ မြန်မာကင်ပွန်းကား နွယ်ချုံမျိုး ဖြစ်၍ ...ကင်ပွန်းကား ပင်တောင်ပင်ကြီးမျိုး ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။အများအားဖြင့် အသီးကို အသုံးပြုရ၏၊ အရသာမှာ ...ပူသော သတ္တိ ရှိ၏၊ ကြေကျက်သွားသောအခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်မြက်၏၊ ကြေခဲ၏၊ ခေါင်းပါးစေ၏၊ ကိုယ်ဝန်ကို လွယ် ...၊ ကျဆင်းစေတတ်၏၊ ဒေါသသုံးပါးကို နိုင်၏၊ အဆိပ်အတောက်မိရာ၌ ကောင်း၏၊ ၎င်းအ ...ယည် အမြုပ်ရှိ၍ အဝတ်လျှော်ရာ၌ရင်း, ခေါင်းလျှော်ရာ၌ရင်း ဆပ်ပြာအစား အသုံးပြု...

## ရောဂါအလိုက် အသုံးပြုနည်း

**ခေါင်းထက်ဝက်ကိုက်ရောဂါ။** ။ခေါင်းထက်ဝက် (တခြမ်း) ကိုက်သော ...ခေါင်းရောဂါ၌ ၎င်းအရည်ကို နှာရှူပေးခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏။

**ပန်းနာရင်ကျပ်။** ။ပန်းနာရင်ကျပ် ရောဂါ၌ ၎င်းကို သောက်ခဲ့သော် သလိပ် ...ကက်လာ၏။

**အဆိပ်သင့်။** ။ကင်းမြီးကောက်, ကင်းလိပ် စသည်တို့ အဆိပ်သင့်ရာ၌ ၎င်းကို ...ပေးခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏။

**လေငန်း, ဝက်ရူး, ခေါင်းထိုး။** ။ လေငန်းရောဂါ, ဝက်ရူးရောဂါ, အအေးကြောင့် ...သော ခေါင်းထိုး ခေါင်းကိုက် ရောဂါတို့၌ ၎င်းအစေ့ကို ကြိတ်၍ ရှူပေးသော် ပျောက် ...၏။

**မီးယပ် သွေးချုပ်။** ။ ၎င်းအစေ့ကို ရေနှင့် ကြိတ်၍ ကျစ်ထားသော အဝတ်စတွင် ...ပျက် ယောနိတွင် ထည့်သွင်းခဲ့သော် မီးယပ်သွေးချုပ်ရောဂါ လျင်စွာ ပျောက်ကင်း၏။

**မွေးဖွားခက်ခဲ့သော်။** ။ အကယ်၍ မွေးဖွားရာ၌ ခက်ခဲခဲ့သော် ၎င်းသည် ကိုယ်ဝန် ...ရန် လွယ်ကူစေ၏။

**...မှတ်ချက်။** ။ ၎င်း၏ အစေ့သည် ဝမ်းကို သက်စေသော်လည်း အစေ့၏ အခွန်မှာမူ အပြင်းအထန် ဝမ်းသက်ရာ၌ လွန်စွာ တားမြစ်နိုင်၏၊ ၎င်းကင်ပွန်းကို ရှေးရှေးသော ပုဂ္ဂိုလ်တို့ မြန်မာပြန်ဆိုရာ၌ မျောက်မင်းသွေးခဲပင် ဟူ၍ရင်း, ပုတီးနက်ပင် ဟူ၍ရင်း ခေါ်ဝေါ်ကြကုန်၏၊ ၎င်းအစေ့သည် နက်၏။

# ကင်းပုံသီး ( အချို )

သက္ကတ **बिम्बी** လက်တင် Coccinia Indica
ဟိန္ဒီ **कुंदरू-कन्दूरी** အင်္ဂလိပ် Coccinia

**ပုံသဏ္ဌာန်။** ။ နွယ်ပင်မျိုး ဖြစ်၏၊ အရွက်သည် သခော်ပုံလုံရွက်နှင့် တူ၏၊ အပွင့် ဖြူ၏၊ အသီး ပြောင်ချော၏၊ အပေါ်ရေ၌ အဖြူစက်များ ရှိ၏၊ စိမ်းသောအခါ အရောင်လည်း စိမ်း၏၊ ဟင်းချက်စားရ၏၊ မှည့်သောအခါ နီ၏။

**ကင်းပုံချို၏အရသာ နှင့် အကျိုးသွား။** ။ များသောအားဖြင့် ပဥ္စငါးပါးကို သုံးရ၏၊ ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏၊ အရွက်သည် ဖန်၏။

**ကင်းပုံချို၏ ဂုဏ် နှင့် စွမ်းရည်။** ။ အသီးသည် ကြေကျက်ခဲ၏၊ အရသာရှိ၏၊ ခေါင်းပါးစေတတ်၏၊ ချုပ်စေ၏၊ နို့ရည်ကို ဖြစ်စေ၏၊ ဝမ်းပိုက်ကို ရောင်တင်းစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ သည်းခြေ, လေရောဂါ, သွေးဖေါက်ပြန်ခြင်း, ပန်းနာ, ဖေါရောင်ခြင်း, ပူခြင်း, ချောင်းဆိုးရောဂါများ၌ အကျိုးပြု၏၊ အရွက်သည် မလတို့ကို ချုပ်စေ၏၊ အရွက်စိမ်းသည် ဟင်းချက်ကြော်စားရန် အလွန်ကောင်း၏၊ ဆီးချိုရောဂါရှိသူတို့ အလွန် စားသင့်၏၊ အရွက်ရည်သည် ရေယုန်နာတို့၌ လွန်စွာ အကျိုးပြု၏၊ အမြစ်သည် ဓာတ်တို့ကို ပွားစေတတ်၏။

လေ သည်းခြေကို နိုင်၏၊ တုလာသရော, လက်ခြေပူခြင်း, အန်ခြင်း, မူးဝေခြင်းများ၌ ကောင်း၏၊ ထိုမှတပါး သွေးအန် - သွေးကျ, ခယရုဂ်, ပန်းနာ, ကိုယ်ရေဝါ, အဆိပ်သင့်, အဖျား စသည်တို့၌ ကင်းပုံကို အသုံးပြုပါ။

**မှတ်ချက်။** ။ ကင်းပုံကို သက္ကတ၌ "ဗိမ္ဗီ, ရတ္တဖလာ, တုဏ္ဍိ" စသည်ဖြင့် ခေါ်၏၊ အချို့က ဗိမ္ဗီကို ကျီးအာ ဟု ပြန်ဆိုကြ၏၊ နိဃဏ္ဍုကျမ်းများ၌ ဗိမ္ဗီ၏ ပုံသဏ္ဌာန် အဖွင့်တို့ အရ ကင်းပုံ သာလျှင် ဖြစ်၏၊ အင်္ဂလိပ်ဘာသာ အားဖြင့်လည်း ဗိမ္ဗီကို ( Coccinia ) ကင်းပုံဟု ဖွင့်ဆိုသဖြင့် ဤ၌လည်း ကင်းပုံ ဟု ပြန်ဆိုအပ်၏၊ ၎င်းသည် အချို အခါး ၂-မျိုး ရှိ၏၊ အခါးမှာလည်း ကင်းပုံချိုကဲ့သို့ပင် ပုံသဏ္ဌာန် ဖြစ်၏၊ ဂုဏ် နှင့် အသုံးကို အောက်ပါအတိုင်း ဖော်ပြထားသည်။

**ကင်းပုံခါး၏ အရသာ နှင့် အကျိုးသွား။** ။ ပဥ္စငါးပါးကို အသုံးပြုရ၏၊ ခါး၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ ဝမ်းကို သက်စေ၏။

**ကင်းပုံခါး၏ ဂုဏ် နှင့် စွမ်းရည်။** ။ အဆိပ်ကို တားမြစ်တတ်၏၊ အန်စေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ နှုတ်မမြိန်, ချောင်းဆိုး, သွေးအန်, သွေးကျ, အဆိပ်ရောဂါတို့၌ ကောင်း၏၊ ကင်းပုံချို ထက် ကင်းပုံခါးသည် ဖေါ်ပြပါ ရောဂါတို့၌ ပို၍ အကျိုးရှိ၏၊ ဆေး အတွက် သုံးရာ၌ အခါးကို သာလျှင် ထူးခြားစွာ အသုံးပြုရ၏။

---

၏၊ အပွင့်
အရောင်

ကို သုံးရ

သာရှိ၏၊
တ်၏၊ နုတ်
ရောင်ခြင်း၊
ရှက်စိမ်၊
းသင့်၏၊
တတ်၏။


င်းများ၌
, အဖျား

ခေါ်၏၊
န် အဖွင့်
ccinia )
ရ် အခါး
အသုံးကို

ခါး၏၊

တတ်၏၊
ဂါတို့၌
၏၊ ဆေး

ကတ္တရုသေချင်
RHUS SUCCEDANEA
काकड़ासिघो



# ကိုင်းပင်ကြီး

သက္ကတ काश — လက်တင် Saecharum sponteneum

ဟိန္ဒူ कांश — အင်္ဂလိပ် Thatch gress

**ပုံသဏ္ဌာန်။** ။ မြက်မျိုး ဖြစ်၏၊ အမြစ်မှ သာလျှင် တပြိုင်နက် အကိုင်း အခက်မျ ထွက်၏၊ အရိုးသည် ၆-ပေမှ ပေ-၂၀ အထိ မြင့်တက်၏၊ အရွက်သည် အလွန် ပါး၏၊ ရှည် အပင်ဖျားဌ် ဖြူသော အပွင့်များ ပွင့်၏၊ ကိုင်းပင် တမျိုးဌ် မှိုရောဂါ ကျရောက်၍ ဥ-အင ကဲ့သို့ ပေါ်လာသည်ကို "ကိုင်းဥ" ဟု သမုတ်ခေါ်ဝေါ်ကြကုန်၏၊ လွန်စွာ အရသာ ရှိ ချိုဆိမ့်၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ချို ဖန်၏၊ အေးသော သတ္တိ ရှိ၏၊ ဖြ ကျက်သွားသော အခါ ( ဝိပါက ) ၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်သွေးကို ပွားစေ၏၊ ဒေါသသုံးပါးကို ငြိမ်းစေ၏ ကိုယ်ပူနာ, ဆီးအောင့်ရောဂါ, ခယရုဂ်ရောဂါ, ကျောက်တည်ရောဂါ, သွေးဖေါက်ပြန်, သွေ အန်, သွေးကျ, ထိခိုက်ရှနခြင်းကြောင့် ခေတ်အား ကုန်ခန်းသောရောဂါ, သည်းခြေဒေါသတို့ကို အကျိုးပြု၏၊ ပူခြင်း, ရေငတ်ခြင်း, ရေယုန်, အစာမကြေ, ဆီးအောင့်, မျက်စိရောဂါ စသည် တို့၌ အသုံးပြုရ၏၊ ဆီးကို ပွားများစေတတ်၏။



## ရောဂါအလိုက် အသုံးပြုနည်း

**မုတ္တကိစ် ( ဆီးအောင့် ) ရောဂါ။** ။ ၎င်း၏ အမြစ်ကို ဆူးလေမြစ်, သကြားခဲ သုံးပါးတွဲ၍ ပြုတ်ပြီး စပ်သောက်သော် မုတ္တကိစ် ( ဆီးအောင့် ) ရောဂါတို့ကို လျှင်စွာ ပျောက် ကင်းစေ၏။

---

# ကတ္တရသချေ်

သက္ကတ काकर्टश्रिगी — လက်တင် Rhus Succedanea

ဟိန္ဒူ काकड़ा सींगी — အင်္ဂလိပ် Galls

**ပုံသဏ္ဌာန်။** ။ ပေ-၄၀, ၄၀-ကျော် မြင့်သော အပင်မျိုး ဖြစ်၏၊ လုံးပတ် ဂ-ပေ ၉-ပေခန့် ရှိ၏၊ အခေါက် ဖြူ၏၊ အကိုင်းငယ်များ ပြာ၏၊ အရွက်ပေါ်၌ ပိုးတမျိုးသည် ဦးချိုသဏ္ဌာန် အိမ်ကလေးများ ဖွဲ့စည်းထား၏၊ ၎င်းကိုပင် ဆေးအဖြစ် အသုံးပြုရ၏။

အထက်ဖေါ်ပြပါ ကတ္တရသချေ်မှာ အစစ်ကတ္တရသချေ်ကို ဆိုလို၏၊ ယခုအခါမှာမူ ဖန်ခါး စသည်တို့၏ အရွက်၌ ဖြစ်သော ပိုးအိမ်ကို သုံးနေကြသည်၊ အစစ် မဟုတ်ချေ၊ မှန်၏၊

"ကတ္တရသခ်ေျ" ဟူသော စကားသည် သက္ကတ အာယုဗ္ဗေဒကျမ်းတို့မှ လာသော ဝေါဟာရပျက် ဖြစ်၏၊ ပါဠိလို ပြန်သော် "ကက္ကဋ္ဋသိင်္ဂိ (= ပုဇွန်လက်မ ကဲ့သို့ ထောင်နေသော ဦးချိုသဏ္ဌာန်)" ကို တွေ့ရ၏၊ ထိုကြောင့် ပစ္စည်း အမြင်နှင့် ခေါ်ဝေါ်ထားသော မူလ အမည်သညာသည် လိုက်လျောကိုက်ညီပေ၏၊ တဖက်တွင် ပြထားသော ပုံကို ကြည့်ပါလေ။

ယခုအခါ၌မူ ထိုဆေးပစ္စည်း အစစ်မျိုး မြန်မာပြည်တွင် ရခဲသောကြောင့် နိုင်ငံခြားမှ မှာယူ သုံးစွဲရ၏၊ အပင်ဟု ဆိုသော်ငြားလည်း အပင်ကို အသုံးပြုရသည် မဟုတ်ပေ၊ ထိုအပင်၌ တွယ်ကပ်လာသော ပိုးအိမ်များကို အသုံးပြုကြရသည်၊ ယခု အခါ၌မူ ထိုအစစ်အမှန် ပစ္စည်းမျိုးကို အသုံးမပြုနိုင်ကြတော့ဘဲ မြန်မာပြည်တွင် မြစ်ကြီးနား, ဗန်းမော် တလျောက်၌ အပေါက်များ၍ ၎င်းအပင်၌ စွဲကပ်နေသော ပိုးအိမ်မျိုးကို "ကတ္တရသခ်ေျ" ဟူ၍ အများအပြား သုံးကြ၏၊ တနည်းအားဖြင့် ဆိုသော် ကတ္တရသခ်ေျ အကောင်းစား နှင့် အညံ့စား ၂-မျိုး ကွာခြားနေသည်ကို တွေ့ရ၏။

အရသာ နှင့် အကျိုးသွား။ ။ အရသာမှာ ခါး၏၊ ပူသော သတ္တိရှိ၏၊ ကြေကျက်သွားသော အခါ (ဝိပါက) ၌ ငံ၏။

ဂုဏ် နှင့် စွမ်းရည်။ ။ သလိပ်ကို ထုတ်ဆောင်တတ်၏၊ ပိုးကို ပယ်ဖျက်တတ်၏၊ ဒေါသ သုံးပါးကို နိုင်၏၊ ပန်းနာ, ကြို့ထိုး, ဝမ်းကိုက်, အန်, သွေးဝမ်း, သွေးဖေါက်ပြန်, ရေငတ်, ခယရုဂ်, တွေဝေခြင်း, ခံတွင်းမကောင်းခြင်း, လေပြန်ချောင်းပူခြင်း, မြင်းသရိုက်ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

---

# ကက္ကရသခ်ေျ (တမျိုး)

သက္ကတ कर्कट शृंगी
ဟိန္ဒီ काकड़ासिंगी
လက်တင် Pistacia Integerrina

**ပုံသဏ္ဌာန်။** ။ အပင် အလတ်စားမျိုး ဖြစ်၏၊ ပေ ၃၀-ခန့် မြင့်၏၊ အကိုင်း အခက် အရွက်များ နူးညံ့၏၊ အပွင့်သည် အရွက်ထက်ဝက်ခန့် ကြီး၏၊ အသီးခွက်၍ တောက်ပ၏၊ ဗာဒံနုရောင် ရှိ၏၊ ပွဲလျက်ကဲ့သို့ အစေး ထွက်၏၊ (မြန်မာပြည် မြစ်ကြီးနား, ဗန်းမော်ခရိုင်တို့၌ ပေါက်ရောက်များ၏။)

**အရသာ နှင့် အကျိုးသွား။** ။ အစေးသည် အလွန် ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထိုအစေးကို ကက္ကရသခ်ေျ အစား ယူနာနီဆရာတို့ သုံးကြ၏၊ အသီးသည် ခယရုဂ်ရောဂါ၌ အကျိုးပြု၏။

---

ာရ
ီးချိ
ာမည်


ခြားမှ
ပင်၌
ျိုးကို
ျား၏
ကြ၏၊
သည်

ကျက်

က်၏၊
ပြန်,
ဥဂါ

ခက်
ာဒ°
တို့၌

းကြ



ဘင်ုဖိုလ်
MYRICA NAGI
'काचफल

# ကင့်ဖိုလ်

| | | | |
|---|---|---|---|
| သက္ကတ | कट्फल | လက်တင် | Myrica Nagi |
| ဟိန္ဒီ | कायफल | အင်္ဂလိပ် | Bayberry |

**ပုံသဏ္ဌာန်။** ။ ပင်လတ်မျိုး ဖြစ်၏၊ မဆလာအနံ့ ရ၏၊ ၁၂-ရာသီလုံး စိမ်းလန်းနေ၏၊ အခေါက်သည် ပြာရောင်သန်းသော ကာကီရောင် ဖြစ်၏၊ အသစ်ဖြစ်သော အခက်ရှိ အရွက်သည် ၅-လက်မမှ ၈-လက်မ အထိ ရှည်၏၊ အဖျား ကွဲ၏၊ ရွက်ကြော ဆုံ၏၊ ခွေးသွားစိတ် ရှိ၏၊ အပွင့်သည် ၄(လေးပိုင်းတပိုင်း) လက်မ အထိ ရှည်၏၊ လုံး၏၊အသီး၏ အချင်းသည် လက်မဝက်ခန့် ရှိ၏၊ အနှစ်များ ရှိ၏၊ အခေါက်ကို "ကင့်ဖိုလ်" ဟု ခေါ်၏၊ ကင့်ဖိုလ်သည် ဇာတိဖလမှ "ဇာတိဖိုလ်" ဟု ခေါ်သကဲ့သို့ ကဋ္ဋဖလ ဟူသော သက္ကတပုဒ်မှ "ကင့်ဖိုလ်" ဖြစ်လာ၏၊ ရှမ်းပြည်မှ လာ၏။

**အရသာ နှင့် အကျိုးသွား။** ။ အခေါက်ကို သုံးရ၏၊ အရသာမှာ ဖန်၏၊ ခါး၏၊ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေ, သည်းခြေကို ပယ်တက်၏၊ အဖျား, ပန်းနာ, တူလာရောဂါ, မြင်းသရိုက်, ချောင်းဆိုး, လည်ပင်းနှင့် ပတ်သက်သော ရောဂါ, နှုတ်မမြိန် ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏၊ နမ်းကြည့်က ချေဆတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**နှာစေး ချောင်းဆိုး ရောဂါ။** ။ ၎င်း၌ ကင့်ဖိုလ်ကို အမှုန့်ပြု၍ ရှူသော် နှာချေ၍ ထိုရောဂါသည် ပျောက်ကင်း၏၊ အလွန် ချေမှုန်တတ်သော ဆေးပစ္စည်း ဖြစ်၍ သတိပြု၍ ရှူသင့်၏။

**သွားနာ သွားကိုက်ရောဂါ။** ။ ကင့်ဖိုလ်ကို ရေနှင့် သွေး၍ သိပ်ပေးလျှင် သွားပုံးရောင် သွားနာ သွားကိုက် ပျောက်၏၊ သွားလည်း ခိုင်လာ၏။

**နားနာ နားကိုက်ရောဂါ။** ။ အခေါက်ကို ဆီနှင့် ချက်၍ နား၌ ထည့်ပေးခဲ့သော် နားနာ နားကိုက်ရောဂါ ပျောက်ကင်း၏။

**ပန်းနာ ရင်ကျပ်ရောဂါ။** ။ အခေါက်ကို ၄-ပုံ ၁-ပုံ ကျန်အောင် ပြုတ်၍ ၎င်းအရည်ကို သောက်သော် ပန်းနာ ရင်ကျပ် ရောဂါသည် လျင်မြန်စွာ ပျောက်ကင်း၏။

**ဝမ်းသက်ရောဂါ။** ။ အခေါက် နှင့် ဥသျှစ်ကင်းကို ရော၍ ၄-ပုံ ၁-ပုံ ကျန် ပြုတ်ရည်ကို တိုက်သော် ဝမ်းသက်ရောဂါသည် ပျောက်ကင်း၏။

**အနာပေါက်။** ။ အခေါက်မှုန့်ကို ကြေကျတတ်သော အနာပျက် အနာဆွေး အပေါ်၌ ဖြူးပေး၍ ရေအေးနှင့် ဖဏ်ရည်ဆေးလျှင် အသားနုများ လျင်မြန်စွာ တက်၍ ၎င်းအနာများ ပျောက်ကင်း၏။

**မြင်းသရိုက်။** ။ အခေါက် အမှုန့်ကို ထောပတ်နှင့် ရော၍ စအိုရှိ လိပ်ခေါင်းကို လိမ်းလျှင် မြင်းသရိုက်ရောဂါသည် ပျောက်ကင်း၏။

**လည်ချောင်းနာ။** ။ ကင်္ဃပိုလ် အခေါက်ကို ကွမ်းတွင် ထည့်၍ တဖြည်းဖြည်း ဝါး၍ မျိုချခဲ့သော် လည်ချောင်းနာသည် ပျောက်ကင်း၏။

**ဝက်ရူးနာ။** ။ ကင်္ဃပိုလ်ခေါက်, ဆတ်ဆတ်ချေ, ခရမ်းကစော့သီး အခြောက် တို့ကို ၃-မူးသားစီ ယူ၍ ဆေးရွက်ကြီး ၃-ကျပ်သား ၎င်းအားလုံးကို အမှုန့်ပြုလျက် အဝတ်နှင့် စစ်၍ တနေ့လျှင် ၂-ပဲသားခန့် ရှူပေ၊ ဝက်ရူးတက်စဉ် နှာမှုတ်ပေးရာ၏၊ မတက်မီ သန်းဝေငိုက်ခဲ့သော် မီးတွင် ထည့်၍ အနည်းငယ် မှိုင်းရှူပေးရ၏၊ ၎င်းဆေးကို ဖျော်၍လည်း ခေါင်းပိုင်းတွင် လိမ်းပေးရာ၏။

**ပန်းသေ ပန်းညှိုး။** ။ အခေါက်ကို ကျွဲနို့နှင့် သွေး၍ ညည့်အခါ လိင်တွင် လိမ်းကျံပေးသင့်၏၊ နံနက်စောစောတွင် ရေဖြင့် ဆေးကြော ပေးသင့်၏၊ ၎င်းနည်း အတိုင်း ရက်အတန်ကြာ လိမ်းခဲ့သော် ပန်းသေ ပန်းညှိုးရောဂါသည် ပျောက်ကင်း၏။

**အမြုံ့ရောဂါ။** ။ အခေါက်ကို သကြားနှင့် ရော၍ အမှုန့်ပြုထားပေ၊ ၎င်းအမှုန့် ၆-ပဲသားခန့် ရာသီလာပြီး စင်ကြယ်ပြီးလျှင် ပြီးချင်း ( ပြီးသည့်နေ့ ) ၃-ရက် တိုင်တိုင် ဆက်၍ သောက်သော် ကိုယ်ဝန်ရတတ်၏၊ သို့သော် အားအင်နည်းသော မိန်းမများအား မတိုက်သင့်ချေ။

---

## ကုက္ကို ( မြန်မာ )

| | | | |
|---|---|---|---|
| သက္ကတ | शिरीस (शिरीष) | လက်တင် | Albizzia Leebbek |
| ဟိန္ဒီ | (शिरस शिरीश) | အင်္ဂလိပ် | Siris tree |

**ပုံသဏ္ဍာန်။** ။အပွေးသည် ကြမ်း၏၊ အပွေးရောင်မှာ မဲပြာရောင် ရှိ၏၊ အညွန့်များတွင် ကတ္တီပါမွေးများ ရှိ၏၊ ရံခါ အရွက်များတွင် အမွေးထူများ ရှိတတ်၏၊ အပွင့်မှာ စုပြုံ နေတတ်ပြီးလျှင် အရောင်တွင် ဖြူ၏၊ အညှာတံသည် ၂-လက်မမှ ၄-လက်မ အထိ ရှည်၏၊ အသီးတောင့်မှာ ဝါရောင်သန်းလျက် အမွေးအမျှင် မရှိ၊ ခတ်ပါးပါးနေ၏၊ အလျား ၈-လက်မမှ ၁၂-လက်မ ရှိ၍ ဗျက် ၁-လက်မမှ ၂-လက်မ အထိ ရှိ၏၊ ရွတ်တရက် အပင်မှ ကြွေမကျတတ်ပေ၊ အစေ့မှာမူ လက်မ၁က်ခန့် ရှိ၍ အသက်၏ အရိုးတံမှာ မှဲ့ သို့မဟုတ် အဖုကလေးများ ရှိ၏၊ နိဃဏ္ဍုကျမ်းတို့၌ ကုက္ကို ၂-မျိုး ရှိကြောင်း မဖော်ပြထားပေ၊ မြန်မာပြည်၌လည်း ကုက္ကိုတမျိုးတည်းသာ ရှိ၏၊ ဗြိတိသျှခေတ်တွင် နိုင်ငံခြားမှ ရောက်ရှိလာသော ကုက္ကိုဖြစ်၍ "သဘော်ကုက္ကို" ဟူ၍ ခေါ်ကြသည်။

ကုက္ကိုသည် "ကုလားကုက္ကို, မြန်မာကုက္ကို" ဟူ၍ ၂-မျိုး ခွဲခြား ခေါ်ကြ၏၊ မြန်မာကုက္ကိုကို အထက်အရပ် ဒေသတို့၌ ပေါက်ရောက်များသောကြောင့် "အညာ ကုက္ကို" ဟု ခေါ်ကြ၏၊ ကုလားကုက္ကိုသည် လမ်းဘေးတွင် စိုက်သော ကုက္ကို ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စငါးပါးကို အသုံးပြုရ၏၊ အရသာမှာ ချို၏၊ ခါး၏၊ ပန်၏၊ အေးသောသတ္တိ ရှိ၏၊ ကြေကျက်သွားသော အခါ ( ဝိပါက ) ၌ စပ်၏၊ ကြေကျက်ပျက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ချွေးထွက်စေ၏၊ ဒေါသသုံးပါးကို နိုင်၏၊ အဆိပ်သင့်, နှင်းခူရောဂါ, အရေပြား, ဖေါရောင်, ရေယုန်, ချောင်းဆိုး, အနာဒပေါက်, သွေးဖေါက်ပြန်, ယားနာ စသည်ကို ပျောက်ကင်းစေတတ်၏၊ အရွက်သည် မျက်စိရောဂါကို ပျောက်ကင်းစေတတ်၏၊ အပွင့်သည် မြွေဆိပ်, ပန်းနာကို ပျောက်ကင်းစေတတ်၏၊ အမြစ်သည် ခေါင်းတခြမ်းကိုက်ခြင်းကို ပျောက်ကင်းစေတတ်၏၊ အခေါက်သည် ခါးပူ, အဆိပ်, ပိုး, သွေးရောဂါ, မြင်းသရိုက်, ဖေါ်ရောင်, ချောင်းဆိုး, ကြွက်ဆိပ်ကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကျပ်တီးနာ။** ။ ၎င်း၏ အစေ့ကို ကြိတ်၍ ကျပ်တီးနာ၌ လိမ်းပေးခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏။

**ကြက်မျက်သင့်ရောဂါ။** ။ ၎င်းအစေ့ကို ပြုတ်၍ တိုက်ခဲ့သော် ကြက်မျက်သင့်ရောဂါသည် ပျောက်ကင်း၏။

---

# ကန္တကလာ ( ဂန့်ဂလာ )

သက္ကတ **मदनघंटा**
ဟိန္ဒီ **मदनघंटी**
လက်တင် Spermaeoce Hispida

**ပုံသဏ္ဍာန်။** ။ ကန့်ကလာသည် အချိုမျိုး အခါးမျိုး, ရှိ၏၊ အဖြူမျိုး, အနီမျိုးလည်း ရှိ၏၊ အပင်ငယ်မျိုး ဖြစ်၏၊ မြေတွင် ထီးကဲ့သို့ ဖြန့်ပေါက်၏၊ အနွယ်ကလေးများသည် ကြမ်း၍ အနည်းငယ် နီရောင်သန်း၏၊ အရွက်များသည် ဝိုင်း၍ မျက်နှာချင်းဆိုင် ထွက်၏၊ အပွင့်မှာ အညိုရောင် ခရမ်းရောင် ရှိ၏၊ မိုးတွင်း၌ အလွန် ပွားများ ပေါက်ရောက်၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ အစာကို ကြေကျက်စေ၏၊ အရွက်မှာ ခါး၏၊ အစေ့မှာ အေး၏၊ အဆီ အစေး ရှိ၏၊ ခဲ၏။

**ဂုဏ် နှင့် စွမ်းစွည်။** ။ ပိုးကို ပယ်ဘတ်၏၊ အနာကို ကောင်းစေ၏၊ ယားနာ, ရေ[illegible]ခြင်း, နှာခေါင်းရောင်ခြင်း, နှလုံးနာကျင်ခြင်း, သခင်ဖြူ, ကြွေကျသောနူနာ, ဆီးနှင့် ပတ်

သက်သော ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ အားတိုးခြင်း, ထက်မြက်ခြင်း, သွေးစင်ကြယ်ခြင်းတို့ကို ဖြစ်စေတတ်၏၊ တပင်လုံးမှာ နို့ကို ပွားစေတတ်၏၊ ကျွဲများအား မြက်အစား ကျွေးလျှင် ကျွဲ၌ နို့ ပိုထွက်၏၊ တောပတ်နှင့် ရော၍ ကျိုကျွေးသော် မိန်းမ၌ နို့များစွာ ထွက်၏၊ အမြစ်မှာ မြစ်ချင်းပြီး အနေဖြင့် သွေးကို စင်ကြယ်အောင် ပြုလုပ်တတ်သော ဂုဏသတ္တိ ရှိ၏။

**မှတ်ချက်။** ။ အင်္ဂလိပ်ဥပသကာ နှင့် မြန်မာဥပသကာ အစား သုံးနိုင်၏၊ အစေ့ကို ကာဖီစေ့ အစား အသုံးပြုနိုင်၏။

---

# ကန့်ချုပ်ပင်

| | | | |
|---|---|---|---|
| **သက္ကတ** | **चित्रक** | **လက်တင်** | Plumbago rosea, P. zeylanica |
| **ဟိန္ဒီ** | **चित्रक** | **အင်္ဂလိပ်** | Leadwort |

**ပုံသဏ္ဌာန်။** ။ ကန့်ချုပ်သည် ပုံသဏ္ဌာန်အားဖြင့် ထင်ရှား၏၊ ၎င်းသည် "ကန့်ချုပ်ဖြူ, ကန့်ချုပ်နီ, ကန့်ချုပ်မင်း, ကန့်ချုပ်ပြာ, ကန့်ချုပ်နက်" ဟူ၍ အချုပ်အားဖြင့် ၅-မျိုး ရှိ၏၊ ကန့်ချုပ်ဖြူမှာ အပွင့် ဖြူ၍ ကန့်ချုပ်နီမှာ အပွင့်နီ၏၊ ကန့်ချုပ်မင်းမှာ ပွင့်, ရွက်, ပင်, သုံးမျိုးလုံး နီ၏၊ ကန့်ချုပ်ပြာမှာ ကြယ်ပြာပန်း အရောင်ကဲ့သို့ ပြာနေ၏၊ အပွင့်မှာ ကန့်ချုပ်ပွင့်ကဲ့သို့ ဖြစ်၏၊ ၎င်းကို ကန့်ချုပ်ညိုဟုလည်း ခေါ်၏၊ ကန့်ချုပ်နက် မဟုတ်သေးသည်ကို သတိပြုသင့်၏၊ ကန့်ချုပ်နက်ကား လွန်စွာ ရှားပါးလှပါ၏၊ တွေ့ခဲ ရခဲ၏၊ အဂ္ဂိယ ဆရာတို့ကား ကန့်ချုပ်နက်ကို သိုက်ဝင် သစ်ပင်မျိုး ဟု ခေါ်ရိုးရှိကြ၏၊ ၎င်း၏ သတ္တိကို ကြံစည် တွေးတောရန် ခဲယဉ်းသော အစိန္တေယျထိုက်သည့် အပင်မျိုး ဟု နိဃဏ္ဍုဆရာတို့ မိန့်ဆိုကြ၏။

၎င်းအမြစ်ကို သွေး၍ လုံတွင် သုတ်ပြီးလျှင် ပြဒါး ထည့်၍ တရွေ့ရွေ့ မီးပူနှင့် ဖမ်းသွားခဲ့သော် အတုံးအခဲ ပြဒါးကို မိနိုင်၏၊ စလောင်းဖုံးတွင် သုတ်၍ ထမင်းအိုးကို နှပ်ခဲ့သော် ထမင်းသည် နက်သွားသည် ဟု ဆို၏၊ ဗျိုင်းတောင်ကို သုတ်ခဲ့သော် နက်သွားသည် ဟု ဆို၏၊ ဆံပင်မဲလိုသောသူ, ပြဒါးဖမ်းလိုသောသူ, အသက်ရှည်လိုသောသူတို့ အသုံးပြုရန် ကန့်ချုပ်နက်ကို ပင်ပန်းစွာ ရှာဖွေကြကုန်၏၊ ဖော်ပြခဲ့သည့် အတိုင်း ကန့်ချုပ်မျိုးသည် အမျိုးမျိုး ပြားသော်လည်း ကန့်ချုပ်နီမျိုးကိုသာ မြန်မာတို့သည် ဆေးသုံး အပြုများကြ၏၊ နိဃဏ္ဍုကျမ်းတို့၌ကား ကန့်ချုပ်ဖြူကိုသာ ဆေးတို့၌ သုံးရန် ဦးစားပေး၍ ဖွင့်ဆိုထားကြပေသည်။

အနောက်တိုင်း ဆေးကျမ်းတို့၌ကား "ဖြူ, နီ, ပြာ" သုံးမျိုးတို့ကို သဘောတူစွာဖြင့် သုံးနိုင်ကြောင်း ဖော်ပြထားပေသည်၊ အဆိပ်မျိုးပင်တို့ကို ဖော်ပြရာ၌ ကန့်ချုပ်ဖြူပင်ကို ဖော်ပြထားသည်ကို တွေ့ရ၏။

အထူး သတိပြုရန်မှာ ကန့်ချုပ်သည် အမြစ်ကို သုံးရသော ဆေးပင်မျိုး ဖြစ်၏၊ အမြစ်ကိုလည်း အမြစ်၏ အခေါက်ကို သုံးရမည် ဟု ဆေးကျမ်းတို့၌ သီးသန့် ဖော်ပြထားသည်

...ကို စဉ်းစားသင့်၏၊ ကန့်ချုပ်နီကား မြစ်သေးပင် ဖြစ်၏၊ ကန့်ချုပ်ဖြူကား မြင့်ကြီး ...ျိုး ဖြစ်၏၊ အမြစ်ကြီးကို ရည်ရွယ်၍ အမြစ်၏ ,အခေါက်ကို သုံးကြရန် ညွှန်ကြားဟန် ရှိ၏။

ဆေးသုံး များစွာဝင်သော မြစ်ပင်မျိုး ဖြစ်၍ သယံဇာတအလျောက် ပေါက်ရောက်နေသမျှ ကို ရယူနိုင်ရန် ခဲယဉ်းသောကြောင့် ၎င်းကို စိုက်ပျိုးယူကြ၏၊ မြောင်းပြုလုပ်ပြီးလျှင် မိုးဦးကျအခါ ...အကိုင်းအခက်များကို ဖြတ်တောက်၍ မနီးမဝေး စိုက်ကြရ၏၊ ၃-နှစ်ခန့် ထားရာ၏၊ အပင် ...စေလျက် စိုက်ထားသောကြောင့် အမြစ်မှာ အောက်သို့ လှု၍ ဆင်းသွား၏၊ များသောအား ... ၃-နှစ်ခန့် ကြာလျှင် တူးရ၏၊ စင်ကြယ်အောင် ဆေး၍ ရေနွေးတွင် အနည်းငယ် နှစ်လျက် ...မှ လှမ်းကြရ၏၊ အလျှင်လိုစွာ သုံးလိုသောသူတို့သည် ကျပ်ခိုးစင် တင်၍ အောက်မှ မီး ...ကြ၏။

**ကရသာ နှင့် အကျိုးသွား။** ။ အဖြူသည် အရသာတွင် စပ်ရှားရှား ရှိ၏၊ ပူ၏၊ ...ည်ကျ ပေ်၏၊ ဝမ်းမီးတောက်၏၊ ကြေကျက်လွယ်၏၊ ချုပ်၏၊ ချောက်ထပ်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အဖြူသည် ရောင်ရမ်းသော အနာ, အနာကြီး, ပြည်တုလာ ...ရော ရောဂါ, ချောင်းဆိုး, ပိုးနာ, ယားနာ, အသည်းနှင့် ပတ်သက်သော ရောဂါ, ဝမ်း ...ကိုက်နာ, ရင်နာတို့ကို ပျောက်ကင်းစေ၏။

အနီသည်– ကိုယ်ကိုဝဖြိုးစေတတ်၏၊ နူတ်မြိန်စေတတ်၏၊ အနာကြီးရောဂါကို ပျောက် ...စေတတ်၏၊ ပြဒါးကိုခဲစေ, သံကိုကြေကွဲစေ, အသက်ရှည်စေ၏၊ ဓာတ် ၇-ပါး ပွားများ၏။

အနက်– ၎င်းကို စားလျှင် လူ၏ ဆံပင်သည် နက်သွားလိမ့်မည်၊ နွားနို့ အဖြူထဲသို့ ...ည့်လျှင် နွားနို့ နက်သွားလိမ့်မည်၊ နို့စား နွားမများ ၎င်းအနံ့ကို ရှူမိလျှင် နက်သော ...နို့ရည်များ ထွက်လာတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သရက်ရွက် ရောင်သော ရောဂါ။** ။ ရှားစောင်း လက်ပတ် အသားပေါ်မှာ ကန့် ...ချုပ်ဖြူ မြစ်ခေါက် မှုန့်ကို ဖြူး၍ စားလျှင် ပျောက်၏။

**ခရုသင်း။** ။ ကန့်ချုပ်ဖြူ မြစ်ခေါက်ကို နို့နှင့် သို့မဟုတ် ရေနှင့် ကြိတ်၍ အနာ ...ကြီး ရောဂါနှင့် အခြားသော အရေပြား ရောဂါတို့ အတွက် လိမ်းပေးရ၏၊ ၎င်း၏ မြစ်ခေါက် မှုန့်ကိုပင် အနာအုံဆေး အဖြစ် ပြုလုပ်၍ အဖုများ မပေါက်မချင်း စည်းထားရမည်၊ အဖုပေါက် လာမှ ခွာပစ်သော် အနာဖေးများ ကွာသည် နှင့် တပြိုင်နက် ခရုသင်းများလည်း ပျောက်ကင်း ...သွားပေမည်။

**အဆစ်ရောင်။** ။ ၎င်းမြစ်ခေါက်မှုန့်ကိုပင် အနာအုံဆေး ပြုလုပ်၍ ရောဂါရှိရာ၌ ...၅-မိနစ်ခန့် ကြာအောင် စည်းပေးပါက အဆစ် ရောင်ခြင်းမှ သက်သာ ပျောက်ကင်း၏။

**ဝမ်းကိုက်။** ။ ၎င်းမြစ်ခေါက် ပြုတ်ရေနှင့် အတူ ထောပတ်ကို သောက်ခဲ့သော် ဝမ်းကိုက်ရောဂါ ပျောက်ကင်းနိုင်၏။

**မြင်းသရိုက်။** ။ ၎င်းမြစ်ခေါက်မှုန့်ကို ပုန်းရည်နှင့် သို့မဟုတ် ဒိန်ရည်နှင့် သော ခဲ့သော် မြင်းသရိုက် ရောဂါ ပျောက်ကင်း၏။

**ပဏ္ဍု (ကိုယ်ရေဖျော့)။** ။ ကန့်ချုပ်နီ မြစ်ခေါက်မှုန့်ကို ဆီးဖြူသီးမှုန့်နှင့် ၃-ကြိ နယ်၊ ၃-ကြိမ် နေလှမ်း၍ ညဉ့် လျက်ပေး လျှင် ကိုယ်ရေ ဖျော့တော့သော ပဏ္ဍုရောဂါမှ ပျော ကင်း၏။

**နှာရည်ယို။** ။ ၎င်းမြစ်ခေါက်မှုန့်ကို ပျားရည်နှင့် ရော၍ လျက်ပါက နှာရည်ယို သော ရောဂါမှ ပျောက်ကင်း၏။

**နူကွက်နာ။** ။ နူနာကွက်ပေါ်၌ ၎င်းမြစ်ခေါက်ကို ရေနှင့် သွေးလိမ်းလျှင် ထို နာမှ ပျောက်ကင်း၏။

**ဆင်ခြေထောက်။** ။ ၎င်းမြစ်ခေါက် နှင့် ထင်းရှူးနှစ်ကို နွားကျင်ငယ်နှင့် သွေးလိ လျှင် ဆင်ခြေထောက်ရောဂါမှ ချမ်းသာ၏။

**မှတ်ချက်။** ။ ဖော်ပြခဲ့သော ရောဂါအလိုက် အသုံးချနည်း မှတ်ဖွယ်ရာတို့သည် ကန့်ချု ဖြူမြစ်ကို ပဓာနထား၍ သုံးစွဲပြခြင်း ဖြစ်သည်၊ အနီ, အပြာ နှင့် အနက် တို့ကိုမူ ဆေး သီးသန့် ဖော်ထုတ်၍ သုံးပြထားသည်ကို မတွေ့ရချေ၊ ထို့ကြောင့် အဖြူသုံးနည်း ထို သာ ကျမ်းလာအတိုင်း ဖော်ပြထားခြင်း ဖြစ်သည်၊ သုံးစွဲလိုသော ပုဂ္ဂိုလ်သည် မိမိ သော နေရာ၌ အကျိုးပေးနိုင်စွမ်း ရှိသော ကန့်ချုပ်၏ သတ္တိထူးကို ခွဲခြား၍ အသုံး သင့်၏၊ ဥပမာ–ကန့်ချုပ်နီသည် ကန့်ချုပ် ဟု သာမာန် ဆိုသော်လည်း ရသာယန ဆေ ကို ဖော်စပ်လိုသောသူ အဘို့ ကန့်ချုပ်နီကိုသာ အသုံးပြုရမည် ဟု မှတ်ယူရာ၏။

---

# ကန့်ပလူ (ကန့်ဘလူ)

သက္ကတ **तगर** လက်တင် Valeriana hardwiekii
ဟိန္ဒီ **तगर** အင်္ဂလိပ် Valerian

**ပုံသဏ္ဍာန်။** ။ ၎င်းသည် မြစ်ဥမျိုး ဖြစ်၏၊ ဥ၏ အလယ်တွင် အခေါင်း ရှိသည်၊ အပင်ရိုးမှာ အခေါင်းသက်သက် ဖြစ်၏၊ အပင်ရိုးကို၎င်း, ဥတွင်ရှိ ဥမြစ်များကို၎င်း ဆေးတွင် အသုံးပြုသော အခါ သုတ်သင်ပစ်ရ၏၊ ဓားငယ်ဖြင့် ပြောင်အောင် ရှင်းလင်းပြီးသော အခါ သဲများ ရှိနေတတ်၍ ရေနှင့် ဆေးကြောပြီးလျှင် နေပူ၌ ခြောက်သွေ့အောင် လှမ်းရာ၏။

ဤ၌ "တဂရ" ဟူသော ဆေးကျမ်းတို့တွင် ခေါ်ဝေါ်ထားကြသည့် ပုဒ်ကို ဖွင့်ဆိုရမည် ဖြစ်၍ အသိခက်၏၊ အယူအဆ ကွဲပြား၏၊ ရှုပ်ထွေးနေ၏၊ အချို့ နိဃဏ္ဍုဆရာတို့သည်


ကန့်ပလူ(ကန့်ဘလူ)
VALERIANA HARDWIEKII
तगर असारून

…အပင် ဖြစ်သည်ကို မသိနိုင်တော့၍ လက်လျှော့ထားကြသည်ကို တွေ့ရ၏၊ ဆိုအပင်မျိုးကို …ဆိုရမည် ဖြစ်၍ အထောက်အထား လုံလောက်စွာဖြင့် ရေးသား ဖော်ပြပါအံ့၊ အထောက် …ပြုသော ကျမ်းပေါင်း များစွာအနက် "ဝနေ့ာသဓိစန္ဒောဒယ" အဘိဓာန်ကြီး အုပ်တွဲ …(၂) တွဲ ဆေးပင်နံပါတ် (၁၀၂၄) ကို အမှီသဟဲပြု၍ ဖွင့်ဆိုခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် "တဂရ" ကို မည်သည့် အပင် ဖြစ်သည် ဟု ဆေးလောကသို့ မရောက်မီ …ကပင် လေ့လာ စုံစမ်း မေးမြန်းခဲ့ဘူး၏၊ အကြောင်းမူ ပါဠိစာပေတို့၌လည်း အမွှေးမျိုး …ရာတွင် "တဂရ" သည် အမြဲတစေ ပါနေသောကြောင့်တည်း၊ ပါဠိမြန်မာပြန်ကျမ်းတို့ …၌ "တဂရ" ကို "တောင်ဇလပ်" ဟု ဘာသာပြန် ထားခဲ့ကြ၏။

"ဥမြစ်နံ့သာတို့တွင် "တဂရ" သည် အမြတ်ဆုံး ဖြစ်၏၊ အနှစ်နံ့သာမျိုးတို့တွင် နံ့သာနီ … အမြတ်ဆုံး ဖြစ်၏" ဟု စာပေမှတ်ချက်တို့ အရ ထောက်ဆသော် "တဂရ" အမွှေးသည် …ဖြစ်သည်မှာ ထင်ရှားနေ၏၊ သို့သော် မြန်မာပြန်တို့ကား "တောင်ဇလပ်" ဟု ပြန်ထား …ကြသည်၊ "တောင်ဇလပ်" အမွှေးမျိုးကား အမွှေးမျိုး ၁၀-မျိုး ရှိသည့် အနက် အပွင့် …မျိုး ဖြစ်၏၊ တနည်း- ဗုဒ္ဓဒေသနာတွင် ပါသော အမွှေး ၃-မျိုး ဖြစ်သော အပွင့်နံ့သာ, …မြစ်နံ့သာ, အနှစ်နံ့သာ တို့တွင် အပွင့်နံ့သာ အမွှေးမျိုး ဖြစ်၏၊ "တဂရ" ကား မြစ်ဥ …သာမျိုး ဖြစ်၍ အမွှေးနံ့မျိုးယူသည့် နေရာတွင် ထိုတောင်ဇလပ် ဟူသော မြန်မာပြန်ဆိုချက်ကို …စွာ စဉ်းစား ဆင်ခြင် သင့်ပေ၏၊ တဂရကို တောင်ဇလပ် ဟု ယူခြင်းသည် တဂရ ဘဒ္ဒါသည် …လပ်ကိုလည်း ဟောနိုင်သဖြင့် အခြားသော ဝေဿန္တရာဇာတ်တို့၌ကဲ့သို့ တောဘွဲ့ တောင်ဘွဲ့ နေ …၌ တဂရ ကို တွေ့လျှင် ဇလပ် ဟု ပြန်ဆိုသင့်၏။

ထင်ရှားစေအံ့ — တဂရ ကို "ပိဏ္ဍိတဂရ, ကာဋ္ဌာနုသာရီတဂရ" ဟူ၍ ၂-မျိုး ရှိ …ကြောင်း ဖွင့်ပြထား၏၊ ပိဏ္ဍိတဂရမှာ ဥမျိုး ဖြစ်၍ ကာဋ္ဌာနုသာရီတဂရမှာ အနှစ်နံ့သာမျိုး …ဖြစ်၏၊ [ဧမ္ပါ- အခန်းကူလျှင် အနှစ်နံ့သာမျိုးကို အကျယ်တဝင့် ဖော်ပြပေအံ့] ဤ၌ သက်ဆိုင် … "ပိဏ္ဍိတဂရ" ကိုသာ ဖော်ပြပေအံ့၊ ထိုတဂရမျိုးသည် တိုင်းပြည် ဒေသ အလျောက် …နားချက် ရှိ၏၊ ဥပမာ — ထိုတဂရမျိုးသည် ဂျပန်, ရုရှား, အင်္ဂလန်, အိန္ဒိယ, မြန်မာ …အလျောက် ပေါက်ရောက်ပုံခြင်း အနည်းငယ် ကွာခြားကြ၏၊ ဖော်ပြပါပုံတို့ကို ကြည့်ခြင်း … ကွဲပြားနိုင်ပေသည်၊ ဖော်ပြပါပုံတွင် အိန္ဒိယ အမျိုးအစား, အင်္ဂလိပ် အမျိုးအစား, မြန်မာ …မျိုးအစား ဟူ၍ ရသမျှပုံကို ၃-မျိုး ထုတ်ပြထားပေသည်၊ မြန်မာနိုင်ငံ၌ကား ရှမ်းပြည်ဒေသ … အများဆုံး ပေါက်ရောက်၏၊ ၎င်းကို ကန့်ဘလူဥ ဟူ၍၎င်း, ရှမ်းကန့်ဘလူဥ ဟူ၍၎င်း ခေါ် …ကြကုန်၏၊ နိဃဏ္ဍုကျမ်းတို့၌ အများဆုံး အသိအမှတ်ပြု၍ ဆုံးဖြတ်ထားသော အမည်မှာ "တဂရ" ပင် ဖြစ်၏၊ အင်္ဂလိပ် နှင့် လက်တင်တို့မှာ အထက်ပါ ဖော်ပြချက်အတိုင်း ပင် ဖြစ်၏။

ဗြိတိသျှခေတ် မြန်မာပြည် ဗယဆေးဆိုင်တို့၌ "အဆာရွန်း" ဟူ၍ ဖါရစီဘာသာဖြင့် …, (တဂရ်) ဟူ၍ ဟိန္ဒီဘာသာဖြင့်၎င်း, ဧမးဝယ်လျှင် ကန့်ဘလူဥကို ရနိုင်ပါ၏၊ ကန့် …ဥသည် ဆေးတွင် လွန်စွာ အသုံးဝင်၏၊ အမွှေးတွင်လည်း ရှေးပါဠိ စာပေတို့၌၎င်း, …ယုဗ္ဗေဒဆေးကျမ်းတို့၌၎င်း, ၎င်းကို ထုတ်သုံးထား၏။ "မလိတမာ, လိုသကာ" ဟူသကဲ့သို့

ရှေးခေတ် အမျိုးသား သမျိုးသမီးတို့ တဦး နှင့် တဦး မိတ်ဖွဲ့ရာတွင် အလိုရှိ၍ နှစ်သက်သော ကျသော အမျိုးသားဖြစ်ပါက ကန့်ပလူဥ နှင့် ကျောက်ပြင်ကို ထုတ်ပေး၏၊ လူးကြ, လိမ်း ၏၊ ထိုသည်ပင် နှစ်သက်ကြောင်း ဟု သိအပ်၏။ "လိုလျှင် ကန့်ပလူ, မလိုလျှင် ကြက်သွန်ဖြူ ဟူ၍လည်း အနံ့ နှင့် ပတ်သက်၍ စကားပုံ ဆိုရိုးရှိကြ၏၊ ဤဖော်ပြချက်သည် ပိဏ္ဍိတဂ ခေါ် ကန့်ပလူကို ဖော်ပြခြင်း ဖြစ်၏၊ ကာဠာနုသာရီ တဂရကား ရှိသေး၏၊ ၎င်းသည် "နံ့သာ ဖြူ, အကျော်, စမ္ပါ, ကရမက်," ဟု ခေါ်သော နံ့သာမျိုး ငါးပါးတွင် ပါဝင်သော စ ဖြစ်၏။

မှန်၏၊ နံ့သာမျိုး ငါးပါးတွင် စမ္ပါကို ထည့်လိုရာ၌ ဗြိတိသျှခေတ် ဗယဆေးဆိုင်မျ တွင် (တဂရ်) ဟု မေးဝယ်ရ၏၊ ထိုအခါ စကားဝါ မဟုတ်သော ညိုနေသော အနှစ်နံ့သ တမျိုးကို ရလိမ့်မည်၊ အနှစ်နံ့သာမျိုးကား ၅-မျိုး ရှိ၏၊ ၎င်းတွင် (တဂရီ) ပါ၏၊ ပါသော တဂရသည် ကာဠာနုသာရီတဂရ ဖြစ်၏၊ တဖန် အမွှေး ၄-မျိုးသည် ဆေးကျမ်းတို့၌၎င်း, ပ စာပေတို့၌၎င်း များစွာ ရှိနေ၏၊ ၎င်းတွင်လည်း "တဂရ" ပါနေ၏၊ ထို "တဂရ်" သ ပိဏ္ဍိတဂရ ဖြစ်၏၊ ဥမြစ် အမွှေးမျိုး ကန့်ပလူ ဖြစ်၏၊ စမ္ပါနှင့် သက်ဆိုင်သော တဂရ ၎င်းဆိုင်ရာ အခန်း၌၎င်း, ဇလပ်နှင့် ဆိုင်ရာ တဂရ ကို ၎င်းဆိုင်ရာ၌၎င်း- အကျယ်တဝင့် ဖွင့် ပါမည်။

ပါဠိ,အဋ္ဌကထာ, ဋီကာတို့၌ "စတုဇာတိယဂန္ဓ, စတုဂန္ဓ" ဟူ၍ အမွှေး ၄-မျိုး ၄-ပ ကို အသုံးပြုထားသည်ကို တွေ့ရ၏၊ ဆေးကျမ်းတို့၌လည်း ဖော်ပြပါအတိုင်း အမွှေးမျိုး ၄-ပ ဆေးဘက်တွင် အသုံးပြုထားသည်ကို တွေ့ရ၏၊ ထိုကြောင့် ထိုအသုံးဝင်လှသည့် အမွှေး ၄-မျိ တို့၏ ယူဆပုံ အမှန်ကို သိရန် လိုအပ်သည် ဟု ထင်သောကြောင့် ပါဠိ, အဋ္ဌကထာ, ဋီကာ ဆေးကျမ်းတို့မှ ထုတ်နှုတ်၍ သရုပ်အမှန်ကို ဖော်ပြပေအံ့။

မဟာပရိနိဗ္ဗာနသုတ္တဋီကာ, မဇ္ဈိမပဏ္ဏာသဝဂ်, သေခသုတ္တဋီကာတို့၌ "တဂ္ဂရ, ကုင်္ကုမ ယဝနပုပ္ဖ, တမာလပတ္တ" ဟု ၎င်း ၄-မျိုးတို့ကို ပြထား၏၊ မဟာသုဒဿနသုတ္တဋီကာ နှင့် ဥပ ပဏ္ဏာသဝဂ်, ဗာလပဏ္ဍိတသုတ္တဋီကာတို့၌မူ "တမာလ, တဂ္ဂရ, တုရုက္ခ, ယဝနပုပ္ဖ" ဟု ၄-မျိ ၏။

သင်္ဂါယနာသံယုတ်, အာသိဝိသဝဂ္ဂဋီကာ၌ "ကုင်္ကုမ, တုရုက္ခ, ယဝနပုပ္ဖ, တမာလပတ္တ" ဟု ၄-မျိုး ပြ၏။ ဇာတ်ဋီကာဟောင်း၌ "ကာလာနုသာရိ, တဂ္ဂရ, ကပ္ပူရ, သာရစန္ဒန" ပ ၄-မျိုး ပြ၏။

သာလိဂါမနိဃဏ္ဍုတွင် "ဖါလာ, သစ်ကြပိုး, ကရဝေး, ကံ့ကော် ဝဆ္ဆ" ဟူ၍ ၄-မျိ ပြထား၏။ တနည်း—"ဖါလာ, သစ်ကြပိုး, ကရဝေး, ငြုပ်ကောင်း" အမွှေးမျိုး နှင့် အမွှေးစ ၄-မျိုးတို့ကို ခွဲခြား ဖော်ပြထားသည်ကို တွေ့ရှိရသည်၊ ဤသို့လျှင် အမွှေး ၄-မျိုးတို့ကို ကျမ်းဂ အသီးသီးတို့၌ အမျိုးမျိုး ပြထား၏။

ထိုဆရာများ၏ ဝါဒ ကွဲပုံကို သိမှတ် လွယ်စေရန် အောက်ပါ အတိုင်း ဇယားဖြင့် ပြဆိုပေအံ့။

| ကျမ်းအမည် | ဆေးဘက်အမည်များ | | | |
|---|---|---|---|---|
| မဇ္ဈိမပဏ္ဏာသ | တဂ္ဂရ | ကုင်္ကုမ | ယဝနပုပ္ဖ | တမာလပတ္တ |
| မဟာသုဒဿနသုတ် (ဋီ) | ॥ | တုရုက္ခ | ॥ | ॥ |
| အာသီဝိသသုတ် | ကုင်္ကုမ | ॥ | ॥ | ॥ |
| ဇာတ်ဋီကာဟောင်း | တဂ္ဂရ | ကာဠာနုသာရီ | ကပ္ပူရ | သာရစန္ဒန |
| အဘိဓာန် | ॥ | တုရုက္ခ | ယဝနပုပ္ဖ | ကုင်္ကုမ |
| သာလိဂါမနိဿက္ကျ | ဖါလာ | သစ်ကြံပိုး | ကရဝေး | ပြုတ်ကောင်း |
| တနည်း | ॥ | ॥ | ॥ | ကံ့ကော်ဝတ္ထ |

ဖေါ်ပြပါ ဝါဒ (၇) မျိုး အနက် ပါဠိကျမ်းလာ ၅-မျိုးသည် မင်္ဂလာအလို့ငှာငင်း, ပူဇော်ဘွယ်ရာ ကိစ္စတို့၌ငင်း, ဘုတ်- တစ္ဆေ- သရဲတို့ ပျောက်ခစေ၍ နတ်မြတ် နတ်ကောင်းတို့ ချစ်စေလို၍ အသုံးပြုကြသော အမွှေးမျိုး ၄-ပါးဖြစ်၏၊ ကျန် ၂-မျိုးမှာ ဆေးကျမ်းလာ ၂-မျိုး ဖြစ်၏၊ ဆေးကုရာ၌ အသုံးပြု၏၊ စတုဂန္ဓ ဟု အမွှေးမျိုး ၄-ပါး ညွှန်ကြားရာတွင် ဆေးကျမ်းလာ ၄-မျိုးကို သာ ယူရမည်။

ဖေါ်ပြခဲ့သော အမွှေးမျိုးတို့နှင့် ဆိုင်ရာ ဝါဒကွဲ ၅-မျိုးတွင် ပါဝင်သမျှ ဆေးပစ္စည်းတို့ကို သဘောတူရာ ပေါင်းသော် ၇-မျိုး ဖြစ်၏၊ ၎င်းတို့၏ အနက်အမှန်မှာ အောက်ပါအတိုင်း ဖြစ်၏၊ 'တဂ္ဂရ- ကန့်ပလူဥ, ကုင်္ကုမ- ကုံကုမံ, ယဝနပုပ္ဖ- လေးညှင်း, တမာလပတ္တ-ကရဝေးရွက်, တုရုက္ခ- ကုက္ကုကမျဉ်း, ကာဠာနုသာရီ- စပွာ, ကပ္ပူရ-ပရုပ်,သာရစန္ဒန-နံ့သာဖြူ" တို့ ဖြစ်ကုန်၏။

**အရသာ နှင့် အကျိုးသွား။** ။ကန့်ပလူကို နိဃဏ္ဍုကျမ်းဆရာတို့ မြင်ကြပုံ အသီးသီး ကို ထုတ်ပြမေအံ့၊ "ဘာဝပ္ပကာသနိဃဏ္ဍုကျမ်း, အလို ပူ၏၊ "နိဃဏ္ဍုရတနာကရကျမ်း နှင့် ရာဇ နိဃဏ္ဍုကျမ်း" အလို အေး၏၊ ခါး၏၊ ချို၏၊ ကြေကျက်လွယ်၏၊ နူးညံ့၏၊ ကြေကျက်သွား သော အခါ (ဝိပါက) ၌ စပ်၏၊ ပန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဘာဝပ္ပကာသနိဃဏ္ဍု နှင့် နိဃဏ္ဍုရတနာကရကရကျမ်း အလို ကား အဆိပ်ဖေါက်ပြန်ခြင်းကို တားမြစ်တတ်၏၊ မျက်စိရောဂါ, သွေးဖေါက်ပြန်သောရောဂါ, ပေါ်သသုံးပါး ဖေါက်ပြန်သော ရောဂါ နှင့် ဖုတ် တငွေ့ ဖမ်း၍ ရှူးသောရောဂါ, ဝက်ရူးနာ များကို ပျောက်ကင်းစေ၏၊ ၎င်း တဂရ သည် တွန့်ရှုံ့စေ၏၊ နူးညံ့စွာ ခတ်သက်၏၊ စိတ်နှလုံး ကို ငြိမ်းအေးစေ၏၊ ဝမ်းကြော တင်းရောင်ခြင်းကို ပျောက်ကင်းစေ၏၊ နေ့စဉ် ဆက်တိုက် အဖျားရောဂါကို ပျောက်စေ၏၊ ဥတုသွေးကို မှန်စေ၏၊ အိပ်ပျော်စေ၏၊ မျက်စိ, ဆံပင် ဖေါက် ပြန်ခြင်းတို့ကို ပျောက်ကင်းစေ၏၊ အေး၍ ကိုက်ခဲခြင်း, အသည်းရောဂါ, သရက်ရွက်ကြီးသော ရောဂါ, ဝစ္စမဂ်ရောဂါ, နာတာရှည် ညောင်းကျရောဂါတို့ကို ပျောက်ကင်းစေ၏၊ တကိုယ်လုံးရှိ အသွေး အသားများကို ပွင့်လင်းစေ၏၊ တကိုယ်လုံးရှိ အကြောများကို အားရှိစေ၏၊ အာရုံ ကြောတို့ကို လန်းဆန်းစေ၏၊ အပြင်မှ လိမ်းဆေး အဖြစ်ဖြင့် ပွတ်လျှင် ကိုက်ခဲခြင်းကို ပျောက် စေ၏၊ အနာ အသားနု တက်စေ၏၊ လွန်စွာ စားလျှင် ခေါင်းမူးခြင်း, ကြို့ထိုးခြင်း, မအော့အန်ခြင်းကို ဖြစ်စေ၏၊ သင့်ရုံ စားသော် သွေးကြောများ လွန်စွာ အားရှိ သန်မာသာ၏၊ နှလုံးသွေး သွားလာ လှုပ်ရှားမှုကို မှန်ကန်စေ၏၊ သွေးလှုပ်ရှားမှုဘက်တွင် အလွန် အားရှိ စေ၏၊ တကိုယ်လုံး အခိုးအငွေ့များကို ပျံ့နှံ့စေပြီးလျှင် ချွေးများကို ထွက်စေ၏၊ ခြင်ဆီသို့ ပို့ဆောင် သော အကြောများကိုလည်း လွန်စွာ အားရှိစေ၏၊ ကြာမြင့်စွာ စွဲကပ်နေသော အဖျားဟောင်း များကြောင့် တြိဒေါသတို့၏ လွှမ်းမိုး နှိပ်စက်သဖြင့် တကိုယ်လုံး လျော့ပါးနေရာတွင် ကန့်ဘလူ ၏ စွမ်းရည် သတ္တိကို အသုံးပြုက သိနိုင်ပေသည်၊ လိမ်းလိုက လိမ်းနိုင်၏၊ သောက်လိုက သောက် နိုင်၏၊ ကျင်ချုပ်ရောဂါ, ဝက်ရူး, မိန်းမောတွေဝေခြင်း, လေဆင်ဦးစီးရောဂါ, ဥကျောက် ရောဂါ, အကြောများ အားနည်း ဖေါက်ပြန်ခြင်း, အဆိပ်အမျိုးမျိုးကြောင့် ဖြစ်သော ရောဂါ, အိပ်မပျော်ခြင်း, နှလုံးတုန်လှုပ်ခြင်းကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ချောင်းခြောက် နှင့် ပန်းနာ။** ။ ချောင်းခြောက်ရောဂါကြောင့် အသက်ရှူပြွန် ချောင်း ကျဉ်း၍ အသက်ရှူမဝ မောဟိုက် နွမ်းနယ်ရာ၌ ကန့်ဘလူသည် အကျိုးပြု၏။

**ဆီးချို ကျင်ပြော ရောဂါ။** ။ ဆီးလွန်, ဆီးများ, ဆီးချိုခြင်းတို့ကြောင့် ဥကျောက် ကြောများ ချွတ်ယွင်း ပျက်စီးသည် အထိ ဖြစ်ခဲ့သော် ကန့်ဘလူဥကို **ဘိန်းအတန်ငယ်** ထည့်၍ ပေးသင့်၏။

**အနာ နှင့် အဆစ်ရောင်။** ။ ထိခိုက် ရှနာ နှင့် အနာဆွေး, အနာပျက်, အဆစ် ရောင် ရောဂါတို့ကြောင့် ပြင်းထန်စွာ ကိုက်ခဲ နာကျင်ရာ၌ ကန့်ဘလူဥ၏ ဖဏ်ဆေးရည်သည် လွန် စွာ အကျိုးပြု၏။

**မြွေဆိပ်သင့်။** ။ မြွေကိုက်၍ မြွေဆိပ်သင့်ရာဘွင် ကန့်ပလူဥကို ရေနှင့် သွေး၍ လိမ်းလည်း လိမ်း, တိုက်လည်း တိုက်နိုင်၏။

**မျက်စိရောဂါ။** ။ ကန့်ပလူရွက် သတ္တုရည်ကို မျက်စိတွင် လိမ်းကျံပေးက မျက်စိနှင့် ပတ်သက်သော ရောဂါကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ အထူး သတိပြုရန်မှာ အနံ့ရှိသော ဥမျိုးကို သုံးရမည် ဖြစ်၍ မိမိသုံးမည့် ပစ္စည်းသည် အနံ့ရှိသော ဥဖြစ်ရန် များစွာ အရေးကြီးပေ၏။

---

# ကန့်အိပ်ပင် ( ဂန္ဓအိပ် )

**ပုံသဏ္ဍာန်။** ။ ကန့်အိပ်ပင်သည် ငွေပန်းပင်နှင့် တူ၍ ပင်ငယ်, ပင်ပုမျိုး ဖြစ်၏၊ ဥကို အများဆုံး သုံးရ၏၊ ၎င်း၏ အဖူး အငုံများကိုလည်း အသုံးပြုရ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် ဝမ်းမီးကို တောက်စေ၏၊ သလိပ်ကို ပယ်တတ်၏၊ အပုပ် အခိုးတို့ကို ထုတ်ပစ်၏၊ မြန်မာတို့သည် မီးဖွားပြီးနောက် ဝမ်းပျက်ခြင်း, ကလေးများ ဝမ်းကယ်ခြင်း ရှိသော အခါ ဥကို ပါးပါး လှီး၍ ဟင်းခါးချက် သောက်ကြ၏၊ အဖူးကိုလည်း ငါးပိရေနှင့် တို့မြုပ် စားကြ၏။

---

# ကန်စွန်းပင် ( ရေကန်စွန်း )

| | | | |
|---|---|---|---|
| သက္ကတ | कलम्बी | လက်တင် | Ipomoea Aquatica |
| ဟိန္ဒီ | कलमी शाक | အင်္ဂလိပ် | Rabbit greens. |

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းသည် ချို၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နို့ရည်ကို ဖြစ်စေ၏၊ သုက်ကို ဖြစ်စေ၏၊ ရေ၌ ဖြစ်သော ပိုးတို့ကို ပယ်တတ်၏၊ နူနာရောဂါ၌ အကျိုးပြု၏၊ ကာမစိတ်ကို ထက်သန်စေ၏၊ လေ, သလိပ်ကို ဖြစ်စေ၏၊ ၎င်းအရွက်၏ သတ္တုရည်သည် မီးလောင်နာ, ရေငတ်, ဆီးနှင့် ပတ်သက်သော ရောဂါတို့ကို ပျောက်ကင်းစေ၏၊ ရက်ချန်ဖျား, သန္နိပါတ် အဖျားတို့၌ ပေးရ၏၊ ဘိန်း နှင့် ဖိန် အဆိပ်များကိုလည်း ပြေစေ၏၊ သွေးဝမ်းရောဂါ၌ အရွက်ကို ဟင်းချက်စားသော် သွေးဝမ်းကို ရပ်တန့်စေ၏၊ အလွန် ပူလောင်ခြင်းကို ပျောက်ကင်းစေ၏။

---

## ကန်ဇွတ်ပန်း (သင်းခွေ)

ဟိန္ဒီ हरैल चारा

လက်တင် Jasminum Scandens

**ပုံသဏ္ဌာန်။** ။ ၎င်းသည် သူတပါးကို မှီ၍ တက်တတ်သော နွယ်မျိုး ဖြစ်၏၊ အရွက်မှာ ၃-လက်မခွဲခန့် ရှည်၍ အနံမှာ ၁-လက်မခွဲခန့် ရှိ၏၊ လုံးသွား သဏ္ဌာန် ရှိ၏၊ အခရင်းဘက်မှာ ဝန်း၍ အဖျားတွင် ချွန်သွား၏၊ အပွင့်မှာ ဖြူ၏၊ ရံခါ ဝါဘာဘာ ရှိ၍ အသွေး မွှေး၏။

**ဂုဏ် နှင့်စွမ်းရည်။** ။ ၎င်း၏ အမြစ်ကို ပွေးရောဂါတို့၌ လူးပေးရ၏၊ သံချဆေး အဖြစ်ဖြင့် တိုက်ပေးရ၏။

**မှတ်ချက်။** ။ ၎င်းသည် တောစပယ် ဖြစ်၏၊ သင်းခွေ ဟုလည်း ရှေးက ခေါ်ကြ၏၊ စပယ် အခန်းတွင် ဆက်လက် ဖွင့်ဆိုပါမည်၊ သင်းခွေ ဟူသည် မည်သည့် ပန်းမျိုး ဖြစ်သည် ဟု ခြားနားစွာ သိရန် ဖော်ပြခြင်း ဖြစ်သည်။

---

## ကမ်စော်ပင် (ရေမယ်ဇယ်)

သက္ကတ जलमधुक

ဟိန္ဒီ जलमहुआ

လက်တင် Bassia longifolia

**ပုံသဏ္ဌာန်။** ။ မယ်ဇယ်ပင်နှင့် တူ၏၊ အစေး ထွက်၏၊ အစေ့မှ ဆီထွက်၏၊ အဆီသည် ခဲ၍ ဝါရောင် ရှိ၏၊ ၎င်းကို မယ်ဇယ်ပင်နှင့် အလုံးစုံ တူသောကြောင့် "ဇလမဟူအာ" ဟု ဟိန္ဒီလိုခေါ်၍ မယ်ဇယ် တမျိုး ( ရေမယ်ဇယ် ) ဟု အမည်မှည့်၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခွန်အားကို ဖြစ်စေ၏၊ အနာပေါက်ရောဂါကို ပယ်တတ်၏၊ အသက်ကို ရှည်စေ၏၊ အဆီကို အရေပြားရောဂါ၌ အသုံးပြုရ၏၊ အပွင့်သည် ကြေကျက်လွယ်၏၊ ဝမ်းသက်၏၊ အရွက် နှင့် အခေါက်ရည်သည် ချုပ်၏၊ ကျန်ဂုဏ်တို့သည် ရိုးရိုး မယ်ဇယ်နှင့် တူ၏။

---

## ကပ်စေးနဲ့ (ကလေး)

သက္ကတ ক্ষিজহরিতা
ဟိန္ဒီ चिरमारी
လက်တင် Triumfetta rotundifolia

**ပုံသဏ္ဌာန်။** ။ မိုးရာသီတွင် ပေါက်တတ်သော အပင်မျိုး ဖြစ်၏၊ တပေခွဲမှ ၃-ပေခွဲ အထိ မြင့်တတ်၏၊ အရွက်သည် လက်မဝက်မှ ၁-လက်မခန့် အထိ ရှည်၏၊ ထိုမျှလောက်ပင် ကျယ်၏၊ သေးသော အမွေးမျှင်ကလေးများ ရှိ၏၊ အပွင့် ဝါ၏၊ အဆုတ်လိုက် ပွင့်၏၊ အသီးသည် ကုလားပဲလုံးနှင့် တူ၏၊ သို့ရာတွင် ထိုထက် ငယ်၏၊ ဆူးကလေးများ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အမြစ်သည် ခါး၏၊ ဖန်၏၊ အေးသော သတ္တိ ရှိ၏၊ ကြေကျက်သွားသော အခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝ-ဖြိုးစေ၏၊ နို့ရည်ကို ပွားစေ၏၊ ကာမကို အားပေး၏၊ သွေးယိုစီးခြင်းကို တားမြစ်တတ်၏၊ အရွက်, အပွင့်, အသီးသည် ပြေပြစ်၏၊ တွန့်ရှုံ့စေတတ်၏၊ ပြည်တုလာသရော ရောဂါ၌ ကောင်း၏။

### ရောဂါအလိုက် အသုံးပြုနည်း

**အနာပျက်။** ။ အရွက်ကို ဝါး၍သော်၎င်း, ကြိတ်၍သော်၎င်း အနာပျက်ပေါ်၌ အုံပေးလျှင် အနာပျက်တွင် ဖြစ်သော သွေးယိုစီးခြင်းကို တားမြစ်ရာ၌ အလွန် အံ့သြဘွယ် ကောင်း၏။

**ထိခိုက်ရှနာ။** ။ ဓား လက်နက် စသော တစုံတရာဖြင့် ထိခိုက် ဒဏ်ရာရသော အနာတို့၌ သွေးများ ယိုစီးခဲ့သော် ထိုသွေးများကို တိတ်စေရန် ၎င်းအပင်ကို ပင်လျှင် အသုံးပြုရ၏။

**အနာပေါက်။** ။ ၎င်းအရွက်ကို ပင်လျှင် အနာများပေါ်၌ လိမ်းပေးပါက အနာများ ကျက်၍ အသားနု တက်လာနိုင်၏။

---

## ကပ်ခေးနဲ့ (ဝက်မြီးကပ်)

သက္ကတ अरिष्ट
ဟိန္ဒီ छोटा गोखरू
လက်တင် Xenthium Strumarium

**ပုံသဏ္ဌာန်။** ။ တနှစ်သာ အသက်ရှင်သော အပင်မျိုး ဖြစ်၏၊ အရွက်သည် တရွက်၏ နောက်၌ တရွက် ထွက်၏၊ ၄-လက်မ ရှည်၏၊ နှလုံးသဏ္ဌာန် ရှိ၏၊ အရွက် နှစ်ဘက်လုံး၌ အမွေး

နုများ ရှိ၏၊ အစေ့အိမ်သည် ဥသဏ္ဌာန် ရှိ၏၊ ပြား၏၊ နူးညံ့၏၊ အရွက်မှုန့်ကို အရောင်ဆိုးရာ၌ အသုံးပြုရ၏၊ ၎င်းကို "ငက်မြီးကပ်" ဟု ခေါ်၏၊ အချို့အရပ်၌မူ "ကျပ်ပင်" (ဂျပ်ပင်) ဟု ခေါ်၏၊ မှန်၏၊ ၎င်း၏ အသီးတွင် ဆူးနုများ ရှိ၏၊ အရင်းတွင်မူ ကျပ်-မြွေစွယ်ကဲ့သို့ ဆူးရင့် ၂-ချောင်း ရှိ၏၊ လွန်စွာ ထက်၏၊ စူးလျှင် အဆိပ်ကဲ့သို့ နာကျင်၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ဖန်၏၊ သတ္တိ အေး၏၊ ဝိပါက၌ စပ်၏၊ ထက်မြက်၏၊ ဝမ်းကို သက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခြင်ဆီတို့ကို တိုးပွားစေ၏၊ ဓာတ်တို့ကို ပြောင်းလဲစေတတ်၏၊ ဝဖြိုး၏၊ အစာကို ကြေကျက်စေတတ်၏၊ မှတ်သိပ်ခြင်းကို ဖြစ်စေ၏၊ အသံကို ကောင်းစေ၏၊ အရောင် အဆင်းကို ဖြစ်စေတတ်၏၊ သတိကို ကောင်းစေ၏၊ သည်းခြေဒေါသကို နိုင်၏၊ သည်းခြေကြောင့် ဖြစ်သော ရောဂါများ, ဝက်ရူး, အဖျား, အဆိပ်ရှိသော သတ္တဝါများ ကိုက်ခဲခြင်းကို ပျောက်စေတတ်၏၊ အဆိပ်ကို ဖျက်ဆီးတတ်၏၊ ကြေကျက်စေ၏၊ အဖျားကို ပယ်တတ်၏၊ ကလေးများ သွားပေါက်ချိန်၌ ဖြစ်တတ်သော ရောဂါများကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဖျားရောဂါ။** ။ မလေးရီးယား ငှက်ဖျား နှင့် အဖျားရောဂါဟောင်းများ၌ အရွက်ပြုတ်ရည်ကို တိုက်ရ၏။

**ကျောက်ရောဂါ။** ။ အလွန် ပူပြင်းသော ကျောက်ရောဂါ၌ ထိုအရွက်ပြုတ်ရည်ကို တိုက်ကျွေးခြင်းဖြင့် ကျောက်ပူကို အပြင်သို့ ထွက်စေ၏။

**ကျပ်တီးနာ။** ။ ကျပ်တီးနာ နှင့် အခြား အနာပေါက်တို့၌ အမြစ်ကို သွေး၍ လိမ်းပေးရ၏။

**ဆီးအိမ်ရောင်တင်းရောဂါ။** ။ နာတာရှည် ညောင်းကျ ရောဂါ နှင့် ဆီးအိမ် ရောင်ခြင်းတို့၌ ပဥ္စငါးပါး ပြုတ်ရည် ၃-မူးသားခန့်ကို သောက်ရ၏။

**အနာပေါက်။** ။ ၎င်းအမြစ်၏ သတ္တုရည်ကို အနာမြုံ နှင့် အနာပျက်တို့၌ လိမ်းပေးလျှင် မြန်စွာ ပျောက်ကင်း၏။

---

# ကပ်စေးနှဲ (နွားမြီးကပ်)

| | | | |
|---|---|---|---|
| သက္ကတ | **वन भिण्डा** | လက်တင် | Urena Lobata |
| ဟိန္ဒီ | **लोट लोटी** | အင်္ဂလိပ် | Urena hemp |

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ ၁-ပေမှ ၄-ပေခန့် အထိ ရှည်၏၊ မိုးကျ အခါ မြက်နှင့် အတူ ပေါက်၏၊ အသီးသည် ငါးချိုင့် ရှိ၏၊ ကောက်သော ချွန်သော ဆူး ရှိ၏၊

အပ်လည်း ရှုံ့ပေါက်ပင်နှင့် တူ၏၊ ဂုံလျှော်ကဲ့သို့ ပါးသော လျှော်ကို ရ၏၊ ၎င်းသည် "လျှော်ကလေး" ဖြစ်၏။

အခြားသော "နွားမြီးကပ် ခေါ် ကပ်စေးနှဲ" "ဝက်မြီးကပ် ကပ်စေးနှဲ" ဟူ၍ ရှိသေး၏၊ ထိုသုံးမျိုးမှတပါး "ကပ်စေးနှဲ ခေါင်းပွ" ဟူသည်ဖြင့် အခြား မျိုးနွယ်လည်း များစွာ ရှိသေး၏၊ ဤ၌ သုံးမျိုးကိုသာ ထုတ်ပြခြင်းသည် ဆေးအဘိဓာန်ကျမ်းတို့၌ ထင်ရှားစွာ ဖော်ပြထားသည့် အတိုင်း ရေးသား ဖော်ပြအပ်ပေသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။အမြစ်သည် ဆီးနည်းသော ရောဂါ နှင့် အခြား ဆီးနှင့် ပတ်သက်သော ရောဂါတို့၌ လွန်စွာ အကျိုးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လေရောဂါ။** ။အမြစ်ကို အဆစ်အဆက်တို့၌ ဖြစ်သော လေရောဂါတို့၌ လိမ်းပေးရ၏၊ အမြစ် နှင့် အကိုင်းများကို ပြုတ်၍ သောက်ခဲ့သော် လေပြွန်ချောင်း ရောဂါတို့ကို ပျောက်ကင်းစေ၏။

**ချောင်းခြောက်ဆိုးရောဂါ။** ။၎င်း၏ ပွင့်ခြောက်သည် ချောင်းခြောက်ဆိုးသော ရောဂါ၌ သလိပ်ကို ထုတ်ဆောင်နိုင်သော ဆေးဘက်ပစ္စည်းကဲ့သို့ သလိပ်ကို ရှင်စေ၏။

**ခံတွင်းရောဂါ။** ။ပါးစပ် လည်ချောင်းတို့၌ ပူလောင်ခြင်း, အဖုပေါက်ခြင်း ဖြစ်ခဲ့သော် ၎င်းအပွင့်၏ သတ္တုရည်ကို ငုံ၍ လုပ်ကျင်းပေးလျှင် ခံတွင်းနှင့် ပတ်သက်သော ရောဂါ ဟူသည် ပျောက်ကင်းကုန်၏။

---

# ကံ့ကော်ဝတ္ထုံ

| | | | |
|---|---|---|---|
| သက္ကတ | नागकेसर | လက်တင် | Mesua ferrea |
| ဟိန္ဒီ | नागकेसर | အင်္ဂလိပ် | Cobra's Saftron |

**ပုံသဏ္ဌာန်။** ။ထင်ရှား၍ လူသိများသော အပင်မျိုး ဖြစ်၏၊ ကံ့ကော်ပင်တွင် ရှုက်နုများကို ငပိရည်ဖြင့် တို့မြှုပ် စားကြ၏၊ အခြားသော အရွက် အခက် အကိုင်း အမြစ်တို့လည်း ဆေးဘက်တွင် အသုံးဝင်သည်သာ ဖြစ်၏၊ သို့သော် ဝတ္ထုံကို သာလျှင် အသုံးပြုကြကုန်၏၊ ကျောက်စာဌာနမှ တူးဖော် ရရှိသော ရှေးဟောင်း ပစ္စည်း ဗုဒ္ဓရုပ်ပွားတော်တွင် ဆေးပင်များကို တွေ့ရ၏၊ ၎င်းကို "သာနိုး" ဟု ရှေးက ခေါ်ဆို အသုံးပြုကြ၏၊ ဝတ္ထုံကို အခြားသော စကားတမျိုးဖြင့် "ကုံကုမံ" ဟု သုံးကြ၏၊ ဥပမာ — "ကြာကုံကုမံ" "ဆူးပန်းကုံကုမံ" "ကံ့ကော်ကုံကုမံ" စသည် ပင် ဖြစ်၏၊ ထိုကဲ့သို့ ဆေးနည်းတွင် တွေ့ခဲ့သော် ဝတ္ထုံ ယက်သက်ကို ထည့်သွင်း အသုံးပြုသင့်၏၊ ၎င်းသည် သွေးဝမ်း နှင့် ဝမ်းမီးပျက်ရောဂါ တို့၌

တန်ဘိုး မဖြတ်နိုင်အောင် အသုံးဝင်၏၊ သို့သော် သန့်ရှင်းခြင်း, လတ်ဆတ်ခြင်း, အနံ့ရှိခြင်၊ ထိုသုံးချက်နှင့် ပြည့်စုံသော "ဝစ္ဆံ" ဖြစ်ရန် အရေးကြီးပေ၏။

ဝစ္ဆံကို ယူရာ၌ ပွင့်ဖတ်, ပွင့်ချပ်များ မပါသင့်ပေ၊ တနှစ်တွင် တပေါင်းလဆုတ်မှ ကဆုန်လပြည့် အတွင်း၌ တကြိမ် ပွင့်သောကြောင့် တနှစ်လုံး အတွက် သန့်ရှင်း၍ အနံ့မပျက် သော ဝစ္ဆံမျိုး ဖြစ်အောင် ထားသိုနိုင်ရန် အရေးကြီးလှပေ၏၊ သိပ္ပံပညာ အကူအညီဖြင့် ခေတ်မီမီ ထားနိုင်လျှင် ပို၍ ကောင်းပေ၏၊ မနိုင်ခဲ့သော် အောက်ပါအတိုင်း စီမံပြုလုပ် ထား သင့်ပေ၏၊ ၎င်းကို နေပူ ၃-နေခန့် လှမ်းပါ၊ အရည်ဓာတ်များ ခြောက်သွေ့စေရန် ဖြစ်၏၊ အလွန် ခြောက်သွေ့နေက လေျှာ့လှမ်းပါ၊ ၃-ရက် ပြည့်သော အခါ ညနေချိန်၌ ၎င်းကို ဂုဏ် စက္ကူ သို့မဟုတ် ပိတ်ဖြင့် အပူငွေ့များ အထဲတွင် ကိန်းနေအောင် ထုပ်ထားပါ၊ သန့်ရှင်း၍ နေပူလှန်ထားသော ပုံးတွင် နောက်တနေ့ နံနက် ထည့်သွင်းပြီး လုံအောင် ပိတ်ထားပါ၊ မည်သည့် ရက်လ၌ ဖွင့်သုံးစေကာမူ အနံ့သည် ပကတိ အတိုင်း လတ်ဆတ်နေ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ဖန်၏၊ သက်၏၊ အနည်းငယ် ပူသော သတ္တိ ရှိ၏၊ ကြေကျက်သွားသော အခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစာကို ကြေစေတတ်၏၊ ခြောက်ထပ်စေတတ်၏၊ ကြေကျက် လွယ်၏၊ အရောင် အဆင်းကို ဖြစ်စေ၏၊ ဒေါသ သုံးပါးကို ပယ်၏၊ သွေးဖေါက်ပြန်ခြင်း, ယာ ခြင်း, နှလုံးနာကျင်ခြင်း, အနံ့မကောင်းခြင်း, အဆိပ်သင့်ခြင်း, ရေငတ်ခြင်း, နူနာ, ရေယုန်, ဆီးအိမ် နာကျင်ကိုက်ခဲခြင်း, ခေါင်းကိုက်, ပါဒရက်ရောဂါ စသည်တို့ကို ပျောက်ကင်းစေ တတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မြင်းသရိုက်ရောဂါ။** ။ ကံ့ကော်ဝစ္ဆံ နှင့် သကြားခဲကို ရောကြိတ်၍ ဆီဦးနှင့် တေ ပြီး သုံးဆောင်ခဲ့သော် မြင်းသရိုက် သွေးကျနာသည် လျင်စွာ ပျောက်ကင်း၏၊ ၎င်းကို လိမ် လည်း လိမ်းပေးနိုင်၏။

**ခြေပူရောဂါ။** ။ ခြေပူ, ခြေကွဲရာ၌ ဖေါ်ပြပါ ဆေးနည်းအတိုင်း သောက်လည်း သောက်နိုင်၏၊ လိမ်းလည်း လိမ်းပေးနိုင်၏။

**အဆစ်ရောင်ရောဂါ။** ။ ကံ့ကော်စေ့၏ အဆီကို လိမ်းကျံပေးခဲ့သော် အဆစ်ရောင် ခြင်း, ကိုက်ခဲခြင်း ရောဂါများ လျင်စွာ ပျောက်ကင်း၏။

**အနာဆွေး။** ။ အနာမှ ပုပ်ညှီ အနံ့ဆိုးသော ပြည်များ ထွက်ခဲ့သော် ဖေါ်ပြပါ အစေ့၏ အဆီကို လိမ်းကျံ ပေးသင့်၏။

**မီးယပ်ဖြူရောဂါ။** ။ မီးယပ်ဖြူဆင်းခြင်း ပြင်းထန်ခဲ့သော် ယောနိအိုင်းနာ အသိ ဖြစ်ခြင်းတို့၌ ဆီဦးထုတ်ယူထားသည်မှ ကြွင်းသော ဒိန်ချဉ်ဖတ်နှင့် ရော၍ ကံ့ကော်ဝစ္ဆံကို သုံးစွဲလျှင် များစွာ ကျေးဇူးပြုပေ၏။

နံ့ ရှိမြ

လဆုတ်
နံ့ မပျ
ဥအညီဖြ
လုပ် ထ
နဲ့ ဖြစ်
ငးကို ဂ
သန့်ရှင်း
မည်သ

ယ် ပူသေ

ကြေကျ
ခြင်း, ယ
, ရေယု
က်ကင်း


ဦးနှင့် ဧ
င်းကို လိ

ာက်လည်

အဆစ်ရော

ဖော်ပြ

င်းနာ အ
ကာ်ဝ္ဆ



ကုံကုမံ
CROCUS SATIVUS
केशर

**ကိုယ်ဝန်ပျက်**။ ။ များသောအားဖြင့် သုံးလမြောက်တွင် ပျက်လျောတတ်သော ကိုယ်ဝန်လျော ရောဂါများ အတွက် ကံ့ကော်ဝတ်ဆံကို သကြားခဲနှင့် ဆတူ စပ်၍ သို့မဟုတ် ကံ့ကော်ဝတ်ဆံမှုန့်ကို သကြားပြုတ်ရည်နှင့် ရော၍ အသုံးပြုသင့်၏။

---

# ကုံကုမံ

| | | | |
|---|---|---|---|
| သက္ကတ | कुङ्कुम | လက်တင် | Crocus sativus |
| ဟိန္ဒီ | केशर | အင်္ဂလိပ် | Saffron |

**ပုံသဏ္ဌာန်**။ ။ ကုံကုမံပင်သည် တပေခွဲခန့် မြင့်၏၊ ကြက်သွန်နီကဲ့သို့ ဥ ရှိ၏၊ အရွက်သည် မြက်ကဲ့သို့ ရှည်၏၊ ပါး၏၊ တော်သလင်း, သီတင်းကျွတ်လတို့၌ အပွင့် ပွင့်၏၊ အပွင့်တွင် မွှေးဖတ်အုံ ၃-ခု ရှိ၏၊ အတွင်းတွင် ဝတ်ဆံ ရှိ၏၊ ထိုဝတ်ဆံကို "ကုံကုမံ" ဟု ခေါ်၏။

ခူးဆွတ်ပုံမှာ အပွင့်များ ပွင့်သောအခါ နေမထွက်မီ ခူးရ၏၊ အတွင်းဝတ်ဆံကလေးများကို ရွေးယူ၍ စက္ကူဖြူဖြူပေါ်တွင် ဖြန့်၍ အခြောက်လှမ်းရ၏၊ အပွင့် ၄၀၀၀၀ ( လေးသောင်း ) မှ ကုံကုမံ ( ၂၇-ဂ-ပဲ ) သားမျှ ရ၏။

ကုံကုမံသည် လွန်စွာ တန်ဘိုးလည်း ရှိ၏၊ ရလည်း ရခဲ၏၊ ပြည်ပမှ လာရသော ပစ္စည်းလည်း ဖြစ်၏၊ သို့ဖြစ်လင့်ကစား မြန်မာဗိန္ဒော ဆရာတို့သည် ရှေးနှစ်ပေါင်းများစွာက ပင်လျှင် သုံးစွဲခဲ့ကြသည်ကို ရှေးဟောင်း ဆေးနည်းများတွင် တွေ့ရှိရ၍ သိရပေ၏၊ လွန်စွာ အစွမ်း ထက်မြက်သော ထိုကုံကုမံကို ကျမ်းတကာမှ ကြံစည် ထုတ်နုတ်၍ ဆက်လက် ဖေါ်ပြလိုပေသေးသည်၊ ၎င်းကို ဥမျိုးကို စိုက်ရ၏၊ ဥမှ မျိုးပွားကို ပြုလုပ်ရ၏၊ စိုက်ခင်း ပြုလုပ်ပြီးနောက် အဆက်မပြတ် နှစ်စဉ်နှစ်တိုင်း ၁၀-နှစ်မှ ၁၅-နှစ် အထိ ဝတ်ဆံကို ထုတ်ယူသွားနိုင်၏၊ ကုံကုမံသည် မှူးခေတ် မပေါ်မီကပင် ပေါ်ထွန်း ထွက်ရှိနေသော "စရက" စသော ဆေးကျမ်းကြီးများတွင် ၎င်းအသုံးအနှုန်း ပါရှိသည်ကို ထောက်လျှင် အနောက်တိုင်း ယဉ်ကျေးမှု မစမီကပင် အိန္ဒိယနိုင်ငံ ကက်ရှမီးယားပြည်နယ်၌ စတင် ပေါ်ပေါက်နေပြီး ဖြစ်သည်ကို သိနိုင်ပေ၏။

ကုံကုမံကို ဟောသော ပရိယာယ်များတွင် ကသ္မီရဇံ ဟူသောပုဒ် ပါရှိ၏၊ "ကသ္မီရတိုင်းဖြစ် ပစ္စည်း" ဟု အဓိပ္ပါယ်ရ၏၊ ၎င်းကုံကုမံသည် ရှေးခေတ်က အောက်ပါ သုံးဌာနတို့၌ အဓိကအားဖြင့် စိုက်ပျိုး အသုံးပြုကြသောကြောင့် တိုင်းပြည် ဒေသကို စွဲ၍ ကုံကုမံ သုံးမျိုး ရှိကြောင်း နိဃဏ္ဍုကျမ်းတို့၌ ဖွင့်ထားသည်ကို တွေ့ရ၏။

(၁) ကသ္မီရတိုင်းပြည်ဖြစ် ကုံကုမံ,
(၂) ဗုခါရာမြို့ (တူရကီ) ဖြစ် ကုံကုမံ,
(၃) အီရန်တိုင်းပြည်ဖြစ် ကုံကုမံ—ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတွင်—

(၁) ကသ္မီရပြည်တွင် ဖြစ်သော ကုံကုမံသည် လယ်ယာတွင် စိုက်ပျိုး၏၊ ဝတ်ဆံများ

လွန်စွာ သေး၍ နူးညံ့၏၊ အနီရောင် များ၏၊ ကြာနံ့ရ၏၊ ၎င်းသည် ကုံကုမံ သုံးမျိုး
အမြတ်ဆုံး ဖြစ်၏။

( ၂ ) ဗူခါရနယ်ဖြစ် ကုံကုမံသည် အရောင် ဝါ၏၊ ဆတ်သွားဖူးနံ့ ထွက်၏၊
နူးညံ့သည့်ပင် ဖြစ်၏၊ ထိုနယ်ဖြစ် ကုံကုမံသည် အလတ်စားမျိုး ဖြစ်၏။

( ၃ ) အမိရန်ပြည်ဖြစ် ကုံကုမံသည် ပျားရည်နံ့ ရ၏၊ အနည်းငယ် ဝါရောင်
၏၊ ထိုပြည်ဖြစ် ကုံကုမံသည် အညံ့ဆုံး ဖြစ်၏၊ ထိုသို့ အရောင် အနံ့ အနေဖြင့် ကုံ
( ၃ ) မျိုး ကွဲနေသည်ကို ဖြစ်ပေါ်ရာ ဒေသအလိုက် သိရှိနိုင်ပေ၏၊ အလွန် ရှေးကျသော
တပြိုင်တည်း တွေ့ရှိ အသုံးပြုကြသည်ကို ဖော်ပြထားခြင်း ဖြစ်၏၊ ယခုအခါမှာမူကား
ပြင်သစ်, ပါရှား, တရုပ်ပြည် စသည်တို့၌လည်း အသီးသီး စိုက်ပျိုး၍ စီးပွားရေး အဖြစ်
လုပ်သောကြောင့် ယခုအခါ၌ကား များစွာ ပျံ့နှံ့နေပြီ။

တန်ဘိုးရှိသော ပစ္စည်းဖြစ်သောကြောင့် အစစ်ကို အတုလိုက်၍ ပြုကြကုန်၏၊
အဆီထုတ်ပြီးမှ ရောင်းခြင်း အမလေးချိန် စီးအောင် ဆီဖြူနှင့် ရော၍ စိုထိုင်းလေးအောင်
ရောင်းခြင်းတို့ဖြင့် ပြုလုပ်ကုန်၏၊ သင့်သေး၏၊ အချို့သူတို့မှာမူ စက္ကူ, ကန်စွန်းဥ စသည်
လည်း ကုံကုမံ အသွင်ကဲ့သို့ တူအောင် ပြု၍ ရောင်းချကြကုန်၏။

**စစ်,မစစ် စမ်းသပ်နည်းများ။** ။ အစစ်ကို သိထားသောသူသည် ထိုအတု
ပစ္စည်းမှ လွတ်ကင်းနိုင်မည် ဖြစ်သောကြောင့် အစစ် ရယူနည်းကို သိထားရန် လို၏၊ ဖော်
သည့် အတိုင်း အနံ့ သုံးမျိုး အရောင် သုံးမျိုးကို သတိပြုရာ၏၊ ကုံကုမံ အစစ်ကို ရေနှင့်
၍ အဝတ်ဖြူပေါ်တွင် အစက်ကို ချခဲ့သော် အရောင်အသွေး မပြောင်းဘဲ ထင်၏၊ ဝါ
အရောင်မှ နီသော အရောင်သို့ ပြောင်းသွားခဲ့သော် ထိုပစ္စည်း မစစ်ပေ။

တနည်း စမ်းသပ်ပုံမှာ ကုံကုမံကို အရက်ပြန်နှင့် စိမ်ခဲ့သော် ၎င်း၏ ပကတိအရော
မပျက်မူ စစ်၏၊ အကယ်၍ ၎င်း၏ အသွေးအရောင်သည် အနီရောင် ပေါ်လာပြီးမှ အဝါရော
ထင်လာခဲ့သော် မစစ်ပေ။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ပူ၏၊ ဝိပါက၌ **စပ်၏။**

**ဂုဏ် နှင့် စွမ်းရည်။** ။ အဆိပ်ကို ပယ်တတ်၏၊ ပိုးကို ပယ်တတ်၏၊ ဝမ်းသက်
ဝဖြိုးစေတတ်၏၊ အလွန် ကာမကို အားပေး၏၊ အားကို တိုးစေ၏၊ ဒေါသ သုံးပါးကို နိုင်
ချောင်းခြောက်ဆိုးခြင်း, လည်ပင်း နာကျင်ခြင်း, ခေါင်းကိုက်, ခေါင်းထက်ဝက်ကိုက်, အန်ခြ
ယားခြင်း, အရေပြားရောဂါ စသည်တို့၌ အသုံးပြုရ၏။

ကုံကုမံသည် လွန်စွာ ကျေးဇူးပြုသော ဆေးပစ္စည်းဖြစ်၍ ရှေးဗိန္ဒောဆရာကြီးတို့
သော ဆေးနည်းကို ဆက်လက် ဖော်ပြပေအံ့။

## ရောဂါအလိုက် အသုံးပြုနည်း

**ပိုက်နာရောဂါ**။ ။ သစ်ကြပိုး အပေါ်း နှင့် ကုံကုမံကို ကြိတ်၍ စားခဲ့သော် သည်းခြေ ပေါ်ယာကြောင့် ဖြစ်သော ပိုက်နာ ရောဂါ ပျောက်ကင်း၏။

**မီးယပ်ချုပ်ရောဂါ**။ ။ ကွက္ကရာ နှင့် ကုံကုမံကို ရော၍ စားခဲ့သော် မီးယပ်သွေး ချုပ်သော ရောဂါ ပျောက်ကင်း၏။

**နှလုံးရောဂါ**။ ။ ၎င်းကုံကုမံကို အခြားသော နှလုံးကို အားပေးသော ဆေးဘက် ဝင်နှင့် ရောသောက်လျှင် နှလုံးရောဂါ လျင်စွာ ပျောက်ကင်း၏။

**သွေးအန် သွေးကျ**။ ။ ကုံကုမံကို အမှုန့် ထောင်း၍ ဆိတ်နို့နှင့် ရောကျိုပြီး ခတ် ရေနွေး သောက်ခဲ့သော် ရတ္တပိတ် ခေါ် သွေးအန် သွေးကျ ရောဂါ ပျောက်ကင်း၏၊ သောက် သောအခါ တဖြည်းဖြည်း တရွေ့ရွေ့ စွဲ၍ သောက်သင့်၏။

**ဆီးချုပ်ရောဂါ**။ ။ ထောပတ်ဟောင်း နှင့် ကုံကုမံကို ကြိတ်၍ သောက်ခဲ့သော် ဆီးပူ ကျောက်တည်ရောဂါ နှင့် ဆီးချုပ်ရောဂါကို လျင်စွာ ပျောက်ကင်းစေ၏။

**ခေါင်းထက်ခြမ်းကိုက်ရောဂါ**။ ။ ထောပတ် နှင့် ကုံကုမံကို ကြိတ်၍ ရှူခဲ့သော် ခေါင်းထက်ခြမ်းကိုက်သော ရောဂါသည် ပျောက်ကင်း၏။

**မှတ်ချက်**။ ။ ဖော်ပြပြီး ကုံကုမံသည် ကုံကုမံ အစစ်မျိုး ဖြစ်၏၊ ၎င်းကို မရခဲ့သော် ရှေးဗိန္ဒောဆရာမြတ်တို့သည် ဆူးပန်းပွင့်ကို သုံးသင့်၏ ဟု မိန့်ဆိုထားကြကုန်၏။

မြန်မာဗိန္ဒောကျမ်းတို့၌လည်း ဆူးပန်းကို အချို့ဆေးနည်းတို့၌ ဝတ်ပန်း ဟူ၍ ရေးကြ ၏၊ ဆူးပန်း ကုံကုမံ, ဝတ်ပန်း ကုံကုမံ ဟူ၍လည်း အမည်တပ်၍ ရေးကြ၏။

ထိုမြန်မာဗိန္ဒောဆရာတို့၏ အယူအဆသည် နိဃဏ္ဍုကျမ်းကြီးတို့နှင့်လည်း ညီညွတ်ပေ၏၊ အချို့ ကြွယ်ဝ ချမ်းသာသူတို့သည် ကုံကုမံကို ကွမ်းယာထည်းတွင် ထည့်၍ အသုံးပြု ကြ၏၊ ထိုကွမ်းယာမျိုးကို ပို၍ ဈေးတင်ရောင်းကြ၏။

ကုံကုမံကို ဆေးသုံးတွင် မဟုတ်သေး၊ အမွှေးမျိုး အနေနှင့်လည်း အသုံးပြုကြကုန်၏၊ မှန်၏၊ အမွှေးမျိုး သေးပေါးတွင် ကုံကုမံလည်း တမျိုး ပါ၏ မြင့်မြတ်သည့် ပူဇော် ဘွယ်ရာတို့၌လည်း ၎င်း၏ အနံ့ဖြင့် ထူးခြားစွာ ပူဇော်ကြကုန်သောကြောင့် ပူဇော်သွယ်ရာ ဆေးပစ္စည်းတမျိုးလည်း ဖြစ်ပေ၏။

---

## ကျားမနိုင်

**ပုံ သဏ္ဌာန်**။ ။ ၎င်းအပင်ကို နိဃဏ္ဍု ရှေးကျမ်းဟောင်းတို့၌ ထည့်သွင်း ဖော်ပြ ထားသည်ကို မတွေ့ရပေ၊ ထိုကြောင့် ကမ္ဘာ့ဆေးအဘိဓာန် အချပ်ချပ်တို့နှင့် ညှိနှိုင်း၍ အမည်

ဝေါဟာရကို မထုတ်ပြနိုင်ပေ၊ သို့သော်လည်း မြန်မာပြည်၌ ပေါက်ရောက်မှုလည်း များ၏၊ အသုံးလည်း အချို့ရှိကြသောကြောင့် ၎င်းကို ဤအဘိဓာန်ကျမ်း၌ ထုတ်ဖေါ်ပြပါအံ့။

ကျားမနိုင်သည် နွယ်မျိုးဖြစ်၏၊ * အမျိုးအားဖြင့် ခွဲခြားသော် ဟုန်းမျိုးတွင် ပါဝင်၏၊ အဆိပ်ရှိသော အပင်မျိုး ဟု ဆိုရမည်၊ နွယ်မျိုး ဟု ဆိုသော်လည်း နှစ်ရှည်ခံ နွယ်ကြီးမျိုး ဖြစ်၏၊ ရွက်နုထွက်စ၌ အဆင်း အရောင်သည် နီကြန်ကြန် ရှိ၏၊ ၎င်းသည် အဖြူမျိုး, အနက်မျိုး ဟူ၍ ၂-မျိုး ရှိ၏၊ အပင်နွယ် သဏ္ဍာန်မှာ မထူးခြားချေ၊ နွယ်ကို ဖြတ်တောက် ကြည့်ရာ၌ ထူးခြားသည်ကို တွေ့ရ၏၊ ဖြတ်စ ထိပ်ကို ကြည့်လျှင် အစုအစု, အရစ်အရစ်ကလေးများ ရှိ၏၊ ထို၏ သဏ္ဍာန်သည် ကျားခြေရာနှင့် သဏ္ဍာန်တူသောကြောင့် ၎င်း၏ ဝေါဟာရတမျိုး ဖြစ်လာဟန် ရှိသည်၊ ၎င်းကို အဆီထုတ်၍ သုံးကြ၏၊ ပြုတ်ရည်ပြုတ်ပြီးလျှင် ထိုပြုတ်ရည်များကို စုပေါင်း၍ အဆီအနှစ်ကျအောင် ကျိုချက်ယူခြင်း ဖြစ်၏။

၎င်းသည် အဆိပ်မျိုး ဖြစ်၍ ဟုန်းမျိုးတွင် ပါဝင်သောကြောင့် သုံးစားခဲ့သော် လွန်လျှင် တကိုယ်လုံး အေးစက်လာ၍ ကျုပ်တိုက်ရသည် အထိ ပြုလုပ်ပေးရ၏၊ ဝမ်းလည်း သက်စေ၏၊ ချွေးလည်း လွန်စွာ ထွက်စေ၏၊ မူလည်း မူးစေ၏၊ အန်လည်း အန်စေ၏၊ အဖျက်သက်သက် အပင်မျိုး ဖြစ်၏၊ လွန်စွာ ထက်မြက်၏၊ စုတ်ဆေးတို့ဖြင့် ၎င်းကို စုတ်ဆေးထိုးရန် အသုံးပြုရ၏၊ လေဖြတ်, လေငန်းတို့၌ ထိုးပေးနိုင်၏၊ အပြင်မှလည်း လိမ်းပေးနိုင်၏၊ ပြင်းတန်သော အဆိပ်တမျိုး ဖြစ်၍ ၎င်းသက်သက်ကို မသုံးစားကြဘဲ ထောပတ်, ပျားရည် စသည်တို့ဖြင့် ဧတုမဓူ ကျို၍ ၎င်းကို ထည့်သွင်းပြီးလျှင် အသုံးပြုကြ၏၊ သွေးသားတလျောက် အကြောတလျောက် အဆစ် အမြစ် တလျောက်တို့၌ ပိတ်ဆို့မှု ဟူသမျှကို ဟွန်းကန် ဖျက်ဆီးတတ်သောကြောင့် အကြောတက်, အညောင်း, ခြေလက်တုတ်ဆွဲခြင်း, အကိုက်အခဲ ရောဂါတို့၌ များစွာ အကျိုးပြု၏၊ ဧတုမဓူနှင့် ရောစပ်၍ နားတာရှည်ဖျား, အဖျားအိုတို့၌ စားသုံးကြ၏၊ ထိုကဲ့သို့ တွဲစပ် ပြုပြင်ပြီးလျှင် နေ့စဉ် အနည်းငယ် အမြဲ စားသွားသည်ရှိသော် ချွေးသံများ ရပြီးလျှင် အပူ အအေးကို ခံနိုင်၏၊ ကျန်းမာ၏၊ အသက်ရှည်ဆေး အဖြစ်ဖြင့် အကျိုးပြု၏။

---

# ကြိုးပေါင်း

| | | | |
|---|---|---|---|
| သက္ကတ | वन्दा | လက်တင် | Viscum Album |
| ဟိန္ဒီ | बांदा | အင်္ဂလိပ် | Mistletoe |

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အခြား သစ်ပင် တခုခုကို မှီ၍ တွယ်တက်တတ်သော အပင်မျိုး ဖြစ်၏၊ မိမိ မှီရာ သစ်ပင်မှ တဆင့် ရသဩဇာကို စုတ်ယူ၍ အသက်ရှင်ရ၏၊ ၎င်းအပင်၏

---

* နွယ်သေး, နွယ်ကြီး အနေဖြင့် အကြီး အငယ် ၂-မျိုး ရှိ၏၊ မှီတွယ်စရာ မရှိလျှင် နွယ်အဖြစ်ဖြင့် မတက်ဘဲ ချုံအဖြစ်ဖြင့် ဖွဲ့စည်း၍ တည်နေ၏။

...ပိုင်း အားလုံးသည် စိမ်း၍ အခက်အလက်မှာ များ၏၊ အရွက်မှာ ထူ၍ အစိမ်း ... ဖြစ်၏၊ အရွက် ၂-ရွက်ဆိုင် ထွက်၏၊ အသီးမှာ ကုလားအိုးကဲ့သို့ မျက်နှာဝသည် ... နူးညံ့၏၊ အရောင် ရေယှက်နေ၏၊ အသီးတိုင်းမှာ ဘိန်းစေ့များ ကဲ့သို့ အစေ့ ...များ ရှိ၏။

...ရသာ နှင့် အကျိုးသွား။ ။ ခါး, ဖန်, ချို၏၊ အေး၏၊ ကြေကျက်သောအခါ (...) ၌ စပ်၏။

ဂုဏ် နှင့် စွမ်းရည်။ ။ မင်္ဂလာကို ပြုတတ်၏၊ နူးညံ့စွာ ဝမ်းသွားစေ၏၊ အားကို ...တတ်၏၊ သုက်သွေးကို ပွားစေတတ်၏၊ သလိပ်, သည်းခြေကို ငြိမ်းစေ၏၊ ၎င်းပြင် သွေး ...ခြင်း, ရက္ခိုသ်ဖမ်းစားခြင်း, အနာပေါက်, အဆိပ်, ခယရုဂ်, ပန်းနာ, အရှုးရောဂါ ... မပျောက်ကင်းစေတတ်၏။

မှတ်ချက်။ ။ ကျိုးပေါင်းသည် အမျိုးများ၏၊ မိမိ မှီတွယ်ကပ်ပေါက်ရာ အပင်ကို အစွဲပြု၍ ကျိုးပေါင်း၏ အမည်တို့သည်လည်း အမျိုးမျိုး ကွဲပြားကုန်၏၊ အချို့ ကျိုးပေါင်းတို့သည် တမျိုးတည်း ဖြစ်ပါလျက် အပင် အမျိုးမျိုး၌လည်း ပေါက်တတ်၏၊ ဥပမာ — မန်ကျည်းပင်၌ ပေါက်သော ကျိုးပေါင်းသည် အခြား သရက်ပင် စသည် တို့၌လည်း ပေါက်ရောက်နိုင်၏၊ ဤ၌ ဖေါ်ပြသော ကျိုးပေါင်းသည် အမျိုးတမျိုး ဖြစ်၏၊ ၎င်းကို ပုံပြပါ အတိုင်း မှတ်ယူအပ်၏၊ ကျိုးပေါင်း ဟု ပြန်ဆိုထားသည့် အလျောက် မြင်မြင်သမျှ ကျိုးပေါင်းကို မယူရ၊ သုဝဏ္ဏ - သဒ္ဒါနှင့် တွဲစပ်၍ အမည်ပေးထားသော ကြောင့် ရွှေကျိုးပေါင်း ဟူ၍ တိုက်ရိုက် အနက် အနေဖြင့် ခေါ်ဆိုနိုင်၏၊ အသီးကို ပုလဲဟော မုတ္တသဒ္ဒါနှင့် တွဲ၍ ခေါ်ထားခြင်းကြောင့် ပုလဲရောင်သီးသော အသီး ဟု ခေါ်ထားကြခြင်း ဖြစ်၏။

---

# ကျီးအာသီး

| | |
|---|---|
| သက္ကတ | महाकाल |
| ဟိန္ဒီ | लाल इन्द्रयन |
| လက်တင် | Trichosanthes palmata |

ပုံသဏ္ဌာန်။ ။ ၎င်းအပင်သည် နှစ်ရှည်ခံ နွယ်မျိုးဖြစ်၏၊ သစ်ပင်ကြီးများ၌ နွယ် ...တတ်၏၊ အရွက်မှာ ၃-လက်မမှ ၆-လက်မ အထိ ရှည်၏၊ အရွက်စွန်းမှာ များသော အား ... ၃-စွန်း ရှိ၏၊ ၇-စွန်း အထိ ရှိသည်ကိုလည်း တွေ့ရ၏၊ အပွင့်ဖြူ၏၊ အဖို, အမ ဟူ၍ ကွဲပြား ... အသီးမှာ မရင့်မီ စိမ်းရောင် ရှိ၏၊ ရင့်သောအခါ ဝါ၏၊ မှည့်သောအခါနီ၏၊ အသီးပေါ် ... လိမ္မော်ရောင် အရေးအကြောင်း ၁၀-ခုမျှ ရှိ၏၊ အသီး၏ အသားနှစ်မှာ မဲရောင်သန်း၍ ...၏၊ အစေ့သည် လွန်စွာ များ၏၊ အသီးလုံးသည် "သီး" သီးခန့် ရှိ၏၊ ၎င်း၏ အမြစ်သည် ...တွင်းသို့ နက်ရှိုင်းစွာ သွား၍ မြစ်ဥပေါင်း များစွာ ဆက်စပ်လျက် ပေါက်၏။

**အရသာ နှင့် အကျိုးသွား။** ။ များသောအားဖြင့် အသီးကို အသုံးပြု၏၊ ဝါ
ေအး၏၊ ဝိပါက (ကြေကျက်သောအခါ) ၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝမ်းသက်စေ၏၊ အန်စေ၏၊ လေကို ဖေါက်ပြန်စေ၏၊ သ
သည်းခြေကို နိုင်၏၊ ဖေါရောင်, အဆိပ်သင့်, သွေးဖေါက်ပြန်, ဝါသင့်နာတို့ကို ပျောက်
စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သလိပ်ကြေ။** ။ ကျ ီးအာမြင်ကို သွေး၍ လျှာတွင် ပွတ်ပေးလျှင် တခဏ
အော့အန်၏၊ တခဏချင်းပင် သလိပ်ကို ကြေစေ၏၊ ၎င်း၏ အမြစ်သက်သက် အမှုန့်ကို
ခတ်နာရောဂါ၌ ရှူရ၏။

**နားတွင်းနာ။** ။ ၎င်းအသီးကို ကြိတ်၍ အုန်းဆီနှင့် ရောပြီး မီးပူပူနှင့် ထည့်
သော် အနာကျက်၍ အသားနု တက်စေ၏၊ နားပြည်ယိုရာ၌လည်း ကြက်တောင်နှင့် ကျပ်
ရ၏။

**ဆီးအောင့်နာ။** ။ ၎င်း၏ အမြစ်ကို နနွင်းတက်, ကြစုသီး, သစ်ဆိမ့်သီး, ဆီး
သီး နှင့် အသီးသီး အညီအမျှ ချိန်၍ အမှုန့်ကြမ်းထောင်းလျက် ဥကို ပြုတ်ပါ၊ ၎င်းအရည်
ပျားရည်နှင့် ရောသောက်သော် ဆီးအောင့်နာ ပျောက်ကင်း၏။

**ပန်းနာ ရင်ကျပ်။** ။ ၎င်း၏ အသီးခြောက်ကို ချေ၍ ဆေးလိပ်, ဆေးတံတွင် ထ
သောက်ခဲ့သော် ပန်းနာ, ရင်ကျပ် ပျောက်ကင်း၏။

**မှတ်ချက်။** ။ ဖေါပြပါကျ ီးအာသည် "ရတ္တဖလာ" ဟူသည့် အတိုင်း မှည့်သေ
အခါ အသီးနီကြီးများ သီးသော အပင်မျိုးကို ရည်ရွယ်၍ ဖွင့်ပြထားသော အဖွင့်ဖြ
၏၊ မြန်မာတို့သည် ၎င်း၏ အရွက်သဏ္ဌာန်ကို ကြည့်၍ "ကျ ီးအာလက်ခြား" "ကျ
အာရွက်ချွန်း" ဟူ၍ ခေါ်ဝေါ်ကြ၏၊ ရွက်ညွန့်များကို ဟင်းချို, ဟင်းခါး အဖြ
ချက်သောက်ကြ၏၊ အသုတ်လည်း ပြုလုပ် စားကြ၏။

---

## ကျူ (အလိုကျူ)

| | | | |
|---|---|---|---|
| သက္ကတ | त्रिभीषण | လက်တင် | Arundo donax |
| ဟိန္ဒီ | नरसल | အင်္ဂလိပ် | Giant Reed |

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ရေစပ်၌ ပေါက်လေ့ရှိ၏၊ အရွက်မှာ ကြံရွက်နှင့် တူ၏၊
ကြံပင်ထက် ၂-ဆလောက် မြင့်၏၊ ပင်စည်မှာ ဝါးပင်ကဲ့သို့ အဆစ်အငေါင်း ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အေး၏၊ ခါး၏၊ ချို၏၊ ပန်၏၊ ဝမ်းမီးကို တောက်စေ၏။

၏၊ ခါ
၏၊ သ
ပျောက်
တဏေ
မှုနှ်ကို
ှ် ထည့်
ှ် ကျပ်
ီး, ဆီ
င်းအရည်
်တွင် ထ
မှည့်သေ
အဖွင့်
" "ကျ
ါး အ
်နှင့် တူ၏
ာက်စေ၏။




ကျေးမြီးဖို(သာလပဏ္ဏိ)

DESMODIUM GANGETICUM

शाल पर्णी





ကျေးမြီးဖို (သာလပဏ္ဏိ)
DESMODIUM GANGETICUM
शालपर्णी

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ် နှင့် သည်းခြေကို ပယ်တတ်၏၊ သွေးဖေါက်ပြန်ခြင်းကို ပျောက်ကင်းစေတတ်၏၊ နှလုံး, ဆီးအိမ်, ယောနိတို့၌ ပူခြင်း, နာကျင် ကိုက်ခဲခြင်း, ရေယုန်ရောဂါ, ရတ္တပိတ်နာ တို့ကို ပျောက်ကင်းစေတတ်၏၊ နူတ်မြိန်စေတတ်၏၊ သုက်ပွားစေတတ်၏၊ ဆီးကို စင်ကြယ်စေ၏၊ ၎င်းသည် ပန်းနာ, လေကျပ် ရောဂါ၌ များစွာ အသုံးဝင်၏၊ သလိပ်ကို ထုတ်စေလျက် အသက်ရှူ အားရှိအောင် ဖြစ်စေနိုင်၏။

**မှတ်ချက်။** ။ ကျူသည် ကျူသေး, ကျူကြီး ဟူ၍ ၂-မျိုး ရှိ၏၊ ၂-မျိုးလုံးပင်လျှင် အခေါင်း ရှိ၏၊ အကြီး နှင့် အသေးတွင် အကြီး၌ အဆစ်ကျဲ၍ အသေး၌ အဆစ်စိပ်သည်၊ အကြီးမျိုးကို အလိုကျူ ဟု ခေါ်သည်၊ မှန်၏၊ နိဃဏ္ဍုကျမ်းတို့၌ အလိုကျူကို "မဟာနာဠ" အပေါက် အခေါင်း ကြီးကျယ်၍ ရှည်သော ကျူ ဟု အဓိပ္ပါယ်ရသည်၊ အခေါင်းပိတ်သော ကျူတမျိုး ရှိသေး၏၊ ၎င်းကို မြန်မာတို့က ကျူးနားပင်း ဟု ခေါ်ကြ၏၊ ဆေးအဘိဓာန်တို့၌ကား မတွေ့ရပေ။

---

# ကျေးမြီးနီပင်

ဟိန္ဒီ बड़ा सलपान

လက်တင် Flemingia Congesta

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ ဖြောင့်ဖြောင့် တက်တတ်၏၊ ချုံသဘော ရှိ၏၊ မိုးရာသီ၏ နောက်ပိုင်းမှာ ပေါက်တတ်၏၊ အရွက်သည် အစိမ်းရင့်ရောင် ဖြစ်၏၊ ထောက်ပ၏၊ သုံးရွက် ထွက်တတ်၏၊ အပွင့်သည် နီကြောင်ကြောင် ရှိ၏၊ အသီးတိုင်းတွင် အစေ့တစေ့ ရှိ၏၊ လုံး၏၊ မဲ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာပေါက်ရောဂါ။** ။ အမြစ်ကို လိမ်းဆေး ပြုလုပ်၍ အနာပေါက် လည်ပင်းရောင်ခြင်းတို့၌ အသုံးပြုရ၏။

---

# ကျေးမြီးဖို (သာလပဏ္ဏိ)

သက္ကတ सालपर्णी (शालपर्णी)

ဟိန္ဒီ सरिवन

လက်တင် Desmodium gangeticum

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ မိုးရာသီတွင် များစွာ တွေ့တတ်၏၊ ၃-ပေမှ ပေ အထိ မြင့်တတ်၏၊ အရွက်သည် ချွန်၏၊ ရှည်၏၊ မြင်းနားနှင့် တူ၏၊ သုံးရွက်ဆိုင် ထွက်၏၊

အလည်ရွက်သည် ပို၍ ရှည်လျားၡ၏၊ ကြေးမြီးသဏ္ဌာန်နှင့် တူသောကြောင့် ဤကဲ့သို့ ခေါ်ဟန် ရှိ၏၊ "လောက်သေပင်" ဟု ခေါ်သော "မဟာကာလုန်တင်" မျိုးလည်း ရှိသေး၏၊ ၎င်းကို လည်း "သာလပဒ္ဓိ" ၌ ယူရန် ပုံပြထား၏၊ "မဟာကာလုန်တင်" မှာ သံလျက်ပုံသဏ္ဌာန်ကဲ့သို့ အရွက်ကို တွေ့ရသည်၊ အရွက်၏ အရင်းတွင် အရွက်ညှာ အထစ်အခံ ရှိသောမျိုး နှင့် မရှိသောမျိုး ဟူ၍ ၂-မျိုး ကွဲပြားခြင်း ဖြစ်၏၊ ဤစာအုပ်တွင် ပါသော ပုံသည် အရွက်ရင်းတွင် ရွက်ဆင့်ငယ် မပါသောမျိုး ဖြစ်၏၊ ရွက်ရင်း၌ ရွက်ဆင့်ငယ် ပါသော လုန်ကဲ့သို့သော အပင်မျိုးကို "ရွှေဂူ သံလျက်" ဟူ၍၎င်း "မဟာကာလုန်တင်" ဟူ၍၎င်း ခေါ်ကြသည်၊ ပဉ္စမူလ ဆေးဘက်ငါးမျိုး တွင် ဤ "သာလပဒ္ဓိ" သည် ပါ၏၊ အချို့သူတို့သည် "နွားမနီ သံလျက်ကြီး, ငယ်" ကို ယူ ရမည်ဟု မှားယွင်းစွာ ဆုံးဖြတ်ကြ၏၊ အပွင့်သည် ခရမ်းရောင်သန်း၍ နှင်းဆီရောင် ရှိ၏၊ အပွင့် ငယ်၏၊ အသီးသည် ပါး၏၊ ပြားသော သဏ္ဌာန် ရှိ၏၊ ချွန်၏၊ အဆစ်အဆစ် ရှိ၏၊ ၃-လက်မ တမတ်ခန့် အရှည်ရှိ၏၊ အသီးတောင့် တအိမ်လျှင် အစေ့ တစေ့သာ ပါရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ချို၏၊ ပူ၏၊ ကြေကျက်ခဲ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဒေါသ သုံးပါးကို နိုင်၏၊ အသက်ကို ရှည်စေ၏၊ ကာမကို အားပေး၏၊ ပိုးကို ပယ်တတ်၏၊ အဆီကို တိုးပွားစေ၏၊ အူတို့ကို တွန့်ရှုံ့စေတတ်၏၊ အဖျား ရောဂါ, အဖျားရောဂါကြောင့် ဖြစ်သော စိတ်မသက်သာမှု, လေရောဂါ, မြင်းသရိုက်, တုလာ သရောရောဂါ, ဖေါရောင်ခြင်း, ပန်းနာ, ချောင်းဆိုး, ရေငတ်, အန်ခြင်း စသည် တို့ကို ပျောက် ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း


**မီးယပ်ရောဂါ။** ။ ၎င်း၏ အရွက်ကို ပြုတ်၍ ပြုတ်ကောင်းနှင့် တိုက်သော် သွေး သား စင်ကြယ်စေ၏။

**အဖျားရောဂါ။** ။ ၎င်းအမြစ်ကို ဆေးခါးကြီးနှင့် ကျို၍ တိုက်သော် အဖျားရောဂါ ပျောက်ကင်း၏။

**ကိုယ်ဝန် သားသေ။** ။ ဝမ်းတွင်း၌ ကိုယ်ဝန် သေ၍ မကျဆင်းခဲ့သော် ၎င်းအရွက် ကို ထုထောင်းချေ၍ ချက်, ဆီးအိမ်, ဝစ္စမဂ်တို့၌ လိမ်းကျံပေးလျှင် ကိုယ်ဝန်သည် မကြာမီ ကျဆင်း၏။

**သလိပ်ရောင်ရောဂါ။** ။ သလိပ်ဒေါသ ဖျက်ဆီးပြီးလျှင် အရေပြား ရောဂါ၌ ရောင်ရမ်းလာ၏၊ ထိုရောဂါမျိုး၌ ၎င်းအရွက်ကို သုံးနိုင်၏။

**မှတ်ချက်။** ။ ၎င်းသည် နေရာမရွေး ပေါက်တတ်ပြီး ရလွယ်သော အပင် ဖြစ်၍ ပေါ များပြားလည်း သုံးစားသော သူတို့အတွက် လွန်စွာ အကျိုးပြုသော အဘိုးတန်ဆေး ပင် တခု ဖြစ်၏၊ အမြဲ သုံးစွဲခဲ့သော် လူလည်း ကျန်းမာပြီး ပိုးကြောင့် ဖြစ်သော ရောဂါ အထွေထွေသည်း ကင်း၍ အသက်ရှည်ဆေး အပင် ဖြစ်၏၊ ထို့ကြောင့် ၎င်းကို ရသာယနပင် ဟု ဆရာမြတ်တို့ ခေါ်ကြကုန်၏၊ ၎င်းကို စင်ကြယ် သန့်ရှင်းစွာ ယူ၍ နုတ်နုတ်စင်း




ကျေးမြီးမ(ပြိုဿပဍ္ဎိ)

URARIA PICTA

पृश्निपर्णी

ပြီးလျှင် အရိပ်တွင် သွေ့အောင် လုပ်ပါ၊ ၎င်းကို လဘက်ခြောက် အစား ခတ်၍ ရှေးသူဟောင်းတို့ သုံးစွဲကြသည်ကို ရှက်ပေါင်းဆေး, ဆေးလဘက်ခြောက် ဟု အမည်မှည့်လျက် သုံးစွဲကြသည်ကို တွေ့ရသည်၊ ထိုသူတို့၏ ကျန်းမာစွာ နှင့် အသက်ရှည် နေကြသည်ကိုလည်း တွေ့ရသဖြင့် ရသာယန (အသက်ရှည်ပင်) ဟု ရှေးက ခေါ်တွင်ခဲ့ကြခြင်းသည် လွန်စွာ မှန်သဖြင့် နည်းယူမှတ်သား၍ သုံးစွဲသင့်ပေသည်။

---

# ကျေးမြီးမ ( ပြိဿပဏ္ဏိ )

သက္ကတ पृश्निपर्णी
ဟိန္ဒီ पिठवन
လက်တင် Uraria picta

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ ၂-ပေခွဲခန့် မြင့်၏၊ အကိုင်း များစွာ မြေကွင်ပြန့်သွား၏၊ အပွင့်သည် လုံး၏၊ ဖြူ၏၊ အသီးသည် ပြား၏၊ ကောက်၏၊ ၁-လက်မခန့် ရှည်၏၊ အရွက်သည် ၁-လက်မမှ ၂-လက်မခွဲခန့် အထိ ရှည်၏၊ အရွက်၏ ကျောဘက်တွင် ကတ္တီပါမွေးနုများရှိ၏၊ "ကျေးမြီးငယ်" ဟု ခေါ်ကြ၏၊ ၎င်းကို "ပြိဿပဏ္ဏိ=ကျေးမြီးမ" ဟု မှတ်ယူအပ်၏၊ ဤ၌ အခြားသော တမျိုးကိုလည်း ယူသေး၏၊ ၎င်း၏ အပင် အမြင့်မှာ ၂-ပေမှ ၃-ပေ အထိ မြင့်၏၊ ၃-ရွက် ထွက်၏၊ ရွက်တိုင်း၏ အညှာနံ့ဖျားမှ အပွင့် ထွက်၏၊ အပွင့်မှာ ရှင့်မြီးကဲ့သို့ စုတ်ဖွားဖွား ရှိ၏၊ မွန်ဘိုသည် ၎င်းကို "ဟာခတာ့ပရက် (ရှင့်မြီးပင်)" ဟု ခေါ်ကြ၏၊ ဆေးကျမ်းတို့၌ကား ၎င်း၏ အမည်ကို ဖော်ပြရာတွင် "သီဟပုစ္ဆ" ဟု ပါရှိ၏၊ ခြသေ့်မြီးပင် ဟု အဓိပ္ပါယ်ရသည်၊ ရှမ်းပြည်နယ် တလျှောက်၌ လွန်စွာ ပေါက်၏၊ ၎င်းတို့သည် "ကျားချေးပင်" ဟု ခေါ်ကြသည်၊ ဤသို့လျှင် "ပြိဿပဏ္ဏိ" ၌ ယူရန် အပင် ၂-မျိုးကို နိဃဏ္ဍု ဆရာတို့သည် ဖော်ပြထားကြသည်။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ခါး၏၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆီးဝမ်းကို ရှင်စေ၏၊ သုက်သွေးကို ပွားစေ၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏၊ ပူခြင်း, အဖျား, ပန်းနာ, သွေးဝမ်း, ရေငတ်, အန်ခြင်း, ဝမ်းသက်, ချောင်းဆိုး, ပါဒရက်, အရှူး, အနာပေါက် စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ လူကို ဝစေ၏၊ သလိပ်ကို ပို၍ နိုင်၏၊ သားဖွား မီးယပ်နှင့် ဆိုင်ရာတို့၌ လွန်စွာ အသုံးဝင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သားဖွားရာတွင်။** ။ ၎င်းသည် မြစ်ခြင်းပြီးမျိုး ဖြစ်၍ တမျိုးထည်း ပင်လျှင် ရောဂါအမျိုးမျိုးတို့၌ နိုင်၏၊ "သုဿုတသံဟိတာကျမ်းဆရာ" ဖော်ပြထားသည်မှာ ထိုအပင်ကို နွားနို့ နှင့် ရော၍ ကိုယ်ဝန်ဆောင်မအား ၇-လမြောက်၌ တိုက်ကျွေးခဲ့သော် ချမ်းသာစွာ ကိုယ်ဝန်ကို ဖွားနိုင်ကြောင်း ဖော်ပြထား၏။

**ကင်းဆိပ်သင့်ရာတွင်။** ။ "စရကသံဟိတာဆရာ" ကမူ ကင်းဆိပ် စသည် သင့်ရာ၌ လိမ်းကျံပေးခဲ့သော် လွန်စွာ အကျိုးများကြောင်း ဖော်ပြထား၏။

---

# ကျောက်ထင်းရှူး

သက္ကတ तालीसपत्र လက်တင် Abies webbiana
ဟိန္ဒီ तालीसपत्र အင်္ဂလိပ် Himalayan Silver Fir

**ပုံသဏ္ဍာန်။** ။ (၁) ၎င်းသည် အပင်ကြီးမျိုး ဖြစ်၍ အရွက်၏ အနံသည် ၁/၁၆ (တလက်မ၏ ဆယ်ပုံတပုံ) ကျယ်၍ အလျားမှာ ၁-လက်မမှ ၁-လက်မခွဲ အထိ ရှိ၏၊ အရွက်မှာ ချွန်း၏၊ အပေါ်ဘက် မျက်နှာမှာ အစိမ်းရင့်ရောင် ဖြစ်၍ အောက်မျက်နှာမှာ အဝါဖျော့ရောင် ရှိ၏၊ အရွက်ညှာတံမှာ သေးငယ်၏၊ အသီး၏ အခွံမှာ နီရောင် ရှိ၍ အတွင်းရှိ အစေ့မှာ ဝါရောင် ရှိ၏။

(၂) အခြား တမျိုးမှာ အပင်သည် အလွန် မြင့်၏၊ အကိုင်း အခက်များ မြေသို့ ညွှတ်ကျ၏၊ အပင် ငယ်၏၊ အခေါက်သည် ပိုးကဲ့သို့ ချောမွတ်၏၊ ဖြူ၏၊ အရွက် ၁/၈ (၈-ပုံ တပုံ လက်မ) ကျယ်၍ ၁-လက်မမှ ၃-လက်မ အထိ ရှည်၏၊ အရွက်၏ အပေါ်ဘက်သည် အစိမ်းရင့်ရောင် ဖြစ်၍ အမြဲ စိမ်းလန်းနေ၏၊ နှစ်မျိုးလုံးကို ဆရာမြတ်တို့ အသုံးပြုကြကုန်၏။


(၃) အခြား တမျိုးလည်း ရှိသေး၏၊ ၎င်းသည် အပင်ငယ် ချုံမျိုး နှင့် အပင်လတ်မျိုးဟူ၍ ၂-မျိုး ရှိ၏၊ အပင် ငယ်၏၊ သဏ္ဍာန်မှာ အမြင့်သည် ၁-ပေမှ ၂-ပေခွဲ အထိ ရှိ၏၊ အရွက်မှာ တရွက်ချင်း ထွက်၏၊ အရွက်၏ အောက်ပိုင်းမှာ ညိုရောင် ရှိ၍ အပေါ်ဘက် မျက်နှာသည် ချော၏၊ အပွင့်မှာ အနည်းငယ် ဝါရောင်သန်း၏၊ ထိုအပင်ကို လက်တင်လို Rhododen ခေါ်၍ ပန်ဂျပ်ပြည်နယ်ရှိ ဆရာများ အသုံးပြုများသောကြောင့် "ပန်ချာပီ တာလီသပတြ" ဟု ဟိန္ဒီလို ခေါ်၏၊ ဤသို့လျှင် တာလီသပတ္တ ၃-မျိုး ရှိကြောင်း မှတ်ယူရာ၏။

**အရသာ နှင့် အကျိုးသွား။** ။များသောအားဖြင့် အရွက်ကို သုံး၏၊ ချိုခါး၏၊ ပူ၏၊ ဝိပါကဌ် ချို၏၊ ကြေကျက်လွယ်၏၊ ဝမ်းမီးကို တောက်စေ၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်မြက်၏၊ အသံကို ထိန်းသိမ်းတတ်၏၊ အသံကို ကောင်းစေ၏၊ နှလုံးကို အကျိုးပြု၏၊ ချောင်းဆိုး, ပန်းနာ, ခယရောဂါ, ဂူလုံး, နှတ်မမြိန်, သွေးဖောက်ပြန်, အန်ခြင်း, ဝမ်းမီးနည်း, ခံတွင်းရောဂါများကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း


ကျောက်ထင်းရှူးကို ဗိန္ဒောဆရာမြတ်တို့ အသုံးပြုကြသည့် အတိုင်း ကျမ်းတကာမှ ထုတ်နှုတ် ဖော်ပြပေအံ့။




(၁) ကျောက်ထင်းရှူး

ABIES WEBBIANA

टालीसपत्र



ကျောက်ထင်းရှူး

**TAXUS BACCATA**

तालीसपत्र

ရင်ကျပ်, ပန်းနာ, ကြက်ညှာ, ချောင်းဆိုး ရောဂါတို့၌ ကျောက်ထင်းရှူးကို ထူးခြားစွာ အသုံးပြု၏၊ ၎င်းအရွက် နှင့် အသီးကို ဥတုသွေး မှန်စေခြင်း, စိတ်နှလုံး အေးမြစေခြင်း, လေဆင်ဦးစီး ရောဂါတို့၌ အသုံးပြုရ၏၊ အတိသာရဝမ်းရောဂါ နှင့် သည်းခြေနာ, အကြောအားနည်းသော ရောဂါ, အားအင် ကုန်ခမ်းသော ရောဂါ, ခေါင်းကိုက်ခြင်း စသော ရောဂါတို့၌ ၎င်း၏ အပင်မှ ထွက်သော အစေးကို အသုံးပြုရ၏၊ ဝက်ရူးနာ နှင့် ကြာမြင့်စွာ စွဲနေသော အပူနာတို့၌ ၎င်း၏ အရွက်ကို အသုံးပြုကြ၏၊ အချို့ ဆရာကြီးတို့ကမူ ၎င်း၏ အမြစ်ကို မွေးရှူးကိုက် ရောဂါတို့၌ အသုံးပြုကြ၏၊ မြွေကိုက်ရာတို့၌လည်း ကျောက်ထင်းရှူးကိုပင် အသုံးပြုကြောင်း "ဝဗ္ဘဋ္ဌကျမ်း" "သုဿုတသံဟိတာကျမ်း" တို့၌ ဖော်ပြထားသည်ကို တွေ့ရ၏။

**မှတ်ချက်။** ။ တာလီသပတ္တ-ကို မြန်မာပြန်ကျမ်းတို့၌ "ပန်းညို" ဟု ပြန်ထားကြသည်ကို တွေ့ရ၏၊ ၎င်း၏ အဖွင့်ကျမ်းများနှင့် မညီညွတ်သဖြင့် ကျွန်ုပ်တို့သည် သံသယ များစွာ ဖြစ်နေခဲ့ကြရ၏၊ ၎င်း၏ အမည်မှန်ကို မပြန်ဆိုနိုင်သေးမီ ရှေးဦးစွာ ပြန်ဆိုရေးသားခဲ့သော ဆေးကျမ်းတို့၌ အချို့နေရာတွင် ရှေးပြန်ဆိုချက်သို့ လိုက်၍ "ပန်းညို" ဟု ပြန်ဆိုခဲ့မိ၏၊ သဘောမကျလွန်းသဖြင့် အချို့နေရာ၌ တာလီသပတ္တ-ဟု ပုဒ်ရင်း အတိုင်း ထည့်ထားခဲ့၏၊ မှားယွင်းစွာ ပြန်ဆိုခဲ့သော နေရာ မပြန်ဆိုဘဲ ချန်ထားခဲ့သော နေရာတို့ကို တွေ့ရှိပါက ဖော်ပြခဲ့သည့်အတိုင်း အနက်မှန်ကို ယူကြကုန်ရာ၏။

---

# ကျောက်ပန်းမွှေး

| | | | |
|---|---|---|---|
| သက္ကတ | शिला पुष्प | လက်တင် | Parmelia Perforata |
| ဟိန္ဒီ | शेलवेला | အင်္ဂလိပ် | Stone flowers |

**ပုံသဏ္ဌာန်။** ။ တောင်ရှိ ကျောက်တို့၌ ဖြစ်၏၊ စိမ်းလန်းသော သစ်ပင်တို့၌လည်း ဖြစ်တတ်၏၊ ခြောက်သွေ့သောအခါ ၎င်းအပင်၏ အပေါ်မျက်နှာသည် ညိုမဲ၍ အောက်ဖက်သည် ဖြူ၏၊ လတ်ဆတ်၍ အနံ့ရှိစဉ်တွင် ဆေးဘက်၌ ထည့်၍ သုံးရ၏၊ ၎င်းသည် နေရာမရွေး ပေါက်ရောက်တတ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စင်္ဂါးပါးလုံးကို သုံးရ၏၊ ခါးသော အရသာ ရှိ၍ ပျော့ အေး၏၊ ကြေကျက်သောအခါ စပ်ရှားရှား ရှိ၏၊ ခါးသက်သက် ဖန်သော အရသာ ရှိ၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ် သည်းခြေကို ပယ်တတ်၏၊ ကြေကျက်လွယ်၏၊ နှလုံးကို အကျိုးပြု၏၊ ရေငတ်ပြေ၏၊ ယားယံခြင်း, နူနာ, အော့အန်, လေနာ, ကျောက်တည်, မရေတော်ခြင်း, ပန်းနာ, အနာပေါက်, သွေးမြင်းသရိုက် ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊

အပူ, အဆိပ်, ပျို့အန်, ဝစ္စမဂ်မှ သွေးယိုစီးသော အနာ, သွေးဖေါက်ပြန်သော သေးရောဂါကို နိုင်၏၊ ဆီးကိုလည်း ပွားစေ၏၊ အပွင့်ကို သွေး၍ ခေါင်း၌ လူးလျှင် ခေါင်းကိုက် ပျောက်၏၊ ဦးခေါင်း အေး၏၊ အချို့ အုန်းဆီထဲတွင် စိမ်၍ ဦးခေါင်း၌ လိမ်းကြ၏။

---

# ကျောက်ဖရုံသီး

| | | | |
|---|---|---|---|
| **သက္ကတ** | **श्वेत कुष्मांड** | **လက်တင်** | Benincasa Cerifera |
| **ဟိန္ဒီ** | **पेठा** | **အင်္ဂလိပ်** | White gourd melon |

**ပုံသဏ္ဌာန်။** ။ ကျောက်ဖရုံသည် အချိုမျိုး အခါးမျိုး ရှိ၏၊ အခါးမျိုးသည် အချိုမျိုးထက် သေး၏၊ အချိုမျိုးထဲမှ ထွန်းပြီး ခါးသော အခါး မျိုးလည်း ရှိသေး၏၊ ၎င်းကို မဆိုလိုပါ၊ ဝက်ဖရုံ ဟူ၍လည်း ရှိသေး၏၊ ၎င်းအသီး အဆံဖြင့် အင်္ဂလိပ်ဆေးတွင် ဆေးဒန်းဖမ်းကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အများအားဖြင့် အသီးကို သုံးရ၏၊ ချို၏ (အမှည့်)၊ အနည်းငယ် ငန်၏၊ အေး၏ (အစိမ်း)၊ အနည်းငယ် အေး၏ (အမှည့်)၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အားကို တိုးပွားစေ၏၊ သုက်ကို တိုးပွားစေ၏၊ ကြေကျက်ခဲ၏၊ မှည့်သော အသီးသည် ဝမ်းမီးကို တောက်စေ၏၊ ကြေကျက်လွယ်၏၊ ဆီးအိမ်ကို သုတ်သင်တတ်၏၊ သည်းခြေကို နိုင်၏၊ အရူး, သွေး, လေ, ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ချောင်းဆိုး ရင်ကျပ်။** ။ ကျောက်ဖရုံမြစ် အမှုန့်ကို ရေနွေးနှင့် သောက်လျှင် ကြောက်မက်ဘွယ် ကောင်းသော ချောင်းဆိုးရောဂါ နှင့် ပန်းနာ ရင်ကျပ် ရောဂါ ပျောက်ကင်း၏။

**ကာလဝမ်းရောဂါ။** ။ ကျောက်ဖရုံပွင့် ၃-မူးသားကို ကြိတ်၍ ကျွေးခဲ့သော် ကာလဝမ်းရောဂါ ပျောက်ကင်း၏။

**ပိုးရောဂါ။** ။ ၎င်းကျောက်ဖရုံစေ့ ၅-မတ်သားကို ကြိတ်ပြီးနောက် ဆီနှင့် ဖျော်သောက်စေ၍ အချိန် အနည်းငယ် ကြာသောအခါ နူးညံ့သော ဝမ်းနှုတ်ဆေးကို ပေးသည် ရှိသော် ဝမ်းတွင်းရှိ ပိုးများ ကျဆင်းလာလိမ့်မည်။

**သွေးအန် သွေးကျ။** ။ ကျောက်ဖရုံသီး၏ သတ္တုရည်ကို သောက်လျှင် သွေးယိုစီးခြင်း, သွေးအန် သွေးကျ ရောဂါများ ပျောက်ကင်း၏။

**ကျောက်တည် ဆီးအောင့်။** ။ ကျောက်ဖရုံသီး သတ္တုရည် ၀ိ-သားတွင် ရှိန်းခိုနှင့် [illegible]အား ကနုည်းငယ် ထည့်ရော၍ သောက်ခဲ့သော် ဆီးအိမ်ရောင်ခြင်း, ဆီးအောင့်ခြင်း [illegible] ရောဂါတို့ ပျောက်ကင်းလိမ့်မည်။

**ဝက်ရူးနာ။** ။ ကျောက်ဖရုံသီး သတ္တုရည် ၁၀-သားတွင် ထောပတ် ၁၀-သား [illegible] ၁၀-သား တို့ကို အိုးတခုတွင် ထည့်ရော၍ မီးညှင်းညှင်းဖြင့် ချက်ပါ၊ ၁၀-သားကျန် [illegible]မှ ချ၍ ဝက်ရူးနာ ရှိသောသူအား ၃-ခွက်စာ ပြု၍ တိုက်ပါက လျင်စွာ ပျောက် [illegible]။

**အရူး နှင့် လေရောဂါ။** ။ ကျောက်ဖရုံသီး အစိမ်း၏ သတ္တုရည် ၁၀-သားတွင် ကုံကုမံ [illegible]အား, သကြား ၈-သားတို့ကို ရောဖျော်ပြီး ၃-ခွက်စာ ပြု၍ တိုက်ခဲ့သော် အရူးရောဂါ, [illegible] နှင့် လေနာတို့ကို ပျောက်ကင်းစေနိုင်၏။

**အရူးရောဂါ။** ။ ရူးသော လူနာသည် မျက်စိနီခြင်း, သွေးကြောများ ထကြွခြင်း, [illegible]အား ရန်လိုခြင်း စသည်ဖြင့် အလွန် ထကြွ သောင်းကျန်းနေခဲ့သော် ကျောက်ဖရုံသီး [illegible]ကို တိုက်ပါက လူနာသည် ငြိမ်သက်၍ အိပ်ပျော်သွားလိမ့်မည်၊ သို့သော် ကျောက်ဖရုံသီး [illegible] ၄၀-သား, ထောပတ်, ရှားစောင်းလက်ပတ် သတ္တုရည်, လင်းနေ့, မြင်းခွာရွက် တို့ကို [illegible] တိုက်ခဲ့သော် ၎င်းအရူးရောဂါအတွက် ပိုလွန်၍ ကောင်း၏။

---

# ကျည်း ( တောင် )

| | | | |
|---|---|---|---|
| သက္ကတ | **ऩिया** | လက်တင် | Barringtonia Racemosa |
| ဟိန္ဒီ | **समुद्र फल** | အင်္ဂလိပ် | Indian oak |

**ပုံသဏ္ဍာန်။** ။ အပင်လတ်မျိုး ဖြစ်၏၊ အခေါက်သည် မိုးပြာနုရောင် ရှိ၏၊ အရွက် [illegible] ၁၄-လက်မခန့် ရှိ၍ ပြုံထွက်၏၊ အပွင့်သည် အချင်း ၇-လက်မခန့် ရှိ၏၊ အသီး ၅-[illegible] ရှိ၏၊ နူးညံ့၏၊ တောက်ပ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကျည်းအခေါက်ကို ထိုင်းမှိုင်းဆေး အဖြစ်ဖြင့် အသုံးပြုကြ၏၊ [illegible] ငါးတို့ကို သေစေရန် အဆိပ် အဖြစ်ဖြင့် အသုံးပြုကြ၏၊ ချောင်းဆိုး, ပန်းနာ ရင်ကျပ်, [illegible]ကျင့် ကိုက်ခဲခြင်းကို ပျောက်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သည်းခြေရောဂါ။** ။ အသီးကို နို့နှင့် ရော၍ သုံးလျှင် သည်းခြေရောဂါကို နိုင်၏။

**မီးတွင်း မီးယပ်။** ။ အသီးကို မွှေးကြိုင်သော ဆေးများနှင့် ရော၍ မိန်းမတို့အား [illegible]၊ မီးယပ်၌ တိုက်နိုင်၏၊ နှာဆေး အဖြစ်ဖြင့်လည်း ရှူနိုင်၏။

**အရေပြားရောဂါ**။ ။ အသီး နှင့် အခြား မွှေးသော ဆေးကို ရေလိမ်း အရေပြားရောဂါကို ပျောက်ကင်းစေ၏။

---

# ကျည်းနီ ( ရေကျည်း )

သက္ကတ **समुद्र फल**
ဟိန္ဒီ **समुद्र फल**
လက်တင် Barringtonia Acutangula

**ပုံသဏ္ဌာန်**။ ။ ကျည်းသည် အမျိုးအစား များ၏၊ အချုပ်အားဖြင့် ကုန်းကျ ရေကျည်း ဟူ၍ ၂-မျိုး သာ ရှိ၏၊ တနည်း ကျည်းကြီးမျိုး, ကျည်းငယ်မျိုး ဟူ၍ ၂-မျိုး ကုန်းကျည်းသည် ကျည်းကြီးမျိုး ဖြစ်၏၊ ရေကျည်းသည် ကျည်းငယ်မျိုး ဖြစ်၏၊ ရေကျည် အပွင့်ကို အစွဲပြု၍ ကျည်းဖြူ, ကျည်းနီ ဟူ၍ ၂-မျိုး ရှိ၏၊ အရွက်သည် ၂-လက်မမှ ၆-လ အထိ ရှိ၏၊ ဘေးတွင် ခွေးသွားစိပ် အရာများ ပါ၏၊ အရွက်၏ ကျောဘက်တွင် စိမ်းရင့် ရှိ၍ ဝမ်းဘက်တွင် အစိမ်းနုရောင် ရှိ၏၊ ရွက်နုထွက်စ၌ အနီရောင် ရှိ၍ အလွန် လှပ၏၊ အပွ မွှေးကြိုင်၏၊ အဖြူ, အနီမှ တပါး ပန်းရောင်လည်း ရှိသေး၏၊ ၎င်းကို အနီထဲတွင် ထည် ရ၏၊ ပွင့်တံသည် အခိုင် ဖြစ်၍ အောက်သို့ တွဲလျား ကျ၏၊ ပွင့်ခိုင်တခု၌ အပွင့်ပေါင်း မျာ ရှိ၏၊ ပွင့်တံ တခု၏ အလျားမှာ ၆-လက်မမှ ၁၅-လက်မခန့် ရှိ၏၊ အငယ်မျိုး ဖြစ်၏၊ အကြီ ကား ထိုထက်ပင် ရှည်လျား၏၊ အပွင့်တပွင့်၏ ပမာဏမှာ လက်မဝက်ခန့် ရှိ၏၊ အသီးမှာ စေ လေးခု ရှိ၍ လုံး၏၊ အရင်းဘက်တွင် သေး၍ အဖျားဘက်တွင် ကြီးထွား၏။

**အရသာ နှင့် အကျိုးသွား**။ ။ ၂-မျိုးလုံး ပင် ဖန်၏။

**ဂုဏ် နှင့် စွမ်းရည်**။ ။ ကျည်းသီးဆံသည် တြိဒေါသကို ပယ်နိုင်၏၊ အထူးအာ လေကို ဖျက်ဆီးနိုင်၏၊ ဘုတ် တစ္ဆေ ဖမ်းစားသော အနာတို့ကို နိုင်၏၊ သလိပ်ဒေါသ နှင့် ချာ လည်အောင် မူးဝေသော ရောဂါတို့ကို နိုင်၏၊ ဥက္ကောင်းရောဂါကို ပယ်ဖျောက်နိုင်၏၊ ကျည် ဆံကို ရေနှင့် သွေး၍ လိမ်းကျံပေးခဲ့သော် ပိုးရောဂါတို့ကို နိုင်၏၊ ကျည်းရွက်သည် အူ တွန့်ရှုံ့စေတတ်၏၊ အမြစ်သည် အေး၏၊ အသက်ရှည်စေ၏၊ အစေ့သည် အလွန် ပူ၏၊ ခြေ ထပ်စေ၏၊ ထိုးအောင့်ခြင်း, သားဖွားရာ၌ နာကျင်ခြင်းတို့ကို ပျောက်ကင်းစေ၏၊ ကျည်းသ နေရာတကာတွင် ပေါက်၍ ပေါများသော အပင် ဖြစ်လင့်ကစား အခြားသော ပေါများသ အပင်တို့ထက် စွမ်းရည်သတ္တိ တန်ခိုး ရှိကြောင်းကို ဆေးကျမ်း အမျိုးမျိုးတို့၌ ဖွင့်ဆိုထားသည် တွေ့ရသည်၊ ရွက်နုကို အစိမ်းသက်သက်ရင်း, ပြုတ်၍ရင်း, အချဉ်ထည့်၍ရင်း စားသောက် သည်ကို တွေ့နိုင်သော်လည်း သူ၏ စွမ်းရည်သတ္တိကား အံ့ဩလောက်အောင်ပင် များလှ၏၊ ၎င် ကို ကျမ်းတကာမှ အတိုချုပ်၍ ထုတ်ပြလိုက်ပါအံ့။

## ရောဂါအလိုက် အသုံးပြုနည်း

**မျက်ရည်ယို။** ။ ကညွှတ်သီးဆံကို ဆံဆေးရည်နှင့် သွေး၍ လိမ်းပေး ခပ်ပေးလျှင် လျှင်စွာ အကျိုးပြုပါသည်။

**ဝာတ်ချုပ်။** ။ ကျည်းသီးဆံကို သပျက်သီး အငယ်မျိုးနှင့် တွဲ၍ အသုံးပြုခဲ့သော် ဝမ်းချုပ်ရောဂါ ပျောက်ကင်း၏။

**ဝမ်းအောင့်ရောဂါ။** ။ ဝမ်းအောင့်ရောဂါ၌ ကျည်းသီးဆံကို သုံးပုံ တပုံကြွင်း ပြုတ်၍ အသုံးပြုလျှင် အာမာဇိဏ္ဏ (အစာအိမ် အချဉ်ပေါက်၊ လေအောင့်ရောဂါ) တို့ကို လျှင်မြန်စွာ ပျောက်ကင်းစေ၏။

**မျက်စိအောင့်။** ။ ကျည်းသီးဆံကို သွေး၍ လိမ်းပေးခဲ့သော် လျှင်မြန်စွာ ပျောက်ကင်းစေနိုင်၏။

**နှာစေး ချောင်းဆိုး။** ။ ကလေးများတွင် အဖျားဝင် ရင်ကျပ်ရာ၌ ကျည်းသီးဆံကို သွေး၍ အတန်ငယ် တိုက်ကျွေးခြင်းဖြင့် ပျောက်ကင်းစေ၏။

**မျက်စိရောဂါ။** ။ ကျည်းသီးဆံ သက်သက်ကို ဆိတ်ကျင်ငယ်နှင့် ကြိတ်၍ မျက်စိကွင်းပေးခဲ့သော် မျက်စေ့ရောဂါ အမျိုးမျိုး ပျောက်ကင်း၏။

**နားပင်းရောဂါ။** ။ ကျည်းသီးဆံမှုန့်ကို ဝက်ချေးပနဲ သတ္တုရည်နှင့် ရော၍ နားကျပ်ပေးခဲ့သော် နားပင်းရောဂါ အမျိုးမျိုး ပျောက်ကင်း၏။

**ခရုသင်းရောဂါ။** ။ ခရုသင်းရောဂါ၌ ကျည်းသီးဆံကို ဆေးခြောက်ရည်နှင့် တွဲ၍ စားသောက်သင့်၏၊ ရက်ပေါင်း များစွာ စားသောက်ရမည် ဖြစ်၏။

**မျက်စိရောင်။** ။ ကျည်းသီးဆံကို ဆိတ်ကျင်ငယ်နှင့် သွေး၍ မျက်စိကွင်းပေးသော် လျှင်မြန်စွာ ပျောက်ကင်း၏။

**ခေါင်းတခြမ်းကိုက်ရောဂါ။** ။ ခေါင်းတခြမ်းကိုက် ရောဂါ၌ ကျည်းသီးဆံကို ဆိတ်ကျင်ငယ်နှင့် သွေး၍ ရှူပေးရ၏။

**ရက်ချန်ဖျား။** ။ ကညွှတ်သီးဆံကို စမုံဖြူကြီးနှင့် ရော၍ စားခဲ့သော် အဖျားရောဂါ သည်၎င်း၊ အဖျားကြောင့် ထိုးအောင့်သော ရောဂါသည်၎င်း ပျောက်ကင်း၏။

**တွေဝေသောရောဂါ။** ။ ကျည်းသီးဆံကို ဆိတ်နို့နှင့် သွေး၍ ရှူခဲ့သော် တွေဝေသောရောဂါ လျှင်မြန်စွာ ပျောက်စေ၏။

**ရတုပျက်ရောဂါ။** ။ ကျည်းသီးဆံကို ထန်းလျက်နှင့် ရော၍ ၃-ရက်တိုင်စားလျှင် ရတုပျက်နာ ပျောက်၏။

**ဆံပင်ဖြူ။** ။ ကျည်းသီးဆံကို သွေး၍ တခေါင်းလုံးကို လိမ်းပေးခဲ့သော် ၇၄-ရက် အတွင်း ဆံပင်များ မဲလာပါလိမ့်မည်။

**အရှုးရောဂါ။** ။ ကညီးသီးဆံကို မရိုးမြစ်နှင့် ရော၍ ရှူပေးခဲ့သော် အရှုးရောဂါ ပျောက်ကင်း၏။

**ကာမသတ္တိ လျော့နည်းခြင်း။** ။ ကျည်းသီးဆံကို ဗူးသီးအနှစ်နှင့် ရောကြိတ်၍ လိင်တွင် လိမ်းကျံ ပေးခဲ့သော် ကြီးထွားခြင်း, တောင့်တင်းခိုင်မာခြင်း ဖြစ်လာပါလိမ့်မည်။

**ပန်းနာရောဂါ။** ။ ကျည်းသီးဆံကို ပျားရည်နှင့် ရော၍ လျက်ပေးခဲ့သော် လျင်မြန်စွာ အကျိုးပြု၏။

**ချေးလွန်ရောဂါ။** ။ ကညီးသီးဆံကို ထောပတ်နှင့် တို့၍ လိမ်းနယ်ပေးခဲ့သော် ချေးလွန် ရပ်သွားလိမ့်မည်။

**အနာပေါက်။** ။ ညှပ်ရိုးတလျောက်တွင် ဆိုးဝါးသော အနာကြီးများ ပေါက်ရာ၌ ကျည်းသီးဆံကို သစ်ပုလွေအရည်နှင့် အတူ ကြိတ်၍ လိမ်းပေးသော် လျင်စွာ ပျောက်၏။

**ထိခိုက်ရှနာ။** ။ ကျည်းသီးဆံကို ပျားရည်နှင့် ရော၍ လိမ်းကျံပေးခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏။

**ကိုယ်ရေဝါရောဂါ။** ။ ကျည်းသီးဆံကို ကြိတ်မှုန်ရွက်ရည်နှင့်အတူ သုံးစွဲခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏။

**ကင်းမြီးကောက်ဆိပ်။** ။ ကျည်းသီးဆံကို ကင်းမြီးကောက်ဆိပ်သင့်ရာ၌ ရေနှင့် သွေး၍ ကိုက်သော နေရာတွင် လိမ်းကျံပေးရ၏။

**မြွေဆိပ်။** ။ ကျည်းသီးဆံကို လွန်စွာ အမှုန့်အညက် ပြု၍ မျက်စေ့ ၂-ဘက်လုံးတွင် ခတ်ပေးခဲ့သော် လျင်မြန်စွာ အဆိပ်ကျ၏။

**မိန်းမမြုံ။** ။ ကျည်းသီးဆံကို ဒိန်ချဉ်ရည်နှင့် ရော၍ ရက်အတန်ငယ် ကြာအောင် သုံးစားသွားသော် ကိုယ်ဝန်မတင်သော မိန်းမများ သန္ဓေ ရလိမ့်မည်။

**ကြက်မျက်သင့်နာ။** ။ ကျည်းသီးဆံကို ဆိတ်ကျင်ငယ်ရေနှင့် သွေး၍ မျက်စိကွင်း ပေးသော် လျင်မြန်စွာ ပျောက်ကင်း၏။

**သံပိုး။** ။ ကျည်းသီးဆံကို တင်လဲ, သကြားခဲတို့နှင့် ရော၍ ကျွေးခဲ့သော် ဝမ်းပိုက်တွင်းရှိ ပိုးများ ပျောက်ကင်းပါလိမ့်မည်။

**ပန်းသေရောဂါ။** ။ ကျည်းသီးဆံကို ပေါက်ပန်းဖြူ သတ္တုရည်နှင့် စားသုံးခဲ့သော် လျင်မြန်စွာ ပျောက်၏။

**စုန်းပူး နတ်ပူး။** ။ ကျည်းသီးဆံကို မြည်းကျင်ငယ်ရည်နှင့် မျက်စေ့ ကွင်းပေးခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏။

**ခါးနာရောဂါ။** ။ ကျည်းသီးဆံကို မရိုးမြစ်နှင့် ရောကြိတ်၍ လိမ်းကျံပေးသင့်၏။

**သန္ဓိပါတ်များ။** ။ ကျည်းသီးဆံ မရိုးမြစ် ရောကြိတ်၍ နှာနှပ် ပေးသင့်၏။

**ပီးရော် သွေးသွန်။** ။ကြွဲချေးရေ နှင့် ကျည်းသီးဆံကို ရော၍ တိုက်သင့်၏။

**မလလုံး။** ။ ကျည်းသီးဆံကို ကြိတ်မှုန့်ရှက် သတ္တုရည်ဖြင့် တိုက်ကျွေးသင့်၏။

**မြင်းသရိုက်ရောဂါ။** ။ ပြုတ်ကောင်း, ပဒိုင်းနက်, ကျည်းသီးဆံဘို့ကို ရော၍ လိမ်းသင့်၏။

**ကျပ်တီးနာ။** ။ ( လည်ပင်းတလျှောက်တွင် ပေါက်သည် ) ကျည်းသီးဆံကို မယောပက် စစ်စစ် နှင့် ရော၍ လိမ်းသင့်၏။

**ဝပွန်နာ။** ။ ကျည်းသီးဆံကို ကြစုသီးနှင့် ရော၍ လိမ်းကျံ ပေးသင့်၏။

**မှတ်ချက်။** ။ အခြေအနေ အရ ကျည်းတပင်လုံးကို ဆေးတွင် သုံးရ၏၊ သို့သော် အသီးကို အသုံးများ၏၊ ကျည်းသီးဆံ ဟု ဆေးတို့တွင် များစွာ ဖေါ်စပ် သုံးကြ၏၊ ဝမ်းသွာ စေလိုလျှင် ကျည်းမြစ်ကို ကျိုသောက်ရ၏၊ ကျည်းသီးခေ့ကို သွေး၍ လိမ်းလျှင် မျက်စိနာကို ပျောက်ကင်းစေ၏။

ကျည်းရွက်ကို ကျိုသောက်က ဝမ်းဖေါ် ဝမ်းရောင်၌ ကျေးဇူးပြု၏၊ ဆေးပစ္စည်းကို ယူရာတွင် လျှာအသိဖြင့် အရသာကို စွဲ၍ ခွဲယူရန် မသင့်ခြင်းသည် ဤကျည်းပင်တို့၌ အလွန် ထင်ရှား၏၊ အရွက်သည် ဝမ်းကို ချုပ်စေ၍, အမြစ်သည် ဝမ်းကို သက်စေသည်၊ အန်စေသည်၊ အရသာကား ၂-မျိုးလုံးပင် အဖန်တို့ သာ ဖြစ်ပေသည်။

ထို့ကြောင့် နိဃဏ္ဍုအတတ်ပညာသည် ဆေးအရာတွင် လွန်စွာ အသုံးဝင်၏။

---

# ကျိတ်ပင်

| | | | |
|---|---|---|---|
| **သက္ကတ** | **गवेधुका** | **လက်တင်** | Coix lachryma-jobi |
| **ဟိန္ဒီ** | **गरहू** | **အင်္ဂလိပ်** | The job's tears grass |

**ပုံသဏ္ဍာန်။** ။ အပင်သည် ပြောင်းပင်နှင့် တူ၏၊ အသီးသည် ရှည်လုံးလုံး ဖြစ်၏၊ ညိုရောင်, အပြာရောင် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အနံ့ မွှေး၏၊ အပင်သည် အေး၏၊ အစေ့သည် ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆီးကို ဖြစ်စေ၏၊ ချောင်းဆိုးရောဂါ ပျောက်စေ၏၊ ကိုယ်အလေးချိန်ကို လျော့စေ၏၊ ယူနာနီဆရာတို့၏ အလိုအားဖြင့် ဝဖြိုးစေ၏၊ ဆီးရောဂါ ကောင်း၏၊ အမြစ်သည် ကျောက်တည်ရောဂါ ပျောက်ကင်း၏၊ ဥထုသွေးလာရာ၌ နာကျင် ကိုက်ခဲခဲ့သော် အသုံးပြုရ၏၊ သွေးကို သန့်ရှင်းစေတတ်၏။

---

# ကြခတ်ဝါး

| | | | |
|---|---|---|---|
| သက္ကတ | वंश रोचन | လက်တင် | Bambusa arundinacea |
| ဟိန္ဒီ | बाँस | အင်္ဂလိပ် | Spiny bamboo |

**အရသာ နှင့် အကျိုးသွား။** ။ ပင်စည် နှင့် အရွက်သည် ခါး၏၊ စပ်၏၊ ချ... အေး၏၊ အခြောက်မြစ်သည် စပ်၏၊ ခါး၏၊ အစေ့သည် စပ်၏၊ ချို၏၊ ကြခတ်ဝါ... ( ဝါးအတွင်းရှိ အမြုတေ ) သည် ချို၏၊ အေး၏၊ စပ်၏၊ မွှေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပင်စည် နှင့် အရွက်သည် ဝမ်းကို နူးစေ၏၊ သလိပ်ကို နိ... ပူလောင်ခြင်း, သွေးကြောင့်ဖြစ်သော ရောဂါ, သည်းခြေပျက်နာ, အဖုအနာများ, ထိ... ဒဏ်ရာရခြင်း, မြင်းသရိုက် ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ အခြောက် မြစ်သည် ဝမ်း... နူးစေ၏၊ ချောင်းကို ပိုဆိုးစေ၏၊ အစေ့သည် ဝဖြိုးစေ၏၊ ကာမသတ္တိကို ဖြစ်စေ၏၊ သည်း... ပျက်နာ, ဆီးနှင့် ပတ်သက်သော ရောဂါတို့၌ အသုံးပြုရ၏၊ ကြခတ်ဝါးစိန်သည် အားကို... စေ၏၊ ကာမသတ္တိကို ဖြစ်စေ၏၊ ချုပ်၏၊ သွေးကြောင့်ဖြစ်သော ရောဂါ, သည်းခြေပျက်... အများ, အားနည်းခြင်း, နူနာ, ကိုယ်ရေဝါရောဂါ, အဖုအနာများ, ဆီးအောင့်ရောဂါ စသ... တို့ကို ပျောက်ကင်းစေတတ်၏။

---

# ကြစုသီး

| | | | |
|---|---|---|---|
| သက္ကတ | हारितकी | လက်တင် | Terminalia citrina |
| ဟိန္ဒီ | हारितकी | အင်္ဂလိပ် | Fruit of citrina tree |

**ပုံသဏ္ဍာန်။** ။ ၎င်းသည် ဖန်းခါးမျိုးမှ ပင် ဖြစ်၏၊ ဖန်းခါးသက်သက်မှာ အ... ကြီး၏၊ ကြစုမှာ ပင်လတ်မျိုး ဖြစ်၏၊ နိဃဏ္ဍုကျမ်းတို့၌ ကြစု ၇-မျိုး ရှိကြောင်း ဖေါ်... ထား၏။

## ကြစု ၇-မျိုး

| | | |
|---|---|---|
| ၁။ | ဇီဝန္တီ | ရွှေဝါရောင် အဆင်း ရှိ၏။ |
| ၂။ | ဝိဇယာ | ဘူးသီး သဏ္ဍာန် ရှိ၏။ |
| ၃။ | ရောဟိဏီ | အဆင်း ကြောင်၏။ |
| ၄။ | ပူတနာ | အသား ပါး၍ အစေ့ ကြီး၏။ |
| ၅။ | အမတာ | အစေ့ ငယ်၍ အသား ထူ၏။ |
| ၆။ | အဘယာ | ငါးမြှောင့် ရှိ၏။ |
| ၇။ | စေတကီ | သုံးမြှောင့် ရှိ၏။ |

မြန်မာပြည်၌လည်း ထို ၇-မျိုးထည်းမှ အချို့ကို ရရှိနိုင်၏၊ သဏ္ဍာန် တူရာကို ကြည့်၍ [illegible]ပါ၊ ဆေး၌ လွန်စွာ အသုံးဝင်၍ လူထုအား လွန်စွာ အကျိုးပြုသော အပင် [illegible] ကြစုသည် ဖန်ခါးမျိုးထဲမှ ဖြစ်၍ ကြစု နှင့် ဖန်ခါး မခွဲဘဲ ရောထွက်သောနည်း ဖြစ်၏၊ [illegible] အချုပ်အားဖြင့် ၃-မျိုးသာ ရှိ၏၊ အကြီးစား, အလတ်စား, အသေးစားတို့ ပင်ဖြစ်သည် [illegible]ကျမ်း၌ ဖေါ်ပြထားပေသည်၊ အကြီးစားမှာ အသား ထူပွ၍ အစေ့ သေး၏၊ အလတ် [illegible] အစေ့ ကြီး၍ အသား မျှ၏၊ အငယ်စားမှာ အခွံ အသား ပါး၍ အစေ့ ကြီး၏၊ [illegible] ဖန်ခါး ၃-မျိုး ဖြစ်၏၊ ထိုတွင် အသစ် ဖြစ်သော အသီးသည် မာ၏၊ လက်လေး [illegible] ရှိ၏၊ အဆီ ရှိ၏၊ အသား သိပ်သည်း၏၊ ရေ၌ ချလျှင် နစ်၏။

**ကြစုသီး ယူပုံ။** ။ ဆေးကျမ်းတို့၌ ကြစုသီးကို ဟရီတကီ ဟု ခေါ်၏၊ ၎င်းကို တွေ့[illegible] ကြစုသီး ဟု ခေါ်သော ဖန်ခါးသီး တမျိုးကို ထည့်၏၊ ကြစု နှင့် ဖန်ခါးသည် အမည်သာ [illegible] ဟု ဆိုကြ၏၊ ဆိုလောက်အောင်လည်း ရောနှော ဖွင့်ပြ ထား၏၊ ထိုကြောင့် ဟရီတကီ [illegible] တွေ့တိုင်း ကြစု ဟူ၍ငင်း, ဖန်ခါး ဟူ၍ငင်း, ယူကြ၏၊ အမှန်မှာ ကြစု တခြား, ဖန်ခါး [illegible] ဖြစ်၏၊ ရံခါ၌ ဝနဟရီတကီ ဟု "တော" ကို ဟောသော ဝနသဒ္ဒါဖြင့် တွဲစပ်၍ အသုံး [illegible]ကို တွေ့ရ၏၊ ရိုးရိုး ဖန်ခါး နှင့် တောဖန်ခါး ၂-မျိုး ကွာခြားသွား၏၊ ကြစုမှာ တော [illegible]တွင် ပါသည်၊ ၂-ဘက် ရှူးနေ၏၊ အလယ် ပူနေသည်၊ ရိုးရိုး ဖန်ခါးမှာ တဘက်ချွန် [illegible] ဖြစ်၏၊ ထိုကြစုခေါ်သော တောဖန်ခါးမျိုးကိုလည်း ရှာဖွေ ယူငင်ကြ၏၊ လို [illegible] မရသော အခါ၌ ရိုးရိုး ဖန်ခါးပင်မှလည်း ယူငင်ကြ၏၊ မရင့်မီ တပင်လုံး ရိုက်ချ၍ [illegible] သီးနုခြောက်များကိုလည်း ကြစုအနေဖြင့် အသုံးပြုကြ၏၊ အသုံးပြုရန်လည်း တတ်ကျွမ်း [illegible] ဆရာကြီးများ ခွင့်ပြုကြ၏၊ ဆေးအရာတွင် အလွန် အသုံးဝင်သော အသီး ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ကြစုသီး၌ ချဉ်, ဖန်, ခါး, ဆိမ့်, စပ်သော အရသာ [illegible] ရှိ၏၊ ထိုငါးမျိုးတို့တွင် အဖန်သည် အားအကြီးဆုံး ဖြစ်၏၊ အဆံသည် ဆိမ့်၏၊ [illegible]အမျှင်သည် ချဉ်၏၊ အညှာသည် ခါး၏၊ အခွံသည် စပ်ရှားရှား ရှိ၏၊ ကြစုသီးကို စားလျှင် [illegible]ကို တောက်စေ၏၊ သွေး၍ သောက်လျှင် ဝမ်းသက်၏၊ ပွတ်၍ စားလျှင် ဝမ်းချုပ်၏၊ [illegible]၍ စားလျှင် ဒေါသ သုံးပါးကို နိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြစုသီး၏ ဂုဏ် နှင့် စွမ်းရည် သတ္တိကို ရှေးနိဃဏ္ဍုကျမ်း [illegible] ဆရာတို့၏ အမြင်အတိုင်း အောက်တွင် ဆက်လက်၍ ဖေါ်ပြပါအံ့။

**နိဃဏ္ဍုကျမ်းများ အမြင်။** ။ ဝမ်းမီးကို တောက်စေတတ်၏၊ ဉာဏ်ပညာကို [illegible]စေတတ်၏၊ ဝမ်းမီး ချက်ပြီးနောက် ချို၏၊ ရသာယန-အသီးမျိုး ဖြစ်၍ အိုခြင်း, နာခြင်းကို [illegible]၍ အသက်ရှည်စေ၏၊ မျက်စိနှင့် သင့်၏၊ အသက်နှင့် သင့်၏၊ ဝစေတတ်၏၊ ဆီး, ဝမ်း, [illegible]ကို သက်စေတတ်၏၊ ချောင်းဆိုးနာ, ပန်းနာ, မေဟနာ မြင်းသရိုက်နာ, နူနာ, ကိုယ်ရောင် [illegible], ဖျဉ်းနာ, ပိုးနာ, အသံပျက်နာ, ဝမ်းကိုက်နာ, ဆီးဝမ်းချုပ်သောအနာ, ချမ်းဖျား, တုန်ဖျား, [illegible]ရောင်နာ, ပေါက်သောအမာ, ထိခိုက်ရှနခြင်း, အော့အန်ခြင်း, မောဟိုက်ခြင်း, ယားနာ, နှလုံး

နှင့် ဆိုင်သောအနာ, ဘေးထိုးရင်ကျပ်နာ, ရင်ဘတ်နာ, သုက်ကုန်ခန်းသောအနာ, လေချုပ်သော အနာ, ဘေနာ, အသည်းကြီးသော အနာ, ဆီး၌ ကျောက်ဘည်သောအနာ, မုတ္တကိစ်နာ, မုတ္တဃာတ်နာ တို့ကို နိုင်၏။

ရာဇနိဃဏ္ဍုကျမ်း အမြင်။ ။ ရေငတ်ခြင်း, မေးခိုင်သောအနာ, ကုပ်ကြောတော သော အနာ, သုက်ကုန်ခန်းသော အနာ, အားခွန်ကုန်ခန်းသောသူ, အဖျားသစ်ရှိသောသူ ကိုယ်ဝန်ရှိသော မိန်းမတို့၌ ကြစုသီးကို မပေးကောင်း ဟု ဆို၏။

ဒဗ္ဗဂုဏပကာသကျမ်း အမြင်။ ။ များသော အားဖြင့် ကြစုသီးသည် အမိကဲ့သို့ လူတို့၏ အစီးအပွားကို ပြုတတ်၏၊ အမိသော်မှလည်း သားတို့ကို ရံခါ အမျက်ထွက်တတ်သေး၏၊ ဝမ်းသို့ ရောက်သော ကြစုသီးမူကား လူတို့၏ အပြစ်ကို တရံတဆစ်မျှ မပြုတတ် ဟု ဆို၏။

## ရောဂါအလိုက် အသုံးပြုနည်း

ပန်းနာရောဂါ။ ။ ကြစုသီးကို ထုချေ၍ ဆေးလိပ် ဆေးတံတွင် ထည့်သွင်း သောက်ခဲ့သော် ပန်းနာရောဂါသည် လျင်စွာ ပျောက်ကင်း၏။

အစာမကြေ ဝမ်းသက်။ ။ ကြစုသီးကို မုန့်ကျွဲသဲကဲ့သို့ ကျိုပြီး ကျွေးခဲ့သော် ဝမ်းတစစ်စစ် သက်သော ရောဂါ နှင့် အစာမကြေ ဝမ်းသက်ရောဂါ ပျောက်ကင်း၏။

အနာပေါက်။ ။ ကျယ်ပြန့်စွာ စားသွားသော အနာကို တွေ့လျှင် ကြစုသီးကို ၅-ပုံ ၁-ပုံကြွင်း ပြုတ်ရည် ပြု၍ ဖဏ်ဆေးပေးရ၏။

မီးလောင်နာ။ ။ ကြစုသီးကို ရေနှင့် သွေး၍ ပျားရည်, နှမ်းကြပ်ဆီတို့နှင့် ရောပြီး လျှင် မီးလောင်ခံရသော နေရာ, သို့မဟုတ် ရေနွေးပူလောင်သော နေရာတို့၌ လိမ်းကျံ ပေး ရမည်။

ဓာတ်ချုပ်ရောဂါ။ ။ ကြစုသီး, ပွေးကိုင်း, နှင်းဆီပွင့်ယို ( နှင်းဆီပွင့်ကို သကြား နှင့် ရောကျိုထားသည် ) ကို ရော၍ အလုံး ပြုလုပ်ပြီး အသုံးပြုသင့်၏။

သွားရောဂါ။ ။ ကြစုသီး အမှုန့်ကို သွားတိုက်သော် သွားလည်း ဖြူ၏၊ ရောဂါ လည်း ပျောက်၏၊ ကြစုသီးကို ရှားစေးနှင့် ရောပြီး ပြုတ်၍ ငုံခဲ့သော် သွားခိုင်၏၊ ၎င်းပြင် ကြစုသီးကို ၅-ပုံ ၁-ပုံကြွင်း ပြုတ်ရည် ပြု၍ ပျားရည်နှင့် ရောတိုက်သော် အမျိုးမျိုးသော ခံတွင်းရောဂါများ ပျောက်၏။

ခေါင်းထက်ဝက်ကိုက်ရောဂါ။ ။ ကြစုသီး အနှစ်များကို ကြိတ်၍ ခေါင်းတွင် လိမ်းကျံပေးသော် ခေါင်းထက်ဝက် ကိုက်သော ရောဂါ ပျောက်ကင်း၏။

မျက်ရည်ယိုရောဂါ။ ။ မျက်ရည်ယိုရောဂါ၌ ၎င်းအပင်၏ အခေါက်ကို လွန်စွာ မှုန့်ညက်အောင် ပြု၍ မျက်စဉ်းခတ်ပေးသင့်၏၊ ကြစုသီးကို တညလုံး ရေနှင့် စိမ်ပြီးလျှင် နံနက် လင်းသော အခါ ထိုစိမ်ရည်ဖြင့် မျက်စိများကို ဆေးကြောပေးခဲ့သော် မျက်စိလည်း လွန်စွာ အေး၏၊ လွန်စွာလည်း အမြင်သန်လာ၏။

**မူးယစ်, တွေဝေသော ရောဂါ။** ။ ကြစုသီး ပြုတ်ရည်ဖြင့် စိမ်ထားသော ( အရည်ခန်း၍ ထောပတ် ကျန်သည် အထိ ပြုထားသော ) ထောပတ် စစ်စစ်ကို မှီဝဲသွားခဲ့သော် မူးမိုက်ခြင်း, တွေဝေခြင်းများ ပျောက်ကင်း၏။

**မယားအန် သွေးလျှံ။** ။ ကြစုသီးမှုန့်ကို မယားကြီးရွက် သတ္တုရည်ဖြင့် ၇-ကြိမ်စော်၍ ၇ ကြိမ် နေလှန်းပြီးလျှင် ပျားရည်နှင့် တေ၍ လျက်ပေးခဲ့သော် ထိုရောဂါသည် လျှင်စွာ ပျောက်ကင်းနိုင်၏။

**လေဖျား။** ။ ပျားရည်နှင့် အတူ ကြစုသီးမှုန့်ကို လျက်ပေးခဲ့သော် လေဖျားရောဂါ ပျောက်ကင်း၏။

**သွေးမြင်းသရိုက်။** ။ ကြစု, သစ်ဆိမ့်, ဆီးဖြူ ၎င်း ၃ မျိုး ၁-ကျပ် ၈-ပဲသားစီ, ကကြိုးမဲ ၂-ကျပ် ၄-ပဲသား-၎င်းဆေးဘက် ၄-မျိုးတို့ကို နှင်းဆီရေနှင့် ကြိတ်၍ အလုံး လုံးထားပါ၊ နေ့စဉ် ၇-ပဲသားခန့် အလုံးကို မှီဝဲသွားခဲ့သော် သွေးမြင်းသရိုက်ရောဂါ ပျောက်ကင်း၏။

**မျက်စိရောဂါ တမျိုး။** ။ ( မာဓဝနိဒါန်းတွင် ကြည့်ရန် ) ကြစုသီးအံမျာ းကို ရေတွင် ၁၀-နာရီ တိတိ ကြိတ်၍ အလုံး ပြုပြီးလျှင် မျက်စိတွင် ကွင်းပေးခဲ့သော် ဖေါ်ပြပါ လျှင်စွာ အကုရခက်သည့် မျက်စိရောဂါသည် လျှင်စွာ ပျောက်ကင်းနိုင်၏၊ ရေဖျန်းပြီး ကြိတ်ပေးရ၏၊ နာရီပေါင်း ၁၀ နာရီမျှ အချိန်ကြာအောင် တဖြည်းဖြည်း ကြိတ်ပေးရ၏။

**ကစာအိမ် အချဥ်ပေါက်။** ။ ကြစုသီးကို အမှုန့်ပြု၍ ပျားရည်နှင့် အတူ လျက်ပေးခဲ့သော်— တနည်း- ထန်းလျက်နှင့် တေ၍ အလုံး ပြုလုပ် စားသော် အစာအိမ် အချဥ်ပေါက်သော ရောဂါသည် ပျောက်ကင်း၏။

**ပဏ္ဍု ( သွေးအားနည်း ) ရောဂါ။** ။ ကြစုသီးကို နွားကျင်ငယ်နှင့် ပြုတ်၍ ၎င်းကို ကျွေးခဲ့သော် ပဏ္ဍု ( သွေးအားနည်းသော ) ရောဂါ နှင့် အချိ, အဖေါ ရောဂါ ပျောက်ကင်း၏၊ အချိ, အဖေါ ရောဂါ၌ နွားကျင်ငယ်နှင့် စိမ်၍ ၎င်းအသီးကိုလည်း စား၏၊ ထိုကျင်ငယ်ရည်ကို လည်း သောက်ရ၏၊ သာသနာဝင်ကျမ်းတို့၌လည်း အဆိုအမိန့် ရှိ၏၊ များစွာလည်း သုံးစွဲကြကုန်၏၊ မည်သည့်နည်းနှင့်မှ ကု၍ မရသော နာတာရှည် အချိ, အဖေါမျ ားကို နွားနက် ကျင်ငယ်ရေတွင် စိမ်၍ အသီးကို စား — အရည်ကို သောက် — အသီးနှင့် အရည်နှင့် စပ်၍ လိမ်းပေးသဖြင့် မြစ်ပြတ် ပျောက်ကင်းသွားသောကြောင့် ထိုနွားနက်ကို ပင် ကန့်တော့သည်ကို ကျွန်ုပ်ဘို့ ကိုယ်တိုင် တွေ့ခဲ့ရဘူး၏၊ သို့ဖြစ်၍ ဖေါ်ပြပါ ကျမ်းလာနည်းမှာ ယနေ့တိုင်အောင် မြန်မာတို့ သုံးစွဲနေသော နည်း ဖြစ်ပေသည်။

**ဆင်ခြေထောက်ရောဂါ။** ။ ကြစုသီးကို ကြက်ဆူဆီဖြင့် ချက်၍ သောက်ခဲ့သော် ထိုရောဂါများ တနေ့တခြား နည်းပါးသွားပေမည်၊ တနည်း— ကြစုသီးကို နွားကျင်ငယ်ရေနှင့် ကြိတ်၍ သုံးစားသွားခဲ့သော် ဖေါ်ပြပါ ရောဂါများ ပျောက်ကင်း၏။

**လိင်ဥရောင်ရောဂါ။** ။ ဂျုံ,ကြစု,သိန္ဓောဆား, ကြက်ဆူဆီ—၎င်းတို့ကို နွားကျင်ငယ်ရည်ဖြင့် ချက်၍ ရေနွေးပူပူဖြင့် သုံးစွဲခဲ့သော် ကြာရှည်စွာ စွဲကပ်နေသော လိင်ဥရောင် ရောဂါများ

ပျောက်ကင်း၏၊ တနည်း – ၎င်းအမှုန့်ကို ကြက်ဆူဆီနှင့် ရော၍ လျက်လျှင် ဒူးခေါင်းကြီးသော ရောဂါ်, လိင်ဥရောင်သော ရောဂါများ ပျောက်ကင်း၏။

**ဝါတရက်ရောဂါ။** ။ကြစုသီး ၃ - ၄ - လုံးကို ထန်းလျက် ၂-ဆ ထည့်၍ အလုံး ပြုလုပ်ပြီး စားပါ၊ ထိုသို့ စားပြီးသည့်နောက် တမာ, ဆင်တုံးမနွယ်ပြုတ်ရည်ကို သောက်သော် ရက်အနည်းငယ် အတွင်း တိုးနေသော ဝါတရက်ရောဂါများ ပျောက်ကင်းသွားပါလိမ့်မည်။

**မှတ်ချက်။** ။ကြစုံသည် လွန်စွာ ကျေးဇူးများသော အပင် ဖြစ်သည်၊ သို့ဖြစ်၍ ဆေးကျမ်းတို့၌ အောက်ပါအတိုင်း ချီးကျူးစကား မိန့်မှာထားသည်ကို တွေ့ရ၏။

"ဟရီတကီ မနုဿာနံ၊ မာတရိဝ ဟိတကာရိနီ။
ယဒါ ကုပ္ပတေ မာတာ၊ န ကုပ္ပတေ ဟရီတကီ။ ။"

"ကြစုသီးသည် လူသားတို့အတွက် မိခင်ကဲ့သို့ ကျေးဇူးပြုတတ်၏၊ မိခင်သည် ရံခါ သားသမီးတို့ အပေါ်တွင် အမျက်ထွက်မှုလည်း ထွက်သေး၏၊ ကြစုသီးကား လူသားတို့ အတွက် မည်သည့် အခါမျှ အမျက်မထွက်ချေ၊ ( အကျိုးကိုသာ ပြုချေ၏ ) ။"

ထိုကြောင့် အာဂန္တုကရောဂါ၌ဖြစ်စေ, အနာပေါက်ရောဂါ၌ ဖြစ်စေ, နာတာရှည် ရောဂါမှာဖြစ်စေ, အသက်ရှည်ဆေး ( ရသာယန ) မှာ ဖြစ်စေ ဥာဏ်ရှိသလို အသုံးပြုနိုင်၏၊ အသုံးပြုသင့်ကြောင်းလည်း ဖော်ပြထား၏၊ ( အသုံးပြုသင့်ပုံကို အလိုရှိပါက ကျွန်ုပ်တို့ ပြန်ဆို ရေးသားပြီး ဖြစ်သော စရကသံဟိတာ,သာရကောမုဒီ,ဘေသဇ္ဇမဉ္ဇူသာ, သိင်္ဂရေသံဟိတာ ကျမ်းတို့၌ ကြည့်ရှုကြပါကုန် )။

ဤ၌ အထူး သတိပြုရန် အချက်မှာ ကြစု နှင့် ဖန်ခါး မခွဲခြားဘဲ ဟရီတကီဟု သာမညအားဖြင့် ဆေးကျမ်းတို့၌ ရေးသားထားသည်ကို တွေ့နိုင်၏၊ ထိုအခါ ထည့်ရာ၍သော ပုဂ္ဂိုလ်သည် ရွေးချယ်၍ ထည့်ရာ၏၊ သွေးအန် သွေးကျ ( ရတ္တပိတ် ) စသော အနာမျိုးတွင် ထည့်လိုသော် အသားများသော ဖန်ခါးသီးမျိုးကို ထည့်ရာ၏၊ ဆီး,ဝမ်း, လေတို့ကို သက်စေလိုရာ၌ ဟရီတကီ ဟု တွေ့သော် ကြစုကို ထည့်ရာ၏။

---

# ကြဖက်ကြီး

သက္ကတ ढोलस मुद्रिका।
ဟိန္ဒီ ढोल समुद्र
လက်တင် Leea Macrophylla

**ပုံသဏ္ဌာန်။** ။ပင်ထောင်ငယ် အပင်မျိုး ဖြစ်၏၊ အရွက် အင်ရွက်ထက် ပင် ကြီး၍ ခွေးသွားစိပ် ရှိ၏၊ အကိုင်းများ စိမ်း၏၊ အပွင့်သည် ဖြူ၏၊ အမြစ်သည် ဥကဲ့သို့ ဖြစ်၏၊ အမြစ်ကို အရောင်ဆိုးရန် အသုံးပြုရ၏၊ ဆေးလည်း အသုံးပြုရ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် ချုပ်၏၊ အနာကိုအသားနု တက်စေ၏၊ နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ သွေးယိုစီးခြင်းကို တားမြစ်တတ်၏၊ ကိုယ်၌ နာကျင် ကိုက်ခဲခြင်း ဖြစ်ခဲ့သော် အမြစ်ကို သွေး၍ ပူအောင် ပြုပြီးလျှင် လိမ်းပေးရ၏၊ အချို့ အရပ်ဒေသတို့၌ အရွက်နုကို ဟင်းချိုချက် စားကြ၏၊ အမြစ်ကို သွေးလိမ်းလျှင် ပွေးပျောက်၏၊ ၎င်း၏ သတ္တုရည်ကို အနာမြုံများ၌ အုံပေးလျှင် အနာကျက်၍ အသားနုကို တက်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပွေးနာ။** ။ ၎င်းအမြစ်ကို ရေနှင့် သွေးလူးသော် ပွေးနာများ ပျောက်ကင်း၏။

**အကြောင်ရောင်ရောဂါ။** ။ ၎င်းအမြစ်ကို ရေနှင့် သွေး၍ မီးနှင့် အတန်ငယ် ပူအောင် နွေး၍ အကြောတလျှောက် ရောင်ရမ်းရာ၌ လိမ်းကျံပေးလျှင် အကြောရောင်ရောဂါ ပျောက်ကင်း၏။

**အနာ အသားနု တက်ဆေး။** ။ ၎င်း၏ အမြစ်ကို ရေနှင့် ညက်ညက်ပါအောင် ကြိတ်၍ အဝတ်စပေါ်တွင် ထိုကြိတ်ပြီးဆေးကို သုတ်လိမ်း၍ ဖရောင်းချက် ကပ်သကဲ့သို့ အနာပေါ်၌ ကပ်ပေးပါက အနာသည် အသားနု လျှင်စွာ တက်၏။

**အကိုက်အခဲပျောက်ဆေး။** ။ ခန္ဓာကိုယ်တွင် မည်သည့် နေရာမဆို ကိုက်ခဲ နာကျင်ခဲ့မူသော် ၎င်းအမြစ်ကို သွေး၍ မီးနှင့် နွေးနွေး ဖြစ်အောင် ကင်ပြီး သုတ်လိမ်းပေးပါက ကိုက်ခဲ နာကျင်ခြင်း ပျောက်ကင်း၏။

**အနာ သွေးတိတ်ဆေး။** ။ အနာပေါက်တို့၌ အနာသည် သွေးများ ယိုစီးနေသော် ၎င်းအမြစ်ကို ရေနှင့် သွေးလိမ်းပါက အနာသည် သွေးယိုစီးခြင်းမှ ရပ်စဲသွားလိမ့်မည်။

---

# ကြာပန်း ( ပဒုမ္မာ )

| | | | |
|---|---|---|---|
| သက္ကတ | पद्म | လက်တင် | Nelumbium speciosum |
| ဟိန္ဒီ. | कमल | အင်္ဂလိပ် | Sacred lotus |

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏၊ မွှေးကြိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပူကို ပယ်တတ်၏၊ သွေးအန်, သွေးကျ, ပင်ပန်းခြင်းကြောင့် ဖြစ်သော နာကျင်ကိုက်ခဲမှု, ချာချာလည် မူးဝေခြင်း, သည်းခြေကြောင့် ဖြစ်သော ရောဂါတို့ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ အချို့သော အပင်များ အသုံးပြုရာ၌ အများဆုံး ပဋိပါးပါးသာ ရှိသော်လည်း ကြာမှာ ထိုသို့ မဟုတ်ပေ၊ အင်္ဂါ ၁၀-မျိုး ရှိပေသည်၊ ယင်း ၁၀-မျိုး တို့၏ အရသာ အကျိုးသွား နှင့် ဂုဏ်သတ္တိတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

## ၁ — ကြာရွက်လိပ်

**အရသာ နှင့် အကျိုးသွား။** ။ ဖန် - ခါး - သက်၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကိုယ်ပူ, ရေငတ်, ဆီးအောင့်, သွေးအန်, သွေးကျ, ဝစ္စမဂ်နှင့် ပတ်သက်သော ရောဂါများ (မြင်းသရိုက် စသည်) ပျောက်ကင်းစေ၏။

## ၂ — ကြာပွင့်

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သွေးဖေါက်ပြန်, အရေပြား, မျက်စိရောဂါတို့နှင့် သင့်မြတ်၏။

## ၃ — ကြာစေ့

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ကြေကျက်စေတတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မြိန်စေတတ်၏၊ ကိုယ်ဝန်ကို တည်စေတတ်၏၊ သုက်ကို ပွားစေ၏၊ သွေးဒေါသ, သည်းခြေဒေါသကို ငြိမ်းစေ၏၊ သွေးအန်, သွေးကျ ရောဂါကို ပျောက်ကင်းစေတတ်၏။

## ၄ — ကြာမြစ်

**အရသာ နှင့် အကျိုးသွား။** ။ ခါးသက်သက် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ရေငတ်ကို ပြေစေတတ်၏၊ သလိပ် သည်းခြေကို အကျိုးပြု၏။

## ၅ — ကြာဝဋ္ဋံ

**အရသာ နှင့် အကျိုးသွား။** ။ အေး၏၊ သည်းခြေ, သလိပ်ကို နိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကို ပွားစေ၏၊ တွန့်ရှုံ့စေ၏၊ ရေငတ်, ဖေါရောင်, အဆိပ်သင့်, သွေးမြင်းသရိုက် ရောဂါတို့၌ အကျိုးပြု၏။

## ၆ — ကြာရိုး

**အရသာ နှင့် အကျိုးသွား။** ။ ချို, ဖန်, ခါး၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သည်းခြေပူကို ပျောက်ကင်းစေတတ်၏၊ ဆီးအောင့်, သွေးအန်, သွေးကျကို ပျောက်ကင်းစေ၏၊ ကျင်ကြီးချုပ်ခြင်း, ခြောက်သပ်ခြင်း, အစာကြေကျက်ခဲခြင်းကို ဖြစ်စေတတ်၏၊ လေကို ဖေါက်ပြန်စေ၏။

## ၇ – ကြာစေ့အိမ်

**အရသာ နှင့် အကျိုးသွား။** ။ ချို, ဖန်, ခါးသက်၏၊ အေး၏၊ ကြေလွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခံတွင်းကို စင်ကြယ်စေ၏၊ ရေငတ်, သွေးဖောက်ပြန်ခြင်းတို့ကို ပျောက်ကင်းစေ၏၊ သလိပ်, သည်းခြေကို ပယ်တတ်၏။

## ၈ – ကြာစွယ်

[ ကြာရိုးနှင့် တူ၏။ ]

## ၉ – ကြာဝတ်ရည် (ပန်းရက်ရည်)

**ဂုဏ် နှင့် စွမ်းရည်။** ။ အလွန် ဝဖြိုးစေ၏၊ ဒေါသသုံးပါးကို နိုင်၏၊ မျက်စိရောဂါများလုံးကို ပျောက်ကင်းစေ၏။

## ၁၀ – ကြာရွက်

**အရသာ နှင့် အကျိုးသွား။** ။ အေး၏၊ ဖန်၏၊ ချို၏၊ ခါးသက်သက် ရှိ၏၊ ဝိပါက၌ စပ်၏၊ ကြေကျက်လွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မလတို့ကို သုတ်သင်တတ်၏၊ လေကို ပွားစေ၏၊ သလိပ် နှင့် သည်းခြေကို နိုင်၏။

[ ဤကား ကြာဟူသရွေ့၌ ရှိမြဲ ဖြစ်သော အရသာ အကျိုးသွား နှင့် ဂုဏ် သတ္တိများ ပေတည်း။ ]

ကြာကို သုံးရာ၌ မြန်မာတို့သည် ကြာမျိုးငါးပါး ဟု ခေါ်၍ သုံး၏၊ ရှေးဟောင်း ပေပုရပိုက်ကျမ်းတို့၌ ဤ အသုံးမျိုး မရှိချေ။

ကြာမျိုး ငါးပါကို ယူရာတွင် ကြီး, လတ်, ငယ်, ကြာသုံးမျိုးမှ ယူထား၏၊ ထိုသို့ ယူရာတွင် အကြီးမျိုးမှ ပုဏ္ဍရိက်ကြာ, အလတ်မျိုးမှ ကြာဖြူ - ကြာနီ - ကြာညို, အငယ်မျိုးမှ ကြာတံဆိပ် (ကြာသိမ် ) ဟူ၍ ကြာကြီးမျိုးမှ ကြာသိမ်မျိုး ထိအောင် ခြုံပြီး ငါးမျိုး ယူထား၏၊ ကျမ်းစာပေတို့၌ လာသော ကြာမျိုးငါးပါး ဟူသည် အဆင်းငါးပါးကို အစွဲပြု၍ ဆိုထားသည်၊ ပေပုရပိုက်ကျမ်းတို့၌ကား ဖေါ်ပြခဲ့သည့် အတိုင်း ကြာတို့၏ အစိတ်အပိုင်း အမျိုးမျိုး အသုံးဝင်ပုံကို မှတ်ယူအပ်ပေသည်။

## ကြာနှင့် ပတ်သက်သော သိမှတ်ဖွယ်ရာများ

ကြာကို လူတိုင်းလိုလိုပင် တွေ့မြင်ဘူးကြမည် ဖြစ်သော်လည်း ကြာတို့၏ အမျိုးအမည်များကို ခွဲခြားတတ်သူကား နည်းပါးပေလိမ့်မည်၊ ထို့ကြောင့် ကြာနှင့် ပတ်သက်သော သိမှတ်ဖွယ်ရာများကို အကျဉ်းချုပ် ဖေါ်ပြရန် လိုအပ်ပေမည်။

ကြာတို့၏ အမျိုးအမည်များကို ဖေါ်ပြရာ၌ မြန်မာအခေါ်အဝေါ် နှင့် အာယုဗ္ဗေဒ အခေါ်အဝေါ် ဟူ၍ ၂-ပိုင်း ခွဲခြားရန် လိုအပ်ပေသည်၊ မြန်မာအခေါ်အဝေါ်၌လည်း –

( ၁ ) ကဗျာသုံး,
( ၂ ) ဆေးသုံး,
( ၃ ) ဒေသန္တရသုံး,

ဟူ၍ ၃-မျိုး ခွဲခြားအပ်ပေသည်။

ရာသီဘွဲ့ စသော မြန်မာကဗျာစာပေများ၌ ကြာပန်းကို ဖွဲ့ဆိုထားသော ကဗျာများ မြောက်မြားစွာ ရှိ၏၊ ဥပမာ – ဂါထာ ၆၀-ပျို့၌ ကုမုဒ, ပုဏ္ဍရိက, ပဒုမာ, ကြာဖြူ, ကြာနီ, ကြာညို ဟူ၍ ၅ မျိုး ခွဲခြား ဖွဲ့ဆိုနိ၏၊ ဗုဒ္ဓဝင်ပါဠိကို မှီငြမ်းပြု၍ ဖွဲ့ဆိုထားခြင်း ဖြစ်၏၊ ထိုပျို့ကဗျာစကား အရ ပဒုမာကြာအနီကို ပဒုမာကြာမျိုး ဟု ယူ၏၊ ပဒုမာကြာအဖြူကို ပုဏ္ဍရိက်ကြာမျိုး ဟု ယူ၏၊ ကြာဖြူ ရိုးရိုးကို ကုမုဒြာကြာမျိုး ဟု ယူ၏၊ အခြားသော ကြာငယ် အနီမျိုး, အဖြူမျိုးနှင့် ပေါင်းသော် ကြာ ၅-မျိုး ဖြစ်၏။

ထိုမှတပါး သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၌ –

၁။ ဥပ္ပလကြာမျိုး,
၂။ ပဒုမာကြာမျိုး,
၃။ ကုမုဒကြာမျိုး,
၄။ ကမလကြာမျိုး – ဟူ၍ ၄-မျိုး,

သာရတ္ထဒီပနီဋီကာ လောကဝိဒူအဖွင့်၌ ကြာမျိုး ၇-မျိုး ဟူ၍၎င်း, ဆဒ္ဒန္တဋီကာ၌ ကြာ ၇-မျိုး ဟူ၍၎င်း ဖွင့်ပြသည်ကို တွေ့ရ၏။

လန်ဒန်ပါဠိစာပေ အသင်းကြီးမှ ထုတ်ဝေသော ပါဠိအဘိဓာန်ကျမ်းကြီး၌ ကြာနီ, ကြာဖြူ, ကြာညို နှင့် ကြာပန်းရောင် ဟု ၄ - မျိုး တွေ့ရ၏။

ထိုပြင် နိပါတ်တော်လာ ဇာတ်အဋ္ဌကထာ၌ "ပဥ္စဝဏ္ဏံ မဟာသရံ (ကြာအဆင်း ၅-မျိုး ရှိသော အိုင်ကြီး)" ဟု အဆင်းကို အစွဲပြု၍ ကြာ ၅-မျိုး ရှိသည်ကို ဖွင့်ပြထား၏၊ အဆင်း မည်သို့ ဟုကား ဖေါ်ပြထားခြင်း မရှိ။

ထိုမှတပါး H. G. Hundly B. Sc. ရေးသားသော "မြန်မာပြည်ရှိ သစ်ပင်များ အကြောင်း" စာအုပ်၌ ကြာပန်းတို့ကို အရပ်သုံး အနေဖြင့် အောက်ဝါအတိုင်း ၇-မျိုး ဖေါ်ပြ ထား၏။

| | | | |
|---|---|---|---|
| ၁။ | ကြာဖြူ | = | Nym pkaca lotus. |
| ၂။ | ပဒုမ္မာကြာ | = | Nuei fera. |
| ၃။ | ကြာပြာ | = | Pubesens. |

| | | |
|---|---|---|
| ၄။ ကြာနီ | = | Rubra. |
| ၅။ ကြာညို | = | Ste llala. |
| ၆။ ကြာခေါင်းလောင်း | = | Barelaya Long India. |
| ၇။ တောကြာ | = | Drypetes Maerophylla. |

[illegible]မြားသော ဒေသန္တရသုံး အခေါ်အဝေါ် အမျိုး အမည် တို့ကား များစွာ ပင် [illegible]၏။

[illegible]ဆေးဆရာများ ဆေးဝါး ဖေါ်စပ်ရာ၌ အသုံးပြုသော ကြာအမျိုး အမည်နှင့် ပတ်သက် [illegible]ကော်ကြီး ဦးကောင်း ရေးသော "နယမာလာကျမ်း" ၌ ကြာပုဏ္ဍရိက်, ကြာတံဆိပ်, [illegible]။ ကြာညို နှင့် ကြာနီ ဟု ၅-မျိုး ဖေါ်ပြထားသည်ကို တွေ့ရှိရ၏။

[illegible]ကား ကြာနှင့် ပတ်သက်၍ မြန်မာတို့ ခေါ်ဝေါ် သုံးစွဲကြသော ကဗျာသုံး, ဒေသန္တရ [illegible], [illegible]သုံး အမျိုးအမည်များ ဖြစ်ကြ၏။

[illegible]ယုဗ္ဗေဒကျမ်းများ၌ကား အောက်ပါ အတိုင်း အမျိုးအမည် ခွဲခြားကြသည်ကို တွေ့ [illegible]၏။

"ဂနပ္ပတိစန္ဒောဒယကျမ်း" ၌ ကြာဖြူ, ကြာနီ, ကြာညို ဟု သုံးမျိုး ပြ၏၊ "သာလိ [illegible]ကျမ်း" ၌လည်း ၎င်းအတိုင်းပင် ပြ၏၊ "သန္နိဒ္ဓဝိနိစ္ဆယ" ခေါ် နိဃဏ္ဍုကျမ်း၌ [illegible] ကြာအမျိုးမျိုး ရှိသော်လည်း အချုပ်အားဖြင့် ကြာဖြူ, ကြာနီ, ကြာညို, ကြာဝါ-ဟု [illegible] ရှိကြောင်း ဖေါ်ပြထား၏၊ "သုသုတသံဟိတာကျမ်း" ကို ဋီကာ ဖွင့်ဆိုသော ဒလ္လကာ [illegible] ကြာကို အောက်ပါ အတိုင်း ၇-မျိုး ပြ၏။

၁။ ပဒုမ္မာကြာမျိုး ( အနည်းငယ်ဖြူ၏၊ နေရောင်ဖြင့် ပွင့်၏။ )
၂။ ဥပ္ပလကြာမျိုး ( အနည်းငယ် ညို၏။ )
၃။ နလိနကြာမျိုး ( အနည်းငယ် နီ၏။ )
၄။ ကုမုဒြာကြာမျိုး ( လရောင်ဖြင့် ပွင့်၏။ )
၅။ သောဂန္ဓိက ( လရောင်ဖြင့် ပွင့်၏၊ အလွန် မွှေးကြိုင်၏။ )
၆။ ကုဝလယ ( ကြာနီ )
၇။ ပုဏ္ဍရိက ( အလွန် ဖြူသော ကြာမျိုး။ )

[illegible]ဒလ္လကာဆရာ၏ စကားသည် ကြာ၏ အရောင်အဆင်းကို စွဲ၍ အမည်မှည့်ခြင်း [illegible] ကြာဒြပ်ကို စွဲ၍ ၇-မျိုး ရှိကြောင်း ပြဆိုခြင်း ဖြစ်၏၊ အခြားသော နိဃဏ္ဍုဆရာတို့ [illegible]ကို စွဲခေါ်သော အမျိုးအမည်, ဒေသန္တရ အရ ခေါ်သော အမျိုးအမည်, တခုမှ တခုသို့ [illegible] ပေါက်ဖွားသော အမျိုးအမည်တို့သည် မြောက်မြားစွာပင် ရှိကြပေလိမ့်မည်၊ မည်သို့ရှိ

စေ ဆေးဝါးဖော်စပ်ရာ၌ မှတ်သား လွယ်ကူစေရန် အရောင်ကို စွဲ၍ ၃-မျိုး တနည်း ၄-မျိုး ဟု သာ သတ်မှတ်သားကြ၏၊ ဒြပ်ကို စွဲခေါ်သော ကြာမျိုး ဒေသန္တရ အရ ခေါ်သော ကြာ တို့ကို ယင်း ၃-မျိုး တနည်း ၄-မျိုး၌ သာ သွင်း၍ ယူကြ၏။

ပုဏ္ဍရိက် နှင့် ပဒုမ္မာကို ကြာနီ၌ သွင်း၏၊ သောဂန္ဓိကကို ကြာညို၌ သွင်း၏၊ ကုမုဒြာ ကြာဝါ၌ သွင်း၏၊ အခြားသော ကြာတို့ကိုလည်း အရောင်ကို ကြည့်၍ သွင်းယူကြရ၏။

ကြာတို့၏ အမျိုးအမည်, ဂုဏ်သတ္တိများကို ပြဆိုရာ၌ နိဃဏ္ဍုကျမ်းများ တကျမ်း တကျမ်း အဆိုမညီကြပုံကို ရေးသားရသော် အလွန် ကျယ်ဝန်းပေလိမ့်မည်၊ တကျမ်းတဖွဲ့ ရေး သာ ပြည့်စုံမည် ဖြစ်၏။

အချုပ်အားဖြင့် ဆေးသုံးကြာ ၄-မျိုးတို့၏ ဂုဏ် သတ္တိကို ဤသို့ မှတ်သားကြရာ၏။

၁။ **ကြာဖြူ**။ ။ချို၏၊ အေး၏၊ မျက်စိကို အကျိုးပြု၏၊ သွေးဖောက်ပြန်ခြင်း, ရေ တင်းခြင်း, အနာပေါက်, အမျိုးမျိုးသော အနာမီးလျှံနာတို့ကို ပျောက်ကင်းစေ၏။

၂။ **ကြာနီ**။ ။ချို, စပ်, ခါး၏ အေး၏၊ သွေးကို သုတ်သင်တတ်၏၊ ဒေါသ သုံးပ ငြိမ်းစေ၏၊ သုက်ကို ပွားစေ၏။

၃။ **ကြာညို**။ ။ချို၏၊ အေး၏၊ မြိန်စေ၏၊ သည်းခြေကို ပယ်ဖျက်တတ်၏၊ ခွန်အာ ကို ဖြစ်စေ၏၊ ခန္ဓာကိုယ်ကို ကြံ့ခိုင်စေ၏၊ ရသာယနဆေး ဖော်စပ်ရာ၌ ကောင်းမြတ်၏။

၄။ **ကြာဝါ**။ ။ချို,ခါး, သက်၍၊ အေး၏၊ ပြစ်ချွဲ၏၊ ပြေပြစ်၏၊ (ကြွင်းသောဂုဏ် တို့ကို သည် ကြာညိုနှင့် တူ၏၊ သို့ရာတွင် ကြာဝါသည် ကြာညိုထက် ထက်မြက်၏။)

ထိုမှတပါး နိဃဏ္ဍုကျမ်းများ၌ ကြာ ဖို (နေ့အခါ နေရောင်ခြည်ဖြင့် ပွင့်သော ကြာမျိုး) ကြာမ (ညအခါ လရောင်ဖြင့် ပွင့်သော ကြာမျိုး) ဟု ၂-မျိုး ခွဲခြားသေး၏၊ အထက်၌ အ ကို ပြခဲ့ပြီ၊ အမမျိုးကို သက္ကတဘာသာအားဖြင့် ကမလိနီကာ, ဥပ္ပလိနီ, ကေရဝိနီ, ကုမုဒဝတီ ကုမောဒိနီ, စန္ဒိဋ္ဌာ, ကုဝလယိနီ, ဣန္ဒိ ဝရိဏီ, နီလုပ္ပလိနီ, ပလာသိနီ ဟု ခေါ်၏။

---

## ကြို့ပင်

သက္ကတ कोशम्र　　လက်တင် Schleichera Trijuga
ဟိန္ဒီ कोसम　　အင်္ဂလိပ် Ceylon Oak

**ပုံသဏ္ဌာန်**။ ။အပင်ကြီးမျိုး ဖြစ်၏၊ အသီးသည် သေး၍ လုံး၏၊ ပွတ်ခိုင်၍ သီး၏ အသီးတွင် ၁-မှ ၃-စေ့ အထိ ရှိ၏၊ အစေ့မှ ဆီထွက်၏၊ အခေါက် ထူ၏၊ အပွင့် စိမ်းရော သန်း၍ ဝါ၏၊ "ကောသမ္ဗ" သဒ္ဒါကို ရှေးက ကြို့ပင် ဟု ဘာသာပြန်ခဲ့ကြ၏၊ ထိုကြို့ပ ဟော ပရိယာယ်ကို စိစစ်သော် "ကောသမ္ဗ" ဝနမ္ဗ, ဇန္တုပါဒက, လာခါရုက္ခ, ကိမိရုက္ခ, ဟု တွေ့ရ၏၊ အဓိပ္ပါယ်မှာ တောသရက်, ပိုးရှိသောအပင်, ချိပ်ရှိသောအပင်, အသီးငယ်သော သရက်

[illegible] အငိပ္ပါယ်ရ၏၊ ထိုကို ထောက်သော် အစေးထွက်, ပိုးကြိုက်, အသီးငယ်သော [illegible]လိုက် အခိုင်လိုက် သီးသော တောသရက် တမျိုး ၎င်းကို နွားများ စားပြီးလျှင် အစေ [illegible] အန်ထုတ်ထားသောကြောင့် "နွားအန်သီး" ကို ဟောသည် ဟု အဓိပ္ပါယ်ရပေသည်၊ သို့ [illegible] "ကောသမ္ဗ"သည် တောသရက်လော ? ကြို့လော ? ဟု တွေးတောစရာ ပင် ဖြစ်၏။

ဥတုဘောဇနကျမ်းပြု "အဂ္ဂသေနာပတိ" ဘွဲ့ခံ ယောမင်းကြီး ဦးဘိုးလှိုင်ကား သရက် [illegible] ကောသမ္ဗသည် မ နှင့် ဗ ( တတိယက္ခရာ ) ဆင့်နေ၏၊ ကြို့ဟော ကောသမ္ဘကား မ နှင့် ဘ [illegible]က္ခရာ ) ဆင့်နေ၏၊ ဟု ခွဲခြားဆုံးဖြတ်ထားသည်ကို တွေ့ရသည်၊ သက္ကတဘာသာဖြင့် [illegible] ပရိယာယ် ထုတ်ရာတွင် ဖော်ပြပါ အတိုင်း မ နှင့် ဘကုံးဆင့် မရှိပေ၊ ဟိန္ဒီဝေါဟာရ [illegible]ရာ၌သာ မ နှင့် ဘကုံး ဆင့်၍ "ကောသမ္ဘ" ဟု တွေ့ရသည်၊ ယခု ပါဠိစာပေတို့၌ [illegible]ထားသည်ကို တွေ့ရသည်မှာ သက္ကတဘာသာမှ လာသော "ကောသမ္ဗ" အရေးအသား [illegible]ပေ၊ ပြာကရိတ ဘာသာမှ လာသော မ နှင့် ဘကုံးဆင့် အရေးအသား ဖြစ်သည်၊ ပါဠိ [illegible]တို့၌ ပါရှိသော အပင်မျိုး ဖြစ်၍ စဉ်းစားနိုင်ရန် ဖော်ပြခြင်း ဖြစ်သည်၊ အချုပ်မှာ သက္ကတ [illegible] ရှိသည့်အတိုင်း "ကောသမ္ဗ" ဟု မ နှင့် ဗ ဆင့်၍ မရေးသင့်ပေ၊ ကြို့ဟော တမျိုး [illegible]ဟောတမျိုး ဟူ၍လည်း မ နှင့် ဗကို ခွဲခြား၍ မယူသင့်ပေ၊ ရှေးက ရှိမြဲအတိုင်း "ကောသမ္ဘ" [illegible] ပါဠိ စာပေတို့၌ ဘကုံးအက္ခရာ နှင့် သာ ရေးသားသင့်ပေသည်၊ ဘာသာပြန်ဆိုရာ၌လည်း [illegible]သရက်မျိုးကို မယူဘဲ "ကြို့ပင်" ကို သာ ယူရာ၏၊ သို့မှသာလျှင် အခြားသော အဘိဓာန် [illegible]မျိုးတို့နှင့်လည်း တပြေးတည်း ညီစွာ ဖြစ်နိုင်ပေသည်။

**ကရသာ နှင့် အကျိုးသွား။** ။ များသောအားဖြင့် အသီးကို သုံးရ၏၊ ချဉ်၏ ( အစိမ်း )၊ [illegible] ချို၏ ( အမှည့် )၊ ပူ၏၊ ဝိပါက၌ ချဉ်၏၊ ၎င်းအဆီသည် ခါး၏၊ ဖန်၏၊ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးစိမ်းသည် ချုပ်၏၊ ကြေခဲ၏၊ သည်းခြေကို ပွတတ်၏၊ [illegible]သည် ဝမ်းမီးကို တောက်စေ၏၊ နှုတ်မြိန်စေ၏၊ ကြေလွယ်၏၊ ဝဖြိုးစေ၏၊ အစိမ်းသည် [illegible] နိုင်၏၊ အမှည့်သည် လေ သလိပ်ကို နိုင်၏၊ အမှည့်သည် နှုတ်မမြိန်ရောဂါ, မစားချင် [illegible]ချင်ဖြစ်သော ရောဂါ, ပိန်ကြုံသော ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ [illegible]သည် ဝမ်းမီးကို တောက်စေ၏၊ အားကို တိုးစေ၏၊ ပြေပြစ်၏၊ လေ, သည်းခြေကို နိုင်၏၊ [illegible]သည် ပြေပြစ်၏၊ ဝဖြိုးစေ၏၊ ဆာလောင်စေ၏၊ သည်းခြေကို ငြိမ်းစေ၏၊ အဆီသည် ဝစေ [illegible] ဝမ်းမီးကို တောက်စေ၏၊ ပိုးကို နိုင်၏၊ ဝမ်းသက်စေ၏၊ အရေပြားရောဂါတို့၌ အကျိုးပြု၏၊ [illegible] တက်စေ၏၊ အခေါက်သည် တွန့်ရှုံ့စေ၏၊ အနာပေါက်၌ ဖဏ်ဆေး အဖြစ်ဖြင့် သုံးရာ [illegible]အသားသည် မာကြော၍ ကျစ်လစ်သောကြောင့် အိမ်သုံးတိုင် စသည်တို့၌ အသုံးဝင် [illegible]ဆောင်းလုပ်ရာ၌ လွန်စွာ ခိုင်လည်း ခိုင်၏၊ မြဲလည်း မြဲ၏၊ "ကြို့သားထမ်းပိုး သေနပ် [illegible]ကျိုးနှင့် ဆိုလျှင် နွားဖိုးအို သုံးမိုးဘော့ ခံနိုင်ပါသေးသည်" ဟု ဆိုရိုး ရှိ၏၊ နွားထမ်းပိုး [illegible] နွားပခုံး အေးသည်ကို ဖော်ပြလိုခြင်း ဖြစ်ပေသည်။

---

# ကြက်ဆူ (အကြီး)

| | | | |
|---|---|---|---|
| သက္ကတ | अरण्ड | လက်တင် | Ricinus Communis |
| ဟိန္ဒီ | अरण्ड | အင်္ဂလိပ် | Castor oil plant |

**ပုံသဏ္ဌာန်။** ။ ဤကြက်ဆူ အကြီးမျိုးမှာ အငယ်မျိုးနှင့် ပုံသဏ္ဌာန်ချင်း တူ၏ အရွက်, အသီး, အပင်တို့ အကြီး အသေး သာ ကွာခြား၏။

**အရသာ နှင့် အကျိုးသွား။** ။ ကြက်ဆူ အငယ်မျိုးနှင့် တူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆေးဘက်တွင် ဂုဏ် နှင့် စွမ်းရည် တို့သည် အငယ်မျိုး တူ၏၊ သို့သော် အကြီးမျိုးကို အငယ်မျိုးလောက် ရှေးဆရာကြီးတို့သည် ဆေးဘက်တွင် အ မပြုကြချေ။

**မှတ်ချက်။** ။ ၎င်းအကြီးမျိုးသည် နိုင်ငံခြားမျိုး ဖြစ်၍ အငယ်မျိုးသည် မြန်မာပြ တွင် ပေါက်ရောက်သော အပင်မျိုး ဖြစ်သည်၊ ထို့ကြောင့် ၎င်းကို သင်္ဘောကြက်ဆူ ဟူ၍လည်း ခေါ်ကြ၏။

---

# ကြက်ဆူ (အငယ်)


| | | | |
|---|---|---|---|
| သက္ကတ | अरण्ड | လက်တင် | Ricinus Communis |
| ဟိန္ဒီ | अरण्ड | အင်္ဂလိပ် | Castor oil plant |

**ပုံသဏ္ဌာန်။** ။ အမြဲ စိမ်းလန်း၍ မြင့်သော ချုံပင်မျိုး ဖြစ်၏၊ အရွက်များမှာ ထ ရှားစွာ လက်ခြား ဖြစ်နေ၏၊ ၎င်းအရွက်၏ အချင်းသည် တပေခန့် ရှိ၏၊ တပင်တည်း၌ ပ အဖိုပွင့်, အမပွင့် ဟူ၍ ၂-မျိုးစုံ ရှိ၏၊ အသီး တသီးတွင် ၃-စိပ် ရှိ၏၊ လက်မဝက်ခန့်မှ တလက် အထိ ရှိ၏၊ များသော အားဖြင့် အသီးတွင် ပျော့ပြောင်းသော ဆူးငယ်များ ရှိ၏၊ အရွက် အရောင်ကို လိုက်၍ အဖြူ, အနီ ဟူ၍ ၂-မျိုး ရှိ၏၊ အဖြူ နှင့် အနီတို့မှာ အပင် ပုံသဏ္ဌာန်ချ တူညီကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ခါးသက်သက် ရှိ၏၊ ပူ၏၊ ကြေကျက်သော အခါ (ဝိပါက) ၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်ခဲ၏၊ သုက်ကို ပွားစေ၏၊ ဝမ်းသက်စေ၏၊ ဝမ်းမီး ကို တောက်စေ၏၊ ထက်မြက်၏၊ လေ, သလိပ်ကို နိုင်၏၊ ၎င်းပြင် လေချုပ်, အဖျား, ချောင်းဆို ဝမ်းပိုက်ဖေါရောင်, ထိုးအောင့်, ခါး, ဆီးအိမ်, ခေါင်း-တို့ ကိုက်ခဲခြင်း, ပန်းနာ, နူနာ လေတာဂူနာ, အဖျဉ်း, တုလာသရောရောဂါ, ဒူလာပါဒရက်, လိင်ဥရောင်, အဆီရောဂါ, အသည် ရောဂါ, ဝမ်းကိုက်, မြင်းသရိုက် ရောဂါတို့ကို ပျောက်ကင်းစေ၏။

---



ကြက်ဆူ (အကြီး)
RICINUS COMMUNIS

[illegible]
[illegible]
[illegible]

[illegible]

[illegible]
[illegible]

[illegible]
[illegible]

# ကြက်တရော်ပင်

ဟိန္ဒီ तंबर

လက်တင် Crewia Pilosa

**ပုံသဏ္ဌာန်။** ။ ၁၀-ပေ အထိ မြင့်သော ပင်ငယ်မျိုး ဖြစ်၏၊ ပင်ရင်းမှ အကိုင်းအခက်များ များစွာ ပြန့်ပွား၍ ထွက်ကုန်၏၊ အရွက် ရှည်၏၊ ငိုင်း၏၊ ၂-လက်မမှ ၄-လက်မအထိ ရှည်၏၊ ၁-လက်မမှ ၁-လက်မခွဲ အထိ ကျယ်၏၊ အပွင့် ဝါ၏၊ အသီး နီရောင် သန်း၍ ၂၊ ၊၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ချဉ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်ကို ပြုတ်၍ သို့မဟုတ် ရေစိမ်၍ သကြားနှင့် သောက်ကျွေး ကုလာသရောဂါ နှင့် ဆီးပူခြင်း ပျောက်ကင်း၏။

---

# ကြက်တူရွေးပန်း

သက္ကတ नाकुली

ဟိန္ဒီ नाकुली

လက်တင် Saccolabium Papillosum

**ပုံသဏ္ဌာန်။** ။ သစ်ခွပန်းတမျိုး ဖြစ်၏၊ မိုးဦးကျ အခါ ပွင့်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်ကို အအေးပစ္စည်းများ အဖြစ်ဖြင့် အသုံးပြုရ၏၊ ထို့ပြင် အဆစ်အမြစ် ရောင်ရမ်း ကိုက်ခဲသော ရောဂါ၌လည်း အသုံးပြုရ၏၊ ဥပသကာပင် အစား အသုံးပြုရ၏၊ နားတွင်း၌ အဖုကလေးများ ပေါက်တတ်သော နားနာရောဂါ၌ အကျိုးပြု၏။

---

# ကြက်တက်နွယ်

ဟိန္ဒီ थु-निया लोध

လက်တင် Combretum Pilisum

**ပုံသဏ္ဌာန်။** ။ နွယ်ပင်မျိုး ဖြစ်၏၊ အရွက်သည် လက်ဘက်ရွက်ကဲ့သို့ ဖြစ်၏၊ အလွန်ရှည်သော နွယ်မျိုး ဖြစ်၏၊ အရွက်မှာ လက် ၂-လုံး ၃-လုံးခန့် ရှိ၍ အနားပတ်လည်တွင် ခွေသွားပါကလေးများ ပါ၏၊ နွယ်များတွင် အစေး ထွက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်တို့ကို အဆစ်ရောင်ကိုက် ရောဂါတို့၌ အသုံးပြုရ၏၊

ၚင်းကို ရေနွေးဖျော၍ လက်ဘက်ကဲ့သို့ သုတ်၍ စားကြ၏၊ အရွက်ပြုတ်ရည်သည် ပိုးကို နိုင်၏၊ ၎င်းအရွက်ကို ရေနွေးဖျော၍ သုတ်ကျွေးလျှင် သံကို ကျစေ၏။

---

# ကြက်မအုပ်ပင်

ဟိန္ဒီ भुंइजम

လက်တင် Ardisia humilis

**ပုံသဏ္ဌာန်။** ။ ၎င်းသည် တဒပခန့် မြင့်၏၊ ဘုမ္မရာဇာရွက်မျှ ရှိ၏၊ အရွက်ကို အကျို အမြုပ် လုပ်စားကြ၏၊ အရွက်တွင် ခွေးသွားစိပ်များ ရှိ၍ တရွက်ချင်း တက်၏၊ အသီးမှာ အခိုင်လိုက် အပြွတ်လိုက် ၄-၅-လုံးခန့် စု၍ သီး၏၊ အသီးလုံးသဏ္ဌာန်မှာ စားတော်ပဲခန့် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်ချိုချို ရှိ၏၊ အေး၏၊ ဝိပါက၌ ချို၏၊ ကြေကျက်ခဲ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နာတာရှည် ဝမ်းကိုက်ရောဂါ, ချောင်းဆိုးသွေးပါ ရောဂါ တို့၌ အသီးကိုသော်၎င်း, အရွက်ကိုသော်၎င်း အသုံးပြုရ၏၊ ဝဖြိုးစေ၏၊ အားကို ဖြစ်စေ၏၊ သုက်ကို ပွားစေ၏၊ အညစ်အကြေးကို သုတ်သင်တတ်၏၊ ၎င်းပြင် ပူလောင်ခြင်း, အတိသာရ ဝမ်းရောဂါ, သွေးဖေါက်ပြန်ခြင်း, သည်းခြေနာ, သလိပ်နာ နှင့် အနာပေါက်များကို ပျောက်စေ၏။

---

# ကြက်မောက် (ပန်)

သက္ကတ बर्हिचूड़ा — လက်တင် Celosia Cristata

ဟိန္ဒီ मोर शिखा — အင်္ဂလိပ် Cock's comb

**ပုံသဏ္ဌာန်။** ။ အပင်သေးမျိုး ဖြစ်၏၊ အမျိုးအစား အလိုက် ၅-ပေမှ ၆-ပေကျော် အထိ ရှိ၏၊ အဃဉ်မျိုး အရိုင်းမျိုး ရှိ၏၊ အရိုင်းမျိုးမှာ အရွက် အပွင့် သေး၏၊ အပင်မှာ ပိုကြီး ထွား၏၊ အရွက်သည် ရှည်၏၊ ပါး၍ ချွန်၏၊ အပွင့် ဖြူ ဝါ နှင်းဆီရောင် ရှိ၏၊ အရောင်စုံသည် ရှိ၏၊ အရွက်နုများကို ဟင်းသီး ဟင်းရွက် ပြုလုပ် စားကြ၏၊ တို့မြုပ်၍လည်း စားကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်၏၊ ချဉ်၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ ကြေကျက်လွယ်၏၊ သည်းခြေ, သလိပ်တို့ကို ငြိမ်းစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝမ်းသက်ရောဂါ, ဆီးအောင့်ရောဂါ, ဂြိုဟ်ဖမ်းစားခြင်း, အားတိုးဆေးတို့၌ အသုံးပြုရ၏၊ မြွေကိုက်ရာ၌ အသုံးပြုရ၏၊ သားဖွားရာ၌ နာကျင် ကိုက်ခဲခြင်းကို အသုံး



ိ နိုင်၏

ို အကျိ
ာ အခိုင်


ချို၏

ရောဂါ
ဉ်စေ၏
ဘိသာရ
ပျောက်

ပကျော်
ာ ပိုကြီး
စုံသည်
။

ကြကျက်

အားတို
ို အသုံး



ကြက်မောက်(မြန်မာ)
NEPHELIUM LONGANA
आशफल

...။ အပွင့်သည် တွန့်ရှုံ့စေတတ်၏၊ ပိတ်ဝမ်းရောဂါ၌ အသုံးပြုရ၏၊ ဥတုသွေး လွန်ကဲခြင်း ပျောက်ကင်းစေ၏၊ အစေ့သည် ငြိမ်သက်ခြင်းကို ပြုတတ်၏၊ ချောင်းဆိုး, ဝမ်းသက်, ဆီး ...ခြင်းကို ပျောက်ကင်းစေ၏၊ ၎င်းသည် ကြက်မောက်ဘူးပြန်မှ ကြက်မောက်, တောကြက် ...ကြီးမှ ကြက်မောက် ( အသီး ချော၏၊ အမွေးအမင် မရှိ ), ခွေးရူးကြက်မောက် ခေါ် ... ကြက်မောက်, အမွေးစုတ်ဖွားနှင့် အသီးစားရသော ကြက်မောက်, ပန်းပွင့် အနေဖြင့် ...မသော ကြက်မောက်မျိုးတို့ မဟုတ်ချေ။

**မှတ်ချက်။** ။ မြန်မာတို့သည် ၎င်းအပင်၏ သဏ္ဌာန်ကို ကြည့်၍ "ကြက်မောက်ပန်း" ဟု ခေါ်ဆိုကြ၏၊ ဟိန္ဒူလူမျိုးသည်လည်း "မူရကား" ဟု ခေါ်ကြ၏၊ မြန်မာနှင့် တူ၏ ...။ "မယူရသိခါ" ဟုလည်း ခေါ်ကြ၏၊ "ဒေါင်းမောက်ပန်း" ဟု အဓိပ္ပါယ်ရ၏။

---

## ကြက်မောက် ( တော )

ဟိန္ဒီ　आंशा फल

လက်တင်　Nephelium longana

အင်္ဂလိပ်　Longan

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အုပ်ဆိုင်းသော အပင်ကြီးမျိုး ဖြစ်၏၊ အခေါက်သည် ...မှုတ်၍ မီးခိုးရောင် ရှိ၏၊ တရုပ်ကြက်မောက်, မြန်မာကြက်မောက်တို့ထက် အမျိုးအစား ...၊ တောတောင် တလျှောက်၌ အလိုအလျောက် ပေါက်၏၊ တော်သလင်း, သီတင်းကျွတ်လ ...တွင် သီးပွင့်တတ်၏၊ ၎င်းကို အရသာရှိသော စိုက်ပျိုး အသုံးပြုကြသည့် ကြက်မောက်နှင့် ...လျှင် ရိုင်းသောကြောင့် "တောကြက်မောက်" ဟု ခေါ်ကြသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် ဝမ်းမီးတောက်စေ၏၊ ပိုးကို နိုင်၏၊ ဝဖြိုးစေ၏။

**မှတ်ချက်။** ။ ကြက်မောက် ဟူသော အမည်ဖြင့် အသုံးပြုသော အမျိုးသည် များ၏၊ အချုပ်အားဖြင့် ဆိုသော် "အပွင့်ကြက်မောက်, အသီးကြက်မောက်, ကြက်မောက် ဘူးပြန်" ဟု သုံးမျိုး ခွဲ၍ ခေါ်ကြ၏။

အသီးကြက်မောက်တွင် "တရုပ်ကြက်မောက်, မြန်မာကြက်မောက်, တောကြက်မောက်, ခွေးသေကြက်မောက်" ဟူ၍ ၄-မျိုး ရှိ၏၊ ခွေးသေကြက်မောက်မှ တပါး ကျန် သုံးမျိုးကို စားကြ၏၊ ခွေးသေကြက်မောက်မှာမူ အဆိပ်မျိုး ဖြစ်၍ မစားကြပေ၊ အင်္ဂလိပ် ဆရာတို့သည် လုပ်ရပ်၌ များစွာ အသုံးပြုကြ၏။

---

# ကြက်မောက် (တရုတ်)

ဟိန္ဒီ လြီချီ

လက်တင် Nephelium Litchi

အင်္ဂလိပ် Litchi

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၏၊ အရိပ်အာဝါသ ရ၏၊ ရှေးတုံးက တရုတ်ပြည်မှ မြန်မာပြည်သို့ ပေါ်ထွက်လာ၏၊ ယခုအခါ မြန်မာပြည်၌လည်း အနှံ့ အပြား စိုက်မျိုး၍ ပေါ်ပေါက်လာကြ၏၊ မှည့်သောအခါ အသီးခွံသည် ညိုရောင်သန်း၏၊ မြန်မာပြည်၌ ယခုအခါ ကြက်မောက် တမျိုးလည်း ရှိသေး၏၊ အသီးတွင် အမွှေးများ ရှိ၏၊ ၎င်းကို အင်္ဂလိပ်လို Ranbooton "ရန်ဘူတန်" ဟု ခေါ်၏၊ အချိုမျိုး, အချဉ်မျိုး ရှိ၏၊ အစေ့ကပ်, မကပ် ၂-မျိုး ရှိ၏၊ ၎င်းသည် အယဉ်မျိုး ဖြစ်၏၊ အရိုင်းမျိုးလည်း ရှိသေး၏၊ အသီးတွင် အမွှေးများ မရှိ၊ အပင်ကြီးမျိုး ဖြစ်၏၊ အရသာ ချဉ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ယူနာနီဆရာတို့ အလိုအားဖြင့် နှလုံး, ဥဏှောက်, အသည်း တို့ကို သတ္တိ ပေး၏၊ ရေငတ် ပြေစေ၏၊ ခန္ဓာကိုယ်အား ကျန်းမာစေသော အသီးမျိုး ဖြစ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပဲသီတာရောဂါ။** ။ အသီးစိမ်းကို ကလေးများ ပဲသီတာရောဂါအတွက် ပေးရ၏

**ချောင်းဆိုးရောဂါ။** ။ အမြစ်, အခေါက်, အပွင့်ပြုတ်ရေကို ချောင်းဆိုးရောဂါ အတွက် ၎င်း ပေးရ၏။


**နာကျင် ကိုက်ခဲခြင်း။** ။ မလေးကျွန်း၌ အစေ့ကို နာကျင် ကိုက်ခဲခြင်း, အကြော၌ ဖြစ်သော နာကျင်ကိုက်ခဲခြင်း နှင့် လိင်ဥပူသော ရောဂါများ ပျောက်ကင်းစေရန် အသုံးပြု၏။

မှတ်ချက်။ ။ အထူး သတိပြုရန် ကြက်မောက်သီး ဟူသည် ယခု စားနေကြသော "ကြက်မောက်သီး" ကို ဆိုလို၏၊ "တောကြက်မောက်" ကို မယူရ၊ တောကြက်မောက် သီးသည် အဆိပ် ရှိ၏။

---

# ကြက်မောက် (ခွေးသေ)

**ပုံသဏ္ဌာန်။** ။ အရွက် ဗျက် ၁-လက်မခွဲခန့် အလျား ၃-လက်မခွဲခန့် ရှည်၏၊ အသီး သည် အပြွတ်လိုက် သီး၏၊ အသီးကို ခွေးစားလျှင် ခွေးသေ၏၊ ထို့ကြောင့် ခွေးသေကြက်မောက် ခွေးရူးကြက်မောက်, ဟူ၍ ခေါ်ကြ၏၊ အချို့ "ခွေးအူကြက်မောက်" ဟုလည်း ခေါ်ကြ၏။



ကြက်မောက်(တရုပ်)
LITCHI CHINENSIS
लिची



ကြက်မောက်ဆူးပြန်
ACHYRANTHES ASPERA
चिरचिटा

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စငါးပါးကို အသုံးပြုရ၏၊ ခါး၏၊ စပ်၏၊ ပူ၏၊ ဝိပါကန္တ စပ်၏၊ မြိန်စေ၏၊ ကြေကျက်စေတတ်၏၊ ထက်မြက်၏၊ ဝမ်းမီးကို တောက်စေ၏၊ လေ, သလိပ် ဒေါသတို့ကို နိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အန်ခြင်း, ဝမ်းမီးနှုံ့ခြင်း, နှလုံး, ဝမ်းပိုက်ရောင်, မြင်းသရိုက်, ယားနာ, ထိုးအောင့်, ဝမ်းပိုက်ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

---

# ကြက်မောက်ဆူးပြန်

| | | | |
|---|---|---|---|
| သက္ကတ | अपामार्ग | လက်တင် | Achyranthes aspera |
| ဟိန္ဒီ | चिरचिटा | အင်္ဂလိပ် | Rough chaff tree |

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ ၂-ပေမှ ၃-ပေမျှ မြင့်၏၊ အရွက်သည် တင်းနှနယ် အရွက်ကဲ့သို့ အနည်းငယ် ဝိုင်း၏၊ ချွန်၏၊ စပ်၏၊ အရွက်အနီးမှာ ၁-ပေခန့် နှာမောင်း ထွက်၏၊ ထိုနှာမောင်းသည် ဆူးများ ရှိ၏၊ "ကျွဲနှာခေါင်းချိတ်" ဟူ၍၎င်း, "မြေကြက်မောက်" ဟူ၍၎င်း, "ကြက်မောက်ဆူးပြန်" ဟူ၍၎င်း ခေါ်ကြ၏၊ ရှေးအခေါ် "စစ်သိမ်" ဟူ၍လည်း ခေါ်ကြ၏၊ မိုးဦးကျရာသီ၌ အလိုအလျောက် ပေါက်ပြီးလျှင် ဆောင်းလွန်သောအခါ၌ အပွင့် အပူးများ ထွက်လာကုန်၏၊ ၎င်းမှာ အဖြူ အနီ ၂-မျိုး ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ စပ်၏၊ ပူ၏၊ ဝိပါကန္တ စပ်၏၊ ဝမ်းမီးကို တောက်စေ၏၊ သလိပ်, လေတို့ကို ငြိမ်းစေ၏၊ ဆီး, ဝမ်း ရှင်စေ၏၊ နူတ်မြိန်စေ၏၊ ထက်မြက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အန်ခြင်း, ဆီးရောဂါ, နှလုံး, ဝမ်းပိုက် တင်းရောင်, မြင်းသရိုက်, ယားနာ, ထိုးအောင့်, မြင်းဖုအစိုနာတို့၌ အသုံးပြုရ၏၊ ကြက်မောက်ဆူးပြန်ပင်ကို မြန်မာဆရာမြတ်တို့သည် ဆားချက်လုပ်၍ သုံးကြကုန်၏၊ ဆားချက်လုပ်ပုံမှာ ပဥ္စငါးပါးကို ယူ၍ အရိပ်တွင် သွေ့စေပြီးနောက် မီးရှို့ပြာချ၍ အသုံးပြုကြ၏၊ ၎င်းကို ယူရန်ကာလမှာ တော်သလင်း သီတင်းကျွတ်တို့သည် အကောင်းဆုံး ဖြစ်၏၊ အကြောင်းမူ ဩဇာဓာတ် အပြည့်ဝဆုံး အချိန် ဖြစ်သောကြောင့်တည်း။

## ရောဂါအလိုက် အသုံးပြုနည်း

**ပန်းနာရောဂါ။** ။ ကြက်မောက်ဆူးပြန်ဆားကို သင့်တော်သော အတိုင်းအတာဖြင့် ယူ၍ ပျားရည်နှင့် ရောပြီးလျှင် ရက်အနည်းငယ် တိုင်အောင် မှီဝဲခဲ့သော် ကြောက်မက်ဘွယ် ကောင်းသော "ပန်းနာရောဂါ" ပျောက်ကင်း၏။

**နားပင်းရောဂါ။** ။ ကြက်မောက်ဆူးပြန်ဆားမှုန့် ၁-ပေါင်, နှမ်းဆီ ၆၀-သာ ရေ ၂-ပိဿာ- ၄၀ - သား ဤအားလုံးစုံကို ဆီချက်သော အစီအမံဖြင့် ဆီချက်ပြီးနော နားတွင် ရက်အနည်းငယ် တိုင်အောင် အသုံးပြုခဲ့သော် နားပင်းခြင်း ပျောက်ကင်း၏။

**ဝမ်းပိုက် ထိုးအောင့်တင်းရောင် ရောဂါ။** ။ ကြက်မောက်ဆူးပြန်ဆား၌ ချင်းခြောက် ငြုတ်ကောင်း, ပိတ်ချင်း, စမုံဖြူ- ဤဆေးအလုံးစုံ ဆတူ အမှုန့်ပြု၍ ရေနွေးဖြင့် သောက် သော် ဝမ်းပိုက် ထိုးအောင့်ခြင်း, ကြောက်မက်ဘွယ်ကောင်းသော ဝမ်းပိုက်တင်းရောင်ခြင်း သည် လျှင်မြန်စွာ ပျောက်ကင်း၏။

**မြင်းသရိုက်ရောဂါ။** ။ နာတာရှည်ဖြစ်သော မြင်းသရိုက်ရောဂါကို ပြတ်စေခြင်း သို့မဟုတ် ပျောက်ကြစေရန် အတွက် ကြက်မောက်ဆူးပြန်ဆားတွင် ဆတူ ဆေးဒန်းကို ရော ရေဖြင့် လိမ်းကျံပေးခဲ့သော် အလုံးစုံတို့သည် ပြတ်ကျ၏။

**သမြင်ဖြူရောဂါ။** ။ သမင်ဖြူရောဂါတွင် ကြက်မောက်ဆူးပြန် ဆားမှုန့် မြင်းသီလာနှင့် ဆတူ ရော၍ နွားကျင်ငယ်နှင့် လိမ်းကျံပေးခဲ့သော် ရက်အနည်းငယ် ကြာသော အခါ ပျောက်ကင်း၏၊

**ဆီးအောင့် ကျောက်တည်ရောဂါ။** ။ ဆီးအောင့်ရောဂါ, ကျောက်တည်ရောဂ တို့၌ ကြက်မောက်ဆူးပြန်ဆားကို မုယောဆားနှင့် ရော၍ ရေအေးဖြင့် သောက်ပါ။

**ဂူလုံးနာ အဖျဉ်းရောဂါ။** ။ ကြက်မောက်ဆူးပြန် ဆားကို ချင်းခြောက်, ငြုတ်ကော ပိတ်ချင်း, သိန္ဓောဆားမှုန့်နှင့် ရော၍ သင့်လျော်သော အနုပါနဖြင့် သောက်ခဲ့သော် ကြော မက်ဘွယ်ကောင်းသော ဂူလုံးရောဂါ, အဖျဉ်းရောဂါ ပျောက်ကင်း၏။

---

# ကြက်ရိုးပင် (ပန်း)

| | | | |
|---|---|---|---|
| သက္ကတ | वार्षिकी | လက်တင် | Jasminum Sambae |
| ဟိန္ဒီ | रायवेल | အင်္ဂလိပ် | Arabian jasmine |

**ပုံသဏ္ဌာန်။** ။ စပယ်မျိုးတွင် ပါဝင်၏၊ အရွက် အပွင့်တို့သည် စပယ်နှင့် တူ သို့ရာတွင် စပယ်မှာ ပွင့်ဖတ် အပြား ကြီး၏၊ ပွင့်ဖတ် ညှာတံ တုတ်၏၊ ပွင့်ဖတ် အထပ်များ ကြက်ရိုးမှာ ပွင့်ညှာတံ ရှည်၍ ပွင့်ဖတ် သေး၏၊ ချွန်၏၊ တထပ်ထည်း သာ ရှိ၏၊ ကြက်ရိုးဖူးသ လုံး၍ လှပ၏၊ အပွင့် ဖြူ၏၊ မွှေးကြိုင်၏၊ ၎င်းသည် "ဝဿိကီ, ဂိမှိ, အတိမုတ္တာ" ဟူ သုံးမျိုး ကွဲ၏၊ ဝဿိကီမှာ မိုးအခါတွင် ပွင့်၍ ဂိမှိမှာ နွေရာသီတွင် ပွင့်၏၊ အတိမုတ္တာသ ပွင့်သေးမျိုး ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ အပွင့် ခါးစပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ် ကြေကျက်လွယ်၏၊

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်သွေးကို ပွားစေ၏၊ လေ, သည်းခြေ, ပါးစပ် မျက်စိနှင့် [illegible] ရောဂါများ, နူနာ, နှုတ်မမြိန်ရောဂါ, အဆိပ်သင့်, အနာပေါက်ရောဂါ စသည်တို့ကို [illegible]က်ကင်းစေတတ်၏၊ ရောင်တင်းခြင်းကို လျော့စေ၏၊ သွေးပွားစေ၏၊ ကိုယ်ဝန်ကို အား[illegible]၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာပေါက်။** ။ ၎င်းအရွက်ခြောက်များကို ရေစိမ်၍ အနာအုံဆေး အဖြစ် အုပ်ပေး[illegible] [illegible]လွန် ကြောက်မက်ဘွယ်ကောင်းသော အနာများကို ပျောက်ကင်းစေ၏။

**မီးတွင်းနို့နာ။** ။ မိန်းမများ မီးဖွားပြီးနောက် နို့အုံတွင် နို့များ ခဲ၍ နို့ကြောင်း [illegible]ပြီး အနာဖြစ်ရာတွင် ကြက်ရိုးပွင့်ကို ကြိတ်၍ အုံပေးပါ၊ ၇-နာရီ ၈-နာရီ ကြာသောအခါ [illegible]ကောင်းကို ပစ်၍ အသစ်ကို အုံပေးပါက ခဲနေသော နို့ကျိတ်, သွေးကျိတ်များ ကြေ၍ [illegible]ပျောက်ကင်း ချမ်းသာလိမ့်မည်၊ နုလျှင် ပိန်၍, ရင့်လျှင် ပြည်ပေါက်၍ ကောင်းမွန်သွားလိမ့်မည်။

**သွေးပုပ်ချခြင်း။** ။ မိန်းမများ မီးဖွားပြီးနောက် သွေးပုပ်များ ကြွင်းကျန်နေခဲ့သော် [illegible]က်ရိုးမြစ် ၃-ပဲသားခန့်ကို ထုထောင်း၍ ရေအနည်းငယ်ခန့်ဖြင့် ပြုတ်ပြီး သောက်ခဲ့သော် [illegible]ပုပ်, သွေးကျန်များ ကျဆင်း၍ ချမ်းသာလာပါလိမ့်မည်။

**သွေးဝမ်းရောဂါ။** ။ သွေးဝမ်းသွားခဲ့သော် ကြက်ရိုးရွက်အနု ၃-၄-ရွက်ကို ရေအေး[illegible] နယ်၍ ဆေးရည်ကို စစ်ယူပါ၊ ထိုတွင် သကြားခဲ ရော၍ တနေ့ ၃-ကြိမ်သောက်ပါက သွေးနှင့် [illegible] သွားသော ဝမ်းရောဂါမှ ပျောက်ကင်း ချမ်းသာလိမ့်မည်။

---

# ကြက်ရိုးပင်

| | | | |
|---|---|---|---|
| သက္ကတ | अरणिति | လက်တင် | Premna latifolia |
| ဟိန္ဒီ | अगनि युन | အင်္ဂလိပ် | Bakar |

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်ရောင် ပင်ရောင် ဖြစ်၏၊ အရွက် ဝိုင်း၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်သည် ကျင်ငယ်ကို ထုတ်ဆောင်တတ်၏၊ ဆီးကို ရွှင်စေ၏၊ [illegible]ချဉ်းရောဂါ၌ အတွင်းဆေး, အပြင်ဆေး အဖြစ်ဖြင့် အသုံးပြုရ၏၊ အခေါက်မှ ထွက်သော [illegible]သည် မြင်းဖုအစိုနာ, ဖေါရောင်ခြင်းတို့၌ အကျိုးများ၏၊ သားတိရစ္ဆာန်တို့၏ ဝမ်းပိုက်[illegible]ောင့်ခြင်း၌လည်း အသုံးပြုရ၏။

---

## ကြက်သွန် (ရေ)

သက္ကတ चिघोरा
ဟိန္ဒီ चिचोरा
လက်တင် Scirpus Articulatus

**ပုံသဏ္ဍာန်။** ။ ပင်နုမျိုး ဖြစ်၏၊ ပင်စည်သည် လက်ညှိုးခန့် ရှိ၏၊ အပွင့်သည် နားက ပွင့်၏၊ အရွက်သည် တလက်မ နီးပါးခန့် ရှည်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပင်ကို ခေတ်နုတ်ဆေး အဖြစ်ဖြင့် အသုံးပြုရ၏။

---

## ကြက်သွန် (ထန်း)

ဟိန္ဒီ पारू (लीक्)
လက်တင် Allium Porrum
အင်္ဂလိပ် Leek

**ပုံသဏ္ဍာန်။** ။ ခြံ, ဥယျာဉ်များတွင် စိုက်ကြ၏၊ အပွင့် နီ၏၊ ဥသည် ကြက်သွန် တူ၏၊ အရွက်သည် ထန်းပင်ပေါက် အရွက်နှင့် တူ၏၊ ထို့ကြောင့် ထန်းကြက်သွန် ခေါ် တရုပ် ကြက်သွန်မြိတ်ကြီး ဟုလည်း ခေါ်ကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အနာကို မှည့်စေရန် အသုံးပြုရ၏၊ ထက်မြက်၏၊ သ ထုတ်ဆောင်တတ်၏၊ ဆီးအိမ်ရှိ ကျောက်ကို ပျော်၍ ကျစေ၏၊ ဆီးရောဂါကို နိုင်၏။

---


## ကြက်သွန် (တော)

ဟိန္ဒီ प्याजी
လက်တင် Asphodelus Temifolius

**ပုံသဏ္ဍာန်။** ။ ဥ နှင့် အရွက်တို့သည် ကြက်သွန်ကဲ့သို့ ဖြစ်၏၊ လတာနှ တလျောက်၌ ပေါက်တတ်၏၊ အနံ့အရသာမှာမူ ကြက်သွန်နှင့်၊ မတူချေ၊ ကုန်းမြင့်၌ ပေါက် သောကြောင့် "ကုန်းခတ္တာ" ဟုလည်း ခေါ်ကြ၏၊ မိုးရာသီ၌ ပေါက်တတ်သော အပ ဖြစ်၏၊ အရွက်သည် ၁၄-၁၅-လက်မ ခန့်ထိ ရှည်၏၊ အပွင့်ဖြူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့သည် ဆီးရောဂါကို ပျောက်ကင်းစေ၏၊ အနာပေါ် ပေါ်ရောင်ခြင်းတို့၌ လိမ်းပေးရ၏။

---



ကြက်သွန်(ထန်း)

ALLIUM PORRUM

पारू

# ကြက်သွန် ( ပနိုင်း )

သက္ကတ ဖနပလဏ္ဍ — လက်တင် Urginea Indica

ဟိန္ဒီ जंगली प्याज — အင်္ဂလိပ် Indian Squill

**ပုံသဏ္ဌာန်။** ။ ဥသည် ကြက်သွန်နီဥနှင့် တူ၏၊ အပင်သည်လည်း ကြက်သွန်ပင်ခန့် ရှိ၏၊ [illegible]ရာတွင် ကြက်သွန်ပင်နှင့် တခြားစီ ဖြစ်၏၊ သမုဒ္ဒရာကမ်းဘေး, ဆားမြေများ, တောင်များ၌ [illegible]ပါက်တတ်၏၊ တနှစ် အတွင်း သာ အစွမ်းသတ္တိ ရှိ၏၊ တနှစ်က ကျော်လွန်လျှင် သတ္တိ ပြယ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ဥကို အသုံးပြုရ၏၊ စပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ [illegible]၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပိုးကို ပယ်တတ်၏၊ အဆိပ်ကို ပယ်တတ်၏၊ ဝမ်းသက်စေ၏၊ [illegible]န်ခြင်း, ဝမ်းပိုက်နာခြင်း, ဥတုသွေး မမှန်ခြင်း, ပန်းနာ, ရေဖျဉ်း, အဖုအကျိတ်, အရေပြား, [illegible]ါင်းကိုက်, နှာခေါင်းရောဂါ စသည်တို့၌ အသုံးပြုရ၏။

---

# ကြက်သွန် ( မြက် )

လက်တင် Cymbopogon martint

အင်္ဂလိပ် A Kind of grass

**ပုံသဏ္ဌာန်။** ။ နှစ်ရှည် အပင်မျိုး ဖြစ်၏၊ ၅-လက်မခွဲမှ ၁၇-လက်မ အထိ မြင့်၏၊ [illegible]သွယ်၏၊ ပင်စည်တွင် အဆစ် ၄-ဆစ်မျှ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ပြင်း၏၊ ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အဖျားရောဂါ, အဆုတ်ပြွန်ရောင်နာ, နူနာ, နှလုံးရောဂါ, [illegible]ပ်ချောင်းရောဂါ, ကလေးငယ်များ၌ ဖြစ်တတ်သော ဝက်ရူးပြန်ရောဂါတို့ကို ပျောက်ကင်း[illegible]၏။

---

# ကြက်သွန်နီ ( ဥအကြီး )

သက္ကတ पलाण्डु — လက်တင် Allium Cepa

ဟိန္ဒီ प्याज — အင်္ဂလိပ် Onion

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ စပ်၏၊ အနည်းငယ် ပူ၏၊ ဝိပါက၌ ချို၏၊ [illegible]ကျက်ခဲ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်ကို မြိန်စေ၏၊ ပြေပြစ်၏၊ ခွန်အားကို ပြုတတ်၏၊ သုက်သွေးကို ပွားစေ၏၊ လေ, သည်းခြေကို နိုင်၏၊ နှုတ်မမြိန်ရောဂါ, အော့အန်ခြင်း စသော ရောဂါများကို ပျောက်ကင်းစေတတ်၏။

---

# ကြက်သွန်နီကလေး

လက်တင် Allium ascalonicum
အင်္ဂလိပ် Shallot

**ဂုဏ် နှင့် စွမ်းရည်။** ။ ယူနာနီဆရာတို့၏ အလိုအားဖြင့် ကြက်သွန်နီကလေး၊ ကြက်သွန်နီ ဥကြီးကဲ့သို့ အသုံးပြုရမည် ဟု ဆို၏၊ ထို့ပြင် နား၌ ဖြစ်သော ရောဂါတို့၌ အရည် ညှစ်၍ အသုံးပြုရ၏၊ ထို့မှတပါး ထောပတ်နှင့် ချက်ပြီးလျှင် ပျားရည်ထည့်ကာ ကာမအား ဆေး အဖြစ်ဖြင့် အသုံးပြုရ၏၊ ထို့ပြင် အရေပြားရောဂါတို့၌ ပွတ်တိုက်ပေးရ၏၊ ထို့ပြင် မြွေဆိပ်မိရာတို့၌လည်း အသုံးပြုရ၏။

---

# ကြက်သွန်ဖြူဥ

သက္ကတ लशुण
ဟိန္ဒီ लहसुन
လက်တင် Allium Sativum
အင်္ဂလိပ် Garlic

**အရသာ နှင့် အကျိုးသွား။** ။ အချဉ်မှ တပါး အရသာ ၅-မျိုး ရှိ၏၊ ပူ၏၊ ဝိပါကၡ စပ်၏၊ ကြေကျက်စေ၏၊ ပြေပြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆီးဝမ်းကို ချွင်စေ၏၊ ဝဖြိုးစေ၏၊ ကာမကို အားပေး၏၊ ခွန်အားကို ဖြစ်စေ၏၊ မျက်စိကို အကျိုးပြု၏၊ အသက်ကို ရှည်စေ၏၊ သွေး, သည်းခြေကို တိုးပွားစေ၏၊ လေ, သလိပ်ကို နိုင်၏။

နှလုံးရောဂါ, နာတာရှည်အဖျား, ဝမ်းအောင့်ခြင်း, ချုပ်ခြင်း, လေတက်, နှုတ်မမြိန်ခြင်း, ချောင်းဆိုးခြင်း, ရောင်တင်းခြင်း, မြင်းသရိုက်, နူနာ, ဝမ်းမီးနုံ့, ပိုးရောဂါ, လေရောဂါ စသည်ကို နိုင်၏။

---

# ကြက်သွန်ဖြူဥ (ဥတလုံး)

| | | | |
|---|---|---|---|
| သက္ကတ | लशुन | လက်တင် | Allium Sativum |
| ဟိန္ဒီ | लहसन | အင်္ဂလိပ် | Garlic |

**ပုံသဏ္ဌာန်။** ။ ကြက်သွန်ဖြူနှင့် တူသော အပင်ငယ်မျိုး ဖြစ်၏၊ ဥသည် တဥ ထည်း မှိုသည် သာ ထူး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကာမသတ္တိကို အားပေး၏၊ ထောပတ်နှင့် ဖျော်၍ ပျားရည်နှင့် စားခဲ့သော် ကာမကို အလွန် အားပေး၏၊ သေးငယ်သော အစိတ်အပိုင်း တခုကို နား၌ ထည့်၍ ထားခဲ့သော် နားကိုက် ပျောက်ကင်း၏၊ မြွေစသော အဆိပ် အမျိုးမျိုးတို့ကို ကာကွယ်ရန်လည်း အသုံးပြုရ၏။

---

# ကြက်ဟင်းခါး (အဖို)

| | | | |
|---|---|---|---|
| သက္ကတ | कारवेल्ल | လက်တင် | Momodica charantia |
| ဟိန္ဒီ | करेला | အင်္ဂလိပ် | Bitter gourd |

**ပုံသဏ္ဌာန်။** ။ နွယ်ပင်မျိုး ဖြစ်၏၊ အရွက် ကွဲ၏၊ အပွင့် ဝါ၏၊ အဆုတ်လိုက် ပွင့်ခြင်း မရှိ၊ အသီးသည် နုသောအခါ စိမ်း၍ ရင့်သောအခါ လိမ်မော်ရောင် ဖြစ်လာ၏၊ အသီး ပေါ်၌ အနိမ့် အမြင့် (မညီ မညွတ်) ရှိ၏၊ အစေ့ ရှည်၏၊ အဖို့ အမ ၂-မျိုး ရှိရာ အဖိုသည် ကြီးထွား၍ အမသည် သေးငယ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စငါးပါးကို အသုံးပြုရ၏၊ ခါး၏၊ စပ်ရှားရှား ရှိ၏၊ အေး၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မလတို့ကို ဖြိုခွဲတတ်၏၊ ကြေကျက်လွယ်၏၊ အနည်းငယ် မလကို ဖြစ်စေ၏၊ ဝမ်းကို သက်စေ၏၊ ပိုးကို နိုင်၏၊ ဆာလောင်ခြင်းကို ဖြစ်စေတတ်၏၊ သည်းခြေ, သလိပ်ကို နိုင်၏၊ မျက်စိရောဂါ, ဝစ္စမဂ်နာကျင်ခြင်း, ယောနိ၌ ဖြစ်သော ရောဂါများ, အဖျား, ပိုးရောဂါ, သွေးဖေါက်ပြန်ခြင်း, သွေးအားနည်းခြင်း, ဆီးနှင့် စပ်သော ရောဂါများ, ပန်းနာ, အနာပေါက်, လေပြန်တန်တို့၌ ပူသော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊

## ရောဂါအလိုက် အသုံးပြုနည်း

**ကျောက်တည်ရောဂါ။** ။ ၎င်းအရွက်စိမ်း၏ သတ္တုရည် ၂၀-၄-ပဲသားတွင် ဒိန်ရည် ၁-ဂ-ပဲကို ရောသောက်လျှင် ကျောက်တည်ရောဂါ ပျောက်ကင်း၏၊ ၎င်းနောက် ဆန်ပုန်းရည် ၉၀-သားမျှ ဆက်သောက်ပါ၊ ဤနည်းအတိုင်း (၃) ရက်ဆက် မှီဝဲပြီးနောက် (၃) ရက် နားနေပါ၊ ဤနည်း အတိုင်း နောက် (၄) ရက်ဆက် သောက်ပါ၊ (၄) ရက် နားနေပါ၊ နောက်

(၅) ရက်ဆက် သောက် (၅) ရက်နား၊ နောက် (၆) ရက် ဆက်သောက် (၆) ရက်နား။ နောက်(၇) ရက် ဆက်သောက်သော် ထိုကျောက်တည်ရောဂါသည် စင်ကြယ်စွာ ပျောက်က[င်း] သွား၏။

**ပိုးရောဂါ။** ။ အူတွင်း၌ ရှိသော ပိုးများ ၎င်း၏သတ္တုရည်ကို သောက်လျှ[င်] ပျောက်ကင်း၏။

**ပါးစပ် ကွဲလောင်ခြင်း။** ။ တဖန် ၎င်းသတ္တုရည် နှင့် မြေဖြူမှုန့်ကို ရော၍ ပွတ်ပေး[]လျှင် ပါးစပ် ကွဲလောင်ခြင်း ပျောက်ကင်း၏။

**ယားနာ။** ။ ၎င်းကြက်ဟင်းခါးပင်၏ ပဉ္စင်္ဂါးပါး, သစ်ကြပိုးခေါက်, ပိတ်ချင်း, ဆန်, ဟာဒ[ါ]စေ့ — ၎င်းတို့ကို ရော၍ လူးလျှင် ယားနာစသော အရေပြား ရောဂါတို့ကို ပျောက်က[င်း] စေ၏။

**ကိုယ်ရေဝါရောဂါ။** ။ ကြက်ဟင်းခါးရွက်, သတ္တုရည် နှင့် ဖန်ခါးသီးကို သေ[ွး] သောက်လျှင် ကိုယ်ရေဝါရောဂါ ပျောက်ကင်း၏။

**အဆစ်ရောင်။** ။ အသီးနုများ၏ သတ္တုရည်ကို မီးပေါ်မှာ နွေး၍ လိမ်းလျှ[င်] အဆစ်ရောင်ရောဂါ ပျောက်ကင်း၏။

**သရက်ရွက်ကြီးသောရောဂါ။** ။ ၎င်းအသီး၏ သတ္တုရည်တွင် မုန်ညင်းစေ့, သိမ်ဖြူ ကိုကို ထည့်ထောင်း၍ သောက်လျှင် သရက်ရွက်ကြီးသော ရောဂါကို ပျောက်ကင်းစေ၏။

**ရေဖျဉ်းရောဂါ။** ။ ၎င်းအသီး၏ သတ္တုရည် ဝိ-ဂ-ပဲသားတွင် ပျားရည် အနည်းငယ် ကည့်၍ သောက်လျှင် ဝမ်းသက်ပြီး ထိုရေဖျဉ်းရောဂါသည် ပျောက်ကင်း၏။

**ကာလဝမ်းရောဂါ။** ။ ၎င်းအသီး၏ သတ္တုရည်တွင် ဆီနှင့် ရော၍ သောက်ခဲ့သော် ကာလဝမ်းရောဂါသည် ပျောက်ကင်း၏။

**လည်ချောင်းနာ။** ။ ကြက်ဟင်းခါးသီး အခြောက်ကို ကျောက်ပြင်တွင် သွေး၍ လူးသော် လည်ချောင်းရောင်သော ရောဂါများ ပျောက်ကင်း၏။

---

## ကြက်ဟင်းခါး (အမ)

| | | | |
|---|---|---|---|
| သက္ကတ | क्षुद्र कारवेल्ल | လက်တင် | Momordica muricata |
| ဟိန္ဒီ | करेली | အင်္ဂလိပ် | Small Bittler gourd |

**ပုံသဏ္ဍာန်။** ။ ကြက်ဟင်းခါး အဖို ကဲ့သို့ ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဉ္စင်္ဂါးပါးကို အသုံးပြုရ၏၊ ခါး၏၊ သတ္တိ အေး[၏၊] ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မလတို့ကို ဖြိုခွဲတတ်၏၊ ကြေကျက်လွယ်၏၊ အနည်းငယ် ...ကို ဖြစ်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ အဖျားရောဂါ, သွေးဖေါက်ပြန်ခြင်း, ဝါသင့်နာ, ...သရော, ပိုးရောဂါ, နူနာ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

---

# ကြောင်ပန်း

သက္ကတ जल निगुंण्डी လက်တင် Vitex trifolia
ဟိန္ဒီ पानी संमालू အင်္ဂလိပ် Indian Wild Pepper

**ပုံသဏ္ဍာန်။** ။ ကြောင်ပန်းသည် အပွင့် အသွေး အရောင်ကို စွဲ၍ ဖြူ, နီ, ပြာ စသည် ... အရောင်အသွေး အလျောက် အမျိုးပြား၏၊ အချုပ်အားဖြင့် ဆိုသော် ဘာဝပ္ပကာသနိဃဏ္ဍု, ...လိဂါမနိဃဏ္ဍု တို့၌ ပဓာန အားဖြင့် ၂-မျိုးသာ ရှိသည် ဟု ဖေါ်ပြထား၏၊ ၂-မျိုးမှာ ကြောင်ပန်းကြီး နှင့် ကြောင်ပန်းငယ် ဟူ၍ ဖြစ်၏၊ ကြောင်ပန်းကြီးမှာ အရွက် ၅-ခုစီ ခြား၍ ...၏၊ ချွန်၏၊ အရွက် ရှည်၏၊ ညိုရောင် ဖြစ်၏၊ ကြောင်ပန်းငယ်မှာ အရွက် ခတ်ဝိုင်းဝိုင်း ရှိ၏၊ ...က်လျှင် အရွက် ၃-ရွက် ထွက်၏၊ ဤကဲ့သို့ များသောအားဖြင့် ၅-ရွက်နှင့် ၃-ရွက် ခွဲခြား၍ ...အမှတ်ပြုကြကုန်၏၊ ၅-ရွက်မှာ ကြောင်ပန်းကြီးဖြစ်၍ ၃-ရွက်မှာ ကြောင်ပန်းငယ် ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ဖန်၏၊ ပူ၏၊ ထက်၏၊ ပေါ့၏၊ ဝမ်းမီးကို ...က်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေကိုနိုင်၏၊ ကိုက်ခဲခြင်း, နူနာ, အနာပေါက်တို့ကို ပျောက် ...စေနိုင်၏၊ အနာကို အသားနု တက်စေ၏၊ သလိပ်ကို ထုတ်ဆောင်တတ်၏၊ အဖျား နှင့် ပိုးကို ...၏၊ ချောင်းဆိုးကို ကင်းဝေးစေ၏၊ မီးရတ်ကို မှန်စေ၏၊ ဆီးကို ရှင်စေ၏၊ ခြင်ဆီဓာတ်ကို အား ...၏၊ အားအင် တိုးပွား၏၊ မြွေဆိပ်, ကင်းဆိပ်ကို ပြေပျောက်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အကြောရောဂါ။** ။ အရွက်စိမ်း၏ သတ္တုရည်ကိုငင်း ထိုအရွက်ကို ကြော်ချက်၍ ...၊ စားသောက် မှီဝဲခဲ့သော် အကြောနှင့် ပတ်သက်သော ရောဂါများ ပျောက်ကင်း၏။

**နားပြည်ယိုနာ။** ။ကြောင်ပန်းရွက်ကို နှမ်းဆီဖြင့် ၎င်းတွင် ပျားရည် အနည်းငယ် ...ပြီး နား၌ ကျပ်ပေးခဲ့သော် နားပြည်ယိုခြင်း, နားကိုက်ခြင်း ပျောက်ကင်း၏။

**ဖေါရောင်ရောဂါ။** ။ဖေါရောင်သောရောဂါ၌ ကြောင်ပန်းရွက်ကို သက်ရင်းကြီးမြစ် အနည်းငယ်မျှနှင့် ရော၍ သောက်ခဲ့သော် ၎င်းရောဂါသည် လျင်မြန်စွာ ပျောက်ကင်း၏။

**အနာပေါက် နှင့် အရေပြားရောဂါ။** ။ ကြောင်ပန်းရွက်ကို အတွင်းဆေးအဖြစ်ဖြင့်

သောက်၍သော်၎င်း, အပြင်ဆေး အဖြစ်ဖြင့် လိမ်း၍သော်၎င်း ပြုလုပ်ပေးခဲ့သော် အနာပေါ် နူနာ, ရေယုန်, ရတ္တပိတ်နာတို့ နှင့် အရေပြားရောဂါတို့ကို ပျောက်ကင်းစေနိုင်၏။

**ညောင်းကျရောဂါ။** ။ ညောင်းကျရောဂါ ဦးစွာဖြစ်စဉ်၌ ကြောင်ပန်းရွက်ပြုတ် ကို သောက်ပေးရ၏၊ ၎င်းပြင် ညောင်းကျရောဂါ၌ မကြာမကြာ ဆီးချုပ်တတ်၏၊ ထို ကြောင်ပန်းရွက်ပြုတ်ရည် ပူပူနွေးနွေးကို သောက်ပေးခဲ့သော် ဆီးသည် သွားသောအခါ မျ လျှင်မြန်စွာ ဆီးကျဆင်းလိမ့်မည်။

**ဆုံဆို့နာ။** ။ ဆုံဆို့နာ ဖြစ်ရာ၌ ပဌမ ဖြစ်စတွင် ကြောင်ပန်းရွက်ခြောက် ဆေးပေါ့လိပ် ဆေးတံ စသော အခိုးရှူရန် သင့်လျော်ရာ တခုခုတွင် ထည့်၍ အခိုးရှူ ၎င်းပြင် ကြောင်ပန်းရွက် အစို ၂-ကျပ်သား, ပိတ်ချင်းငယ် ၂-ပဲသား, နံ့သာဖြူ ၄-ပဲသ တို့ကို ရေတဆယ်သား ထည့်၍ ကျိုပါ၊ ၃-ကျပ်သားမျှ ကျန်သောအခါ တခွက်စာ ၁-ကျ ဂ-ပဲသားမျှ နံနက် တကြိမ်, ညတကြိမ် သောက်ခြင်းဖြင့် ဆုံဆို့နာရောဂါ ပျောက်ကင်းနိုင်၏

**မီးတွင်းဖျား။** ။ မီးတွင်းဖျား ရောဂါ၌ ကြောင်ပန်းရွက်ကို အသုံးပြုခြင်း မီးတွင်းဖျား ပျောက်ကင်း၍ သွေးပုပ် အညစ်အကြေးများလည်း ကျဆင်းသည့်ပြင် သား လည်း ပကတိ အနေအထား အတိုင်း ပုံမှန် ဖြစ်၏၊ ၎င်းပြင် မီးဖွါးခြင်းနှင့် ပတ်သက်၍ ရောင်ရမ်း နေသော အင်္ဂါအစိတ်အပိုင်းတို့လည်း ပျောက်ကင်း၏။

**ငှက်ဖျား နှင့် မီးတွင်းဖျား။** ။ ၎င်း၏ အရွက်မှုန့်ကိုသော်၎င်း, ၎င်းကြောင်ပ ပဥ္စင်းပင်း၏ သတ္တုရည်ကို သော်၎င်း, သို့မဟုတ် ကြောင်ပန်းရွက် ပြုတ်ရည်ကို သော်၎င် ကြောင်ပန်းရွက် ရေနွေးဖျော၍ ရသော အရည်ကိုသော်၎င်း ရရာကို နံနက် ည သောက်ပေးပ ထိုနောက် ကြောင်းပန်းရွက် ပြုတ်ရည်နှင့် ရေနှင့် စပ်၍ ရေချိုးပေးပါ၊ ထိုသို့ ပြုလုပ်ခြင်း ကိုယ်တွင်း၌ ပူလောင်ခြင်း, ကိုယ်အနံ့ မ ကောင်းခြင်းများ ပျောက်ကင်း၍ ဆီးများစွာ သွား လျှင် ငှက်ဖျား နှင့် မီးတွင်းဖျားနာခြင်းများ တဖြည်းဖြည်း ကင်းဝေးသွားလိမ့်မည်။

**အသည်း ( သဲ ) ရောင်ခြင်း။** ။ ငှက်ဖျားရောဂါ ကြာရှည်၍ အသည်းရောင်ခြင် သရက်ရွက်ရောင်ခြင်း ဖြစ်ခဲ့သော် ကြောင်ပန်းရွက်မှုန့် ကြစုသီးတို့ကို နွားသေးနှင့် ၇-ရက် စိမ်၍ ၎င်းဆေးရည်ကို တကြိမ်လျှင် ကြွေဇွန်းကြီး ၂ ဇွန်းမျှ နံနက် ည သောက်ခဲ့သော် ထိုရော များ ပျောက်ကင်း၏။

**မှတ်ချက်။** ။ မြန်မာပြည်၌ကား ကြောင်ပန်းငယ်ကို အတွေ့များ၏၊ အသုံးများ၏ ကြောင်ပန်းကြီးကိုကား အိန္ဒိယတို့၌ အသုံးများ၏၊ ထိုကို ထောက်၍ ကြောင်ပန်းကလေ ကို မြန်မာကြောင်ပန်း ဟူ၍၎င်း, ကြောင်ပန်းကြီးကို အိန္ဒိယကြောင်ပန်း ဟူ၍၎င် ခေါ်ကြ၏၊ ဆေးသုံးရာ၌ ဆေးကျမ်းတို့တွင် အမြစ်ကို အသုံးပြုရန် ဦးစားပေး ရေးကြ၏ သို့သော်လည်း အရွက် အပွင့် အခေါက် သင့်သလို သုံးကြ၏။

" ဝနနိဂုဏ္ဍိ = တောကြောင်ပန်း " ဟူ၍ သီးသန့် အမည်တခု ပြပြီးလျှင် ၎င်း၏ အကျိုးသွားကို သာလိဂ္ဂါမနိဃဏ္ဍု၌ ထုတ်ပြထားသည်ကို တွေ့ရ၏။

---

ပေါ်
ပွဲတော်မျ
ထိုးအ
မျာ
ခြောက်
ခိုးရှု
ှ ပဲသ
၁ ကျ
င်းနိုင်
ခြင်းဖြ
သားသ
ရာင်ရမ်
ခြင်ပန်
သင်ရင်
ပေးပါ
ခြင်းဖြ
သွားပြီ
ခင်ခြင်
ရက်မျ
ဖြိုရော
များ၏
ကလေး
ဥ၍ရင်
းကြ၏
ရင်း၏



ကြောင်ပန်းကြီး
VITEX NEGUNDO
सम्हालु

# ကြောင်ပန်းကြီး

သက္ကတ निर्गुण्डी လက်တင် Vitex negundo
ဟိန္ဒီ सम्हालु အင်္ဂလိပ် Great chaste tree

**ပုံသဏ္ဍာန်။** ။ ကြောင်ပန်းသည် အကြီးမျိုး, အငယ်မျိုး ရှိ၏၊ အငယ်မှာ အရွက်ဝိုင်း၏၊ အဖြူရောင် ရှိ၏၊ အကြီးမှာ အညိုရောင် ရှိ၏၊ အရွက် ကြီး၏၊ ချွန်၏၊ အချို့ ရွက်ခွ တတ်ရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ စပ်၏၊ ပူ၏၊ ချုပ်၏၊ အစာကို ကြေစေတတ်၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သန်ကို ကျစေ၏၊ ဆံပင်ကို သန်စေ၏၊ ပညာကို တိုးပွားစေ၏၊ အဆင်းကို ဖြစ်စေ၏၊ မျက်စိရောဂါ, အဆုတ်ရောဂါ, အနာမီးလျှံ, ခရုသင်း, အဆုတ်ကြီးခြင်း, အဆုတ်ပြွန်ရောင်နာ, ပန်းနာ, သည်းခြေပျက်နာ, ကလေးများ၏ သွားနာကျင်ကိုက်ခဲခြင်း၌ ကောင်း၏၊ ဝစ္စမဂ်၌ ဖြစ်သောလေ, ခယရုဂ်, အဆစ်ရောင်ဖော, အစာမကြေ, ဝမ်းကယ်ခြင်း, ပိုးရောဂါ, ကုဋ္ဌရောဂါ, သလိပ်ရောဂါ, အနာဆိုး, အနာပျက်, အဖျဉ်းရောင်ရောဂါ, အလုံးရောဂါ, လည်ချောင်းရောဂါ, အဆိပ်သင့်, ကိုက်ခဲ, နှုတ်မမြိန်, အဖျား, အဆီတိုး, ဒူးဆစ်ရောင်, နားရည်ယို, ချောင်းဆိုး, ပန်းနာ, သည်းခြေဒေါသတို့ကို ပယ်နိုင်၏၊ အရွက်သည်လည်း ထူးထူးခြားခြား ပိုးရောဂါကို ပယ်နိုင်၏။

**မှတ်ချက်။** ။ ဆေးကျမ်းတို့တွင် အမြစ်တို့၏ စွမ်းရည် သတ္တိ အကျိုးပြုပုံကို ဖွင့်ပြခြင်းသည် လွန်စွာ မထူးခြားပေ၊ ထို့ကြောင့် ပဥ္စငါးပါးလုံးကို ပင် ရရှိလျှင် သုံးနိုင်၏၊ "တောကြောင်ပန်း" ကိုလည်း သီးသန့် ဖွင့်ပြထား၏၊ ရိုးရိုးကြောင်ပန်း ၂-မျိုးသည် ပင်အိမ်ခြံတို့၌ရှင်း, တောတို့၌ရှင်း ပေါက်ရောက်တတ်သောကြောင့် ယခု သီးသန့် ဖော်ပြသော "တောကြောင်ပန်း" သည် လူနှင့် အလွန်အမင်း ဝေးသည့် တောတောင် တို့၌ ပေါက်ရောက်တတ်၏ ဟု မှတ်ပါ။

ထို့ပြင် — အကျိုးသွား သတ္တိတို့ကိုလည်း သီးသန့်၍ ဖော်ပြထား၏၊ သို့သော် — ဖော်ပြခဲ့ပြီးသည့် အကျိုးသွား သတ္တိတို့နှင့်ကား မထူးလှချေ၊ ဖော်ပြပြီး ကြောင်ပန်း ၂-မျိုးတွင် ဗိန္ဒောဆရာကြီးများသည် "ကြောင်ပန်းကြီး" ကို သာလျှင် အသုံးများကြ၏။

---

# ကြောင်ရိုသေပင်

သက္ကတ हरित मंजरी လက်တင် Acalypha indica
ဟိန္ဒီ कुप्पी အင်္ဂလိပ် Indian acalypha

**ပုံသဏ္ဍာန်။** ။ တနှစ်သာ ခံသော အပင်မျိုး ဖြစ်၏၊ ၁-ပေမှ ၃-ပေ အထိ ရှိ၏၊ အမွှေး မရှိ၊ အရွက် ဝိုင်း၍ ၁ လက်မမှ ၂-လက်မခွဲ အထိ ရှိ၏၊ ထိပ်ဖျား ချွန်၏၊ အပွင့်သည်

အလွန် ငယ်၍ အဆုပ်လိုက် ပွင့်၏၊ အစေ့သည် ဝိုင်း၏၊ ကြေမွတတ်၏၊ ဗာဒံနုရောင် ရှိ၏ ထိုအပင်၏ အနံ့ကို ရသောအခါ ကြောင်များသည် အလွန် နှစ်သက်၏၊ ကြောင်းများ အတွက် အသက်ကယ်ဆေးပင်လည်း ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပဥ္စင်္ဂါးပါးလုံး သုံးရ၏၊ အရွက်ကို အနံ့ဆေး အဖြစ် အသုံးပြုရ၏၊ အဆုတ်ကို အကူအညီပေး၏၊ အဆစ်ရောင်, အဆုတ်အအေးပတ်သော အဖျား, ပန်းနာ, လေပြွန်ချောင်းပူခြင်း, မြွေကိုက်ခံရခြင်း, အရှူးရောဂါ, ဥကျောက်ရောဂါ, ပိုးရောဂါ တို့၌ သုံးရ၏၊ အနည်းငယ်ခန့် သက်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သူငယ်နာ ချွဲကျပ်ရောဂါ။** ။ ကလေးများ ချွဲသလိပ် ပိတ်ဆို့မှုကြောင့် ရင်ကျပ် သော် တမာရွက် သတ္တုရည် နှင့် ကြောင်ရှိသေပင်၏ အရွက် သတ္တုရည်ကို ရောစပ်၍ တိုက်ခဲ့သော် ဝမ်းသွားခြင်း, အော့အန်ခြင်းဖြင့် ထိုရောဂါသည် သက်သာသွားလိမ့်မည်။

**ပန်းနာ ရင်ကျပ်။** ။ လူကြီးများ ပန်းနာ, ရင်ကျပ် ဖြစ်ခဲ့သော် အထက်ပါနည်း အတိုင်း အန်လောက်ရုံ သာ အန်ဆေးအဖြစ်ဖြင့် ပေးရမည်။

**အဆုတ်ရောင်ရောဂါ။** ။ အဆုတ်ရောင်ခြင်းတို့၌ ၎င်းအရွက်ပြုတ်ရည်ကို အန်ဆေး အဖြစ်ဖြင့် တိုက်ပေးသင့်၏။


**အသက်ရှူ ပြွန်တံရောင်ခြင်း။** ။ ၎င်း၏ အရွက်ခြောက်ကို ပြုတ်၍ ထိုပြုတ်ရည်ကို တိုက်ခဲ့သော် အသက်ရှူရှိုက်ရာ လမ်းကြောင်းတလျှောက်၌ ရှိသော အညစ်အကြေး ပိတ်ဆို့ခြင်း ကို ရှင်းလင်းစေ၍ ပြွန်တံရောင်ခြင်းသည်လည်း ပျောက်ကင်းသွားလိမ့်မည်။

**အနာပေါက်။** ။ ၎င်းအရွက်ကို ကြိတ်၍ အနာပေါ်၌ အုံပေးခဲ့သော် အနာများ ပျောက်ကင်းသွား၏။

**အရေပြားရောဂါ။** ။ ၎င်းအရွက်သတ္တုရည်ကို ဝဲခြောက်, ပွေး, ယားနာ စသော အရေပြားရောဂါတို့၌ လိမ်းပေးခဲ့သော် ထိုရောဂါများ ပျောက်ကင်းသွားလိမ့်မည်၊ တမာဆီ နှင့် ၎င်းအရွက်၏ သတ္တုရည်ကို ရော၍ လိမ်းပေးခဲ့သော် အမျိုးမျိုးသော ယားနာ စသော အရေပြား ရောဂါတို့ ပျောက်ကင်းနိုင်၏။

**အဆစ်အမြစ်ကိုက်သောရောဂါ။** ။ ၎င်းအရွက်၏သတ္တုရည်ကို ကြက်ဆူဆီနှင့် ရော၍ အဆစ်အမြစ်ကိုက်ရာတွင် လိမ်းပေးခဲ့သော် ထိုရောဂါသည် ပျောက်လိမ့်မည်။

**နားရောဂါ။** ။ ၎င်းအရွက်၏ သတ္တုရည်ကို နား၌ ထည့်ပေးခဲ့သော် နားရောဂါ သည် ပျောက်ကင်း၏။



ကြောင်ရိုသေပင်
ACALYPHA INDICA
हरित मजरी

# ကြောင်လျှာ

သက္ကတ शयोनाक, अरलू
ဟိန္ဒီ सोनापाठा
လက်တင် Oroxylum indicum

**ပုံသဏ္ဌာန်။** ။ ကြောင်လျှာသည် ကြောင်လျှာကြီး, ကြောင်လျှာလက်တို, ကြောင်လျှာဖူးပေါက် ဟူ၍ ၃-မျိုးရှိ၏၊ အသီးအနေဖြင့် အနည်းငယ် ကွာကြ၏၊ ကြောင်လျှာကြီးမှာ ထင်ရှားစွာ တွဲ၍ သီး၏၊ ကြောင်လျှာလက်တိုမှာ အသီး တို၏၊ ထောင်၍ သီး၏၊ ကြောင်လျှာပင်သည် ဒသမူလ ( ဆယ်ပါးအုပ်စု ) ဆေးဘက်တွင် အပါအဝင် ဖြစ်၏၊ မြန်မာတို့သည် အသီးကို အမျိုးမျိုး ပြုလုပ်၍ စားသုံးကြ၏၊ အရွက်ကိုလည်း ရေနွေးဖျော၍ တို့မြုပ် စား၏၊ ထိုကဲ့သို့ စားဘွယ်ရာ၌ ကျေးဇူးများသည့်ပြင် ဆေးဘက်တို့တွင်လည်း အသုံးများကြ၏။

**ဘရသာ နှင့် အကျိုးသွား။** ။ အသီး, အမြစ်, အခေါက်တို့ကို သုံးရ၏၊ ဖန်, ခါး, ကဲ ( ဘစိမ်း )၊ ပူ၏၊ စပ်၏၊ ကြေလွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မြိန်စေ၏၊ နှလုံး, လည်ပင်းကို အကျိုးပြု၏၊ ဝမ်းမီးကို တောက်စေ၏၊ လေ, သလိပ်ကို နိုင်၏၊ ဂူလုံး, မြင်းသရိုက်, ပိုးရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏၊ အပင်သည် ဖန်, ခါး, စပ်၏၊ အေး၏၊ ဝမ်းမီးကို တောက်စေ၏၊ ချုပ်၏၊ သုက် ခွန်အားကို ပွားစေ၏၊ ဒေါသ ၃-ပါးကို ငြိမ်းစေ၏၊နှုတ်မမြိန်, သန္နိပါတ်အဖျား, အစာမကြေ, လေပြည့်, ချိ, ပျို့အန်, ချောင်းဆိုး, ရေငတ်, ဝမ်းသက်, နူနာတို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သားဖွား မီးရတ်ရောဂါ။** ။ သားဖွားပြီးနောက် ၄-၅-၆-ရက် တိုင်အောင် ကြောက်မက်ဘွယ် ကောင်းသည့် ကိုက်ခဲ, နာကျင်ခြင်းသည် အမျိုးသမီးတို့၌ ဖြစ်တတ်၏၊ ထိုအခါ အောက်ပါ ကြောင်လျှာခေါက်ဆေးကို စီမံ ပေးရ၏၊ ကြောင်လျှာခေါက် ၆-ရွေးသား, ချင်းခြောက် ၆-ရွေးသား, ထန်းလျက် ၁၂-ရွေးသား တို့ကို ရော၍ အလုံး ၃-လုံး ရအောင် လုံးထားပါ၊ နံနက် နေ့ ည ဒသမူပြုတ်ရည်နှင့် တိုက်ကျွေးခဲ့သော် အံ့ဩဘွယ် ကောင်းအောင် ထိုရောဂါ အစွမ်းကို တွေ့ရပါမည်။

**ပန်းနာ ချောင်းဆိုး။** ။ ကြောင်လျှာခေါက်မှုန့်ကို ချင်းသတ္တုရည်နှင့်ငင်း, ပျားရည်နှင့်ငင်း, ရောစပ်၍ လျက်ခဲ့သော် ထိုပန်းနာ ချောင်းဆိုး ရောဂါသည် ပျောက်ကင်း၏။

**အစာမကြေရောဂါ။** ။ ၎င်းအခေါက်မှုန့်ကို ရေနွေးတွင် ၂-နာရီ ကြာမျှ စိမ်၍ စစ်ပြီးနောက် တကြိမ်လျှင် ၁-ကျပ်သားမျှ နံနက် ည သောက်ခဲ့သော် ဝမ်းမီးနုံ့ခြင်းကြောင့် ဖြစ်သော အစာမကြေရောဂါ ပျောက်ကင်း၏။

**ခံတွင်းခြောက်ကွဲနာ။** ။ ကြောင်လျှာရွက်ကို သို့မဟုတ် ကြောင်လျှာခေါက်ကို ရေနှင့် စိမ်၍ ၎င်းရေကို နုတ်ကျင်းပေးခဲ့သော် ခံတွင်းခြောက်ကွဲနာ ပျောက်ကင်း၏။

**ဘိန်းဆိပ်။** ။ ကြောင်လျှာရွက်၏ သတ္တုရည်ကို တိုက်ခဲ့သော် ဘိန်းဆိပ်သင့်သူမျာ၊ ချမ်းသာ၏။

**ခေါင်းထက်ခြမ်းကိုက်။** ။ ကြောင်လျှာခေါက်ရေနှင့် စပ်၍ နှာနို့, ပဲစေ့ငုံ ရွက် သတ္တုရည် ရောပြီး ရှူပေးခဲ့သော် ခေါင်းတခြမ်းကိုက် ရောဂါ ပျောက်ကင်း၏။

---

# ကြိတ်မှန်ပင်

သက္ကတ भृङ्गराज
ဟိန္ဒီ भंगरा
လက်တင် Eclipta alba

**ပုံသဏ္ဌာန်။** ။ ကြိတ်မှန်သည် အရိုးအရွက်တွင် အမွေးစုတ်စုတ် ရှိ၏၊ စိုစွတ်ရာတွင် ပေါက်တတ်သည်၊ အရွက်ချွန်းသော အပင်တမျိုး ဖြစ်လေသည်၊ ၎င်းသည် အဖြူ, အဝါ, အနက်ရောင် ဟူ၍ အဆင်းအနေဖြင့် ၃-မျိုး ကွဲပြားသည်ကို တွေ့ရ၏၊ ထို ၃-မျိုးတွင် အနက်မျိုးကား အလွန် ရခဲ၏ ဘုန်းရှင်ကံရှင်များ သာလျှင် ရနိုင်၏၊ အချို့ကမူ ကြိတ်မှန်ပွင့်ဖြူ အပင်မှ ပွင့်ဖတ် အဖြူလေးများ ကြွေကျပြီးသည်နောက် အသီးခွက်တွင် အညို သို့မဟုတ် အနက်ရောင် ဖြစ်လာသည်ကို " ကြိတ်မှန်နက် " ဟုလည်း ယူဆကြကုန်၏။

**အရသာ နှင့် အကျိုးသွား။** ။ များသော အားဖြင့် အရွက်ကို သုံး၏၊ ခါးသက်သက် ရှိ၏၊ ပိပါကဉ္စ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဓာတ်တို့ကို ပြောင်းလဲစေ၏၊ ပိုးအဆိပ်တို့ကို ပယ်တတ်၏၊ ဆံပင်ကို ကောင်းစေ၏ မျက်စိ အရောင်ကို ကောင်းစေ၏၊ သွားကို ခိုင်စေ၏၊ လေ, သလိပ် ဒေါသ တို့ကို နိုင်၏၊ အသက်ကို ရှည်စေနိုင်၏၊ အားကို ဖြစ်စေ၏၊ ၎င်းပြင် ရောင်တင်းခြင်း, လိင်ဥရောင်, မျက်စိ, နှလုံးရောဂါ, ချောင်းဆိုး, ပန်းနာ, သမင်ဖြူ, ဝါသင့်, အရေပြား, ယားယံခြင်း, ကုဋ္ဌရောဂါ, မျက်စိမမြင်, ကာလသားရောဂါ, အဆိပ်ရောဂါ တို့၌ သုံးရ၏၊ ကိုယ်ဝန် ပျက်စီးခြင်း နှင့် သားဖွားပြီးနောက် သားအိမ် နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သွားခိုင်ဆေး။** ။ ကြိတ်မှန်ရွက် ကောင်းကောင်းကို အမှုန့်ထောင်း၍ ၎င်းအမှုန့်နှင့် အတူ နှာနို့ကို တလတိုင်အောင် သောက်သင့်၏၊ တနှစ်တိုင်အောင် သောက်ခဲ့သော် ကန်းသော သူများလည်း မျက်စိ အမြင် သန်လာပါလိမ့်မည်၊ ဆွံ့အ,သော သူများလည်း စကား ပြောနိုင် ပါလိမ့်မည်၊ နားပင်းသော သူများလည်း အသံ ကြားလာပါလိမ့်မည်၊ နဲ့သောသွားများလည်း ခိုင်မာ လာပါလိမ့်မည်။

**ဆံပင်နက်ဆေး။** ။ ကြိုတ်မှန်ရွက်, နှမ်းနက်တို့ကို အလေးတူ ယူ၍ အမှုန့် ပြုပြီးလျှင် ၎င်းအမှုန့်ကို တ တိုင်အောင် စား၍ နွားနို့ကို အမြဲ မှီဝဲခဲ့သော် အနာရောဂါ ကင်းစင်သည့် အပြင် အသက်ရှည်၍ ဆံပင်လည်း နက်လာပါလိမ့်မည်။

**ကျန်းမာ အသက်ရှည်ဆေး၊** ။ ကြိုတ်မှန်ရွက်, နှမ်းနက်, ဆီးဖြူသီးခြောက်တို့ကို လေးတူ ယူ၍ ၎င်းအလေး ၃-ဆ သကြားခဲကို ထည့်ရော၍ အမှုန့် ပြုပြီး နေ့စဉ်မပြတ် မှီဝဲသွားခဲ့သော် အနာရောဂါ ကင်းစင်ပြီးလျှင် အိုသော အဖြစ်မှလည်း ကင်း၏၊ အချိန်မကျမီလည်း မသေနိုင်ပါ။

**စအိုလျှောနာ။** ။ ကြိုတ်မှန်မြစ် နှင့် နနွင်းကို အညီ အမှုန့် ထောင်း၍ လိမ်းပေးခဲ့သော် စအိုလျှောနာ ပျောက်ကင်း၏။

**ခရသင်းနာ။** ။ ကြိုတ်မှန်မြစ်, ဖန်ခါးမြစ် နှစ်မျိုးကို အညီအမျှ ယူ၍ အိုးကာ့ကွင် ရော၍ ဖုတ်ပါ၊ ၎င်းပြာကို ပုန်းရည်နှင့် ဖျော်၍ လိမ်းလျှင် ခရသင်းနာ ပျောက်ကင်းလိမ့်မည်။

**ကာလသားရောဂါ။** ။ ကြိုတ်မှန်ရွက်, ကြစုသီး, သစ်ဆိမ့်သီး, နုပ်ချိုမြစ်, ကြေးနီမှုန့်, သံမှုန့် တို့ကို အညီအမျှ အလေးချိန် ယူ၍ မှုန့်ညက်အောင် ထောင်းပြီး အနာရှိရာ၌ လိမ်းပေးမှုသော် ကာလသားရောဂါ ပျောက်ကင်း၏။

**လေတုလာသရော အကျိတ်နာ။** ။ ပင်စိမ်းရွက်, ရွှေးဖြူရွက်, ဗုံလုံးခါးရွက် ၎င်းတို့ကို အညီအမျှစီ ယူ၍ ၎င်းအားလုံး ၃-ဆ ကြိုတ်မှန်ရွက် သတ္တုရည်တွင် ရော၍ ကြိတ်ပြီး အတောင့် လုပ်ထားပါ၊ ၎င်းဆေးတောင့်ကို ဆံပုန်းရည်နှင့် ရော၍ လိမ်းခဲ့သော် လေတုလာသရော အကျိတ်နာသည် လျှင်စွာ ပျောက်ကင်းလိမ့်မည်။

**ထိပ်ပြောင် မွေးကျွတ်ရောဂါ။** ။ ကြိုတ်မှန်ရွက်, မန်ကျည်းသီး, ဆီးဖြူသီး, ၎င်းတို့၏ သတ္တုရည်တွင် သံမဏိမှုန့်ကို ရော၍ ညက်စွာ ကြိတ်ပြီး မှီဝဲခဲ့သော် ဆံပင်ကျွတ်ခြင်း, ထိပ်ပြောင်ခြင်းများ ပျောက်ကင်း၍ ဆံပင် ပြန်ပေါက်လာပါလိမ့်မည်။

**နေလှည့်ခေါင်းကိုက်ရောဂါ။** ။ ကြိုတ်မှန်ရွက် သတ္တုရည်တွင် ဆိတ်နို့ကို ဆတူ ယူ၍ ရောပြီး နေတွင် လှမ်းပါ၊ ပူနွေးနွေး ရှိလာသောအခါ ရှူပေးလျှင် နေလှည့် ခေါင်းကိုက် ရောဂါ ပျောက်ကင်းလိမ့်မည်။

**ကိုယ်ရေဝါရောဂါ။** ။ ကြိုတ်မှန်ရွက် သတ္တုရည်ကို ငြုတ်ကောင်းမှုန့် ရော၍ နက်စောစောတွင် ဒိန်ရည်နှင့် သောက်ပါ၊ ဤနည်း အတိုင်း ၇-ရက် ဆက်သောက်သော် ပျောက်ကင်း ချမ်းသာလိမ့်မည်။

**ပြဒါးအဆိပ်သင့်နာ။** ။ ကြိုတ်မှန်ရွက် သတ္တုရည်, ပေါက်ပန်းဖြူရွက် သတ္တုရည်, ဆန်ဒါမှုန့်တို့ကို ပုန်းရည်နှင့် ရော၍ တနေ့လျှင် ၃-ကျပ်သားမျှ သောက်ခဲ့သော် ပြဒါးများသည် ကျင်ငယ်လမ်းကြောင်းမှ သက်ဆင်း၍ ပြဒါးဆိပ်များ ပြေပျောက်သွားလိမ့်မည်။

**မီးလောင်နာ။** ။ ကြိတ်မှန်ရွက် သတ္တုရည် နှင့် ပင်စိမ်းရွက် သတ္တုရည် တို့ကို ရော၍ မီးလောင်နာပေါ်တွင် တနေ့ ၂-ကြိမ်မျှ လိမ်းပေးခဲ့သော် ပူဒလောင်ခြင်း ပျောက်ကင်း၍ အနာ ပေါ်ဟွင် အမာရွတ်များလည်း ပျောက်ကင်းလိမ့်မည်။

**အဆီတိုးရောဂါ။** ။ နေ့စဉ် ညအိပ်ရာဝင်ချိန်တွင် ကြိတ်မှန်ရွက် သတ္တုရည်ဖြင့် ကိုယ်ကို ပွတ်သပ် လိမ်းကျံ၍ အိပ်ရာ၏၊ ဤနည်းဖြင့် ၆-လမျှတိုင် ပြုလုပ်ပေးခဲ့သော် ခန္ဓာကိုယ် တွင် များပြားစွာ တိုးနေသော အဆီးများ လျော့ပါး၍ ခန္ဓာကိုယ်လုံးတွင် ထွက်နေသော အဆီကျိတ်များသည်လည်း ပျောက်ကင်းလိမ့်မည်။

**ဝမ်းပိုက်ပိုးနာ။** ။ ကြိတ်မှန်ရွက် သတ္တုရည်ကို ဝစ္စမဂ်၌ ၃-၄-ကြိမ် လူးပေးခဲ့သော် ဝမ်းပိုက်တွင်းရှိ ပိုးများ ကျဆင်း လာပါလိမ့်မည်။

**ရေယုန်ကြီးနာ။** ။ ကြိတ်မှန်မြစ် နှင့် နနွင်းကို ရေနှင့် သွေး၍ နေ့စဉ် လိမ်းကျံပေး ခဲ့သော် ရေယုန်ကြီးနာ ပျောက်ကင်းလိမ့်မည်။

**နူမွှဲနာ။** ။ **ကြိတ်**မှန်ပင် အစို တပင်လုံးကို ဖယောင်းသားကျအောင် ကြိတ်၍ နှမ်းဆီနှင့် ချက်ပြီး နူမွှဲနာများကို လိမ်းပေးခဲ့သော် လျှင်မြန်စွာ ပျောက်ကင်း၏။

**ဝမ်းမီးနုံ့ နှင့် သွေးအားနည်းရောဂါ။** ။ ကြိတ်မှန်ရွက် တပင်လုံးကို ယူ၍ အရိပ်တွင် သွေ့စေလျက် အမှုန့်ပြုပါ၊ ထိုရသော အမှုန့်နှင့် လေးတူ တြိဖလ အမှုန့်ကို ရောစပ်၍ ၎င်း ၂-မျိုး လုံး၏ အလေးချိန်နှင့် ညီမျှသော သကြားခဲ အလေးချိန်ကို ယူ၍ အမှုန့်ပြု ရောစပ်ပါ၊ ၎င်းအမှုန့် ၃-မတ်သားကို သင့်လျော်သော အစာအာဟာရများနှင့် ရော၍ မှီဝဲခဲ့သော် ဝမ်းမီးနုံ့သော ရောဂါ နှင့် သွေးအားနည်းသော ရောဂါများ ပျောက်ကင်းလာပါလိမ့်မည်။

**တနည်း - ကျန်းမာသက်ရှည်ဆေး။** ။ အရိပ်တွင် အခြောက်ခံ ထားသော အမြစ်နှင့် တကွ ကြိတ်မှန်ပင်, ဆီးဖြူသီး, ကြစုသီး, သစ်ဆိမ့်သီး - ၎င်းဆေးဘက် လေးမျိုး အညီအမျှ သကြားခဲကို ဆေး၏ ၂-ဆ ယူ၍ အမှုန့်ပြု ရောထောင်းပြီးသော် တနေ့လျှင် ၃-ကြိမ်ကျ တကြိမ် လျှင် ဆေး ၅-မတ်သားခန့် မှီဝဲခဲ့သော် ကျန်းမာစွာဖြင့် ရပ်တည်နိုင်လျက် အိုသည်၏ အဖြစ်ကို လည်း ကာကွယ်နိုင်ပါသည်၊ အခါမရောက်ဘဲ ရောဂါကြောင့် မသေနိုင်ပါ။

**အသံဝင် ချောင်းဆိုးရောဂါ။** ။ ကြိတ်မှန်ရွက်, ဆင်တုံးမနွယ်, မဟူရားကြီးရွက်, ဒသမူ ( အမြစ် ဆယ်မျိုး ), ကစော့ပုပ် ၎င်းဆေးဘက် ၁၄-မျိုးကို တမျိုးလျှင် ၆-ကျပ် ၄-ပဲ သားစီ ယူ၍ အမှုန့် ပြုပြီးလျှင် သကြားခဲ ၂-ပိဿာခွဲကို ထပ်၍ထည့်ပါ၊ အားလုံး ရော၍ ဇလုံး ဇခု ထောင်းပြီးလျှင် ရေပိဿာချိန် ၂၀-မျှဖြင့် ချက်ပါ။ အရည် ၅-ပိဿာ ကြွင်းသော် ၎င်းအရည်ကို စစ်ယူပါ၊ ထို့နောက် ပိတ်ချင်းမှုန့် ၁၅-ကျပ်သား, ထောပတ် ၁-ပိဿာ ၂၅-ကျပ်သားတို့ကို အထက်ပါ ကြွင်းကျန်သော အရည် ၅-ပိဿာနှင့် ပြန်၍ ကျိုပါ၊ ရေ ၅-ပိဿာ ခန်း၍ ထောပတ် နှင့် ဆေးသက်သက်ကျန်သောအခါ ဖိုပေါ်မှ ချပါ၊ ထိုဆေးတွင် ပျားရည် အနည်းငယ် ရော၍ တနေ့ ၁၂-ပဲသားခန့် မှီဝဲခဲ့သော် အသံဝင် အသံပျက် ချောင်းဆိုးရောဂါများ ပျောက်ကင်းသွားလိမ့်မည်။

---

# ကြံ

သက္ကတ ဣက္ခု — လက်တင် Saccharum officinarum

ဟိန္ဒီ ဤခ — အင်္ဂလိပ် Sugarcane

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ အေး၏၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခွန်အားကို ဖြစ်စေ၏၊ သုက်ကို ပွားစေ၏၊ သလိပ်ကို ဖြစ်စေ၏၊ ပြေပြစ်၏၊ ကြေကျက်ခဲ၏၊ ဆီးရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

**မှတ်ချက်။** ။ ဤအထက်ပါ စကားများသည် ကြံဟူသရွေ့၏ ဂုဏ်သတ္တိများ ဖြစ်၏၊ ကြံသည် အမျိုးဇာတ် များ၏၊ သို့ရာတွင် အမျိုးဇာတ် အားဖြင့် ကြံသည် ကြံဖြူ, ကြံညို, ကြံနီ အားဖြင့် ၃-မျိုး ရှိ၏၊ ထိုကြံတို့၏ ရသ, ဝိပါက နှင့် ဂုဏ, ပဘာဝတို့ကို အသီးသီး ပြပေအံ့။

**ကြံနီ၏ အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ဖန်၏၊ အေး၏၊ ဝိပါက၌ ချို၏၊ ပူ၏။

**၎င်း၏ ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကို ပွားစေ၏၊ ခွန်အားကို ဖြစ်စေ၏၊ အရောင်အဆင်းကို ဖြစ်စေ၏၊ ဓာတ်တို့ကို ပွားစေ၏၊ ကြေကျက်ခဲ၏၊ လေ, သည်းခြေကို ငြိမ်းစေ၏၊ အပူနာ, အနာမီးလျှံနာ, ဆီးအောင့်, ဆီးချုပ်, သွေးဖေါက်ပြန်ခြင်း စသည်တို့ကို ပျောက်ကင်းစေတတ်၏။

**ကြံဖြူ၏ အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ပြေပြစ်၏။

**၎င်း၏ ဂုဏ် နှင့် စွမ်းရည်။** ။ ဝပြိုးစေ၏၊ အသက်ကို ရှည်စေ၏၊ သုက်သွေးကို ပွားစေ၏၊ သလိပ်ကို ပြုတတ်၏၊ ပင်ပန်းခြင်း, သွေးအန်, သွေးကျ, ကိုယ်အတွင်းရှိ အပူကို ငြိမ်းစေတတ်၏။

**ကြံညို၏ အရသာ နှင့် အကျိုးသွား။** ။ ပြေပြစ်၏၊ ချို၏။

**၎င်း၏ ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကို ပွားစေ၏၊ နှစ်မြို့စေ၏၊ အပူကို တားမြစ်တတ်၏၊ သလိပ်ကို ဖြစ်စေ၏၊ မြစ်ခြောက်နာ, အနာပေါက်ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ ကြွင်းသော ဂုဏ်တို့သည် ကြံဖြူနှင့် တူ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သွေးဝမ်းရောဂါ။** ။ သွေးဝမ်းသွားသောသူအား ကြံရည် နှင့် သလဲသီးရည်ကို ရောစပ် တိုက်သော် ထိုသွေးဝမ်းရောဂါသည် ပျောက်ကင်း၏။

**သည်းခြေပျက်။** ။ သည်းခြေပျက်သောသူအား ကြံ့ရည် နှင့် ပျားရည် မွေ၍ တိုက်သော် ထိုသည်းခြေပျက်ရောဂါသည် ပျောက်ကင်း၏။

**ညောင်းကျရောဂါ။** ။ ညောင်းကျရောဂါ ရှိသောသူအား ကြံ့ရည် နှင့် ဆီးဖြူ၏ အရည်ကို ရောစပ် တိုက်သော် ထိုညောင်းကျရောဂါသည် ပျောက်ကင်း၏။

**ကျပ်တီးနာ။** ။ ကျပ်တီးနာ ရှိသောသူအား ကြံ့ရည် နှင့် ဖန်ခါးသီးရည်ကို စိမ်၍ အနာရှိရာ၌ ဖဏ်ရည်ဆေးပေးခြင်းဖြင့် ထိုကျပ်တီးနာသည် လျှင်စွာ ပျောက်ကင်း၏။

**ချောင်းခြောက်ရောဂါ။** ။ ကြံ့အနှရည်ကို တိုက်သော် ချောင်းခြောက်ရော ပျောက်ကင်း၏။

**လေ,သည်းခြေ ဖေါက်ပြန်သော ရောဂါ။** ။ ကြံ့အရင့်ရည် သက်သက်ကို တိုက်သော် လေ, သည်းခြေ ဖေါက်ပြန်သော ရောဂါသည် ချမ်းသာ၏။

**သွေးအန်ရောဂါ။** ။ အလွန် ရင့်သော ကြံ့၏ အရည်ကို သောက်ပါက သွေးအန် ရောဂါ ပျောက်ကင်း၏။

**ဆီးနည်းရောဂါ။** ။ ကြံ့ပုပ်၏ အရည်ကို သောက်ပါက ဆီးကို အလွန် ရွှင်စေ၍ ဆီးနည်းရောဂါမှ ချမ်းသာလာနိုင်၏။

**သည်းခြေ ဂူလုံးရောဂါ။** ။ သည်းခြေကြောင့် ဖြစ်သော ဂူလုံးရောဂါ၌ ကြံ့ရည် ဆီးဖြူသီးရည်တို့ကို ထောပတ်နှင့် ရောသောက်ပါက သည်းခြေ, ဂူလုံး ရောဂါ ပျောက်ကင်း၏။

---

# ကြံ့ဟင်းပင်

သက္ကတ **त्रिवृत (त्रिवृता)** လက်တင် Ipomoea Turpethum
ဟိန္ဒီ **निसोथ (सफेद निसोथ)** အင်္ဂလိပ် Indian Jalap

**ပုံသဏ္ဍာန်။** ။ နွယ်မျိုး ဖြစ်၏၊ အပွင့် အနီ, အဖြူ, အညို ၃-မျိုး ရှိ၏၊ အညိုမှာ ရခဲ၏၊ နှစ်ရှည်ပေါက်တတ်သော နွယ်မျိုး ဖြစ်၏၊ ပဉ္စင်္ဂါးပါးလုံး အသုံးဝင်၏၊ သို့သော် ဆေး ဖေါ်စပ်ရာ၌ ထိုနွယ်၏ အရင်းပိုင်းကို ရွေးချယ်၍ သုံးသင့်၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို, ခါး, ဖန်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ အနီသည် ခါး, စပ်၏၊ ပူ၏၊ သက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခြောက်ထပ်စေ၏၊ ဝမ်းသက်စေ၏၊ ပလတို့ကို ဖြိုး၍ ဝမ်းသက်စေ၏၊ ရောင်တင်း, ဝါသင့်, နှလုံး, ပိုးရောဂါ, အဖျဉ်း, အဖျား, ပါဒရက်, လေရောဂါ ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ ဝမ်းအောင့်ရောဂါ ပျောက်စေ၏၊ အညိုသည်

…ပြုအောက် နည်းသောဂုဏ် ရှိ၏၊ သို့ရာတွင် ဝမ်းသက်စေရာ၌ ပို၏၊ အဆိပ်ရှိ၏၊ တွေဝေခြင်း, …ခြင်း, ယစ်မူးခြင်း, အန်ခြင်းကို ဖြစ်စေ၏၊ ကြံဟင်းစေ့ အဆီသည် အေး၏၊ လေ, သည်းခြေ, …လိပ်ကို ပယ်တတ်၏။

---

# ကြီဟင်းကလေးနွယ်

**ဟိန္ဒီ** नवल
**လက်တင်** Ipomcea Vitifolia
**အင်္ဂလိပ်** Small indian Jalap

**ပုံသဏ္ဌာန်။** ။ နှစ်ရှည်ခံ လိမ်ကောက် သွားတတ်သော နွယ်မျိုး ဖြစ်၏၊ ပင်စည် …ရှည်၏၊ အကိုင်းအခက် များစွာ ရှိ၏၊ အပင်ငယ်တွင် နုနယ်သော အမွေးကလေးများဖြင့် ဖုံးအုပ် …နေ၏၊ အရွက်သည် အချင်းအားဖြင့် ၂-လက်မမှ ၅-လက်မခွဲ အထိ ရှိ၏၊ အရောင်သည် ကြေးနီ …ရောင် ရှိ၏၊ အပွင့်သည် ပွင့်တန်ကလေးများတွင် ၁-ပွင့်မှ ၇-ပွင့် အထိ ရှိ၏၊ အသီး ကြီး၏၊ …စေ့ ချောမွေ့၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပင်ကို ဆီးအောင့်ရောဂါ, ဆီးချုပ်ရောဂါ နှင့် အခြား …နှင့် ပတ်သက်သော ရောဂါတို့၌ အသုံးပြုရ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကျောက်တည်။** ။ ၎င်းသည် ဆီးအေးအောင် ပြုသော ဆေးဘက်တို့တွင် အကောင်း… ဖြစ်၍ ကျောက်တည်ရောဂါ၌ နွားနို့ နှင့် သကြား ရော၍ ပေးရ၏။

**မျက်စိရောဂါ။** ။ ၎င်း၏ ရသာရည် ၁-ပဲသားတွင် ထုံးကြက်တက်ရည် ၁-ပဲ…, ဘိန်း ၂-ပြားသား, ခန်းဒေါက်မြစ် ၄-ပဲသားကို ရော၍ အတောင့်များ ပြုလုပ်ပြီးနောက် …စိ ရောင်ရမ်း၍ နာကျင် ကိုက်ခဲသော မျက်စိရောဂါ၌ မျက်ကွင်းဆေး, လိမ်းဆေး အဖြစ် … အသုံးပြုရ၏၊ ရင်ဘတ်နာတွင်လည်း ကောင်း၏။

---

# ကြိမ် (ကုန်း)

**သက္ကတ** दीर्घ पत्रक
**ဟိန္ဒီ** दीरघपत्र
**လက်တင်** Calamus Rotung
**အင်္ဂလိပ်** Land Cane

**ပုံသဏ္ဌာန်။** ။ ကြိမ်သည် မြန်မာတို့ အခေါ်အဝေါ်အားဖြင့် ကြိမ်နီ, ကြိမ်ခါး, …ပ် စသည်ဖြင့် များစွာ ရှိ၏၊ နိဃဏ္ဍုကျမ်းများ၌ ကုန်းကြိမ်, ရေကြိမ်, ကုန်းကြိမ်ကြီး …ကြိမ်ကြီး ဟု ၄-မျိုး ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စငါးပါးကို သုံးရ၍၊ အရသာ ဖန်, ခါး၍၊ သော သတ္တိ ရှိ၍၊ ကြေကျက်သွားသောအခါ ( ဝိပါက ) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်မြက်၏၊ အဆိပ်ကို ပယ်တတ်၏၊ ဒေါသသုံးပါး နိုင်၏၊ အပူ, ဖေါရောင်, မြင်းသရိုက်, ကျောက်တည်, ဆီးအောင့်, ရေယုန်, ဝမ်းသက်, ဖေါက်ပြန်, ယောနိနာ, ရေငတ်, အနာပေါက်, တုလာသရော, သွေးအန်, သွေးကျ, အ နူနာ စသည်ကို ပယ်ဖျောက်တတ်၏၊ ကြိမ်ညွန့်သည် ငန်စပ်၏၊ ပူ၏၊ ကြေလွယ်၏၊ လေ, သ ကို နိုင်၏၊ အရွက်သည် ဖန်, ခါး၏၊ အေး၏၊ ကြေလွယ်၏၊ ဝမ်းသက်၏၊ သွေးဖေါက်ပြန် ကို ပယ်တတ်၏၊ လေ, သလိပ်ကို ပယ်တတ်၏၊ အစေ့သည် ဖန်ချဉ်၏၊ ခြောက်ထပ် သည်းခြေကို ဖြစ်စေတတ်၏၊ သလိပ် နှင့် သွေးဖေါက်ပြန်မှုကို ပယ်တတ်၏။

---

# ကြိမ် ( ရေ )

သက္ကတ जलबेतस လက်တင် Calamus Faseiculatus
ဟိန္ဒီ जलबेत အင်္ဂလိပ် Water Cane

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ငယ်စဉ် ချုံ့သဘော နေ၍ ကြီးရင့်သော အ နွယ်သဘော ဖြစ်သွား၏၊ ရေစပ်တွင် ပေါက်လေ့ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စငါးပါးလုံး သုံးရ၏၊ ဖန်, ခါး၏၊ သတ္တိ အေး ကြေကျက်သွားသောအခါ ( ဝိပါက ) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ချုပ်၏၊ လေကို ဖြစ်စေ၏၊ ခြောက်တပ်၏၊ သည်းခြေ သွေးဖေါက်ပြန်ခြင်းကိုဇင်း, သလိပ်ကိုဇင်း နိုင်၏၊ အနာကို စင်ကြယ်အောင် လုပ်တတ် သွေးအန်, သွေးကျ, ရက်ခိုက် ဖမ်းစားခြင်း, ဂြိုဟ်ဖမ်းစားခြင်း စသည်ကို အကျိုးပြု၏၊ (ကြိမ် လည်း ထို့အတူပင်တည်း )။

**မှတ်ချက်။** ။ ကြိမ်ကြီး ( ကုန်း ) သည် အေး၏၊ သည်းခြေကို နိုင်၏၊ အာမဒေါ တုန်လှုပ်ခြင်း, ဘုတ်ဖမ်းစားခြင်း ပျောက်ကင်းစေ၏၊ အကြွင်း ကြိမ်ရိုးရိုးနှင့် တူ ကြိမ်ကြီး ( ရေ ) သည် ဖန်, ခါး၏၊ အေး၏၊ ခြောက်တပ်စေ၏၊ အနာကို သုတ် တတ်၏၊ သွေးဖေါက်ပြန်, သည်းခြေ နှင့် သလိပ်ကို ပယ်တတ်၏။

---

# ကွက္ကရာ

သက္ကတ आकारकरभ လက်တင် Anacyclus pyrethrum
ဟိန္ဒီ अकरकरा အင်္ဂလိပ် Pellitory

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ မိုးမကျမီ ပေါက်တတ်၏၊ အကိုင်း၌ အမွ ကလေးများ ရှိ၏၊ အပွင့် ဝါ၍ ထီးကဲ့သို့ ဖြစ်၏၊ အခေါက် ထူ၍ ပြာ၏၊ ကွက္ကရာကို ( ၇ )



ကွက္ကရ
ANACYCLUS PYRETHRUM
अकरकरा

ထတိ ထားသော်လည်း ပျက်စီးခြင်း မရှိ၊ ၎င်းအပင်သည် ဂန္ဓမာမျိုး ဖြစ်၏၊ လုပ၏၊ အခြား သော ကွက္ကရာ တမျိုးလည်း ရှိသေး၏၊ ၎င်းသည် ဗိဇတ်မျိုး ဖြစ်၏၊ ၎င်းသည် အကြီးမျိုး, အသေးမျိုး ဟူ၍ ၂-မျိုး ရှိ၏၊ အကြီးမျိုးသည် ဗိဇတ်မျိုး ဖြစ်၍ အငယ်မျိုးကို လက်တင်လို ( Spilanthes acmella ) ဟု ခေါ်၍ မြန်မာတို့သည် ထိုအပင်ကို ကုလားနားကတ် ဟု ခေါ် ကြသည်၊ ဤသို့လျှင် ဗိဇတ်ကွက္ကရာ နှင့် ကုလားနားကတ်ပင် ကွက္ကရာ ဟူ၍ ၂-မျိုး ရှိ၏၊ ဖေါ်ပြပါ ဂန္ဓမာမျိုး ကွက္ကရာအောက် စွမ်းရည် သတ္တိ နည်းပါးကြကုန်၏၊ ဒုတိယတန်း အမျိုး အစား ဖြစ်၏၊ ပုံတွင် ပြသည့်အတိုင်း ကြည့်ရှုလေ။

၎င်းအပင်၏ အဖူးကို အစွဲပြု၍ ပန်းတိန်ဆရာတို့သည်၎င်း, လက်သမားတို့သည်၎င်း, ဆေးလိပ် လိပ်သောသူတို့သည်၎င်း, ဥပမာပြု၍ ဗိဇတ်ဖူးချိုးခြင်း, ဗိဇတ်ဖူးကျအောင် သွေး ခြင်း, ဗိဇတ်ဖူးကဲ့သို့ ပန်းကိုထုခြင်း ဟု သုံးနှုန်း ခေါ်ကြ၏၊ မြန်မာတို့ မီးတွင်း မီးဖွားပြီး နောက် ဟင်းချက်စားသောက်ကြ၏၊ မီးရတ်သွေးရှိလျက် ချုပ်ငုတ်ရာ၌၎င်း, အပုပ်ကြွင်းကျန် ရာ၌၎င်း လွန်စွာ အကျိုးပြု၏၊ သွားကိုက်ရာတွင်လည်း ၎င်းကို ပြုတ်ငုံ ရ၏၊ ကြွင်းသော ၎င်း၏ စွမ်းရည်သတ္တိမှာ ဖေါ်ပြထားသည့်အတိုင်း မှတ်ယူအပ်၏။

**အရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ ပူ၏။

**ဂုဏ်နှင့် စွမ်းရည်။** ။ ခွန်အားကို ပြုတတ်၏၊ လေကို ပယ်တတ်၏၊ ဖေါရောင်ခြင်း နှင့် နှာစေးရောဂါကို ပျောက်ကင်းစေ၏၊

ကွက္ကရာသည် လွန်စွာ ကျေးဇူးပြုသော အပင်မျိုး ဖြစ်၍ ၎င်း၏ အသုံးဝင်ပုံကို နိဃဏ္ဍု ကျမ်းကြီးများ၌ လာသည့် အတိုင်း ဆက်လက် ဖေါ်ပြပါဦးမည်။

## ရောဂါအလိုက် အသုံးပြုနည်း

**သွားရောဂါ။** ။ ၎င်းအမြစ်ကို ပြုတ်၍ ငုံလျှင် သွားနဲ့ သွားနာ ပျောက်၍ သွား များလည်း ပြန်၍ ခိုင်မာလာပါလိမ့်မည်၊ ၎င်းပြင် အမြစ်ကို ကျောက်ပြင်မှာ ကြိတ်၍ သွားခြေ တွင် သိပ်ပေးရ၏၊ ခံတွင်းပျက်ရောဂါ အတွက် လျှာတွင်လည်း ပွတ်ပေးရ၏။

**ချောင်းဆိုးရောဂါ။** ။ ၎င်းအမြစ်ကို ပြုတ်သောက်လျှင် နာတာရှည် ချောင်းဆိုး ရောဂါများ ပျောက်ကင်းလိမ့်မည်၊ ၎င်းအမှုန့်ကို အနည်းငယ် ရှုလျှင် ပိတ်ဆို့သော နှာခေါင်း ပိတ်ရောဂါ၌ အရိအရွဲများ ကျဆင်း ပျောက်ကင်းပါလိမ့်မည်။

**ဝမ်းပျက် ဝမ်းသွန်ရောဂါ။** ။ အတိသာရဝမ်း နှင့် ဝမ်းပိုက်နာ ရောဂါများ, အစာ ကြေအိမ်မှာ ဖြစ်ပေါ်သော ရောဂါများ အတွက် အသုံးပြုရ၏။

**သူငယ်နာ။** ။ ကလေးများ သွားပေါက်ချိန်တွင် ဖြစ်ပေါ်တတ်သော ဝမ်းပိုက်နာ မြင်း စသည်၌ အသုံးပြုရ၏။

**ဝမ်းဖေါ ဝမ်းရောင်။** ။ ချင်းခြောက် နှင့် ကွက္ကရာကို ရော၍ အသုံးပြုခဲ့သော် ဝမ်းပိုးနှံ့ခြင်း, ဝမ်းဖေါ ဝမ်းရောင်, အစာမကြေ ရောဂါကို ပျောက်ကင်းစေ၏။

**သလိပ်ကျပ်။** ။ သလိပ်အားကြီးသော ရောဂါ၌ ကွက္ကရာအမှုန့် တမတ်သားကို သောက်ခဲ့သော် ဝမ်းနှင့် အတူ သလိပ်ပါ လျှောကျ သက်ဆင်းပြီး ပျောက်ကင်းပါလိမ့်မည်။

**သုက်သေွး နှင့် သက်ဆိုင်သောရောဂါ။** ။ ၎င်းတမျိုးတည်းကိုသော်၎င်း, အခြား ဆေး တခုခုနှင့် ရောစပ်၍သော်၎င်း စားသော် အကြောများ တောင့်တင်း ခိုင်မာ ထွားကြိုင်း၍ သုက် ပွားကာ ကာမအားလည်း တိုးလာလိမ့်မည်။

**လူပျိုနာ။** ။ သုဒ္ဓပြုပြီး ပြဒါး ၃-မူးသား, ရှားနွစ် ၃-မူးသား, ကွက္ကရာ ၃-မူးသား ၎င်းတို့ကို အမှုန့်ပြု ရေနှင့်ကြိတ်လုံး, ထိုအလုံးများကို ကျွေးခဲ့သော် လူပျိုနာ ပျောက်ကင်း၏။

ကွက္ကရာ, သိန္ဓောဆား, ကန့်ချုပ်နီ, ဆီးဖြူသီး, စမုံဖြူ, ဖန်ခါးသီး ၁၂-ပဲသား ဝ အညီအမျှ ချိန်၍ ချင်းခြောက် ၂၀-သား ထည့်၍ အမှုန့်ထောင်း ၎င်းအမှုန့်ကို သံပုရာရေနှင့် စိမ်၍ အခြောက်လှမ်းပါ၊ ၎င်းကို နံနက် ၃-ပဲ, ညနေ ၃-ပဲ သောက်လျှင် ဝက်ရူးနာ, အရူး, ချောင်းဆိုး,ပန်းနာ,ရင်ကျပ်,ဝမ်းမီးနုံ့သောရောဂါ, နူတ်မမြိန်ရောဂါတို့ကို ပျောက်ကင်းစေ၏။

---

## ကွန်ဂါးဆေးနီအုတ်

ဟိန္ဒီ ककूछ जिराकम

လက်တင် Vernonia roxburghii

**ပုံသဏ္ဌာန်။** ။ နှစ်ရှည်ခံ အပင်မျိုး ဖြစ်၏၊ အရွက်သည် ၄-လက်မ ရှည်၏၊ အပွင့် သည် အဖျားရောဂါကို အထူးအားဖြင့် ပျောက်ကင်းစေ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဉ္စင်ါးပါးကို သုံးရ၏၊ အရသာ ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏၊ ချုပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခွန်အားကို ဖြစ်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ ဒေါသ သုံးပါးကို နိုင်၏၊ ရင်ဘတ်၌ ဖြစ်သောရောဂါ, အဆုတ်ရောဂါ, အားနည်းခြင်း, အဆုတ်ပြွန် ရောင်ခြင်း စသည်တို့ကို ပျောက်ကင်းစေ၏။

---

## ကွမ်းကတိုး

သက္ကတ लता कस्तूरी — လက်တင် Hibiscus Abelmoschus

ဟိန္ဒီ कस्तूरी दाना — အင်္ဂလိပ် Mussk Mallow

**ပုံသဏ္ဌာန်။** ။ ကွမ်းကတိုး၌ အဘိဓာန်ကျမ်းပြု ဆရာကြီးများသည် အလွန် ဝါဒ ကွဲနေကြ၏၊ အလွန် ရခဲသော မွှေးကြိုင်သည့် အနွယ်မျိုး ဟု ဆိုကြ၏၊ သိုက်ဝင် သစ်ပင်မျိုး ဟုလည်း အသိအမှတ်ပြုကြ၏၊ သို့ရာတွင် အများဆရာတို့ကမူ ကွမ်းကတိုးမှာ အပင်-အရွက်

အပွင့် - အသီး - အစေ့ တို့သည် ရုံးပတီနှင့် တူသော အပင်တမျိုး ဖြစ်သည် ဟု ဆိုကြ၏၊ အချို့ ဆေးသမားတို့သည် "တောရုံးပတီ" ဟူ၍၎င်း၊ "ဘီလူးလက်ဝါး" ဟူ၍၎င်း ခေါ်ကြ၏၊ ကွမ်းကတိုးစေ့ ဟု ခေါ်လျှင် အထက်ပါ တောရုံးပတီစေ့ကို သံသယကင်းစွာ အသုံးပြုပါ။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ခါး၏၊ အေး၏၊ ဝိပါကဌ် ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့ကို အများအားဖြင့် သုံး၏၊ ကာမကို အားပေး၏၊ မျက်စိတို့ကို အားပေး၏၊ ဝမ်းပိုက် တင်းရောင်ခြင်း၊ နို့၌ ဖြစ်သော ရောဂါ၊ မျက်နှာ ဖေါရောင်ခြင်း၊ နှလုံးရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ အကိုင်း၊ အခက်၊ အရွက် များသည် ပြည်တုလာသရေရောဂါ၊ တုလာသရေရောဂါရှိုးရှိုး၊ သုက်နှင့် အတူ သွေးပါခြင်းတို့၌ အသုံးပြုရ၏။

---

# ကွမ်းစားဂမုံး (ကြီး)

သက္ကတ **गन्धमूलिका**
ဟိန္ဒီ **कपूरकचरी**
လက်တင် Hedychium Spi atum

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ၁၂-ရာသီလုံး ပေါက်တတ်သော အပင်ငယ်မျိုး ဖြစ်၏၊ ၎င်းမြစ်သည် ဥကဲ့သို့ မြေတွင်း၌ ရှိ၏၊ နနွင်းနှင့် တူ၍ ၁-ပေခန့် ရှိ၏၊ ၎င်းဥမြစ်သည် မွှေး၏၊ ထိုဥမြစ်ကို အတုံးအပြားကလေးများ လှီး၍ ခြောက်အောင် လှမ်းပြီး အသုံးပြုတတ်၏၊ အပွင့်မှာ ဖြူ၍ အသီး ၃-ထပ် ရှိ၏၊ လုံး၍ ချောမွတ်၏၊ ထိုအပင်ကို ဘာသာပြန်ဆိုရာ၌ အချို့ကမူ "ဖါလာပင်" ဟူ၍၎င်း၊ "ငွေပန်းပင်" ဟူ၍၎င်း ပြန်ဆိုကြသည်ကို တွေ့ရသည်၊ "ဝနောသဓိ စန္ဒောဒယ- အုပ်တွဲ (၂) ကပ္ပူရကာကျူရီ" အဖွင့်ကို ထောက်ဆလျှင် ဂမုံးကြီး ဖြစ်ကြောင်း သိသာ ထင်ရှား၏၊ မြန်မာပြည်တွင် စိုက်ကြသော ကွမ်းစားဂမုံးမျိုးလည်း ရှိ၏၊ အနံ့ အရသာ များ လွန်စွာ ခြားနား၏၊ သဘော်ကွမ်းစားဂမုံးမှာ အမွှေး စူး၏။

ဂမုန်းကတိုးသည်လည်း ကွမ်းစားဂမုန်းတွင် ပါဝင်၏၊ သို့သော် ကွမ်းစားဂမုန်းအောက် အရွက် ငယ်၏၊ အနည်းငယ် ရှည်၏၊ အလွန် မွှေး၏၊ ကလေးအုပ်ဆေး စသည်တို့တွင် အသုံး ပြု၏။

**အရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ ခါး၏၊ ဖန်၏၊ သတ္တိ အနည်းငယ် ပူ၏၊ ဝိပါကဌ် စပ်၏၊ ဝမ်းမီးကို တောက်စေ၏၊ ရင်ကို အေးစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပါးစပ်ရှိ မလတို့ကို ကင်းဝေးစေတတ်၏၊ လေကို ထုတ်စေ၏၊ အားကို ဖြစ်စေ၏၊ ဆံပင်ကို သန့်စွမ်းစေ၏၊ ၎င်းမြင် ဖေါရောင်၊ ပန်းနာ၊ ချောင်းဆိုး၊ အနာပေါက်၊ ထိုးအောင့်၊ ကြို့ထိုး၊ နှုတ်မမြိန်၊ မကောင်းနံ့နံခြင်း၊ အော့အန်ခြင်း၊ အနာများ

ပြည်ယိုစီးခြင်း၌ ကောင်း၏၊ လိင်ကိုလည်း ကြီးထွားစေ၏၊ ထိုပြင် — ဝက်ရူးရောဂါ၌၎င်း၊ မြွေဆိပ်သင့်ရာ၌၎င်း များစွာ အကျိုးပြု၏၊ ရာသီသွေး နှင့် သလိပ်ကို အပြင်သို့ ထုတ်ဆောင်တတ်၏၊ သွေးဝမ်းသွားခြင်း, ပူလောင်ခြင်းတို့၌လည်း အသုံးပြု၏၊ ဂြိုဟ်ဖမ်းစားခြင်းတို့ကိုလည်း ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဆီးချုပ်ရောဂါ။** ။ ၎င်း၏ ဥကို ရေနှင့် ညက်စွာ သွေး၍ ဆီးအိမ်တွင် လိမ်းပေးသော် ဆီးချုပ်ရောဂါမှ ပျောက်ကင်း၏။

**ခံတွင်းပျက်, အော့အန်။** ။ ၎င်း၏ ဥကို ရေနှင့် ညက်စွာ သွေး၍ စားတော်ပဲစေ့ခန့် လုံးပြီး အော့အန်ခြင်း, ခံတွင်းမကောင်းခြင်းတို့၌ ၁-လုံးမှ ၂-လုံး အထိ တိုက်နိုင်၏။

---

# ကွမ်းစားဂမုန်း ( အငယ် )

သက္ကတ **चन्द्रमूलिका**

ဟိန္ဒီ **चन्द्रमूली**

လက်တင် Kaempferia galanga

**ပုံသဏ္ဍာန်။** ။ ၎င်းသည် ၂-မျိုး ရှိ၏၊ အငယ်မျိုး နှင့် အကြီးမျိုး ပင် ဖြစ်၏၊ အငယ်မျိုးမှာ မြေ၌ ကပ်၍ ပေါက်၏၊ အပင်ပု အပင်နိမ့်မျိုး ဖြစ်၏၊ အရွက်မှာ ဥသဏ္ဍာန် ရှိ၏၊ ပင်စည် မရှိ၊ မြန်မာပြည်၌ ကွမ်းစားဂမုန်း ဟူ၍ ၎င်းအငယ်မျိုးကို ခေါ်ကြ၏၊ အကြီးမျိုးမှာမူ ပင်ထောင်မျိုး ဖြစ်၍ "ငွေပန်းပင်" နှင့် တူ၏၊ အချို့ကမူ ငွေပန်းပင် ဟူ၍ပင် ယောင်မှား ခေါ်ကြ၏၊ ၂-မျိုးလုံးပင် ဆေးတွင် သုံးကြ၏၊ အိန္ဒိယတွင်မူ ထိုအကြီးမျိုးကို ဆေးတွင် အထူးသဖြင့် သုံးကြ၍ ၎င်းကိုလည်း မြောက်မြားစွာ စိုက်ကြသောကြောင့် မြန်မာပြည်တွင် အကြီးစားမျိုး အိန္ဒိယမှ လာသဖြင့် အိန္ဒိယကွမ်းစားဂမုန်း ဟူ၍ ခေါ်ကြ၏၊ သွေးဆေး, နှန်းဆေးတို့တွင် များစွာ ထည့်သွင်း ဖော်သော ဂမုန်းဟူသည် ထိုအကြီးမျိုး အငယ်မျိုးကို ဆိုလိုရင်း ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းဥသည် ဆီးကို ရှင်စေ၏၊ လေသက်စေ၏၊ ချွဲ သလိပ်ကို ကုတ်၏၊ လန်းဆန်းစေ၏၊ သည်းခြေဒေါသကို နိုင်၏၊ သလိပ်ဒေါသကို ပယ်ဖျောက်တတ်၏၊ လေကို မှန်ကန်စွာ လျှောက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ အပူနာ အဖု အကျိတ်တို့ကို လိမ်းပေးရ၏၊

## ရောဂါအလိုက် အသုံးပြုနည်း

**ချောင်းဆိုး ချွဲကျပ်ရောဂါ။** ။ ၎င်း အမြစ်မှုန့်ကို ပျားရည်နှင့် ဖော်စားခဲ့သော် ချောင်းဆိုးနာ, ချွဲကျပ်ရောဂါတို့ကို ပျောက်ကင်းစေ၏။

**နှာပိတ်ရောဂါ။** ။ ၎င်းဥနှင့် ချက်ထားသော ဆီကို နှာခေါင်းထဲသို့ ထည့်ပေးသော် နှာခေါင်းပိတ်ဆို့သော ရောဂါများ ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ ၎င်းကို အမွှေးနံ့သာ အဖြစ်ဖြင့်၎င်း, ခေါင်းလျှော်ရာတွင်၎င်း, အဝတ်အစားတို့တွင်၎င်း ထည့်၍ အသုံးပြုနိုင်၏။

---

# ကွမ်းပင်

| | | | |
|---|---|---|---|
| သက္ကတ | ताम्बूल | လက်တင် | Piper Betel |
| ဟိန္ဒီ | नागबेल, पान | အင်္ဂလိပ် | Betel Vine |

**ပုံသဏ္ဍာန်။** ။ ကွမ်းသည် ဒေသမရွေး စိုက်ကြ, ပျိုးကြ, သုံးကြသောကြောင့် ထင်ရှားလှပေ၏၊ အမျိုးလည်း များလှပေ၏၊ အနုစား, အလတ်စား, အကြမ်းစား, အရိုင်းစား ဟူ၍ အချုပ်အားဖြင့် ၄-မျိုးခန့် ခွဲယူနိုင်၏၊ အနုမျိုးသည် အရွက် မစိမ်းပေ၊ ကြွပ်၏၊ "ကွမ်းနုဝါ" ဟု ခေါ်၏၊ အိန္ဒိယပြည်တွင် ဗာရဏသီကွမ်းသည် နာမည် အကြီးဆုံး ဖြစ်၏၊ ထိုကွမ်းမျိုးကို ဆိုလို၏။

ဒုတိယကမ္ဘာစစ် မဖြစ်မီ အိန္ဒိယမှ ရန်ကုန်သို့ တိုက်ရိုက် မှာယူကြပြီးလျှင် ၎င်းမျိုးကို "ကာလကတ္တားကွမ်း" ဟု ခေါ်ကြ၏၊ ထက်ဝက်ခန့် ဈေးကြီး၏၊ အလတ်စား, အကြမ်းစားတို့လည်း အသွင် သဏ္ဍာန် လက္ခဏာအား လျော်စွာ ကွဲ၏၊ အကြမ်းဆုံးကွမ်းမှာ တောကွမ်း ဖြစ်၏၊ ၎င်းကို ကွမ်းပေါင်း လုပ်ကြ၏၊ ဆေးသုံးရာ၌ကား **ကွမ်းရင့်, ကွမ်းကြမ်းမျိုးသည်** ပို၍ အသုံးဝင်၏။

**အရသာ နှင့် အကျိုးသွား။** ။ အများအားဖြင့် အရွက်ကို သုံးရ၏၊ ဖန်, ခါး, စပ်၏၊ ကွမ်းနုများမှာ အနည်းငယ် ချိုသော အရသာလည်း ပါ၏၊ သတ္တိပူ၏၊ ဝိပါက်၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မြိန်စေ၏၊ ဆီး ဝမ်း ရှင်စေ၏၊ အားတိုးစေ၏၊ ထက်မြက်၏၊ အဆိပ်ကို ပယ်တတ်၏၊ ဝမ်းမီးတောက်စေ၏၊ ကာမ အားပေး၏၊ နှလုံးကို အကျိုးပြု၏၊ လေ, သလိပ်ကို နိုင်၏၊ ချောင်းဆိုး, ပင်ပန်း, နှလုံးရောဂါ စသည်ကို ပျောက်ကင်းစေ၏။

---

# ကွမ်းသီး

သက္ကတ ပူဂဖလ    လက်တင် Areea Catechu
ဟိန္ဒီ သုပါရီ    အင်္ဂလိပ် Betel nut

**ပုံသဏ္ဌာန်။** ။ ထင်ရှား၏၊ ကွမ်းသီးသည် အမျိုးများ၏၊ အမျိုးအစားအလျော် အရသာမှာလည်း ကွာခြား၏၊ "တောကွမ်းသီး" ဟု ခေါ်သော အပင်နိမ့်ကလေးများ ရှိ၏၊ အသီးမှာ အကြီးဆုံး တမာသီးခန့် ရှိ၏၊ အပင်ကြီးမျိုး နှင့် အပင်ငယ်မျိုးသည် အပင် နှင့် အသီး အကြီး အငယ် သာ ကွာ၍ ကြွင်းအားလုံး တူ၏။

**အရသာ နှင့် အကျိုးသွား။** ။ များသောအားဖြင့် အသီးကို သုံး၏၊ ဖန်၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ အစိမ်းသည် ကြေကျက်ခဲ၏၊ ဝမ်းမီးကို နှုံ့စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အဘိသန္ဒိဂုဏ် ရှိ၏၊ အမြင်သတ္တိကို ပယ်တတ်၏၊ တွေဝေမူးယစ်စေ၏၊ အမှည့်သည် လေကို ဖြစ်စေ၏၊ ခြောက်ထပ်၏၊ ဝမ်းသက်စေ၏၊ ပေါင်းထားသော ကွမ်းသီးသည် အကောင်းဆုံး ဖြစ်၏၊ ကွမ်းသီးခြောက်သည် ဝမ်းမီးကို တောက်စေ၏၊ ပေါင်းထားပါက ဒေါသ သုံးပါးလုံးကို နိုင်၏၊ ခံတွင်းမကောင်း, နှုတ်မမြိန်, ဝမ်းရောင်, ဝမ်းပိုက်ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

**မှတ်ချက်။** ။ ကွမ်းသီး သက်သက်မှတပါး "ကွမ်းသီးကြက်ချေး" ဟူသော အမည်ဖြင့် ဆေးတွင်ငှင်း, အနာပေါက်တွင်ငှင်း အသုံးပြုရသော အမျိုးအစား တခုလည်း ရှိသေး၏၊ ဖြစ်ပုံမှာ ကွမ်းသီး အရင့်ဆုံး အမျိုး လုံးချောကို "ပြောင်" ဟု ခေါ်၏၊ အလတ်စားမှာမူ "အသားပွ" ဟု ခေါ်၏၊ နုသော ကွမ်းသီးခြောက် အစားကို "ကြက်ချေး" ဟု ခေါ်၏၊ ကွမ်းစားသော သူများ မနှစ်သက်ကြ၊ အသုံး မပြုကြပေ။

သို့သော် ငှင်းသည် ဆေးတွင် ငှင်းအမည်ဖြင့် အသုံးပြု၏၊ သွေးဝမ်းရောဂါတို့၌ငှင်း, ဘရင်ဂျီရောဂါတို့၌ငှင်း, ပြာချ၍ အခြားသော ရောဂါတမျိုးမျိုးတို့၌ငှင်း လိုသလို သုံးကြ၏၊ ကွမ်းမွှေး ရှိသကဲ့သို့ ကွမ်းသီးမွှေးလည်း ရှိသေး၏၊ အလုံးကား မကြီး၊ ထွားချေ၊ ရှီးရှီး ကွမ်းသီးများထက် မွှေး၏၊ မြန်မာပြည်၌ တောင်ငူခရိုင် ဘောဂလာ ဒေသတို့တွင် ရှိ၏။

---

# ကျွေးဥ

သက္ကတ ပဉ္စပါဠိ    လက်တင် Dioscorea triphylla
ဟိန္ဒီ မံဒါ    အင်္ဂလိပ် Strangle cake

**ပုံသဏ္ဌာန်။** ။ ကွမ်းရွက်ခန့် ရှိ၏၊ အရွက် ဝိုင်း၏၊ နွယ်ပင်မျိုး ဖြစ်၏၊ ဆူးသော [illegible] များ ရှိ၏၊ နှင်းရည် [illegible] ဖြင့်၏၊ ဥတွင် အမွေး ရှိ၏၊ တပိဿာခန့် [illegible] ရှိ၏၊

ဂုဏ် နှင့် စွမ်းရည်။ ။ မူးစေ အန်စေတတ်၏၊ အရေကျို၍ မြွားဆိပ်သင့်သော ... ၌ အသုံးပြုရ၏၊ အားကို လွန်စွာ ဖြစ်စေ၏၊ မူးရစ်စေတတ်သော အဆိပ်တမျိုး ရှိ၍ ... ချက် ပေါင်း စားသော အခါ၌ ရက်ပေါင်း များစွာ ရေ၌ စိမ်ထားပြီးမှ ဆေးကြော ...ချ် ချက် ပေါင်း စားကြ၏။

---

# ကျွဲကောသီး

| | | | |
|---|---|---|---|
| သက္ကတ | सदाफल | လက်တင် | Citrus Decumana |
| ဟိန္ဒီ | चकोतरा | အင်္ဂလိပ် | Pomelo |

ပုံသဏ္ဌာန်။ ။ အမြဲ စိမ်းလန်းသော အပင်မျိုး ဖြစ်၏၊ ၂၅-ပေမှ ၃၀-ပေ အထိ ... မြေပြန့် ခြံ ဥယျာဉ်တို့၌လည်း စိုက် ပျိုး၍ ရ၏၊ ပေ ( ၄၀၀၀ ) အထိ မြင့်မားသော ...များ၌လည်း ပေါက်ရောက် စိုက်ပျိုး၍ ရ၏၊ အသီး၏ အချင်းမှာ ၆-လက်မမှ ၁၀-လက်မ ... ရေ မြေလိုက်၍ ရှိ၏၊ အသီး၏ သဏ္ဌာန် အကြီး - အငယ်, အရောင် - အသွေး, အရသာရှိ - ... မချို, အနေဖြင့် ကျွဲကောသီး အမျိုး ပြား၏၊ "ခတတ်ကျွဲကော" ဟု ခေါ်သော ...မှာ အစေ့ အလွန် နည်း၏၊ အချို့ လုံး၀ မရှိပေ၊ ကျွဲကောသီးကို အချို့ "ရှောက်ပန်း ... ဟု ခေါ်ကြ၏၊ ၎င်း၏ အတွင်း အသား အရောင် နီမြန်းသော အသွေးကို ကြည့်၍ ...ရှောက်ပန်းသီး" ဟု ခေါ်ကြခြင်း ဖြစ်၏၊ အဖြူမျိုးကိုကား ကျွဲကောသီး ဟုပင် ခေါ်ကြ၏၊ ... နှင့် အနီတွင် အဖြူမျိုးသည် ပို၍ များသောအားဖြင့် အရသာ ရှိ၏၊ အယဉ်မျိုး ဟု ဆိုရ ... အနီမျိုးမှာမူကား အချို့ ခါးသက်သော အရသာ ပါသည်ကို ပင် တွေ့ရ၏။

အရသာ နှင့် အကျိုးသွား။ ။ အသီးမှည့်သည် ချို၏၊ ချဉ်၏၊ အသီးခွံသည် ခါး၏။

ဂုဏ် နှင့် စွမ်းရည်။ ။ အသီးမှည့်သည် အားကို တိုးစေ၏၊ အူတို့ကို တွန့်ရှုံ့စေ ...၏၊ အစာကို ကြေစေတတ်၏၊ နူနာ, လည်ချောင်းရောဂါ, ချောင်းဆိုး, ပန်းနာ, ရေငတ်, ...တိုးရောဂါ စသည် တို့ကို ပျောက်ကင်းစေတတ်၏၊ အသီးစိမ်းသည် ဒေါသ သုံးပါးကို ...များစေ၏၊ သွေးကို အနှောင့်အရှက် ပေးတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ ထက်မြက်စေတတ်၏၊ ...တွကို ဖြစ်စေ၏၊ အစေ့သည် အစာကို မကြေကျက်စေတတ်၊ ကြေကျက်ခဲ၏၊ ကိုယ်ကို ...၏၊ အားကို တိုးစေ၏၊ သည်းခြေပျက်နာ, အနာမီးလျှံနာတို့၌ ကောင်း၏၊ သလိပ်ကို ...ပျက်တတ်၏။

---

# ကြို့ကျောင်းမင်းဆေး ( ကြို့ကျောင်းမင်းသေ )

**သက္ကတ** **နာဂဇုဂ်္ဂါ**
**ဟိန္ဒီ** **လာလ ဒူဓီ**
**လက်တင်** Euphorbia Hirta


**ပုံသဏ္ဌာန်။** ။ မိုးရာသီ၌ ပေါက်တတ်သော အ ပင်ငယ်မျိုး ဖြစ်၏၊ အပွေး တပေခန့် မြင့်၏၊ အကိုင်းအခက်များ နီကြောင်ကြောင် ရှိ၏၊ ရွက်ဆိုင် ထွက်၏၊ တလ ရှိ၍ ချွန်၏၊ အရွက် အဆစ် များ၏၊ အလည်၌ အသီး သီး၏၊ အသီးသည် ပြောင်းစေ့နှင့် အကိုင်း အခက်တို့ကို ချိုးခဲ့သော် အစေးထွက်၏၊ သို့ဖြစ်၍ ကြို့ကျောင်းမင်းဆေးသည်–

၁။ ရွက်ချွန်= ရွက်နီမျိုး နှင့် ရွက်ဟုံး=အစိမ်းမျိုး ဟူ၍ ၂-မျိုး ရှိ၏၊ ၂-မျိုး ထောင်၍ ပေါက်၏၊ ၎င်းကို အချို့ ဒေသတို့၌ "ကြဗဟုံးပင်" ဟု ကြ၏၊ ကလေးများ အတွက် လွန်စွာ အသုံးဝင်၏၊ ၎င်းကို အကြီးမျိုး ဟု သည်။

၂။ အခြား အသေးမျိုး ရှိသေး၏၊ အရွက် နီ၏၊ မြေတွင် ကပ်ပေါက်၏၊ ၎င်း "ကြို့ကျောင်းမင်းဆေးငယ်" ဟု ဆေးကျမ်းတွင် ခေါ်၏၊ သို့သော် မြန်မာတို့က "ခြသေ့နို့ရည်" ဟု ခေါ်ကြ၏၊ ၎င်းကို "ဒုဒ္ဓိဒွယံ" ဟု အကြီး, အငယ် ၂-မျိုးကို တွဲပြီး ဆေးကျမ်းတွင် သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ အစေးသည် ချို၏၊ ခါး၏၊ စပ်၏၊ ငန်၏၊ ပူသော သတ္တိ ရှိ၏၊ ကြေကျက်သွားသော အခါ ( ဝိပါက ) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခြောက်ထပ်စေတတ်၏၊ ချုပ်၏၊ သုက်ကို ပွားစေ၏၊ လေ ပြုတတ်၏၊ ကိုယ်ဝန်ကို တည်စေတတ်၏၊ ဓာတ်တို့ကို ပြောင်းလဲစေတတ်၏၊ ပြဒါးကို ဖမ်းတတ် နှာစေး, ချောင်းဆိုး, အအေးပတ်, အပူဝင်, အပူငုတ် တို့၌လည်း ၎င်းသည် အကျိုးပြု မည်သည့် အကြောင်းကြောင့် ဖြစ်စေ ပန်းနာ ရင်ကျပ် ရောဂါ ဖြစ်ပေါ်လာလျှင် သုံးသင့် သွေးနှင့် ရော၍ အန်ထွက်ခြင်း, ရင်ဘတ် အောင့်ခြင်း၌ ၎င်း၏ သတ္တုရည်ကို အသုံးပြုသင့် သွေး, ယားနာ, အရေပြား ရောဂါတို့၌ ၎င်း၏ သတ္တုရည်ကို သုက်လိမ်းပေးသင့်၏၊ ၎င်းအပင် သတ္တုရည်ကို ဝက်သက်ရောဂါတို့၌ အသုံးပြုနိုင်၏၊ ၎င်း၏အစေးကို ပွေး နှင့် မျက်နှာတလျှောက် တွင် ပေါက်သော ဝက်ခြံတို့၌ တို့ပေးရ၏၊ ၎င်း၏ပြုတ်ရည်သည် ပန်းနာ, ရှိုက်နာ, ပြွန်ချော မျိုး ရောင်တင်းသော ရောဂါတို့၌ အသုံးဝင်၏၊ ကလေးများ အတွက်မူ ပိုးရောဂါ, အူတွ ရောဂါ, ချောင်းဆိုးရောဂါ တို့၌ အသုံးပြုရ၏၊ ဝမ်းသက်, ဝမ်းသွေးသွန်, ပိတ်ဝမ်းရောဂါ တို့၌လည်း အသုံးချနိုင်၏၊ သားသည် အမေများ အတွက် နို့ထွက်ရန် နှစ်သက်သလို စားသုံး နိုင်၏၊ ထိုအပင်၏ အရွက်သတ္တုရည်သည် အိပ်ငိုက်ရောဂါတို့၌လည်း အသုံးချနိုင်၏၊ ရောဂါ အမျိုးမျိုး၌ အသုံးချနိုင်သော်လည်း ကလေးများ အတွက် ပိုးရောဂါ နှင့် ရင်ဘတ်တွင် သလိပ် ကျပ်သော ရောဂါအတွက် လွန်စွာ အသုံးဝင်၏။




ကျွကျောင်းမင်ဆေး
EUPHORBIA HIRTA

[ တတိယ အကြိမ် ]

## ရောဂါအလိုက် အသုံးပြုနည်း

**ပိတ်ဝမ်းကိုက်ရောဂါ။** ။ သွေးနှင့် တကွ ပိတ်ဝမ်းကိုက်ရောဂါ၌ ၎င်းကို သကြား နှင့် ပြုတ်၍ သောက်ကြရ၏၊ ၎င်းကိုပင် အသုတ် ပြုလုပ်၍သော်၎င်း အတို့ အမြုတ်အဖြစ် သော်၎င်း စားကြရ၏၊ ၎င်းသည် အဆုတ်တလျှောက် သွားလမ်း အကြောတို့ကို လွန်စွာ ရှိပေ၏။

**ပန်းနာရောဂါ။** ။ ပန်းနာရောဂါ၌ ၎င်း၏ သတ္တုရည်ကို သောက်ခြင်းပင်လျှင် ပန်းမှုသည် ပျောက်ကင်းနိုင်၏။

**ဝမ်းမီးလွန်နာ။** ။ အစာအိမ်၌ တိက္ခဝမ်းမီး တောက်လောင်အားကြီးမှုကို တားမြစ် အပြမပြတ် အစာစားပြီးသည့်နောက် စားသင့်၏၊ ၎င်းနောက် ရေသောက်သင့်၏၊ နှလုံးနှင့် အူလမ်းကြောင်း တလျှောက်တွင် ၎င်းသည် အမြတ်ဆုံး ဖြစ်၏။

**မှတ်ချက်။** ။ ၎င်းဆေးပင် ၂-မျိုးတို့သည် နေရာတကာ၌ ပေါက်ရောက်တတ်သော မြက်ပင်မျိုး ပင် ဖြစ်လင့်ကစား လွန်စွာ စွမ်းရည်သတ္တိ ထက်သော ဆေးပင်ငယ် များ ဖြစ်ကြောင်းကို နိဃဏ္ဍုဆရာကြီးများ ဖွင့်ပြတော်မူခဲ့ကြ၏၊ မြန်မာကလေးတို့သည် (ကျွန်သွားကျောင်းသမား) ၎င်း၏ အစေးကို လိုအပ်သည့်နေရာ၌ လိုသလို ရုပ်ပုံကို ရေးကစားကြကုန်၏၊ ၎င်းအပေါ်တွင် အိုးမဲ တပ်၍ သုတ်လိုက်ခဲ့သော် လွန်စွာ ထင်ရှား လာ၏၊ ထိုသို့ ကျွန်သွားကျောင်းသမားတို့ အရုပ်ရေးရာ၌ မင်ဆေး အဖြစ်ဖြင့် သုံးသော ကြောင့် "ကျွဲကျောင်းမင်ဆေး" ဟု ခေါ်ကြဟန် ရှိ၏၊ ၎င်း၏ သတ္တိကား မင်ဆေး အဖြစ်ဖြင့် သာ အသုံးပြုနိုင်သည် မဟုတ်ချေ၊ လွန်စွာ ထက်မြက်သော အစွမ်း ရှိသော ကြောင့် နိဃဏ္ဍုကျမ်းများမှ အနည်းငယ် ဖေါ်ထုတ်ပြပါသည်။

---

## ကျွဲခေါင်းသီး

| | | | |
|---|---|---|---|
| သက္ကတ | शृङ्गाटक | လက်တင် | Trapa bispinosa |
| ဟိန္ဒီ | सिंघाड़ा | အင်္ဂလိပ် | Water chest-nut |

**ပုံသဏ္ဍာန်။** ။ အရွက်သည် ကြာမျိုး ကဲ့သို့ ဖြစ်၏၊ သီးသန့် ရုံနှင့် တည်နေ၏၊ ...တ်စီ ရှိ၏၊ အသီးသည် သုံးထောင့်သဏ္ဍာန် ရှိ၏၊ ထောင့်တထောင့်လျှင် ချိုကဲ့သို့ ဆူးတ ...ချောင်းစီ ရှိ၏၊ အချို့ သုံးတောင့်လုံး ပင် ချိုကဲ့သို့ ဖြစ်နေ၏၊ ဆူးသည် များသောအားဖြင့် ... ရှိ၏၊ ၃-ခုလည်း ရှိတတ်၏၊ အမြစ်သည် ရေတွင် သွား၍ အမြစ်တွယ်တတ်၏၊ ၎င်း၏ ...ရောင်သည် စိမ်းနေ၍ ရေနွေးနှင့် ပြုတ်သော အခါ၌ ညိုသွား၏၊ ရင့်သော အသီးများ၏ ...သည် လွန်စွာ မာ၍ စူးနိုင်၏။

**အရသာ နှင့် အကျိုးသွား။** ။ အများအားဖြင့် အသီးကို သုံးရ၏၊ ချိုဖန်ဖန် အရသာ ...သိပ်၏၊ အေးသော သတ္တိ ရှိ၏၊ ကြေကျက်သွားသောအခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေခဲ၏၊ အပူကို နိုင်၏၊ နှုတ်ကို မြိန်စေ၏၊ သုက်ကို ဖြစ်ပွား

စေ၏၊ လိင်ကို တောင့်ခိုင်စေ၏၊ ဓမ်းချုပ်စေ၏၊ သည်းခြေဒေါသကို ပယ်နိုင်၏၊ လေ နှင့် သလိပ်ဒေါသကို ဖြစ်ပွားစေ၏၊ သွေးအန်, သွေးကျ, ပင်ပန်းခြင်း, တုလာသရောရောဂါ, သွေးပေါ်ပြန်, ချာချာလည်အောင် မူးဝေ, ဖေါရောင်ရောဂါ စသည်ကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အတိသာရဝမ်းရောဂါ။** ။ ကျွဲခေါင်းသီးကို စားလျှင် အတိသာရဝမ်းရောဂါမှ ချမ်းသာ ပျောက်ကင်း၏။

**အပူလွန်ရောဂါ။** ။ ကျွဲခေါင်းသီးပင်၏ အနွယ်ကို ကြိတ်၍ လိမ်းကျံသော် အလွန်ပူလောင်သော ရောဂါမှ ကင်းလွတ်၏။

**မီးရတ်နီဆင်းရောဂါ။** ။ သားဆေးရည်ကဲ့သို့ အနီများ ဆင်းသော ရတုပျက် မီးရက်နီဆင်းသော ရောဂါ၌ ကျွဲခေါင်းသီးကို အမှုန့်ပြု၍ မုန့်လုပ်စားခဲ့သော် ၎င်းရောဂါမှ ပျောက်ကင်း၏။

**သုက်ခန်းရောဂါ။** ။ ကျွဲခေါင်းသီးကို အမှုန့် ပြု၍ နွားနို့နှင့် ဖိမ်၍ သောက်သော်၎င်း, ဟလဝါမုန့် ပြုလုပ်၍သော်၎င်း မှီဝဲခဲ့သော် သုက်ကုန်ခန်းသော ရောဂါမှ ပျောက်ကင်း၍ သုက်ဓာတ် ပွားများ လာပါလိမ့်မည်။

**မှတ်ချက်။** ။ အင်းအိုင်ရှိသော နေရာတိုင်း၌ ပေါက်ရောက်တတ်၏၊ ခူးပြီးစ အစိမ်းအတိုင်း စား၍ ရ၏၊ ပြုတ်၍လည်း စား၍ ရ၏၊ အခြောက်လှမ်း၍ ဆေးဘက်တွင်၎င်း, ဟလဝါစသော မုန့်အမျိုးမျိုး ပြုလုပ်၍ သော်၎င်း အသုံးပြုနိုင်၏၊ ဆေးတွင် ထည့်သွင်းလိုသော် သို့မဟုတ် ကြာရှည်စွာ ထားလိုသော် ရင့်သော အသီးများကို ရွေးခြယ်၍ ထားရာ၏၊ အသီးရင့်များကို ခူးပြီးနောက် ရေနွေး ပူပူတွင် ဖျောနှစ်၍ တခဏချင်း ဆယ်ယူပြီးနောက် နေလှမ်းထားရာ၏၊ ၂-ရက် သို့မဟုတ် ၃-ရက် ကြာသော အခါ ခြောက်နေသည်ကို တွေ့ရသည်၊ ၎င်းကို အလွယ်တကူ အခွံမှ အသီးဆံသက်သက်ကို ထုတ်ယူနိုင်၏၊ ခြောက်ခါနီး ( ခပ်ထိုင်းထိုင်း ) အချိန်တွင် လိုသလို ဖြတ်တောက် လှီး၍ သို့မဟုတ် မလှီးဘဲ ၎င်းအတိုင်း သွေ့ခြောက်အောင် လှမ်းပြီးနောက် သိမ်းထားခဲ့သော် ကြာရှည်စွာ ခံ၏။

---

# ကျွဲချိပင်

သက္ကတ महापिंडोदक

လက်တင် Randia longiflora

**ပုံသဏ္ဌာန်။** ။ သမင်စာမျိုး ဖြစ်၏၊ သို့ရာတွင် ကြီး၏၊ အပေါ်၌ အလွန် ထက်၍ ကြီးသော ဆူးများ ရှိ၏၊ အရွက် ရှည်၍ လုံး၏၊ အသီးမှာ သမင်စာသီးနှင့် တူ၏၊ သို့ရာတွင် ငယ်၏၊ အပင်သည် ကျွဲချိကဲ့သို့ ကောက်ကွေး၏။

ဂုဏ် နှင့် စွမ်းညီရ။ ။အခေါက်သည် သွေးကို တည်တန့်စေ၏၊ ဖေါရောင်ကို ကျက်စေ၏၊ တောင့်တင်း ခိုင်မာစေ၏၊ အခေါက်ကို ရေနှင့် သွေး၍ လိမ်းလျှင် ဖေါရောင်ခြင်း နှင့် သွေးစုဝေခြင်းကို ပျောက်ကင်း၏။

---

# ကျွဲစာပင်

| | | | |
|---|---|---|---|
| သက္ကတ | जीवहनी | လက်တင် | Trema orienlatis |
| ဟိန္ဒီ | गोल | အင်္ဂလိပ် | Charcoal tree |

ပုံသဏ္ဌာန်။ ။လျှင်မြန်စွာ ပေါက်တတ်သော အသက်တိုသော အပင်မျိုး ဖြစ်၏၊ အရွက်သည် ၃-လက်မမှ ၅-လက်မ အထိ ရှည်၏၊ အသီးသည် မှည့်သောအခါ နက်သွား၏၊ အကိုင်းအခက်များ ပြန့်ထွက်တတ်၏၊ အဖို - အမ ဟူ၍ ၂-မျိုး ရှိ၏၊ အဖိုသည် အမထက် အပွင့် ကြီး၏၊ မျိုးမတူသော အပင်များတွင် နေတတ်၏။

ဂုဏ် နှင့် စွမ်းရည်။ ။အပင်ကိုဝက်ရူးရောဂါ စသည် တို့၌ အသုံးပြုရ၏။

---

# ကျွဲယမ်းငယ် ( ပင်လယ်ကျောက်ပန်း )

| | | | |
|---|---|---|---|
| သက္ကတ | कुराडली | လက်တင် | Clerode:drum Inerme |
| ဟိန္ဒီ | संगकुप्पी | အင်္ဂလိပ် | Carden quinire |

ပုံသဏ္ဌာန်။ ။ အပင်မှာ ၃-ပေမှ ၇-ပေ အထိ မြင့်၏၊ အကိုင်းအခက်များ ကောက်၏၊ နွယ်ရောင် ပင်ရောင် ဖြစ်၏၊ ရွက်ဆိုင် ထွက်၏၊ အချို့ ၃-ရွက် ၃ ရွက် အပြွတ်လိုက် အစုဝ်လိုက် ထွက်၏၊ အရွက်မှာ ၁-လက်မမှ ၂ လက်မ အထိ ရှည်၏၊ ဗျက် ၁-လက်မခွဲ ရှိ၏၊ အရွက်နှမှာ မွဲရောင်သန်း၏၊ ရွက်ရိုးတန် ရှည်၏၊ အရွက်မှာ "ဇွန်ပန်းအဖြူ" နှင့် တူ၏၊ အနံ့ မွှေး၏၊ အပင်၏ အနံ့လည်း ပြင်း၏၊ အသီးမှာ ခြောက်၍ အရောင် ညို၏၊ ပင်လယ်ကမ်းခြေ ကျောက်တွင် အပေါက်များ၏၊ အရွက် နှင့် အမြစ်သည် ဆေးတွင် အသုံးများ၏။

ဂုဏ် နှင့် စွမ်းရည်။ ။ အားကို တိုးစေ၏၊ ငှက်ဖျားရောဂါ နှင့် အဖျားကို လွန်စွာ ။ နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ အဆိပ်ကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

ကျပ်တီးနာ။ ။ ငင်းအရွက်ကို အတွင်းဆေး အဖြစ်ဖြင့် သောက်၍သော်၎င်း၊ အပြင် အဖြစ်ဖြင့် လိမ်း၍သော်၎င်း အသုံးပြုခဲ့သော် ကျပ်ဘီးနာသည် လျင်စွာ ပျောက်ကင်း၏။

**အရှူးရောဂါ။** ။ ၎င်းအရွက်ပြုတ်ရည်ကို အစဉ် အမြဲ မှီဝဲသည် ရှိသော် အရူးရောဂါမှ ချမ်းသာရာ ရနိုင်၏။

**ယားနာ။** ။ ၎င်းအရွက် အခြောက်ကိုဖြစ်စေ, အစိုကို ဖြစ်စေ ကြိတ်၍ နှမ်းဆီနှ ရော၍ ယားနာများ အပေါ်၌ လိမ်းပေးပါ၊ ထိုနောက် မကြာမီ ရေနွေးနှင့် ဆေးကြောပေးရ၏၊ ဤနည်းအတိုင်း ဆက်လက် ပြုလုပ်ခဲ့သော် ထိုယားနာသည် ကေန် ပျောက်ကင်း၏။

**ကာလသားရောဂါ နှင့် ကျပ်နာ။** ။ အရွက် နှင့် အမြစ်ရည်ကို ကြက်ဆူဆီ အနည်း ငယ် ထည့်၍သော်၎င်း, သို့မဟုတ် ကြက်ဆူဆီ မပါဘဲသော်၎င်း, လက်ဖက်ရည်ဇွန်း တဇွန်း အပြည့် ကာလသားရောဂါ နှင့် ကျပ်နာ ရှိသူတို့အား တိုက်သော် ပျောက်ကင်း၏၊ အရွက်ခြောက်တို့ကို လည်း အထက်ပါ ရောဂါတို့၌ အသုံးပြုနိုင်၏။

**အဆစ်ရောင်ကိုက်ရောဂါ။** ။ ဆီနှင့် ချက်ထားသော အမြစ်ရည်ကို အဆစ်ရောင်ကိုက် ရောဂါတို့၌ လိမ်းပေးခဲ့သော် လျင်စွာ ပျောက်ကင်း၏။

**လေးဘက်နာ။** ။ ၎င်း၏ အမြစ်ကို ၆-ပဲသား ယူ၍ ကြက်ဆူဆီနှင့် ချက်ပြီးလျှင် ဆီကို စစ်ယူ၍ ထိုဆီကို လိမ်းကျံပေးခဲ့သော် လေးဘက်နာရောဂါ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ၎င်းကို အဖျားကျဆေး အဖြစ်ဖြင့်လည်း အသုံးပြုနိုင်၏၊ အဖျားဖြတ် ဆေးတွင် အသုံးပြုသော နာမည်ကြီး ကွီနိုင်၏ အစား ၎င်းကို သုံးကြသောကြောင့် အနောက်တိုင်း ဆရာတို့သည် "Garden Quinine (ခြံထွက် ကွီနိုင်ဆေး)" ဟု ခေါ်ကြ၏၊ အရွက်စိုကိုလည်း သုံးရ၏၊ ရွက်ခြောက်ကို ယူရာ၌ ရွက်စိုကို အရိပ်တွင် သွေ့စေ၍ ခြောက်သော ရွက်ခြောက်မျိုးကိုသာ အသုံးပြုသင့်၏၊ အဖျားရောဂါတို့၌ ၎င်းသက်သက်လည်း သုံးရ၏၊ အခြားသော ဆေးခါးကြီး, လေးညှင်း, ဇာတိပ္ဖိုလ် စသည်တို့နှင့်လည်း တွဲ၍ သုံးရ၏၊ ဆေးခါးကြီးသည် အဖျားကိုဖြတ်ရာ၌၎င်း, ရသာယန ဆေး အဖြစ်ဖြင့် အသုံးပြုရာ၌၎င်း လွန်စွာ အသုံးဝင်သလို ၎င်းသည်လည်း အလားတူပင် အသုံးဝင်၏။

---

# ကျွန်းပင်

| | | | |
|---|---|---|---|
| သက္ကတ | शाक | လက်တင် | Tectona grandis |
| ဟိန္ဒီ | सगवन, सागौन | အင်္ဂလိပ် | Teak tree |

**ပုံသဏ္ဍာန်။** ။ ကျွန်းသည် ပေါက်ရောက်ရာ ဒေသ အသွေးအရောင် အလိုက်အမျိုး အမည် မှည့်ခေါ်ကြ၍ အမျိုးပြား၏၊ ထိုမှတပါး ကျွန်းအမျိုးအစား ဖြစ်သော "ကျွန်းဖို-ကျွန်းနလင်" ဟုလည်း ရှိသေး၏၊ အပင်ငယ်မျိုး ဖြစ်၏၊ လက်တင်ဘာသာအားဖြင့် Premna Pyramidata ) ဟု ခေါ်၏။

**အရသာ နှင့် အကျိုးသွား။** ။ အခေါက်, အရွက်, အပွင့်, အစေ့, အစေ့ဆီကို ၏ အရသာအားဖြင့် ဖန်၏၊ အေးသောသတ္တိ ရှိ၏၊ ကြေကျက်သွားသောအခါ (ဝိပါက) ၏။

**ကုစား နှင့် စွမ်းရည်။** ။ ခြောက်ထပ်စေ၏၊ စင်ကြယ်စေ၏၊ သလိပ်ဒေါသ, လေဒေါသ ၏၊ ကုလာသရောရောဂါ, နူနာ, သွေးအန်, သွေးကျ, ဖေါရောင်, ပိုးရောဂါ စသည်တို့၌ ပျောက်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မီးရတ်ဖြူရောဂါ။** ။ ကျွန်းခေါက်ကို တညဥ့်လုံး စိမ်၍ နံနက်တွင် ထိုစိမ်ရည်ကို သောက်သော် မီးရတ်ဖြူကျဆင်းခြင်းမှ သက်သာ ပျောက်ကင်း၏။

**ဥပဏှာက် ကိုက်ခဲနာ။** ။ သည်းခြေ ဒေါသကြောင့် ပျက်စီး ဖေါက်ပြန်သော ခေါင်း ကိုက်ခဲရာ၌ ကျွန်းသားကို သွေး၍ ဦးခေါင်းကို လူးပေးရာ၏။

**သည်းခြေဖေါရောဂါ။** ။ ကျွန်းသားကို သွေး၍ လိမ်းခဲ့သော် သည်းခြေကြောင့် ဖြစ်သော ရောင်ခြင်း, ဖေါခြင်း ရောဂါများ ပျောက်ကင်း၏။

**မျက်ခွံရောင်ရမ်းနာ။** ။ ကျွန်းသားမီးသွေးကို ဘိန်းသီးအခွံရည်နှင့် သွေးလိမ်း က မျက်ခွံ ရောင်ရမ်းခြင်း ပျောက်ကင်း၏။

**အတိသာရဝမ်းရောဂါ။** ။ ကျွန်းသားခေါက်ကို အမှုန့်ပြု၍ ရေနွေးနှင့် စိမ်ထား ၍ နည်းငယ် ကြာသောအခါ ၎င်းအရည်ကို သောက်သည်ရှိသော် အတိသာရဝမ်းရောဂါမှ ပျောက်ကင်း၏။

**ယားနာ။** ။ ၎င်း၏ အသီးကို ဆီနှင့် သွေး၍ လိမ်းသော် ယားနာမှ ပျောက် ကင်း၏။

**အပူရောင်ရောဂါ။** ။ သီဟိုဠ်သရက်စေ့ အခွံဆီ နှင့် ကျွန်းသားကို သွေး၍ လိမ်း သော် အပူနှင့် ယှဉ်သော ရောင်ရမ်းသောရောဂါမှ ပျောက်ကင်း၏။

**ကျင်ချုပ်ရောဂါ။** ။ ၎င်း၏ အသီးကို ညက်စွာ စေးထန်းအောင် ကြိတ်၍ အနာ ၊ မျိုးကဲ့သို့ လုပ်ပြီး ချက်မှာ အုံ၍ စည်းထားသော် ကျင်ချုပ်ရောဂါမှ ချမ်းသာ ပျောက် ကင်း၏။

**နို့ချောင်းပိတ်နာ။** ။ ၎င်းအသီးကို ဆန်ဆေးရည်နှင့် သွေး၍ လိမ်းသော် မိန်းမ ၌ ဖြစ်တတ်သော နို့ချောင်းပိတ်ရောဂါမှ ချမ်းသာ ပျောက်ကင်း၏။

**ရေယုန်နာ**။ ။ ကျွန်းသားမီးသွေးကို ထမင်းရည်နှင့် သွေးလိမ်းခဲ့သော် ရေယု[illegible] ပျောက်ကင်း၏၊ ခြောက်သွားလျှင် မကြာခဏ လိမ်းပေးရ၏။

---

# ကျွန်းနလင် ( ကျွန်းအဖို )

**လက်တင်** Premna Tomentosa

**ပုံသဏ္ဌာန်**။ ။ ၎င်းသည် တော၌ ပေါက်သော အပင်မျိုး ဖြစ်သည်၊ အပ[illegible] အမွေးအမျှင် မုတ်ဆိတ်သဏ္ဌာန် ကျဆင်းသည်၊ အသီးမှာ လုံးရှည်၍ အစေ့ ကြီးသည်၊ အမ[illegible] အိမ်သည် ၄-ခု ရှိသည်။

**ဂုဏ် နှင့် စွမ်းရည်**။ ။ ရေဖျဉ်းရောဂါ၌ အသုံးပြု၏၊ ၎င်းပြင် တောင်နံကြီးမျ[illegible] ၍ တောင်နံကြီးကို အသုံးပြုသကဲ့သို့ အကိုက်အခဲ စသော ရောဂါတို့တွင်လည်း သုံးနိုင်၏။

---

# ကြွက်နပေါင်း

**သက္ကတ** पाताल गरुड़ी
**ဟိန္ဒီ** छिरेंटा
**လက်တင်** Cocculus Villosus

**ပုံသဏ္ဌာန်**။ ။ ၎င်းသည် မိုးဥတု၌ ပေါက်ရောက်တတ်သော အပင်မျိုး ဖြစ[illegible] အချို့ အချို့နေရာ၌ ၁၂-ရာသီလုံး ပင် တွေ့နိုင်၏၊ ထိုနွယ်မျိုးသည် တောင်ပေါ်၌ မပေ[illegible] ရောက်တတ်ပေ၊ နွယ်များသည် လွန်စွာ ရှည်လျား၏၊ မြေပေါ်တွင်လည်း များစွာ ပျံ့န[illegible] နေတတ်၏၊ အကယ်၍ အနီးအနား၌ သစ်ပင် ရှိခဲ့သော် ထိုအပင်သို့ မှီတွယ် တက်တတ်၏၊ န[illegible] များတွင် အမွေးဖြူများ ရှိ၏၊ နွယ်ညွန့်များကား နူးညံ့ကုန်၏၊ ရင့်သောအခါ ရှည်၍ လွ[illegible] တုတ်ခိုင်ကုန်၏၊ အရွက်တို့သည် ၂-လက်မမှ ၃-လက်မ အထိ ရှည်ကုန်၏၊ ၁-လက်မခွဲမှ ၂-လ[illegible] အထိ ကျယ်၍ အချို့ ခပ်ဝိုင်းဝိုင်း ရှိ၏၊ အချို့ ချွန်၏၊ အချို့ အရွက်တို့မှာ အစွန်း ၅-ခုရှိ[illegible] ကို တွေ့ရ၏၊ အချို့မှာ ကွမ်းရွက်နှင့် တူ၏၊ သို့ဖြစ်၍ အရွက် ပုံသဏ္ဌာန်တို့သည် အမျိုးမျိုး [illegible] ကုန်၏၊ နွယ်တခုတွင် အကိုင်းထွက်၍ အရွက် အသီးသီး ထွက်ကုန်၏၊ အသီးမှာမူ လွန်စွာ သေ[illegible] စိမ်းသောအခါ၌ အရောင် စိမ်း၍ မှည့်သော အခါ၌ ခရမ်းရောင် ရှိ၏၊ အတွင်း၌ ညိုမဲသေ[illegible] အရည်များ ပြည့်ကုန်၏၊ အပွင့်များသည် မိုးအခါ၌ ပွင့်တတ်၍ အသီးများမှာ ဆောင်းဝင်[illegible] အခါ၌ သီးကြ၏၊ အရွက်ကို ချေ၍ ရေနှင့် နယ်ခဲ့သော် ရေများသည် မုန့်ကျွဲသဲ အသွင် ဖြစ[illegible] ၏၊ ၎င်း၏ အမြစ်ရင်း၌ အလွန် နက်သော မြစ်ဥ ရှိ၏၊ ဆေးသုံးရာ၌ အရွက် နှင့် အမြစ်ကို ကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကို ပွားစေ၏၊ နှုတ်ကို မြိန်စေ၏၊ အပူနာ, သည်းခြေ ရှာ, သွေးဖေါက်ပြန်ခြင်း နှင့် အဆိပ်၏ အန္တရာယ်တို့ကို ပယ်ဖျောက်တတ်၏၊ ၎င်း၏ မြစ်ဥသည် ကောင်းသော သတ္တိ ရှိ၏၊ ချွေးထွက်စေ, ကျင်ငယ်ကို ပွားစေ, အားကို များစေ၏၊ အဖျားကို ၏၊ လေဖေါက်ပြန်မှုကို ပယ်ဖျောက်တတ်၏၊ မသတို့ကို သုတ်သင်တတ်၏၊ နူးညံ့သော သဘော ၏၊ ၎င်း၏ အရွက်များသည် ပူလောင်နေသည်ကို ငြိမ်းစေနိုင်၏၊ ကျင်ငယ်ကို များစေ၏၊ ဖေါ ချောင်ခြင်းကို နိုင်၏၊ နို့ကို များစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လေးဘက်နာ, အရေပြား, ကာလသားရောဂါ။** ။ ၎င်း၏ အမြစ်ကို ဆိတ်နို့နှင့် ၍ ပိတ်ချင်း, ချင်းခြောက်, ငြုတ်ကောင်းတို့ကို ထည့်သောက်ခဲ့သော် နှစ်ရှည်လများ စွဲခဲ့ သော လေးဘက်နာရောဂါ, အရေပြားရောဂါ, ကာလသားရောဂါကြောင့် ဖြစ်သော အဆစ် ရောဂါတို့၌ အကျိုးပြု၏။

**ယားနာ နှင့် တင်းရောင်နာ။** ။ ၎င်း၏ အမှုန့်ကို သကြားနှင့် ရောစပ် သုံးစွဲခဲ့သော် ယားနာများကို ပျောက်ကင်းစေ၏၊ ထိခိုက် ရှန တင်းရောင်သော နေရာတို့၌ ၎င်းအရွက်ကို မီး ပူအောင်လုပ်၍ စည်းပေးသော် ပျောက်ကင်း၏။

**သွေးဖေါက်ပြန်။** ။ အဆစ်ရောင်ရောဂါ, အနာမီးလျှံနာ, ယားနာ, ကာလသား ရောဂါကြောင့် ဖြစ်သော "သွေးဖေါက်ပြန်" သည့် ရောဂါတို့၌ ဥပသကာကဲ့သို့ ကျေးဇူးပြု၏၊ ဤရောဂါမျိုးတွင် အမြစ်မှုန့် ၁-ဂ-ပဲသား, ငြုတ်ကောင်း ၇-စေ့ နှင့် ရောကြိတ်၍ ၄၅-သား တွင် ပြုတ်ပြီး ၁-ဂပဲသား ရေကျန်သော အခါ၌ ၎င်းကို သောက်သင့်၏။

**မြွေဆိပ်သင့်။** ။ အမြစ်ရင်းတွင် နက်ရှိုင်းစွာ တည်ရှိနေသော မြစ်ဥကို သွေး၍ နှင့် တိုက်ခဲ့သော် အန်ထွက်ပြီးလျှင် မြွေဆိပ်များ ကျစေနိုင်၏၊ ထို့ကြောင့် ထိုအပင်ကို သက္ကတ ဘာသာ၌ "ပါတာလဂရုဠ=နဂါးကို ဂဠုန်နိုင်သကဲ့သို့" ဟု အမည်ပြုကြကုန်၏။

**ဘိန်းပြတ်လိုသော်။** ။ ဘိန်းစွဲသူများကို ကယ်တင်နိုင်၏၊ ဘိန်းကို တဖြည်းဖြည်း လျှော့စားစေ၍ ထိုနေရာ၌ ဆေးမြစ်မှုန့်ကို နေ့စဉ် ကျွေးသွားရာ၏၊ အစ၌ ၁၂-ပဲသားခန့် ကျွေးသင့်၏၊ ၎င်းနောက် တဖြည်းဖြည်း လျှော့စေသင့်၏၊ များများ စားလျှင် မူးလည်း မူးတတ် ၏၊ အန်လည်း အန်တတ်၏၊ ထိုသို့ဖြစ်ခဲ့သော် သကြားနှင့် ရောထားသော နို့တွင် ဇာတိပ္ပိုလ်သီး ၂-ရတီခန့် ထည့်၍ သောက်သင့်၏၊ ဤကဲ့သို့ ပြုလုပ် သွားခဲ့သော် ကြာရှည်စွာ စွဲနေသော စားများလည်း ဘိန်းပြတ်သွားနိုင်၏။

**သုက်ကိုပွားလိုသော်။** ။ ၎င်းကို နွားနို့နှင့် ရောသောက်ခဲ့သော် လွန်စွာ သုက်ကို ပွားစေ၏။

**ချောင်းဆိုး, တင်းရောင်, ဦးခေါင်း နှင့် အကြောကိုင်။** ။ ၎င်းကို နွားနို့ နှင့် ရော

သောက်ခဲ့သော် ချောင်းဆိုးရောဂါ၌ အကျိုးပြု၏၊ မျက်ခွံများ တင်းရောင်ခြင်းကို ပယ်ဖျော
နိုင်၏၊ ဦးခေါင်း နှင့် အကြောကိုက်ခြင်းတို့ကို လျင်စွာ ပယ်ဖျောက်နိုင်၏။

**မှတ်ချက်။** ။ ရှေးဟောင်း ဗိန္ဒောဆရာကြီးတို့ကား ထိုအမြစ်ကို ဆင်တုံး
ကဲ့သို့ပင် အသုံးပြုကြကုန်၏၊ လူသားတို့ နှစ်သက်အပ်သော "အိမ်သုံးဆေးပင်"
အမည် တပ်ကြကုန်၏၊ ၎င်းအပင်၏ အမြစ်၌ အခြားသော စွမ်းရည် သတ္တိထူး
အံ့သြဘွယ်ရာ တွေ့ရသေး၏၊ ၎င်းကား အခြား မဟုတ်ပေ၊ ပြဒါးကို ခဲစေနိုင်
သတ္တိထူး ပင် ဖြစ်သည်၊ ၎င်းသတ္တုရည်ဖြင့် ၁၀-ရက်ခန့် ပြုတ်သော် ခဲနိုင်ကြော
သဲလွန်စ ပေါ်ပြထား၏။

---

# ကြွက်နား

**သက္ကတ** मुसकरनी
**ဟိန္ဒီ** कुहकरनी
**လက်တင်** Ipomoea Reniformis

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်ပင်ငယ်မျိုး ဖြစ်၏၊ မြေပေါ်တွင် ပြန့်၍ ပေါက်တတ်၏၊ နွယ်သေးသွယ်၏၊ အရောင် နီ၏၊ အရွက်သည် ကြွက်နားရွက်နှင့် တူ၏၊ အရွက် ၂-ခု ဆုံ ထွက်၏၊ ၎င်း၏ အရင်း၌ မြစ်ဥ ရှိ၏၊ အငယ်မျိုး, အကြီးမျိုး ဟူ၍ ၂-မျိုး ရှိ၏၊ ၎င်းကို ကြွက်ပေပရိယာယ်, နားဟောပရိယာယ် ပုဒ်တို့ဖြင့် ဆေးအဘိဓာန်ကျမ်းတို့၌ ဆိုထားသည်ကို ရှေးဗိန္ဒောဆရာတို့သည် တိုက်ရိုက် သဒ္ဒါနက်ကို မြန်မာမှု ပြု၍ ပြန်ဆိုထားခဲ့ကြဟန် တူ၏။

**အရသာ နှင့် အကျိုးသွား။** ။ အကြီးစားမျိုး ဖြစ်သော ကြွက်နားပင်သည် အေး ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပြဒါးကို ဖမ်းနိုင်စွမ်း ရှိ၏၊ မျက်စိကို အကျိုးပြု၏၊ သက်ရှည်ဆေး ဖြစ်၏၊ ကိုက်ခဲ, ထိုးအောင့်သော ရောဂါ, အဖျားရောဂါ, ပိုး နှင့် အနာပေါက် ပျောက်နိုင်နင်း၏၊ ကြွက်ဆိပ်သင့်သည်ကိုလည်း နိုင်၏၊ ဤဖော်ပြချက်သည် "နိဃဏ္ဍုရတနာကရ" ဆေးအဘိဓာန်ကြီးမှ ဖြစ်သည်။ "ဘာဝပ္ပကာသနိဃဏ္ဍု" ဆရာကား အောက်ပါ အတိုင်း မိန့်ဆို၏၊ စပ်ရှားရှား ဖန်တွတ္တ ရှိ၏၊ အေး၏၊ ပေါ့သက်၏၊ ကြေကျက်သွားသော အခါ၌ စပ်ရှားရှား ရှိ၏၊ ဆီး, သလိပ်, ပိုး ရောဂါတို့ကို နိုင်၏၊ နှုးညံ့စွာ ဝမ်းသက်တတ်၏၊ ဝစ္စမဂ်, ဆီးအိမ်နှင့် ယှဉ်သောရောဂါ, ဆီးကျောက်တည်ရောဂါ, သုက်ရည်ကျဲသောရောဂါ, သွေးအားနည်းရောဂါ, ဘရင်ဂျီရောဂါတို့ကိုလည်း ပျောက်ကင်းစေ၏၊ နှလုံး, ဝမ်းပိုက် တင်းရောင် ရောဂါတို့ အတွက် လည်း လွန်စွာ အသုံးဝင်၏၊ အချုပ်အားဖြင့် ဆိုသော် မြင်းခွါရွက် ကဲ့သို့ပင် အသုံးဝင်၏၊ အရေပြားရောဂါ နှင့် ဆီးရောဂါတို့ အတွက် အကျိုးပြု၏၊ များစွာ သောက်လျှင် ဝမ်းသက်၏၊ သို့သော် လွန်စွာ မသက်ချေ။

ယူနာနီဆေးဆရာတို့ကား ထိုကြွက်နားပင်သည် အပွင့်နီ, အပွင့်ဖြူ ၂-မျိုး ရှိ၏ ဟု ဆိုကြ၏၊ အပွင့်နီမျိုးကား ဧပ်ရှားရှား ရှိ၏၊ အရသာ ဆိုး၏၊ ဦးခေါင်းရောဂါ, နှာခေါင်းရောဂါ,အားနည်းသောရောဂါ,တပိုင်းတခြမ်းသေသောရောဂါ, နှာစေးချောင်းဆိုးဖျား နှင့် ဖေါရောင်ခြင်း, ဦးခေါင်းကိုက်ခြင်း ရောဂါတို့ အတွက် လွန်စွာ အကျိုးပြု၏ ဟု ဆို၏။

အပွင့်ဖြူမျိုးကား ကျင်ငယ်ကို ပွားစေ၏၊ အနည်းငယ် ဝမ်းသက်စေ၏ ဟု ခွဲခြား ဆို၏၊ မျက်စိရောဂါ, သွားဖုံးရောဂါတို့ အတွက် အကျိုးပြုကြောင်း ဆိုထား၏၊ ၎င်း၏ ပင်နှယ်သည် အဖျား, ခေါင်းခဲ, လေဖြတ်, လေငန်း, ဖေါရောင်, နှာခေါင်းရောဂါနှင့် အသည်းရောင်ခြင်းကြောင့် ဖြစ်သော အဖျားရောဂါတို့ကို ပယ်ဖျောက်နိုင်၏ ဟု ဆိုကြ၏၊ ရှေးရှေးပိန္နောဆရာကြီးတို့ လက်တွေ့ အသုံးပြုထားကြသည်မှ အနည်းငယ် ရွေးခြယ် ထုတ်ပြရသော် အောက်ပါ အတိုင်း ဖြစ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**နားနာ။** ။ ၎င်း၏ သတ္တုရည်ကို နားတွင် ခပ်ပေးခဲ့သော် နားတွင်ပေါက်သော အနာများ ပျောက်ကင်း၏။

**ကြွက်ဆိပ်။** ။ ၎င်း၏ အရည်ကို သုက်လိမ်းပေးခဲ့သော် ကြွက်ကိုက်ခြင်းကြောင့် ဖြစ်သော အဆိပ်တက်နာသည် ပျောက်၏။

**ဆီးဆေး။** ။ ဆီးနှုတ်ရန် ပြုတ်ကောင်း နှင့် ကြွက်နားသတ္တုရည်ကို သောက်ခဲ့သော် ဆီးအညစ်အကြေးများ ပျောက်ကင်း၏။

**သူငယ်နာ ချောင်းဆိုး။** ။ ကြွက်နား ပဉ္စငါးပါးကို ယူ၍ ကြိုသောက်ခဲ့သော် သူငယ်နာရောဂါများ ပျောက်ကင်း၏။

**သူငယ်နာပိုး။** ။ သူငယ်များ ဝမ်းပိုက်တွင်း၌ ပိုးများ ကြွခဲ့သော် ၎င်း၏ သတ္တုရည်ကို သောက်ခြင်းဖြင့် လျှင်စွာ ပျောက်ကင်းနိုင်၏။

**ကာမအား အစွမ်း။** ။ ၎င်း၏ သတ္တုရည် ( သို့မဟုတ် ) အရွက်ကို ပြုတ်၍ ရသော အရည်ကို လိင်တွင် လိမ်းကျံခဲ့သော် အကြောအားနည်း သူများအား လျှင်စွာ ပျောက်ကင်းစေ၏။

**တနည်း - အားထိုးဆေး။** ။ ကြွက်နားရွက်ခြောက်ကို ဂျုံမှုန့်ဖြင့် ရော၍ မုန့်လုပ်ပြီးလျှင် ၂၁-ရက်တိုင် စားသောက်ခဲ့သော် နွားနို့ကိုလည်း ထည့်သောက် ပေးပါမူ လျော့သွားသော အားများ လျှင်စွာ ဖြစ်လာမည်။

**သရက်ရွက်ရောင်။** ။ သရက်ရွက် ရောင်ခဲ့သော် ၎င်း၏ အရွက်သတ္တုရည်ကို လိမ်းကျံပေးရ၏။

**ဆူး, ငြောင့်ထုတ်ရာ။** ။ ဆူးဝင်နေသည် ဖြစ်စေ, မြွားဝင်နေသည် ပင် ဖြစ်စေ

တစုံတရာ စူးဝင် ကြွင်းကျန် နေရစ်ခဲ့သော် ၎င်း၏ သတ္တုရည်ကို ထည့်ပေးခြင်းဖြင့် အလိုအလျောက် ထွက်လာနိုင်ပေ၏။

**မှတ်ချက်။** ။ နေရာဘကာတွင် ပေါက်ရောက်တတ်၍ ကလေးသူငယ်တို့သည် ၎င်း၏ သတ္တုရည်ဖြင့် ရေကို နယ်ပေးခဲ့သော် ရေများသည် "မုန့်ကျဲသဲ" ကဲ့သို့ ဖြစ်သွားစေခြင်းဖြင့် ကစားစရာ ဖြစ်သော်သည်း ဆေးအမြင်နှင့်ကား လူသားတို့၏ "ကယ်တင်မှု အပင်မျိုး" ဖြစ်ကြောင်း မှတ်ယူအပ်ပေ၏။

---

# ကြွက်နွယ်

သက္ကတ श्वोत चातकः
မရထီ उक्षि
လက်တင် Calycopteris floribunda

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အခြားသော အပင်တို့ကို မှီ၍ တက်တတ်သော နွယ်မျိုး ဖြစ်၏၊ ၎င်းနွယ်၏ အခက်အလက်များသည် နူးညံ့၍ အရွက်မှာ ဝိုင်း၏၊ အပွင့်ရောင်သည် ဝါ၍ အော်လံနှင့် ပွင့်၏။

**အရသာနှင့် အကျိုးသွား။** ။ ၎င်းအရွက်သည် ခါး၏၊ ဝမ်းသက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်သည် တွန့်ရှုံ့စေ၏၊ ပိုးကို နိုင်၏၊ အသီးသည် ကိုယ်ရေဝါရောဂါ၌ အကျိုးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မီးတွင်းဖျား။** ။ မိန်းမများ မီးတွင်း၌ ဖျားနာခဲ့သော် ၎င်းအရွက်၏ သတ္တုရည်ကို တိုက်ပါက ထိုမီးတွင်းဖျားရောဂါမှ ပျောက်ကင်း၏။

**အဖျား။** ။ ၎င်းအရွက်၏ သတ္တုရည်ကို ခန္ဓာကိုယ်၌ လိမ်းပေးလျှင် ပြင်းထန်သော အဖျားရောဂါ ကျ၍ ပျောက်ကင်း၏။

**ရင်ဘတ်နာ။** ။ အရွက်၏ သတ္တုရည်ကို ရင်ဘတ်တွင် ထိုး၍ နာကျင်ခြင်း၌ တိုက်က ထိုရင်ဘတ်နာမှ ပျောက်ကင်း၏။

**မြွေဆိပ်သင့်။** ။ ၎င်းအမြစ်ကို ကုလားချဉ်ပေါင်ရွက် သတ္တုရည်နှင့် သွေး၍ မြွေကိုက်သော ဒဏ်ရာ၌ လိမ်းကျံပေးခဲ့သော် မြွေဆိပ်ပြေ၍ ပျောက်ကင်း၏။

**သွေးအားနည်း။** ။ ၎င်းကြွက်နွယ်သီး၊ ဇာတိပ္ဖိုလ်သီး၊ ဇာတိပ္ဖိုလ်ပွင့်၊ လေးညှင်း၊ ဖါလာ၊ သစ်ကြပိုး အပါးခေါက်၊ ကျောက်ပွင့်မွှေး- ၎င်းတို့ကို အညီအမျှစီစု အမှုန့်

ပျောက်

ရင်း၏
စခြင်း
ာင်ရှ

ယ်မျိုး
ဝ ါ၍

းသည်


ည်ကို

သော

ိုက်က

သွား၍

ပ်ပွင့်
အမှုန့်



ခပေါင်းကြီး
STRYCHNOS NUX-VOMICA
कुचला

ပြ၍ ၎င်းအမှုန့်အားလုံး ၃-ပဲသားကို ပျားရည်နှင့် ရော၍ သောက်ခဲ့သော် သွေးအားနည်းသော ရောဂါမှပျောက်ကင်း၏။

**ပီးလောင်နာ။** ။ ရေနွေးပူလောင်ခြင်း, မီးလောင်ခြင်း စသည်ကြောင့် အဖုအပိမ့်များ ကရာ၌ ၎င်း၏ အသီးကို အမှုန့် ပြု၍ နှမ်းဆီနှင့် လိမ်းပေးခဲ့သော် ထိုမီးလောင်နာများ ပျောက်ကင်း၏။

---

[ ၁ ]

# ခပေါင်းကြီး

| | | | |
|---|---|---|---|
| သက္ကတ | विषतिन्दु | လက်တင် | Strychnose Nux-vomica |
| ဟိန္ဒီ | कुचला | အင်္ဂလိပ် | Nux-vomica |

**ပုံသဏ္ဌာန်။** ။ ပေ ၄၀-ခန့် မြင့်သော အလွန် လှပသည့် အပင်ကြီးမျိုး ဖြစ်၏၊ ပင်လုံးသည် ကောက်၏၊ လုံးပတ် ၄-ပေခန့် ရှိ၏၊ ပင်လုံး၏ အခေါက်သည် ပြာရောင်ကဲ့သို့ တောက်ပ၏၊ လုံး၏၊ ချောမွတ်၏၊ မကြဲတတ်၊ ထိုအပင်၌ အကြောများကို ထင်ထင်ရှားရှား မတွေ့ရ၏၊ အရွက်သည် ဝိုင်းယောင် ရှိ၍ ကြီး၏၊ စိမ်း၏၊ ရှည်သော ဥသဏ္ဌာန် ရှိ၏၊ ကွမ်းရွက်နှင့် တူ၏၊ အရွက်၏ ရိုးတန်တို့သည် သေးငယ်ကုန်၏၊ ၃-လက်မမှ ၆-လက်မ တိုင်အောင် ရှည်၍ ၃-လက်မမှ ၅-လက်မ တိုင်အောင် အကြောများရှိ၏၊ အကြောများသည် အရွက်တွင် ကြမ်း၍ ပေါ်နေသည်၊ အရွက် အနံ့သည် အလွန် ဆိုး၏၊ လက်နှင့် ပွတ်ခဲ့သော် အဝါရောင် အရည် ထွက်၏၊ အခက်အလက်များ သေးသွယ်၏၊ သို့ရာတွင် အလွန် မာကြော၏၊ ၎င်း၏ အပွင့်သည် အနည်းငယ် ဖြူ -စိမ်းသော အရောင် ရှိ၏၊ နူးညံ့၏၊ နနွင်းနံ့ကဲ့သို့ အနံ့ ရှိ၏၊ အသီးသည် မြောက်မြားစွာသော အခက်အလက်များ၏ အဖျား၌ ပါးလွှာသော အပွင့် ရိုးတန်ကလေးများ၌ အပြွတ်လိုက် သီး၏၊ အသီးသည် "သီးသီး" သို့မဟုတ် "လိမ္မော်သီး" လောက် ရှိ၏၊ မှည့်သောအခါ လိမ်မော်သီးရောင်ကဲ့သို့ ဝါ၏၊ မြေတလင်းကဲ့သို့ ချောမွတ်၏၊ အပေါ်ရှိ ပါးလွှာသော အခွံ၏ အတွင်းသည် နူးညံ့၏၊ ဖြူ၏၊ ခါး၏၊ ကပ်စေးသော အစေး ရှိ၏၊ ထိုအသီးတွင် အစေ့သည် ၂-စေ့မှ ၄-၁၀, ၅-စေ့ အထိ ရှိ၏၊ ၎င်းအစေ့သည် လက်မဝက်ခန့်

အလျှား အနံ ရှိ၏၊ အလုံးကလေးများကဲ့သို့ ဖြစ်၏၊ အစေ့ ၂-ဘက်တွင် တောက်ပ... အမွှေးအမျှင်ကလေးများ ရှိ၏၊ ပြာနှမ်း၏၊ အဆိပ် ရှိ၏၊ ခါး၏၊ ဤအစေ့ကို ပညာရှိတို့... ဆေးကုရာ၌ အသုံးပြုကြ၏၊ ၎င်းအပင်ကို အပူပိုင်း ဒေသ၌ များသောအားဖြင့် တွေ့ရှိ... မြေညီနှင့် တောင်နိမ့် တောများတွင် ပေါက်တတ်၏၊ သစ်သားရောင်မှာ ဖြူယော်... ရှိ၍ ကျစ်လစ် ခိုင်မာသဖြင့် ထွန်, ထယ်, လှည်းဘီး, ဘီရို စသည် လုပ်ရာတွင် သုံးစွဲ... "ကဘောင်းကြီး" ဟူ၍လည်း ခေါ်ဝေါ် သုံးစွဲကြလေသည်။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ဖန်၏၊ ပူ၏၊ ထက်မြက်၏၊ ကော... ဝမ်းမီးကို တောက်စေတတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့သည် အမှုန့်ထက် ချောင်းဆိုးခြင်း သတ္တိကို ဖြစ်... စေတတ်၏ သွေးအန် သွေးကျရောဂါကို ငြိမ်းစေတတ်၏၊ ဆီး အလွန် ကောင်း၏၊ အ... ဆာလောင် မွတ်သိပ်စေတတ်၏၊ ဤဆေးကို မှီဝဲခဲ့သော် အစာသစ်ရသာကို ကြေကျက်စေတတ်... ခန္ဓာကိုယ်၌ အားကို တိုးပွားစေတတ်၏၊ ခန္ဓာကိုယ်၌ ပိုမိုသော ဝဖြိုးခြင်းကို လျော့နည်း... တတ်၏၊ အင်္ဂါကြီးငယ်တို့၏ အတွင်းမှာ ဖြစ်သော သလိပ်ဒေပါင်းစည်းခြင်း, သို့မဟုတ် ဖေါ... ခြင်းကို ငြိမ်းစေတတ်၏။

ထိုမှတပါး ခွေးရူးဆိပ်ကို ပယ်ဖျောက်ရာ၌ ကောင်းသောဂုဏ် ရှိ၏၊ ဝမ်းကိုက်, ရူး... ဝမ်းပိုက်တင်းရောင်, နာတာရှည်, အစာမကြေ ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ အစာ... အိမ်၌ ဖြစ်သော ထိုးအောင့်ခြင်း, နှလုံးအားနည်းခြင်းကို ပယ်ဖျက်တတ်၏။

ထိုမှတပါး ပန်းနာ, အဖျဉ်းရောင်ခြင်း ( ဉဒရဒ္ဓမာန ) ကို ပယ်ဖျောက်တတ်၏၊ ပါ... စောင်းသော လေရောဂါတို့၌ အကျိုးပြု၏၊ အကြောအားကို တိုးပွားစေ၏၊ မသုတ်သင်ရ... သော ခဲကို စားခြင်းကြောင့် ဖြစ်သော သို့မဟုတ် အရက်မူးရောဂါကြောင့် ဖြစ်သော လက်... မျက်နှာတို့၌ ဖြစ်တတ်သော ပါးရွဲ့စောင်းသော လေရောဂါကို ပယ်ဖျောက်တတ်၏၊ သို့ရာ... ခပေါင်းကြီးစေ့အမှုန့် သို့မဟုတ် ခပေါင်းကြီးစေ့မှုန့်ကို အခြားသော အရည်တို့နှင့် ရော... ပြုလုပ်သောဆေးကို ကိုင်မှန်းမသိသော မာကြောသော အသားဆိုင် ခြောက်သွေ့ခြင်း... ယှဉ်သော သေးငယ်သော သွက်ချာပါဒရောဂါတို့၌ အသုံးမပြုသင့်။

ထိုမှတပါး ခပေါင်းကြီးစေ့သည် အရက်မူးရောဂါ, အကြောထိုးအောင့်ခြင်းကို ပျော... ကင်းစေတတ်၏၊ ဤဆေးကို အနည်းငယ်မျှ မှီဝဲခြင်းကြောင့် အိပ်မပျော်သောရောဂါ, မြင်း... ရိုက်ရောဂါသည် ပျောက်ကင်း၏၊ ခယရုဂ်ရောဂါတွင် ဖြစ်ပွားတတ်သော ညဉ့်အခါ ချွေးထွက်... ခြင်းကို ဤဆေးသည် ပျောက်ကင်းစေတတ်၏။

ထိုမှတပါး အလွန်အကဲ ဖတ်ခြင်း, ရေးခြင်း, စဉ်းစားခြင်း စသည်ကြောင့် ဖြစ်သော... စိတ်ပင်ပန်းခြင်း, လေးလံထိုင်းမှိုင်းခြင်းကို ဤဆေးသည် ပျောက်ကင်းစေတတ်၏၊ အိပ်မပျော်... ခြင်းကြောင့် ဖြစ်သော အစာမကြေခြင်းကို ပျောက်ကင်းစေတတ်၏၊ နို့ကို ကြေကျက်စေတတ်...

ထိုမှတပါး ခပေါင်းကြီးစေ့သည် အောက်ဖေါ်ပြပါ လူနာ၏ ထိုထိုလက္ခဏာတို့ ဖြစ်ပေါ်... ခြင်း၌ အနည်းငယ်မျှ စားပါက လျှင်မြန်စွာ ပျောက်ကင်း၏၊ လူနာသည် အကယ်၍ ဆိတ်ငြိမ်...

...ကို အလွန် မြတ်နိုးခဲ့သော်ငြား, သို့မဟုတ် လူနာသည် အထူးထူးသော အကြောင်းတို့ကြောင့် အလွန် ပြင်းထန်သော ဒေါသဖြစ်ခဲ့သော်ငြား ထိုဆေးကို သင့်လျော်သလောက် မှီဝဲသင့်၏၊ ...မသော သို့မဟုတ် ခါးသော လေချဉ်တက်ခြင်းကို ဤဆေးသည် ပျောက်ကင်းစေတတ်၏၊ ...ပန်းခြင်းကြောင့် ဖြစ်သော ဝမ်းချုပ်ခြင်း, စိတ်အားနည်းခြင်း ဖြစ်သော အခါ၌ ဤဆေးကို ...သုံးပြုခဲ့သော် အကျိုးပြု၏။

ထိုမှတပါး အစာဟောင်း ပြန်လည်တတ်သော သို့မဟုတ် အခါခပ်သိမ်း ခံတွင်းအရသာ ...ဉ်တတ်သော ဝမ်းပိုက်တင်းရောင်သော ရောဂါကို ဤဆေးသည် လျင်မြန်စွာ ပျောက်ကင်း ...စေတတ်၏၊ နာတာရှည် ဖြစ်နေသော သည်းခြေချဉ်ပြန်ရောဂါကြောင့် ဖြစ်သော အူတွင်း၌ ...မအောင့်ခြင်း ( သည်းခြေချဉ်ပြန်ရောဂါကြောင့် စိတ်ပင်ပန်းခြင်း, ဝမ်းပိုက်တွင် တင်းရောင် ...ခြင်း ဖြစ်၏၊ ) ဤဆေးသည် အလွန် အကျိုးကို ပြု၏။

ထိုမှတပါး ကျင်ကြီးစွန့်သော အခါ၌ ဝမ်းပိုက်တွင် အခါခါ နာကျင်ခြင်း ဖြစ်လျက် အလွန် ခက်ခက်ခဲခဲ အနည်းငယ်မျှသော ကျင်ကြီးကို စွန့်ရသော ရောဂါ၌ ဤဆေးသည် အလွန် ...က် ကျေးဇူးပြု၏၊ ဤနည်းအတိုင်း ကျင်ငယ်စွန့်လိုသော အခါ၌ ကျင်ငယ်သည် အလွန် ...နည်းစွာ ခက်ခက်ခဲခဲ စွန့်ရခြင်း, ကျင်ချောင်းပူသော ရောဂါ၌ ဤခပေါင်းကြီးဆေးသည် အလွန် ကျေးဇူးများ၏။

ထိုမှတပါး မီးရတ်ဖြူရောဂါ၌ သူငယ်အိမ်မှ ဝါ၍ မကောင်းသော အနံ့ ယိုစီးခြင်းနှင့် ...ကူ ဖြစ်သော အချိန်အခါမျိုးတွင် ခပေါင်းကြီးစေ့သည် အကျိုးကို ပြု၏၊ ညဉ့်အိပ်သော ...မ ခါး နှင့် ကျောက်ကုန်းတွင် ဖြစ်တတ်သော ပြင်းထန်သော နာကျင်ကိုက်ခဲခြင်းကို ...ပေါင်းကြီးစေ့သည် ပျောက်ကင်းစေတတ်၏၊ နေ့အခါတွင် နှာရည်ယိုစီးခြင်း သို့မဟုတ် ...ပိတ်ခြင်း ဖြစ်တတ်သော နှာစေးရောဂါမျိုး၌ ခပေါင်းကြီးစေ့သည် အကျိုးကိုပြု၏၊ ထမင်း ...ပြီးနောက် သည်းခြေဖေါက်ပြန်ခြင်းကြောင့် ဖြစ်တတ်သော ပန်းနာရောဂါ, အချိန်တိုင်း ...ပင် မျက်တောင်ခပ်တတ်သော ရောဂါ၌ ဤဆေးကို အသုံးပြုခဲ့သော် အကျိုးများ၏။

ထိုမှတပါး ညတွင် အိပ်မပျော်ခြင်း, အလွန်အကဲ ထမင်းကို စားခြင်းကြောင့် နံနက် ...ခါ၌ ဖြစ်ပေါ်တတ်သော ဝမ်းသက်ရောဂါတွင် လူနာသည် ရေငတ်ခြင်း, ဓာတ်သွားသော ...ခါ အသံမြည်ခြင်း, ကျင်ကြီး နီမြန်းခြင်း, ပြစ်ခြင်း, သို့မဟုတ် ရေကဲ့သို့ အလွန် သွက်ခြင်း, အလွန် အဟုန်ပြင်းခြင်း ဖြစ်ခဲ့သော် ဤဆေးသည် ပျောက်ကင်း၏၊ အကြိမ်ကြိမ် ဓာတ်သက် ...ခြင်း အလွန် ခက်ခဲစွာ အလွန် အနည်းငယ်မျှသော ဓာတ်သွားရသော မြင်းသရိုက် ရောဂါ၌ ဤဆေးသည် အလွန် အကျိုးပြု၏။

ဤဆေးကို မှီဝဲခြင်းကြောင့် အစာသစ်အိမ် နှင့် အခြားသော အစာကြေကျက်စေတတ် ...သော အင်္ဂါ အစိတ်အပိုင်းတို့၏ အားနည်းခြင်းကို ပယ်ဖျောက်တတ်၏။

ထိုကြောင့် ထိုအစာကို ကြေကျက်စေတတ်သော အင်္ဂါ အစိတ်အပိုင်းတို့သည် အားရှိ

လာ၏၊ မိမိတို့၏ အလုပ်ကို ကောင်းမွန်စွာ ပြုလုပ်တတ်၏၊ အူတို့ကို စုချုံးခြင်း, ဖြန့်ပေးခြင်း၊ သတ္တိတိုးတက်လာသောကြောင့် ဝမ်းချုပ်ခြင်းကို ပယ်ဖျောက်တတ်၏၊ ဤဆေးသည် အသက် ရှူရှိုက်ရာ ဌာနကို အားပေးတတ်၏၊ အသက်ရှူ ပျော့ခြင်းကို တားမြစ်တတ်၏၊ ထိုကြောင့် အသက်ရှူပြင်းခြင်း နှင့် အားရှိခြင်း ဖြစ်လာ၏။

ထိုမှတပါး ဤဆေးသည် ဥကျောက်၏ သတ္တိကို တိုးပွားစေတတ်၏၊ လေကြောတို့ ထက်မြက်စေ၍ အသားဆိုင်တို့ကို ခိုင်ခန့်စေ၏၊ ထက်မြက်စေ၏၊ ထိုကြောင့် နှလုံးသည် အား လာ၏၊ အသက်ရှူရှိုက်ခြင်းသည်လည်း အားရှိလာ၍ တကိုယ်လုံးရှိ အင်္ဂါအစိတ်အပိုင်းတို့ အားကို ဖြစ်စေ၏၊ ထိုဆေးကို မှီဝဲခြင်းကြောင့် အင်္ဂါကြီးငယ်တို့သည်လည်း အားရှိလာ၏၊ စ သောတ စသည်တို့၏ သတ္တိသည်လည်း တိုးတက်လာ၏၊ ဤဆေးသည် အားနည်းခြင်းကြောင့် ဖြစ်သော ဝမ်းမီးနုံ့ခြင်း အတွက် ကောင်းသောဆေး ဖြစ်၏၊ ဤကဲ့သို့သော ဝမ်းမီးနုံ့သော အခါမျိုးတွင် ထမင်းစားပြီးနောက် အင်္ဂတုဏ္ဍိဆေးလုံး သို့မဟုတ် အခါး ၅-မျိုး ရေနှင့် အတူ ညနေ မနက် အခါတို့၌ ဤဆေးအရည် ၅-စက်မှ ၁၀ စက် အထိ ရော၍ ပေးသင့်၏။

အားနည်းခြင်းကြောင့် ဝမ်းချုပ်ခဲ့သော် ဤဆေးအမှုန့်ကို ရှားစောင်းလက်ပတ်ရည် ဆတူ ရော၍ အလုံးများ ပြုလုပ်ပေးသင့်၏၊ အူတို့သည် အားနည်းခြင်းကြောင့် ဖြစ်သော ဝမ်း လျော့သော ရောဂါကို ပယ်ဖျောက်ရန် အတွက် အချိန်ကာလ အနည်းငယ် တိုင်အောင် ဤ ဆေးကို မှီဝဲခဲ့သော် ကေန် ပျောက်ကင်း၏။

ပန်းသေရောဂါ အတွက် ဤဆေးကို အတွင်း၌ သောက်ခြင်း, ဆီအမျိုးမျိုးဖြင့် ရော၍ အပြင်၌ လိမ်းကျံခဲ့သော် ပျောက်ကင်း၏၊ အလုံးစုံသော မြွေဆိပ်များ, ဘိန်းစသော ငိုက်မျဉ်း တတ်သော အဆိပ်များကို အတိုင်းအတာထက် ပိုလွန်၍ စားမိသော အခါ၌ ဤဆေး ကျိုးအာငယ် အနှစ်ကို ၃၀-ပုံ ၁-ပုံမှ ၂၉-ပုံ ၁-ပုံ ရှိသော မုဒယာဆန်လုံး အတိုင်းအတာ အပ်ဖြင့် ထိုးပေးသင့်၏။

ခပေါင်းကြီးစေ့ကို အလွန်အကဲ စားမိသော အခါ၌ နာရီဝက်, သို့မဟုတ် တနာရီ ကြာပြီးနောက် အောက်ပါ လက္ခဏာများ ဖြစ်ကုန်၏၊ ရှေးဦးစွာ ကျောက်ကုန်း, လက်မောင်း ပေါင်တို့၌ ကိုက်ခဲ၏၊ တဖန် အသားဆိုင် အမျိုးမျိုးတို့သည် တောင့်တင်းလာကုန်၏၊ ထို တောင့်တင်းရာ၌ အစတွင် မေးခိုင်လာ၏၊ ထိုအဆိပ် လက္ခဏာတို့ကို ပျောက်ကင်းစေရန် အတွက် အန်ဆေးကို ကျွေးရာ၏၊ ဖန်ခါးသီးပြုတ်ရည်ကို တိုက်ရာ၏၊ ပြင်းထန်သော လက္ခဏာတို့ ပျောက်ကင်းစေရန် အတွက် ဆိုလိုရင်းမှာ တောင့်တင်းခြင်း နှင့် ဆွဲငင်ခြင်းကို ပျောက်ကင်း ရန် အတွက် ဘိန်းဆေးကို အပ်တတ္တိခန့် ပေးပါ။

## ရေလဲနှင့် အသုံးပြုပုံ

၁ စင်ကြယ်သော ခပေါင်းကြီး အဆိပ် ဝိ-ဂ-ပဲ

၂ သံပြာ ဒိ-ဂ-ပဲ

၃ ပြဒါးဆုန်း ဝိ-ဂ-ပဲ

| | | |
|---|---|---|
| ၄ ချင်းခြောက် <br> ၅ ပြုတ်ကောင်း <br> ၆ ပိတ်ချင်းမှုန့် | } | ဒိ-ဂ-ပဲစိ |

ဤအလုံးစုံသော ဆေးတို့ကို ဆုံတွင် ချင်းရေနှင့် နာနာနယ်၍ အလုံးလုံး၍ ရသော အခါ [illegible]ကို အလုံးကလေးများ ပြုလုပ်ပါ။

**ဆေးအကျိုးကား။** ။ ဤဆေးကို မှီဝဲခဲ့သော် လူတို့အား အသက်သစ်ကို ပေးတတ်၏၊ ဤဆေးကို မှီဝဲခဲ့သော် ပါစနရသသည် အလွန်အကဲ ဖြစ်ခြင်းကြောင့် ဤဆေးသည် ဝမ်းမီးကို တောက်စေ၏၊ အစာသစ်ကို ကြေကျက်စေတတ်သောကြောင့် ဤဆေးသည် အစာကို ကြေစေတတ်၏၊ ဤဆေးသည် ကျန်းမာခြင်းကို ကိုယ်၌ ပိုမို ဖြစ်ပွားစေတတ်၏၊ အသိဉာဏ်ကြော, အာရုံ[illegible]တို့၏ သတ္တိကို တိုးပွားစေ၏၊ သတိတရား၏ သတ္တိသည် ပိုမို တိုးတက်၏၊ ဤတွင် ဖြစ်တတ်သော ထိုးအောင့်ခြင်း, ဝမ်းပိုက်တင်းရောင်ခြင်းကို ပယ်ဖျောက်တတ်၏၊ ဝမ်းချုပ်ခြင်းသည် ပျောက်ကင်း၏၊ နာတာရှည် ဝမ်းသက်ရောဂါ၌ အကျိုးပြု၏၊ ခေါင်းတခြမ်းကိုက်ခဲခြင်း၌ အလွန်အကျိုးပြု၏၊ ကိုယ်၌ သွေးကို တိုးပွားစေ၏၊ ခန္ဓာကိုယ်ရှိ မည်သည့်နေရာ၌ မဆို ဖြစ်တတ်သော [illegible]ထိုးအောင့်ခြင်း, စိတ်ပင်ပန်းခြင်းကြောင့် ဖြစ်သော လေးလံထိုင်းမှိုင်းခြင်းကို ကင်းပျောက်စေတတ်၏။

## [illegible]နည်း—ရေလဲ နှင့် အသုံးပြုပုံ

| | |
|---|---|
| ၁ စင်ကြယ်သော ဝစ္ဆနာဘအဆိပ် | ၉ လက်ချား |
| ၂ ဇီရာ | ၁၀ သိန္ဓောဆား |
| ၃ တိဖိုလ် ( အသီးသုံးမျိုး ) | ၁၁ ရွက္ခမှုဆား |
| ၄ စင်ကြယ်သော ပြဒါး | ၁၂ မုယောဆား |
| ၅ စင်ကြယ်သော ကန့် | ၁၃ ကန့်ချုပ်နီမြစ်မှုန့် |
| ၆ အိပ်မွေ့သီးမှုန့် | ၁၄ စမုံဖြူမှုန့် |
| ၇ သောဝစ္စလဆား | ၁၅ စင်ကြယ်သော ခပေါင်းကြီးစေ့အမှုန့် |
| ၈ သမုဒ္ဒရာဆား | |

ဤဆေး အလုံးစုံ ဆတူ ဆုံတွင် ထည့်၍ ရှောက်ကြီးသတ္တုရည်နှင့် နယ်ပါ၊ အလုံး လုံး၍ ရသော အခါ ၂-ရတီခန့် အလုံးကလေးများ ပြုလုပ်ပါ။

**ဆေးအကျိုးကား။** ။ ဤဆေးသည် ဝမ်းမီးကို ကောင်းစွာ တောက်စေ၏၊ အစာကို ကြေကျက်စေတတ်၏၊ ဝမ်းမီးနုံ့ခြင်းကို ပယ်ဖျောက်တတ်၏၊ အကြော၏ အလုပ်သတ္တိကို တိုးပွားစေတတ်၏၊ မြင်းသရိုက်ရောဂါကို ငြိမ်းစေတတ်၏၊ ဝမ်းသက်ရောဂါကို ပျောက်ကင်းစေတတ်၏၊ ခါး နှင့် ကျောက်ကုန်း၌ ဖြစ်တတ်သော နာကျင် ကိုက်ခဲမှုကို ငြိမ်းစေတတ်၏။

## တနည်း—ရေလဲနှင့် အသုံးပြုပုံ

| | | |
|---|---|---|
| ၁ | စင်ကြယ်ပြီးသော ခပေါင်းကြီးစေ့ | ၄၀-၈-ပဲ |
| ၂ | လက်ချား | ၄၀-၈-ပဲ |
| ၃ | ငြုတ်ကောင်းမှုန့် | ၄၀-၈-ပဲ |
| ၄ | သံပြာ | ၃၀ |
| ၅ | စင်ကြယ်သော ပြဒါး | ၁၂-ပဲ |

ဤဆေးတို့ကို ယူ၍ ရှေးဦးစွာ ပြဒါး နှင့် ကန့်ကို ပြဒါးမှိုင်း ပြုလုပ်ပါ၊ တဖန် ထိုပြဒါး မှိုင်းတွင် အခြားသော ဆေးများကို ချင်းရေနှင့် နယ်ပါ၊ တဖန် ဤဆေးကို ကညွတ်, မြေပြ ငရုံ့ပတူ သတ္တုရည်နှင့် ၃-ကြိမ် ၃-ကြိမ် ထုံပါ၊ ရတီရှိ အလုံးကလေးများ ပြုလုပ်ပါ။

ဆေးအကျိုးကား။ ။ဤဆေးကို မှီဝဲခဲ့သော် ခန္ဓာကိုယ်တွင် အလွန်အကဲ နု ၏ တင့်တယ်ခြင်းသည် တိုးလာ၏၊ ရောဂါကြောင့် အားနည်းသော ကိုယ်ရှိသူ, ပိန်ကြုံသူ, ပျ သော သုက်ဓာတ် ရှိသူတို့ အတွက် ခန္ဓာကိုယ်သည် ထွားကြိုင်းလာ၏၊ သုက်သွေး များပြာ ၏၊ ခန္ဓာကိုယ်၌ အား နှင့် အဆင်းသည် တိုးတက်လာ၏၊ ဝမ်းမီးနှုံ့သောကြောင့် ဖြစ် ဖေါက်ပြန်ခြင်းတို့သည် ပျောက်ကင်းကုန်၏၊ ခန္ဓာကိုယ်၌ သွေးတိုးပွားခြင်း, လှပခြင်း တိုးပွား၏။

## တနည်း—ရေလဲနှင့် အသုံးပြုပုံ

၁ ချင်းခြောက်,
၂ ပိတ်ချင်းမှုန့်,
၃ စင်ကြယ်သော ကန့်,
၄ ငြုတ်ကောင်းမှုန့်,
၅ ခရုသင်းမှုန့်,
၆ သိန္ဓောဆား,
၇ ပြဒါးဆုန်း,
၈ ဇီရာမှုန့်,
၉ ဆောက်ချဉ်မှုန့်,

ဤဆေးအလုံးစုံ လေးတူ ယူပါ။ ထိုဆေး အလုံးစုံ၏ ထက်ဝက် သုဒ္ဓဖြစ်သော ခပေါ ကြီးစေ့ကို ယူ၍ အလုံးစုံကို ဆုံတွင် ချင်းရေ, ဒန့်ဒလွန်သတ္တုရည်နှင့် နယ်ပါ၊ အလုံး လုံး၍ ရမ အခါ တရတီစီ အလုံးကလေးများ ပြုလုပ်ပါ။

ဆေးအကျိုးကား။ ။ ဝမ်းမီးကို တောက်စေ၏၊ အစာကို ကြေကျက်စေ သောကြောင့် ဝမ်းမီးနှုံ့ခြင်းကို ပယ်ဖျောက်တတ်၏၊ ထို့မှတပါး ဤဆေးကို မှီဝဲခဲ့သော် ဝမ်း ရောဂါ, ဝမ်းကိုက်ရောဂါ, ဝမ်းလားသော ရောဂါတို့သည် ပျောက်ကင်း၏၊ ဤဆေး ပါစကသတ္တိကို တိုးပွားစေတတ်သောကြောင့် ခန္ဓာကိုယ်၌ အား နှင့် အဆင်းကို တိုးပွား အင်္ဂါကြီးငယ်တို့၏ သတ္တိကို တိုးပွားစေ၏၊ ဤဆေးကို ရက်အနည်းငယ်မျှ မှီဝဲခဲ့သော် ရောဂါ ပျောက်ကင်း၏၊ သို့ရာတွင် လေထိုးအောင့်ခြင်း, အထူးအားဖြင့် ဝမ်းပိုက် ထိုး ခြင်းကို ပျောက်ကင်းရာ၌ ဤဆေးသည် အကောင်းဆုံးဆေး ဖြစ်၏။

## တနည်း—ရေလဲနှင့် အသုံးပြုပုံ

၁ စင်ကြယ်သော ခပေါင်းကြီးစေ့ အမှုန့် ဒိ-ဂ-ပဲ
၂ လေးတူ ပြဒါး နှင့် ကန့်ကို ပြုလုပ်ထားသော ပြဒါးမှိုင်း ဒိ-ဂ-ပဲ
၃ ချင်းခြောက်
၄ ငြုတ်ကောင်း } ဒိ-ဂ-ပဲစိ
၅ ပိတ်ချင်းမှုန့်

ဤဆေးတို့ကို ဆုံတွင် ထည့်၍ ကြောင်ပန်းရွက် သတ္တုရည်နှင့် ၇-ကြိမ်၊ ပေါက်စေ့ ပြုတ်ရည်နှင့် ၇-ကြိမ် ထုံပါ၊ ထိုနောက် ၂-ရတီစီ အလုံးကသေးများ ပြုလုပ်ပါ။

**ဆေးအကျိုးကား။** ။ ဤဆေးသည် အိပ်ငိုက်တတ်သော ရောဂါကို ပယ်ဖျောက်တတ်၏။

## တနည်း - ရေလဲနှင့် အသုံးပြုပုံ

စင်ကြယ်သော ခပေါင်းကြီး အမှုန့်ကို နေ့စဉ် တလတိုင်အောင် မပြတ် မှီဝဲခဲ့သော် ခွေးရူး ကိုက်သော အဆိပ်သည် ပျောက်ကင်း၏။

## တနည်း - လိမ်းဆေးအဖြစ် အသုံးပြုပုံ

ခပေါင်းကြီး အစေ့ ၁၂-ပဲသားကို ယူ၍ စင်ကြယ်သော နှမ်းဆီ ၆-ကျပ်သားဌ် ထည့်၍ မီးညှင်းညှင်းဖြင့် ခပေါင်းကြီး အစေ့ ကျက်၍ နီမြန်းသော အရောင် မဖြစ်မခြင်း ချက်ပါ၊ အစေ့ နီမြန်းလာသော အခါ ဆီကို အောက်သို့ ချပါ ဤသို့ပြုခဲ့သော် ခပေါင်းကြီးဆီသည် အသင့် ဖြစ်သွား၏၊ ဤဆီကို ခန္ဓာကိုယ်၌ လိမ်းကျံပေးခဲ့သော် ပက္ခဃာတ စသော လေရောဂါ တို့သည် ကေန် ပျောက်ကင်း၏။

၁ စင်ကြယ်သော ခပေါင်းကြီး အမှုန့်
၂ လေးညှင်းမှုန့်
၃ ပရုတ်
၄ ချင်းခြောက်
၅ သစ်ကြပိုး
၆ ပိတ်ချင်းမြစ်

ဤဆေး အသီးသီးကို လေးတူ ယူ၍ နွားကျင်ငယ်နှင့် အတူ ကြိတ်ပြီး လိမ်းကျံပေးပါ၊ ဤဆီကို လိမ်းကျံပေးပါက ဦးခေါင်းထက်ဝက် ကိုက်သော ရောဂါသည် ပျောက်ကင်း၏။

**မှိဝဲရန် အတိုင်းအတာ။** ။ အဆိပ် အတိုင်းအတာကို သိသော ဆေးဆရာသည် တရတီ၏ ၄-ပုံ တပုံမှ တရတီ အတိုင်းအတာ ရှိသော စင်ကြယ်သော ခပေါင်းကြီးစေ့ အမှုန့်ကို အသုံးပြုရာ၏။

## တနည်း - ရေလဲနှင့် အသုံးပြုပုံ

**ပန်းသေရောဂါ။** ။ ကာမအားနည်းသူ နှင့် ပန်းသေရောဂါ ရှိသော သူတို့သည် ခပေါင်းကြီးစေ့ ဇ-ပြားသားတွင် ငြုတ်ကောင်း ၂-စေ့ ရောစပ်၍ စားသော် ပန်းသေရောဂါ ပျောက်ကင်း၏။

**မြွေထိပ်။** ။ ၎င်း၏ အမြစ်ကို သင့်တော်ရုံ စားသော် မြွေဆိပ်ကို နိုင်၏၊ ၎င်းပြန် ခပေါင်းကြီးစေ့ ၂-ပဲသားကို ငြုတ်ကောင်းစေ့ ၁-ပဲသားနှင့် ကြိတ်စားလျှင်လည်း မြွေဆိပ် ပျောက်ကင်း၏။

**ကာလဝမ်း။** ။ ကာလဝမ်းရောဂါ၌ ခပေါင်းကြီးပင်မှ ရင့်မာ၍ ဖြောင့်တန်းသော အကိုင်းစိုကို တတောင်လောက် ဖြတ်ယူ၍ ထိပ်တဘက်တချက်ကို အိုး ၂-လုံး၏ နှုတ်ခမ်း တခုစီ တင်ထားပြီး အလည်မှ အသားကို မီးတိုက်ပါ၊ ထိုအခါ အသား၏ ထိပ်တဘက်တချက်မှ အဆီ သည် တင်ထားသော အိုးနှစ်လုံးထဲသို့ ကျဆင်းလိမ့်မည်၊ ထိုကျလာသော အဆီကို ၁-စက် ၂-စက် တိုက်ခြင်းဖြင့် ကာလဝမ်းရောဂါမှ ပျောက်ကင်း ချမ်းသာနိုင်၏။

**အဆစ်ရောင်ရောဂါ။** ။ နာတာရှည် အဆစ်ရောင် ရောဂါအတွက် ခပေါင်းကြီး မြစ် နှင့် ချင်းစိမ်းကို သွေး၍ ရောင်ရမ်းရာ၌ လိမ်းလျှင် ထိုရောဂါမှ ပျောက်ကင်း၏။

**အနာပျက်, အနာဆွေး, ပိုးကျနာ။** ။ အနာပျက်, အနာဆွေးများ ပေါက်၍ ပိုးများ ကျရောက်လာသော် ခပေါင်းကြီးရွက် သတ္တုရည်ကို ထိုအနာများ၌ လိမ်းကျံပေး ခြင်းဖြင့် ပိုးများ သေ၍ အနာများ ပျောက်ကင်းနိုင်၏။

**ကိုယ်အင်္ဂါ အစိတ်အပိုင်းတွင် လေဖြတ်ခြင်း။** ။ ခပေါင်းကြီးစေ့ကို ယူ၍ ရေ ၁၅-အောင်စနှင့် စိမ်ပြီး ၃-ရက် အကြာတွင် ရေ တကြိမ် လဲပစ်ပါ၊ ဤနည်းအတိုင်း ၅-ကြိမ်တိုင် ရေလဲပြီးနောက် ၎င်းအစေ့များကို အခွံခွာ၍ နေလှမ်း ထားပါ၊ ခြောက်သော အခါ အိုးငယ် တွင် ပြာချ၍ ၎င်းပြာ၏ အလေးချိန်နှင့် အတူ ငြုတ်ကောင်းကို ရောကြိတ်၍ ငြုတ်ကောင်း စေ့ခန့်လုံး၊ တခါ စားလျှင် ၃-လုံးခန့် စားခြင်းဖြင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့၌ ဖြတ်သော လေရောဂါ, အဆစ်ရောင်ရောဂါ တို့ကို ပျောက်ကင်းစေ၏။

**သွေးမြင်းသရိုက်။** ။ ခပေါင်းကြီး အစေ့ကို မှိုင်းတိုက်၍ ရှူလျှင် သွေးများ ကျဆင်းခြင်း ရပ်စဲ၍ ကိုက်ခဲခြင်းမှ သက်သာပြီး သွေးမြင်းသရိုက်ရောဂါသည် ပျောက်ကင်း၏။

**ခွေးရူးဆိပ်။** ။ ခပေါင်းကြီးစေ့ကို လူ့ကျင်ငယ်နှင့် ကျို၍ ခွေးရူးကိုက်ရာတွင် လိမ်းပါ၊ ထိုနောက် ခပေါင်းကြီးစေ့ကို ရှာလပတ်ရည်နှင့် ကျို၍ အခွံခွာပြီးနောက် ၎င်းအစေ့ ၂-ခွေးခန့် စားသောက်လျှင် ခွေးရူးဆိပ်သည် ပြေပျောက်၍ သွားလိမ့်မည်။

## ခပေါင်းကြီးစေ့ကို သုတ်သင်ပုံ

ခပေါင်းကြီးစေ့သည် အဆိပ်ရှိ၏၊ ဝေဒကျမ်းတို့၌ အဆိပ်မျိုးတွင် ဖေါ်ပြထားလေသည်၊ အကယ်၍ ခပေါင်းကြီးကို သုတ်သင်မှု မပြုဘဲ သို့မဟုတ် သုတ်သင်မှု ပြုစေကာမူ အလွန်အကဲ စားခဲ့သော်“ လေလေးကိုင်းရောဂါ” “ ပစ်လွှတ်တတ်သော လေရောဂါ” တငြိမ့်ငြိမ့်လှုပ်ခြင်း, နှင့် အသားဆိုင်တို့၌ နာကျင်ကိုက်ခဲခြင်း အလွန် ရေငတ်ခြင်း, မသက်မသာရှိခြင်း ဖြစ်၏၊ မျက်နှာ၌ အဖုအထွင့်များ ထွက်၏၊ ထို့ကြောင့် ထိုခပေါင်းကြီးစေ့ကို သုတ်သင်မှုပြု၍ အဘိုင်း ဆေးဖြင့် သာလျှင် မှီဝဲသင့်သည်ဖြစ်ရာ သုတ်သင်ပုံကို နည်းရရုံ အကျဉ်းဖေါ်ပြပေအံ့။

ရင့်သော ခပေါင်းကြီး အစေ့ကို အုန်းရည်၌ သုံးရက် တိုင်အောင် ထားပါ၊ သုံးရက် လွန်ပြီးနောက် ထိုအစေ့ကို အုန်းရည်မှ ထုတ်ပြီး အပြင်ခွံကို ခွာထုတ်ပါ၊ ထိုနောက် နေပူတွင် လှမ်း၍ သံဆုံတွင် ကောင်းစွာ ထောင်းပြီး အမှုန့် ပြုလုပ်ပါ၊ ဤနည်းဖြင့် ပြုလုပ်ခဲ့တော် ခပေါင်းကြီးစေ့သည် စင်ကြယ်သွား၏။

## ဗမာနည်း ခပေါင်းကြီးစေ့ကို သုတ်သင်ပုံ

ခပေါင်းကြီး အစေ့ကို ခွက် တခွက်တွင် ထောပတ် အနည်းငယ်ကို ထည့်၍ မီးညှင်းညှင်းဖြင့် အစေ့၏ အပြင်ဘက်အခွံသည် အနည်းငယ် နီဝါရောင် ကဲ့သို့ မဖြစ်မခြင်း လှော်ပါ၊ နီဝါရောင် ဖြစ်လာသောအခါ အပြင်ဘက် အခွံကို ခွာ၍ အတွင်းဆံကို ပူပူနွေးနွေး ပင် ထောင်းပါ၊ ဤနည်း အတိုင်း အလိုရှိပါက ပြုလုပ်ခဲ့သော် အလျှင်အမြန် ခပေါင်းကြီးစေ့သည် စင်ကြယ် သွား၏။

### ပဉ္စငါးပါး

**အရသာ နှင့် အကျိုးသွား။** ။ ၎င်း၏ ပဉ္စငါးပါးသည် ခါး, စပ်၏၊ ပူ၏၊ အစေ့မှာ ပေါ့၏၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးမှည့်, အသီးစိမ်းသည် လေကို ချုပ်စေတတ်၏၊ လေကို ပြုတတ်၏၊ မကြွလွယ်၏၊ အသီးမှည့်သည် စင်ကြယ်စေ၏၊ ကြေခဲ၏၊ ဒေါသ သုံးပါးကို နိုင်၏၊ လေရောဂါ, တုလာသရော ရောဂါ, သွေးနှင့် စပ်သော ရောဂါ စသည်တို့ကို နိုင်၏၊ အစေ့သည် မူးရစ်စေတတ်၏၊ မလကို စင်ကြယ်စေ၏၊ လေ, သလိပ်ကို နိုင်၏၊ နူနာ, ယားနာ, လေရောဂါ, အနာပေါက်, မြင်းသရိုက်နာ, အဖျား, သွေးဖေါက်ပြန်သော ရောဂါတို့ကို ပျောက်ကင်းစေ တတ်၏၊ ထို့ပြင် ရက်ချန်ဖျား, ဝါသင့်နာ, ဆီးရောဂါ, သွေးအားနည်းခြင်းတို့ကို ပျောက်ကင်း စေတတ်၏၊ ဆာလောင်မွတ်သိပ်ခြင်းကို ဖြစ်စေတတ်၏၊ ဝဖြိုးစေ၏၊ ကာမကို အားပေး၏၊ အူ ကိုကိုတွန့်ရှုံ့စေတတ်၏၊ အမြစ်သည် သွေးကို ငြိမ်းစေတတ်၏၊ လေကို ကြွစေတတ်၏၊ အဖျားမျိုး ကို ပြတ်စေတတ်၏၊ အရွက်သည် ကိုယ်သားကိုယ်ရေကို ကြည်လင်စေတတ်၏၊ ခပေါင်းသားကို အဖျားဖြတ်ဆေး ဖေါ်စပ်ရာ၌ အသုံးပြု၏။

# ခပေါင်းနွယ်

သက္ကတ विदारलता လက်တင် Strychnos Colubrina
ဟိန္ဒီ कुचिला लता အင်္ဂလိပ် Snakewood

**ပုံသဏ္ဌာန်။** ။ နွယ်ကြီးမျိုး ဖြစ်၍၊ အရွက် များ၏၊ အခေါက် မိုးပြာရောင် ရှိ၏၊ အရွက်သည် သစ်ကြပိုးရွက် ကဲ့သို့ ၃-ခု ၃-ခုသော အဖျားချွန်ကလေးများ ရှိ၏၊ အပွင့် သေး၏၊

**ဂုဏ် နှင့် စွမ်းရည်။** ။ များသောအားဖြင့် အသား နှင့် အရွက်ကို ဆေးသုံးရ၏၊ ဝဖြိုးစေတတ်၏၊ ပိုးကို ပယ်တတ်၏၊ ခပေါင်းကြီး ကဲ့သို့ အဆိပ် ရှိ၏၊ များများ စားသော် အန်၏၊ အဖျား, အရေပြား ရောဂါကို ပျောက်ကင်းစေတတ်၏၊ တတိယကအဖျား, စတုတ္ထက အဖျား ( ရက်ချန်ဖျား ) တို့၌ အကောင်းဆုံး ဖြစ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆစ်ရောင်ရောဂါ။** ။ ၎င်းအမြစ်ကို ပြုတ်ကောင်းနှင့် သင့်တော်စွာ ရော၍ ဆီနှင့် ကျက်ပြီးမှ ထိုဆီကို လိမ်းကျံပေးသော် အဆစ်ရောင်ရောဂါမှ ပျောက်ကင်း၏။

**သက်တန့်ခေါင်းလျှိုနာ။** ။ အနာပေါ်တွင် ၎င်းအရွက်ကို သီဟိုဠ်သရက်စေ့နှင့် သွေး၍ လိမ်းလျှင် သက်တန့်ခေါင်းလျှိုနာမှ ပျောက်ကင်း၏။

**ပြင်းထန်သော အဆိပ်ရောဂါ။** ။ ၎င်းအပင်မှာ အတွင်းဆေးအဖြစ်ဖြင့် စားသော် ၎င်း, အပြင်ဆေး အဖြစ်ဖြင့် လိမ်းကျံသော်၎င်း အသုံးပြုခဲ့သော် အလွန် ပြင်းထန်သော မြွေဆိပ် စသော အဆိပ် အမျိုးမျိုး အတွက် အလွန် ကောင်းမြတ်သော ဆေးပင် ဖြစ်၏။

---


# ခပေါင်းရေကြည်

သက္ကတ अम्बु प्रसाद လက်တင် Strychnos Potatorum
ဟိန္ဒီ निर्मली အင်္ဂလိပ် Clearing-nut tree

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၏၊ ၎င်း၏ အခေါက်မှာ မီးခိုးရောင် ရှိ၏၊ အပွင့်သည် ဖြူ၍ မွှေး၏၊ အသီးသည် ဆီးဖြူသီးခန့် ရှိ၍ မှည့်သော အခါ သပြေရင့်ရောင် ရှိ၏၊ အသီးထဲတွင် အစေ့တစေ့ သာ ရှိ၏၊ ခပေါင်းရွက်နှင့် သဏ္ဌာန် တူသော်လည်း ခပေါင်း ရွက်ထက် များစွာ သေး၏။

**အရသာ နှင့် အကျိုးသွား။** ။ အပင်သည် ခါး၏၊ ဖန်၏၊ စပ်ရှား၏၊ အေး၏၊ ဝိပါကၡ စပ်၏၊ အစေ့သည် ဖန်၏၊ ချို၏၊ ကြေကျက်ခဲ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ ပျစ်ချွဲခြင်း မရှိ၊ မျက်စိကို အကျိုးပြု၏၊



ခပေါင်းရေကြည်
STRYCHNOS POTATORUM
निर्मली

...ကို ပြုပြင်တတ်၏၊ ရေတို့ကို ကြည်လင်စေတတ်၏၊ ရေငတ်ခြင်း, ပူခြင်း, အဆိပ်, ပိုး, ...ရာ ရောဂါ, မျက်စိရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

အသီးနုသည် အေး၏၊ မျက်စိကို အကျိုးပြု၏၊ လေကို ပွားစေ၏၊ သွေးအန်, သွေးကျ..., အဆိပ်, တွေဝေခြင်းကို ပျောက်ကင်းစေ၏။

အသီးရင့်သည် ကြေကျက်ခဲ၏၊ သလိပ် နှင့် သည်းခြေကို ပယ်ဖျက်တတ်၏။

အသီးမှည့်သည် သည်းခြေကို ဖြစ်စေ၏၊ အန်စေတတ်၏၊ ချွေးကို ထွက်စေ၏၊ ဖေါရောင် ..., ဝါသင့်နာ, အဆိပ်, နာစေးရောဂါ, ကိုယ်ရေဝါ ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ ...သည် မျက်စိကို အကျိုးပြု၏၊ လေ သလိပ်ကို နိုင်၏၊ ကျောက်တည်, ဆီးအောင့်, ရေငတ်, ...ရောဂါ, အဆိပ်, တုလာသရော, ဦးခေါင်းရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

အမြစ်သည် နူနာရောဂါ အမျိုးမျိုးတို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မျက်စိသွေးခြည်တည်။** ။ မျက်စိ အဖြူပေါ်တွင် တနေရာ၌ ပေါက်ရောက်နေသော ...ခြည်တည် (သွေးခြေဥ) ရောဂါတမျိုး ဖြစ်ပွားရာ၌ ခပေါင်းရေကြည်စေ့ကို သွေး၍ ...တွင် ကွင်းပေးလျှင် ထိုရောဂါမှ လျင်စွာ ပျောက်ကင်း၏၊ အခြားသော မျက်စိနာ ဟူသမျှ ...လည်း ထိုနည်းအတိုင်း ပြုလုပ်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်၏။

**မျက်စိမှုန်။** ။ ၎င်း၏ အစေ့ကို သွေး၍ မျက်စိ၌ ကွင်းပေးလျှင် မျက်စိမှုန်ဝေခြင်းမှ ...၍ အမြင်သန်လာပါလိမ့်မည်။

**ဝမ်းပျက်။** ။ ခပေါင်းရေကြည်စေ့ တစေ့ကို သွေး၍ ဒိန်ချဉ်ရေဖြင့် ၇-ရက် ...အောင် သောက်သော် အလွန် ပျောက်ခဲသော ဝမ်းပျက်ရောဂါသည် ပျောက်ကင်း၏။

**ညောင်းကျရောဂါ။** ။ ၎င်းအစေ့ကို သွေး၍ နွားနို့ဖြင့် အနည်းငယ် အနည်းငယ် ...ကသည် ရှိသော် ထိုညောင်းကျရောဂါမှ ချမ်းသာ ပျောက်ကင်း၏။

**သွေးမြင်းသရိုက်။** ။ ၎င်းအစေ့ကို ပြာချ၍ သကြားနှင့် ရောပြီး အနည်းငယ်မျှ ...ကခြင်းဖြင့် သွေးမြင်းသရိုက် ရောဂါမှ ပျောက်ကင်း၏။

**တိမ်သလာ။** ။ ၎င်းအစေ့ကို ပျားရည်နှင့် ကွင်း၍ မိုတီယာဗိန္ဒု ခေါ် မျက်စိ ...သလာ ရောဂါမှ ပျောက်ကင်း၏။

**ဆီးလွန်။** ။ အမျိုးမျိုးသော ဆီးလွန်ရောဂါ၌ ခပေါင်းရေကြည် အစေ့ကို ...ကရည်နှင့် သွေး၍ သောက်လျှင် ၎င်းရောဂါမှ ပျောက်ကင်း၏။

**ဝမ်းကိုက်။** ။ ခပေါင်းရေကြည်စေ့၏ အခွံကို အမှုန့် ပြု၍ အန်ဆေး သုံးရန်၎င်း, ဝမ်းကိုက်ပျောက်ဆေး အဖြစ် သုံးရန်၎င်း သင့်လျော်၏၊ ဝမ်းကိုက်ပျောက် အဖြစ် သုံးပုံမှာ ခပေါင်းရေကြည်စေ့ခွံကို အမှုန့် ပြု၍ ယင်းအမှုန့် ၁၀-ဂရမ်မှ ဂရမ် ၂ ဘိန်းစေ့ ၁-စေ့ ၂-စေ့ဖြင့် ရော၍ အလုံးကလေးများ လုံးရသည်၊ ထိုဆေးလုံးကို ၃ သို့မဟုတ် ၄-နာရီခြား တိုက်ကျွေးလျှင် ဝမ်းကိုက်ရောဂါမှ သက်သာ၏။

---

# ခရာ (ကန်း)

| | | | |
|---|---|---|---|
| သက္ကတ | हेमतीरी | လက်တင် | Argemone mexicana |
| ဟိန္ဒီ | सत्यानाशी (धतूरापीला) | အင်္ဂလိပ် | Prickly Poppy |

**ပုံသဏ္ဍာန်။** ။ ဆူးလုံးပင် (ခရာတမျိုး) နှင့် သဏ္ဍာန် တူ၏၊ အပင် ၂-ပေမှ ၄-ပေ မြင့်၏၊ အပွင့် ဝါ၏၊ အသီးမှာ လုံးရှည်ရှည်နှင့် ဆူးများ ရှိ၏၊ အကန့် ၄-ကန့် ရှိ၏၊ တပ် တွင် အစေ့ အဝါများ ထွက်၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ အေး၏၊ ဝိပါက်ဌ် စပ်၏၊ သက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်မြိန်စေ၏၊ သလိပ်, သည်းခြေတို့ကို ငြိမ်းစေ၏၊ ပိုးရောဂါ ယားယံခြင်း, အဆိပ်, ဝမ်းပိုက်တင်းရောင်ခြင်း, သွေးအန်, သွေးကျ, နူနာ, အပူ, သည်းခြေဖျား, ဆီးအောင့်, ကျောက်တည်, ဖေါရောင် ရောဂါတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဝမ်းပိုက်နာ။** ။ ၎င်းအစေ့၏ အဆီကို အစက် (၃၀) မှ (၆၀) အထိ သကြား နှင့် ရော၍ တိုက်ခဲ့သော် ဝမ်းပိုက်နာရောဂါ, ရင်ဘတ်နာ ရောဂါမှ ပျောက်ကင်း၏။

**ပန်းနာ ရင်ကျပ်။** ။ ၎င်းအစေ့၏ အဆီ ၁-စက် ၂-စက်ခန့်ကို သကြားနှင့် ရော၍ တိုက်ခဲ့သော် ပန်းနာ ရင်ကျပ် ရောဂါမှ ပျောက်ကင်း၏။

**ကိုယ်ရေဝါ။** ။ ဆင်းတုံးမနွယ် သတ္တုရည်တွင် ၎င်း ကန်းခရာ အစေ့၏ အဆီ ၃-စက်ခန့်မျှ ရော၍ သောက်လျှင် ကိုယ်ရေဝါရောဂါမှ ပျောက်ကင်း၏။

**ပြည်တုလာသရေရောဂါ။** ။ ၎င်းအပင်မှ အစေးကို ဆီဦးနှင့် ရော၍ သောက်ခဲ့လျှင် သို့မဟုတ် ၎င်းအပင်၏ အရွက် သတ္တုရည်ကို ထောပတ်နှင့် ရော၍ သောက်ခဲ့သော် ပြည်တုလာ သရေရောဂါမှ ပျောက်ကင်း၏။

---

# ခရာ (ရေ)

သက္ကတ हरिकुश — လက်တင် Acanthus Ilicifolius

ဟိန္ဒီ हरकुच कांटा — အင်္ဂလိပ် Sea Holly

**ပုံသဏ္ဌာန်။** ။ပင်လယ်ကမ်းချေ ရေငံစပ်၍ အပေါက်များ၏၊ အပင် မြင့်၏၊ ဆူး ...၏၊ ၎င်းရေခရာမှာ အဖြူပွင့်လည်း ရှိ၏၊ အပြာပွင့်လည်း ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နို့ရည်ကို ပွားစေ၏၊ သလိပ်ကို ပယ်တတ်၏၊ အစာမကြေ ...ညို, လေကြောများ နာကျင်ကိုက်ခဲခြင်း, သည်းခြေချဉ်ပြန်, ဖေါရောင်ခြင်းတို့ကို ပျောက် ...စေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆင်ရောင် ဒူးကြီးနာ။** ။ ၎င်းအရွက်ကို ဆီသုတ်၍ မီးကင်ပြီး ကပ်၍ စည်းပေး ... အဆစ်ရောင်ခြင်း, ဒူးခေါင်းကြီးခြင်း, အကြောကိုက်ခဲ နာကျင်ခြင်း တို့ကို ပျောက် ...စေ၏။

**မြွေဆိပ်။** ။ ၎င်းအပင်မှ အကိုင်းနုကို ဖြစ်စေ, အရွက်ကို ဖြစ်စေ, ရေနှင့် ညက်စွာ ...၍ မြွေကိုက်ရာ၌ လိမ်းပေးပါက မြွေဆိပ် ပြေပျောက်၏၊ ဂျပ်ကောင်များ ကိုက်လျှင် ...ရေခရာပင်၏ ဆူးဖြင့် ကိုက်ရာ၌ ထိုးပေးခဲ့သော် ဂျပ်ဆိပ်မှ ပြေပျောက်၏။

---

# ခရေပင် (ချယား)

သက္ကတ बकुल

ဟိန္ဒီ मौलसरी

လက်တင် Mimusops Elengi

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၍ ပေ (၅၀) ခန့် မြင့်၏၊ ၎င်းတွင် ... အမ ဟူ၍ ၂-မျိုး ရှိ၏၊ အသီး နှင့် အပွင့် ၂-ခုစလုံး စုံရှိခဲ့သော် အမမျိုး ဖြစ်၍ အပွင့် ...သက် သာ ပွင့်လျှင် အဖိုမျိုး ဖြစ်၏၊ အမပွင့် ထက် အဖိုပွင့်သည် အနည်းငယ် ကြီး၍ ...ည်းငယ် ဖြူ၏၊ အမပွင့်မှာ အနည်းငယ် နီကျန်ကျန် ရှိ၏၊ အရွက်မှာ သပြေရွက် နှင့် ...၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဉ္စင်္ဂါးပါးလုံးကို အသုံးပြု၏၊ အခေါက်သည် ချို၏၊ ...၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးသည် ပြေပြစ်၏၊ အူတို့ကို တွန့်ရှုံ့စေ၏၊ မြိန်စေ၏၊

သွားတို့ကို ခိုင်စေ၏၊ ချုပ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ နှုတ်မမြိန်, သွားရောဂါ, ဖေါက်ပြန်သော ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

အခေါက်သည် နှလုံးကို အားရှိစေ၏၊ ဝမ်းမီးကို ပွားစေ၏၊ ပိုးတို့ကို ဖျက်ဆီး ၏၊ တွန့်ရှုံ့စေတတ်၏၊ သွားဖုံးရောဂါများ၌ အကျိုးပြု၏၊ သည်းခြေ ဖေါက်ပြန်မှု ပျောက်ကင်းစေ၏။

အစေ့သည် လှုပ်နေသော သွားတို့ကို ခိုင်စေ၏၊ ရှူခဲ့သော် ခေါင်းကိုက်ခြင်းကို ပျောက် ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အတိသာရဝမ်း။** ။ အတိသာရဝမ်းရောဂါ၌ ၎င်းအစေ့ကို ရေအေးနှင့် ဖျော်၍ သော် ပျောက်ကင်း၏၊ ကြာမြင့်သော အတိသာရဝမ်းရောဂါ၌မူ ၎င်းခရေသီး အမှည့်၏ အသား ကို စားလျှင် ပျောက်ကင်း၏။

**နှလုံးရောဂါ။** ။ နှလုံးရောဂါ၌ ၎င်း၏ အခေါက်ပြုတ်ရည်ကို သောက်ခြင်းဖြင့်၎င်း, အပွင့်ကို ရှူခြင်းဖြင့်၎င်း, အသီးကို စားခြင်းဖြင့်၎င်း, အသုံးပြုသော် ထိုရောဂါမှ ပျောက် ကင်း၏။

**မီးရတ်ဖြူ နှင့် ဓာတ်ပျက်။** ။ မီးရတ်ဖြူရောဂါနှင့် ဓာတ်ပျက်ရောဂါ၌ ခရေပွင့် (၃) မတ်သား, ဗာဒံစေ့ (၃) စေ့, သကြား (၃) ပဲသား တို့ကို ရော၍ နံနက် တကြိမ်ကျစီ သောက်ပါ၊ ဆေးသောက်ပြီးနောက် ရေအေး အနည်းငယ်ခန့်ကို သောက်ချ ထိုရောဂါများမှ ပျောက်ကင်း၏။

**သွားရောဂါ။** ။ သွား နာကျင်ကိုက်ခဲခြင်း, နဲ့ခြင်းတို့၌လည်း အထက်ပါ မီးရတ် ဖြူရောဂါတို့၏ ရေလဲအညွှန်းအတိုင်း သောက်ပါက ပျောက်ကင်းနိုင်၏။

**ကလေးချောင်းဆိုး။** ။ ခရေပွင့် အစို ၁-ဂ-ပဲသားကို ရေ (၃) မတ်သား တညဉ့်လုံး စိမ်၍ နံနက် မိုးလင်းတွင် ထိုစိမ်ရည်ကို စစ်၍ ကလေးအား တိုက်ပါ၊ ဤနည်း (၇) ရက်မျှ ဆက်တိုက်သော် ကလေးများ ချောင်းဆိုးရောဂါမှ ပျောက်ကင်း၏။

**မက္ခရုန္နာ။** ။ ခရေခေါက်- ဆီးဖြူခေါက်, ရှားခေါက်, ၎င်းအခေါက် (၃) ကို ပြုတ်၍ နေ့အခါတွင် ၄-၅-ခါမျှ ငုံ၍ ထွေးပစ်ခြင်းဖြင့် ပါးစပ်၌ မက္ခရု ပေါက် သွားဖုံးရောင်ခြင်း, ပါးစပ်၌ အပူလောင်ခြင်း စသော ခံတွင်းနာ အားလုံး ပျောက်ကင်းပြီး သွားများလည်း ခိုင်မာလာပါလိမ့်မည်။

---

# ခရမ်းပင်

| | | | |
|---|---|---|---|
| သက္ကတ | बंगना | လက်တင် | Solanum Melongena |
| ဟိန္ဒီ | बंगन | အင်္ဂလိပ် | Brinjal ; Egg plant |

**ပုံသဏ္ဍာန်။** ။ပုံသဏ္ဍာန်မှာ ထင်ရှား၏၊ ၎င်းကား များသောအားဖြင့် အသီးကို အလုံးပြုရ၏။

**ကရသာ နှင့် အကျိုးသွား။** ။ချို၏၊ စပ်၏၊ ပူ၏၊ ဝိပါကဌ် စပ်ရှားရှားရှိ၏၊ ဝမ်းမီး ကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ထက်မြက်၏၊ အနည်းငယ် သည်းခြေကို ဖြစ်စေတတ်၏၊ ဝဖြိုးစေ၏၊ နှလုံးကို အကျိုးပြု၏၊ ကြေကျက်ခဲ၏၊ လေနှင့် စပ်သော ရောဂါများနှင့် မထင်၊ သလိပ် ရောဂါကို နိုင်၏၊ ၎င်းပြင် အဖျား၊ ဆီးနှင့် စပ်သောရောဂါများ၊ နှာခေါင်းသွေး ယိုစီးသော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အိပ်မပျော်။** ။ခရမ်းသီးကို နယ်၍ ထွက်လာသော အရည် နှင့် ပျားရည်ကို ရောစပ်၍ သောက်သော် အိပ်မပျော်ခြင်းမှ ကင်းဝေး၍ လွန်စွာ အိပ်ပျော်သွား၏။

**မျက်စိပူ။** ။ခရမ်းမြစ်ကို ရေနှင့် သွေး၍ မျက်စိ၌ ကွင်းသော် မျက်စိပူခြင်းမှ ကင်း ဝေး၍ အေးလာ၏။

**ပတိုင်းအဆိပ်သင့်။** ။ပတိုင်းသီးစား၍ အဆိပ်သင့်သော် ခရမ်းသီးကို ရေနှင့် နယ်၍ စားလျှင် ၎င်းအဆိပ်မှ ပြေပျောက်၏။

---

# ခရမ်း ( ဆင် )

| | | | |
|---|---|---|---|
| သက္ကတ | चन्द्र पुष्पा | လက်တင် | Solanum ferox |
| ဟိန္ဒီ | राम बंगन | အင်္ဂလိပ် | Sour brinjal |

**ပုံသဏ္ဍာန်။** ။၎င်းအပင်၏ ပင်စည်သည် ကြမ်းတမ်း၍ ၆-ပေ ၇-ပေမြင့်၏၊ ဆူးများ ရှိ၏၊ အကိုင်း အခက်တို့တွင် ဆူးနုလေးများ ရှိ၏၊ အရွက်မှာ ၄-လက်မမှ ဂ-လက်မ အထိ ကျယ် ၍ ၆-လက်မမှ ၁၀-လက်မ အထိ ရှည်၏၊ အသီးသည် လုံး၍ အမွေးနုံများ ရှိ၏၊ အစေ့မှာ ကြမ်းတမ်း၏။

**အရသာ နှင့် အကျိုးသွား။** ။အသီး နှင့် အမြစ်သည် ပူ၏၊ ထက်မြက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီး နှင့် အမြစ်သည် နှုတ်ကို မြိန်စေ၏၊ ဆာလောင်မှု ၏၊ လေ, သလိပ်ကို အကျိုးပြု၏၊ မျက်စိရောဂါ၌ ကောင်း၏၊ ကိုယ်ဝန်ကို ငြိမ်သက်စေ၏၊ ၎င်း၏ ပဥ္စင်္ဂါးပါး ပြုတ်ရည်သည် အဖျားရောဂါ အမျိုးမျိုးကို နှိမ်နင်းနိုင်၏၊ (ကြွင်းသော ဂုဏ် နှင့် စွမ်းရည်တို့သည် များသောအားဖြင့် ခရမ်းကစော့နှင့် တူ၏၊ ) ထိုခရမ်းသီး (ဆင်)ကို မြန်မာတို့သည် မီးဖုတ်၍ ငါးပိတွင် ဖျော်၍ စားကြ၏။

---

# ခရမ်း ( မြေပုတ်ကြီး )

**သက္ကတ** कण्टकारी
**ဟိန္ဒီ** कटेरी
**လက်တင်** Solanum Xaxthocarpum

**ပုံသဏ္ဌာန်။** ။ ၎င်းသည် မြေကြီး၌ ဖြန့်၍ ထီးကဲ့သို့ နေရာမရွေး ပေါက်တတ်သည်၊ သို့ရာတွင် သဲမြေ၌ အများအပြား ပေါက်တတ်သည်၊ ၎င်း၏ ဆူးသည် နူးညံ့၍ အဝါရောင်ဖြင့် တောက်ပ၏၊ အကိုင်းအခက်များ ကောက်ကွေး၍ ဖြာထွက်သည်၊ အရွက်သည် ရှည်ဝိုင်း၍ ထောင့် တွင် ခွေးသွားစိတ်များ ရှိ၏၊ ခရာကုန်းရွက်နှင့် သဏ္ဌာန် တူ၏၊ အပွင့်သည် ရိုးရိုး ခရမ်းရောင်နှင့် တူ၏၊ အပွင့်၏ အလယ်တွင် ဝဏ္ဏဝါများ ရှိ၏၊ အသီးသည် နုစဉ် ဖြူရောင် ရှိ၍ မှည့်သော အခါ ဝါ၏၊ အစေ့မှာ အလွန် သေးမွှား၍ နူးညံ့၏၊ အရွက်မှာ ၃-လက်မမှ ဂ-လက်မ အထိ ရှည်၍ ၎င်းမှာ အပွင့်ဖြူမျိုးလည်း ရှိသေး၏၊ ဖော်ပြခဲ့ပြီးသော အပွင့်ဝါမျိုး နှင့် အပွင့်ရောင်မှ တပါး အားလုံး တူ၏၊ သို့သော် အပွင့်၏ ဝဏ္ဏရောင်မှာ ပို၍ ဝါ၏၊ ၎င်းအမျိုးသည် ရှားပါး၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စင်္ဂါးပါးလုံးကို သုံးရ၏၊ ခါး၏၊ စပ်ရှားရှား ရှိ၏၊ ဝမ်းမီးတောက်၏၊ ပူ၏၊ ၎င်းအသီးသည် ခါး၏၊ စပ်ရှားရှား ရှိ၏၊ ဝမ်းမီးတောက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပဥ္စင်္ဂါးပါးလုံးသည် ကြေကျက်လွယ်၏၊ ပန်းနာ, ချောင်းဆိုး, အဖျား, သလိပ်ရောဂါ, နှာစေး, နှလုံးရောဂါတို့ကို ပျောက်ကင်းစေ၏၊ ၎င်းအသီးသည် မလတို့ကို ဖြိုခွဲတတ်၏၊ သည်းခြေကို ပွားစေ၏၊ နှလုံးကို အကျိုးပြု၏၊ ကြေကျက်လွယ်၏၊ လေ နှင့် သလိပ် ကို နိုင်၏၊ ပန်းနာ, အဖျား, ပိုး, ဆီးလွန်နာများကိုလည်း နိုင်၏၊ ၎င်းအသီးမှာ သလိပ်ရောဂါကို နှိမ်နင်းရာ၌ အလွန် ထူးခြားသော အစွမ်းသတ္တိ ရှိ၏၊ သို့ဖြစ်၍ သလိပ်ဖျား, ပန်းနာ, ရင်ကျပ်, ရင်ဘတ်နာခြင်းတို့၌ အထူးသဖြင့် ချီးမွမ်းထိုက်သော ဆေး ဖြစ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဆီးချုပ်ရောဂါ။** ။ ၎င်း၏ သတ္တုရည်ကို ဒိန်ချဉ်ရည်နှင့် ရော၍ အဝတ်ဖြင့် စစ်ထားပြီး ၎င်းအရည်ကို သောက်ခဲ့သော် ဆီးချုပ်ရောဂါမှ ပျောက်ကင်း၏။

**ဝက်ရူးနာ။** ။ ၎င်း၏ အမြစ် နှင့် ဆေးခြောက်အစေ့တို့ကို အညီအမျှ ယူ၍

ကလေးကျင်ငယ်ရည်နှင့် ကြိတ်ပါ၊ တဖန် ၎င်းကြိတ်ပြီးသား ဆေးကို နှာခေါင်းတွင်းသို့ ထည့်ပေးခဲ့သော် ဝက်ရူးတက်နာမှ ပျောက်ကင်း၏။

**သွားကိုက်နာ။** ။ ၎င်းမြစ်, ခေါက်, ရွက်, အသီး တို့ကို ယူပြီး ရေနှင့် စိမ်၍ နယ်ပါ၊ ၎င်းစိမ်ရည်ကို လုပ်ကျင်းပေးပါက သွားကိုက်, သွားနာ ပျောက်ကင်း၏။

**မျက်စိရောဂါ။** ။ ၎င်းအရွက်ကို ညက်ညက်ပါအောင် ကြိတ်၍ မျက်စိ၌ အုံပေးလျှင် အလွန် ကိုက်ခဲသော မျက်စိနာမှ ပျောက်ကင်း၏။

**ပြည်တုလာသရေရောဂါ။** ။ ၎င်း၏ ပဥ္စင်္ဂါးပါးကို စလုံးစခု ထုထောင်း၍ ရေတွင်းတည့်၌ စိမ်ပါ၊ နံနက်ထတွင် အရည်ကို စစ်ယူ၍ ၎င်းအရည်တွင် သကြားခဲ အနည်းငယ် ထည့်ပြီး သောက်ပါက ပြည်တုလာသရေ ရောဂါမှ ပျောက်ကင်း၏။

**ချောင်းဆိုးရောဂါ။** ။ ၎င်းအပွင့်၏ ဝတ္ထုကို အမှုန့်ပြု၍ ပျားရည်နှင့် လျက်စေခဲ့သော် ကလေးများ၌ ဖြစ်သော ချောင်းဆိုးရောဂါ ပျောက်ကင်း၏။

**ပန်းနာ ရင်ကျပ်။** ။ ရင်၌ သလိပ်များ စုဝေး ကျပ်ခဲနေလျှင် ၎င်း၏ ပြုတ်ရည်ကို သောက်ခါမျှဖြင့် ထိုသလိပ်ကျပ်ခြင်းမှ သက်သာ ပျောက်ကင်းနိုင်၏၊ ထို့ပြင် ၎င်းအသီး၏ ပြုတ်ရည်တွင် အခိုးသတ်ပြီးသော ရှိန်းခို ၂ ပဲသား, သိန္ဓော ၂ ပဲသား ထည့်ပြီး သောက်ခဲ့သော် အလွန် ကြောက်ဘွယ်ကောင်းသော ပန်းနာ ရင်ကျပ်ရောဂါ ပျောက်ကင်း၏၊ ထို့မှတပါး ၎င်းဆေးကို သောက်ခဲ့လျှင် ဆီးရွှင်ခြင်း, အဖျားနိုင်ခြင်း, ရေဖျဉ်း, အအေးပတ်ခြင်း, ပြည်တုလာသရေ ရောဂါ, ဆီးအောင့်နာ, ကျောက်တည်နာ တို့ကိုလည်း ပျောက်ကင်းစေ၏။

---

# ခရမ်း (မြေပုတ်ငယ်)

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ အပွင့်မှာ ကြီး၍ လှပ၏၊ အသီးမှာ လုံး၍ မှည့်သောအခါ နီရောင် ဖြစ်သွား၏၊ ၎င်းအစား မြေပုတ်ခရမ်းကြီးကို အသုံးပြုနိုင်၏၊ အကျိုးသွားမှာ အတူတူပင် ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်း၏ အမြစ်နှင့် အရွက်သည် ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်း၏ အမြစ်မှုန့်, ၎င်း၏ ပြုတ်ရည်တို့သည် ခယရုဂ်ရောဂါ၌ များစွာ အကျိုးပြု၏၊ ၎င်းပဥ္စင်္ဂါးပါး ပြုတ်ရည်သည် အလွန် ထက်မြက်သော နာတာရှည် လေကြောများ ပူလောင်သော ရောဂါ, ချောင်းဆိုးရောဂါ အမျိုးမျိုး, နှလုံး, ဝမ်းပိုက်တင်းရောင်, အဖျားဟောင်းများ နှင့် မီဖွားခက်သော မိန်းမ အတွက် အလွန် အကျိုးပြု၏။

---

# ခရမ်းကစော့

သက္ကတ बृहती
ဟိန္ဒီ बड़ी कटेरी
လက်တင် Solanum indicum

**ပုံသဏ္ဍာန်။** ။ ၎င်းသည် တတောင်မှ သုံးတောင် အထိ မြင့်၏၊ ခရမ်းပင်နှင့် တူ၏၊ အခက်အလက် အလွန် များ၏၊ အကိုင်း အခက်များသည် ကောက်ကွေးတတ်၍ မာသော ဆူးများလည်း ရှိ၏၊ အရွက်မှာ ၁-လက်မမှ ၆-လက်မ အထိ ရှည်၍ ၁-လက်မမှ ၄-လက်မ အထိ ကျယ်၏၊ အရွက်၏ အနားပတ်လည်တွင် ခွေးသွားစိတ်များ ရှိပြီး ခရမ်းရွက်နှင့် တူ၏၊ အရွက်၏ အကြောများတွင်လည်း ဆူးများ ရှိ၏၊ အပွင့်မှာ ခရမ်းရောင် ရှိ၏၊ ပွင့်ချပ်မှာ ၅-ခု ရှိ၏၊ ၎င်းအပွင့်၏ အလယ်တွင် ဝစ္ဆ ရှိ၍ အသီးမှာ ဆီးဖြူသီး အငယ်စားခန့် ရှိ၏၊ အသီးနုမှာ အဖြူစက်ကလေးများ ရှိ၍ အသီး လုံး၏၊ အရောင်မှာ နုစဉ် စိမ်းရောင် ရှိပြီး မှည့်သော အခါ ဝါရောင် ရှိ၏၊ အစေ့များမှာ ငြုတ်စေ့ခန့် ရှိ၏၊ ၎င်းမှာ အခြား တမျိုးလည်း ရှိသေး၏၊ အပင်မှာ ယခု ဖေါ်ပြပြီး အပင်ထက် အနည်းငယ် သေး၍ အပွင့် ဖြူ၏၊ အသီးမှာ အဆုပ်လိုက် သီး၍ စားတော်ပဲ အကြီးစားခန့် ရှိ၏၊ ပဥ္စင်္ဂါးပါးလုံးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ စပ်ရှား၏၊ ခါး၏၊ ပူ၏၊ ဝိပါက၌ စပ်၏၊ အပင်သည် စပ်၏၊ ခါး၏၊ ပူ၏၊ ချုပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်စေ၏၊ ပိုးကို နိုင်၏။ **သလိပ်** နှင့် လေဒေါသကို နိုင်၏၊ ယားနာ နူနာ စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ အပင်သည် နှလုံးကို ကျေးဇူးပြု၏၊ သလိပ်, လေကို နိုင်၏၊ ခံတွင်းပျက်ခြင်း နှင့် မလတို့ကို နိုင်၏၊ နူနာ, အဖျား, ပန်းနာ, ထိုးအောင့်, နှလုံးရောဂါ, ပျို့အန်, ယားနာ, အာမဒေါသတို့ကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပြည်တုလာသရောရောဂါ။** ။ ၎င်းပဥ္စင်္ဂါးပါး၏ ပြုတ်ရည် ၈-ကျပ်သားကို တနေ့လျှင် ၂-ကြိမ်ကျ သောက်ပါက ပြည်တုလာသရောရောဂါမှ ပျောက်ကင်း၏။

**သွားရောဂါ။** ။ သွားကိုက် နာကျင်ခြင်း နှင့် သွားပိုးထသော အခါ ၎င်းအမြစ်ကို သွေး၍ သွား၌ သိပ်ပေးပါ၊ ထို့ပြင် ၎င်းအမြစ်မှုန့်ကိုလည်း မှိုင်းတိုက်၍ အခိုးကို ရှူပေးပါက ထိုသွားနှင့် ပတ်သက်သော ရောဂါများ ပျောက်ကင်း၏။

**အဆိပ်သင့်။** ။ မြွေကင်းများ ကိုက်၍ အဆိပ်သင့်ရာ၌လည်း ၎င်း၏ ပဥ္စင်္ဂါးပါးကို ပင် အသုံးပြုက မြွေဆိပ် ကင်းဆိပ်တို့သည် ပြေပျောက်၏။

**မှတ်ချက်။** ။ ကဏ္ဍရိဒွယံ ( ခရမ်းခါး ၂-မျိုး ) ဟု ဆေးကျမ်းများတွင် အသုံးပြုထားသည်ကို တွေ့ရပေမည်၊ ထိုအခါ ဖေါ်ပြခဲ့သည့် အတိုင်း မြေပုံခရမ်း နှင့် ခရမ်း



ခရမ်းကစော့
**SOLANUM INDICUM**
बडी कटेरी

ကစော့ ထို ၂-မျိုးကို သာ မှန်ကန်စွာ ယူရမည်၊ ထို ၂-မျိုးကို ခရမ်းခါး ၂-မျိုး, ဆူးခရမ်း ၂-မျိုး, မြေပုံခရမ်း ၂-မျိုး ဟူ၍ ဆေးကျမ်းတို့၌ အသုံးပြု ခေါ်ဝေါ်သည်ကို တွေ့ရပေသည်၊ ဖော်ပြပါ ခရမ်း ၂-မျိုးလုံး ပင် တမျိုးတမျိုး၌ အပွင့်အဝါ မျိုးနှင့် ရှိခါ တွေ့ရတတ်သော အပွင့်ဖြူမျိုး ရှိကြသည်၊ ထို ၂-မျိုးစီကို ခရမ်းခါး ၂-မျိုး ဟု မှားယွင်းစွာ မယူမိရန် သတိပြုသင့်ပေသည်၊ ဆိုလိုသည်မှာ မြေပုံခရမ်း နှင့် ခရမ်းကစော့ ၂-မျိုးပေါင်းကို ခရမ်း ၂-မျိုး ဟု မှတ်ယူပါ၊ ခရမ်းကစော့ခါးနှင့် ပေါက်ရောက်ပုံ သဏ္ဍာန် တူ၍ အသီးမှာ ခရမ်းကစော့ထက် ကြီးသော အချို့တမျိုး ရှိသေး၏၊ ၎င်း၌ ရံခါ ဆူးများ အနည်းငယ် တွေ့ရတတ်၏၊ ၎င်းကို ခရမ်းကစော့တွင် ထည့်သွင်း၍ မယူသင့်ပေ၊ မြို့ပျက်ခရမ်း ဟူ၍ သာလျှင် မှတ်ယူအပ်၏။

---

# ခရမ်းချဉ်သီး

ဟိန္ဒီ टमाटर, विलायती बैगन
လက်တင် Lycopersicum Esculentum
အင်္ဂလိပ် Tomato

**ဓာတ်ရသာ နှင့် အကျိုးသွား။** ။ အသီး ချဉ်-ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချဉ်၏၊ ဝမ်းပေါက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မြိန်မြက်စေ၏၊ သတ္တိ တိုးပွားစေ၏၊ ဝဖြိုးစေ၏၊ ခန္ဓာကိုယ် ချုပ်ခြင်း, အတိသာရဝမ်းသက်ရောဂါ, ဝမ်းပိုက်ရောဂါ စသည်ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အရေပြားရောဂါ။** ။ သွေးဒေါသကြောင့် ဖြစ်သော အရေပြားရောဂါ၌ နီ၍ အကွက်များ ထလာပြီးနောက် ပါးစပ် နှင့် မေးရိုးများ နာကျင်လျက် သွားမှ သွေးများ ထွက်လာသော အခါ ခရမ်းချဉ်သီးနီနီကို အရည်ညှစ်ပါ၊ ၎င်းအရည်ကို တနေ့လျှင် လေးကြိမ်မျှ သောက်သော် အရေပြားရောဂါမှ ပျောက်ကင်း၏။

**အားကုန်ခန်းသောရောဂါ။** ။ ခရမ်းချဉ်သီး နီနီ၏ အရည်ကို ညှစ်၍ နံနက် တကြိမ် ညနေတကြိမ် သောက်ပေးပါက အားအင်ကုန်ခန်းခြင်း ရောဂါမှ ကင်းဝေး၍ ဆာလောင်ခြင်း စသော အကျိုးတို့ကို ခံစား ရရှိနိုင်၏။

**မျက်စိမှုန်။** ။ မျက်စိအမြင် အားနည်းခြင်း, ကြက်မျက်သင့်ခြင်း စသော ရောဂါ၌ ခရမ်းချဉ်သီး အရည်ကို သောက်ပါက လျှင်စွာ ပျောက်ကင်း၏။

**လျှာနာ။** ။ လျှာပေါ်တွင် အဖြူရောင် ရှိသော အရိအရွဲများ ဖုံးအုပ်၍ ခံ… ပျက်နေသော် ခရမ်းချဉ်သီး အရည်တွင် သိန္ဓော အနည်းငယ် ထည့်၍ သောက်ပါက ၎င်းရော… လျှင်စွာ ပျောက်ကင်း၏။

---

# ခဝဲသီး ( အချို )

| | | | |
|---|---|---|---|
| သက္ကတ | कोशातकी | လက်တင် | Luffa Acutangula |
| ဟိန္ဒီ | तुरई | အင်္ဂလိပ် | Ribbed luffa |

**ပုံသဏ္ဌာန်။** ။ နွယ်ပင်မျိုး ဖြစ်၏၊ အရွက်မှာ ၅-ခုသော ထောင့်စွန်းများ ကွ… နေ၏၊ အပွင့် ဝါ၏၊ အသီးတွင် အမြောင့် ( ဇောင်း ) ရှည်များ အလျားလိုက် တည်ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ သတ္တိ အေး၏၊ ဝိပါကဌ် ချို၏၊ ဝမ်းပ… တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပြေပြစ်၏၊ အနည်းငယ် လေကို ဖြစ်စေ၏၊ နှုတ်ကို မြိန်စေ၏၊ ခွန်အားကို တိုးစေ၏၊ သုက်ကို ပွားစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သရက်ရွက်ရောင်။** ။ ၎င်းအစေ့ကို သွေး၍ မီးဖြင့် နွေးနွေး ပူအောင် လုပ်ပြီးနော… ရောဂါရှိရာ၌ အပြင်မှ လိမ်းပေးသော် သရက်ရွက်ရောင်ရောဂါသည် ပျောက်ကင်း၏။

**သွေးမြင်းသရိုက် နှင့် နူနာ။** ။ သွေးမြင်းသရိုက်ရောဂါ နှင့် အနူကွက်ထသော ရောဂါ… ၎င်းအစေ့ကို သွေး၍ ရေအေးနှင့် လူးပေးလျှင် ထိုရောဂါများမှ ပျောက်ကင်း၏။

**မျက်စိစွ ။** ။ အရွက်စိမ်း၏ သတ္တုရည်ကို ခပ်လိမ်းပေးခဲ့သော် မျက်စိတွင်ပေါ… နေသော အဖုကလေးများ ပျောက်ကင်း၍ မျက်စိစွ ရောဂါမှ ချမ်းသာရာ ရနိုင်၏။

**မှတ်ချက်။** ။ ကောသာတကီကို သဘွတ်ချို၊ တိတ္တကောသာတကီကို သဘွတ်ခါး… အချို့ သာဘာပြန်ကြ၏၊ စင်စစ် နိဃဏ္ဍုကျမ်းများ၌ ခဝဲချို၊ ခဝဲခါး သာ အမှန် ဖြ… ကြောင်း ပုံနှင့်၎င်း၊ အင်္ဂလိပ်ဘာသာ အခေါ်ဖြင့်၎င်း ပြဆိုထားသည်ကို တွေ့ရ၏။

သဘွတ်မှာ မဟာကောသာတကီ သာလျှင် ဖြစ်၏၊ ထို ၃-မျိုး ခွဲခြား မှတ်သ… ရန်ကား —

( ၁ ) ကောသာတကီ ( ခဝဲချို ) သည် ဖြူ၏၊ အသီးပေါ်၌ အမြောင့် ရှိ၏၊ အပ… ဝါ၏။

( ၂ ) တိတ္တကောသာတကီ ( ခဝဲခါး ) သည် တောဒ္ဓ သစ်ပင်များတွင် မှီတွယ်၍ နွယ်ပြီး ပေါက်၏၊ ခါး၏၊ အပွင့် ဝါ၏၊ အစေ့ မဲ၏၊ အမြောင်းများ ရှိ၏။

( ၃ ) မဟာကောသာတကီ ( သဘွတ် ) သီးကား အရောင် ညို၍ ရှည်ပြီး လုံး၏၊ အပွင့် ဝါ၏၊ အမြောင်းများ မရှိ။

ထိုမှတပါး ခဝဲတွင်လည်း အသီး တို၍ ပု၍ သီးသော ခဝဲပဒေသာမျိုး ရှိသေး၏၊ ၎င်းသည် ခဝဲသီးကြီးမျိုး ကဲ့သို့ပင် အကျိုးသွား ရှိ၏။

---

# ခဝဲသီး ( အခါး )

| | | | |
|---|---|---|---|
| သက္ကတ | तिक्त कोशातकी | လက်တင် | Luffa amara |
| ဟိန္ဒီ | कड़वी तोरई | အင်္ဂလိပ် | Bitta luffa |

**ပုံသဏ္ဍာန်။** ။ ခဝဲခါးသီးသည် ခဝဲချိုသီးနှင့် ပုံသဏ္ဍာန်တူ၏၊ သို့သော် အသီးမှာ ခဝဲချို ထက် တို၍ ၃-လက်မမှ ၆-လက်မ အထိ ရှည်၍ လုံးပတ်မှာ ၂-လက်မခွဲခန့် ရှိ၏၊ ခဝဲချို ကဲ့သို့ အမြောင်း ( ဇောင်း ) များ ရှိ၍ အပွင့်မှာလည်း ဝါ၏၊ ညနေစောင်းမှ ပွင့်တတ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ သတ္တိ အေး၏၊ ဝိပါကဒ္ဓ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေကို ဖြစ်စေ၏၊ သုက်ကို မပွားစေတတ်၊ ဆီး - ဝမ်းကို မြန်စေ၏၊ အန်စေ၏၊ အူတို့ကို အားရှိစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ခွေးဆိပ်။** ။ ၎င်းအပင်၏ အသားကို ရေနှင့် သွေး၍ သောက်ခဲ့သော် ခွေးကိုက် မြင်းကြောင့် ဖြစ်သော အဆိပ် ပြေပျောက်သွား၏၊

**ကိုယ်ရေဝါရောဂါ။** ။ ၎င်းအသီးခြောက်ကို အမှုန့် ထောင်း၍ ရှူသည်ရှိသော် ကိုယ်ရေဝါ ရောဂါမှ ပျောက်ကင်း၏။

**မျက်စိရောင်။** ။ ၎င်းအစေ့၏ အဆံကို နှမ်းဆီနှင့် သွေး၍ မျက်စဉ်းခပ်လျှင် မျက်စိရောင်ရမ်းသော ရောဂါမှ ကင်းစေ၏။

**မြင်းသရိုက်။** ။ ၎င်းအသီးခြောက်ကို အမှုန့် ထောင်း၍ နနွင်းနှင့်သော်ငင်း, မှုမဟုတ် အမှုန့်သက်သက်သော်ငင်း မြင်းသရိုက် လိပ်ခေါင်းကို သုတ်လိမ်း ပွတ်သတ်ထားပါက ရက်အနည်းငယ် အတွင်း လိပ်ခေါင်းသည် ကြွေကျ၍ ပျောက်ကင်းသွားလိမ့်မည်။

အသီး နှင့် အစေ့ကို ရှူပေးခဲ့သော် နှာခေါင်း၌ နာကျင်ကိုက်ခဲခြင်း ပျောက်ကင်း၏၊

ဝမ်းတင်း ဝမ်းရောင်, ဝါသင့်နာ, မြင်းသရိုက်, နူနာ, ဖေါရောင်ခြင်း, ခယရုဂ်ရောဂါ ကြောင့် ဖြစ်သော အဖုအကြိတ်, သားအိမ် နှင့် ယောနိအဖုအကြိတ်, ကြွက်ဆိပ်များ ပျောက် ကင်း၏၊ အပွင့်သည် ပါးစပ်နံ့ မကောင်းခြင်းကို ပယ်ဖျောက်နိုင်၏။

---

# ခအောင်း

**သက္ကတ** **काकोदुम्बरिका**
**ဟိန္ဒီ** **कठूमर (काठगुलर)**
**လက်တင်** Ficus hispida

**ပုံသဏ္ဍာန်။** ။ ၎င်းသည် သဖန်းမျိုးတွင် ပါဝင်၏၊ သို့သော် သဖန်းရွက်ထက် အနည်းငယ် ကြီး၏၊ အခေါက်သည် ပါး၍ ကြမ်းပြီး ပြာနှမ်းနှမ်း အရောင် ရှိ၏၊ သဖန်းကဲ့သို့ ပင် အပွင့် မရှိချေ၊ အသီးသီးသော အခါ အကိုင်းသေးများ၌သာ အသီးများ၏၊ သို့သော် ပင်လုံး၌လည်း အနည်းငယ် သီးတတ်၏၊ ၎င်းအရွက်ကို ထိလျှင် ယားယံတတ်၏၊ အကိုင်းအခက် နှင့် ရွက်ညှာရင်းကို ချိုးလျှင် နို့စေးများ ထွက်လာ၏၊ အသီးမှာ သဖန်းသီးနှင့် တူ၍ ဖန်၏၊ အမြစ်လည်း ဖန်၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါးသက်၏၊ ချဉ်၏၊ စပ်၏၊ ဖန်၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ အသီးသည် ချို၏၊ အေး၏၊ ဝိပါက၌ ချို၏၊ ပြေပြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မလတို့ကို ချုပ်စေတတ်၏၊ သွေးဖေါက်ပြန်ခြင်းကို ကင်း ဝေးစေတတ်၏၊ သလိပ်, သည်းခြေကို နိုင်၏၊ အရေပြားရောဂါ, ကိုယ်ရေဝါ, သွေးအန် သွေးကျ, သမင်ဖြူ, အနာပေါက်, ဝါသင့်နာ, ဖေါရောင်ခြင်း, မြင်းသရိုက်, အထက်သို့ တက်သော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ အသီးသည် ကြေကျက်ခဲ၏၊ ဓာတ်တို့ကို ပြောင်းလဲစေ၏၊ မလတို့ကို ချုပ်စေ၏၊ ဝဖြိုးစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သွေးအန် သွေးကျ နှင့် မြင်းသရိုက်။** ။ ၎င်း၏ အမြစ်ခြောက်ကို ထောင်း၍ အမှုန့် ကို အဝတ်ဖြင့် စစ်ယူပြီး ၎င်းအပင်၏ ပဥ္စငါးပါး သတ္တုရည်ဖြင့် ကြိတ်၍ နေလှမ်းပါ၊ ဤတွင် ၃-ကြိမ် တိုင်တိုင် ကြိတ်၍ ၃-ကြိမ်တိုင်တိုင် နေတွင် လှမ်းပါ၊ ထို့နောက် အမှုန့် ပြန်ထောင်း၍ ၎င်းဆေးအမှုန့် ၃-ပဲသားကို ပျားရည် ထောပတ်တို့နှင့် သင့်တော်အောင် ထည့်၍ ၁၅-ရက်မှ ၂၀-ရက် အထိ လျက်ပါက သွေးအန်သွေးကျရောဂါ နှင့် မြင်းသရိုက်ရောဂါများ ပျောက် ကင်း၏။

**သွေးအားနည်း နှင့် ကိုယ်ရေဝါ။** ။ ၎င်း၏ ပြုတ်ရည်တွင် ဆောင်းမေခါးမှုန့် ၃-၂

ယားမျှ ထည့်ရော၍ တနေ့လျှင် ၂-ကြိမ်ကျ သောက်သော် သွေးအားနည်းသော ရောဂါ နှင့် ကိုယ်ဝရောဂါ ရောဂါတို့ ပျောက်ကင်း၏။

**သွေးဖေါက်ပြန်။** ။ ၎င်း၏ ပြုတ်ရည်ကို တလစိုင်အောင်သောက်ခဲ့သော် ယားနာ, အဖုအပိမ့်များ, သွေးနာ နှင့် သွေးပုပ်ထခြင်း စသော သွေးဖေါက်ပြန်သည့် ရောဂါများ ပျောက်ကင်း၏။

**ပြည် နှင့် ဆီး တုလာသရော။** ။ ၎င်း၏ အခေါက်ကို ၄ပုံ ၁-ပုံကြွင်း ကျို၍ နံနက် ည ၆-ဂပဲသားခန့် သောက်လျှင် ပြည်တုလာသရော ရောဂါ, ဆီးယူနာ, အကြောင်းမဲ့ သုက်ယိုခြင်း နှင့် သည်းခြေ ဆီးလွန်နာတို့ကို ပျောက်ကင်းစေ၏။

**အနာပျက်။** ။ အသားနဲ့ မတက်နိုင်သော အနာပျက်, အနာဆွေးတို့၌ ၎င်း၏ အမြစ်မှုန့်ကို ဖြူးပေးခြင်း, ၎င်းမြစ်ပြုတ်ရည်ဖြင့် ဖဏ်ဆေးခြင်း ပြုလုပ်ခဲ့သော် အနာပျက် ရောဂါမှ ပျောက်ကင်း၏။

---

# ခုသန်ပင်

သက္ကတ भ्रमर छल्लिका

လက်တင် Hymenodictyon excelsum

**ပုံသဏ္ဌာန်။** ။ ပေ ၃၀-မှ ၅၀-ပေ အထိ မြင့်သော အပင်ကြီးမျိုး ဖြစ်၏၊ လုံးပတ် မှာ ၆-လက်မ ဂ-လက်မ အထိ ရှိ၏၊ အသီး လွန်စွာ ပါးလွှာ၏၊ အသား ဖြူ၏၊ အခေါက် မှာ အပြာရောင် ရှိ၏၊ အရွက်သည် ဗာဒံရွက်နှင့် တူ၏၊ ၆-လက်မ ၁၂-လက်မ အထိ ရှည်၏၊ ညှာတံ အောက်ဘက်မှ အရွက်သည် ဝိုင်း၍ အပေါ်ဘက်သည် အနည်းငယ် ရှည်၏၊ အပွင့်မှာ အဆုတ်လိုက် ပွင့်၍ အရောင်မှာ စိမ်းရောင်သန်းပြီး ဖြူ၏၊ မွှေး၏၊ အစေ့မှာ အလျား ၁-လက်မ၏ ၃-ပုံ ၁-ပုံခန့် ရှည်၍ အနံမှာ တလက်မ၏ ၁၀-ပုံ ၁-ပုံခန့် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဥ္စငါးပါးကို အသုံးပြုရ၏၊ ခါး, စပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ ဝမ်းမီးကို တောက်စေ၏၊ အခေါက်မှာ ခါး၏၊ ပူ၏၊ ထက်မြက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လည်ချောင်းကို အကျိုးပြု၏၊ ဒေါသ သုံးပါးကို နိုင်၏၊ နှုတ်မမြိန်, ဝမ်းမီးနဲ့သော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ ဆာလောင် မွတ်သိပ်စေ၏၊ ဆုံဆို့နာ စသော လည်ချောင်းနာကို ကင်းဝေးစေတတ်၏၊ ၎င်း၏ အတွင်းသား အခေါက်သည် ဟွန့်ရှုံ့စေတတ်၏၊ ၎င်းအခေါက်၏ ဂုဏ်စွမ်းရည်တို့သည် စင်ကော်နာအခေါက်နှင့် အကျိုး သွားခြင်း တူ၏၊ ထို့ကြောင့် စင်ကော်နာအခေါက် အစား ၎င်းကို သုံးကြ၏။

အဖျားပြတ်စေရာ၌လည်း စင်ကော်နာခေါက် ကဲ့သို့ ပင် စွမ်း၏၊ ဓာတ်များကို ခိုင်မာ စေရာ၌ စင်ကော်နာခေါက်ထက် ပင် ပို၍ ထက်မြက်၏။

### ရောဂါအလိုက် အသုံးပြုနည်း

**ပွေးနာ-ရေယုန်နာ။** ။ ရှေးဆရာကြီးများသည် ၎င်း၏ အမြစ်မှုန့်ကို ပွေးနာ၊ ရေယုန်နာတို့၌ လိမ်းကျံပေးကြ၏။

**ရက်ခြားဖျား နှင့် နေ့စဉ်ဖျား။** ။ ၎င်းအခေါက်ကို ကျို၍ တိုက်လျှင် ရက်ခြားဖျား နှင့် နေ့စဉ်ဖျား စသည်တို့ကို ပျောက်ကင်းစေ၏။

---

## ခေါင်ရမ်းပန်း (ဆည်းလည်း)

| | | | |
|---|---|---|---|
| သက္ကတ | जपा | လက်တင် | Hibiscus rosa sinensis |
| ဟိန္ဒီ | गुड़हल | အင်္ဂလိပ် | Shoe flower |

**ပုံသဏ္ဌာန်။** ။ ပင်လတ်မျိုး ဖြစ်၏၊ အရွက် မုယားကြီးရွက်နှင့် တူ၏၊ သို့သော် ကြီး၏၊ အပွင့် ကြီး၏၊ အလွန် နီမြန်း၏။ ပဥ္စင်္ဂါးပါးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ အေးသော သတ္တိ ရှိ၏ ကြေကျက်သွားသော အခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နူးညံ့၏၊ ကိုယ်ဝန်ကို တည်စေတတ်၏၊ တွန့်ရှုံ့စေ၏၊ ဆံပင်ကို အကျိုးပြု၏၊ ကိုယ်၏ ပူလောင်ခြင်း၊ ဆီးနှင့် ပတ်သက်သော အကြောရောဂါ၊ သက်အားနည်းသောရောဂါ၊ ပြည်တုလာသရော ရောဂါ၊ သားအိမ် နှင့် ယောနိလမ်းများ နာကျင်ကိုက်ခဲသော ရောဂါများကို ပျောက်ကင်းစေ၏။

### ရောဂါအလိုက် အသုံးပြုနည်း

**မီးရတ်သွေးလွန်။** ။ ၎င်းအပွင့်ကို ထောပတ်နှင့် ကြော်၍ စားသော် မီးရတ်သွေးလွန်သော ရောဂါကို ပျောက်ကင်းစေ၏၊ ၎င်းပြင် သွေးဖေါက်မြန်သော ရောဂါကိုလည်း ပျောက်ကင်းစေ၏။

**ညောင်းကျ။** ။ ၎င်းအရွက် ၂-ကျပ်ခွဲသားကို ချေပွတ်၍ ညတွင် ရေမှာစိမ်ပြီး၊ လျှင် နံနက် မိုးလင်းသော အခါ အဖတ်ချားကို ဖယ်ရှား စစ်ပါ၊ ထို့နောင် သကြားနှင့် ဖျော်သောက်ပါက ညောင်းကျရောဂါကို ပျောက်ကင်းစေ၏။

တနည်း— ၎င်းခေါင်ရမ်းပွင့်ကို ၁၀-ရက်တိုင်အောင် စားရမည်၊ ထိုသို့ စားသောအခါ ပဌမနေ့တွင် ၁-ပွင့်၊ ဒုတိယ နေ့တွင် ၂-ပွင့် ဤသို့ စသည်ဖြင့် ၅-ရက်တိုင့်အောင် စားပါ၊ ၅-ရက် မြောက်ပြီးနောက် ၁-ပွင့်စီ လျော့၍ ၅-ရက်တိုင်အောင် ထပ်စားပါက ညောင်းကျ ရောဂါကို ပျောက်ကင်းစေ၏။

နည်း— ၎င်းအဖြူမျိုး၏ အပွင့်ကို ဖြစ်စေ, အမြစ်သတ္တုရည်ကို ဖြစ်စေ, နို့, သကြား, နှင့် ရော၍ သောက်ပါက သြောင်းကျရောဂါကို ပျောက်ကင်းစေ၏။

---

## ခေါင်းခွ (ဂေါင်းဂွ)

ဂူဂျာရတီ [illegible]
လက်တင် Capparis grandis

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုးဖြစ်၏၊ ဆယ်ပေခန့်လောက် မြင့်၏၊ သေးသွယ်သော အကိုင်းများ ရှိ၏၊ တရံတခါ အကိုင်းတို့သည် နွယ်ကဲ့သို့ ပျံ့နှံ့သွား၏၊ အရွက်ရိုး၏ အနီးတွင် ဆူး ၂ချောင်း ရှိ၏၊ အရွက်သည် လုံး၍ အဖျား ချွန်၏၊ အသီး လုံး၏၊ မိုးရာသီ၌ မှည့်၏။

### ရောဂါအလိုက် အသုံးပြုနည်း

**ကာလဝမ်းရောဂါ။** ။ အမြစ် နှင့် အခေါက်ကို မီးရှို့၍ ပြာတွင် နို့, ပျားရည် နှင့် သောက်ခဲ့သော် ကာလဝမ်းရောဂါ, အစာမကြေရောဂါ ပျောက်ကင်း၏။

**အရေပြားရောဂါ။** ။ အရွက်ကို ပြုတ်၍ သောက်ခဲ့သော် အရေပြားရောဂါ, သွေးပေါက်ပြန်ခြင်း ပျောက်ကင်း၏။

**မှတ်ချက်။** ။ အရွက်သတ္တုရည်ကို ကိုယ်၌ လူးသော် အဖု, အပိမ့်များ ပေါက်တတ်၏၊ သို့သော် အရေပြားရောဂါ, သွေးပေါက်ပြန်ခြင်းကို ပျောက်ကင်းစေ၏။

---

## ခေါင်းအုန်းဇာ (ဂေါင်းအုန်းဇာ)

ဟိန္ဒီ [illegible]

လက်တင် Flemingia strobilifera

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်ယောင် ပင်ယောင် ဖြစ်၏၊ အပင်မှာ ဖြောင့်ဖြူး၏။

### ရောဂါအလိုက် အသုံးပြုနည်း

**ဝက်ရူးရောဂါ။** ။ အမြစ်ကို ဝက်ရူးရောဂါ၌ အသုံးပြုရ၏၊ အရူးရောဂါ၌လည်း အသုံးပြုရ၏။

**နဂါးကျင်ကိုက်ခဲသောရောဂါ။** ။ အလွန် နဂါးကျင် ကိုက်ခဲခြင်း ဖြစ်က အမြစ်ကို ကျို၍သောက်ရ၏။

**အိပ်မပျော်သောရောဂါ။** ။ အိပ်မပျော်သူ အတွက် အမြစ်ကို အနည်းငယ်မျှ ဝ[illegible] သောက်က အိပ်ပျော်စေပါသည်။

---

# ခန်းတောက်(ဖို)ပင်

| | | | |
|---|---|---|---|
| သက္ကတ | मिश्मी तिक्त | လက်တင် | Coptis teeta |
| ဟိန္ဒီ | ममीरा | အင်္ဂလိပ် | Gold Thread |

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ၁-လက်မ ကျော်ကျော်ခန့် ရှိ၏၊ အမြစ်တွင် [illegible] နှင့် သားတက်ဥများ ရှိ၏၊ အရွက်မှာ ညှာတံ တခုတွင် ၂-ရွက် ထွက်၏၊ အပွင့် ဖြူ၏၊ [illegible] အလည်တွင် အဝါရောင် ဝတ္ထုသြဘင့်ကလေးများ ရှိ၏၊ ၎င်း၏ ဥမှာ မုန်လာဥသဏ္ဌာန် [illegible] မုန်လာဥထက် အနည်းငယ် ကြီးပြီး ဥ-အရှည်မှာ ၂-မိုက်မျှ ရှည်၏၊ ၎င်းမြစ်ဥ အရောင်[illegible] အဝါရောင်, အနီရောင်များ ဖြစ်၏၊ အချိန်ကြာသော အခါ ၎င်းအရောင်သည် မဲ၏။

**အရသာ နှင့် အကျိုးသွား။** ။ မြစ်ဥသည် ခါး၏၊ ဝမ်းတွင်းသို့ ရောက်သော [illegible] ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝမ်းကို သက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ အစာ[illegible] ကြေစေ၏၊ နေ့စဉ်ရက်ဆက် အဖျားဝ်၌ ဆောင်းမေခါး နှင့် ဆေးရွှေတို့ကဲ့သို့ နိုင်နင်း၏၊ ငှက်ဖျား[illegible] ရောဂါ၌ အထူး အသုံးဝင်၍ အလွန် အပူပြင်းသော အဖျားဝ်၌ ကျွေးလျှင် အပူကို လျှော့[illegible] လျော့နည်းစေ၏၊ ပြင်းထန်စွာ အဖျား ရောဂါ ရပြီးသည့်နောက် အားအင်ကုန်ခန်း၍ အစ[illegible] သစ်အိမ် အားနည်းခြင်း၌၎င်း, အစာမကြေရာ၌၎င်း ထိုအမြစ်ကို တိုက်ကျွေးခဲ့သော် အလွန် ကောင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**နှာစေး။** ။ ဒုတ္တာ ၁-ပဲသား, ခန်းတောက်မြစ် ၁-ပဲသားကို နွားထောပတ်နှင့် သမအောင် ကြိတ်နယ်၍ နှာခေါင်းမှ ရှူပေးခဲ့သော် နှားစေးရောဂါ ပျောက်ကင်း၏။

**ပန်းနာ, ချောင်းဆိုး။** ။ ပန်းနာ, ရင်ကျပ်ရောဂါ နှင့် ချောင်းဆိုး ရောဂါ၌ ခန်းတောက်မြစ်, ရွှေတံတိုင်းမြစ်ခေါက် နှင့် ဘောက်ခွေးမြစ်ခေါက်တို့ကို ၁-ပဲသားစီ အညီအမျှ ယူ၍ အမှုန့်ပြုပြီး အခိုးအဖြစ်ဖြင့် ရှူပေးသော် ၎င်းရောဂါတို့ လျှင်စွာ ပျောက်ကင်း၏။

**အဆုပ်ရောင်။** ။ ခန်းတောက်မြစ် တရွေးသား, လေညှင်း တပွင့်, ငြုတ်ကောင်း တစေ့ တို့ကို မိခင်နို့နှင့် သွေး၍ တိုက်ခဲ့သော် ကလေးများ၏ အဆုပ်အအေးမိ၍ ရောင်သော အဆုပ်ရောင်ရောဂါ ပျောက်ကင်း၏။

**အစာအိမ်။** ။ ခန်းတောက်မြစ် ၁-ပဲသား, စမုံဖြူ ၁-ကျပ်သား, စမုံစပါး

၁-ကျပ်သား, အိပ်မွေ့သီး ၁-ကျပ်သား, ဆားပုပ် ၁-ကျပ်သား တို့ကို ရှောက်ရည်နှင့် ညက်စွာ ကြိတ်ပြီး အလုံးကလေးများ လုံး၍ ၎င်းအလုံးကလေးများကို ည,နံနက် ၂-ပဲသားစီကို နေ့စဉ် သောက်လျှင် ဝမ်းမီးတောက်ခြင်း, အစာကြေခြင်း, အစာစားလိုခြင်းများ ဖြစ်ပေါ်လာ၍ အစာ အိမ် အားနည်းသော ရောဂါမှ ပျောက်ကင်းနိုင်၏။

**သလိပ်, ချောင်းဆိုး, ပန်းနာ, ရင်ကျပ်။** ။ ခန်းတောက်မြစ် ၃-မတ်သား, ငြုတ် ကောင်း ၃-မတ်သား တို့ကို ညက်ညက်ကြေအောင် ကြိတ်၍ ဆင်ခေါင်းပဲစေ့မျှ လုံးထားပါ၊ ၎င်းဆေးလုံးကလေးများကို ည နံနက် တလုံးစီ နေ့စဉ် သောက်ခဲ့သော် သလိပ်ရောဂါ, ချောင်း ဆိုး နှင့် ပန်းနာ ရင်ကျပ် ရောဂါတို့ ပျောက်ကင်း၏။

**ပြည်တုလာသရော, ရေဖျဉ်း, အစာသစ်အိမ် အားနည်းသောရောဂါ။** ။ ခန်းတောက် မြစ် ၃-မတ်သား,' ငြုတ်ကောင်း ၆-ပဲသား တို့ကို အမှုန့် ပြု၍ ဘောက်ခွေးရှက် သတ္တုရည်ဖြင့် နာနာကြိတ်ပြီး ငြုတ်ကောင်းစေ့ခန့် လုံးထားပါ၊ အထက်ပါ ရောဂါများ နှင့် သလိပ်ကြောင့် ဖြစ်သော ဝမ်းပျက်ရောဂါများ အတွက် ည နံနက် ၂-လုံးစီ သောက်သော် မုချ ပျောက်ကင်း၏။

**လိင်ဥရောင်။** ။ ကန့်ချုပ်နီမြစ်ခေါက် ၆-ပဲသား, ရွှေတံတိုင်းမြစ်ခေါက် ၆-ပဲသား တို့ကို အမှုန့် ပြု၍ ရောပြီးလျှင် ပန်းတမာခေါက်၏ သတ္တုရည်ဖြင့် သို့မဟုတ် ပြုတ်ရည်ဖြင့် ဖျော်၍ လိင်ဥ-ရောင် ရာဌ လိမ်းသည် ရှိသော် ၂-ရက် ၃-ရက် အတွင်း လိင်ဥရောင်ရောဂါသည် ပျောက်ကင်း၏။

**မြွေဆိပ်ဖြေ။** ။ ခန်းတောက်မြစ် အနည်းငယ်ကို ရှားစောင်းကြီးအစေး သို့မဟုတ် မရိုးစေးဖြင့် ကြိတ်၍ မြွေကိုက်သော နေရာကို သုတ်လိမ်းပေးပါ၊ ၎င်းနောက် ခန်းတောက်မြစ် အနည်းငယ်မျှ "မအေးခြင်ထောင်မြစ်ဥ" အနည်းငယ်မျှတို့ကို ငြုတ်ကောင်းနှင့် ကြိတ်၍ တိုက် ပါက မြွေဆိပ်သည် ပြေပျောက်၏။

---

# ခန်းတောက် ( မ ) ပင် ( ကွဲဘက္ခ )

သက္ကတ पीतक
ဟိန္ဒီ ममीरी
လက်တင် Thalictrum foliolosun

**ပုံသဏ္ဌာန်။** ။ ဥမရှိသော အပင်ငယ်မျိုး ဖြစ်၏၊ အရွက်သည် သန္တာရွက်နှင့် တူ၏၊ အပွင့်သည် ဖြူ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ထက်မြက်၏။

ဂုဏ် နှင့် စွမ်းရည်။ ။ အားကို ဖြစ်စေ၏၊ အနည်းငယ် ဝမ်းကို သက်စေ၏၊ ဥဏှောက်ကို ကြည်လင်စေ၏၊ မျက်စိကို အမြင်သန်စေ၏၊ သွားတို့ကို ကောင်းစေ၏၊ ဝမ်းသက်ရောဂါ, မြင်းသရိုက်ရောဂါ, အရေပြားရောဂါတို့ကို ပျောက်ကင်းစေ၏။

---

# ခုံညင်း (နုံချင်း)

**ဟိန္ဒီ** गारबीज

**လက်တင်** Entada Scandens

**အင်္ဂလိပ်** Niker bean

ပုံသဏ္ဍာန်။ ။ ၎င်းသည် အခြား အပင်တို့၌ နွယ်တက်တတ်သော နွယ်ကြီးမျိုးဖြစ်၏၊ အရွက်သည် ရှည်ရှည်ဝိုင်းဝိုင်း ဖြစ်၍ ခွေးသွားစိတ် ရှိ၏၊ အစေ့သည် နီကြန့်ကြန့် အရောင်ရှိ၍ ၂-လက်မခန့် ရှည်ပြီး ဝိုင်း၍ ပြား၏။

ဂုဏ် နှင့် စွမ်းရည်။ ။ ၎င်းအစေ့ဆံသည် ခါးနာ, ဘင်နာ, ကျပ်နာ, အဆစ်အမြစ်ရောင်နာ တို့ကို ပျောက်ကင်းစေ၏၊ အဖျားဖြတ်ဆေး တို့၌လည်း သုံး၏၊ ၎င်းအခွံကို အရေပြားရောဂါ၌ အသုံးပြုရ၏။

## ရောဂါအလိုက် အသုံးပြုနည်း

မီးရတ်။ ။ ၎င်းအစေ့ဆံကို ထန်းလျက်နှင့် ယိုထိုး၍ စားသော် မီးရတ်ရောဂါအတွက် အလွန် ကောင်း၏၊ ထိုအစေ့ဆံကို ပင် အခြားဆေးဘက်တို့နှင့် ရော၍ စားလျှင် သွေးပုပ်သွေးကျန်များ စင်ကြယ်၍ ကိုက်ခဲခြင်း, မီးရတ်ချမ်းထခြင်းတို့ကို ပျောက်ကင်းစေ၏။

သွေးစုနာ, ဘင်နာ, ကျပ်နာ။ ။ အစေ့ဆံကို ရှိန်းခိုနှင့် သွေး၍ လိမ်းသော် ဖေါ်ပြပါ ရောဂါများ အတွက် နုလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်သွား၏။

---

# ခုံညင်းယား (ဂုံညင်းယား)

**ဟိန္ဒီ** अरुणि

**လက်တင်** Breynia rhamnoides

ပုံသဏ္ဍာန်။ ။ ၎င်းသည် ရခိုင်ပြည် ပင်လယ် အနီးအပါးတွင် ပေါက်သော အပင်ငယ် တမျိုး ဖြစ်သည်။

ဂုဏ် နှင့် စွမ်းရည်။ ။ အခေါက်သည် တွန့်ရှုံ့စေ၏။



ခုံညင်း(ခုံချင်း)
ENTADA SCANDENS
गारबोज

### ရောဂါအလိုက် အသုံးပြုနည်း

**လည်ပင်းအာစေးကက်ရောင်။** ။ ၎င်းအရွက်ခြောက်ကို ဆေးလိပ် လိပ်သောက်ခဲ့သော် လည်ပင်းနာခြင်း, အာစေးကက် ရောင်ရမ်းခြင်းကို ပျောက်ကင်းစေ၏၊ ပိုးရောဂါများကိုလည်း နိုင်နင်း၏။

---

## ခတ်ချိုပင် (အကြီး)

**ဟိန္ဒီ** **चोबचीनी बड़ी**

**လက်တင်** Smilax glabra

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ခတ်ချိုငယ် ကဲ့သို့ နွယ်မျိုး ဖြစ်၏၊ အရွက်သည် ကြီး၍ နွယ်ရိုးနွယ်တံ တုတ်၏၊ ဥ-ကြီး၏၊ အပွင့်မှာ သေး၍ ဖြူ၏။

### ရောဂါအလိုက်အသုံးပြုနည်း

**သွေးပေါက်ပြန်။** ။ သွေးပေါက်ပြန်၍ အဖုအပိမ့်ကလေးများ ထခြင်း၌၎င်း, ကာလသားရောဂါ၌၎င်း ခတ်ချိုကြီးဥကို ပြုတ်၍ သောက်သော် သွေးပေါက်ပြန်ခြင်း နှင့် ကာလသားရောဂါတို့ကို ပျောက်ကင်းစေ၏၊ ၎င်းကိုလည်း သဘော်စိန္နဘော် ကဲ့သို့ အသုံးပြုနိုင်၏။

---

## ခတ်ချိုပင် (အငယ်)

**ဟိန္ဒီ** **चोबचीनी हिन्दी**

**လက်တင်** Smilax macrophylla

**ပုံသဏ္ဌာန်။** ။ ၎င်းသည် သဘော်စိန္နဘော်မျိုးတွင် ပါဝင်သည်၊ မြန်မာပြည် နေရာအနှံ့ အပြား၌ ပေါက်ရောက်လေ့ ရှိ၏၊ အပင်သည် နွယ်မျိုး ဖြစ်၍ ဆူးများရှိ၏၊ အရွက် သည် ပါး၍ သန်လျက်ပုံသဏ္ဌာန် ရှိ၏၊ ဥ-မှာ သဘော်စိန္နဘော်ဥနှင့် တူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အဆစ်အမြစ် ကိုက်ခဲ၍ ဖျားခြင်း, အဆစ်အမြစ်ရောင်၍ ဖျားခြင်းတို့၌ ၎င်းဥ၏ သတ္တုရည်ကို သင့်တော်ရုံမျှ သောက်ရ၏၊ ချွေးကို ထွက်စေ၏၊ ဆီးပင် တို့ကို ကောင်းစေ၏၊ အဆစ်ရောင် ရောဂါတို့၌လည်း သဘော်စိန္နဘော်ဥ နှင့် အလားတူစွာ အသုံးပြုနိုင်၏၊ ပေါင်တို့ ကိုက်ခဲရာ၌ ၎င်းဥကို ကြိတ်၍ အုံပေးရ၏။

---

# ခံပင် (အဖို)

သက္ကတ करमर्द

ဟိန္ဒီ करोंदा

လက်တင် Carissa carandas

**ပုံသဏ္ဍာန်။** ။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၍ အမြဲ စိမ်းလန်း နေ၏၊ အရွက် ဝိုင်း၍ တောက်ပြောင်၏။

တလက်မခန့် ရှိ၏၊ အကိုင်းအခက်များတွင် ထက်၍ ခိုင်မာသော ဆူး ရှိ၏၊ အသီးမှာ အဆုပ်လိုက် အပြွတ်လိုက် သီး၍ ဆီးသီးနှံခန့် ရှိ၏၊ အပွင့် သေး၍ မွှေး၏၊ အရောင်မှာ နီရောင် သန်း၍ ဖြူ၏၊ တောစပယ်ပွင့် သဏ္ဍာန် ရှိ၏၊ လူသိများသော အပင် ဖြစ်၍ ဤမျှသာ ရေးသား လိုက်ပေသည်။

**အရသာ နှင့် အကျိုးသွား။** ။ များသောအားဖြင့် အမြစ်ကို သုံး၏၊ ခံသီးနုံသည် ခါး၏၊ ဝမ်းမီးကို တောက်စေ၏၊ ခံသီးအချဉ်သည် ပူ၏၊ ခံသီးအမှည့်သည် ချို၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် လေးလံ၏၊ သည်းခြေကို ပွားများစေ၏၊ ချုပ်၏၊ ခံသီးအချဉ်သည် နှုတ်ကို မြိန်စေ၏၊ သွေးအန် သွေးကျကို ဖြစ်စေ၏၊ သလိပ်ကို ပွားစေ၏၊ ရေငတ် ပြေစေ၏။

အမှည့်သည် နှုတ်မြိန်စေ၏၊ ကြေကျက်လွယ်၏၊ သည်းခြေဒေါသ နှင့် သွေးအန် သွေးကျ ရောဂါ၊ တြိဒေါသနာ၊ အဆိပ်သင့်နာ နှင့် လေရောဂါများကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆိပ်သင့်။** ။ ခံဖိုမြစ်ကို ရေနှင့် သွေး၍ သောက်ခဲ့သော် အဆိပ်သင့်သော အနာ များ ပျောက်ကင်း၏။

**ယားနာ။** ။ ၎င်းအမြစ်ကို ရေ သို့မဟုတ် နှမ်းဆီနှင့် သွေး၍ လိမ်းသော် ယားနာ များ ပျောက်ကင်း၏။

**အနာပိုးကျ။** ။ အနာတို့၌ ပိုးများ ကျလာသော် နံ့သာကဲ့သို့ ညက်စွာ သွေး၍ အနာများပေါ်တွင် မကြာမကြာ လိမ်းပေးခဲ့သော် ပိုးများ သေ၍ ပိုးကျနာလည်း ပျောက် ကင်း၏။

**ကာလသားရောဂါ။** ။ ကာလသားရောဂါနှင့် စပ်လျဉ်း၍ အနာများ ပေါက်လျှင် ခံမြစ်ကို သွေး၍ သောက်က ပျောက်ကင်း၏။

**ဝိသမဖျား။** ။ ခံမြစ်ကို ရေနှင့် သွေး၍ လိမ်းသော် ဝိသမဖျား ရောဂါများ [illegible]ကင်း၏။

**ဝမ်းပိုက်ရောင်။** ။ ဝမ်းပိုက်တင်းရောင်ခြင်း, ဝမ်းဖေါ ဝမ်းရောင်ခြင်းတို့ ဖြစ်သော [illegible]မြစ်ကို နွားကျင်ငယ်နှင့် သွေး၍ သောက်သော် ဝမ်းပိုက်ရောင် ရောဂါများ ပျောက် [illegible]၏။

---

# ခံပင် ( အမ )

သက္ကတ करमर्द्दा

ဟိန္ဒီ करोंदा

လက်တင် Carissa spinarium

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ခြောက်သွေ့သော အရပ်များ နှင့် တောင်ကုန်းဒေသတို့၌ [illegible]၏၊ မြန်မာပြည်တွင် စစ်ကိုင်း, မုံရွာ စသော အထက်အရပ်တို့၌ များစွာ ပေါက်ရောက်၏၊ [illegible]အသီးမှာ သေး၍ ဆူးများ၏၊ အထက်အရပ်တွင် ၎င်းကို တောခံ ဟူ၍၎င်း, ခံဇတ် ဟူ၍၎င်း [illegible]ကြ၏၊ အပင် ကြီးရင့်လာသော အခါ အတွင်းသား အနှစ်များသည် နက်ရောင်သန်း လာ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအတွင်းသား အနှစ်သည် ကိုက်ခဲ နာကျင်ခြင်း၌ အသုံးဝင်၏၊ [illegible]ဆေး၌လည်း အသုံးဝင်၏၊ သို့သော် များစွာ သောက်ပါက အလွန် ဝမ်းသက်ပြီး [illegible]ရာယ် ပေးတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကိုက်ခဲ နာကျင်သောအဖျား။** ။ အဆစ်အမြစ်များ ကိုက်၍ နာကျင်သော အဖျား [illegible] ၎င်းအမြစ်ကို အခြားသော ဆေးဘက်တို့နှင့် ရော၍ သောက်က ပျောက်ကင်း၏။

**အနာပိုးကျ။** ။ တိရစ္ဆာန်များ၌ ပေါက်သော အနာများတွင် ပိုးကျခဲ့သော် [illegible]အမြစ်ကို သွေး၍ လိမ်းကျံပါက ပိုးသေ၍ အသားနုံ လျှင်စွာ တက်၏။

**မြွေအန္တရာယ်။** ။ မြွေများ ထူထပ် ပေါရာ၌ ၎င်းအပင်ကို စိုက်ထားပါက မြွေလာ၍ [illegible]ာက်ယှက်ခြင်း အန္တရာယ်မှ ကင်းဝေးစေ၏၊ မြွေတွင်းထဲသို့ အမြစ်ကို ချခဲ့သော် မြွေများ [illegible]အောင်းနိုင်ဘဲ ထွက်ပြေး၏။

**မြွေဆိပ်။** ။ မြွေဆိပ်တက်သောသူအား နှလုံး၏ အနီးတဝိုက် နေရာကို ချန်လှပ်၍ [illegible]ျန်သော အင်္ဂါ အစိတ်အပိုင်းတို့၌ အမြစ်ကို ရေနှင့် သွေး၍ လိမ်းပေးပါက မြွေဆိပ်သည် [illegible]ပြေပျောက်၍ ချမ်းသာပျောက်ကင်း၏။

---

# ခံတက် ( ကဒက် )

| | | | |
|---|---|---|---|
| သက္ကတ | वरुण | လက်တင် | Cratacva religiosa |
| ဟိန္ဒီ | बरना | အင်္ဂလိပ် | Three-leaved caper |

**အရသာ နှင့် အကျိုးသွား။** ။ ခါးသက်သက်ရှိ၏၊ သတ္တိပူ၏၊ ဝိပါကျ ဝမ်းမီးကို တောက်စေ၏၊ အနည်းငယ် ဝမ်းသက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပြေပြစ်၏၊ သည်းခြေကို ပြုတတ်၏၊ လေ, သလိပ်ကို ငြိမ်း ဆီးအောင့်ရောဂါ, ကျောက်တည်ရောဂါ, ဂူလုံး, ပါဒရက်, ပိုးရောဂါ, သွေးဖေါက် စသည် တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကျပ်တီးနာ။** ။ ခံတက် အမြစ်ခေါက် ပြုတ်ရည် နှင့် ပျားရည်ကို ရော၍ ဖျ ၎င်းပြင် အခေါက်ကိုလည်း အနာရှိရာ၌ လိမ်းပါ၊ ကျပ်ဘီးနာ ပျောက်၏။

**သက်တန့်လျှောက်နာ။** ။ သက်တန့်လျှောက်နာ နှင့် အနာပေါက်နာတို့၌ ၎င်းအမြ ကို ပရန္နဝါမြစ်နှင့် သွေး၍ တိုက်ပါက ဖေါ်ပြပြီး ရောဂါများ လျှင်စွာ ပျောက်ကင်း၏။

**အပြင်းဖျား။** ။ အပြင်းဖျား၍ မူးဝေခဲ့သော် ၎င်းအမြစ်ကို ကြိတ်၍ ခေ အုံပေးလျှင် အုံသော နေရာ၌ ပူ၍ အခိုးများ ထွက်လာပါလိမ့်မည်၊ များမကြာမီ ခွာ၍ ရေ ဆေးကြောပါ၊ ထိုနောက် ဆီလိမ်းပေးပါက အပြင်းဖျား ရောဂါသည် လျှင်စွာ ပျ ကင်း၏။


**အကိုက်အခဲ။** ။ ၎င်းအရွက်များကို ကြိတ်၍ ရေနှင့် ဖျော်ပြီး မီးဖြင့် နွေ ဖြစ်အောင် လုပ်ပါ၊ ထိုအရည်ကို ကိုက်ခဲ နာကျင်ရာ၌ လိမ်းသော် အကိုက်အခဲများ ပျ ကင်း၏။

**အဆစ်ရောင်။** ။ ၎င်းအရွက်သတ္တုရည် ၃ မတ်သား, ကွမ်းသီးအရွက် သတ္တု ၃-မတ်သား - ၎င်းတို့ကို ထောပတ်နှင့် ရော၍ သောက်ခဲ့တော် အဆစ်ရောင်သော ရော ပျောက်ကင်း၏။

**ဆီးချို, ကျောက်တည်ရောဂါ။** ။ ၎င်းအမြစ်၏ အခေါက်ကို ၄-ပုံ ၁-ပုံကြွင်း ပြု သောက်ခဲ့သော် ဆီးချို, ကျောက်တည်ရောဂါ ပျောက်ကင်း၏၊ ထို့ပြင် ၎င်းမြစ်ခေါက်ရ ၄-ပုံ ၁-ပုံကြွင်း ကျို၍ ဂျုံပြာဆားနှင့် သောက်ခဲ့သော် သလိပ်ကြောင့် ဖြစ်သော ကျောက် ရောဂါမှ ပျောက်ကင်း၏။

a
per
ပါက
ကို ငြိမ်
ဖါက်
ချ၍
ဋင်း
ာင်း
က်၍
၍ ဝေဖ
င်စွာ
ဖြင့်
များ
က် သ
သော
ပိုကြွင်း
ခေါက်
ကျောက်

ချီကိုရီ(ကာဆနီ)
CICHORIUM INTYBUS
कासनी



[illegible]မိမရောင်။ ။ ၎င်းအမြစ်ခေါက်ကို ၄-ပို ၁-ပုံကြွင်း ပြုတ်၍ ထိုပြုတ်ရည်တွင် [illegible] ရောသောက်ခဲ့သော် ဆီးအိမ်ရောင်ရောဂါ နှင့် ကျောက်တည်ရောဂါ ပျောက်ကင်း၏။

---

# ချီကိုရီ (ကာဆနီ)

ဟိန္ဒီ कासनी

လက်တင် Cichorium intybus

အင်္ဂလိပ် Chicory

[illegible] နှင့် စွမ်းရည်။ ။ ဂေါ်ရခါး သီးသည် စိုက်ပျိုးသော အချိုမျိုး နှင့် ခါးသော [illegible]မျိုး ဟူ၍ ၂-မျိုး ရှိ၏၊ အချိုမျိုး အပင်သည် အေး၏၊ အားကို အလွန် ဖြစ်စေ၏၊ အစာကို [illegible]၏၊ ရေငတ်ရောဂါ, ခေါင်းကိုက်ရောဂါ, မွေးစကလေးများ မျက်စိနာ, လည်ချောင်း၌ [illegible]များ ပေါက်ခြင်း, အဆုတ်ကြီးခြင်း, ဆီးရောဂါ, အဖျား, အန်ခြင်း, ဝမ်းသက်ရောဂါ [illegible] ပျောက်ကင်း စေ၏၊ အမြစ်သည် အပင် ထက် ထက်မြက်၏၊ ကောင်းစွာ အစာကို ကြေစေ၏၊ [illegible]ရောဂါကို ပျောက်ကင်းစေ၏၊ သွေးကို စင်ကြယ်စေ၏၊ အဆစ်အမြစ်တို့၌ နာကျင်ကိုက်ခဲခြင်း [illegible] ပျောက်ကင်းစေ၏၊ အရွက်ရည်ကို အဆစ်အမြစ်တို့၌ နာကျင်ကိုက်ခဲခြင်းကို လိမ်းပေးရ၏။

[illegible]စေ့သည် ဥဏှောက်ကို အားရှိစေ၏၊ နှုတ်ကို မြိန်စေ၏၊ ခေါင်းကိုက်ခြင်း, သည်းခြေ [illegible], အဆုတ်၌ ဖြစ်သောရောဂါ, ပန်းနာ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

[illegible]ခါးမျိုး၌ အပင်သည် အားကို ဖြစ်စေ၏၊ အူတို့ကို တွန့်ရှုံ့စေတတ်၏၊ ပန်းနာရောဂါ, [illegible]မြေပျက်နာ, အနားမီးလျှံနာ, သည်းခြေကြောင့် ဖြစ်သော ရောဂါတို့ကို ပျောက်ကင်း [illegible]တတ်၏။

---

# ချေးသီး

သက္ကတ भल्लातक

ဟိန္ဒီ भिलावा

လက်တင် Semecarpus anacardium

အင်္ဂလိပ် Marking nut tree

ပုံသဏ္ဍာန်။ ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၍ အပင်မှာ ၃၀-ပေခန့် မြင့်ပြီး [illegible]ပတ်မှာ ၄-ပေခန့် ရှိ၏၊ အရွက်မှာ ၉-လက်မမှ ၁၈-လက်မ ထိ ရှည်၏၊ အရွက်ထိပ်ဖျားသည် [illegible]၏၊ အခေါက်မှာ တလက်မခန့် ထူ၍ အရောင်မှာ နက်ပြာရောင် ရှိ၏၊ အသီးညှာတံမှာ [illegible]တ်၍ အသီးမှာ သီဟိုဠ် သရက်သီးများ ကဲ့သို့ သီး၏၊ မှည့်သော အခါ အသီးမှာ အဝါရောင် [illegible]နး၏၊ အစေ့မှာမူ နက်ရောင် ဖြစ်လာ၏၊ မှည့်သော အခါ အသီးမှ အရည်သည် အစေ့ထဲသို့ [illegible]သွားပြီး အပေါ်မှာ ရှိသော အသီးသည် ဦးထုပ်ကဲ့သို့ အစေ့ကို ပြန်အုပ်ဖုံး၍ ခြောက်သွားပြီး

အစေ့တွင် ကပ်နေ၏၊ ၎င်းကိုပင် ချေးသီး ဟု ခေါ်ဝေါ် သုံးစွဲကြ၏၊ ပဉ္စင်္ဂါးပါးလုံးကို အ-ပြုရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို - ဖန်၏၊ ပူ၏၊ ဝိပါက်၌ ချို၏၊ အသီးစိမ်းသည် ဖန် - ချို၏၊ အသီးမှည့်သည် ဝမ်းမီးကို တောက်စေ၏၊ အပင်သည်လည်း ဖန် - ချို၏၊ သို့ေ ပူ၏၊ အသီးခွံသည် ဖန် - ချို၏၊ ပူ၏၊ ဝိပါက်၌ စပ်၏၊ အသီးဆံသည် ချို၏၊ ဝမ်းမီး တောက်စေ၏၊ အသီးညှာသည် ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးသည် ကြေကျက်လွယ်၏၊ ကြေစေ၏၊ ပြေပြစ်ထက်၏၊ မလတို့ကို ဖြိုခွဲတတ်၏၊ ပညာကို ဖြစ်စေ၏၊ ဖေါက်ခွဲတတ်သော ဂုဏ် ရှိ၏၊ သ လေဒေါသကို နိုင်၏၊ ၎င်းပြင် အနာပေါက်, ဝမ်းပိုက်, နူနာ, မြင်းသရိုက်, ဝမ်းအောင့်, ဂ ဖေါရောင်, ဝမ်းရောင်, အဖျား, ပိုးရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏၊ အသီးစိမ်းသည် ပြေပြစ်၏၊ သွားကို ခိုင်စေ၏၊ ပိုး နှင့် မြင်းသရိုက်ရောဂါကို ပျောက်ကင်းစေ၏၊ အပင်သည် သုက်ကို ဖြစ်စေ၏၊ ကြေလွယ်၏၊ လေ,သလိပ်ကို နိုင်၏၊ အသီးမှည့်သည် တိတ္ထ မည်သော တုလာသရောဂါကို ပျောက်ကင်းစေ၏၊ အသီးခွံသည် အသီးမှည့်နှင့် တူ၏၊ အသီးဆံသည် သုက်ကို ပွားစေ၏၊ ဝဖြိုးစေ၏၊ နှုတ်မမြိန် နှင့် အပူကို ပယ်တတ်၏၊ လေ, သည်းခြေ နိုင်၏၊ အသီးညှာသည် သည်းခြေကို ဖြစ်စေ၏၊ ဆံပင်ကို အကျိုးပြု၏၊ ရေချေးသီး ( နဒီဘ တက ) သည် ဖန်-ခါး-ချို၏၊ အေး၏၊ ချုပ်၏၊ လေကို ပြုတတ်၏၊ သည်းခြေ, သလိပ်ကို နိုင်၏ ရတ္တပိတ်, အနာပေါက်တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပိုးရောဂါ။** ။ ချေးသီးကို ဒိန်ရည် သို့မဟုတ် မန်ကျည်းသီးမှည့်ရည်နှင့် ရော စားခဲ့သော် ပိုးရောဂါကို ပျောက်စေ၏၊ ၎င်းပြင် ချေးသီးကို နွားနို့နှင့် ချက်၍လည်း သော နိုင်၏။

**အနာပေါက်။** ။ ချေးသီးကို ထုံးနှင့် ရောကြိတ်၍ အနာပေါ်၌ အုံပေးသော် ထိုအနာမှ ပျောက်ကင်း ချမ်းသာ၏။

**ချောင်းဆိုးရောဂါ။** ။ ချေးသီးကို မီးမှာ တင်ပါ၊ အတန်ကြာကာလ အဆီများ ထွက်လာလိမ့်မည်၊ ထိုအဆီ ၃-စက်မျှကို နွားနို့နှင့် ရော၍ သောက်သော် ချောင်းဆိုးရောဂါသည် ပျောက်ကင်း၏။

**သလိပ်ကျပ်, ချောင်းဆိုးရောဂါ။** ။ ကလေးများ သလိပ်ကျပ်ခဲခြင်း, ချောင်းဆိုး ခြင်း ဖြစ်သော အခါ ချေးသီး အဆီ ၂-စက်မျှ ည · နံနက် တိုက်ခဲ့သော် ထိုရောဂါမှ ပျောက် ကင်း၏။

**အဆစ်ရောင်ရောဂါ။** ။ အဆစ်အမြစ် ရောင်ရမ်းရာ၌ ချေးသီးကို ကြိတ်၍ လိမ်း ပေးက ထိုရောဂါမှ ပျောက်ကင်း၏။



ချေးသီး

SEMECARPUS ANACARDIUM

भिलावा

လျှာနက်ရောဂါ။ ။ဆီဦး ( မခန်း ) တွင် ချေးသီး အနည်းငယ် ထည့်ချက်၍ ...ပက်ပေးသော် လျှာနက်သော ရောဂါသည် ပျောက်ကင်း၏။

တုလာသရောရောဂါ။ ။နွားနို့စစ်စစ် နှင့် ချေးသီးကို သွေး၍ ၇-ရက်တိုင် ...ကမ်မှုသော် တုလာသရောရောဂါမှ ပျောက်ကင်း၏။

ယားနာ။ ။ချေးသီးကို အင်တွဲနှင့် ရော၍ နှမ်းဆီဖြင့် ချက်ပြီး ယားနာနှင့် ...ဟိုကို တို့ဖပး လိမ်းပေးရ၏။

စပွဲနာ။ ။ချေးသီးကို နှမ်းဆီဖြင့် သွေး၍ အနာပေါ်၌ လိမ်းပေးက ပွေးနာများ ...ပ်ကင်း၏။

သွက္ခာပါဒ, အဆစ်ရောင်နာ။ ။ချေးသီး, ကုလားပဲလှော်, အုန်းသီးအဆံ, ...လျက် နှင့် ထောပတ် တို့ကို အလေးတူ ယူ၍ ကြိတ်ပါ၊ တလုံးလျှင် ၃-ကျပ် ဂ-ပဲသားခန့် ...၍ တနေ့လျှင် ဆေးလုံး တလုံးကို သုံးကြိမ် ခွဲပြီး ကုန်အောင် စားခဲ့သော် သွက္ခာပါဒ ...ဂါနှင့် အဆစ်ရောင်ရောဂါတို့ ပျောက်ကင်း၏။

မှတ်ချက်။ ။ ချေးသီးသည် အဆိပ်မျိုးတွင် ပါဝင်၏. ချေးသီးကို အမှတ်တမဲ့ အသုံး မပြုဘဲ စံနစ်ကျနစွာ ချေးသီးကို သုတ်သင်ပြီးမှ သာ အသုံးပြုသင့်ကြောင်း အထူး သတိ ပြုရာ၏၊ သို့ဖြစ်၍ ထိုချေးသီး သုတ်သင်ပုံကို အနည်းငယ် ဖေါ်ပြပေအံ့။

**ချေးသီးသုတ်သင်ပုံ။** ။ကောင်းစွာ မှည့်သော ချေးသီးတို့ကို ၇-ရက် ပတ်လုံး နွားကျင်ငယ်နှင့် စိမ်ပါ၊ ၇-ရက်ပတ်လုံး နွားနို့၌ စိမ်ပါ၊ အုတ်မှုန့်နှင့် ပွတ် တိုက်ပါ၊ ရေဖြင့် ဆေး၍ အခြောက် လှန်းပါ၊ ဤနည်းအားဖြင့် သုဒ္ဓပြုပြီးသော ချေးသီး၏ ထိပ်သီးကလေးများကို ကွမ်းညှပ်နှင့် ညှပ်လျက် ဆေးတွင် အသုံးပြုပါ၊ ဤကား မြန်မာ့အာယုဗ္ဗေဒနည်းဖြင့် ချေးသီးကို သုတ်သင်ပုံတည်း၊ ချေးသီးသုတ်သင်ပုံ အကျယ်တဝင့်ကို ကျွန်ုပ်တို့ ပြန်ဆို ရေးသားသော "ရသတရင်္ဂနီကျမ်း" တွင် ကြည့်ရှု ကြပါကုန်။

**ချေးသီးစက်ဖြေပုံ။** ။ချေးသီးကို ကိုင်တွယ်ရာ၌ ၎င်း၏ အငွေ့သင့်ရုံနှင့် ဖူးရောင် လာတတ်၏၊ ၎င်း၏အစက်များ လူပေါ်တွင် အနည်းငယ် ကျရုံမျှဖြင့် ယားတတ်, ရောင်တတ်, အနာစက်များ ဖြစ်တတ်၏၊ အချို့ ကုဋ္ဌရောဂါကြီးများကဲ့သို့ ပွရောင်လာ တတ်၏၊ ၎င်းကို မြန်မာတို့က ချေးသီးစက်သည် ဟု ခေါ်၏၊ အလွယ်တကူ ကယ်ယူ ကုစားရန်မှာ အောက်ပါ အတိုင်း ဖြစ်၏။

နှမ်းကို ညက်အောင်ကြိတ်၍ မြေနက်နှင့် ရောပြီး လိမ်းပါ၊ တနည်း — ... ဖြင့်ရင်း ဆီဦး ( မခန်း ) ဖြင့်ရင်း နှမ်းနက်ကို ကြိတ်၍ လိမ်းပါ၊ တနည်း — အုန်း... သစ်ဆိမ့်ဆံကို ကြိတ်၍ လိမ်းပါ။

---

# ချင်ရွေး ( ချိန်ရွေး ) အငယ်

သက္ကတ गुञ्जा　　　　လက်တင် Abrus precatorius

ဟိန္ဒီ गुञ्जा (चिरमिट)　　　　အင်္ဂလိပ် Wild liquorice

**ပုံသဏ္ဌာန်။** ။ နွယ်မျိုး ဖြစ်၏၊ အရွက်သည် မန်ကျည်းရွက်နှင့် သဏ္ဌာန် တူ၏၊ အရွက်ကို စားလျှင် ချို၏၊ ကွမ်းထဲ ထည့်၍ စားနိုင်၏၊ အပွင့်သည် ပဲပွင့်နှင့် တူ၏၊ ၎င်း... အတောင့်လိုက် သီး၏၊ အမွေးနု ရှိ၏၊ တတောင့်တွင် ၄-၅-စေ့ ရှိ၏၊ အစေ့၏ အညှာဘက်... အနက်ကွက်ကလေး ရှိ၏၊ အရောင် နီ၏၊ အစေ့သော အမျိုးလည်း ရှိသေး၏။

**အရသာ နှင့် အကျိုးသွား။** ။ အမြစ် နှင့် အရွက်သည် ချို၍ အစေ့သည် ခါး၏၊ ပူ၏၊ ဖန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အားကို ဖြစ်စေ၏၊ ဆံပင်ကို ကောင်းစေ၏၊ နှုတ်ကို မြိန်စေ၏၊ ...ကို ပွားစေ၏၊ ၎င်းပြင် မျက်စိရောဂါ၊ အဆိပ်ရောဂါ၊ သည်းခြေနာ၊ မွေးကျွတ်နာ၊ အနာပေါက် အမျိုးမျိုး၊ ပိုးရောဂါ၊ ကိုက်ခဲ နာကျင်ခြင်း၊ ယားနာ၊ နူနာ၊ သလိပ်ရောဂါ၊ အဖျား ရောဂါ၊ ပါးစပ်နာ၊ လေရောဂါ၊ မူးဝေခြင်း၊ ပန်းနာ၊ ရေငတ်၊ တွေဝေခြင်းတို့ကို ပျောက်ကင်း စေ၏၊ အစေ့သည် အန်စေ၏၊ ဝမ်းသွားစေ၏၊ အားဖြစ်စေ၏၊ ထက်မြက်၏၊ အဖေါ် အရောင်ကို ...ပျော့စေ၏၊ အရွက် နှင့် အမြစ်သည် အဆိပ်ကို နိုင်၏၊ သလိပ်ကို ပွားစေ၏၊ သည်းခြေကို နိုင်၏၊ နှုတ်မြိန်စေ၏၊ ၎င်းပြင် မျက်စိရောဂါ၊ ယားနာ၊ အရေပြားရောဂါ၊ အနာပေါက်တို့ကို ပျောက် ကင်းစေ၏၊ ၎င်းချင်ရွေး၏ အစေ့သည် အားတိုးဆေး၌ အကျိုးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကျပ်တီးနာ။** ။ ၎င်း၏ အစေ့ကို ပြုတ်၍ ၎င်းပြုတ်ရည်၏ ထက်ဝက် နှမ်းနက်ဆီကို ထည့်၍ မီးဖိုတွင် ချက်ပါ၊ ရေကုန်၍ ဆီကျန်သော အခါ ချ၍ ၎င်းဆီကို စစ်ပြီးလျှင် လုံစွာ ထားပါ၊ ထိုဆီဖြင့် ကျပ်တီးနာကို လိမ်းကျံပေးသော် အနာသည် လျှင်စွာ ပျောက်ကင်း၏။

**မျက်စိမှုန်။** ။ ၎င်းအမြစ်ကို ဆိတ်ကျင်ငယ်ရည်နှင့် သွေး၍ မျက်စဉ်းခပ်သော် မျက်စိမှုန်ရောဂါ မှ ပျောက်ကင်း၏။

**မီးရတ်ဖြူ။** ။ ၎င်းအမြစ်ကို ရေနှင့် တညဉ့်လုံး စိမ်၍ စစ်ပြီးလျှင် နံနက်တခွက် ညဉ့်တခွက် သောက်သော် မီးရတ်ဖြူဆင်းသော ရောဂါ မှ ပျောက်ကင်း၏။

**ကြက်ညှာ ချောင်းဆိုး။** ။ ၎င်းအမြစ် ၃-ရွေးမျှကို ချင်းအနည်းငယ် ရော၍ တိုက် ...ကလေးများ၌ ဖြစ်သော သူငယ်နာ, ကြက်ညှာချောင်းဆိုး ရောဂါမှ ပျောက်ကင်း၏။

**ကဆစ်ရောင်ရောဂါ။** ။ ၎င်းအရွက်ကို မုန်ညင်းဆီနှင့် ရောကြိတ်၍ အဆစ်အဆက်တို့ ...ပမ်းရာ၌ လိမ်းပေးသော် ၎င်းရောဂါမှ လျှင်စွာ ပျောက်ကင်း၏။

**ဝမ်းပိုက်နာ။** ။ ၎င်းအရွက်စိမ်း၏ သတ္တုရည်ကို ဆီနှင့် ရော၍ လိမ်းသော် ဝမ်းပိုက်နာ ...ဂါမှ ပျောက်ကင်း၏။

**ဝေါင်းကိုက်။** ။ ၎င်းအရွက်ကို အမှုန့်ထောင်း၍ ထိုအမှုန့်ကို ရှူပေးသော် ...ခေါင်းကိုက်ရောဂါမှ ပျောက်ကင်း၏၊ ထိုမှတပါး ၎င်းအမြစ်ကို ရေနှင့် သွေး၍ ရှူပေးကလည်း ...ခေါင်းတခြမ်းကိုက်သော ရောဂါမှ ပျောက်ကင်း၏။

**ညောင်းကျရောဂါ။** ။ ၎င်းအမြစ်ကို အုန်းရည်နှင့် သွေး၍ သောက်သော် ညောင်းကျ ...ရောဂါမှ ပျောက်ကင်း၏။

**ဆီးလွန်နာ။** ။ ၎င်းအရွက်၏ သတ္တုရည်ကို နို့နှင့် သောက်သော် ဆီးလွန်ရောဂါမှ ...ပျောက်ကင်း၏။

---

# ချင်းခြောက် (သဘော)

| | | | |
|---|---|---|---|
| သက္ကတ | ဿုဏ္ဌိ | လက်တင် | Zingiber officinale |
| ဟိန္ဒီ | သောံဌ | အင်္ဂလိပ် | Dried Ginger |

**ပုံသဏ္ဌာန်။** ။ ချင်းခြောက်၏ ပုံသဏ္ဌာန်သည်လည်း ချင်းစိမ်း၏ ပုံသဏ္ဌာန် အတိုင်း ...ဖြစ်၍ ဤ၌ အထူး ဖော်ပြရန် မလိုတော့ပေ၊ သို့သော် ဤတွင် အထူး ဆိုလိုသည်မှာ ...သည် အမျိုးအစားအားဖြင့် ယခုဖော်ပြမည့် ချင်း ၂-မျိုးမှ တပါး ချင်းမြစ်ပြန်, ချင်းဆူး ...ပါက်, ချင်းမင်း, ချင်းခြောက် စသည်ဖြင့် များပြားစွာ ရှိ၏၊ ထိုသို့ များပြားသော်လည်း ...ချင်းများသည် ဆေးဝါး ဖော်စပ်ရေးတွင် ရှာဖွေ ရရှိရန်လည်း ခဲယဉ်းသည့် အပြင် လူသိ ...နည်း နည်းပါးသောကြောင့် ထိုချင်းများကို ချန်လှပ်၍ ရှေးနိဿဏ္ဍုကျမ်းကြီးများမှ လာသော ...လွန် အသုံးဝင်သည့် ချင်း ၂-မျိုးကို သာ ဤကျမ်းတွင် ဖော်ပြအပ်ပေသည်။

## ရောဂါအလိုက် အသုံးပြုနည်း

**ဥကျောက်ရောဂါ။** ။ ချင်းခြောက်ကို ဆိတ်နို့နှင့် သွေးပြီး ရှူခဲ့သော် ဒေါသ ...မျိုးမျိုး ဖေါက်ပြန်၍ ဖြစ်သော ဥကျောက် နာကျင်ကိုက်ခဲသော ရောဂါအမျိုးမျိုး ပျောက် ...၏။

**မျက်စိ။** ။ ချင်းခြောက် နှင့် တမာရွက်အစိတ်တွင် သိန္ဓော အနည်းငယ် ထည့်၍ ရောကြိတ်ပြီးလျှင် ပါးလွှာသော အပြားကလေးများ လုပ်၍ အုံပေးက မျက်စိယားခြင်း, နာခြင်း စသော မျက်စိရောဂါ ပျောက်ကင်း၏။

တနည်း — ချင်းခြောက်ကို ရေနှင့် သွေး၍ တစက် နှစ်စက်ခန့် မျက်စိ၌ ခတ်ပေးသော် မျက်စိနာခြင်း စသော မျက်စိရောဂါမှ ပျောက်ကင်း၏။

**အဆစ်ရောင်ဖျား။** ။ ချင်းခြောက် ၁၂-ပဲသား အမှုန့် နှင့် ဆံပုန်းရည်ကို နေ့စဉ် နံနက် စောစောတွင် မှီဝဲခဲ့သော် အဆစ်အမြစ်များ ရောင်၍ ဖျားသော အဖျားရောဂါမှ ပျောက်ကင်း၏။

တနည်း- ၎င်းချင်းခြောက် နှင့် ဆင်တုံးမနွယ်ကို ရော၍ ၄-ဘို့ ၁-ဘို့ကြွင်း ပြုတ်၍ သောက်ခဲ့သော် အလွန် နာကျင်၍ ကြာမြင့်စွာ အဆစ်အမြစ် ရောင်ကိုက်၍ ဖျားသော အဖျား ရောဂါမှ ပျောက်ကင်း၏။

**ဝမ်းမီးနဲ့ခြင်း။** ။ ချင်းခြောက်မှုန့်ကို ထန်းလျက်နှင့် သင့်လျော်စွာ ရော၍ နေ့စဉ် စားပါက ဝမ်းမီးနဲ့သော ရောဂါမှ ပျောက်ကင်း၏။

**အောင့်အန်။** ။ ချင်းခြောက်မှုန့်ကို ဥသျှစ်ကင်း ပြုတ်ရည်နှင့် သင့်လျော်အောင် သောက်ပါက အောင့်အန်ခြင်း နှင့် ကာလဝမ်းရောဂါများ လျင်စွာ ပျောက်ကင်း၏။

**ကြို့ထိုး။** ။ ချင်းခြောက်ကို ဖန်ခါးသီးနှင့် ပျစ်ပျစ် သွေး၍ ရေနွေးပူပူဖြင့် သောက်ခဲ့သော် ကြို့ထိုးသော ရောဂါမှ ပျောက်ကင်း၏။

တနည်း — ချင်းခြောက်, ဆီးဖြူသီးခြောက်, ပိတ်ချင်းသီး တို့ကို အညီအမျှစီစု, အမှုန့် ပြုပြီး ၎င်းအမှုန့်ကို ပျားရည်နှင့် ရော၍ လျက်ခဲ့သော် ကြို့ထိုးရောဂါမှ ပျောက်ကင်း၏။

တနည်း — ချင်းခြောက်မှုန့် အနည်းငယ်ကို စား၍ ဆိတ်နို့ ပူပူနွေးနွေးကို သောက်ခဲ့သော် ၎င်းရောဂါမှ ပျောက်ကင်း၏။

**သွက်ချာပါဒ။** ။ ချင်းခြောက် နှင့် သိန္ဓောတို့ကို အညီအမျှစီ ယူပြီး နူးညံ့အောင် ထောင်းစစ်၍ ရှူခဲ့သော် သွက်ချာပါဒ ကိုယ်တခြမ်းသေ ရောဂါမှ ပျောက်ကင်း၏။

**အဆိပ်သင့်။** ။ ဝစ္ဆနာဘအဆိပ်, ခပေါင်ကြီးအဆိပ်, မြွေဆိပ်, ဆီမီးတောက် အဆိပ်များ ပြေစေရန် ချင်းခြောက်မှုန့်ကို အနည်းငယ် စားပေးပါက ၎င်းအဆိပ်များ သင့်ခြင်းမှ ပျောက်ကင်း၏။

**ခါးနာ။** ။ ချင်းခြောက် ၄-ဘို့ ၁-ဘို့ကြွင်း ပြုတ်ရည်တွင် ကြက်ဆူဆီ အနည်းငယ် ထည့်၍ သောက်ပါက ခါးနာကျင်ကိုက်ခဲခြင်း ပျောက်ကင်း၏။

**ဆီးအောင့်။** ။ ချင်းခြောက် နှင့် ဆူးလေပဥ္စငါးပါးကို ၄-ဘို့ ၁-ဘို့ကြွင်း ပြုတ်၍ ၎င်းပြုတ်ရည်တွင် ဂျုံပြာဆား ထည့်၍ နေ့စဉ် သောက်ပါက ဆီးအောင့်ရောဂါမှ ပျောက်ကင်း၏။

**ဆင်ခြေထောက်။** ။ နွားကျင်ငယ်ရည်တွင် ချင်းခြောက်မှုန့် အနည်းငယ် ခတ်၍ ပုံ၊ သောက်ပါက ဆင်ခြေထောက် ရောဂါမှ ပျောက်ကင်း၏။

---

# ချင်းစိမ်း

| | | | |
|---|---|---|---|
| သက္ကတ | အာဒြက | လက်တင် | Zingiber officinale |
| ဟိန္ဒီ | अदरख | အင်္ဂလိပ် | Fresh Ginger |

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် တတောင်, တတောင်သာသာခန့် မြင့်၍ အရွက်မှာ ဝါးရွက်နှင့် တူ၏၊ ဥများ ရှိ၏၊ တန်ခူး, ကဆုန်လများ၌ ချင်းကို စ၍ စိုက်ပျိုးကြ၏၊ များသော အားဖြင့် ဥကို သုံး၏။

**ဟရသာ နှင့် အကျိုးသွား။** ။ အရသာ ချို ခါး၏၊ အေးသော သတ္တိ ရှိ၏၊ ကြေ ကျက်သွားသောအခါ ( ဝိပါက ) ၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝမ်းမီးကို တောက်စေ၏၊ သလိပ်, သည်းခြေ ဒေါသကို နိုင်၏၊ အစာကို မြိန်စေ၏၊ ကြေကျက်လွယ်၏၊ ဆီး, ဝမ်းကို ရှင်စေ၏၊ သုက်ကို ပွားစေ၏၊ သွေးကို ပယ် ၏၊ အဆိပ်ကို နိုင်၏၊ ပြင်းထန်သော အနာပေါက်, သန္နိပါတ်ရောဂါ, ချောင်းဆိုး, ပန်းနာ, များ, ထိခိုက်ခြင်းကြောင့် ဖြစ်သော ရောင်တင်းသော ရောဂါတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အော့အန်။** ။ ချင်းစိမ်း သတ္တုရည် ၁၂-ပဲသားကို ကြက်သွန်နီဥ သတ္တုရည် သင့် ပေါင်း ရော၍ သောက်ခဲ့သော် အော့အန်ခြင်း, ကြို့ထိုးခြင်း ရောဂါများ ပျောက်ကင်း၏။

**ကာလဝမ်း။** ။ မရိုးမြစ် ၁၂-ပဲသားကို ချင်းစိမ်းသတ္တုရည် ၁၂-ပဲသားနှင့် ညက်စွာ ကြိတ်၍ ပြုတ်ကောင်းစေ့ခန့် လုံးပြီး နေလှန်းထားပါ၊ ကာလဝမ်းရောဂါ ဖြစ်သော အခါ ဆေးလုံးကို အနည်းငယ် ပူသော ရေနွေး ( ကြက်သီးနွေး ) ဖြင့် တိုက်ပါ၊ တနည်း-ချင်းစိမ်း သတ္တုရည် နှင့် ပင်စိမ်းရွက်သတ္တုရည်ကို အညီအမျှ ရောစပ်၍ ပျားရည် အနည်းငယ် ထည့်ပြီး သောက်ပါ။

**ပန်းနာ ရင်ကျပ်။** ။ ချင်းစိမ်းသတ္တုရည် နှင့် ပျားရည်ကို ရောစပ်၍ အတန်ငယ် အတန်ငယ် မကြာမကြာ လျက်ပေးခဲ့သော် နှာစေး ချောင်းဆိုးရောဂါ နှင့် ပန်းနာ ရင်ကျပ် ရောဂါများ ပျောက်ကင်း၏။

**ဖေါရောင်။** ။ ချင်းစိမ်းသတ္တုရည် နှင့် ထန်းလျက် ( အဟောင်း ) ရောစပ်၍ သောက်ခဲ့သော် ခန္ဓာကိုယ်တွင် ဖေါရောင်ခြင်းများ ပျောက်ကင်း၏၊ သို့သော် ဤဆေးကို သောက် ၍ ဆိတ်နို့ကို နေ့စဉ် မှီဝဲရာ၏။

**နားကိုက်။** ။ ချင်းစိမ်းသတ္တုရည်ကို မီးတွင် ကြွက်သီးဒွေး ဖြစ်အောင် ငွေ့ ... ခတ်ပေးခဲ့သော် နားကိုက်ရောဂါ ပျောက်ကင်း၏။

**အဆစ်ကိုက်။** ။ ချင်းစိမ်းသတ္တုရည် ၂၅-ကျပ်သားကို နှမ်းဆီ ၁၂-ကျပ် ၈-ပဲ ... ကျိုပါ၊ အရည် ခန်း၍ ဆီသာ ကြွင်းကျန်သောအခါ ဖိုမှ ချ၍ ၎င်းဆီကို အဆစ်အမြစ် ဓမ ... ရာ၌ လိမ်းပေးရ၏။

**ကိုယ်ရေဝါ။** ။ ချင်းစိမ်း ၃-ကျပ်သား, တြိဖလ ၁-ကျပ်သားစီ, ထန်းလျက် ... သား တို့ကို ရော၍ ကြိတ်နယ်ပြီး စားသည် ရှိသော် ကိုယ်ရေဝါ ရောဂါ ပျောက်ကင်း၏။

**ဝမ်းမီးနုံ့။** ။ ချင်းစိမ်းသတ္တုရည် နှင့် ရှောက်ရည် ရော၍ သောက်သော် အစာ ... အားနည်းခြင်း, ဝမ်းမီးနုံ့ခြင်းများ ပျောက်ကင်း၏။

**သွားကိုက်။** ။ ချင်းစိမ်းကို ဝါး၍ ကိုက်သော သွားနေရာတွင် ငုံထား ... မကြာမီ သွားကိုက်ခြင်း, သွားနာခြင်းများ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ချင်းစိမ်း နှင့် ချင်းခြောက်ကို ဖေါ်ပြပါ အတိုင်း ၂-မျိုး ခွဲ၍ အသုံး... ကြ၏၊ ထိုအသုံးများကို ထောက်ဆ၍၎င်း, ဆေးအဘိဓာန်ကျမ်းတို့၌ ချင်းခြောက်တက... ချင်းစိမ်းတကဏ္ဍ ခွဲထားသည်ကို ထောက်ဆ၍၎င်း, အကျိုးသွား သတ္တိ မတူကြ... ကြောင့် ဤကဲ့သို့ ခွဲခြားထားသည် ဟု မှတ်ရပေမည်၊ ချင်းခြောက်ကို ယူရာ၌ ချင်းစိမ်း... အခြောက် လှမ်း၍ ခြောက်သွားသော ချင်းခြောက်သည် ဆေးတွင် အသုံးမဝင်... ချင်းခြောက် လုပ်နည်း အတိုင်း စီမံ ပြုလုပ်ထားမှ သာလျှင် ဆေးသုံးဝင်သော ချင်း ခြောက် ဖြစ်၏၊ ရှေးအခါက မြန်မာပြည်တွင် မလုပ်တတ်ကြသဖြင့် ဇလန္ဒီယမှ သင်္ဘော... မှာယူ တင်သွင်းရသောကြောင့် သင်္ဘောဇယဆေး ဟု ဆေးနည်းတို့၌ သီးသန့် ဆိုကြ... ချင်းခြောက်ကောင်း၏ လက္ခဏာမှာ လက်လေးလက်ဆ ရှိခြင်း, ချိုးလိုက်လျှင် တိ... ပြတ်သွားခြင်း, အမျှင် မရှိခြင်း, အခွံ မရှိခြင်း, ချိုးကြည့်သော် အတွင်း၌ ဝါရောင်ရှိခြင်း ထိုလက္ခဏာမျိုးနှင့် ပြည့်စုံသော ချင်းခြောက်မျိုးကို သာ ယူရမည်၊ ထိုချင်းခြောက် ပြုလုပ် စီမံပုံကို ကျွန်ုပ်တို့ ရေးသားထားသော "ဆေးဝါးဖေါ်စပ်ပုံကျမ်း" ၌ ကြည့်ရှု ကြပါကုန်။

---

## ချင်းတောင်မွေးစုပ်

ဟိန္ဒီ गोबिल, पानीबेला

လက်တင် Vitis latifolia

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်ပင်မျိုး ဖြစ်၏၊ ပင်စည်သည် ၉-လက်မမှ ၁၀-လက်မ အထိ ရှည်၏၊ အသား ရှိခဲ၏၊ အခေါက် နူးညံ့၍ စိမ်း၏၊ ခရမ်းရောင် ရှိ၏၊ အဆစ်ကလေးများ

အရွက်သည် ၄-လက်မမှ ၉-လက်မခွဲ အထိ အလျား ရှည်၏၊ အပွင့်သည် ၁-လက်မ၏ ... ပုံ ၁-ပုံ အချင်း ရှိ၏၊ အနီရောင် ရှိ၏၊ အသီးမှာ တလက်မ၏ ၁၀-ပုံ ၂-ပုံမှ— ၁၀-ပုံ ၃-ပုံ ... အချင်း ရှိပြီး နက်၏၊ ခံသီးနှင့် တူ၏၊ ၎င်း၏ နွယ်, ရွက်, ပွင့်, သီးသည် သဗျက်နွယ်ပင်နှင့် ... ၍သော် ၎င်းအသီးကို မစားကောင်းချေ။

ဂုဏ် နှင့် စွမ်းရည်။ ။ ၎င်းအပင်၏ ဥ သည် ဆီးကို ရှင်စေ၏၊ ဓာတ်တို့ကို ပြုပြင် ...။

## ရောဂါအလိုက် အသုံးပြုနည်း

အဆိပ်သင့်။ ။ အဆိပ်သင့်သော သတ္တဝါများ ကိုက်ခဲသည် ရှိသော် ၎င်းအမြစ်ကို ... ကိုက်ခဲသော နေရာ၌ လိမ်းပေးလျှင် အဆိပ်သည် ပြေ၍ ချမ်းသာရာ ရ၏။

အနာပေါက်။ ။ ၎င်းအမြစ်ကို သွေး၍ အနာတို့၌ လိမ်းပေးလျှင် အနာပေါက်များ ... ကောင်း၏။

---

# ချင်းယား ( ရေ )

သက္ကတ  भूरिफल

ဟိန္ဒီ  दालमी

လက်တင် Flueggea Microcarpa

ပုံသဏ္ဌာန်။ ။ ၎င်းရေချင်းယားသည် အခက်အလက် များသော ချုံကြီးမျိုး ... အရွက်သည် အလျားအားဖြင့် လက်မဝက် နီးပါးမှ တလက်မ အထိ ရှည်၍ အနံအားဖြင့် ... မဝက်နီးပါး ကျယ်၏၊ အသီးမှာ လုံးလုံးယောင်ယောင် ရှိ၍ နူးညံ့၏၊ မှည့်သောအခါ လုံးလုံး ... များ ဖြူ၏၊ အနီ, အဖြူ, အနက်မျိုး ရှိ၏၊ ရေစပ်တွင် အပေါက်များ၍ ရေချင်းယား ဟု ... ၏၊ ကုန်းတွင်လည်း ပေါက်သေး၏။

အရသာ နှင့် အကျိုးသွား။ ။ ချို၏၊ အေး၏။

ဂုဏ် နှင့် စွမ်းရည်။ ။ ဝဖြိုးစေတတ်၏၊ ဆီးအောင့်နာ, သည်းခြေဒေါသ ပျက်သော ... သွေးဖေါက်ပြန်သော ရောဂါတို့ကို နိုင်နင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

အနာပိုး။ ။ ၎င်းအရွက် သတ္တုရည် သို့မဟုတ် ဆေးရွက်နှင့် ရောကြိတ်ထားသော ... မှုန့်ကို အနာ၌ ထည့်သော် ပိုးများ သေ၍ အနာ ပျောက်ကင်း၏။

**အဆိပ်သင့်။** ။ ၎င်းအရွက်၏ သတ္တုရည်ကို ခပေါင်းကြီး အဆိပ်သင့်သော အခါ သောက်ပါက အဆိပ်ပြေ၍ လျင်စွာ ပျောက်ကင်း၏။

**ညောင်းကျ။** ။ ညောင်းကျရောဂါ၌ ၎င်းအမြစ်ပြုတ်ရည်ကို သောက်သော် ပျောက်ကင်း၏။

---

# ချင်းယား (ကုန်း)

**သက္ကတ** पाटली (पाण्डुफली)
**ဟိန္ဒီ** पाटली
**လက်တင်** Flueggea Leucopyrus

**ပုံသဏ္ဍာန်။** ။ ၎င်းအပင်သည် ကုန်း၌ ပေါက်သော အပင်မျိုး ဖြစ်၏၊ အခေါက် မီးပြာရောင် ဖြစ်၏၊ အရွက်ပါး၍ ၁-လက်မမှ ၃-လက်မခန့် အလျား ရှည်၏၊ အနံမှာ လက်မဝက် နီးပါးမှ ၂-လက်မ နီးပါးခန့် ကျယ်၏၊ အသီးသည် လုံးယောင် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အပင်သည် ချို၏၊ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် အားကို ဖြစ်စေ၏၊ ကာမသတ္တိကို အားပေး၏၊ မီးကောင့်ရောဂါ၌ ကောင်း၏၊ သည်းခြေပျက်နာ, သွေးရောဂါတို့၌လည်း ကောင်း၏၊ အမြစ်သည် ညောင်းကျရောဂါ၌ ကောင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာပိုး။** ။ အရွက်သတ္တုရည်ကို ဆေးရွက်နှင့် ရော၍ အသုံးပြုသော် အနာရှိ ပိုးများ သေ၏။

**ဖဏ်ဆေး။** ။ ၎င်းအပင်ကို ကျို၍ အနာဘို့၌ ဖဏ်ရည် ဆေးပေးရ၏။

**ဝမ်းနှုတ်ဆေး။** ။ ၎င်းအပင်ကို ကျို၍ ဝမ်းချုပ်သော အခါ ဝမ်းနှုတ်ဆေး အဖြစ်ဖြင့် အသုံးပြုရ၏။

---

# ချဉ်ပေါင် (တော)

**တေလဂူ** कोंडगोंगु
**လက်တင်** Hibiscus Furcatus

**ပုံသဏ္ဍာန်။** ။ ဤအပင်သည် မြေတွင် ပြန့်သွားတတ်၏၊ သို့မဟုတ် သစ်ပင်များ၌ ပတ်သွားတတ်သော နွယ်ပင်မျိုး ဖြစ်၏၊ ပင်စည်၌ ဆူးနုများ၏၊ အရွက်သည် ၃-လက်မမှ ၃-လက်မခွဲ

မျှပ်၏၊ အမွေး ရှိ၏၊ အပွင့်တွင် ဆူး ရှိ၏၊ အသီးသည် ဉ-သဏ္ဍာန် ရှိ၏၊ အဖျား ...၏။

**အရသာ နှင့် အကျိုးသွား။** ။ အမြစ်သည် အေးသော သတ္တိ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအမြစ်ကို နွေရာသီများ၌ အအေး အတွက် ရှာသပတ်ရည် ... မသောက်ရ၏၊ ထိုသို့ သောက်သဖြင့် အပူကြောင့် ဖြစ်သော ရောဂါများ မဖြစ်နိုင်ချေ။

---

# ချဉ်ပေါင်နီ

သက္ကတ **रक्ताम्बष्ठा** လက်တင် Hibiscus sabdariffa

ဟိန္ဒီ **पटुआ** အင်္ဂလိပ် Red Sorrel

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်သည် ဆီးရှင်၏၊ ရေငတ်ခြင်းကို ပျောက်ကင်းစေ၏၊ ...ပက်ခြင်းကို ပြုတတ်၏၊ နှုတ်ကို မြိန်စေ၏။

---

# ချဉ်ပေါင်ကြီး (ချဉ်ပေါင်ခါး)

သက္ကတ **अम्बष्ठा** လက်တင် Hibiscus Cannabinus

ဟိန္ဒီ **अम्बाड़ी** အင်္ဂလိပ် Ambari Hemp

**ပုံသဏ္ဍာန်။** ။ ၎င်းအပင်သည် ၃-ပေမှ ၅-ပေ အထိ မြင့်တတ်၏၊ နူးညံ့သော ဆူးရှိ ...သော အမွေးများ ရှိ၏၊ အမြစ်ဘက်က အရွက်များသည် ဝိုင်း၍ အနည်းငယ် အဖျားကွဲ၏၊ ...ရာတွင် အပင်ကြီးလာသလောက် အရွက်များလည်း ပြောင်းလဲလာ၏၊ အပေါ်ရွက်များသည် ... ၅-ခု အကွဲများ ရှိတတ်၏၊ အစိတ်အပိုင်းတိုင်းတွင် ခွေးသွားစိတ် ရှိ၏၊ အပွင့် ဝါ၍ အစေ့ ...၏။

**အရသာ နှင့် အကျိုးသွား။** ။ ပဉ္စင်္ဂါးပါးလုံးသည် ချဉ်၏၊ သတ္တိ အေး၏၊ ဝိပါက၌ ...၏၊ အစေ့သည် ဖန်၏၊ ချဉ်၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့သည် ကြေကျက်လွယ်၏၊ ဆာလောင် မွတ်သိပ်စေ၏၊ ...ပြီးစေ၏၊ ကာမအားကို တိုးစေ၏၊ သလိပ် နှင့် လေကို နိုင်၏၊ နားနာ နားကိုက်ကိုလည်း နိုင်၏၊ ...ရွက်သည် ဝမ်းသက်စေ၏၊ သွေးဝမ်း, မြင်းသရိုက်ရောဂါ, သွေးဆိုးခြင်း, သွေးဖောက်ပြန်, ...ား, လည်ချောင်းနာတို့၌ အသုံးဝင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အကိုက်အခဲ။** ။ အစေ့ကို လိမ်းဆေး အဖြစ်ဖြင့် အသုံးပြုသော် ကိုက်ခဲ နာကျင် သော ရောဂါ ပျောက်ကင်း၏။

**အဆစ်လွဲ, ဒဏ်ရာ။** ။ ၎င်းအစေ့ကို အဆစ်လွဲခြင်း, ထိခိုက် ဒဏ်ရာရခြင်းတို့၌ အတွင်းဆေး, အပြင်ဆေး အဖြစ်ဖြင့် သုံးရ၏။

**သည်းခြေရောဂါ။** ။ သည်းခြေဒေါသ ဖေါက်ပြန်ခြင်း နှင့် သည်းခြေချဉ်ပြန်၍ ဖြစ် သော အစာမကြေခြင်းတို့၌ ချဉ်ပေါင်ကြီးပွင့် ၁၂-ပဲသား၏ သတ္တုရည်တွင် သကြားခဲ ရော ပြုတ်ကောင်းကို အနည်းငယ်မျှ ရောစပ်၍ သောက်သော် ၎င်းရောဂါ ပျောက်ကင်း၏။

**နှာစေး ချောင်းဆိုး။** ။ ၎င်းအရွက်ကို ရှာလပတ်ရည် လုပ်၍ သောက်သော် နှာစေး ချောင်းဆိုးရောဂါများ ပျောက်ကင်း၏။

---

# ချဉ်ပေါင် ( ကုလား )

သက္ကတ चुक — လက်တင် Rumex visicarius

ဟိန္ဒီ चुका — အင်္ဂလိပ် Bladder - dock

**ပုံသဏ္ဌာန်။** ။ ၎င်းသည် မိုးသက်ပင်ငယ် ဖြစ်၍ တမိုက် တမိုက်သာသာခန့် မြင့်၏၊ အရွက်မှာ အဖျား ချွန်၍ ဥ-သဏ္ဌာန် ရှိပြီး အနည်းငယ် ပါး၏၊ ၎င်းကို ခြံတွင်း၌ စားသုံးပင် အဖြစ် စိုက်ပျိုး၍ ဟင်းချက် စားသုံးကြ၏၊ အပွင့်မှာ ဝိုင်း၍ ဖြူ၏၊ အသီးမှာ ဆီးသီး အလတ် စားခန့် ရှိ၏၊ အသီးနုစဉ် စိမ်း၍ မှည့်လျှင် ဝါသွား၏။

**အရသာ နှင့် အကျိုးသွား။** ။ ချဉ်၏၊ အရသာ ရှိ၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေကို ပယ်တတ်၏၊ သလိပ်, သည်းခြေကို ဖြစ်စေ၏၊ နှုတ်ကို မြိန်စေ၏၊ ခရမ်းသီးနှင့် စားပါက အလွန် နှုတ်ကို မြိန်စေ၏၊ ခြောက်သွေ့စေ၏၊ နှလုံးကို အားပေး၏၊ ဝမ်းနာခြင်း, လေလုံး, လေချုပ်ခြင်း, အအေးပတ်ခြင်း, ကြို့ထိုးခြင်း, ရှာလပတ်ရည် သောက်ခြင်းကြောင့် ဖြစ်တတ်သော ချောင်းဆိုး, ပန်းနာ, အစာမကြေကျက်ခြင်း, လေရောဂါ များကို နိုင်နင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆိပ်သင့်။** ။ မြွေ ကင်းကိုက်ရာ၌ ၎င်းကုလားချဉ်ပေါင်ကို ကြိတ်၍ အသုံးပြုက အဆိပ်များ ပြယ်၍ ပျောက်ကင်း၏။

**အစာသစ်အိမ် ပူလောင်ခြင်း။** ။ ၎င်းအရွက်၏ သတ္တုရည်ကို သောက်ပါက အစာ သစ်အိမ် ပူလောင်သောရောဂါ ပျောက်ကင်း၏။



ချဉ်ပေါင်(ကုလား)

**RUMEX VESICARIUS**

चुका

**ဝမ်းပျက်။** ။ ၎င်းအစေ့ကို လှော်၍ အမှုန့် ပြုပါ၊ ထိုအမှုန့်ကို နေ့စဉ် သောက်ပါက မစာမကြေ ဝမ်းပျက်ရောဂါ ပျောက်ကင်း၏။

---

# ချဉ်ပေါင် (ဝက်မာ)

ဟိန္ဒီ कासली फिराई

လက်တင် Hibiscus surattensis

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ရုံးပတီမျိုးတွင် ပါဝင်၏၊ မိုးတွင်း၌ များစွာ ပေါက်ရောက် ဖြစ်ထွန်း၏၊ ၎င်းအပင်သည် ၂-ပေမှ ၃-ပေ အထိ မြင့်တတ်၏၊ အရွက်မှာ အစွန်း ၃-ခု သို့မဟုတ် ၅-ခု ရှိ၏၊ အပွင့်မှာ ငယ်၍ ဖြူရောင် ရှိ၏၊ တပင်လုံးတွင် ဖြူသော အမွေးနုကလေး များသည် ဆူးသဘွယ် ဖြစ်နေ၏၊ အသီးမှာလည်း ရုံးပတီ အသီးနုကလေးများနှင့် တူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပွင့်သည် သလိပ်ကို ထုတ်ဆောင်တတ်၏၊ ငြိမ်သက်ခြင်းကို ပြုတတ်၏။

## ရောဂါအလို အသုံးပြုနည်း

**ဆီးပူ နှင့် ကာလသားရောဂါ။** ။ အရွက် နှင့် နူးညံ့သော အခက်အလက်တို့ကို အပြင် လိမ်းဆေး အဖြစ်ဖြင့် အသုံးပြုခဲ့သော် ဆီးပူခြင်း စသည်တို့ကို ပျောက်ကင်းစေ၏၊ ဆီးပြွန်ချောင်း ယောင်ခြင်း, ကာလသားရောဂါကြောင့် ဖြစ်သော အဖုအပိမ့် တို့ကိုလည်း လိမ်းပေးရာ၏။

**ဆီးပြွန်ချောင်းရောင်။** ။ ပြည်တုလာသရောရောဂါ, ဆီးပြွန်ချောင်း ရောင်ခြင်းတို့ကို အရည်အေး ပြုလုပ်၍ ဆီးချောင်းမှ ပွတ်တံဖြင့် သွင်းပေးရာ၏။

**နို့ထွက်ဆေး။** ။ အသီးကို တိရစ္ဆာန်တို့ နို့ထွက်စေရန် ကျွေးရာ၏။

---

# ချဉ်ပေါင် (၁)

သက္ကတ त्रिपुट (सांडक)

ဟိန္ဒီ खेसारी (कसूर)

လက်တင် Lathyrus Sativus

**ပုံသဏ္ဌာန်။** ။ ကောက်ပဲသီးနှံမျိုး ဖြစ်၏၊ ကုလားပဲများနှင့် ရော၍ ပေါက်တတ်၏၊ စားတော်ပဲနှင့် တူ၏၊ သေးငယ်သော နွယ်ကလေးများ ဖြစ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းသည် ချို၏၊ ဖန်၏၊ အေး၏၊ ဝိပါက်မှ ...
အစေ့သည် ချို၏၊ ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပင်သည် အလွန် ခြောက်ထပ်စေတတ်၏၊ နှလုံးကို ...
၏၊ အရိုး အကြောတို့ကို အားရှိစေ၏၊ လေကို ဖေါက်ပြန်စေတတ်၏၊ သည်းခြေကို နိုင်၏၊ ...
မဖြိုန်ခြင်း၊ အကြော အားနည်းခြင်း၊ သည်းခြေ သလိပ်ကြောင့် ဖြစ်သော ရောဂါများကို
ပျောက်ကင်းစေတတ်၏၊ အရွက်သည် သည်းခြေနှင့် သလိပ်ကို ပယ်တတ်၏၊ ချုပ်စေ၏၊ ...
သည် နှလုံးနာကျင်ခြင်း၊ ထိုးအောင့်ခြင်း၊ ချာချာလည်အောင် မူးဝေခြင်း၊ ဖေါရောဂါ ...
မြင်းသရိုက်ရောဂါတို့ကို ဖြစ်စေတတ်၏၊ အစေ့ဆီသည် ဝမ်းကို အလွန် သက်စေ၏၊ အ...
၌ အန္တရာယ်ကို ပြုတတ်၏။

---

# ချဉ်ပေါင် (ပန်း)

ဟိန္ဒီ गुलखरो

လက်တင် Althaca rosea

အင်္ဂလိပ် Hollyhock

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် နေရာမရွေး ပေါက်တတ်၏၊ အရွက်သည် ထူ၍ ...
သည် ခရမ်းရောင်၊ နှင်းဆီရောင်၊ အဖြူရောင် ဟူ၍ ရှိ၏၊ အပွင့်မှာ ကြီး၏၊ ကာဖီစေ့...
ပုဂ ပြားလေးလောက် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အပွင့်၊ အစေ့၊ အမြစ်တို့သည် အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့သည် ဆီးကို ရွှင်စေ၏၊ အဖျားကို ပယ်တတ်၏၊
အပွင့်သည် ဆီးကောင်းစေ၏၊ အမြစ်သည် တွန့်ရှုံ့စေတတ်၏၊ ပိတ်ဝမ်းရောဂါကို ပျောက်ကင်း
စေ၏၊ ဆေးဖျော်ရည် အဖြစ် သောက်ရ၏၊ အသီးသည် အဆစ်အဆက်တို့၌ ဖြစ်သော ...
ရောဂါကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဝမ်းပိုက်ရစ်နာ။** ။ ဝမ်းပိုက်ရစ်နာ၍ အကျိအခွဲများနှင့် ဝမ်းသွားသော ...
၎င်းအမြစ်ကို သွေးသောက်ရ၏။

**အဆစ်ရောင်။** ။ အဆစ်အဆက် ရောင်ရမ်းသော ရောဂါ၌ ၎င်း၏ အသီးကို ...
က ပျောက်ကင်း၏။

**ဆီးချုပ်။** ။ ဆီးချုပ်သော ရောဂါ၌ ၎င်းအစေ့ကို စားက ပျောက်ကင်း၏။

---

# ချဉ်ပစ်ပင် ( ချဉ်ပျစ် )

လက်တင် Bauhinia Tomentosa

**ပုံသဏ္ဍာန်။** ။ ၎င်းသည် သီးတောင့်ရှည်များ သီးသော ပင်လတ်တမျိုး ဖြစ်၏၊ ပေ-၃၀-မှ ၄၀-အထိ မြင့်၏၊ ပင်စည်လုံးပတ်မှာ ၄-ပေ ၅-ပေ အထိ ရှိ၏၊ အကိုင်းအခက်အလက်များ ဖြန့်မိုး၍ ထွက်၏၊ အသီးတောင့်မှာ ၁၀-လက်မ ၁၂-လက်မထိ ရှည်၏၊ အနံမှာ ၁လက်မ သာသာခန့် ရှိ၏၊ အသီးတတောင့်မှာ အစေ့ ၂၀-၃၀ ထိ ရှိ၏၊ အရွက်သည် ဖလံရွက် ထက် ကြီး၏၊ အခေါက် မိုးပြာရောင် ရှိ၍ ပါး၏၊ အပွင့်သည် ခက်ရင်းသဏ္ဍာန် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအပင်၏ အခေါက်ကို အရေပြားရောဂါတို့၌ အသုံးပြုရ၏၊ ၎င်း၏ အပွင့်, အသီး, အစေ့တို့မှ ထွက်သော အဆီတို့ကို ဆေးတွင် အသုံးပြုရ၏၊ ၎င်းအသီးကို ကိုက်ခဲ နာကျင်ခြင်း, လေရောဂါ, ပန်းနာ, ပိုးရောဂါတို့တွင် သုံး၏၊ အစေ့မှ ထွက်သော အဆီကို ကိုက်ခဲ နာကျင်သော ရောဂါ နှင့် ဆံပင်သန်စေရာ၌ အသုံးပြုရ၏၊ ၎င်းအပွင့်စိမ်းရည်ကို ကျောက်ကပ်ရောဂါ၌ အသုံးပြုရ၏။

---

# ချဉ်ယုတ်ပင်

ဟိန္ဒီ काकड़ा

လက်တင် Garuga Pinnata

**ပုံသဏ္ဍာန်။** ။ ၎င်းအပင်မှာ ပေ ၇၀-ခန့် မြင့်၏၊ ၆-ပေမှ ၇-ပေ အထိ လုံးပတ်ရှိ၏၊ မြေပြန့် နှင့် တောင်နိမ့်များတွင် ပေါက်တတ်၏၊ အနှစ်သည် နီညိုရောင် ရှိ၏၊ အကာသည် ဖြူရောင် ရှိ၏၊ များသောအားဖြင့် ပဥ္စငါးပါးလုံး သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ ချဉ်၏၊ ပူသော သတ္တိ ရှိ၏၊ ဝိပါက၌ ချဉ်၏၊ ဝမ်းမီးကို တောက်စေ၏၊ အသီးမှည့်သည်၊ ချိုဖန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ သည်းခြေကို ပြုတတ်၏၊ အသီးမှည့်သည် ပြေပြစ်၏၊ သလိပ် နှင့် လေကို ပယ်တတ်၏၊ အခေါက်သည် အားအင် တောင့်တင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပန်းနာ။** ။ ၎င်း၏ အရွက် နှင့် မယားကြီးရွက်, ကုလားကြောင်ပန်းရွက်, ပင်စိမ်းရွက်တို့၏ သတ္တုရည်ကို ပျားရည်တွင် ရော၍ သောက်ခဲ့သော် ပန်းနာရောဂါ ပျောက်ကင်း၏။

**မျက်စိ။** ။ ၎င်း၏ အကိုင်းအရည်ကို ညှစ်၍ မျက်စဉ်းခတ်ပေးခဲ့သော် မျက်စိနာရောဂါမှ ပျောက်ကင်း၏။

---

# ခွာညို

**လက်တင်** Clematis Craibiana

**ပုံသဏ္ဌာန်။** ။ နွယ်အမျိုးအစား ဖြစ်၏၊ အရွက်သည် ကွမ်းရွက်ကဲ့သို့ ပါး၏၊ အရွက်သည် သစ်ကျားရွက်နှင့် တူ၏။

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ခါး၏၊ ပူ၏၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။တွန့်ရှုံ့စေတတ်၏၊ တွန်းကန်တတ်၏၊ နူးညံ့စွာ ဝမ်းသက်၏၊ ရေငတ်ရောဂါ, နှလုံးရောဂါ, နူနာ, အဖျားရောဂါ, သည်းခြေအန်ခြင်းတို့၌ သောက်ရာ၏၊ ယားယံခြင်း, အဖုအနာများ၌ လိမ်းကျံပေးရ၏။

---

# ခွေးတောက်နွယ်

သက္ကတ जीवन्ती कड़वी
ဟိန္ဒီ दोड़ी
**လက်တင်** Dregea volubilis

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ဇီဝန္တီမျိုးတွင် ပါဝင်၍ အရွက် နှင့် အရိုးတို့တွင် နို့စေး များ ထွက်၏၊ အသီးသီးသော အခါ ၂-တောင့်စီ တွဲ၍ သီးတတ်၏၊ ၎င်းအတောင့် မှည့်သော အခါ မှို့များ ထွက်လာ၏၊ ပုံသဏ္ဌာန်မှာ လူသိများ၍ ဤမျှသာ ဖော်ပြအပ်ပေသည်။

**အရသာ နှင့် အကျိုးသွား။** ။ ပူ၏၊ ခါး၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ မလတို့ကို ခိုင်မာ တောင့်တင်းစေ၏၊ သွေးကို ပွားစေ၏၊ ရတ္တပိတ်အနာကို ဖျက်ဆီးတတ်၏၊ ကာမကို အားပေး၏၊ နှုတ်ကို မြိန်စေ၏၊ သလိပ်ကို နိုင်၏၊ လည်ချောင်းနာ, လေရောဂါ, ဂူလုံး, ပြည်တုလာသရေရောဂါ, ပိုးနာ, နူနာ, အဆိပ်သင့်နာ, ပန်းနာ, ရင်ကျပ်, တုလာသရေရောဂါ နှင့် ကြွက်အဆိပ်သင့်နာတို့ကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာမီးလျှံနာ, ရေယုန်နာ။** ။ အရွက်ရည်ကို လိမ်းကျံလျှင် အနာမီးလျှံနာ, ရေယုန်နာ နှင့် အနာပေါက်များကို ပျောက်ကင်းစေ၏၊ အအေးပတ်ခြင်း နှင့် မျက်စိရောဂါတို့၌လည်း သုံးနိုင်၏။

**မှတ်ချက်။** ။ ခွေးတောက်ကို မြန်မာတို့သည် အရက်ချိုး ချသော ဆေး အနေဖြင့်လည်း သိထားကြ၏၊ ချိုးချပုံမှာ ခွေးတောက်ရွက်ကို ကြက်သားနှင့် ချက်စားကြ၏၊

ချက်

က်၏၊
ားယ်

ို့ဝေး
သော

စေ၏၊
စေ၏၊
န္နာ,
၏။


ျ်နာ,
ရာဂ၊


နေဖြင့်
ကြ၏၊

ခွေးလှေးယားပင် (အရိုင်း)

MUCUNA PRURIENS

कोंच





ခွေးလှေးယားပင်(အယဉ်)
MUCUNA PRURIENS
कौंछ

အရွက်ကို ဟင်းခါး ချက်သောက်ကြ၏၊ လေအောင့် လေထိုး ရောဂါများ၌၎င်း ဆီးရို လျက် ချုပ်သော မုတ္တဃာတ်ရောဂါ၌၎င်း များစွာ အသုံးဝင်၏၊ အချို့ ပျားသလက်နှင့် ကြော်စားကြ၏။

---

# ခွေးလှေးယားပင် ( ခွေးလယားပင် )

သက္ကတ ကပိကစ္ဆု — လက်တင် Mucuna Pruriens

ဟိန္ဒီ ကောံဆ — အင်္ဂလိပ် Cowitch Plant

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်မျိုး ဖြစ်၍ ပဲရွက်ကဲ့သို့ အရွက် ၃-ရွက် ထွက်တတ်၏၊ အပေါ်ဘက်၌ အမွေးများ ရှိ၏၊ အပွင့်မှာ ပဲပုဇွန်ပွင့်နှင့် တူ၏၊ အယဉ်မျိုး နှင့် အရိုင်းမျိုး ဟူ၍ ၂-မျိုး ရှိ၏၊ အရိုင်းမျိုးမှာ အသီးတောင့်သည် အလျား ၂ လက်မမှ ၃-လက်မခန့် ရှည်၏၊ ပွတ်တွဲ၍ သီးတတ်၏၊ အစေ့မှာလည်းသေး၏၊ အစေ့ နည်း၏၊ အစေ့ ရောင်မှာ ကြောင်ကြောင်ကျားကျား ရှိ၏၊ အမွေး လွန်စွာ များ၏၊ ၎င်းနှင့် တွေ့ထိလျှင် လွန်စွာ ယား၏၊ တောတွင် အလိုအလျောက် အလေ့ကျပေါက်တတ်၏၊ ၎င်းကို အရိုင်းမျိုး ဟု ဆိုအပ်၏၊ အယဉ်မျိုးကား အသီးတောင့်သည် ပို၍ကြီး၏၊ အစေ့လည်း ကြီး၏၊ အစေ့အရောင်မှာ နက်၏၊ အဖြူရောင် သက်သက်လည်း ရှိ၏၊ အယဉ်မျိုးသည် အမွေး အနည်းငယ် ရှိသော အယဉ် နှင့် အမွေး လုံးဝ မပါသော အယဉ် ဟူ၍ ၂-မျိုး ရှိ၏၊ မြို့ ဥယျာဉ် လယ်ယာတို့၌ စိုက်ပျိုး ရောင်းချ စားသောက်ကြ၏၊ အယဉ်မျိုး၏ အသီးတောင့်နုကိုကား ဟင်းလျာ အဖြစ် ချက်ပြုတ် စားကြ၏၊ မြန်မာတို့ကား များသောအားဖြင့် အစေ့ နှင့် အမြစ်ကို ဆေးအဖြစ်ဖြင့် အသုံးပြုကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ချို - ခါး၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏၊ လေ, သည်းခြေ ဒေါသကို နိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့သည် သုက်ကို ပွားစေ၏၊ အားကို ဖြစ်စေ၏၊ ဝဖြိုးစေ၏၊ နို့ရည်ကို ဖြစ်စေ၏၊ ၎င်းပြင် ရတ္တပိတ်, ပါဒရက်, သုက်ဒေါသတို့ကို နိုင်၏၊ လေးလံစေ၏၊ သံပိုးများကို နိုင်၏၊ အာရုံကြောများကို အားရှိစေ၏၊ သုက်သွေးကို ပွားစေတတ်၏၊ အမြစ်သည် အကြောများကို အားရှိစေ၏၊ ဆီးရွှင်စေ၏၊ အစေ့အိမ်၌ ကပ်နေသော အမွေးများသည် သံပိုး များကို ကျစေ၏၊ သွေး လေတို့ကို ကြွစေနိုင်သဖြင့် ထုံကျင်နေသော နေရာတို့၌ သုတ်ပေးရ၏၊ လိမ်းပေးရ၏။

## ရောဂါအလိုက် အသုံးပြုနည်း

ခွေးလှေးယားသီးသည် အဆိပ်အတောက် ရှိသော အသီးမျိုး ဖြစ်၏၊ များစွာစားလျှင် မူးဝေခြင်း ခေါင်းထိုးကိုက်ခြင်းတို့ ဖြစ်တတ်၏၊ နွားနို့တွင် ထိုအစေ့များကို ထည့်ပြုတ်၍

နွားနို့ကို သောက်ခဲ့သော် ထိုနို့သည် များစွာ အဆိပ်ကို ဖြစ်စေ၏၊ ကျမ်းဆရာ အသီးသီးမှ ခွေးလှေးယားစေ့ အသုံးပြုကြပုံနည်းများကို ကျမ်းတကာမှ ထုတ်၍ အနည်းငယ် ဖေါ်ပြပေးမည်။

**သွေးဝမ်း။** ။ ခွေးလှေးယားမြစ်မှုန့် အနည်းငယ်ကို ရေနှင့် ရော၍ သောက်ခဲ့သော် သွေးဝမ်းကျသော ရောဂါ ပျောက်ကင်း၏။ ( စရက )

**ပြင်းထန်သော ဝမ်းရောဂါ။** ။ ခွေးလှေးယားမြစ်ကို ၅-ပုံ ၁-ပုံကြွင်း ပြုတ်၍ ပျားရည်နှင့် ရော၍ သောက်ခဲ့သော် အလွန် ပြင်းထန်သော ကာလဝမ်းရောဂါများ ပျောက်ကင်း၏။

**ဆီးချုပ်နာ။** ။ ခွေးလှေးယားစေ့ အမှုန့် ၅-ရွေးသားခန့်ကို ရေနှင့် ရော၍ သောက်ခဲ့သော် ဆီးချုပ်သော ရောဂါပျောက်ကင်း၏။

**သွေးအန်, သွေးလျှံ။** ။ ခွေးလှေးယားစေ့ အနှကို ဟင်းအဖြစ်ဖြင့် ကြော်ချက်စားခဲ့သော် သွေးအန် သွေးလျှံရောဂါ ပျောက်ကင်း၏။

**လေရောဂါ။** ။ ခွေးလှေးယားမြစ် သတ္တုရည်ကို တလတိုင်အောင် ဆက်၍ သောက်ခဲ့သော် လေအားနည်း၍ ဖြစ်သော ရောဂါ လျှင်စွာ ပျောက်ကင်း၏။ (စက္ကဒတ္တ)

**ပန်းနာ။** ။ ခွေးလှေးယားစေ့ အမှုန့်ကို ပျားရည် ထောပတ်နှင့် ရော၍ လျက်ခဲ့သော် ပန်းနာရောဂါ ပျောက်ကင်း၏။

**ပိန်ကြုံနာ။** ။ ခွေးလှေးယားစေ့ကို ဧထောပတ်နှင့် ကြော်ချက်၍ စားခဲ့သော် ပိန်ကြုံသောရောဂါ ပျောက်ကင်းလိမ့်မည်၊ ၎င်းပြင် သုက်အားလည်း တိုးပွားလာပါလိမ့်မည်။

**ရေဖျဉ်း။** ။ ခွေးလှေးယားမြစ်ကို ကြိတ်၍ ရေဖျဉ်းရှိနေသော ပိုက်တွင် လိမ်းပေး၏၊ ၎င်းကို အတုံးငယ်ကလေး ပြု၍ ခြေဆစ်လက်ဆစ်တို့၌ ချည်နှောင် ထားပေးရ၏။

**လက်မောင်းသိမ်။** ။ ခွေးလှေးယားမြစ်၏ သတ္တုရည်ကို နေ့စဉ် သောက်သုံးခဲ့သော် လက်မောင်းသိမ်ရောဂါ ပျောက်ကင်း၏။

**ဆင်ခြေထောက်။** ။ ခွေးလှေးယားစေ့မြစ်မှုန့်ကို ဆီနှင့် ချက်ပြီးလျှင် ဆေးဖက်တို့ကို စစ်ထုတ်ပစ်၍ ၎င်းဆီကို လိမ်းပေးသော် ဆင်ခြေထောက်ရောဂါ ပျောက်ကင်း၏။ ( သုသုတ )

**ကင်းဆိပ်။** ။ ခွေးလှေးယားစေ့ကို ကြိတ်၍ ကင်းကိုက်ရာ၌ အုံပေးခဲ့သော် ကင်းဆိပ်သည် ပြေပျောက်၏။ ( သုသုတ )

**ရွဲစောင်း လေငန်း။** ။ ခွေးလှေးယားစေ့ကို အခွံချွတ်၍ နွားနို့နှင့် ကျိုသောက်ခဲ့သော် နှုတ်ခမ်းရွဲ့စောင်းခြင်း, မျက်စိရွဲ့စောင်းခြင်း စသော လေငန်း ရောဂါများ ပျောက်ကင်း၏။

ဖန်းဖျား။ ။ခွေးလှေးယား၏ အမြစ်ကို ၅-ပုံ တပုံကြွင်း ပြုတ်၍ သောက်ခဲ့သော် ဖျား။ လွန်ကဲခြင်းကြောင့် ကယောင်ကတန်း, ပတောက်ပရစ် ပြောဆို၍ ဖျားခြင်း ပျောက်ကင်း၏။

သားအိမ်လျှောနာ။ ။ခွေးလှေးယားမြစ်ကို ၄-ဘို့ တဘို့ကြွင်း ပြုတ်၍ သောက်ပါ၊ ထိုနောက် ၎င်းပြုတ်ရည်ဖြင့် ပင် သားအိမ်ကို ဆေးကြောပေးခဲ့သော် သားအိမ်လျှောခြင်း ကင်း၍ သားအိမ် အားရှိလာပါလိမ့်မည်။ ( ဘာဝပြကာသ )

သုက်အားနည်း။ ။ခွေးလှေးယားစေ့, ဆူးလေသီးစေ့, သကြားတို့ကို အမျှစီစု အမှုန့်ပြု၍ ၆-ပဲသားခန့် သောက်ပါ၊ နွားနို့ပူပူကို ထပ်သောက်ပါ၊ တနည်း — ဆေးတွင် သကြား မပါဘဲ ၂-မျိုးကို သာ အမှုန့် ပြု၍ ၂-ပဲသားခန့် သောက်ပါ၊ ထိုနောက် နွားနို့တွင် သကြား ထည့်၍ ချိုချို ပူပူ ထပ်သောက်ပါ။ ( သုဿုတ )

သုက်ပျက်။ ။ခွေးလှေးယားစေ့ကို အခြားသော အားရှိစေတတ်သည့် ဆေးဘက် မျိုးတို့နှင့် ရောစပ် မှီဝဲခဲ့သော် သုက်ပျက်သောရောဂါ ပျောက်ကင်း၏။

သုက်ရည်ယို။ ။ခွေးလှေးယားသီးနု အစိမ်းကို အရိပ်မှာ သွေ့အောင် လှန်း၍ နွားနို့ ၂၅-သားဖြင့် ကျိုပါ၊ ၎င်းကို နေ့စဉ် သုံးစွဲသွားခဲ့သော် သုက်ရည် အမျှင်မျှင် ကျဆင်းယိုစီး သော ရောဂါ, ကာမကြော အားနည်းသောရောဂါ, သုက်အားနည်းသောရောဂါများ ပျောက်ကင်း၏။

ကာလသားရောဂါ။ ။ခွေးလှေးယားစေ့ ၁၂-ပဲသားကိုကြိတ်၍ ရေ ၁၂-ကျပ် ဂ-ပဲ့သားနှင့် နေ့စဉ် ၇-ရက်တိုင်တိုင် သောက်ခဲ့သော် ကာလသားရောဂါ ပျောက်ကင်း၏။

သုက်လွတ်ရောဂါ။ ။ခွေးလှေးယားစေ့, မိချောင်းကွမ်းဖတ် ၁-သားစီ, သကြားခဲ ၂-သားတို့ကို ရောပြီး အမှုန့်ပြု၍ ၆-ပဲသားခန့် သောက်ပါ၊ ထိုနောက် နွားနို့ပူပူကို ထပ် သောက်ခဲ့သော် သုက်အားနည်းသောသူများ သုက်များ လာပါလိမ့်မည်၊ သုက်မြန် ရောဂါ, အလိုလိုကျဆင်းသော သုက်ရည်ယိုရောဂါများလည်း ပျောက်ကင်း၏၊ ညည့်-အိပ်မက် သုက်လွတ် ရောဂါများနှင့် အထူးသင့်လျော်၏။

တနည်းကား— ခွေးလှေးယားစေ့, ဆူးလေစေ့, သဘော်လက်ပံအမြစ်, ကညွတ်ကြီးဥ, ကြိုစုသီး, ဆင်တုံးမနွယ် ဥတလုံး, သကြားခဲ ၎င်းဆေး ၇-မျိုးတို့ကို အညီအမျှစီစု အမှုန့်ပြု၍ ၆-ပဲသားခန့် သောက်ပါ၊ ထိုနောက် နွားနို့တွင် ထောပတ် ၁-ဂ-ပဲသား ထည့်ရော၍ ထပ်သောက် ပါက ၎င်းရောဂါ ပျောက်ကင်း၏။ ( တနေ့ ၂-ကြိမ် သောက်သင့်၏ )

သုက်ထိန်းနည်း။ ။ခွေးလှေးယားမြစ် ၂-ပဲသားခန့်ကို ဖြုတ်တောက်ပြီးလျှင် စင်

ကြယ်အောင် ဆေးကြော၍ ကာမဂုဏ်သွားလာစဉ် ခံတွင်း၌ ထည့်သွင်း ငုံထားခဲ့သော် သုက်ကို ထိန်းသိမ်းနိုင်၏။

**အနာ အသားနု တက်ဆေး။** ။ ခွေးလှေးယားစေ့ ၃ ိ-သားကို ကြိတ်၍ ပန်းပွင့် ဆီ ၁၂ ိ-သားဖြင့် ချက်ပြီးလျှင် အဆီကို စစ်ယူ၍ မကျက်နိုင်သော အနာပျက်များကို လိမ်းပေး လျှင် အနာ အသားနု တက်၍ ကျက်လာလိမ့်မည်။

**အားတိုးဆေး။** ။ ဂျုံမှုန့်ကို ခွေးလှေးယားစေ့နှင့် ရောစပ်ချက်၍ အေးအောင် ထားပြီးနောက် ထောပတ်နှင့် ရော၍ သောက်ပါ၊ ၎င်းနောက် နို့ကို ဆက်သောက်ပါက အပျို အားကို တိုးပွားစေ၏။

တနည်းကား – ၎င်းအစေ့ ၂၄ ိ-သားကို နွားနို့ ၂-ပိဿာ ၂၀-သားဖြင့် နွားနို့ မရှိ သည် အထိ ပြုတ်၍ ၎င်းနောက် အစေ့များကို အခွံနွာ၍ ထောပတ်နှင့် ကြော်ပါ၊ ထိုကြော်ပြီး သော နွားနို့ ထောပတ် ခွေးလှေးယားစေ့တို့၏ အလေးချိန် ၂-ဆ သကြားနှင့် တေ၍ ၁-သား ခန့် အလုံးကလေးများ လုံးပြီးနောက် ပျားရည်ထဲတွင် စိမ်ပါ၊ နေ့စဉ် တနေ့ တလုံးကျ စားပါက ကာမအားကို တိုးပွားစေနိုင်၏၊ ၎င်းပြင် မီးရတ်သွေးလွန်ခြင်း လေဖြတ်ခြင်းတို့၌လည်း အကျိုးပြု၏။

**သံကျဆေး။** ။ သကာရည်, သကြားရည် သို့မဟုတ် ပျားရည် ရရာ တခုခုတွင် ခွေးလှေးယားရိုင်း၏ အသီးတောင့်ကို ထည့်၍ အမွေးနုများကို ပျားရည်ထဲတွင် ပျစ်လာသည် အထိ မွှေပြီးနောက် အဖတ်အတောင့်များကို ဆယ်ယူပစ်ပါ၊ ထိုမှ ကြွင်းကျန်သော အရည်ကို ကလေးဖြစ်လျှင် လဘက်ရည်ဇွန်း တဇွန်း, လူကြီးဆိုလျှင် စားပွဲဇွန်းဖြင့် တဇွန်းကို ၃-၄-ရက် ဆက်သောက်ပါ၊ ထိုနောက် ဝမ်းနှုတ်ဆေးကို စားပေးလျှင် ဝမ်းတွင်းရှိ သံပိုးများ ကျဆင်း လာ၏။

မှတ်ချက်။ ။ မာဂဓအဘိဓာန်၌ "ကပိကစ္ဆု, ဒုဖဿ" ဟူ၍ ပရိယာယ် ၂-ပုဒ် ပါရှိ၏၊ ကပိ နှင့် ကဝိ သဒ္ဒါတို့သည် မျောက်သတ္တဝါ အနက်ကို ဟောကုန်၏၊ ကစ္ဆု-သဒ္ဒါကား ယားယံခြင်းကို ဟော၏၊ အမရကောသဋီကာ၌ ဖွင့်ပြထားသည်မှာ မျောက်ကဲ့သို့သော အမွေးငယ်များ ရှိ၍ ၎င်းအမွေးကြောင့် ယားယံတတ်သော ( ကပိကစ္ဆု ) အပင် ဟု အဓိပ္ပါယ်ရသည်၊ မြန်မာတို့ကား ခွေးလှေးပင်, ခွေးငယ်ရိုင်းပင် ဟု ခေါ်ကြသည်၊ ထိုမှ တဆင့် ခွေးလှေးယားပင်, ခွေးလယားပင်, ခွေးလေးယားပင် ဟူ၍လည်း ခေါ်ဝေါ် ရေးသားကြသည်ကို တွေ့ရသည်၊ အာယုဗ္ဗေဒပိန္နော်ဆရာကြီးတို့သည် ဆေးအရာ၌ များစွာ အသုံးပြုကြသဖြင့် နိဃဏ္ဍုကျမ်းတို့၌ ထိုအပင်၏ အကြောင်းကို များစွာ ဖွင့်ဆိုထားကြ ပေသည်။

---

ခင်ပုပ် (ဂင်ပုပ်)
VALLARIS SOLANA
दू घोबोल



# ခွေးအစိုးပင် (ပိဘုတ်တမျိုး)

သက္ကတ प्रसारणी — လက်တင် Convolvulus arvensis
ဟိန္ဒီ हिरणपद्दी — အင်္ဂလိပ် Bird weed

**ပုံသဏ္ဌာန်။** ။ အေးသော ရာသီဥတု၌ ပေါက်သော နွယ်ပင်မျိုး ဖြစ်၏၊ အစေး ရှိ၏၊ အရွက် ရှည်၍ သမင်ခြေတောက်နှင့် တူ၏၊ အပွင့် အဖြူ, နှင်းဆီရောင်, ခရမ်းရောင် အသီး လုံး၍ ချွန်၏၊ အစေ့ ၄-စေ့ ရှိ၏၊ အရွက်ကို တို့မြှုပ် စားကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် ဝမ်းသက်စေ၏၊ ဣန္ဒိယပြည် ပန်ဂျပ်နယ်၌ ဝမ်း ။ ကဖြစ် အသုံးပြုကြ၏၊ အရွက်သည် ဝဖြိုးစေ၏၊ ကြိတ်၍ အဖုအနာများ၌ ပတ်တီး ၏၊ အရွက်ကို ချက်စားကြ၏၊ ၎င်းအရွက်ကို ကြံဟင်းကြီး အစား အသုံးပြုကြ၏။

---

# ခွံပြောင်း (ပြောင်းဖူး)
## (ဆန်ပြောင်း)

သက္ကတ दिर्घमाला — လက်တင် Sorghum Vulgare
ဟိန္ဒီ जुआर — အင်္ဂလိပ် Great millet

**ကရသာ နှင့် အကျိုးသွား။** ။ အစေ့သည် အေး၏၊ ချို၏၊ ကြေကျက်ခဲ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကာမသတ္တိကို ဖြစ်ပွားစေ၏၊ နှုတ်ကို မြိန်စေ၏၊ သလိပ်ကို ၊ သည်းခြေပျက်နာ, သွေးကြောင့် ဖြစ်သော ရောဂါ, မြင်းသရိုက်ရောဂါ, အနာယင်းခြင်း, ကြိတ်များကို ပျောက်ကင်းစေ၏။

---

# ခင်ပုပ် (ဂင်ဘုတ်)

သက္ကတ भद्रमुंज
ဟိန္ဒီ दूध,बेल
လက်တင် Vallaris solanacea

**ပုံသဏ္ဌာန်။** ။ သူတပါးကို မှီတတ်သော နွယ်ချုံမျိုး ဖြစ်၏၊ အခေါက် ထူ၏၊ ဖျောင်သန်း၍ ဖြူ၏၊ နူးညံ့၏၊ အရွက်သည် ၂-လက်မခွဲခန့်မှ ၁၀-လက်မခန့် ထိ ရှည်၏၊

၁·လက်မမှ ၁·လက်မခွဲ အထိ ကျယ်၏၊ အပွင့် ဖြူ၍ မွှေး၏၊ အကိုင်းအခက်များကို နို့ရည်ကဲ့သို့ ထွက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေးသည် အရေဖျားကို အနည်းငယ် ပူစေသော အဖြစ်ဖြင့် အသုံးပြုရ၏၊ နာတာရှည်, အနာပေါက် ရောဂါ, ရောင်တင်းခြင်းတို့၌ လိမ်း ရှေးက ရဟန်းတော်များ ဒန်ပူ လုပ်၍ အသုံးပြုကြခြင်းကြောင့် ဒန်ပူသား ဟူ၍လည်း ခေါ်

---

[ ဂ ]

# ဂမုန်းကွင်းထိုး

သက္ကတ **चक्रांगी**

ဟိန္ဒီ **सुखदर्शन**

လက်တင် Crinum latifolium

**ပုံသဏ္ဌာန်။** ။ အပွင့် ဖြူ၏၊ မွှေး၏၊ ကိုယ်ရုံငယ်မျိုး ဖြစ်၍ ကြံရွက်နှင့် တူ၏၊ တို့သည် ကွင်းထိုး၏၊ ဥ - ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အလွန် ဖန်၏၊ ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းဥသည် အန်စေ၏၊ ဝမ်းသွားစေ၏၊ အဖျားကို ဥ·ကို လိမ်းလျှင် ယားယံ၏၊ အရေပြားနှင့် ထိလျှင် အဖုအပိမ့် ပေါက်တတ်၏။


## ရောဂါအလိုက် အသုံးပြုနည်း

**အဖုအပိမ့်။** ။ သာမည တိရစ္ဆာန်များတွင် အဖုအပိမ့်များ ပေါက်ခဲ့သော် ကြိတ်ချေ၍ လိမ်းပေးရ၏။

**အဆစ်ရောင်။** ။ ၎င်းဥကို မီးတွင် အခိုးသတ် လှော်၍ လူတို့၌ ဖြစ်သော အဆ သော ရောဂါများကို လိမ်းပေးလျှင် ထိုရောဂါသည် ပျောက်ကင်းနိုင်၏။

**နားရောဂါ။** ။ နားကိုက် - နားနာ ဖြစ်ရာတွင် အရွက်၏ သတ္တုရည်ကို ထည့်ပေးခဲ့သော် ၎င်းနားရောဂါသည် ပျောက်ကင်း၏၊

---



ဂမုန်းသယ်ာစဦ

EULOPHIA CAMPESTRIS

सालिब मिश्री

# ဂမုန်းသဉ်ဘစဉ်

သက္ကတ स्‌धामूली

ဟိန္ဒီ सालिब मिश्री

လက်တင် Eulophia campestris

**ပုံသဏ္ဌာန်။** ။ဂမုန်းသဉ်ဘစဉ်သည် အပင်ငယ်မျိုး ဖြစ်၏၊ အရွက်သည် အမြွေးများ ဖုံးထားသော ပင်စည်မှ ထွက်၏၊ အပွင့်များသည် ပွင့်လာပြီးမှ ထွားကြိုင်းလာ၏၊ အပွင့်သည် အဝါရောင်, ခရမ်းရောင် အမှတ်ကလေးများနှင့် အတူ အဝါရောင် သို့မဟုတ် အစိမ်းရောင် ရှိ၏၊ များသော အားဖြင့် ခရမ်းရောင် အပွင့်များကို သာ အတွေ့များ၏၊ ဥများသည် တဥ နှင့် တဥ တန်းစီ၍ ဆက်၍ ဥ၏၊ ထိုကြောင့် သဉ်ဘစဉ် ဟု ခေါ်၏။

**အရသာ နှင့် အကျိုးသွား။** ။အမြစ်ဥသည် ချို၏၊ ဖန်၏၊ ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဆာလောင် မွတ်သိပ်ခြင်းကို ဖြစ်စေတတ်၏၊ ကြေကျက်ခဲ၏၊ အသက်ကို ရှည်စေတတ်၏၊ ကာမကို အားပေး၏၊ အကြောတို့ကို တွန့်ရှုံ့စေတတ်၏၊ ဝဖြိုးစေတတ်၏၊ ဓာတ်တို့ကို ပြောင်းလဲစေတတ်၏၊ သွေးတို့ကို စင်ကြယ်စေတတ်၏၊ နှလုံးရောဂါ, သွက်ချာပါဒ, မြစ်ခြောက်နာ, ဆီးချို, ကျောက်တည် ရောဂါတို့၌ အကျိုးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပန်းသေရောဂါ, ဝမ်းပျက်ရောဂါ။** ။အစာမကြေ ဝမ်းပျက်ရောဂါ၌ဂျင်း ပန်းသေ ပန်းညှိုးရောဂါ၌ဂျင်း ဂျင်းဥကို ကြိတ်၍ နွားနို့နှင့် ကျို၍ သောက်သော် အလွန် ကောင်း၏။

**ကာမကြောအားနည်း။** ။ကာမကြော အားနည်းခြင်း၌ ဂျင်းဥအမှုန့်ကို အခြား သင့်တော်သော ဥမ္မန်ဥ စသော ဆေးဘက်များနှင့် ဖျော်သောက်ရ၏၊ သွက်ချာပါဒ ရောဂါ၌လည်း ကောင်း၏။

---

# ဂမ္ဘုန်တောင်ပံ

သက္ကတ शांखपुष्पी

ဟိန္ဒီ शंखाहुली

လက်တင် Evolvulus Alsinoides

**ပုံသဏ္ဌာန်။** ။မဲပင်မျိုးနှင့် လွန်စွာ တူ၏၊ ပင်ငယ်မျိုး ဖြစ်၏၊ အကိုင်း အခက်

ငယ်များ လွန်စွာ ပွား၏၊ အသီးတောင့်ရှည်ကလေးများ သီး၏၊ လမ်းဘေး စိမ်းစိုသောနေရာ၌ နေရာမရွေး ပေါက်တတ်၏၊ များသောအားဖြင့် ပဥ္စင်္ဂါးပါးလုံးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန် - ခါး - စပ်၏၊ မပူမအေး၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆီးရှင်စေ၏၊ သတိ, ပညာ, ခွန်အား, အဆင်းအရောင် တို့ကို ဖြစ်ပွားစေ၏၊ ဝမ်းမီးကို တောက်စေ၏၊ အသံ ကောင်းစေ၏၊ လေ သည်းခြေကို နိုင်၏၊ စိတ်၌ ဖြစ်သော ရောဂါတို့ကို ပျောက်ကင်းစေ၏၊ နူနာ, ပိုး, အဆိပ်, ဝက်ရူး, ဂြိုဟ်ဖမ်းစားခြင်း စသည်တို့ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ သခ်ပုပ္ဖိ - ဂဋ္ဌုန်ဘောင်ပံသည် အောက်ပါအတိုင်း ၃-မျိုး ရှိ၏။

၁ အဖြူ – သေတသခ်ပုပ္ဖိ လက်တင်ဘာသာအားဖြင့် Evolvulus.

၂ အနီ – ရတ္တသခ်ပုပ္ဖိ ။ V. Alsindiies.

၃ အညို – ဗိဿကကြန္တာ ။ E. Hin sutus.

သာလိဂါမနိဃဏ္ဍုကျမ်း၌ ခရုသင်းမြက်မျိုး ခေါ် အသိုက်မျက် တမျိုးကိုပုံဖြင့် ပြ၏၊ ဝနပ္ပတိပရိစယ ကျမ်း၌ကား ဂဋ္ဌုန်တောင်ပံပင်ကို ပြထား၏၊ ဤသို့လျှင် နိဃဏ္ဍု ကျမ်းများသည် အဆိုမညီကြချေ၊ ဂဋ္ဌုန်တောင်ပံပင်သည် မဲရိုင်းပင်တို့၏ ကြားတွင် ပေါက်တတ်၏၊ မဲရိုင်းတို့က ပင်တောင်ငယ်ချိုး ဖြစ်၏၊ ဂဋ္ဌုန်တောင်ပံသည် မြေဝပ် အပင်မျိုး ဖြစ်၏၊ အချို့ အရပ်ဒေသ၌ မဲရိုင်းဖြူ ဟု ခေါ်ကြသည်၊ လက်တွေ့ သုံးကြ သည်ကို တွေ့ရသည်မှာ မြွေဆိပ်တက်ရာ၌ ပဥ္စင်္ဂါးပါး ပြုတ်သောက်၍ အမြစ်ကို စုတ်နှင့် ထိုး၏၊ ဆီးပူရောဂါအတွက် ပြုတ်သောက်ကြ၏။

---

# ဂဋ္ဌုန်တောင်ပံဆီ

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ စပ်ရှားရှား ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေ, သလိပ်ကို ပယ်တတ်၏၊ ထက်မြက်၏၊ ဆီးဝမ်းကို ရှင်စေ၏၊ ကြေကျက်လွယ်၏။ ပိုးရောဂါ, နူနာ, မြင်းသရိုက်, တုလာသရော, သုက်ရောဂါ, အဆီ ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

---



ဂငှုန်တောင်ပံ
EVOLVULUS ALSINOIDES
शांखाहुली

# ဂေါ်ဘီထုပ်

ဟိန္ဒီ **करमकल्ला (पत्ता गोभी)**

လက်တင် Brassica oleracea

အင်္ဂလိပ် Cabbage

**ဂုဏ် နှင့် စွမ်းရည်။** ။ ဒေါသသုံးပါး နှင့် အညစ်အကြေး (မသ) များကို ကြေကျက်စေတတ်၏၊ အစိမ်းစားလျှင် ဝမ်းလျှောစေ၍ ချက်စားလျှင် ဝမ်းချုပ်စေ၏၊ ၎င်းအပင်သည် ကာမကို အားပေး၏၊ မီးရတ်ကို မှန်စေ၏၊ မျက်စိကို ကြည်လင်စေ၏၊ နာတာရှည် ချောင်းဆိုးများကို ပျောက်ကင်းစေ၏၊ ဝမ်းတွင်းရှိ ပိုးများကို ဖျက်ဆီးတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဝမ်းတွင်းကျောက်။** ။ ၎င်း၏ အမြစ်ကို ပြာချ၍ စားခဲ့သော် ဝမ်းတွင်းရှိ ကျောက်များ ပြိုကျ၏။

**အဆိပ်ကျ။** ။ ၎င်း၏ အမြစ်ကို ပြာချ၍ စားခဲ့သော် မြွေဆိပ်, ကင်းဆိပ်တို့ ကျဆင်း၏။

**ကျပ်တီးနာ။** ။ ၎င်း၏ အမြစ်ကို ပြာချ၍ အနာဖြစ်ရာ၌ လိမ်းပေးသော် ကျပ်တီးနာမှ ပျောက်ကင်း၏။

---

# ဂေါ်ဘီရိုင်း

သက္ကတ **अधोमुखा (गोभी)**

ဟိန္ဒီ **वन गोभी**

လက်တင် Elephontopus Scaber

**အရသာ နှင့် အကျိုးသွား။** ။ အေး၏၊ ခါး၏၊ ဖန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်မြက်၏၊ အနာကို အသားနု တက်စေ၏၊ အူကို တွန့်ရှုံ့စေ၏၊ အဖျားကို ပယ်တတ်၏၊ ပိုးကို နိုင်၏၊ လေကို ပွားစေ၏၊ သလိပ် နှင့် သည်းခြေကို နိုင်၏၊ နှလုံးကို အားပေး၏၊ ၎င်းပြင် တုလာသရောဂါ, ချောင်းဆိုးနာ, သွေးဖေါက်ပြန်နာ, အနာပေါက်များ နှင့် အဖျားရောဂါတို့ကို နိုင်နင်း၏၊ ခံတွင်းမကောင်းသည်ကို ပြုပြင်တတ်၏၊ ပွေး,

နှလုံး, ဆီး, လည်ချောင်း အာစောက် ပူသောအနာ, အဆိပ်သင့်၍ ဖြစ်သော ရောဂါ အမျိုးမျိုး, ကျောက်ကလေးရောဂါများကို ကင်းဝေးစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အစာသစ်အိမ်ရောင်ရောဂါ။** ။ ၎င်းအရွက်ကို ထု၍ ဆန်နှင့် ရောကျိုပါ၊ ထိုနောက် ၎င်းအချည်ကို စစ်၍ သောက်ပါက အစာသစ်အိမ် ရောင်ရမ်းသော ရောဂါသည် လျင်မြန်စွာ ပျောက်ကင်း၏။

**သွေးအန်ရောဂါ။** ။ ၎င်းအရွက်ကို ရေနှင့် ရော၍ ကြိတ်ပါ၊ တခွက်စာလျှင် ၁၂-ပဲသားမှ ၁-ကျပ် ဂ-ပဲသား အထိ သောက်လျှင် သွေးဖေါက်ပြန်၍ အန်သော ရောဂါမှ ပျောက်ကင်း၏။

**အသံပျက်ရောဂါ။** ။ ၎င်းအရွက် နှင့် အရိုးတို့ကို ကျို၍ ပျားရည်နှင့် သောက်ပါ လျှင် အသံပျက်ရောဂါမှ ပျောက်ကင်း၏။

**သွေးတုလာသရောရောဂါ။** ။ ၎င်းအရွက်ကို ဟင်းချက်၍ စားပါက သွေးတုလာ သရောရောဂါမှ ပျောက်ကင်း၏။

**ဆီးချုပ်ရောဂါ။** ။ ၎င်းအမြစ်ကို ကျို၍ သောက်ပါက ဆီးချုပ်ရောဂါ ပျောက် ကင်း၏။

**ဆီးအောင့်ရောဂါ။** ။ ၎င်း၏ ပဥ္စင်္ဂါးပါးကို ကျို၍ သောက်ပါက ဆီးအောင့် ရောဂါ ပျောက်ကင်း၏၊ တနည်း — ၎င်းအရွက်ကို ကျို၍ အရည်ကို စစ်ပြီးလျှင် သကြား အနည်းငယ် ရော၍ သောက်ပါက ဆီးအောင့်ရောဂါ ပျောက်ကင်း၏။

---

## ဂန္ဓမာ (ဆေး)

သက္ကတ शतपत्रिका

ဟိန္ဒီ गुलदाउदी

လက်တင် Chrysanthemum Coronarium


**ပုံသဏ္ဌာန်။** ။ ၎င်းသည် ပင်ငယ်မျိုး ဖြစ်၏၊ ၎င်းအမြစ်ကို စားပါက ကွက်ကျရက်ကို စားသကဲ့သို့ ပါးစပ်တွင် စစ်စစ်စစ် ဟု ဖြစ်၏၊ ၎င်းမှာ ၂-မျိုး ရှိ၏၊ တမျိုးမှာ ပြောင်ချော ဖြစ်၍ တမျိုးမှာ ဆူး ရှိ၏၊ ဆူးရှိသော အမျိုးကို သက္ကတလို "ကုဂျာ" ဟု ခေါ်၏၊ ဟိန္ဒီလို "ဆဒ



ဂန္ဓမာ ( ဆေး )

CHRYSANTHEMUM CORONARIUM

गुलदाउदी



ဂန္ဓာစိမ်းပင်

PROSOPIS SPICIGERA

शमी

[...]" ဟု ခေါ်၏၊ အပွင့်မှာ အဖြူရောင်, အဝါရောင်, အဝါပျော့ရောင် ဟူ၍ ရှိ၏၊ အနံ့မှာ [...]။

**ဟရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ အေးသော သတ္တိ ရှိ၏၊ ကြေကျက်သွားသော [...]ါ (ပိပါက) ၌ စပ်၏၊ ဒေါသသုံးပါးကို နိုင်၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝပြိုးစေ၏၊ သုက်ပွားစေ၏၊ နှလုံးကို အကျိုးပြု၏၊ ထက်မြက်၏၊ [...]၏၊ အရောင်အဆင်းကို ဖြစ်စေ၏၊ သွေးဖေါက်ပြန်, ပူလောင်ခြင်း, ပါးစပ်ကွဲ, ညောင်းကျ, [...]အနံသွေးကျ ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ထိုးအောင့်။** ။ ၎င်းအရွက်ကို ရေတက်ကောင်းနှင့် ရော၍ ကြိတ်ပြီး သောက်ခဲ့သော် [...]အောင့်ရောဂါမှ ပျောက်ကင်း၏။

**မှတ်ချက်။** ။ နိဃဏ္ဍုကျမ်းများ၌ ဂန္ဓမာကို နှင်းဆီအုပ်စုတွင် ထည့်သွင်း ပြဆို၏၊ ယိုဂန္ဓမာပင်ကို ဆူး ရှိ မရှိ ၂-မျိုး ခွဲ၏၊ ဆူးရှိသော အပင်မျိုးကို တရုတ်နှင်းဆီမျိုး ဟု ဆို၏။

---

# ဂန္ဓာစိမ်းပင်

| | | | |
|---|---|---|---|
| သက္ကတ | शमी | လက်တင် | Prosopis spicigera |
| ဟိန္ဒီ | छोंकर | အင်္ဂလိပ် | Mesquite |

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ၁၅-ပေ, ၃၀-ပေ အထိ မြင့်၏၊ အပွင့် အနည်းငယ် ဖြူ [...]ဝင်သန်းလျက် ဝါ၏၊ အသီးတောင့်မှာ အဖြူရောင် ရှိ၍ ၄-လက်မမှ ၈-လက်မ အထိ ရှည်ပြီး [...]မှာ ၁၀-စေ့, ၁၅-စေ့ အထိ ရှိ၏၊ ပဉ္စင်္ဂါးပါးလုံးကို သုံး၏၊ (အချို့ "မြစိမ်းပင်" ဟူ၍ [...] ခေါ်၏။)

**အရသာ နှင့် အကျိုးသွား။** ။ အရွက်မှာ ခါး၏၊ စပ်ဖျင်းဖျင်း ရှိ၏၊ အေးသော [...] ရှိ၏၊ ဖန်၏၊ ဝမ်းသက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ်, ချောင်းဆိုး, မူးဝေ, ရင်ကျပ်, ညောင်းကျ, ပိုးနာ [...]ကို နိုင်၏၊ ၎င်းအသီးသည် သည်းခြေကို အားပေး၏၊ ပညာကို ပွားစေ၏၊ ဆံပင်ကို ဖျက်ဆီး [...]၏။

## ရောဂါအလိုက် အသုံးပြုနည်း

နှာခေါင်း, သွား အဆိပ်ပြေ။ ။ ၎င်းဂန္ဓာစိမ်းခေါက်, တမာခေါက်, ညောင်

တို့ကို ကြိတ်၍ လိမ်းလျှင် နှာခေါင်း နှင့် သွားတို့တွင် ကပ်တွယ် ကျရောက်သော အ

ပြေပျောက်စေ၏။

---

# ဂျူနီပါးပင်

| | | | |
|---|---|---|---|
| သက္ကတ | हपुषा | လက်တင် | Juniperus Communis |
| ဟိန္ဒီ | हाऊबेर | အင်္ဂလိပ် | Juniper |

ပုံသဏ္ဌာန်။ ။ ၎င်းအပင်သည် ၆-ပေမှ ၇-ပေ အထိ မြင့်၍ အပင်လုံး ၂-ပေခွဲခန့် ရှိ၏၊ အခေါက်မှာ မီးခိုးရောင် ရှိ၍ အကိုင်းအခက် အလက်ကလေးများသည် အသီးသည်လည်း ချို၍ မွှေး၏၊ အရွက်မှာ စိမ်းရောင် ရှိ၏၊ အသီးမှာ ညောင်စေ့ အခြေ ရှိ၏၊ အသီးတလုံးတွင် အစေ့မှာ ၃-စေ့ခန့် ရှိ၏၊ အသီးသည် မမှည့်မီ ရင့်လာသောအခါ ရှိ၍ မှည့်လာသောအခါ ချိပ်ကဲ့သို့ ဖြစ်ပြီး ခြောက်ထပ် သွား၏၊ အရောင်မှာ အဝါ ဖျော့ဖျော့ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းသည် စပ်ဖျဥ်းဖျဥ်း ရှိ၏၊ ခါး၏၊ လေး၏၊ ဝမ်းမီးတောက်၏။

ဂုဏ် နှင့် စွမ်းရည်။ ။ ဆာလောင် မွတ်သိပ်စေ၏၊ ဝမ်းကြောတင်းရောင် ကင်းစေ၏၊ ပိုး နှင့် အဆိပ်ကို နိုင်၏၊ ဝမ်းလျှောစေတတ်၏၊ သွေးဝမ်းသွား နှင့် ရင်ဘတ် ရောဂါ, ကျောက်တည်ရောဂါ, အသည်းကြီးသောရောဂါ, ဝမ်းပိုက် နာကျဉ်ခြင်း, ရောဂါ, ကင်ဆာရောဂါ, ကလေးများ ချောင်းဆိုး, လည်ချောင်းပူခြင်း, ဝမ်းချုပ်ခြင်း အသုံးပြုရ၏၊ ၎င်းအသီးသည် ဆီးကို ရွှင်စေတတ်၏၊ အသည်းရောင်ဖျဉ်း, ရေဖျဉ်း, နှလုံး ဖျဉ်း အမျိုးမျိုးကို နိုင်၏။

**မှတ်ချက်။** ။ ၎င်းကို ရှေးက ဆေးကျမ်းကြီးများတွင် "ဟာဥဗေလ်" ဟူ၍၎င်း, "ဟပုသာ" ဟူ၍၎င်း, "ဗေါက်မွဲ" ဟူ၍၎င်း, "ပေါက်မွဲ" ဟူ၍၎င်း ပြန်ဆို ရေး ကြကုန်၏၊ ကျွန်ုပ်တို့သည် မြန်မာလို ပြန်ဆိုနိုင်ရန် ကြိုးစား ရှာဖွေ သော်လည်း ၎င်း မှန်မှာ "ဂျူနီပါးပင် (အင်္ဂလိပ်လို)" ဖြစ်နေသည်ကို တွေ့ရသည်၊ သို့ဖြစ်၍ ဆက်လက်ပြီး မြန်မာလို ကြိုးစား ရှာဖွေနေဆဲ ဖြစ်၏။

---

# ဂျူးမြစ်

**လက်တင်** Allium Tuberosum

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ကြက်သွန်ဥ သဏ္ဌာန် ရှိ၏၊ အရွက်လည်း သဏ္ဌာန် တူ၏၊ အနံ့ လွန်စွာ များ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ယိုစီးသော ရောဂါ၌ အသုံးပြုရ၏၊ မြန်မာတို့သည် ချဉ်ပေါင်းချက် စားခြင်း, အတို့အမြှုပ် လုပ်စားခြင်း, သနပ်စုံ ပ်လုခြင်းဖြင့် လွန်စွာ အသုံးဝင်၍ နံ့မြိန်စေသည့် အမြစ်မျိုး ဖြစ်၏၊ ၎င်းကို စားသောက်ခြင်းဖြင့် သုက်မြန်ခြင်း, အိပ်မက်သုက်လွှတ်ခြင်းတို့ကို ပျောက်ကင်းစေ၏။

---

# ဂျုံကြီး ( မျိုင်းခြေထောက် )

**သက္ကတ** रक्तझाऊ

**ဟိန္ဒီ** लाल झाऊ

**လက်တင်** Tamerix Articulata

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ အကိုင်းအခက် များ၏၊ အရွက်သည် သေးငယ်၏၊ အမြေး ဖုံးထား၏၊ အပွင့်မှာ ၁-လက်မ၏ ၁၀-ပုံ ၂-ပုံခန့် အချင်း ရှိ၏၊ လုံပုံသဏ္ဌာန် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းအခေါက်သည် ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် ချုပ်၏၊ တောင့်တင်းစေတတ်၏၊ တွန့်ရှုံ့စေတတ်၏၊ ၎င်း၏အခေါက်ပြာသည် ဆီးကို ရှင်စေတတ်၏၊ သာမည အားဖြင့် ၎င်းသည် ပဥ္စကာနီနှင့် ဂုဏ်သတ္တိချင်း တူ၍ ၎င်းကို ပဥ္စကာနီသီးအစား အသုံးပြုရ၏၊ ၎င်းကို စားရသော ပမာဏအတာမှာ ၅-ပဲသား ဖြစ်၏၊ ၎င်းအခေါက်ပြုတ်ရည်ကို ဖက်ရည် အဖြစ် ပါးစပ်တွင် ငုံမသာ် ပါးစပ် အပူလောင်၍ အဖုအပိမ့် ပေါက်ခြင်းများ ပျောက်ကင်း၏။

---

# ဂျုံပန်းပင်

**ဟိန္ဒီ** सालपन

**လက်တင်** Flemingia chappar

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ၃-ပေခွဲခန့် မြင့်၏၊ အရွက်မှာ သေးငယ်၍ အမွေးရှင် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းအပင်၏ အမြစ်ကို ဝက်ရူးရောဂါ၌၎င်း, အိပ်ဆေး၌၎င်း အသုံးပြုရ၏။

---

# ဂျောင်ဖြူပင်

**ပန်ချာဗီ** **चमरो**

**လက်တင်** Ehretia Laevis

**ပုံသဏ္ဍာန်။** ။ ပင်နုမျိုး ဖြစ်၏၊ အကိုင်းအခက်များလည်း နုနယ်၏၊ အပင် နီမှိုင်း၏၊ အရွက်သည် ၁-လက်မမှ ၂-လက်မခွဲ အထိ ရှည်၍ လက်မဝက်မှ တလက်မခွဲ အထိ ရှိ၏၊ ပတ်လည်တွင် ခွေးသွားစိတ်ကလေးများ ရှိ၏၊ ပွင့်ဖတ်အုံသည် တလက်မ၏ ၁၀-ပုံ ၁-ပုံ ရှိ၍ အပြင်တွင် အမွေးကလေးများ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်ပြုတ်ရည်ကို ရောဂါ အမျိုးမျိုးတို့၌ အသုံးပြုရ၏။

---

# ဂုံခါး

**သက္ကတ** **तिक्त जीवन्ती**


**ဟိန္ဒီ** **डोरी**

**လက်တင်** Leptadenia reticulata

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အခြားသော အပင်တို့ကို မှီ၍ တက်သော နွယ်မျိုး ဖြစ်၏၊ အပွင့် ငယ်၏၊ ဖြူ၏၊ မွှေး၏၊ ၎င်းဂုံသည် ဂုံချို, ဂုံးခါး, ဂုံသမြား, ဂုံလက်တို, ဂုံဗောဓိ ဟူ၍ ၅-မျိုး ရှိကြောင်း သိရ၏၊ ဆေးတွင်မူ ဂုံခါး သာလျှင် အသုံးများကြ၏၊ သုံးသောအခါ အမြစ်ကို များသောအားဖြင့် သုံးကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ချို၏၊ ဖန်၏၊ ခါးသက်သက် **စပ်ရှားရှား** ရှိ၏၊ ပူ၏၊ ဝိပါက၌ စပ်၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ နှုတ်ကို မြိန်စေ၏၊ ဝဖြိုးစေ၏၊ ကာမကို အားပေး၏၊ အသံကို စင်ကြယ်စေ၏၊ ပညာကို ပွားစေ၏၊ အသက်ကို ရှည်စေ၏၊ လေ, သလိပ်ကို နိုင်၏၊ ၎င်းပြင် ကာလသား, ဝါသင့်, ခယရုဂ်, ချောင်းဆိုး, တုလာသရော, ပါဒရက်, အစာမကြေ, လေပြည့်, ဂူလုံး, အဆိပ် နှင့် အဖျားရောဂါတို့ကို ပျောက်ကင်းစေ၏။



ဂုံဒါး

**LEPTADENIA RETICULATA**

डौरी


ဥံညို
जीअन्तीपाली

အပွင့်သည် ပိန်ကြုံခြင်း, ချောင်းဆိုး, ဆာလောင်, လှိုက်တက်ခြင်း, ချွေးနည်းခြင်း, ဆီးမဟောင့်ခြင်း, အာ-လျှာခံတွင်း ခြောက်ခြင်းတို့ကို ပျောက်ကင်းစေ၏။

---

# ဂုံချီ

သက္ကတ हमपूर्ण

ဟိန္ဒီ जीवन्ती पीली

**ပုံသဏ္ဌာန်။** ။ ၎င်းသည် မိုးအခါတွင် အသက်ရှည်တတ်သော နွယ်ပင်မျိုး ဖြစ်၏၊ အနွယ်တွင် ဖြူ၍ ပြာသော အခေါက် ရှိ၏၊ အရွက် ကျယ်၍ အနားတွင် ခွေးသွားစိတ်ရာ ရှိ၏၊ ထူ၍ တောက်ပ၏၊ အပွင့်သည် ပြာရောင်သန်း၍ စိမ်းပြီး ငယ်၏၊ အဆုပ်လိုက် ပွင့်၏၊ အသီး အပေါ်ဘက်မှာ ချော၍ အစေ့ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ချုပ်၏၊ သလိပ်ကို ပယ်တတ်၏၊ နူတ်မြိန်စေ၏၊ ဖေါရောင်ခြင်း, ဝမ်းအောင့်ရောဂါ, ပန်းနာတို့၌ ကောင်း၏၊ အရွက်ကို ဟင်းချက် စားကြ၏၊ နွယ်၏ အခေါက်ကို ခွာယူ၍ ငါးပိနှင့် တို့မြှုပ် စားကြ၏။

---

# ဂျုံ

| | | | |
|---|---|---|---|
| သက္ကတ | गोधूम | လက်တင် | Triticum Vulgare |
| ဟိန္ဒီ | गेहूँ | အင်္ဂလိပ် | Wheat |

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏၊ အနည်းငယ် မာတ်ကို ပျက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်ခဲ၏၊ ပြေပြစ်၏၊ သုက်ကို ပွားစေ၏၊ ကာမကို အားပေး၏၊ ကိုယ်ကို ကြံ့ခိုင်စေ၏၊ လေ,သည်းခြေ ဒေါသကို ငြိမ်းစေ၏၊ ဤကား ဂျုံ ဟူသရွေ့နှင့် ပတ်သက်သော အရသာ နှင့် အကျိုးသွား ဂုဏ် နှင့် စွမ်းရည်တို့တည်း။

**ဂျုံ ၃-မျိုး။** ။ ဂျုံသည် ၃-မျိုး ရှိ၏၊ ၃-မျိုး ဟူသည် ဂျုံကြီးမျိုး ( ဂေါဓုမ ), အသီးလုံးငယ်သော ဂျုံသေးမျိုး ( မဓုလီ ), အမြီးမရှိ အသီးရှည်သော ဂျုံရှည်မျိုး ( ဒီဃဂေါဓုမ ) တို့ ဖြစ်၏၊ ထို ၃-မျိုးတို့သည် တခု နှင့် တခု ဂုဏ်သတ္တိခြင်း အနည်းငယ် ကွာခြားကြ၏၊ ကွာခြားပုံ ဂုဏ်သတ္တိတို့မှာ အောက်ပါအတိုင်း ပင် ဖြစ်၏။

**ဂျုံကြီး၏ ဂုဏ် နှင့် စွမ်းရည်။** ။ လေ, သည်းခြေကို ပယ်တတ်၏၊ ကြေကျက်ခဲ၏၊

သလိပ်ကို ပြုတတ်၏၊ သုက်ကို ဖြစ်စေ၏၊ ခွန်အားကို ဖြစ်စေ၏၊ ပြေပြစ်၏၊ အရိုးတို့ကို ဆက်စေတတ်၏၊ ဆီး ဝမ်းကို ရှင်စေ၏၊ ဝဖြိုးစေတတ်၏၊ အရောင် အဆင်းကို ကောင်းစေ၏၊ နှုတ်မြိန်စေ၏၊ ခန္ဓာကိုယ်ကို ကြံ့ခိုင်စေ၏။

**ဂျုံငယ်မျိုး၏ ဂုဏ် နှင့် စွမ်းရည်။** ။ ပြေပြစ်၏၊ ကြေကျက်လွယ်၏၊ သည်းခြေကို ပယ်တတ်၏၊ သုက်ကို ဖြစ်စေ၏၊ ဝဖြိုးစေတတ်၏၊ ဂျုံရှည်မျိုးသည် ဂျုံငယ်မျိုးနှင့် တူ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ယားနာ။** ။ ဂျုံမှုန့်ကို ရေအေးနှင့် ဖြစ်စေ, ရေနွေးနှင့် ဖြစ်စေ ကိုယ်သား ကိုယ်ရေ ပူလောင်ခြင်း, ယားယံခြင်း, မီးလောင်ခြင်းတို့၌ လိမ်းပေးသော် ကောင်း၏။

**ကျောက်တည်။** ။ ဂျုံမှုန့် နှင့် ကုလားပဲမှုန့်တို့ကို ရောကျို၍ ၎င်းကျိုပြီး အရည်ကို သောက်ခဲ့သော် ဆီးအိမ်တွင်းရှိ ကျောက်သည် ကြေကွဲ၍ ကျောက်တည်ရောဂါ ပျောက်ကင်း၏။

**ဆီးအောင့်။** ။ ဂျုံစေ့ ၁-ကျပ် ဂ-ပဲသားကို တညလုံးလုံး စိမ်၍ နံနက်တွင် ၎င်းစိမ်ထားသော အရည်ကို သောက်သော် ဆီးအောင့်ရောဂါ ပျောက်ကင်း၏။

---

# ဂွတ်နွယ်

**သက္ကတ** ज्ञात घातक

**မရှဋ္ဌိ** उक्षि

**လက်တင်** Calycopteris floribunda

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်ပင် တမျိုး ဖြစ်၏၊ မြန်မာပြည် နှင့် အခြား တိုင်းပြည်များတွင် ပေါက်ရောက်၏၊ မြန်မာပြည်တွင်မူ အထက်ပိုင်းတွင် ပေါက်လေ့ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်း၏ အမြစ် နှင့် အကိုင်း အခက်များသည် အဖျားရောဂါကို ပျောက်ကင်းစေတတ်၏၊ ဝမ်းပိုက်၌ တစုံတခု အနာ ဖြစ်ပါက ဂွတ်နွယ်၏ အရည်ကို တိုက်ရ၏။

---

[ င ]

## ငပြုတ်သခွား (ကဆစ်သခွား)

သက္ကတ चित्रफल

ဟိန္ဒီ इंद्रायन छोटी

လက်တင် Cucumis Trigonus

**ပုံသဏ္ဍာန်။** ။ ၎င်းကဆစ်သခွားမှာ အလေ့ကျပေါက်သော အရိုင်းမျိုး နှင့် ယာခင်း ... စိုက်ပျိုးကြသော အယဉ်မျိုး ဟူ၍ ၂-မျိုး ရှိ၏၊ အရိုင်းမျိုး၏ အသီးသည် ချောမွတ်၍ ...ါးကဲ့သို့ အဝါစင်းကြောင်းများ ရှိ၏၊ အယဉ်မျိုး၏ အသီးမှာ အမွေးနုကလေးများ ရှိ၍ ...လျာ အဖြစ် အသုံးပြုကြ၏၊ ယာခင်းတွင် စိုက်ပျိုးကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရိုင်းမျိုး၏ အသီးသည် ခါး၏၊ အခါးမျိုးသည် ...ကျက်သွားသောအခါ (ဝိပါက) ၌ ချဉ်၏၊ ဝမ်းကို သက်စေ၏၊ လေ, သည်းခြေကို နိုင်၏၊ ...ယဉ်မျိုး၏ အသီးသည် ချို၏၊ လေး၏ (၎င်းတို့ကား အသီးစိမ်းကို ဆိုလိုသည်)၊ အချိုမျိုး ...မှည့်သည် ပူသော သတ္တိ ရှိ၏၊ ၎င်းအချိုမျိုးသည် ဝမ်းကို ချုပ်စေ၏၊ သလိပ်, သည်းခြေကို ...၏၊ အချိုမျိုး အမှည့်သည် သည်းခြေ ဒေါသကို ဖြစ်စေ၏၊ ၎င်းအသီးမှည့် အခြောက်သည် ...လိပ် နှင့် လေဒေါသကို နိုင်၏၊ ဝမ်းမီးကို တောက်စေ၏၊ ၎င်း၏ အပွင့်သည် ဒေါသ ၃-ပါးကို ...၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အချိုမျိုး၏ အပွင့်သည် ထိပ်ခတ်နာကို ပျောက်ကင်းစေ၏၊ ...ပြိန်စေ၏၊ ၎င်းအစေ့သည် လေဖေါက်ပြန်ခြင်းကြောင့် ဖြစ်သော ရောဂါများကို နိုင်၏၊ ...မလာင်မှတ်သိပ်ခြင်းကို ဖြစ်စေ၏၊ ကာမကို အားပေး၏၊ နှလုံး, အသိပညာ နှင့် အူများကို ...ပျိုစေ၏၊ လိပ်ခေါင်း နှင့် လေငန်းရောဂါတို့ကိုလည်း နိုင်၏၊ လေကြောင့် ပိုက်များ ...မဟာင့်ရာ၌ ဤအစေ့၏ အမှုန့်သည် ထူးခြားစွာ ပျောက်ကင်းစေ၏။

---

## င-ဘောက်

ဟိန္ဒီ जङ्गली अखरोट

လက်တင် Aleurites Moluccana

အင်္ဂလိပ် Belgaum Walnut

**ပုံသဏ္ဍာန်။** ။ ၎င်းသည် သစ်ကြားမျိုးထဲမှ အပင်ကြီးမျိုး တခု ဖြစ်၏၊ အပင်သည်

ပေ ၆၀-ခန့် မြင့်၏၊ ပင်စည် လုံးပတ်သည် ၁၄-လက်မခွဲမှ ၁၉-လက်မ ထိ ရှိ၏၊ အရွက်မှာ ၅-လက်မခွဲ ထိ ရှည်၍ ၃-လက်မခွဲ ထိ ကျယ်၏၊ အပွင့်ရောင် ဖြူ၍ များပြားစွာ ပွင့်၏၊ အသီးမှာ သစ်ကြားသီးနှင့် တူ၍ အခွံမာပြီး ထူ၏၊ ၁-ပေခွဲမှ ၂-ပေခွဲ အထိ ရှည်၏၊ အစေ့မှာ ၁-စေ့မှ ၂-စေ့ အထိ ရှိ၏၊ ၎င်း င-ဘောက်ကို "တောသစ်ကြား" ဟူ၍လည်း ခေါ်ကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အသီးသည် ချို၏၊ ချဉ်၏၊ အေးသော သတ္တိ ရှိ၏၊ အဆီ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ချုပ်၏၊ အစာကို ကြေစေ၏၊ ဆာလောင် မွတ်သိတ်ခြင်းကို ဖြစ်စေ၏၊ ကာမသတ္တိကို ဖြစ်စေ၏၊ ခွန်အားကို ဖြစ်စေ၏၊ နှုတ်ကို မြိန်စေ၏၊ သလိပ်ကို ဖြစ်စေ၏၊ လေကို ပယ်တတ်၏၊ နှလုံးရောဂါ, သွေးနှင့် ပတ်သက်သော ရောဂါ, သည်းခြေပျက်နာ စသည် တို့ကို ပျောက်ကင်းစေ၏၊ သလိပ်ကို ထုတ်ပစ်တတ်၏၊ ဝမ်းတင်းရောင်ခြင်းကို ပယ်ဖျောက် တတ်၏။

**မှတ်ချက်။** ။ **အသီးအဆံမှ အဆီရ၍ ၎င်းကို ဝမ်းနုတ်ဆေးအဖြစ် သုံး၏။**

---

# ငရဲပတူ

ဟိန္ဒီ भारंगो

လက်တင် Clerodendron Siphonarthus

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ၄-တောင်မှ ၇-တောင် အထိ မြင့်၏၊ အရွက်မှာ ၆-လက်မမှ ၁၀-လက်မ အထိ ရှည်၏၊ အရွက်၏ အောက်ဘက်မှာ ဖြူ၍ အပေါ်ဘက် မျက်နှာသည် အနည်းငယ် နီ၏၊ အသီး မှည့်သောအခါ နီရာမှ ညိုရောင် ဖြစ်လာ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်း၏ အမြစ်နှင့် အရွက်သည် ခါး၏၊ တွန့်ရှုံ့ စေတတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်း၏ အစေးသည် လူပျိုနာကြောင့် ဖြစ်သော အဆစ်ရောင် ရောဂါ၌ အကျိုးပြု၏၊ ၎င်းအမြစ်သည် ပန်းနာ, ရင်ကျပ်, ချောင်းဆိုး, ကျပ်တီးနာများ၌ အသုံးဝင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာမီးလျှံနာ။** ။ အရွက် နှင့် အကိုင်း အခက် သတ္တုရည်ကို ထောပတ်နှင့် ရော၍ အနာမီးလျှံနာ၌ လိမ်းပေးက ပျောက်ကင်း၏။

**ရောဂါ၏ အကာအကွယ်။** ။ ၎င်း၏ အသားကို အတုံးကလေးများ ပြုလုပ်၍ ကလေးများ၏ လည်ပင်း၌ ဆွဲပေးထားလျှင် ရောဂါအမျိုးမျိုးကို ကာကွယ်နိုင်၍ ကျန်းမာစေ၏။

ာက်မ ထိ ရှိ၏၊ အရွက်မှာ
းပြားစွာ ပွင့်၏၊ အသီးမှာ
ည်၏၊ အစေ့မှာ ၁·၀၀
ခေါ်ကြ၏။

၊ အေးသော သတ္တိ ရှိ၏၊

လောင် မှတ်သိတ်ခြင်းကို
၏၊ သလိပ်ကို ဖြစ်စေ၏၊
ပည်းခြေပျက်နာ စသည်
ဥင်ခြင်းကို ပယ်ဖျောက်

ဖြစ် သုံး၏။

း

၊ အရွက်မှာ ၆-လက်မမှ
ါဘက် မျက်နှာသည်

ည် ခါး၏၊ တွန့်ရှုံ့

ဖြစ်သော အဆစ်ရောင်
ိုး, ကျပ်တီးနာများ၌

ကို ထောပတ်နှင့် ရော၍

ာလေးများ ပြုလုပ်၍
်နိုင်၍ ကျွန်းမာစေ၏။



**ကဆုပ်နာ။** ။ ၎င်းအမြစ်ကို ပျစ်ပျစ်သွေးပြီးလျှင် ချင်းခြောက်မှုန့်နှင့် ရောလ
...နှင့် ဖျော်၍ သောက်လျှင် အဆုပ်နာရောဂါကို ပျောက်ကင်းစေ၏။

**အားကုန်ခန်းသောရောဂါ။** ။ ၎င်းအမြစ်ကို ပျစ်ပျစ်သွေး၍ နွမ်းဆီနှင့် ရေ
...ကိုယ် တခုလုံး၌ လူးပေးပါက အားကုန်ခန်းသော ရောဂါမှ ချမ်းသာရ ရ၏။

---

# ငရုတ်သီး

**ဟိန္ဒီ** लाल मिरच

**လက်တင်** Capsicum annuum

**အင်္ဂလိပ်** Chilli

**ပုံသဏ္ဍာန်။** ။ ထင်ရှား၏၊ များသော အားဖြင့် အသီးကို အသုံးပြုရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းသည် စပ်၏၊ ခါး၏၊ ပူ၏၊ ဝိပါက၌ စပ်
ဝမ်းမီးကို တောက်စေ၏၊ သလိပ်ဒေါသကို နိုင်၏၊ ဤ၌ သလိပ်ကို ဖျက်ဆီးစေနိုင်၏ ဟူ
ကျမ်းရင်းစကားကို ထောက်၍ ဝမ်းမီးကို တောက်စေ၏ ဟူသော စကားသည် မန္ဒဝမ်းမီ
ဖျက်၍ သမဝမ်းမီး ဖြစ်အောင် ပြုနိုင်သည်ကို ဆိုလို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် နှုတ်ကို မြိန်စေ၏၊ သလိပ်ဒေါသ လွန်ကဲ
ရောဂါတို့၌ များစွာ ကျေးဇူးပြု၏၊ အစာမကြေ, ကာလဝမ်း, ကြောက်မက်ဘွယ် စို့မွဲ
အနာပေါက်, တွေဝေ ငိုက်မြည်းခြင်း, ပတောက် ပရစ်ပြောခြင်း, အသံပျက် အသံဝင်,
မမြိန်ရောဂါ, အကိုက်အခဲ, အရောင်အဖေါ်တို့ကို ပျောက်ကင်းစေ၏၊ သွေးယိုစီးစေ၏၊ ဆီးလွ
ကို နိုင်၏၊ ငရုတ်သီး အူတိုင်ကို ထုတ်၍ ငွေဒင်္ဂါးနှင့် ရောပြီးလျှင် ပြုတ်သောက်က ပင်
ဟူလျှောက် ရောဂါ၌ ကောင်း၏။

---

# ငရုတ်သီးမိုးမျှော်

**ဟိန္ဒီ** गाचमिरच

**လက်တင်** Capsicum Minimum

**အင်္ဂလိပ်** Birds Eye Chilli

**အရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ အနည်
ဝမ်းသက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေစေ၏၊ တက်၏၊ ပိုးကို နိုင်၏၊ သွေးယိုစီးခြင်းကို တ... တတ်၏၊ ချွေးထွက်စေ၏၊ သလိပ်, သည်းခြေချဉ်ပြန်, အစာမကြေ, ပိတ်ဝမ်း, သတ... သည်းခြေကြောင့် အော့အန်, ကိုယ်ရေဝါ, အသည်းရောင် ရောဂါတို့ကို ပျောက်ကင်းစေ...

**မှတ်ချက်။** ။ ငရုတ်သီးသည် ကျွန်ုပ်တို့ မြန်မာပြည်တွင် လွန်စွာ အမျိုး မျ... အချုပ်မှာ အစပ် နှင့် အပူ သာ ဖြစ်၏၊ အချို့ အပူများ၍ အစပ်နည်း၏၊ အချို့ ... နည်း၍ အပူ များ၏၊ ထိုအမျိုးမျိုး အနက် အစပ်များ၍ အပူနည်းသော ငရုတ်... ဆေးတွင် အသုံးပြုပါက ပိုမို ထက်မြက်နိုင်၏။

---

## ငရုတ် (တံငါ)

ဟိန္ဒီ **कफिरज**

လက်တင် Ranunculus Sceleratus

**ဂုဏ် နှင့် စွမ်းရည်။** ။ လတ်ဆပ်သော အပင်ငယ်သည် အဆိပ် ရှိ၏၊ အရွက်... ကြိတ်၍ အကွက်ထခြင်းတို့၌ အသုံးပြုရ၏၊ ရှားလာဘတ်ရည် ဖျော်သောက်ပါက အကြော... နာကျင်ကိုက်ခဲခြင်း ပျောက်ကင်း၏၊ ထို့ပြင် အဖျားမရှိဘဲ အဆုတ်ပြွန်တံ ပူခြင်း၌ အသုံးပြု... အစေ့ကို ဆီးအိမ်ရောဂါ, ပါးစပ်အနံ့ မကောင်းခြင်း, ဝမ်းမီးနုံ့သော ရောဂါတို့၌ အသုံး... ရ၏၊ ထို့ပြင် ဥတုသွေးလာခြင်းကို မှန်စေ၏၊ နို့ရည်ကို ပွားစေ၏၊ အရေပြားရောဂါတို့၌ အသုံး... ပြုရ၏။

---

## ငရုတ် (အမေရိကန်)

သက္ကတ **मिरची फला** လက်တင် Capsicum Frutescons

ဟိန္ဒီ **लंका मिची** အင်္ဂလိပ် Chilli

**အရသာ နှင့် အကျိုးသွား။** ။ ပူ၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပူကို ဖြစ်စေ၏၊ ...တ်ကို မြိန်စေ၏၊ အစာမကြေခြင်း, ဝမ်းသက်ခြင်း, နာတာရှည် အနာယင်းခြင်း, သတိမေ့လျော့ခြင်းတို့ကို ပျောက်ကင်းစေ၏၊ တိုက်ဖွိုက် (အူရောင်ငန်ဖျား) နေ့စဉ်ဖျား, ရေချဉ်း, အဆစ်ရောင်, ကာလဝမ်းများ၌ အသုံး... ပြုရ၏၊ ဝမ်းကိုက်ရာ၌ ငရုတ်သီးကို သွေး၍ လိမ်းသော် လျင်စွာ ပျောက်၏။

---

# ငရုတ်ကောင်း

| | | | |
|---|---|---|---|
| သက္ကတ | मरिच | လက်တင် | Piper Nigrum |
| ဟိန္ဒီ | काली मिरच | အင်္ဂလိပ် | Black Papper |

**အရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ ပူ၏၊ ဝိပါက၌ စပ်၏၊ ( အစိမ်းသည် ဝိပါက၌ ... ) ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်မြက်၏၊ ခြောက်ထပ်စေ၏၊ သလိပ်, လေကို ပယ်တတ်၏၊ ...မြကို ဖြစ်စေတတ်၏၊ ၎င်းပြင် ပန်းနာ, ထိုးအောင့်ခြင်း, ပိုးရောဂါ တို့ကို ပျောက်ကင်း ...

## ရောဂါအလိုက် အသုံးပြုနည်း

**ကြက်မျက်သင့်နာ။** ။ ငရုတ်ကောင်းကို ဒိန်ရည်နှင့် သွေး၍ အနည်းငယ်မျှ မျက်စဉ်း ...ပေးသော် ကြက်မျက်သင့်နာ ပျောက်ကင်း၏။ ( ဝါဟ္ဗဋ )

**နှာခေါင်းသွေးလျံ။** ။ ငရုတ်ကောင်းကို ကြိတ်၍ ဒိန်နှင့် ရောပြီး ကြံသကာ ...ကောင်းနှင့် ကျွေးခဲ့သော် နှာခေါင်းသွေးလျံခြင်း, သွေးယိုစီးခြင်းတို့ ပျောက်ကင်း၏။

( ဘာဝပ္ပကာသ )

**ဝမ်းပျက်။** ။ ငရုတ်ကောင်း တရွေးသား, ရှိန်းခိုး - ရွေးထက်ဝက်, ဘိန်း - ရွေး၏ ...ပုံ ၁-ပုံ, ၎င်း ၃-မျိုးကို အမှုန့်ပြု၍ တိုက်သော် အတိသာရဝမ်းပျက်ရောဂါ ပျောက်ကင်း၏။

**ဝမ်းမီးနုံ့။** ။ ငရုတ်ကောင်း, ချင်းခြောက်, ပိတ်ချင်း, ဇီရာ, သိန္ဓောဆားတို့ကို ...အမျှစီစု အမှုန့် ပြု၍ တခါစားလျှင် ၃-ပဲသားခန့် ထမင်းစားပြီးနောက် စားသော် ဝမ်းမီးကို ...တောက်စေလျက် ဝမ်းမီးနုံ့ရောဂါမှ ပျောက်ကင်း၏။

**တုလာသရောရောဂါ။** ။ ငရုတ်ကောင်း ၂-ပဲသား, ဇီရာ ၁-ပဲသားကို အမှုန့် ...ပျားရည် သို့မဟုတ် သကြား ရရာ တခုခု ၅-ကျပ် ၄-ပဲသားတို့ကို ရော၍ လဘက်ရည်ဇွန်း ...နှစ်ဇွန်းခန့် ည နံနက် သောက်ခဲ့သော် တုလာသရောရောဂါမှ ပျောက်ကင်း၏။

**ခွေးရူးဆိပ်။** ။ ငရုတ်ကောင်း ၅-စေ့, အညာခရာစေ့ ၆-ပဲသား, ၎င်း ၂-မျိုးကို အမှုန့်ပြုပြီး ၃-ရက်တိုင်အောင် စားသော် ခွေးရူးဆိပ်သည် ပြေပျောက်သွား၏၊ သို့သော် တနှစ် ...ကျော် အထိ အချဉ် နှင့် ဆီကို ရှောင်ကြဉ်ရမည်။

**ချောင်းဆိုး။** ။ ငရုတ်ကောင်းကို အမှုန့်ပြုပြီး ပျားရည်နှင့် စပ်၍ လျက်ခဲ့သော် ...အအေးကြောင့် ဖြစ်သော ချောင်းဆိုး ရောဂါ နှင့် ပန်းနာ ရင်ကျပ်ရောဂါမှ ပျောက်ကင်း၏။

**ခေါင်းတခြမ်းကိုက်။** ။ ငရုတ်ကောင်းကို ထောပတ်နှင့် ကြိတ်၍ နား၌ ကျပ်ပေး ...လျှင် ခေါင်းတခြမ်းကိုက်ရောဂါမှ ပျောက်ကင်း၏။

**နှာစေး။** ။ ငရုတ်ကောင်းကို အမှုန့် ပြု၍ ကြံသကာ, ဒိန်ရည်တို့နှင့် ရောမွှေ သောက်ပါက နှာစေးရောဂါ ပျောက်ကင်း၏။

**ကြို့ထိုး။** ။ ငရုတ်ကောင်း တစေ့ကို အပ်ဖျားတွင် ထိုး၍ ဖယောင်းတိုင်မီး၌ တင်ထားလျှင် အခိုးအငွေ့များ ထွက်လာလိမ့်မည်၊ ထိုအခိုးကို ရှူပေးခဲ့သော် ကြို့ထိုးရော ပျောက်ကင်း၏။

---

# ငု ( ငုကြီး, ငုရွှေ )

| | | | |
|---|---|---|---|
| သက္ကတ | आरग्वधः (दीर्घफल) | လက်တင် | Cassia Fistula |
| ဟိန္ဒီ | अमलतास | အင်္ဂလိပ် | Indian Laburnum |


**ပုံသဏ္ဍာန်။** ။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၏၊ လုံးပတ်မှာ ၃-ပေမှ ၅-ပေ အထိ ရှိ၍ ၂-ပေ ၂-ပေခွဲခန့် အသီးတောင့် ရှည်ပြီး အရောင်မှာ နက်၏၊ ဆောင်းဥတုတွင် အသီး မှည့်၏၊ ထိုကြောင့် ငုဟော ပရိယာယ်တို့တွင် ဒီဃဖလ အသီးရှည်ပင် ဟု ပါရှိသည်၊ ရွှေဝါရောင် အပွင့် ရှိသောကြောင့် ဟေမပုပ္ဖ ဟုလည်း ခေါ်သည်၊အလိုအလျောက်လည်း ပေါက်၏၊ ပန်းဥယျာဉ် တို့၌လည်း စိုက်ပျိုးကြ၏၊ ဆေးဘက် အနေဖြင့်၎င်း, အလှကျက်သရေဆောင် အနေဖြင့်၎င်း လူသိများ ကျေးဇူးပြုသော အပင်မျိုး ဖြစ်၏၊ နွေရာသီ၏ ပူပြင်းသော ဒဏ်ကို ခံရသော လူသားတို့အား ၎င်း၏ နွေရာသီတွင် စုံလင်စွာ ပွင့်သော အပွင့်ရောင်တို့ဖြင့် ကာကွယ်ပေး၏၊ နေရာတကာတွင် ပေါက်တတ်သည် ဖြစ်၍ အပင်သဏ္ဍာန်ကို အကျယ်တဝင့် ဖေါ်ပြရန် မလိုတော့ပေ။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းအသီးသည် ချိုသက်သက် ဖြစ်၏၊ ဝိပါက၌ စပ်၏၊ လေး၏၊ ဝမ်းမီးကို ငြိမ်းငြိမ်းဖြစ်၏၊ အရွက်သည် နူးညံ့စွာ ဝမ်းသက်၏၊ အပွင့်သည် အေး၏၊ ခါး၏၊ ဖန်၏၊ အနှစ်သည် ဝိပါက၌ ချို၏၊ ဝမ်းမီးကို ပွားစေ၏ ဝမ်းသက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကုက်ခဲ၏၊ နူတ်မြိန်စေ၏၊ အဖျား, နှလုံး, ရက္တပိတ်နာ, လေချုပ်, ထိုးအောင့်နာတို့ကို နိုင်၏၊ အသီးသည် နူတ်မြိန်စေ၏၊ နူနာကို ပယ်တတ်၏၊ သည်းခြေ ကို ထုတ်ဆောင်တတ်၏၊ သလိပ်ကိုနိုင်၏၊ အဖျား၌ ကောင်း၏ အရွက်သည် သလိပ် နှင့် အဆီကို ခြောက်စေ၏၊ အဖျားနှင့် အခါခင်းသိမ်း သင့်၏၊ မလတို့ကို လျော့ပါးစေတတ်၏၊ အနာပေါက်၍ အသားနု တက်စေ၏၊ အဆစ်ရောင် ရောဂါ၌လည်း ကောင်း၏၊ အပွင့်သည် နူတ်မြိန်စေ၏ သလိပ်, သည်းခြေကို နိုင်၏၊ အနှစ်သည် နူးညံ့၏၊ လေ, သည်းခြေကို နိုင်၏၊ အမြစ်သည် အရေပြား နူနာ, အဆုပ်နာ နှင့် လိင်နိမိတ် ရောဂါတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လေ နှင့် သွေးရောဂါ။** ။ လေရောဂါ နှင့် သွေးရောဂါတို့၌ အမြစ်ကို နွားနို့၌



ငု (ငုကြီး၊ငုရွှေ)

CASSIA FISTULA

अमलतास

ကြိတ်၍ သောက်လျှင် ပျောက်ကင်း၏၊ ပူလောင်သောအနာ, ပိုးရောဂါများ၌လည်း ထိုနည်းအတိုင်း အသုံးပြုက ပျောက်ကင်း၏။

**ရေယုန်ကြီးနာ။** ။ အရွက်၏ သတ္တုရည်ကို လိမ်းကျံပေးပါက ရေယုန်ကြီးနာမှ ပျောက်ကင်း၏။

**အရေပြားရောဂါ။** ။ ၎င်းပဉ္စငါးပါး ( မြစ်, ခေါက်, သီး, ပွင့်, ရွက် ) ကို ရေနှင့်ကျို၍ လိမ်းပေးခဲ့သော် ပွေးနာ, ဝဲခြောက်, သွေးဆိုးခြင်းကြောင့် ဖြစ်သော အရေပြားရောဂါပျောက် ကောင်း၏။

**ဆီးအောင့်, ဆီးချုပ်, သွေးဆိုးရောဂါ။** ။ ၎င်း၏ အနှစ်ကို သွေး၍ ချက်၌ လိမ်းလျှင် ပျောက်၏၊ ညဘက်တွင် မလိမ်းဘဲ နေ့ဘက်တွင် မကြာတခါ လိမ်းပေးရ၏။

**အသက်ရှူပြွန်ချောင်း။** ။ အသက်ရှူပြွန်ချောင်း ဖေါက်ပြန်ရာ၌ ၎င်း၏ အနှစ်ကို ကြိတ်၍ သောက်ပါက ဝမ်းအနည်းငယ် သွား၍ အသက်ရှူ ချောင်လာပါလိမ့်မည်။

**အဆစ်ရောင်။** ။ လေအားနည်းခြင်းကြောင့် ဖြစ်သော အဆစ်ရောင်ရာ၌ ၎င်းအရွက်ကို ပူအောင် လုပ်ပြီးလျှင် ကျပ်ထုပ်အဖြစ် ထိုးပေးပါက ၎င်းရောဂါမှ လျှင်စွာ ပျောက်ကင်း၏။

**ဝေးဥရောင်။** ။ ၎င်းအနှစ် ၅-မတ်သားကို ရေ ၇-ကျပ် ဂ-ပဲသားနှင့် ကျိုပါ၊ ရေ ၅-မတ်သား ကျန်လျှင် ၂-ကျပ် တမတ်သား နွားနို့ သို့မဟုတ် ထောပတ်နှင့် ရော၍ ခေါက်ပါ၊ ခေါက်ပြီးလျှင် ပြီးချင်း သောက်ပါက ထိုရောဂါမှ ပျောက်ကင်း၏။

**ကျပ်တီးနာ။** ။ ၎င်းအမြစ်ကို သွေး၍ ရှူလည်း ရှူ - လိမ်းလည်း လိမ်းပေးခဲ့သော် ကျပ်တီးနာမှ ပျောက်ကင်း၏။

**ဝမ်းချုပ်။** ။ မန်ကျည်း နှင့် ၎င်းနှစ်တို့ကို အညီအမျှ ယူ၍ ညဦးတွင် ရေနှင့် စိမ်ပြီး ညအိပ်ရာဝင်တွင် စစ်၍ သောက်သော် နံနက်မိုးလင်း၌ ဝမ်းသည် ကောင်းစွာ သက်လျှောပြီး ဝမ်းချုပ်ရောဂါမှ ပျောက်ကင်း၏။

**နားရောဂါ။** ။ ၎င်း၏ ပြုတ်ရည်ကို နား၌ ခတ်ပေးသော် နားနှင့် ပတ်သက်သော ရောဂါ ပျောက်ကင်း၏။

**နူနာ။** ။ အရွက်ကို ကျောက်တွင် ကြိတ်ပြီး ထိုကြိတ်ရည်ဖြင့် လူးခဲ့သော် နူနာနှင့် တကွ ပိုးရောဂါ, အရေပြားရောဂါများ ပျောက်ကင်း၏။

**ဝမ်းဖေါ။** ။ ကလေးများ ဝမ်းဖေါ ဝမ်းရောင်ခြင်း, လေထိုးခြင်း ဖြစ်လျှင် ၎င်းနှစ်ကို သွေး၍ ကလေးချက် ပတ်လည်တွင် လူးပေးပါက ပျောက်ကင်း၏။

**ချေးသီးစက်။** ။ ၎င်းအရွက်၏ သတ္တုရည်ကို လိမ်းပေးခဲ့သော် ချေးသီးစက်ခြင်းမှ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ကဏိကာရ သဒ္ဒါနှင့် စပ်၍ ၎င်းအနက် ဟောပုံကို ဤ၌ပြရန် လိုသည် ဟု ထင်သည်၊ အဘယ်ကြောင့်နည်း ဟူမူ ပ ဋ္ဌိကျမ်းတို့၌လည်း "ကဏိကာရ" သဒ္ဒါကို များစွာ တွေ့ရသောကြောင့်တည်း၊ ကဏိကာရသဒ္ဒါသည် "ငု" ကို ဟောသော သဒ္ဒါ အုပ်စုများတွင် ပါ၏၊ "မဟာလှေခါး"ကို ဟောသော သဒ္ဒါအုပ်စုများတွင်လည်း "ကဏိကာရော, ပါဒပုပ္ဖလ, ပရိဗျာဓ" ဟု ပါ၏၊ အချို့ဆရာတို့ကမူ ဆဲ နှစ်ရာသီပင်ကို ပြန်ဆိုထား၏၊ ဤသို့ ၃-မျိုး ကွဲပြားနေကြောင်း ဘာဝပ္ပကာသကျမ်း၌ ဖွင့်ပြထားသည်ကို တွေ့ရသည်၊ ရှေးမြန်မာပြန်မှု၌ မဟာလှေခါး ဟု ပြန်ဆိုခြင်းသည် ဖေါ်ပြပါ အတိုင်း ပြန်ဆိုနိုင်သောကြောင့်တည်း၊ "ငု"မျိုးတခြား "မဟာလှေခါး"မျိုးတခြား ဖြစ်သည်ကိုကား ပြတ်သားစွာ မှတ်ယူထားသင့်၏။

---

# ငှက်ခြောက်ပင်

တာမီလ် कर्पूरमारम

လက်တင် Eucalyptus Globulus

အင်္ဂလိပ် Blue Gum tree

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၏၊ ပင်စည်သည် သွယ်၍ အခေါက်မှာ နူးညံ့ပြီး အရောင်မှာ အလွန် ညို၏၊ အရွက်အနံ့ မွှေး၏၊ ၎င်းအရွက်ထဲတွင် ပျံ့လွင့်စေတတ်သော ဓာတ်တမျိုး ရှိ၏၊ အရွက်သည် အလျား ၅-လက်မခွဲမှ ၇-လက်မခွဲ အထိ ရှည်၏၊ လှံသွား သဏ္ဌာန် ရှိ၏၊ အပွင့် ၃-ပွင့် ဖြိုင်တူ ပွင့်၏၊ ၎င်းအပင်မှ အဆီကို ထုတ်ယူနိုင်၏၊ ၎င်းအဆီကို ယူကလစ်ဆီ ဟု ခေါ်၏။

**ဂုဏ်နှင့် စွမ်းရည်။** ။ ၎င်းအမြစ်သည် ဝမ်းနုတ်ဆေး၌ အသုံးဝင်၏၊ ၎င်းအဆီသည် ဝမ်းဖေါ်, ဝမ်းရောင်, သံပိုးထခြင်းတို့၌ ကောင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပန်းနာ ရင်ကျပ်။** ။ ပုဂံလုံးထဲတွင် ရေနွေး ပူပူ ထည့်၍ ၎င်းအဆီကို ထိုရေနွေး ထည့်ထားသော ပုဂံလုံးထဲသို့ ၁-စက် ၂-စက် ချပြီး နှာခေါင်းမှရင်း, ပါးစပ်မှရင်း အခိုးအငွေ့ကို ရှူရှိုက်ပေးခဲ့သော် ပန်းနာ ရင်ကျပ် ရောဂါ နှင့် နှာစေးရောဂါပါ ပျောက်ကင်း၏။

**အနာမီးလျှံ။** ။ အနာမီးလျှံနာ၌ အရွက်ကို ကြိတ်၍ အုံပေးခဲ့သော် ပျောက်ကင်း၏။

---

# ငှက်ပျော

| | | | |
|---|---|---|---|
| သက္ကတ | कदली | လက်တင် | Musa Sapientum |
| ဟိန္ဒီ | केला | အင်္ဂလိပ် | Plantain |

**ဟရသာ နှင့် အကျိုးသွား။** ။ ချို - ဖန်၏ ( မှည့် )၊ သတ္တိအေး၏၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကို ပွားစေ၏၊ နှလုံးကို ကျေးဇူးပြု၏၊ မြိန်စေ၏၊ [illegible]၏၊ ဝမ်းမီးနူးသူနှင့် မသင့်၊ သလိပ်ကို ပြုတတ်၏၊ ဖြစ်စေ၏၊ လေ, သည်းခြေကို နိုင်၏၊ [illegible]ပက်ရာ, ခယရုဂ်, အပူ, သွေးအန်, ကျေးကျ, မီးရတ်, တုလာသရော, ကျောက်တည်, [illegible]ပိပ်သောရောဂါ, မျက်စိရောဂါ စသည်တို့ ပျောက်ကင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ခရုသင်းနာ။** ။ ငှက်ပျောပင်၏ ပြာကို နန္ဒင်းနှင့် ရောလိမ်းလျှင် ခရုသင်းနာမှ ပျောက်ကင်း၏။

**နှာခေါင်းသွေးကျ - သွေးလျှံ။** ။ ငှက်ပျောပင်ကို ခုတ်လိုက်သော အခါ ထွက်လာသော သတ္တုရည်ကို ရှူပေးပါက နှာခေါင်းသွေးကျခြင်း, သွေးလျှံခြင်း ပျောက်ကင်း၏။

**မီးလောင်နာ။** ။ မီးလောင်ရာကို ငှက်ပျောသီးမှည့် အုံပေးလျှင် မကြာမီ အေး၍ မီးလောင်နာ ပျောက်ကင်း၏။

**ဆီးပူရောဂါ။** ။ ငှက်ပျောသီးမှည့်ကို စားလျှင် အစာအိမ် ပူလောင်ခြင်း, ဆီးပူလောင်ခြင်း, အဆုပ်ပူလောင်ခြင်းတို့ လျှင်စွာ အေးငြိမ်း၍ ပျောက်ကင်း၏။

**ဆီးလွန်ရောဂါ။** ။ ငှက်ပျောသီး အမှည့်, ဆီးဖြူသီး သတ္တုရည်, ပျားရည် ပကြား ၎င်းတို့ကို ရော၍ စားလျှင် ဆီးလွန်ရောဂါ ပျောက်ကင်း၏။

တနည်း — ငှက်ပျောသီးအမှည့်, ဥမ္ဘနိဥ, ရှင့်မတက်ဥ- ၎င်းဥများကို အမှုန့်ပြု၍ **သောက်**ပါသော် ဆီးလွန်ရောဂါမှ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ငှက်ပျောသည် အမျိုး များ၏၊ ဝနောသဓိစန္ဒောဒယ အဘိဓာန်၌ အချုပ်အားဖြင့် အခွံစိမ်း, နီ, ဝါ ၃-မျိုး၊ ဘေသဇ္ဇမဉ္ဇူသာ စသည်တို့၌ ငှက်ပျော ဖို့, မ, နပုန်း ၃-မျိုး၊ ဘာဝပ္ပကာသ၌ မဏိငှက်ပျော, မုတ္တာ, အမတာ, စမ္ပါငှက်ပျော စသည်ဖြင့် များစွာ ရှိ၏ ဟု ဆို၏၊ အမျိုးများသော်သည်း အကျိုးသွား တူ၏ ဟု ဆိုကြ၏၊ သာလိဂါမနိဃဏ္ဍု၌မူ အောက်ပါအတိုင်း ၇-မျိုး ခွဲခြား၍ အကျိုးသွား မတူပုံကိုလည်း ပြဆိုထား၏။

၁ တောငှက်ပျော — ချို - အေး ( အပင် ) ဖန် ချို ( အသီး ) အား, သုက်ပွားစေ၏၊ မြိန်၏၊ ကြေခဲ၏၊ ရေငတ်, အပူ, မြစ်ခြောက်, သည်းခြေကို နိုင်၏။

၂ ကဋ္ဌ — အလွန် ချို - အေး၏၊ ချုပ်၏၊ ကြေခဲ၏၊ မြိန်စေ၏ နှလုံးကို [illegible] ပြု၏၊ ဝမ်းမီးကို နူးစေ၏၊ ရေငတ်, အပူ, ဆီးအောင့်, သွေးအန် - သွေးကျ, [illegible] မီးလျှံ, အရိုးရောဂါ ပျောက်စေ၏။

၃ သုဝဏ္ဏ — ရှေ့ငှက်ပျော - ချို - အေး၏၊ ဝမ်းမီးတောက်စေ၏၊ အား, [illegible] စေ၏၊ ကြေခဲ၏၊ သလိပ်, ရေငတ်, အပူကို နိုင်၏။

၄ စမ္ပက — ချို၏၊ အလွန် အေး၏၊ ကြေခဲ၏၊ သုက်ပွားစေ၏၊ လေ, သည်း[illegible] နိုင်၏

၅ စမ္ပေ — တောင့်တင်းစေ၏၊ ဝမ်းမီးတောက်စေ၏၊ ကြေခဲ၏၊ သလိပ်, [illegible], သွေးအန် - သွေးကျ, အပူရောဂါကို နိုင်၏။

၆ မဟိန္ဒ — ပူ၏၊ လေ, မီးရတ်, သည်းခြေရောဂါကို နိုင်၏။

၇ ကဏှ — ငှက်ပျောနက်- ဖန်, ချို၏၊ မြိန်စေ၏၊ ကြေလွယ်၏၊ လေ ဓာတ်ကို [illegible] ပွားစေ၏၊ တုလာသရော, သည်းခြေ, ရေငတ် ရောဂါတို့ကို နိုင်၏။

---

# ငှက်မနာခင်စာ

**ဟိန္ဒီ** **जिगना (जोंशमारी)**

**လက်တင်** Anagallis Arvensis

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ တတောင်ခန့် မြင့်၏၊ အရွက်[illegible] မန်ကျည်းရွက် သဏ္ဌာန် ရှိ၏၊ အရွက်တွင် အကြောများ ရှိ၏၊ အဝါစက်များ ရှိ၏၊ ညှာတံ[illegible] မရှိချေ၊ တန်ဆောင်မုန်း နတ်တော်လများ၌ ရတတ်၏၊ တောင်ကုန်းများ၌ ပေါက်တတ်[illegible] အမြစ်သည် တွန့်လိမ်တတ်၏၊ သတိပြု၍ ဝါးကြည့်က ချို, ချဉ်, စပ်, ခါး ၄-ပါးသော အရ[illegible] ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်၏၊ အစဉ် ကြေကျက်စေ၏၊ ကိုက်ခဲ နာကျင်ခြင်း[illegible] ပျောက်စေ၏၊ အနာ အသားနု တက်စေ၏၊ ရောင်ရမ်းခြင်း နှင့် အဆိပ်ကို နိုင်၏၊ သို[illegible] အနည်းငယ် သာ စားနိုင်၏၊ အလွန် စားပါက အဆိပ် ဖြစ်၏၊ မီးရတ် သွေးပုပ်ကျန်ခြင်းတို့ကို[illegible] လေပူ လေပုပ်တို့ကိုရင်း ထုတ်ပစ်တတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဝက်ရူးရောဂါ။** ။ ဝက်ရူးပြန်ခြင်း, စိတ်နောက်၍ ထိုင်းမှိုင်း တွေဝေခြင်းတို့[illegible] ၎င်း၏ ပဥ္စငါးပါးကို ဝမ်းနုတ်ဆေး အဖြစ်ဖြင့် ပေးသော် ထိုရောဂါမှ ပျောက်ကင်း၏။



ငှက်မနှားခင်တာ
ANAGALLIS ARVENSIS
जिगना (जोंकमारी)

No. 46

**ဓွေးရှူးကိုက်နာ။** ။ ခွေးရူးကိုက်ခြင်း၌ ၎င်းပဥ္စင ါးပ ါး ပြုတ်ရည်ကို တိုက်ပေးရ၏၊ ခွေးကိုက်သည့် ဒဏ်ရာ၌လည်း ထိုပဥ္စင ါးပ ါးကို ပင် ကြိတ်၍ အုံပေးရ၏။

**မြွေကိုက်နာ။** ။ ၎င်းပဥ္စင ါးပ ါးတို့ကို အမှုန့် ကြိတ်၍ မြွေကိုက်ခံရသူအား တိုက်ပ ါက ပါမှ သက်သာ ပျောက်ကင်း၏။

**သွားနာ သွားကိုက်။** ။ ၎င်း၏ ပဥ္စင ါးပ ါး သတ္တုရည်ကို အပြင်လိမ်းဆေး အသုံးပြုသော် သွားနာ သွားကိုက်ရောဂ ါ, ရောင်ရမ်းသောရောဂ ါ, ဆူးငြောင့် စူးခြင်းကို ပျောက်ကင်း၏။

**အဆစ်ရောင်ရောဂ ါ။** ။ အဆစ်ရောင်ရောဂ ါ၌ ၎င်းပဥ္စင ါးပ ါးကို ပေးခဲ့သော် တက်ပြီး အရောင်အတင်း လျော့၍ ရောဂ ါမှ ပျောက်ကင်း၏၊ ထိုနည်းအတိုင်း ရေဖျဉ်း, ဂ ါ, အသည်းရောင်, ဆီးအိမ်နှင့် ပတ်သက်သော ရောဂ ါ, အဆုတ်နာတို့၌ ပေးပ ါကလည်း ရောဂ ါများမှ ပျောက်ကင်း၏။

---

[ ၈ ]

# စကားစိမ်း

တာမိလ် **မလာဍို**

လက်တင် Cananga Odorata

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၏၊ အခေါက်သည် နူးညံ့၏၊ အရွက်တလျား ၅-လက်မခွဲ ရှည်၍ အနံ ၂-လက်မ ကျယ်၏၊ အပွင့်သည် နုသောအခါ စိမ်းရောင် ရင့်သော အခါ ဝါရောင်သန်း၏၊ အပွင့်မှ မွှေးကြိုင်သော ဆီကို ပြုလုပ်၍ သုံးကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအဆီသည် ခေါင်းကိုက်ခြင်း, မျက်ရည်ယိုစီးခြင်း, အမြ အဆက်တို့၌ ဖြစ်သော လေတို့၌ လိမ်းပေးရာ၏။

---

# စကားစိမ်း (တော)

နေပါလီ घट्टी (लपसं.)

လက်တင် Polya

**ပုံသဏ္ဌာန်။** ။ အပင်ကြီးမျိုး ဖြစ်၏၊ အရွက်သည် ရှည်လုံး ဖြစ်၏၊ အပွင့် စိမ်း၏၊ ဝါ၏၊ အသီးသည် လိမ်မော်ရောင် ဖြစ်၍ ဆီးသီး ပုံသဏ္ဌာန် ရှိ၏၊

**ဂုဏ် နှင့် စွမ်းရည်။** ။ အခေါက်ကို ကင်းမြီးကောက် ကိုက်ရာ၌ အသုံးပြုရ၏၊

---

# စကားဝါ

သက္ကတ चंपक

ဟိန္ဒီ चंपा

လက်တင် Michelia Champaca

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ကြီးမျိုးပင် ဖြစ်၏၊ အလွန် လှပ တင့်တယ်၏၊ အကိုင်းအခက်များမှာ အုပ်ဆိုင်း ဝေဆာလျက် ရှိ၏၊ အရိပ် အာဝါသ ကောင်း၏၊ အပွင့်မှာ အလွန် မွှေးကြိုင်၍ အရောင် ဝါ၏၊ ကဆုန်လ၌ ပွင့်၏၊ အပွင့်မှာ ၂-လက်မမှ ၃-လက်မ အထိ ရှည်၍ ဝတ္တ အသေးများလည်း ပါ၏၊ များသောအားဖြင့် အပွင့်ကို အသုံးပြုရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ဖန်, ခါး၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏၊

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကို ပွားစေ၏၊ နှလုံးကို အကျိုးပြု၏၊ ပိတုံးတို့ကို သေမေ တတ်၏၊ သည်းခြေ, သလိပ် ဒေါသတို့ကို နိုင်၏၊ သွေးအန်, သွေးကျ, ဆီးအောင့်, နူနာ, အဆိပ်, ပိုးရောဂါ, ယားနာ, အနာပေါက် စသည်တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မီးတွင်းဖျား။** ။ ၎င်းအရွက်ကို ထောပတ်နှင့် သုတ်၍ ၎င်းအပေါ်တွင် ဇီရာမှုန့် အနည်းငယ် ဖြူး၍ မီးနွေးနွေး ကင်ပြီးလျှင် မိန်းမ၏ ခေါင်းပေါ်၌ ကပ်ပေးခဲ့သော် မီးတွင်း၌ သွေးလန့်၍ ပတောက်ပရစ် ပြောဆိုခြင်း, စိတ်ထိတ်လန့်ခြင်း ရောဂါများ ပျောက်ကင်း၏။

**မုတ္တကိစ်။** ။ ၎င်းအပွင့်ကို ကြေညက်စွာ ကြိတ်၍ ရေအေးနှင့် ဖျော်သောက်ခဲ့သော် မီးများပြီးလျှင် ဆီးအောင့်ရောဂါ နှင့် ကျောက်ကပ်အားနည်းသော ရောဂါများ ပျောက်ကင်းစေ၏။

**အနာပေါက်။** ။ ၎င်း၏ အမြစ်ခြောက်ကိုဖြစ်စေ, အမြစ်ခြောက်၏ အခေါက်ကို ဖြစ်စေ, ဒိန်ရည်နှင့် ရောကြိတ်၍ အနာများ၌ အုံပေးခဲ့သော် နုလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်သွားလိမ့်မည်။

**မျက်စိအားနည်း။** ။ ၎င်း၏ အရွက်နုကို ရေတွင် စိမ်၍ စစ်ပြီး ခတ်ပေးခဲ့သော် မျက်စိအမြင်သန်၍ မျက်စိ၌ အညစ်အကြေးများလည်း စင်ကြယ်၍ မျက်စိအားနည်းရောဂါ ပျောက်ကင်း၏။

**ရင်ဘတ် ထိုးအောင့်နာ။** ။ ၎င်းအရွက်၏ သတ္တုရည်ကို ပျားရည်နှင့် ရောသောက်ခဲ့သော် ရင်ဘတ် ထိုးအောင့်နာ ပျောက်ကင်း၏။

**ချောင်းခြောက်။** ။ ၎င်းအခေါက်၏ အမှုန့်ကို ပျားရည်နှင့် ရော၍ လျက်ခဲ့သော် ချောင်းခြောက်ရောဂါ ပျောက်ကင်း၏။

**ပေါင်မိုးခို။** ။ ၎င်း၏ အသီးကို ဖြစ်စေ, အစေ့ကို ဖြစ်စေ ရေနှင့် သွေးလိမ်းလျှင် ပေါင်၌ အဖုအပိမ့် ဖြစ်သော ပေါင်မိုးခိုနာ ပျောက်ကင်း၏။

**အစာသစ်အိမ်။** ။ ၎င်းအပွင့်၏ ပြုတ်ရည်ကို သောက်ခဲ့လျှင် အစာသစ်အိမ်၌ ထိုးကျင့်နာကျင်သော ရောဂါ ပျောက်ကင်း၏။

**သံချဆေး။** ။ ၎င်း၏ အရွက်စိမ်း သတ္တုရည် ၁-ကျပ် ဂ-ပဲသားတွင် ပျားရည် ရော၍ သောက်ခဲ့သော် ဝမ်းတွင်းရှိ တုတ်ပိုး, သံပိုးများကို သက်ဆင်းစေ၏။

**မှတ်ချက်။** ။ ကျွန်ုပ်တို့ မြန်မာပြည်၌ ဧကားပင်ကို (အပွင့်ကို စွဲ၍) ဧကားဝါ, ဧကားဖြူ, ဧကားနီ, ဧကားစိမ်း စသည်ဖြင့် အမျိုးမျိုး ခေါ်ကြ၏၊ နိဃဏ္ဍုကျမ်းများတွင် စမ္ပါတို့ကို အမျိုးအားဖြင့် အောက်ပါ အတိုင်း ပြဆိုထားသည်ကို တွေ့ရ၏။

| | | |
|---|---|---|
| ၁ | သေတစမ္ပက | = တရုတ်ဧကား ( သင်္ဘောဧကား ) |
| ၂ | နာဂစမ္ပက | = ကံ့ကော် |
| ၃ | သုလတာစမ္ပက | = ပုန်းညက် ( တောင်ကံ့ကော် ) |
| ၄ | စမ္ပေယျ ( နာဂကေသရ ) | = သရဖီ |
| ၅ | နီလစမ္ပက | = တတိုင်းမွေး |
| ၆ | ဘူမိစမ္ပက | = မြေပိတောက် |

ဤ၌ ဒ.ချုပ် မှတ်သားရန်မှာ ဆေးပေါ်စပ်ကြရာ၌ လာသော စမ္ပါ ခေါ်သော နံ့သာကို ကျွန်ုပ်တို့ ခေါ်နေသော “ဧကားအဖြူ” ဟူသည်ကို မယူရ၊ သီးသန့် တရုတ်

စကားမျိုးမှ စမွါကိုသာ ယူရမည်၊ စကားပင်သည့်အပွင့်ကိုသာ မက အရွက်အခေါက်ကို ကိုလည်း အသုံးပြုရရာ ယင်းတို့၏ဂုဏ်သတ္တိမှာ ငံ၏၊ ခါးသက်သက် ရှိ၏၊ ဖန်၏၊ အပူ, နူနာ, ဒ နာပေါက်ရောဂါတို့ကို ပျောက်ကင်းစေ၏။

“ စမွါအစစ် - စကားနှစ် ” ဟု ဆိုရိုးရှိခဲ့ရာတွင် စကားဝါ, စကားဖြူ စသော စကားပန်းမျိုး နှင့် တရုတ်စကား စသော စကားမျိုးတွင် ပါသော စကားမျိုး ဟူ၍ အချုပ်အားဖြင့် ၂-မျိုးတို့တွင် မည်သည့် စကားနှစ်ကို ယူရမည်ကို သေချာစွာ ဖော်ပြရန် လိုအပ်ပေသည်၊ ဆရာအချို့တို့သည် စကားဝါ, စကားဖြူတွင် ပါသော စကားဖြူ၏ အနှစ်ကို “ စမွါ ” ဟု အသုံးပြုကြ၏။

များစွာသောဆရာတို့ကား တရုတ်စကားမျိုးတွင် ပါသော စကားပင် တမျိုး၏ အနှစ်ကို ယူကြ၏၊ ဣန္ဒိယပြည် ဗိန္ဒောဆရာကြီးတို့သည် “ ကာလာနုသာရိ ” ဟု ခေါ် သော ( နံ့သာနက် ) နံ့သာတမျိုးကို အသုံးပြုကြသည်၊ ၎င်းသည် တရုတ်စကားမျိုး တွင် ပါသော စကားတမျိုး၏ အနှစ် ဖြစ်၏၊ များစွာသော ဆရာတို့သည် ၎င်းကိုပင် “ စမွါ ” ဟု အမည်ပေး၍ သုံးကြ၏။

“ အကျော်, စမွါ, ကလမက်, နံ့သာဖြူ, နံ့သာနီ ” နံ့သာမျိုး ငါးပါးတွင် ပါသော “ စမွါ ” သည် ဖော်ပြပါ စမွါ ဖြစ်၏၊ အနံ့ သင်းမွှေး၏၊ တရုတ်စကားပွင့် နံ့များ လှိုင်လာ၏၊ နက်၏၊ သွေးတို့ကို လွန်စွာ သက်စေ၏၊ ခါးသက်သက် များ၏၊ အပုပ် အခိုး အညှော် အသင်း တို့ကို လွန်စွာ ပယ်ထုတ်နိုင်၏။

ဟိန္ဒူဆေးဆိုင်များတွင် “ ကာလာနုသာရိ ” ဟူ၍၎င်း, “ တဂ်ရ် ” ဟူ၍၎င်း မေးဝယ်လျှင် ရနိုင်၏၊ မြန်မာစကားတတ် ရှေးကုလားဗယဆေး ဆိုင်တွင် “ စမွါ ” ဟု မေးငယ်လျှင် ရနိုင်၏၊ “ ရသာမတဋ္ဌိကာ ” ၌ကား “ မလယာဂရု ” ဟု နာမည်တမျိုး တပ်ထားသည်၊ အဓိပ္ပါယ်မှာ မလေးအကျော် တမျိုးကို ရ၏၊ မှန်၏၊ ၎င်းသည် အကျော် ကဲ့သို့ ပင် အကာ ဖြူ၍ အနှစ်နက်ရောင် ရှိ၏၊ ဆိုလိုရင်းမှာ “ အကျော်အစစ် - စကား နှစ် ” ဟူသည် မှန်လှပေ၏၊ စကားအမျိုးမျိုးတို့တွင် တရုတ်စကားမျိုး၌ ပါသော စကားတမျိုး၏ အနှစ်ကို သံသယကင်းစွာဖြင့် ယူသင့်၏၊ တဂရ သဒ္ဒါသည် ကန့်ဗလ ကို၎င်း, စမွါကို၎င်း ဟောသည်ကို သတိပြုပါ၊ နံ့သာမျိုး ( စတုဂန္ဓ ) ကို ယူရာ၌ စမွါကို ယူသင့်၏၊ တဂရသဒ္ဒါသည် ဇလပ်ပန်းကိုလည်း ဟောသေး၏၊ ၎င်းအဖွင့်တွင် ဆက်လက် ဖော်ပြပါမည်။

ထို၏ မှတ်ဘွယ် တရပ်မှာ— ဆေးဖော်စပ်ရာ၌ “ စကားဝါ, စကားဖြူ ” စသည် ပါသော သွေးဆေးများ ဖော်စပ်ရာတွင် ထိုအပွင့်တို့၏ အတွင်း၌ ရှိသော အညှောင့်ကို ဖယ်ရှားပြီးမှ ထည့်သင့်၏၊ ၎င်းသည် ယားယံခြင်း အကွက်ထခြင်း စသည်ဖြင့် သွေးတို့ကို ဆိုးစေနိုင်၏၊ ရှေးဆရာမြတ်တို့သည် ကိုယ်မှ အကွက် စသည် သွေးဆိုးများ ထွက်ရာ၌ “ စကားညှောင့် ” ထွက်သည် ဟု ဥပမာပြု၍ သုံးစွဲကြ၏၊ ထိုကြောင့် စကားညှောင့် များကို ဖယ်ရှားပြီးမှ အပွင့်ကို ထည့်၍ ဖော်စပ်ရသည်။

# စကား ( တရုတ် ) အဖြူ

ဟိန္ဒီ कनकखीर — လက်တင် Plumeria Alba
တာမိလ် பரூ — အင်္ဂလိပ် White Champa

ပုံသဏ္ဌာန်။ ။ စကားကြီး, စကားငယ် ၂-မျိုး ရှိရာတွင် စကားငယ်မျိုးကို "တရုတ် ..." ဟု မြန်မာတို့ ခေါ်ကြ၏၊ ၎င်းသည်လည်း အပွင့် အရောင် အဆင်း အလိုက် မျိုးများ ... အနီသက်သက်, အဖြူရောသော အနီ, အဝါ, အဝါရောသော အဖြူ, အဖြူသက်သက် ... အပွင့်၏ အဆင်းအရောင် အနေဖြင့် ကွဲပြား၏၊ အရွက်ထိပ် ဝိုင်း၍ အရွက် စိပ်ပြီးလျှင် ...ကျိုးကွားသော စကားအဖြူ တမျိုး ရှိ၏၊ အပွင့်မှာ အနည်းငယ် ပြား၏၊ ၎င်းကို "ဗိလပ် ..." ဟု ထွက်ပေါ်တွေ့ရှိရာမှ ဒေသစွဲဖြင့် အမည်ခေါ်ကြကုန်၏၊ ထိုစကားမျိုးးကို အချို့ ...က အကျော် ဟု ခေါ်ဆိုကြ၏၊ အချို့သူတို့က အကျော် ဟူသည် တရုတ်စကားမျိုး၏ ... ဟု ဆိုကြ၏၊ ထိုသူတို့၏ ယူဆပုံကို စဉ်းစားအပ်ပေ၏၊ အဘယ့်ကြောင့်နည်းဟူမူ နိဃဏ္ဍု ...များ၌ တရုတ်စကားကို ပုပ္ဖဂန္ဓ (အပွင့်ကို ယူရသည့် အနံ့မျိုး) ၌ ပြ၍ အကျော်ကို ...ဂန္ဓ (အနှစ်ကို ယူရသည့် အနံ့မျိုး) ၌ ပြသောကြောင့်တည်း၊ ထိုကြောင့် အကျော် နှင့် ...တ်စကား တခြားစီ ဖြစ်သည် ဟု မှတ်အပ်၏။

အရသာ နှင့် အကျိုးသွား။ ။ အရသာအားဖြင့် စပ်, ခါး, ဖန်၏၊ သတ္တိ ပူ၏၊ ...ကဉ် စပ်၏။

ဂုဏ် နှင့် စွမ်းရည်။ ။ ဆီးဝမ်းကို ရှင်စေ၏၊ သလိပ်, လေဒေါသကို နိုင်၏၊ နူနာ, ...ပြင်း, အနာပေါက်, ထိုးအောင့်, ဝမ်းပိုက်ရောင်, ဝမ်းပိုက်ရောဂါ စသည်တို့ကို ပျောက် ...စေ၏။

---

# စကား ( သဘော် ) အဖြူ

သက္ကတ देवगंगालु — လက်တင် Plumeria acuminata
ဟိန္ဒီ गुलचिन — အင်္ဂလိပ် Pagoda Tree

ပုံသဏ္ဌာန်။ ။ ၎င်းသည် ပင်ပျော့, ပင်လတ်မျိုး ဖြစ်၏၊ အကိုင်းအခက် အလက် ...လုံးမှ ဖြူသော နို့စေးများ ထွက်၏၊ အရွက်မှာ အလွန်ရှုပ်၍ အပွင့်မှာ ဖြူပြီးလျှင် ...ပွင့်အိုး အလယ်တွင် အဝါရောင်သန်းလျက် နေ၏၊ အမွှေးနံ့ကား နည်း၏၊ အခေါက်, ...ပွင့်, အရွက်, နို့စေးတို့ကို ဆေးတွင် အသုံးပြုရ၏။

အရသာ နှင့် အကျိုးသွား။ ။ ၎င်း၏ အခေါက်သည် ခါး၏၊ ဖန်၏၊ ထက်မြက်၏၊ ...ဝမ်းသွားစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေကိုငင်း, ချောင်ရမ်းခြင်းကိုငင်း နိုင်နင်း၏၊ နေ့စဉ် ရက် အဖျားကို တားမြစ်တတ်၏၊ ၎င်းပြင် အနူ, ယားယံ, အနာပေါက်, နာကျင် ကိုက်ခဲခြင်း, ရောဂါတို့၌ အသုံးပြုရ၏၊ အကြွင်းတို့ကား သစ်ကြံပိုးခေါက်နှင့် အကျိုးပေးတူ၏။

## ရောဂါအလိုက် အသုံး ပြုနည်း

**ငှက်ဖျား။** ။ ၎င်း၏ အပွင့် နှင့် အညှောင့် (စကားညှောင့်) တို့ကို ကွမ်း ရော၍ ကြိတ်ချေ သောက်သုံးခဲ့သော် ငှက်ဖျားရောဂါကို ပျောက်ကင်းစေ၏။

**ယားနာ။** ။ ၎င်းအပွင့်၏ သတ္တုရည်, နံ့သာဆီ, ပရုပ် ဤ ၃-မျိုးတို့ကို အနာများ၌ လိမ်းကျံပေးခဲ့သော် အလွန် ကြာမြင့်စွာ စွဲကပ်သော ယားနာများကို ကင်းစေ၏။

**အဖုအကျိတ်, ရောင်ရမ်းနာ။** ။ အဖု အကျိတ် အခဲများ နှင့် ရောင်ရမ်းနာ ၎င်း၏ အခေါက်ကို သွေး၍ လိမ်းပေးခဲ့သော်၎င်း, အရွက်ကို မီးကင်၍ အနာပေါ်မှ အုံ ပေးခဲ့သော်၎င်း အကျိုးပြု၏၊ ထို့ပြင် အဆစ်အမြစ် ကိုက်ခဲခြင်း, အရေပြားရောဂါတို့၌ ၎င်းနည်းတူစွာ အသုံးပြုပါက ချမ်းသာ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ၎င်း၏ အစေးသည် အလွန် ပူသဖြင့် ရံခါ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်၏၊ ထို့ကြောင့် ၎င်းအစေးကို သောက်သုံးခြင်းမှ ရှောင်ကြဉ်သင့်ကြ ရှေးဟောင်း အာယုဗ္ဗေဒဆေးကျမ်းတို့၌ အဆိုအမိန့် ရှိကြ၏၊ ဆီး, ဝမ်းနှင့် ပတ်သက် အသုံးပြုလိုက ၎င်း၏ အစေး ရွေးကလေးမျှကို ပျားရည်နှင့် ရော၍ သောက်ခဲ့ ဝမ်းများစွာ သွား၍ သွေးတိုပင် ပါစေ နိုင်၏၊ တဖန်၎င်းအခေါက်ကို ပြုတ်သော သော် ဆီး, ဝမ်း တို့ကို သက်လျှောစေနိုင်၏၊ အထူးမှတ်ရန် တချက်မှာ ထိုစကား (သဘော) ကိုအကျော်ပင်ဟု ခေါ်ဝေါ်ကြကုန်၏၊ အရပ်သုံးမျှ သာ ဖြစ်သည်၊ စင် မှာ အကျော်ပင်ကား တခြား သာ ဖြစ်၏၊ အကျော်ကဏ္ဍတွင် ကြည့်ရှုပါလေ။

---

## စကွဲကလေးပင် (စကွဲပန်း)

မရထီ लोखंडी (फटक्कड़ा)

လက်တင် Ixora Nigricans

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ နွယ်ယောင် ပင်ယောင် ဖြစ်၏၊ ချုံပင်ကဲ့ ဖြစ်၏၊ အပွင့် ဖြူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်သည် ဝမ်းသက်ရောဂါကို ပျောက်ကင်းစေတတ်၏။

---

# စပါးလင်

သက္ကတ भूतृण — လက်တင် Andropogan Citratus

ဟိန္ဒီ अग्निघास — အင်္ဂလိပ် Lemon grass

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အလွန် အသက် ပြင်း၍ အလွန် အရွက်များကာ အုံဖွဲ့နေတတ်သော အပင်မျိုး ဖြစ်၏၊ အရွက်များ ခြောက်၍ ကျသွားသောအခါ အပင်မှာ ပြားကပ်နေ၏၊ အရွက်မှာ ချွန်၍ စိမ်းလန်းကာ ကြမ်းတမ်း၏၊ အကိုင်းအခက်များ မရှိ၊

**အရသာ နှင့် အကျိုးသွား။** ။ ဖန်၏၊ ခါး၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှလုံး, လည်ချောင်းနှင့် ပတ်သက်သောရောဂါ, သွေးအန်-သွေးကျ, ထိုးအောင့်, ကာလဝမ်း, ချောင်းဆိုး, သလိပ်ဖျားတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆစ်ရောင်။** ။ စပါးလင်ဆီကို အဆစ်အဆက် ရောင်ရမ်းရာ၌ နာနာပွတ်၍ လိမ်းကျံပေးလျှင် အဆစ်ရောင်ရမ်းခြင်း လျော့ပြေ၍ ပျောက်ကင်း၏။

**အစာမကြေ။** ။ ၎င်းအရွက်၏ သတ္တုရည်တွင် ကန့်မှုန့်ကို ထည့်၍ ရက်ပေါင်း - ၄၀ ကြာအောင် စိမ်ထားပြီးနောက် နေပူတွင် ခြောက်အောင် လှန်းပါ၊ ၎င်းနေလှန်းပြီး ကန့်မှုန့်ကို ကွမ်းတွင် ထည့်စားလျှင် အစာမကြေရောဂါ, ၎င်းပြင် ဝမ်းတွင်းမကောင်းသောရောဂါ, အစာအိမ်၌ ပိုးနှောက်ယှက်သော ရောဂါများကို ပျောက်ကင်းစေ၏။

---

# စပါးလင် ( မွှေး )

သက္ကတ रोहिष — လက်တင် Amdropogon schoenanthus

ဟိန္ဒီ रोसाघास — အင်္ဂလိပ် Scented Grass

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ၂-တောင်မှ ၄-တောင် အထိ မြင့်၍ အလွန် မွှေးသော အပင် ဖြစ်၏၊ အရွက်၏ အရင်းဘက်တွင် ကြီး၍ အဖျားသို့ တဖြည်းဖြည်း သေးပြီး အဖျားချွန်သွား၏၊ အပင် အလယ်မှ ထွက်၍ ထိပ်ဖျားတွင် အဆုပ်လိုက် ဖွားပြီး ပွင့်၏၊ များသောအားဖြင့် အမြစ်ကို အသုံးပြုရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ခါး, စပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ ဝမ်းသက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆာလောင် မွတ်သိပ်စေ၏၊ ဘုတ် တစ္ဆေတို့ကို တားမြစ်၏၊ ပိုးကို ပယ်တတ်၏၊ ကာမအလိုကို ပယ်တတ်၏၊ လေဒေါသကို နိုင်၏၊ ၎င်းပြင် နူနာ, ဝက်ရူးနာ,

အူနှင့် စပ်သော ရောဂါတို့ကို ပျောက်ကင်းစေ၏၊ ၎င်း၏ အရွက်ကို သိုး, ဆိတ်များ မစားကြ။ ချေ၊ ၎င်း၏ အရွက် အပွင့်တို့၏ အနံ့သည် စိတ်ကို ကြည်နူးစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆစ်ရောင်။** ။ အဆစ်အဆက်များ ရောင်ရမ်းရာ၌ စပါးလင်မွှေး၏ အဆီကို နာနာ ပွတ်၍ လိမ်းကျံပေးလျှင် အဆစ်အဆက်များ လျော့၍ အဆစ်ရောင်ရောဂါ ပျောက်ကင်း၏။

**ဆံပင်ကျွတ်။** ။ ၎င်းအဆီကို (အုန်းဆီသဘွယ် ပြု၍) ဦးခေါင်း၌ လိမ်းကျံပေး လျှင် ဆံပင်ကျွတ်ခြင်းမှ ပျောက်ကင်း၏။

**ဝမ်းပိုက်နာ။** ။ ၎င်းအရွက်ကို ရေနွေးနှင့် စိမ်၍ သောက်လျှင် ဝမ်းပိုက် နာကျင် ထိုးအောင့်ခြင်းမှ ပျောက်ကင်း၏။

**အရေပြား။** ။ ၎င်းအဆီကိုအနာပေါက်ရာ၌ လိမ်းပေးလျှင် ဝဲနာ, ယားနာ စသော အရေပြားရောဂါ ပျောက်ကင်း၏။

**အဖျား နှင့် နှာစေး။** ။ ၎င်းအပင်ကို ၄-ဘို ၁-ဘိုကြွင်း ပြုတ်၍ သောက်လျှင် အဖျားရောဂါ နှင့် နှာစေးခြင်း, ချောင်းဆိုးခြင်းတို့ ပျောက်ကင်း၏။

**ခြေသေ, လက်သေ။** ။ ၎င်းအရွက်၏ သတ္တုရည်ကို ခြေလက်တို့၌ လိမ်းပေးခဲ့လျှင် သေနေသော ခြေလက်တို့သည် ပကတိ အတိုင်း ပြန်ကောင်းလာနိုင်၏။

---

# စပယ် (ရိုးရိုး)

သက္ကတ **နဝမာလိကာ**

ဟိန္ဒီ **चमेली**

လက်တင် Jasminum Arborecens

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ချုံပင်မျိုး ဖြစ်၏၊ အရွက်မှာ ဆီးရွက်နှင့် တူ၍ အပွင့် ဖြူ၏၊ ပွင့်ချပ်ထိပ်သည် ဝိုင်း၏။

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအရွက်သည် သလိပ်ကို ထုတ်ဆောင်တတ်၏၊ တွန့်ရှုံ့စေ တတ်၏၊ ဝပြိုးစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မီးရတ်သေးချုပ်။** ။ ၎င်းအရွက်၏ သတ္တုရည်ကို သောက်ခြင်းဖြင့် မီးရတ်သွေးချုပ် ...လွန် အကျိုးပြု၏။

**ချောင်းဆိုး။** ။ ၎င်းအရွက် ၇-ရွက်၏ သတ္တုရည်ကို ကြက်သွန်ဖြူ, ပိတ်ချင်း ... ယက်မြက်သည့် ဆေးဘက်တို့နှင့် ရောစပ် တိုက်သော် ချောင်းဆိုးရောဂါ ပျောက်ကင်း၏ ... ကလေးငယ်များ အတွက်မှာမူ စပယ်ရွက်တခြမ်း နှင့် ပေါက်ပန်းဖြူရွက် ၄-ရွက်၏ ...ည် နှင့် လက္ခား ရွေးလေး တရွေးသား, ငြုတ်ကောင်း ရွေးလေး တရွေးသား- ၎င်းတို့ကို ... ပျားရည်နှင့် ရောပြီးလျက်ခဲ့သော် ကလေးများ ချောင်းဆိုးရောဂါမှ ပျောက်ကင်း၏။

---

# စပယ်ကြီး ( တော )

သက္ကတ **वनमल्लिका**

ဟိန္ဒီ **वन माल्लिका**

လက်တင် Jasminum Augustifolium

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ချုံနွယ်ကြီးမျိုး ဖြစ်၏၊ အရွက်မှာ ဇွန်ရွက်နှင့် တူ၏၊ ...သော် အနည်းငယ် ကြီး၏၊ အပွင့်မှာ ဖြူရောင် ရှိ၍ မွှေး၏၊ ဇွန်းပွင့်နှင့် တူ၏၊ သို့သော် ...နည်းငယ် ကြီး၏၊ အမြစ် နှင့် အရွက်ကို ဆေးဘက်တွင် အသုံးပြုရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းအပွင့်မှာ ခါး၏၊ ဖန်၏၊ အနည်းငယ် ချို၏၊ ...၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအပွင့်သည် နှလုံး, ဆီးချို, သည်းခြေဒေါသ ဖေါက်ပြန် ...သာ ရောဂါ, ကိုယ်သား ကိုယ်ရေ အလွန်ပူသောရောဂါ, ရေငတ်ခြင်း, အရေပြားရောဂါ, ...ားကိုက် သွားနာ, မျက်စိရောဂါတို့၌ ကောင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆုတ်ရောဂါ။** ။ အဆုတ်ပြွန်တံရောင်ခြင်း, အဆုတ်အအေးမိခြင်း ( နမိုးနီးယား ရောဂါ) တို့၌၎င်း ချောင်းဆိုးနာ, အသက်ရှူ ပြွန်တံရောင်ခြင်းတို့၌၎င်း အရွက် ၅-ရွက်၏ သတ္တုရည်ကို ငြုတ်ကောင်းစေ့ ၇-စေ့, ကြက်သွန်ဖြူ ၇-မြွှာ, ဒန့်သလွန်မြစ် ၆-ပဲသား, ပျားရည် ၁-ကျပ် ဂ-ပဲသားတို့ကို ရောစပ်၍ လျက်ပေးသော် ထိုရောဂါများမှ ပျောက်ကင်း၏၊

၎င်းဆေးသည် အလွန် ထက်သောဆေး ဖြစ်၍ အားအင်နှင့် ပြည့်စုံသူ အတွက် သာ ဖြစ်၏ ထို့ကြောင့် လူ၏ အင်အားကို ကြည့်ပြီး လျက်ခိုင်းပါ၊ အကယ်၍ အားအင်နည်းသော သူမှာ တိုက်လိုပါက အချင်အတွယ်ကို ချိန်ဆ၍ တိုက်သင့်၏၊ တိုက်လျှင် အန်၍သော်၎င်း, ဝမ်းလျှော၍ သော်၎င်း သလိပ်များ ထွက်လာပါလိမ့်မည်။

**ကလေးအဆုတ်ရောဂါ။** ။ ကလေးသူငယ်များ၌ အဆုတ် အအေးမိသော အခါ၌ အရွက် တရွက်၏ ၄-ပုံ ၁-ပုံ, ဂြိတ်ဘောင်းစေ့ ၂-စေ့, လက္ချား ၁-ရွေးသားတို့ကို အမှုန့်ပြု၍ ပျားရည်နှင့် ရောစပ် သောက်ခဲ့သော် ထိုရောဂါမှ ပျောက်ကင်း၏၊ ဤဆေးကို တိုက်မြဲဖြစ်၍ သူနာအား တစုံတရာ ဒုက္ခကို မပေးနိုင်ပါ။

---

## စပယ်ပန်း ( တော )

သက္ကတ अतिमुक्त ( कुन्द )

ဗင်္ဂါလီ कुन्द

လက်တင် J. Pubeseens

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ချုံပင်မျိုး ဖြစ်၍ ကြက်ရိုးပင်နှင့် အလွန် တူ၏၊ အပွင့်လည်း ကြက်ရိုးပွင့်နှင့် တူ၏၊ သို့သော် ကြက်ရိုးပွင့် ထက် အမွှေးနံ့ နည်း၏၊ ပဥ္စငါးပါးလုံးကို အသုံးပြု၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းအပွင့်သည် အလွန် ချို၏၊ ဖန်, စပ်၏၊ ဖော၏၊ ဝမ်းမီးကို တောက်စေ၏၊ ဝမ်းကိုသက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပွင့်သည် ကြေစေ၏၊ ကြေလွယ်၏၊ နှလုံး အားရှိစေ၏၊ သည်းခြေရောဂါ, ဦးခေါင်းရောဂါ, အဆိပ်, ဖေါရောင်ခြင်း, အာမဒေါသ, သွေးဖေါက်ပြန်ခြင်း တို့ကို ပျောက်ကင်းစေ၏။

---


## စပယ်ပန်း ( တော ) တမျိုး

သက္ကတ वनमल्लिका

ကနာရီ वरामल्लिगे

လက်တင် Jasminum Rottlerianum

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ဇွန်ပန်းမျိုးတွင် ပါဝင်၍ နွယ်ယောင် ပင်ယောင် ဖြစ်၏၊ အသီးမှာ ချောမွတ်၍ အရောင်မှာ နက်၏၊ အပွင့်မှာ အလွန် မွှေး၏။



စပယ်ခေါင်ရန်း

CLERODENDRON FRAGRANS

गुलबकावली

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်သည် အလွန် ပျောက်ခဲသော နှင်းခူး စသော အရေပြား ရောဂါတို့၌ အကျိုးပြု၏။

---

# စပယ်ခေါင်ရန်းပွင့်

**ဟိန္ဒီ** ဂုလ ဗကာဝလီ

**လက်တင်** Clerodendron Fragrans

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ချုံပင်မျိုး ဖြစ်၏၊ ၃-၄-တောင်ထိ မြင့်၏၊ အရွက် ...၏၊ ကျယ်၏၊ ချွန်၏၊ အရွက်နား ပတ်လည်တွင် ခွေးသွားစိတ်များ ရှိ၍ ချွန်၏၊ ခေါင်းရန်းရွက် ...တူ၏၊ သို့သော် အနည်းငယ် ကြီး၏၊ အရွက်ကို ချေ၍ နမ်းလျှင် နံ၏၊ အပွင့်မှာ နီကြန်ကြန် ...အဆုပ်လိုက် ပွင့်၏၊ တပွင့်ချင်း ကြည့်လျှင် စပယ်အိုးပုတ်နှင့် တူ၏၊ မွေး၏၊ နွေ နှင့် မိုးအခါ ...အပွင့်တို့သည် တွဲလျားကျနေ၏၊ ဆေးအသုံးတွင် အလွန် နည်းပါး၏၊ အလှအပ အမွှေး ...ကိုင် အတွက် သာ စိုက်ပျိုးကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပွင့်ကို အနံ့ အတွက် အသုံးပြုကြ၏၊ အရွက်သည် အဖု ...ပါတ်နာများ, ရောင်တင်းခြင်း, အနာပိုးတွယ်ခြင်းတို့ကို ပျောက်ကင်းစေ၏၊ ကြွင်းသော ...တို့မှာ ယင်းပျား, ငရုံ့ပတူတို့၏ ဂုဏ်နှင့် တူ၏။

---

# စပျစ် ရိုးရိုး

**သက္ကတ** ဒြာက္ခာ **လက်တင်** Vitis vinifera

**ဟိန္ဒီ** အံဂူရ **အင်္ဂလိပ်** Grape

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်ပင်မျိုး ဖြစ်၏၊ အမြစ် သေး၏၊ ပင်စည် လုံး၍ အနည်း ...လေးထောင့် သဏ္ဌာန် ရှိ၏၊ အဆုပ်လိုက် ပွင့်၏၊ အခက်သည် သာမည ဖြစ်၏၊ အရွက်သည် ...၍ ၅-မြှောင့် ရှိပြီးလျှင် လက်ဝါးသဏ္ဌာန်နှင့် တူ၏၊ စပျစ်သည် အမျိုးအစား များ၏၊ ထိုတွင် ...မျိုး ၂-မျိုး နှင့် အစိမ်းရောင် ၃-မျိုး အားဖြင့် ၅-မျိုးသည် ထင်ရှား၏။

အချုပ်အားဖြင့် ခွဲလိုသော် အကြီးမျိုး နှင့် အငယ်မျိုး ဟူ၍ ၂-မျိုး သာ ရှိ၏၊ အရောင် ...ခင်း အနေနှင့် ခွဲခဲ့သော် ဖေါ်ပြပါ အတိုင်း အရောင် အမျိုးမျိုး ရှိ၏၊ အသုံးချပုံ အနေနှင့် ...ကျမ်းတို့၌ ဖေါ်ပြထားသည်မှာ — အရက်ချက်ခြင်း, ဓာတ်စာစားခြင်း, အခြောက်လုပ်စား ...၊ အဖျော်ယမကာပြု၍ သောက်ခြင်း အားဖြင့် ၄-မျိုး အသုံးပြုနိုင်သည်ကို ဖေါ်ပြထား၏၊ ...ို ၄-မျိုး ခွဲ၍ သုံးနိုင်သည်ကို ဖေါ်ပြရာတွင် အခြောက်လှန်း၍ သုံးရာ၌ အငယ်မျိုးကို သာ ...သုံးပြုကြ၏၊ ဥပမာ — ရေသီလံ (ရခိုင်) ငှက်ပျောကို အခြောက်လှန်း သုံးရာ၌ သင့်၍ အခြား ...ော ဖီးကြမ်း စသော ငှက်ပျောတို့၌ မသင့်သကဲ့သို့တည်း၊ အရက်ဆေး, စိမ်ဆေး လုပ်ရာ၌

အကြီးမျိုးသည် ပို၍ သင့်၏၊ အကြီးမျိုးတွင်လည်း အချဉ်ဓာတ် လွန်ကဲသော အသီးသည် ပို၍ သင့်၏။

**အရသာ နှင့် အကျိုးသွား။** ။ အသီးမှည့်သည် အရသာမှာ ဖန်၊ ချို၏၊ သတ္တိ ကောင်း၊ ဝိပါကၥ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်ခဲ၏၊ ဆီး ဝမ်းကို ရှင်စေ၏၊ အသံကို ကောင်းစေ၏၊ လေ, သည်းခြေကို ပယ်တတ်၏၊ သလိပ်ကို ပြုတတ်၏၊ တကိုယ်လုံးအားရင်း, အသားကြီး, အဆုတ်, ဆီးအိမ်တို့အားရင်း ကျေးဇူးပြု၏၊ ၎င်းပြင် အရေပြားရောဂါ, ဆီးအောင့်, အဆုတ် (အဆုတ်) နာ, နာတာရှည်အဖျား, သွေးအန်, သွေးကျ ရောဂါများကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အရေပြား။** ။ အေးသော ရာသီတွင် ၎င်းစပျစ်၏ အရိုးများကိုဖြတ်၍ ကျလာသော အရည်များကို အနာများ၌ လိမ်းပေးပါက အရေပြားရောဂါများ ပျောက်ကင်း၏။

**ခွေးဆိပ်။** ။ အပင်ကို ပြာချ၍ ၎င်းပြာကို ကျောက်နှင့် ရောစပ်ပြီး ခွေးကိုက်သည့် နေရာတွင် လိမ်းပေးပါက ခွေးဆိပ်သည် လျော့ကျ ပြေပျောက်၏။

**ကျောက်တည်။** ။ ၎င်းအပင်၏ အရိုးပြာ ၆-ပဲသားတွင် ဆူးလေ ပဥ္စင်္ဂါး ပါး သတ္တုရည်ကို သင့်လျော်စွာ ရောစပ်၍ ရက်အနည်းငယ် မျှ သောက်ပါမူ ထိုကျောက်တည်ရောဂါ ပျောက်ကင်း၏၊ ၎င်းပြင် ထိုအပင်၏ ပဥ္စင်္ဂါးပါးပြာကို ၂-ရွေးသားမျှ တိုက်လျှင်လည်း ကျောက်တည်ရောဂါမှ ပျောက်ကင်း၏။

**လိင်ဥရောင်။** ။ ၎င်းအရွက်ကို ထောပတ် ရွှဲရွှဲသုတ်၍ မီးနွေးနွေး၌ ကင်ပြီးလျှင် လိင်ဥရောင်ရာ၌ ကပ်ပေးပါမူ ထိုလိင်ဥရောင်ခြင်းသည် တဖြည်းဖြည်း ပိန်၍ ပျောက်ကင်း၏။

**ရေငတ်ပြေ။** ။ ရိုးရိုးရေငတ်ခြင်း, သည်းခြေဖျား၌ ရေငတ်ခြင်းတို့ အတွက် သပျစ်သီးဖျော်ရည်ကို သောက်ပါက ရေငတ်ကို ပြေစေ၏။

---

# စပျစ်ရိုင်း (သပျက်ရိုင်း)

**ဟိန္ဒီ** हरवल

**လက်တင်** Vitis Setosa

**အင်္ဂလိပ်** Hairy wild vine

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်မျိုး ဖြစ်၏၊ အရွက် နှင့် အလက်တို့၌ အရေပြားကို ယားယံစေတတ်သော အမွေးများ ရှိ၏၊ အစိတ်အပိုင်းတိုင်းသည် ပူစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်ကို အရေပြားများ ပူနွေးစေရန် လိမ်းပေးရ၏၊ ကာပုအနာများ မှည့်စေရန် ပတ်တီး စည်းပေးရ၏၊ အတွင်းဆေး အပြင်ဆေး အဖြစ်ဖြင့် အသုံး ပြုရ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အရေပြား။** ။ အရေပြားပေါ်၌ ပေါက်သော အနာများကို ၎င်းအရွက်ကို အုံဆေး အဖြစ်ဖြင့် အုံပေးပါက အနာသည် နုစဉ် ပိန်၍ ရင့်သောအခါ ပြည်မှည့်၍ ပျောက်ကင်းသွား၏၊ ထိုအရွက်ကို ပင် အရေပြားရောင်ရမ်းရာ၌ ကပ်ပေးက လွန်စွာ ကောင်း၏။

**အကြောအနာပေါက်။** ။ ၎င်းအရွက်ကို အကြောပေါ်၌ ပေါက်သော အနာများ အတွက် အုံဆေးအဖြစ်ဖြင့် အသုံးပြုပါက အနာများ ပျောက်ကင်း၍ အကြောသည် ပကတိ အတိုင်းပြန်ကောင်းပြီး အသားအရေများ ချောမွတ် ပြေပြစ်သွား၏။

**မှတ်ချက်။** ။ "စပျစ်" ဟူသော ဝေါဟာရမှ ပြောင်းလဲ၍ "သပျက်" ဟု ခေါ်ဝေါ် သုံးစွဲကြခြင်း ဖြစ်၏၊ ထိုစပျစ်မျိုးတို့သည် မမှန်းဆနိုင်သော ကာလက ပင်လျှင် ဣန္ဒိယ ပြည်တို့၌ စတင် စိုက်ပျိုး သုံးစွဲနေသည်ကို သိရပေသည်၊ အကြောင်းမူ သမိုင်းသုတေသီ ပုဂ္ဂိုလ်တို့ ခန့်မှန်းထားချက် အရ နှစ်ပေါင်း ၅-ထောင်ကျော် ရှိပြီ ဟု ဖြစ်ရာကာလကို ဆုံးဖြတ်ထားခြင်း ခံရသော "စရကသံဟိတာ" စသည့် ဆေးကျမ်းကြီးတို့၌ ထို "စပျစ်" နှင့် ဆိုင်ရာ ဆေးသုံးပုံ အမျိုးမျိုးတို့ကို တွေ့ရသောကြောင့်တည်း၊ မှန်၏၊ စိမ်ဆေး လုပ်၍ သုံးခြင်း, အရက်ချက်၍ သုံးခြင်း, အခြောက် သုံးခြင်း, စားဘွယ် ခတ်စာ အနေ ဖြင့် သုံးခြင်း, ဆေးဘက်တို့တွင် ထည့်စွက်၍ သုံးခြင်း စသည်ဖြင့် "စပျစ်" ၏ အသုံး အမျိုးမျိုးကို တွေ့ရသောကြောင့်တည်း။

ဤ၌ "စပျစ်အရိုင်း" ဟူသည် "စပျစ်အယဉ်" မျိုးမှ အရိုင်း ဖြစ်သည်၊ မြန်မာပြည် တွင်မူ နောက်ပိုင်းမှ သာလျှင် နိုင်ငံခြားမှ မျိုးရောက်လာ၍ စိုက်ကြပျိုးကြ စားကြသည်၊ နိုင်ငံခြားမှ မလာဘဲ တောတောင် တလျှောက်တို့၌ ပေါက်ရောက်နေသော "တော သပျက်" ဟူ၍ အမည် မှည့်ခေါ်ထားသည့် နွယ်ပင်မျိုး ရှိသေး၏၊ ၎င်းသည် "စပျစ် မျိုး" မဟုတ်၊ (ဝါ) "သပျက်မျိုး" မဟုတ်၊ ၎င်း၏ အမည်ကို "တောသပျက်" ဟူ၍ သာ ခေါ်ရိုး အစဉ်အလာ ရှိသောကြောင့် အသံတူနေသည်၊ သို့သော်- "သပျက်ရိုင်း နှင့် တောသပျက်" တို့သည် အခေါ်အဝေါ် သာ အသံတူ၍ သုံးစွဲပုံ လုံးဝ ကွဲပြား ခြားနား လျက် ရှိသောကြောင့် ၎င်း "တောသပျက်" အကြောင်းကို ပြဆိုလတံ့. ဖြစ်သော ဒုတိယတွဲ တဝဂ်အက္ခရာ တောသပျက်အခဏ်း၌ ကြည့်ရှုကြပါကုန်။

# စမုန်စပါး

သက္ကတ मधुरिका လက်တင် Foeniculum Vulgare
ဟိန္ဒီ सौंफ အင်္ဂလိပ် Fennel

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ရှည်၏၊ အရွက်မှာ စမုန်ညိုရွက်နှင့် တူ၏၊ အမြစ်သည် ထီးသဏ္ဌာန် ရှိ၏၊ ဝါ၏၊ အသီးသည် အနည်းငယ် ဥသဏ္ဌာန် ရှိ၏၊ အစေ့သစ်သျှ စိမ်း၏၊ ကြာသောအခါ ဝါ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပူ၏၊ ခြောက်ထပ်၏၊ အစာကို ကြေစေတတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ စမြိတ်နှင့် တူ၏၊ အနည်းငယ် ထူးခြားချက်မှာ ယောနိနှင့် ပတ်သက်သော နာကျင်ခြင်း ဝမ်းမီးနုံ့ခြင်းကို ပျောက်ကင်းစေတတ်၏၊ နှလုံးကို အကျိုးပြု၏၊ ဝမ်းချုပ်ခြင်းကို ကင်းဝေးစေ၏၊ သုက်ကို ဖျက်ဆီးတတ်၏၊ ပိုးကို ပယ်တတ်၏၊ သလိပ်, လေကို ပယ်တတ်၏၊ ချောင်းဆိုး, အန်ခြင်းကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အပူဖျား။** ။ အဖျား အပူကြီးခဲ့သော် စမုန်စပါးကို ညဦးက စိမ်၍ နံနက် တိုက်ပေးခြင်းဖြင့် အပူရှိန် လျော့၍ အဖျား ကျသွားလိမ့်မည်။

**အစာမကြေ။** ။ ကလေးများ အစာမကြေရောဂါ၌ စမုန်စပါးကို ရေနွေး ဖျော်၍ ထိုအရည်ကို တိုက်ခဲ့သော် အစာမကြေ ဝမ်းပိုက်ရောင် ရောဂါ ပျောက်ကင်း၏။

**အတိသာရဝမ်း။** ။ ဥသျှစ်ကင်း နှင့် စမုန်စပါးကို ရောထောင်း၍ သောက်ခဲ့လျှင် အတိသာရဝမ်း နှင့် အစာမကြေဝမ်းရောဂါ ပျောက်၏။

**ဆီးချုပ်။** ။ ၎င်းအရွက်၏ သတ္တုရည် (သို့မဟုတ်) စိမ်ရည်ကို သောက်ခဲ့လျှင် ဆီးချုပ်, ဆီးအောင့် ပျောက်၍ ဆီးများစွာ ရှင်လာပါလိမ့်မည်။

**မျက်စိလင်းဆေး။** ။ စမုန်စပါး ၇-ပဲသား, သကြား ၇-ပဲသားကို ညအိပ်ရာဝင် တွင် သောက်ခဲ့သော် မျက်စိ လင်းကြည်လာပါလိမ့်မည်။

---

# စမုန်နီ

သက္ကတ चन्द्रसूरम्

ဟိန္ဒီ असालू

လက်တင် Lepidum Sativum

**ပုံသဏ္ဌာန်။** ။ ၎င်းသည် မုန်ညင်းပင်နှင့် တူ၏၊ ၆-လက်မမှ ၁၈-လက်မ အထိ



စမုန်စပါး
FOENICULUM VULGARE
सौंफ

ချည်၏၊ အရွက်မှာ ကွဲပြန့်နေ၏၊ စမြိတ်ရွက်, နံနံရွက်တို့နှင့် တူ၏၊ အပွင့်မှာ ဖြူညိုရောင် ရှိ၏၊ ၎င်းအသီးများပေါ်တွင် အမွေး ရှိ၍ ချွဲ၏၊ များသောအားဖြင့် အစေ့ကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ အစေ့သည် ခါး၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နို့ရည်ကို တိုးပွားစေ၏၊ အားကို တိုးပွားစေ၏၊ ဝဖြိုးစေ၏၊ ကာမကို အားပေး၏၊ လေ, သလိပ် ဒေါသကို နိုင်၏၊ ၎င်းပြင် ဝမ်းသက်, အရေပြားရောဂါတို့၌ အကျိုးပြု၏၊ နို့ရည်နှင့် ရောသော စမုန်နီသည် ထိခိုက်ဒဏ်ရာ, အရေပြား, လေ, မျက်စိရောဂါ, သွေးဖေါက်ပြန်ခြင်းတို့၌ အကျိုးများ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အစာသစ်အိမ်နာ။** ။ ၎င်းပြုတ်ရည်ကို သောက်လျှင် အစာသစ်အိမ် ထိုးကျင့်, နာကျင်ခြင်း ပျောက်ကင်း၏။

**ရောင်ရမ်းနာ။** ။ ရောင်ရမ်းနာ၌ ၎င်းအစေ့ကို အမှုန့် ပြု၍ သံပုရာရည်နှင့် ဖျော်၍ လိမ်းလျှင် ရောင်ရမ်းခြင်း ပျောက်ကင်း၏။

**ချောင်းဆိုး။** ။ ၎င်း၏ အကိုင်း အခက်များကို ပြုတ်၍ သောက်လျှင် ချောင်းစို့, ချောင်းခြောက် ရောဂါများ ပျောက်ကင်း၏။

**သွေးမြင်းသရိုက်။** ။ ၎င်းကို ရှာလပတ်ရည် လုပ်၍ သောက်လျှင် သွေးမြင်းသရိုက် ရောဂါမှ ပျောက်ကင်း၏။

**လူပျိုနာ။** ။၎င်းကို လေးဘို့ တဘို့ကြွင်း ပြုတ်၍ သောက်လျှင် ကိုယ်ခန္ဓာ၌ ရှိသော အရေပြား၌ အဖုအပိမ့် ပေါက်ခြင်း စသည့် လိင်နိမိတ်နာ ခေါ် လူပျိုနာများ ပျောက်ကင်း၏။

---

# စမုန်နက်

သက္ကတ **स्थूलजीरक** လက်တင် Nigella Sativa

ဟိန္ဒီ **कलौंजी** အင်္ဂလိပ် Black Cumin

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ စမုန်စပါးပင်နှင့် သဏ္ဌာန် တူ၏၊ အခက်အလက်များသည် တပေသာသာ ရှိ၏၊ အပွင့်သည် အညိုဖျော့ရောင် ဖြစ်၏၊ အစေ့မှာ နက်၍ ၃-မြောင့် ရှိ၏၊ အလွန်ပြင်းသော အနံ့ ရှိ၍ အတွင်းဆံသည် ဖြူ၏၊ ၎င်းအစေ့ဆံသည် ၇-နှစ် ထိ ခံ၏၊ များသောအားဖြင့် အစေ့ကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး, စပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆာလောင် မွတ်သိပ်ခြင်းကို ဖြစ်စေ၏၊ ကာမကို အားပေး၏၊ ဥတုသွေးကို မှန်စေ၏၊ ပိုးကို ပယ်တတ်၏၊ ၎င်းပြင် ဂူလုံး, သွေးအန်, သွေးကျ, အစာမကြေ, ထိုးအောင့်ခြင်းတို့၌ ကောင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကျောက်တည်။** ။ စမုန်နက်စေ့ကို ရေနှင့် ကြိတ်၍ ပျားရည်နှင့် ရောစပ်၍ သောက်ခဲ့သော် ကျောက်တည်ရောဂါမှ ပျောက်ကင်း၏။

**မြင်းသရိုက်ရောဂါ။** ။ ၎င်းစမုန်နက်စေ့ကို အကျွမ်းလှော်၍ ရသော ပြာကို ရေနှင့် သောက်ပြီး တဖန် ၎င်းပြာကို စအိုဝ၌ သုတ်ပေးလျှင် မြင်းသရိုက်ရောဂါ ပျောက်ကင်း၏။

**သားဖွားလွယ်ဆေး။** ။ စမုန်နက်စေ့ကို ကျို၍ သောက်ခဲ့လျှင် အလွန် မွေးဖွားရ ခက်သော ကိုယ်ဝန်ကို လွယ်ကူစွာ မွေးဖွားစေနိုင်၏၊ အကယ်၍ ကိုယ်ဝန်သား သေနေစေကာမူ အပြင်သို့ သားသေကို ထွက်စေနိုင်၏။

**ခွေးရူးဆိပ်။** ။ စမုန်နက်စေ့ ၄-ပဲ ၁၀-ပဲ ထိ ရေနှင့် ကြိတ်၍ သောက်ခဲ့သော် ခွေးရူးဆိပ်များ ပြေပျောက်၏။

**ဆံပင်ကျွတ်။** ။ စမုန်နက်စေ့ကို လှော်၍ ဆီနှင့်ရောပြီး ခေါင်း၌ လိမ်းလျှင် ဆံပင်များ အကျွတ် ပျောက်၍ ပေါက်၏။

---

# စမုန်ဖြူ

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ၁-ပေမှ ၃-ပေ အထိ မြင့်၏၊ အရွက်မှာ နံနံရွက်နှင့် တူ၏၊ အပွင့်မှာ ထီးသဏ္ဌာန် ကဲ့သို့ ပွင့်၍ အဖြူရောင် ရှိပြီး သေးငယ်၏၊ များသောအားဖြင့် အစေ့ကို အသုံးပြုရ၏။


**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ စပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ ထက်မြက်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေ၏။

ဂုဏ် နှင့် **စွမ်းရည်။** ။ သည်းခြေကို ပွားစေ၏၊ လေ, သလိပ် ဒေါသကို နိုင်၏၊ ၎င်းပြင် ထိုးအောင့်, ဝမ်းပိုက်ရောင်, မြင်းသရိုက်, ပိုး, အော့အန်, ဂူလုံး, အဖျဉ်းရောဂါတို့၌ အကျိုးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဝမ်းမီးနုံ့။** ။ စမုန်ဖြူ, ငြုတ်ကောင်း, သိန္ဓောဆား — ၎င်း ၃-မျိုးကို ကြိတ်၍ ရေနွေးပူပူနှင့် သောက်ခဲ့လျှင် ဝမ်းပိုက်နာ, ဝမ်းကိုက်, ဝမ်းမီးနုံ့ ရောဂါ ပျောက်၏။


**အော့အန်။** ။ စမုန်ဖြူကို မိခင်၏ နို့ရည်နှင့် ရော၍ တိုက်ခဲ့သော် ကလေးများ အော့အန်ခြင်း နှင့် ဝမ်းသွားခြင်း ပျောက်ကင်း၏။



စမုန်ဖြူ(တော)

SESELI INDICUM

अजमोदा खराश्व जंगली



စမြိတ်(ဆမိတ်၊ စမုန်ညို)
**PEUCEDANUM GRAVEOLENS**
सोया

**အရေပြား။** ။ စမုန်ဖြူကို ရေနှင့် ပျစ်ပျစ် ကြိတ်၍ နေ့တွင် ၂-ကြိမ် ၃ ကြိမ် လိမ်း လျှင် အရေပြားရောဂါ, ယားယံခြင်း, ပူဓလောင်ခြင်းများ ပျောက်ကင်း၏။

**ပိုးရောဂါ။** ။ ၎င်းစမုန်ဖြူမှုန့် ၄-ပဲသားကို ဒိန်ချဉ်နှင့် ရောသောက်သော် ဝမ်းတွင်း ပိုးများ ကျဆင်းလိမ့်မည်။

---

## စမုန်ဖြူ (တော)

**ပုံသဏ္ဌာန်။** ။ ၎င်းသည် မိုးသက်ပင်ငယ်မျိုး ဖြစ်၍ နွယ်ယောင် ပင်ယောင် ဖြစ်၏၊ အပင်မှာ ၄-လက်မမှ ၁၂-လက်မ အထိ မြင့်၏၊ အရွက်မှာ ၃-ခွ ဖြစ်၍ ခွေးသွားစိတ်များ ရှိ၏၊ အပွင့်မှာ ထီးသဏ္ဌာန် ရှိ၍ ဖြူ၏၊ အသီးမှာ လုံး၍ သေးပြီး အစေ့မှာ အဝါရောင် ရှိ၏၊ များသောအားဖြင့် အစေ့ကို အသုံးပြုကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ထက်မြက်စေတတ်သော သတ္တိရှိ၏၊ အူတို့ကို အားပေး၏၊ ဝမ်းပိုက်ရှိ ပိုးတို့ကို ပယ်တတ်၏၊ ဝမ်းပိုက်ရောင်, ထိုးအောင့်ခြင်းတို့ကို ပျောက်ကင်းစေ၏။

---

## စမြိတ် (ဆမိတ်, စမုန်ညို)

| | | | |
|---|---|---|---|
| သက္ကတ | शतपुष्पा | လက်တင် | Peucedanum graveolens |
| ဟိန္ဒီ | सोया | အင်္ဂလိပ် | Dill |

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ၂-ပေမှ ၃-ပေ အထိ မြင့်၏၊ အရွက်သည် ငယ်၏၊ အလွန် နူးညံ့၏၊ အပွင့်သည် ထီးသဏ္ဌာန် ရှိ၏၊ အနည်းငယ် ဝါ၏၊ အစေ့အိမ်သည် သေး၏၊ များသောအားဖြင့် အစေ့ကို အသုံးပြုကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေ, သလိပ် ဒေါသကို ငြိမ်းစေ၏၊ ၎င်းပြင် အဖျား, အနာ ပေါက်, ထိုးအောင့်ခြင်း, မျက်စိရောဂါ စသည်တို့၌ အကျိုးပြု၏။

### ရောဂါအလိုက် အသုံးပြုနည်း

**အနာပေါက်။** ။ ၎င်းအရွက်ကို ဆီသုတ်၍ မီးကင်ပြီး အနာပေါက်၌ ကပ်ပေးပါက နူလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်ပြီး အနာပျောက်ကင်း၏။

**ရင်ဘတ်နာ**။ ။ စမြိတ်စေ့ကို ၃-ခွက် ၁-ခွက်ဘင် ကျို၍ သောက်ခဲ့သော် ရင် ...
ထိုးအောင့်, နာကျင်သော ရောဂါမှ ပျောက်ကင်း၏။

**ဝမ်းမီးနုံ့**။ ။ စမြိတ်, သခဘော်ချင်းခြောက်ဘို့ကို အမျှစီစု အမှုန့် ပြု၍ လက် ...
ခြောက် သဘွယ် ရေနွေး၌ ခတ်သောက်ခဲ့လျှင် ဝမ်းမီးနုံ့ခြင်း, အစာမကြေခြင်းတို့ ပျော ...
ကင်း၏။

**နို့ထွက်ဆေး**။ ။ စမြိတ်စေ့ကို သကြားခဲနှင့် ရော၍ စားခဲ့သော် နို့ရည်ကို ကောင်း
စွာ ထွက်စေ၏၊ သို့မဟုတ် စမြိတ်စေ့ကို လှော်၍ စားလျှင်လည်း နို့ကို ကောင်းစွာထွက်သ ...

**နှလုံးဆေး**။ ။ မိန်းမများ သားဖွါးပြီးနောက် ၎င်းအစေ့ကို ရေနွေးဖျော် ...
သောက်ခဲ့သော် နှလုံးကို လွန်စွာ အားပေး၏။

**မှတ်ချက်**။ ။ ၎င်းစမြိတ်သည် မီးဖွါးသော အခါ မီးနေသည်တို့ အတွက် အလွန်
ကောင်းမြတ်၍ အသုံးဝင်သော ဆေးတခု ဖြစ်၏။

---

## စမြိတ် (တောင်)

**ဟိန္ဒီ** तिर्रा

**လက်တင်** Pimpinella Heyneana

**ပုံသဏ္ဌာန်**။ ။ ၎င်းသည် မိုးရာသီတွင် ပေါက်တတ်သော အပင်မျိုး ဖြစ်၏၊ ပင်ရင်း
မှာ ဖြောင့်၏၊ အရွက်မှာ ၃-ခုစုံ ထွက်၍ ဝိုင်း၏၊ အသီးသည် လုံးဝိုင်းဝိုင်း ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်**။ ။ ၎င်းအမြစ်သည် အဖျားရောဂါ၌ အလွန် အကျိုးပြု၏။

---

## စရိပင်

**သက္ကတ** चविका

**ဟိန္ဒီ** चव्य

**လက်တင်** Piper Chaba

**ပုံသဏ္ဌာန်**။ ။ ၎င်းသည် နွယ်ပင်ကြီးမျိုး ဖြစ်၏၊ အရွက်မှာ ပြောင်ကောင်းရွက်နှင့်
ဆင်ဆင် တူ၏၊ များသော အားဖြင့် ပဉ္စငါးပါးလုံးကို သုံးကြ၏။



စယိုပင်

PIPER CHABA

चव्य

**အရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ သတ္တိ ပူ၏၊ ဝိပါကဌ် စပ်၏၊ ကြေကျက်လွယ်၏၊ ...ကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေ, သလိပ် ဒေါသကို ငြိမ်းစေ၏၊ ၎င်းပြင် ချောင်းဆိုး, ...ဖျား, ပိုး, မြင်းသရိုက်, ထိုးအောင့် ရောဂါများကို ပျောက်ကင်းစေ၏၊ (ကြွင်းသော ဂုဏ် နှင့် စွမ်းရည်မှာ ပိတ်ချင်းမြစ်နှင့် တူ၏။ )

...မြစ်သည် အဆိပ်ကိုပယ်တတ်၏၊ ခယရုဂ်, ချောင်းဆိုး, ပန်းနာ နှင့် မြင်းသရိုက် စသော ... ဖြစ်သော ရောဂါများ၌ အကျိုးပြု၏။

...သီးသည် မွှေး၏၊ ထက်မြက်၏၊ ဝမ်းပိုက်ရောင်, ချောင်းဆိုး, နှာစေး တို့ကို ပျောက် ...၏။

...ပွင့်သည် ချောင်းဆိုး, ပန်းနာ, ခယရုဂ် ရောဂါတို့၌ အကျိုးပြု၏။

# စရည်းပင်

သက္ကတ सप्तपर्ण

ဟိန္ဒီ छतिवन

လက်တင် Alstonia Scholaris

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၏၊ အရွက်မှာ လက်ပံရွက်နှင့် တူ၏၊ ...သော် အရွက်ဖျားသည် ဝိုင်း၏၊ ၎င်းအပင်မှ အစေး အဖြူများ ထွက်၍ ခါး၏၊ ခြောက်လျှင် ...ား၏၊ အခေါက်မှာ ပြာနှမ်းနှမ်း အရောင် ရှိ၏၊ အပွင့်မှာ အစိမ်းရောင်သန်း၍ ဖြူ၏၊ ...း လုံးရှည်ရှည် နေ၏ အခေါက်ကို ဆေးဘက်တွင် သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ဖန်၏၊ ပူ၏၊ နူးညံ့စွာ ဝမ်းသက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် နူးညံ့၏၊ ဆာလောင် မွတ်သိပ်စေ၏၊ ပိုးကို နိုင်၏၊ ...ရည်ကို များစွာ ထွက်စေ၏၊ ၎င်းပြင် နှလုံး, ပန်းနာ, ရင်ကျပ်, အနာပေါက်, သွေးဖေါက် ..., ကင်ဆာရောဂါတို့ကို ပျောက်ကင်းစေ၏။

အခေါက်သည် တွန့်ရှုံ့စေ၏၊ ဝဖြိုးစေ၏၊ ပိုးကို နိုင်၏၊ ဓာတ်တို့ကို တောင့်တင်းအောင် ...ပြင်နိုင်၏၊ အဖျားကိုလည်း နိုင်၏၊ နာတာရှည် အတိသာရဝမ်းရောဂါ, နာတာရှည် ပိတ်ဝမ်း ...က် ရောဂါတို့ကို ပျောက်ကင်းစေ၏။

၎င်းအပင်၏ အစေးကို အနာ၌ လိမ်းလျှင် လျှင်မြန်စွာ အနာရင့်၍ ပြည်ပေါက်ပြီး အနာ ...လည်း လျှင်မြန်စွာ အသားနု တက်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**နားကိုက်။** ။ ၎င်းအစေးကို ဆီနှင့် ရော၍ ကြပ်ပေးလျှင် နားကိုက်ရောဂါ [illegible] မြန်စွာ ပျောက်ကင်း၏။

**အနာပျက်, အနာဆွေး။** ။ ၎င်းအချက်နုများကို လှော်၍ ရေဖြင့် ကြိတ်ပြီး [illegible] အနာအုံဆေး အဖြစ်ဖြင့် အုံပေးခဲ့သော် အနာပျက်, အနာဆွေးများ လျှင်မြန်စွာ [illegible] လိမ့်မည်။

**သံကျဆေး။** ။ ၎င်းအခေါက်ကို ပြုတ်၍ အိပ်မွှေ့သီး အမှုန့် ခပ်သောက်ခဲ့[illegible] ဝမ်းတွင်းရှိ တုတ်ပိုး, သံပိုးများ ကျဆင်း၏။

**သွေးဖေါက်ပြန်။** ။ ၎င်းအခေါက်ကို တြိဖလမှုန့်နှင့် ရော၍ ညဥ့်တွင် [illegible] နံနက်၌ သောက်ခဲ့သော် သွေးဖေါက်ပြန်သော ရောဂါ ပျောက်ကင်း၏။

---

# စမွတ်

| | | | |
|---|---|---|---|
| သက္ကတ | अजमोदा | လက်တင် | Apium Graveolens |
| ဟိန္ဒီ | अजमोद | အင်္ဂလိပ် | Cellery |

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ၁-ပေမှ ၃-ပေ အထိ မြင့်၏၊ အရွက်ဖျားမှာ ၂[illegible] ၂-ခွစီ ဖြစ်လျက် ချွန်ပြီး ခွေသွားစိတ်များ ရှိ၏၊ ၎င်းသည် စမုန်ဖြူမျိုး ဖြစ်ပြီး အပင်မှာလ[illegible] စမုန်ဖြူနှင့် ပင် တူ၏၊ ၎င်းအပင်ကို ဆောင်းရာသီ ကုန်ခါနီးတွင် စိုက်ပျိုးကြ၏၊ အပွင့်သည် [illegible] ၍ ထီးသဏ္ဌာန်ကဲ့သို့ အဆုပ်လိုက် ပွင့်၏၊ များသောအားဖြင့် အစေ့ကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး, စပ်၏၊ သတ္တ ပူ၏၊ ဝိပါက၌ စပ်၏၊ ကြေကျ[illegible] လွယ်၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ တွန့်ရှုံ့စေ၏၊ သုက်ကိုပွားစေ၏၊ နှလုံးကို အကျိုးပြု[illegible] လေ, သလိပ် ဒေါသကို နိုင်၏၊ ၎င်းပြင် လေပြန်ချောင်းများ ပူခြင်း, အော့အန်, ကြက်[illegible] ချောင်း, ရေဖျဉ်း, ဝစ္စမဂ် နာကျင်ခြင်း, ပိုးရောဂါ, ကြွို့ထိုးရောဂါတို့ကို ပျောက်ကင်း စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အော့အန်။** ။ စမွတ် နှင့် လေးညှင်းပွင့် ထိပ်ဖူးကို ကြိတ်၍ ပျားရည်နှင့် ရောစပ် စားပါက အော့အန်သောရောဂါ ပျောက်ကင်း၏။

**ချောင်းဆိုး။** ။ စမွတ်ကို ကွမ်းရွက်ထဲတွင် ထည့်၍ အရည်ကို ငုံထားပါက ချောင်းခြောက်, ချောင်းစိုရောဂါ၌ ကောင်း၏။



စမွတ်

APIUM GRAVEOLENS

अजमोद

**ကြို့ထိုး။** ။ထမင်းစားပြီးလျှင် ကြို့ထိုးတတ်သော် စမွတ်ကို ပါးစပ်တွင် ငုံ၍ ရှိသောအရည်ကို မျိုချခြင်းဖြင့် ထိုကြို့ထိုးရောဂါ ပျောက်ကင်း၏။

**ဝမ်းပိုက်နာ။** ။စမွတ်ကို ဆားပုတ်နှင့် ရောကျေးခဲ့သော် ဝမ်းပိုက်နာ၍ ကောင်း ရှင်းပြင် စမွတ်ကို ထန်းလျက်နှင့် ရော၍ လုံးကျေးလျှင် အစာမကြေ, ရင်ပြည့်, ဝမ်းကြော ကြောတင်းခြင်း တို့ကို ပျောက်ကင်းစေ၏။

---

# စုစပ်ပန်း

ပံရှာဒ် **नारी**

လက်တင် Polygonum Barbatum

**ပုံသဏ္ဌာန်။** ။အပင်သည် ၃-ပေကျော်ကျော် မြင့်၏၊ အရွက်သည် ချဉ်ပေါင်ရွက် မျိုး ဖြစ်၍ အလွန် သေးငယ်၏၊ ၃-လက်မမှ ၄-လက်မ အထိ ရှိပြီး လှံသွားသဏ္ဌာန်နှင့် တူ၏၊ အပွင့်မှာ ဖြူ၍ ၄-ပွင့်ခန့် ရှိပြီး သေးငယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့သည် ရင်ဘတ်နာကျင်ခြင်း၌၎င်း, လေထိုး, ဝမ်းပိုက် နာ၌၎င်း သက်သာစေ၏၊ အမြစ်သည် အေးစေ၏၊ ချုပ်စေ၏၊ အရွက်ပြုတ်ရည်ကို အနာ၌ ဆေး အဖြစ် အသုံးပြုရ၏။

---

# စူကာသီး (တော)

တေလဂူ **लाज्जुमिक्की**

လက်တင် Passifflora Foetida

**ပုံသဏ္ဌာန်။** ။၎င်းသည် သူတပါးကို မှီတတ်သော နွယ်မျိုး ဖြစ်၏၊ အရွက်မှာ ၂-လက်မခွဲ ရှိ၍ အပွင့်မှာ စိမ်း၏၊ အသီးမှာ ဆီးသီးစိမ်းခန့် ရှိ၏၊ အများအားဖြင့် ပဥ္စငါးပါး လုံးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အေးသော သတ္တိ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အသီးသည် အန်စေ၏၊ အရွက်သည် ဥတုသွေးကို မှန်စေ၏၊ သည်းခြေဒေါသကို နိုင်၏၊ အရွက်ကို ခေါင်းကိုက်, ခေါင်းလေးတို့၌ လိမ်းရ၏၊ ရေယုန်, အရေ

ပြားတို့၌ စည်းပေးရ၏၊ ဂူလုံး ရောဂါ စသည်၌လည်း သုံးရ၏၊ အသီး အရွက် ပြုတ်ရည်သည် ပန်းနာရောဂါ၌ အသုံးပြုရ၏။

---

# စူလာနဖါ

**သက္ကတ** ပရ်
**ဟိန္ဒီ** पित पापड़ा
**လက်တင်** Fumaria Parviflora

**ပုံသဏ္ဍာန်။** ။ ၎င်းသည် မိုးတွင်း၌ ပေါက်၍ မြေမှ အနည်းငယ် ကွာနေ၏၊ လေး ဘက်လေးတန်မှ အခက်အလက်တို့ဖြင့် အုပ်ဆိုင်းနေ၏၊ ၁-ပေမှ ၁-ပေခွဲအထိ မြင့်၏၊ မြေခြောက် များတွင် ဤလောက် မမြင့်၊ မြေကြီးနှင့် ကပ်ပေါက်၏၊ အရွက်မှာ လက်မဝက်မှ ၂-လက်မအထိ ရှည်၏၊ အနံမှာ တလက်မ၏ ၄-ပုံ ၁-ပုံခန့် ကျယ်၏၊ အရွက်၏ အရင်း နှင့် အဖျားသည် ချွန်၏၊ အပွင့်မှာ ခရမ်းရောင်သန်း၍ နှင်းဆီရောင် ရှိ၏၊ အသီးမှာ ဂျုံစေ့ခန့် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ခါး၏၊ သတ္တိမှာ အေး၏၊ ဝိပါက၌ စပ်၏၊ ကြေကျက်လွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မလတို့ကို တားမြစ်တတ်၏၊ လေကို ဖေါက်ပြန်စေ၏ သည်းခြေ၊ သလိပ် ဒေါသကို ငြိမ်းစေ၏၊ အဖျား, သွေးဖေါက်ပြန်, နှုတ်မမြိန်, အပူ, ပျို့ခြင်း, ပင်ပန်းခြင်း, ယစ်မူး, တုလာသရော, အန်ခြင်း, ရေငတ်, သွေးအန်, သွေးကျ ရောဂါ စသည်တို့ကို ပျောက် ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကိုယ်ရေဝါ။** ။ စူလာနဖါကို ရေနွေး ဖျော၍ သောက်သော် ကိုယ်ရေဝါရောဂါ ပျောက်ကင်း၏။

**အဖျား။** ။ စူလာနဖါ, ခရမ်းကစေ့, ဆင်တုံးမနွယ် တို့ကို ၃-ပုံ ၁-ပုံကြွင်း ပြုတ်၍ သောက်သော် အဖျားရောဂါ လျင်မြန်စွာ ပျောက်ကင်း၏။

**မိုးရောဂါ။** ။ စူလာနဖါ, အိပ်မွေ့သီးတို့ကို ပြုတ်၍ သောက်သော် မိုးရောဂါကို ပျောက်ကင်းစေ၏။

**နာတာရှည် အဖျားရောဂါ။** ။ စူလာနဖါ, စမုန်ညို တို့ကို ၃-ပုံ ၁-ပုံကြွင်း ကျန် အောင် ကျို၍ သောက်ခဲ့သော် နာတာရှည် အဖျားရောဂါ ပျောက်ကင်း၏။


**ယားယံခြင်း။** ။ စူလာနဖါကို အမှုန့် ပြု၍ လျက်ဆား သဘွယ် လျက်ပေးခဲ့သော် ယားယံခြင်း ပျောက်ကင်း၏။

[illegible]

ဝေ
ခြောက်
မထေ
ချွန်း
စပ်း

ုံးခြေ၊
ခြင်း၊
ချက်

ဥဂါ
ကြွံ
ါကို
ကျန်
းသော်



ဆေးမဒဒိုး

JATROPHA MULTIFIDA

भद्रदन्ती

**သွေးအန်။**　　။ စုလာနပဖါကို ပြုတ်၍ ပျားရည်နှင့် ရောသောက်ခဲ့သော် သွေးအန်ရောဂါ ပျောက်ကင်း၏။

---

# စေးမခန်း

သက္ကတ **भद्रदन्ती**

လက်တင် Jatropha Multifida

**ပုံသဏ္ဍာန်။**　　။ ၎င်းသည် နှပ်ချိုဝဂ်မျိုးမှ နွယ်ယောင် ပင်ယောင် ဖြစ်၏၊ ဥယျာဉ်ခြံတို့တွင် စိုက်ကြ၏၊ အရွက် လက်ခြား ဖြစ်၍ ဖါး၏၊ ကြီး၏၊ ဘိန်းပင်နှင့် တူ၍ အပွင့် နီ၏၊ များသောအားဖြင့် အသီးကို သုံးကြ၏။

**အရသာ နှင့် အကျိုးသွား။**　　။ အရသာ စပ်၏၊ သဘ္ဘိ ပူ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။**　　။ မြင်းသရိုက်, အအေးမိ, နှာစေး, အဖျဉ်းရောဂါတို့ကို ပျောက်ကင်းစေ၏။

အစေ့သည် အနည်းငယ် ချို၍ ဆီရှိ၏၊ ဝမ်းသက်စေ၏၊ ကာမကို အားပေး၏၊ ဝဖြိုးစေ၏၊ သလိပ်, သည်းခြေကို ပွားစေ၏၊ အော့အန်စေ၏၊ အပူကို ပွားစေ၏။

အစေ့သည် ကိုယ်ဝန် လျော့စေသော ဆေးကဲ့သို့ အတွင်းဆေး, အပြင်ဆေး အဖြစ်ဖြင့် အသုံးပြုရ၏။

အရွက်သည် ဝဲနာ၌ အသုံးပြုရ၏။

အစေးသည် အအေးမိ, နှာစေး နှင့် အနာပေါက်တို့၌ သုံးစွဲရ၏။

**မှတ်ချက်။**　　။ အစေ့သည် ဝမ်းကို အလွန် သွားစေ၏၊ အန်စေ၏၊ သို့သော် ၎င်းကို ဆေးအဖြစ်ဖြင့် အသုံးပြုရန် မသင့်၊ အကယ်၍ ၎င်းအစေ့ကို စားမိ၍ အလွန် ဝမ်းသွားပြီး အန်ခဲ့သော် ဖြေဆေး အဖြစ်ဖြင့် သံပုရာရည်ကို တိုက်ပေးရ၏။

---

# စက်ကတုံးပင်

သက္ကတ **करहटा**

ဟိန္ဒီ **पिंडार**

လက်တင် Trewia Nudiflora

**ပုံသဏ္ဍာန်။**　　။ စက်ကတုံးသည် အပင်ကြီးမျိုး ဖြစ်၏၊ အခေါက်သည် နူးညံ့၍

ပြာ၏၊ အရွက်သည် ၅-လက်မခွဲမှ ဂ-လက်မခွဲ အထိ ရှည်၍၊ ၄-လက်မခွဲမှ ၆-လက်မ အထိ ကျယ်၏၊ အဖိုပွင့်သည် ဝါ၏၊ အမပွင့်သည် စိမ်း၏၊ အသီးသည် ၁-လက်မမှ ၁.၃-လက်မ အထိ အချင်း ရှိ၏၊ မြန်မာတို့သည် အရပ်ဒေသလိုက်၍ "စက်ကတုံး" ဟူ၍၎င်း၊ "သစ်မြုပ်" ဟူ၍၎င်း၊ "ရေမြုပ်" ဟူ၍၎င်း ခေါ်ကြ၏၊ ပဓာနအားဖြင့် အမြစ်ကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်၊ ခါး၏၊ သတ္တိ အေး၏၊ ဝိပါကဥ္စ စပ်၏၊ ကြေကျေ လွယ်၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခွန်အား နှင့် သည်းခြေကို ဖြစ်စေ၏၊ သွေးကို ပွားစေ၏၊ ၎င်းပြင် အဆိပ်၊ လေကြောင့် ဖြစ်သော နာကျင် ကိုက်ခဲခြင်း နှင့် အဖုအကျိတ်တို့ကို ပျောက်ကင်းရန် ကျို၍ တိုက်ရ၏၊ အဖု၊ အကျိတ် နှင့် အဆစ်ရောင်ခြင်း၌ လိမ်းကျံ၍ ပေးရ၏၊ သောက်လျှင် ဝမ်းတွင်းရှိ ဒေါသ ၃-ပါး ထွက်၏၊ ၎င်းအမြစ် တဆကို ရေ ၁၀-ဆခန့် ထည့်၍ ပြုတ်သောက်ခြင်းဖြင့် ဝမ်းဖေါ ဝမ်းရောင် နှင့် နာကျင်ကိုက်ခဲခြင်းတို့ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ အပင်ကို အသုံးပြုလျှင် ဖေါရောင်ခြင်း နှင့် အနာမီးလျှံနာတို့ကို နိုင်၏၊ စက်ကတုံးသည် ဖို+မ ၂-မျိုး ရှိ၏၊ အဖိုပွင့်သည် ဝါ၏၊ အမပွင့်သည် စိမ်း၏။

---

# စောင်ချမ်း

## မရာဌ ပါပေါလီ (ပါပလီ)

## လက်တင် Osyris Arborea

**ပုံသဏ္ဌာန်။** ။ အပင်သည် စိမ်းလန်းသော ပင်နုမျိုး ဖြစ်၏၊ ၃-ပေခွဲမှ ၉-ပေခွဲ အထိ မြင့်၏၊ အရွက်သည် ရွက်ခြား ထွက်၏၊ ၁-လက်မမှ ၂-လက်မ နီးပါး အထိ ရှည်၍ လက်မဝက်မှ ၁-လက်မ အထိ ကျယ်၏၊ ထိပ်ဖျား ချွန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ် နှင့် အသီးသည် ချုပ်၏၊ သွေးကို ကြွစေတတ်၏၊ အထက်သို့ တက်သော လေကိုလည်း နှိမ်နင်းတတ်၏၊ အရွက်၏ သတ္တုရည်သည် အန်စေတတ်၏၊ အသီးဆံကို အချဉ်ထည့်၍ စားကြ၏၊ စောင်ချမ်းသီး ဟု ဆေးတွင် ပါလျှင် အသီးခွံကို မထည့်ရ၊ အတွင်းဆံ ပါ၊ မပါ စိစစ်ရန် လိုသည်၊ အချို့သူတို့သည် အသီးဆံကို အချဉ်ထည့်၍ ကျန် အသီးခွံများကိုပါ ရောင်းတတ်ကြသည်၊ ၎င်းကို ဆေးဖေါ်စပ်ရာတွင် အထူး သတိပြုရသည်။

---

# စောင်းလျားသီး

သက္ကတ धाराफल

ဟိန္ဒီ कमरख

လက်တင် Averrhoa Carambola

ပုံသဏ္ဌာန်။ ။ ၁၅-ပေမှ ၂၀-ပေ အထိ မြင့်၏၊ အရွက်မှာ လိမ္မော်ရွက် ထက် ပြန့်ကျယ်၏၊ အရွက်အောက်ဘက် အရောင်သည် ဖြူ၏၊ အပေါ်ဘက်ရောင်သည် စိမ်း၏၊ အပွင့်ဖြူ၍ အနည်းငယ် ဝါ၏၊ အသီးမှာ ၄-၅-မြောင့် ရှိ၏၊ များသောအားဖြင့် အသီးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ချဉ်၏။ သတ္တိ အေး၏၊ ဝိပါကဌ် ချဉ်၏၊ ချုပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ်, လေ ဒေါသကို နိုင်၏၊ ဝမ်းသက်, ရေငတ်, အန်ခြင်း, အစာမကြေရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏၊ အသီးမှည့်သည် အတွင်းလိပ်ခေါင်း ရောဂါ အတွက် ကောင်း၏၊ ၎င်း၏ အသီးကို အခြား ဟင်းလျာများ၌ တွဲဘက် ချက်ပြုတ်ခဲ့သော် နှုတ်ကို မြိန်စေ၏၊ **အစာကို** ကြေစေ၏၊ ဖျားနေစဉ်၌ ၎င်းအသီးကို ရှာလပတ်ရည် ပြုလုပ်၍ သောက်သော် ပျောက်၏၊ ပူလောင်၍ ရေငတ်သော ရောဂါနှင့် ကြောက်လန့်၍ နှလုံးတုန်, ရင်တုန်သော ရောဂါတို့၌ တိုက်သောအခါ တိုက်ပေးရ၏။

**မှတ်ချက်။** ။ သာလိဂါမနိဃဏ္ဍုကျမ်း၌ အသီးစိမ်းသည် ပူ၏၊ မလကို ချုပ်စေ၏၊ ချဉ်၏၊ လေနိုင်၏၊ သည်းခြေကို ပွားစေ၏၊ အမှည့်သည် ချို၏၊ ချဉ်၏၊ အားကို ဖြစ်စေ၏၊ ဝဖြိုးစေ၏၊ မြိန်စေ၏ ဟု ဖွင့်ပြသည်။

---

# စောင်းလျားသီး (တရုတ်)

သက္ကတ कर्कटी वृक्ष

ဟိန္ဒီ विलंबी

လက်တင် Averrhoa Bilimbi

ပုံသဏ္ဌာန်။ ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ ဒေလးကျွန်းတွင် အထူး စိုက်ပျိုးကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ တွန့်ရှုံ့စေ၏၊ ဝမ်းမီးကို ပွားစေ၏၊ အဖျားကို နိုင်၏၊ ၎င်းအသီး၏ ရှာလပတ်ရည်သည် ချေငတ်ကို နိုင်၏၊ ဖျားနာစဉ် အပူအားကြီး၍ ပတောက်ပရမ် ပြောခြင်းကို သက်သာစေ၏၊ သွေးအန်, သွေးကျ, သွေးတုလာသရော ရောဂါတို့ကို ပျောက်စေ၏၊ အသီးပြုတ်ရည်သည် သွေးအားနည်း ရောဂါ၌ ကောင်း၏။

---

# စစ် (သစ်ဖြူ)

**ဟိန္ဒီ** सफेद सिरस

**လက်တင်** Albizzia Procera

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ၉၀-ပေ အထိ မြင့်၍ လုံးပတ် ၆-ပေ ရှိ၏၊ ၎င်း မြေညီတော၌ ပေါက်ပြီး အနုစ်အသား နည်း၍ ကုက္ကို, သစ်မန်ကျည်းသားများနှင့် ဆင်တူ၏၊ အရွက်မှာ ဂ-စုံ ရှိတတ်၏၊ အသီးပြားမှာ အလျားအားဖြင့် ၅-လက်မ ရှိ၍ အနံမှာ ၁-လက်မ ကျယ်၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာအားဖြင့် ဖန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သလိပ်, သည်းခြေကို ပယ်တတ်၏၊ သွေးဖောက်ပြန်ခြင်း၊ အဆီတိုး, တုလာသရော, သမင်ဖြူ, ပူခြင်း, အနာပေါက်ခြင်း, ဝါသင့်နာ, ပိုးရောဂါတို့၌ အသုံးပြုရ၏၊ အရွက်သည် ပိုးကို နိုင်၏၊ အနာအုံဆေး အဖြစ်ဖြင့် အသုံးပြုရ၏။

**မှတ်ချက်။** ။ ၎င်း၏ အခေါက်သည် ဖြူဖော့သော အဆင်းအရောင် ရှိသည်ကို အစွဲပြု၍ "သစ်ဖြူ" ဟု ခေါ်ကြဟန် ရှိ၏။

---

# စစ်ဖြူပင်

**သက္ကတ** बहुवारक

**ဟိန္ဒီ** कोरी (वरतुर्ला)

**လက်တင်** Dichrostachys Cinerea

ပုံသဏ္ဌာန်။ ။ ၎င်းသည် ၁၀-တောင်မှ ၁၅-တောင် အထိ မြင့်သော အပင်မျိုး ဖြစ်၏၊ အကိုင်းအခက် များ၏၊ အကိုင်းအခက်များ၌ ဆူးများ ရှိ၏၊ အပွင့်၏ ကျောက်ဘက်၌ နှင်းဆီရောင်, ခရမ်းရောင် ရှိ၍ ဝမ်းဘက်၌ ဝါ၏၊ အသီးမှာ ရှည်၏၊ ပဓာနအားဖြင့် အမြစ်ကို အသုံးပြုကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ခါး၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏။



ဆိန်တပေါ် (မြန်မာ)
SMILAX ZEYLANICA
जंगली उसबा



**ဂုဏ် နှင့် စွမ်းရည်**။ ။ ဆားလောင် မှုတ်သိပ်စေ၏၊ အူတို့ကို တွန့်ရှုံ့စေ၏၊ လေ ပေါ်သကို နိုင်၏၊ အဆစ်အဆက်များ၌ ဖြစ်သောလေ, အဆစ်အဆက် ကိုက်ခဲခြင်း, ကျောက်တည်, ဆီးအောင့်, ဆီးချုပ် စသော ဆီးအိမ်ရောဂါများ နှင့် ယောနိ နှင့် ဝစ္စမဂ်၌ ဖြစ်သော ရောဂါ များကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မျက်စိနာ**။ ။ လတ်ဆတ်သော အရွက်တို့ကို ကြိတ်၍ မျက်စိ၌ စည်းပေးလျှင် မျက်စိ နာကျင်ကိုက်ခဲမှု ပျောက်ကင်း၏။

**အဖု အနာ**။ ။ အရွက်ရည်ကို လိမ်းပေးသော် အဖုအနာများ ပျောက်ကင်း၏။

**မြင်းဝမ်းပိုက်ပိုးရောဂါ**။ ။ အရွက်ကို ပဲစသည်တို့နှင့် အတူ မြင်းကို ကျွေးခဲ့သော် မြင်း၏ ဝမ်းပိုက်ရှိ ပိုးများ ကျဆင်း၏။

---

# စိန်တပေါ (မြန်မာ)

ဟိန္ဒီ जंगली उशबा

လက်တင် Smilax Zeylanica

**ပုံသဏ္ဌာန်**။ ။ ၎င်းသည် နွယ်ပင်ကြီးမျိုး ဖြစ်၏၊ အရွက်မှာ ရှည်ဝိုင်းဝိုင်း ဖြစ်၍ အရွက် အပေါ်ဘက်တွင် အရောင် တောက်ပြောင်၍ ချော၏၊ အောက်ဘက်မှာမူ ကြမ်း၏၊ အသီး မှာ စားတော်ပဲလုံးခန့် ရှိ၍ အမြစ် အလွန် များ၏၊ အရောင်မှာ နီကြန်ကြန် ရှိ၏၊ ဆေးသုံးရာ၌ လတ်ဆတ်သော အမြစ်များမှာ အာနိသင် ပိုရှိ၍ အမြစ်ဟောင်းများမှာမူ အာနိသင် နည်းပါး၏။

**ဂုဏ် နှင့် စွမ်းရည်**။ ။ နူနာရောဂါကြောင့် ဖြစ်သော အဖုအပိမ့်များ, အဆစ်အဆက် ကိုက်ခဲခြင်း, နာတာရှည်, အရေပြားရောဂါ၌ ကောင်း၏၊ ထုံကျင်ခြင်း, ညောင်းကိုက်ခြင်း, ချိနဲ့ခြင်း, ဖေါရောင်ခြင်း, သွေးမသန့်ရှင်းခြင်း စသော ရောဂါအမျိုးမျိုးတို့၌ အသုံးပြုရ၏၊ အရွက် အဖူးများကို ပြုတ်တို့စားကြ၏၊ ကြော်ချက်၍လည်း စားကြ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သွေးဝမ်းကိုက် နှင့် မီးရတ်သွေးဆင်း**။ ။ အမြစ်ကို နို့ရည်နှင့် ဖြစ်စေ, ရေနှင့် ဖြစ်စေ ရောသောက်လျှင် သွေးဝမ်းကိုက်ရောဂါ နှင့် မီးရတ်သွေးဆင်းရောဂါတို့ ပျောက်ကင်း၏။

**ဖေါရောင်ခြင်း နှင့် ချိနဲ့ခြင်း**။ ။ ၎င်းပြုတ်ရေဖြင့် ချေးထုတ်ခြင်း, ချိုးရေတွင် ထည့်၍ ချိုးခြင်း ပြုခဲ့သော် ဖေါရောင်သောရောဂါ နှင့် ချိနဲ့သော ရောဂါ ပျောက်ကင်း၏။

---

# စိန်တပေါ် ( သဘော် )

သက္ကတ ဒွီမူတါပဟိတာ

ဟိန္ဒီ ချောဗချီနီ

လက်တင် Smilax China

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အယဉ်မျိုး ဖြစ်၏၊ အရိုင်းမျိုးလည်း ရှိသေး၏၊ ၎င်းအရိုင်းမျိုးတွင် ဆူးများ၏၊ မြန်မာတို့သည် ၎င်းအရိုင်းမျိုးကို "ခတ်ချိ" ဟု ခေါ်ကြ၏၊ ခတ်ချိပင်များ ပေါက်ရာတွင် ရောနှော ပေါက်တတ်၏၊ သို့သော် အပင်ညွန့်မှာ နီရောင်ရှိ၏၊ ၎င်းကို စားကြ၏၊ အရွက်မှာ ရှည်ဝိုင်းဝိုင်း ဖြစ်ပြီး ကရဝေးရွက်နှင့် ဆင်တူ၏၊ ၎င်း၏ ဥသည် ခြောက်သွားသော အခါ နှင်းဆီရောင်, ပန်းရောင်, အနက်ရောင် ဟူ၍ ၄မျိုးကြ၏၊ ၎င်းတို့အနက် အကောင်းဆုံးမှာ အနီရောင် နှင့် နှင်းဆီရောင် ဖြစ်၏၊ တောက်ပြောင်ပြီး အဖုအထစ် အမွှေးအမျှင် နည်း၏၊ အတွင်းနှင့် အပြင်သားသည် တရောင်တည်း ဖြစ်၏၊ အရသာ အနည်းငယ် ချို၏၊ ရေတွင် ခုလျှင် မြုပ်၏၊ လက်လေးလက်ဆကာ မရှိ၊ အရောင်မှာ ဖြူ၏၊ အညှို့မှာ အရောင် နက်၏၊ အမြစ် အကွေ့ အကောက် အဖုအထစ် များ၏၊ များသော အားဖြင့် အမြစ်ကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ချို, ခါး, စပ်၏၊ သတ္တိမှာ ပူ၏၊ ဝိပါက်၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မလတို့ကို သုတ်သင်တတ်၏၊ လေ, သလိပ်ကို နိုင်၏၊ ဝမ်းပိုက် တင်းရောင်, ထိုးအောင့်, လေရောဂါ, အရူး, ဝက်ရူး, နားကျင်ကိုက်ခြင်းများ နှင့် အထူးသဖြင့် ကာလသား ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လူပျိုနာ။** ။ တကိုယ်လုံး၌ အဖုအပိမ့်များ ထွက်နေသော်၎င်း, သွေးဆိုးများ ပျံ့နှံ့နေသော်၎င်း သဘော်စိန်တပေါ်မြစ်ဥကို တညဉ့်သိပ် စိမ်ပြီး ထိုအရည်ကို တိုက်ပေးပါက လူပျိုနာ ရောဂါ ပျောက်ကင်း၏။

**ကျပ်တီးနာ။** ။ ၎င်းသဘော်စိန်တပေါ်မြစ် အမှုန့်ကို ၄-ပဲသားမှ ၁၂-ပဲသား အထိ ပျားရည်နှင့် ရော၍ လျက်ပေးခဲ့သော် ကျပ်တီးနာမှ ပျောက်ကင်း၏။

**သွေးသန့်ဆေး။** ။ ၎င်းသဘော်စိန်တပေါ်မြစ်မှုန့်ကို ပျားရည်နှင့် ရော၍ လျက်ခဲ့သော် အရေပြားရောဂါ နှင့် သွေးဆိုးများကို ပျောက်ကင်းစေနိုင်၏။


TECOMELLA STAND
सोनापातो

# စိန်တံချူ

တာမီလ် सोनापाती

လက်တင် Tecomella Stans

**ပုံသဏ္ဍာန်။** ။ ငယ်သော ချုံပင်မျိုး ဖြစ်၏၊ အကိုင်း အခက်များ၏၊ မတ်ထောင်၍ တက်၏၊ အရွက် မျက်နှာချင်း ဆိုင် ထွက်၏၊ လှံသွား သဏ္ဍာန်ရှိ၏၊ ပွင့်ဖတ်အုံ စိမ်း၏၊ ပွင့်ချပ်အုံသည် ဝါ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်ကို မြွေဆိပ်, ကင်းမြီးကောက်ဆိပ်, ကြွက်ဆိပ်တို့၌ အသုံးပြုရ၏၊ အမြစ်ကို သံပုရာရည်နှင့် အတူ သို့မဟုတ် သံပုရာရည် မရပါက ရေနှင့် သွေး၍ ကိုက်သော နေရာ၌ လိမ်းပေးရ၏၊ ၎င်းပြင် လဘက်ရည်ဇွန်းနှင့် အနည်းငယ် ခြား၍ ခြား၍ တိုက်ရ၏။

---

# စိန်ပန်းကြီး

သက္ကတ शांखोदरी

ဂူဂျရာတီ राशांगडा

လက်တင် Poinciana regia

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၏၊ အသီးမှာ အတောင့် ဖြစ်၍ သီး၏၊ တတောင်သာသာ ရှိ၏၊ ၎င်းစိန်ပန်းကြီး၏ အပွင့်တို့မှာ အနီရောင် နှင့် လိမ္မော်ရောင်ဟူ၍ ၂-မျိုး ရှိ၏၊ အနီရောင်အပွင့်ကို အများအပြား တွေ့ရ၏၊ အပင်မှာ ပေ ၄၀-မှ ၅၀-အထိ မြင့်၏၊ အကိုင်းအခက်များ ဖြာ၍ အုပ်ဆိုင်းလျက် ထွက်၏၊ အများအားဖြင့် ပဥ္စငါးပွါးလုံးကို အသုံးပြုကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် လေ, သလိပ်ကို နိုင်၏၊ ၎င်းပြင် ထိုးအောင့်, အစာမကြေ, လေပြည့်, မျက်စိရောဂါတို့ကို ပျောက်ကင်းစေ၏။

---

# စိန်ပန်း (အသေး)

သက္ကတ सिद्धेश्वर

ဂုဂျရာတီ सघेशरी

လက်တင် Caesalpina pulcherrima

**ပုံသဏ္ဍာန်။** ။ ၁၅-ပေမှ ပေ-၂၀ အထိ မြင့်၏၊ အရွက်မှာ ထနောင်းရွက်နှ တူ၏၊ လက်မဝက်ခန့် အရှည် ရှိ၍ တလက်မ၏ ၄-ပုံ တပုံခန့်သည်း ရှည်၏၊ တမျိုးမှာ အပွ ဖြူ ဖြစ်၍ တမျိုးမှာ အပွင့်ဝါ ဖြစ်၏၊ မိုးတွင်း၌ ပွင့်၏၊ အသီးတောင့်မှာ ၄ လက်မမှ ၈-လက်မ အထိ ရှိ၏၊ ပြား၏၊ အသီးနုစဉ် စိမ်း၍ အမွေးနုများ ရှိ၏၊ ရင့်သောအခါ ပြာနှမ်းနှမ်းရော ရှိ၏၊ အတွင်းရှိ အစေ့များမှာ ဗာဒံရောင် ရှိ၏၊ များသောအားဖြင့် ပဥ္စင်္ဂါးပါးလုံး သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ဖန်ခါး၏၊ သတ္တိ အေး၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နူးညံ့ ပြေပြစ် ၏၊ ဒေါသ သုံးပါးကို နိုင်၏၊ အနာပျက် အနာအိုများ အတွက် ကောင်း၏၊ လေရောဂါကို နိုင်၏၊ အဖျားကို နိုင်၏၊ နှာစေးရောဂါ ကို ပျောက်ကင်းစေတတ်၏။

**မှတ်ချက်။** ။ အပွင့်ဖြူမျိုး၏ အမြစ်သည် အခြောက်, အစို ၂-မျိုးလုံး အကျိုးပြု သော်လည်း အပွင့်ဝါမြစ်သည် အစို သာလျှင် အကျိုးပြု၏၊ အခြောက်မှာ အကျိုး မပြုချေ၊ ထိုပြင် "စိန်ပန်းစပ်" ဟူ၍လည်း ရှိသေး၏၊ အပင်သည် စိန်ပန်းပင်ကြီးနှ တူသော်လည်း အသီးသည် ၄-လက်မခန့်သာ ရှိ၏။

---

# စမ္ပာ

သက္ကတ कालानुसारी तगर လက်တင် Magnoliaceae N. O.

ဟိန္ဒီ चम्पा အင်္ဂလိပ် Champar tree

**အရသာ နှင့် အကျိုးသွား။** ။ ချို၏၊ ခါးသက်၏၊ ဝိပါက၌ ချို၏၊ ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် ကြေကျက်လွယ်၏၊ ပြေပြစ်၏၊ ဒေါသ သုံးပါး ကို နိုင်၏၊ ၎င်းပြင် ရေယုန်, ဝက်ရူး, အဆစ်အဆက်၌ ဖြစ်သော လေရောဂါ, အဆိပ်, ကြက်ညှ ချောင်းဆိုးခြင်း တို့ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ စမ္ပာသည် နံ့သာမျိုးငါးပါးတွင် တပါး အပါအဝင် ဖြစ်၏၊ နံ့သာ မျိုး ငါးပါး ဟူသော စကားသည် မြန်မာဗိန္ဒောဆရာတို့ တီထွင်ကြံဆ အသုံးပြုခဲ့ကြ



စိန်ပန်း (အသေး)
CAESALPINA PULCHERRIMA
सिद्धेश्वर

သော စကား ဖြစ်၏၊ အကြောင်းမူ ရှေးဟောင်း အာယုဗ္ဗေဒဆေးအဘိဓာန်တို့၌ နံ့သာမျိုးငါးပါး ဟူ၍ ပိုင်းခြား သတ်မှတ်ပြီး အသုံးပြု ခေါ်ဝေါ်ထားသည်ကို မတွေ့ရသောကြောင့် ဖြစ်၏၊ မှန်၏၊ ဆေးကျမ်းတို့၌ စတုဂန္ဓ အမွှေးနံ့ လေးမျိုး ဟူ၍ သုံးစွဲထားသည်ကို သာ တွေ့ရ၏၊ အမွှေး နှင့် နံ့သာသည် ကွဲပြားနေ၏၊ အမွှေးမျိုးသည် စတုဂန္ဓ-အမွှေးမျိုး လေးပါး, ဒသဂန္ဓ-ပွင့်, ရွက်, ခေါက်, နှစ်, ဥ, မြစ် စသောအား ဖြင့် အစိတ်အပိုင်း ဆယ်မျိုး ဟူ၍ သတ်မှတ်ထားသည်ကို တွေ့ရသည်၊ နံ့သာမျိုးကား ပန်းမျိုး မဟုတ်ချေ၊ အသား အနှစ် မွှေးသော ပစ္စည်းမျိုးကို ဆိုလို၏၊ ဤ၌ နံ့သာမျိုး ငါးပါး ဟူသည် နံ့သာနီ, နံ့သာဖြူ, အကျော်, စမ္ပာ, ကရမက် ဟူသည်တို့ ဖြစ်၏၊ ထို ငါးမျိုးလုံး ပင်လျှင် အသား အနှစ်တို့ ဖြစ်သည်ကို သတိပြုသင့်၏၊ ထိုငါးမျိုးတို့တွင် စမ္ပာမှ တပါး ကျန် ၄-မျိုးတို့ကို အက္ခရာစဉ် ရောက်ရာ၌ မှတ်သား ကြည့်ရှုနိုင်ပေသည်။

ဤ၌ စမ္ပာကို ဖွင့်ဆိုရန် ဖြစ်သဖြင့် ထိုစမ္ပာဟူသည် အဘယ်နည်း ဟု ရှေးဦးစွာ လေ့လာရန် ဖြစ်သည်၊ စမ္ပာကို ရှေးဗိန္ဒောဆရာမြတ်တို့သည် "စမ္ပာအစစ်-စကားနှစ်" ဟု မိန့်မှာဘော်မူခဲ့ကြ၏၊ စကားနှစ်ကို ယူရမည် ဟု ဆိုထားသော်ငြားလည်း မည်သည့် စကားနှစ်ကို ယူရမည်ဟု ခွဲခြမ်း ဝေဘန်ထားသည်ကိုကား မတွေ့ရပေ၊ သို့ဖြစ်၍ ၎င်းကို သေချာ တိကျစွာ ရယူနိုင်ရန် စိစစ်အပ်ပေ၏၊ စကားသည် အမျိုးများ၏၊ စကားကြီး, စကားလေး ဟူ၍ ရှိ၏၊ စကားဝါ, စကားဖြူ, စကားစိမ်းတို့ကား စကားကြီးမျိုးတို့ ဖြစ်ကုန်၏၊ တရုတ်စကားမျိုးကား စကားကလေးမျိုး ဖြစ်၏၊ ထိုဘရုတ်စကားမျိုးတို့သည်လည်း တွေ့နေကျ ဖြစ်သော အဖြူ, အဝါ, အနီမျိုး, ဗိလပ်စကား ခေါ်သော အပွင့်ဖြူ ( အရွက်ထိပ်ဝိုင်း ) အကျော် ဟု ခေါ်သော စကားမျိုး နှင့် ယိုးဒယား စမ္ပာ ဟု ခေါ်သော ယိုးဒယား စကားမျိုး ( ၎င်းကို အလှစိုက်၍ ပျိုးပင်တို့ကို အရောင်း အဝယ်ပြုလုပ်ကြ၏) အပင် နှင့် အရွက်မှာ တရုတ်စကားနှင့်တူ၍ အပွင့်မှာ ခေါင်းလောင်း ပုံငယ် သဏ္ဌာန် ရှိ၏၊ အပြွတ်အခိုင် တည်ရှိ၍ ပွင့်၏၊ အရောင်မှာ အတွင်းဘက်တွင် ကြက်သွေးနုရောင် ရှိ၏၊ လှန်စွာ လှ၏၊ ၎င်းကို ထိုင်း ( ယိုးဒယား ) နိုင်ငံ၌ စမ္ပာ ဟု ခေါ်၏၊ အခြား တမျိုး ရှိသေး၏၊ ၎င်းသည် တရုတ်စကားပွင့် ကဲ့သို့ အပွင့် နှင့် အပင် သဏ္ဌာန် တူ၏၊ ဆူးအနည်းငယ် ရှိ၏၊ ၎င်းကိုလည်း စမ္ပာ ဟူ၍ ပင် ခေါ်၏၊ သို့ဖြစ်၍ စမ္ပာ ( စကားမျိုး ) သည် လွန်စွာ များပြားလှပေ၏၊ စမ္ပာ ဟု ခေါ်၍ ဆေးတွင် သုံး သော စမ္ပာနှစ် ( စကားနှစ်ပင် ) မှာ စကားဝါ, စကားဖြူ စကားကြီးမျိုးမှ ရသော စကားနှစ်မျိုးကို မယူရ၊ တရုတ်စကားမျိုးထဲမှ ဖြစ်သော စကားမျိုး ( စမ္ပာမျိုး ) ကို ယူရမည်၊ အနှစ်မှာ အနက်ရောင် ရှိ၏၊ "စမ္ပာအစစ်- စကားနှစ်" ဟူသော စကားသည် ထိုဖော်ပြပါ စကားမျိုးမှ အနှစ်ကို ယူရပေသည်၊ မှန်၏၊ စမ္ပာသည် စမ္ပာ ဟူသော အမည် ဖြင့် ယူခဲ့သော် အမွှေးစမ္ပာ အနေဖြင့် ကြီး, ငယ်, လတ် အမျိုးမျိုးတို့ကို ယူနိုင်သော်လည်း ဆေးသုံးစမ္ပာ အနေဖြင့် ယူသော် စကားငယ်, တရုတ်စကားမျိုးမှ အနှစ်နက်သော အမျိုး ကို ယူရမည် ဖြစ်ပေသည်၊ မှန်၏၊ စမ္ပာအစစ်ကို တွေ့သောအခါ အချို့ ညိုသည်၊ အချို့

မှာ ညိုပြာပြာရှိသည်၊ အနံ့မှာ တရုတ်စကားနံ့ကဲ့သို့ မွှေးကြိုင်နေသည်၊ ခါးသက်သော အရသာရှိနေသည်ကို တွေ့နိုင်ပေသည်၊ ဆေးကျမ်းတို့၌ရင်း၊ ပါဠိစာပေတို့၌၄င်း များစွာ သက်ဝင်နေသော အပင်မျိုး ဖြစ်၍ မှန်ကန်သည် ထက် မှန်ကန်စေခြင်းငှါ ထပ်မံ၍ ဖေါ်ပြလိုက်ခြင်း ဖြစ်ပါသည်။

---

# စွန်ပလွန်သီး

| | | | |
|---|---|---|---|
| **သက္ကတ** | **पिण्डफला** | **လက်တင်** | Phoenix Dactylifcra |
| **ဟိန္ဒီ** | **खजूर** | **အင်္ဂလိပ်** | Date - Palm |

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ထန်းပင်နှင့် တူ၏၊ သို့သော် ငယ်၏၊ အရွက်သည် အုန်းရွက်ကဲ့သို့ ရှိ၍ သေး၏၊ နွေအခါ၌ အရွက်ရိုးတံဘို့၏ အရင်းမှ အပြွတ်လိုက် သီး၏၊ အသီးသည် လုံး၍ မှည့်သော အခါ လိမ္မော်ရောင် ဖြစ်လာ၏၊ အစေ့သည် ရှည်ပြီး တဘက်၌ ကွဲယောင် ရှိ၏၊ များသော အားဖြင့် အသီးကို သုံးကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ချို၏၊ သတ္တိ အေး၏၊ ဝိပါက၌ ချို၏၊ အစိမ်းသည် ဒေါသ ၃-ပါးကို ဖေါက်ပြန်စေ၏၊ အမှည့်ကား ဒေါသ ၃-ပါးကို ငြိမ်းစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ပြေပြစ်၏၊ နှုတ်ကို မြိန်စေ၏၊ နှလုံးကို ကျေးဇူးပြုတတ်၏၊ ကြေကျက်ခဲ၏၊ အားကို ဖြစ်စေ၏၊ စွန်ပလွန်ရေခါးသည် ထန်းရည်၊ ဓနိရည်များ ကဲ့သို့ မူးရစ်စေတတ်၏၊ သည်းခြေကို ပြုတတ်၏၊ ဝမ်းမီး ခွန်အား၊ သုက်ကို ပွားစေ၏၊ အူတွင်းရှိ လေရောဂါ၊ အဖျား၊ ဝမ်းသက်၊ ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ ချောင်းဆိုး၊ မူးယစ်ခြင်း၊ တွေဝေခြင်း၊ အရက်ကြောင့် ဖြစ်သော ရောဂါ စသည်ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ စွန်ပလွန်ကို ဖြစ်ပေါ်ရာ ဒေသ လိုက်၍ အောက်ပါ အတိုင်း ၃-မျိုး ခွဲခြား ခေါ်ဝေါ်၏။

၁ ဣန္ဒိယနိုင်ငံ၌ ဖြစ်သော စွန်ပလွန်ကို ( ဘူမိခဇ္ဇူရ ),
၂ ဣရန် စသော နိုင်ငံ တို့၌ ဖြစ်သော စွန်ပလွန်ကို ( ပိဏ္ဍခဇ္ဇူရ ),
၃ တူရကီနိုင်ငံ၌ ဖြစ်သော စွန်ပလွန်ကို ( သောဟာရ ) ခေါ်၏။

တမျိုးတည်း ဖြစ်စေကာမူ ဒေသ အလိုက် အမည် ခွဲခြား ထားသကဲ့သို့ ကြီးငယ် အလိုက် ဂုဏ်လည်း ကွဲပြား၏၊ အလုံးကြီးမျိုးသည် အလုံးငယ် ထက် ဂုဏ်များ၏၊ ၎င်းပြင် တမျိုး ထက် တမျိုး ဂုဏ်ကွဲပြားမှုလည်း ရှိသေး၏၊ "ပိဏ္ဍခဇ္ဇူရ" သည် အပူပယ် ပျောက်ခြင်း၊ သွေးအန်၊ သွေးကျနိုင်ခြင်း၊ ရေငတ်ပြေခြင်း စသည်ဖြင့် အကျိုးပြု၏၊

"သောဟာရ" သည် ပင်ပန်းခြင်း, တွေဝေခြင်း, ပူခြင်း နှင့် သည်းခြေချဉ်ပြန် ရောဂါ ဟိုကို ပျောက်ကင်းစေ၏။

---

# စွန်လက်သည်း ( စွန်လက်သဲ )

သက္ကတ घृत करंज

ဟိန္ဒီ व.केरी मूल

လက်တင် Caesalpinia Digyna

**ပုံသဏ္ဌာန်။** ။ တပါး အပင်ကို မှီ၍ နွယ်တက်တတ်သော နွယ်ပင်ကြီး တမျိုး ဖြစ်၏၊ ဆူးကလေးများ ရှိ၏၊ အရွက်သည် ငှက်တောင် သဏ္ဌာန် ရှိ၍ ၅-လက်မခွဲမှ ၉-လက်မ အထိ ရှည်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် တွန့်ရှုံ့စေတတ်၏၊ ဆီးချိုရောဂါ၌ အသုံးပြု၏၊ အနာများ၌ လိမ်းပေးရ၏၊ အမှုန့်ကို ရေနှင့် ရော၍ အဖျားကျဆေး အဖြစ်ဖြင့်၎င်း, မြန်မာပြည် အချို့ဒေသ၌ စွန်လက်သည်းမြစ်ကို ရေနှင့် သွေး၍ အဖျားရောဂါ အတွက်၎င်း အသုံးပြုကြ၏၊ ထိုပြင် ဝမ်းပိုက်နာ, ဝမ်းပျက်တို့၌လည်း ကောင်း၏။

---

[ ဆ ]

# ဆလတ်ရွက်

ဟိန္ဒီ काहू

လက်တင် Lactuca Scariola Or L. Sativa

အင်္ဂလိပ် Lettuce

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ဥယျာဉ် ယာခင်းတို့တွင် ဟင်းလျာအလို့ငှါ စိုက်ပျိုး၍ ဟင်းလျာ, အတို့အမြုပ် အဖြစ်ဖြင့် စားကြ၏၊ လူသိများ၍ အကျယ် မရေးတော့ချေ၊ သို့သော်

အထူးသဖြင့် သတိပြုရန်မှာ - ဘိန်း, ဆေးခြောက်, ခုရာသာနီ စမုန်ဖြူ နှင့် ဆလတ်စေ့ တို့မှာ အကျိုးသွား တူကြ၏၊ ၎င်းတို့သည် လူကို မူးရစ် ထိုင်းမှိုင်းစေသောကြောင့် စားသုံးသောအခါ သတိပြု၍ သုံးကြရန် လိုအပ်ပေသည်။

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် အရသာ ချို၏၊ သတ္တိ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အိပ်ပျော်စေ၏၊ အစာကို ကြေစေတတ်၏၊ နို့ကို ထွက်စေ၏၊ နှုတ်ကို မြိန်စေ၏၊ သွေးကို စင်ကြယ်စေ၏၊ သည်းခြေပျက်နာ, အပူရောဂါ, ခေါင်းကိုက်ခြင်း, နှာခေါင်းရောဂါ, ဓာတ်ချုပ်ခြင်းကြောင့် ဝမ်းတွင်း၌ မလျှော စုပေါင်းပြီးလျှင် အဆုတ်ပွ ရောင်ခြင်း, ချောင်းဆိုးခြင်း ဖြစ်သော နှလုံးရောဂါကို ပျောက်ကင်းစေတတ်၏၊ ထိုပြင် ဝဲခြောက်, ခရုဘင်းနာ, မျက်စိရောဂါ, အဆုတ်ရောဂါတို့ကို ပျောက်ကင်းစေ၏၊ ရတ္တပိတ်နာကို ကင်းပျောက် စေ၏၊ အကိုက်အခဲကို ပျောက်ကင်းစေ၏၊ ၎င်း၏ သတ္တုရည်ကို ကြောက်လန့်ခြင်း, တုန်လှုပ် ခြောက်ချားခြင်း, နှလုံးတုန်ခြင်းတို့၌ အသုံးပြုရ၏၊ ၎င်းအစေ့၏ အမှုန့်ကို အဖျား, ရောင်ရမ်း နာကျင်ခြင်း, ချောင်းဆိုး ချွဲကျပ်, ပန်းနာတို့၌ အသုံးပြုရ၏၊ ၎င်းအစေ့၏ ပြုတ်ရည်ကို စိတ်ပျမ်း ကိုယ်နွမ်း ဖြစ်ခြင်း, အဆစ်အမြစ် - ကိုက်ခဲနာကျင်ခြင်း, ရှူးသွပ်ခြင်းတို့၌ အသုံးပြုရ၏။

---

# ဆီမီးတောက်


| | | | |
|---|---|---|---|
| သက္ကတ | अग्निमुखी | လက်တင် | Gloriosa Superba |
| ဟိန္ဒီ | कलिहारी | အင်္ဂလိပ် | Superb Lily |

**ပုံသဏ္ဌာန်။** ။ ၎င်းသည် နွယ်ပင်မျိုး ဖြစ်၏၊ အရွက် ၄-လက်မခန့် ရှိ၍ အဖျား ချွန်၏၊ မီးတောက်, မီးစွယ်, မီးညွန့်နှင့် သဏ္ဌာန် တူ၏၊ ပွင့်ဖတ် ၆-ခု ရှိ၏၊ အပွင့်မှာ အနီရောင် နှင့် အဝါရောင် ရောနှောနေ၏၊ အဖို - အမ ၂ မျိုး ရှိရာ အမဥသည် လုံး၍ အဖိုဥသည် ရှည်၏၊ များသောအားဖြင့် ဥ-ကို သုံးကြ၏။

သက္ကတဘာသာ၌ လင်္ဂလီ၏ အဓိပ္ပါယ်မှာ "ထွန်" ကို ခေါ်၏၊ ဤအကြောင်းမှာ ဆီမီးတောက်ပင်၏ ဥမှာ ထွန်သဏ္ဌာန် ကဲ့သို့ ဖြစ်၏၊ ထိုကြောင့် ဆီမီးတောက်ကို လင်္ဂလီဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြ၏၊ ထိုဥသည်လည်း လွယ်ကူစွာ မသွား၊ သို့ရာတွင် ထိုဥသည် မြေကြီး၌ ထွန်ကဲ့သို့ ကောက်တကွေ့ သွား၏၊ ဆီမီးတောက်ဥသည် ဖြူသော အဆင်း ရှိ၏၊ နူးညံ့၏၊ ခါးသော အရသာ ရှိ၏၊ အပင်၏ အဖျားတွင် ၅-လက်သစ်, ၆-လက်သစ် ရှည်၍ ကျယ်ပြန့်သော အပွင့်တို့သည် ထွက်ကုန်၏၊ ထိုအပွင့်တို့သည် ရင့်သည်ကို လိုက်၍ အစိမ်း, အဝါ, အနီတို့ ဖြစ်ကုန်၏၊ ထိုနီသော အပွင့်ကို အကြောင်းပြု၍ "ဆီမီးတောက်" ကို "ဝဟနိသိခါ" ဟု ခေါ်၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်၏၊ ခါး၏၊ စပ်၏၊ ပူ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ ထက်မြက်၏၊ သည်းခြေကို ဖြစ်စေ၏၊



ဆီမီးတောက်

GLORIOSA SUPERBA

कलिहारी

လေ သလိပ်ကို နိုင်၏၊ ဆီးကို ရှင်စေ၏၊ ၎င်းပြင် အနာပေါက်, ပိုးရောဂါ, ဆီးအိမ်နာကျင်ကိုက်ခဲခြင်း, အဆိပ်, နူနာ, မြင်းသရိုက်, ဖေါရောင်, မြစ်ခြောက်, ထိုးအောင့်ခြင်းတို့၌ အကျိုးပြု၏၊ သို့သော် ကိုယ်ဓာန်ကို ပျက်ပြားစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပြည်တုလာသရောရောဂါ။** ။ ဆီမီးတောက်ဥကို အမှုန့်ထောင်း၍ ရေနှင့် စိမ်ပြီး ပေါ်၍ သောက်ပါက ပြည်တုလာသရောရောဂါ ပျောက်ကင်း၏။

**ကျုပ်တီးနာ။** ။ ဆီမီးတောက် အရွက် နှင့် ကြောင်ပန်းရွက် သတ္တုရည်ကို ချက်၍ ရသော ဆီကို ရှူပေးလျှင် ကျုပ်တီးနာ ပျောက်ကင်း၏။

**ပိုးရောဂါ။** ။ ၎င်းအရွက် အမှုန့်ကို ထန်းလျက်နှင့် ရောကျွေးလျှင် ဝမ်းတွင်းရှိ တုတ်ပိုး, သံပိုးများ ကျဆင်း၍ ဝမ်းတွင်းရှိ ပိုးရောဂါမှ ပျောက်ကင်း၏။

**ကိုယ်ရေဝါ။** ။ ၎င်းအရွက်၏ အမှုန့်ကို ဒိန်ချဉ်ရည်နှင့် ရော၍ သောက်ပါက ၎င်းရောဂါမှ ပျောက်ကင်း၏။

**အနာပေါက်။** ။ ၎င်းအရွက် အမှုန့်ကို အနာ၌ ဖြူးပေးလျှင် အနာတွင် ရှိသော ပိုးများ သေ၍ အနာသည် ပျောက်ကင်း၏။

**နားရောဂါ။** ။ ၎င်းအရွက်မှုန့်ကို သံပုရာရည်နှင့် နားတွင် ကျပ်ပေးခြင်း, ထည့်ပေးခြင်း ပြုလုပ်ခဲ့သော် နားကိုက်, နားနာ ပျောက်ကင်း၍ နာတွင်းရှိ ပိုးများလည်း ကျဆင်းလာပါလိမ့်မည်။

**ဥမ္မတ္တရောဂါ။** ။ နားပေါက်၌ သလိပ်, လေဖေါက်ပြန်၍ ရောင်တင်းသော ဥမ္မတ္တရောဂါ၌ ဖုတ်ဆီ, နွမ်းဆီ, ပင်စိမ်းသတ္တုရည်, ဆီမီးတောက်မြစ် သတ္တုရည် ရော၍ ဆီချက်ပါ၊ ထိုဆီကို လိမ်းကျံပေးက လျင်စွာ ပျောက်ကင်း၏။

**သားဖွားလွယ်ဆေး။** ။ ဆီမီးတောက်မြစ်ကို ကောင်းစွာ ဆေးကြော၍ ကျောက်တွင် ရေနှင့် ကြိတ်ပါ၊ ထိုဆီမီးတောက်မြစ်မှုန့်ကို ချက် နှင့် ယောနိတို့၏ အပေါ်တွင် လိမ်းကျံပေးခဲ့သော် သားသည် လျင်မြန်စွာ ဖွါးမြင်၏။

**အခြင်းကျဆေး။** ။ သားဖွါးပြီးနောက် အခြင်း မကျခဲ့သော် ကလေး၏ ဥက္ကောင်း, လက်, ခြေတို့၌ လိမ်းကျံပေးလျှင် မြန်စွာ အခြင်းကျ၏။

**ကိုယ်ရောင်။** ။ ခန္ဓာကိုယ်၏ အပြင်ရှိ တစုံတခုသော နေရာတွင် ရောင်ရမ်းခဲ့သော် ဤဆီမီးတောက်ကို လိမ်းကျံပေးပါက ပျောက်ကင်း၏။

# ဆီးခနောက်

ဟိန္ဒီ चूरन (सूरन)

လက်တင် Zizyphus Rugosa

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ဆီးမျိုးထဲတွင် ပါဝင်သော အပင်တမျိုး ဖြစ်သည်။

## ရောဂါအလိုက် အသုံးပြုနည်း

**ဓမ္မတာ သွေးလွန်နာ။** ။ အလွန်အမင်း သွေးယိုစီးသော ဓမ္မတာ သွေးလွန်နာတို့၌ ၎င်းအပွင့်နှင့် ဆထူ ကွမ်းရွက်, တဖန် ကွမ်းရွက်၏ ထက်ဝက် ထုံး-ထိုသုံးပါးကို ရောစပ်ပြီးလျှင် ၂-ရတီခန့် အလုံးလေးများ လုံး၍ ၎င်းဆေးလုံးများကို တခါတိုက်လျှင် နှစ်လုံးကျစီ နေ့တွင် ၂-ကြိမ် ပေးပါက လျင်စွာ ပျောက်ကင်း၏။

---

# ဆီးသီး

| | | | |
|---|---|---|---|
| သက္ကတ | बदरी | လက်တင် | Zizyphus Jujuba |
| ဟိန္ဒီ | बेर | အင်္ဂလိပ် | Jujube fruit |

**ပုံသဏ္ဌာန်။** ။ ပင်လတ်မျိုး ဖြစ်၏၊ ဆူးများ ရှိ၏၊ အရွက် သေး၍ ဝိုင်း၏၊ အပွင့် သေး၍ ဖြူ၏၊ အသီး (မျိုးလိုက်၍) ကြီး, သေး, ရှည်, လုံး, အမျိုးမျိုး ရှိ၏၊ များသော အားဖြင့် အသီးကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ (အမှည့်) ချို၏၊ သတ္တိ ပူ၏၊ ဝိပါကျ် ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သည်းခြေ, သလိပ်ကို ပွားစေ၏၊ အမှည့်သည် ပြေပြစ်၏၊ ဆီးဝမ်းကို ရှင်စေ၏၊ အမှည့် အခြောက်သည် သလိပ်, လေကို ပယ်တတ်၏၊ သည်းခြေကို မပွား စေတတ်၊ ဝမ်းမီးကို တောက်စေ၏၊ ကြေကျက်လွယ်၏၊ အမှည့်သည် လေ, သည်းခြေကို၎င်း အခြောက်သည် သလိပ်, လေကို၎င်း နိုင်၏။

နာတာရှည်, ရေငတ်, ပင်ပန်းခြင်း, ဝမ်းမီးနှံ့ခြင်း စသော ရောဂါတို့ကို ပျောက် ကင်းစေတတ်၏၊ ဆီးသီးဆံသည် ဖန်၏၊ ချို၏၊ သုက်ကို ပွားစေ၏၊ အားကို ဖြစ်စေ၏၊ ချောင်ဆိုး ပန်းနာ, လေအန်, ပျို့အန်, အပူ, သည်းခြေကို နိုင်၏၊ ဆီးရွက်သည် အဖျား အပူကို နိုင်၏၊ ဆီးခေါက်သည် အဖု, အနာကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သည်းခြေဖေါက်ပြန်။** ။ဆီးသီးအစေ့တွင်းရှိ အဆံကို အမှုန့် ပြု၍ စားလျှင် သည်းခြေဖေါက်ပြန်သော ရောဂါမှ ပျောက်ကင်း၏။

**ရေငတ်။** ။အဖျား အလွန် ပြင်းထန်၍ ရေငတ်ခြင်း, ကလေးများ ရေငတ်ဝမ်းကျ ဖြစ်ခြင်းတို့၌ ဆီးသီးအစေ့တွင်းရှိ အဆံကို အမှုန့် ပြု၍ နွယ်ချိုနှင့် ရောပြီး ပါးစပ်၌ ထည့်ပေးလျှင် ၎င်းရောဂါတို့မှ ပျောက်ကင်း၏။

**သည်းခြေဖျား။** ။အခြောက် ပြုပြီး ဆီးသီး နှင့် ၎င်းအမြစ်ကို ရောကျို၍ သောက်သော် သည်းခြေဖျား ရောဂါမှ ပျောက်ကင်း၏။

**အတီသာရဝမ်း။** ။၎င်း၏ မြစ်ခေါက်ပြုတ်ရည်ကို တိုက်သော် အတီသာရဝမ်း ရောဂါမှ ပျောက်ကင်း၏။

**ကင်းဆိပ်။** ။သဖန်းရွက် နှင့် ဆီးရွက်နုကို ကြိတ်၍ လိမ်းပေးသော် ကင်းဆိပ် များ ပြေပျောက်၏။

**အနာပျက်။** ။လွန်စွာ ကျက်ခဲသော အနာ့ပဆုပ် စသော အနာပျက်တို့၌ ဆီးရွက်နုကို ရေနှင့် ကြိတ်ပြီး မီးနွေးနွေး၌ ကင်၍ လိမ်းပေးခဲ့သော် အသားနု တက်၍ အနာ ပျောက်ကင်း၏။

**မှတ်ချက်။** ။ဤကား သာမည (ရိုးရိုး) ဆီးသီး၏ ဂုဏ်သတ္တိ ဖြစ်၏၊ အမျိုးဇာတ် များလှ၏၊ သာလိဂါမနိဃဏ္ဍုကျမ်း၌ အချုပ်အားဖြင့် အောက်ပါ အတိုင်း ၆-မျိုး ခွဲပြထား၏။

၁ "သောဝီရ" မည်သော ဆီးမျိုး = အလုံးကြီး၍ မှည့်လျှင် ချို၏၊ အေး၏၊ မလကို ဖြိုခွဲတတ်၏၊ ကြေခဲ၏၊ သုက်ကို ပွားစေ၏၊ ဝစေ၏၊ သည်းခြေ, အပူ, သွေးဖေါက်ပြန်, ခယရုဂ်, ရေငတ်ရောဂါ နိုင်၏။

၂ "ကောလ" မည်သော ဆီးမျိုး = အလုံး ငယ်၍ မှည့်လျှင် ချို၏၊ ပူစေ၏၊ လေနိုင်၏၊ သလိပ်, သည်းခြေကို ပြုတတ်၏၊ ကြေခဲ၏၊ ဆီး ဝမ်းကို ရှင်စေ၏။

၃ "ကက္ကန္ဓု" မည်သော ဆီးမျိုး = အလုံး ငယ်၏၊ ချဉ်, ဖန်, ချို, ခါး၏၊ ပြေပြစ်၏၊ လေ, သည်းခြေကို နိုင်၏။

၄ "ဟတ္ထဗဒရ" မည်သော ဆီးမျိုး- (ဆင်ဆီး) = ချို၏၊ အေး၏၊ ကြေခဲ၏၊ ချုပ်၏၊ ဝစေ၏၊ မလကို ပွားစေ၏၊ ဝမ်းယောင်စေ၏၊ သည်းခြေ လေ နိုင်၏။

၅ "ရာဇဗဒရ" မည်သော ဆီးမျိုး (ဆီးဘုရင်) = ချို၏၊ အေး၏၊ သုက်ကို ပွားစေ၏၊ အပူ, သည်းခြေ, လေ, မြစ်ခြောက်, ပင်ပန်းခြင်း တို့ကို ပယ်ဖျောက်နိုင်၏။

၆ "ဘူဗဒရ" မည်သော ဆီးမျိုး (မြေလျှောက်ဆီး) = ချိုချဉ်၏၊ သလိပ်လေနိုင်၏၊ သုက်ကို ပွားစေ၏၊ ကြေစေ၏၊ ဝမ်းမီး တောက်စေ၏၊ အနည်းငယ်သွေး, သည်းခြေ ပျက်စေ၏။

---

## ဆီးသီး (တရုတ်)

**ဟိန္ဒီ** ख़ुबानी

**လက်တင်** Prunus Armeniaca

**အင်္ဂလိပ်** Apricot

**ပုံသဏ္ဌာန်။** ။ပင်လတ်မျိုး ဖြစ်၏၊ အရွက် ဝိုင်း၍ အဖျား ချွန်၏၊ အရွက်အောက်ဖက်တွင် အမွေးနုများ ရှိ၏၊ အပွင့်မှာ ပဉ္စမဋ္ဌ နှင်းဆီရောင် ပြော့ပြော့ ရှိ၍ ရင့်သောအခါ ဖြူသွား၏၊ အသီးမှာ လုံး၍ ချော၏၊ အသီးလုံး၏ အလယ်တွင် "ဗာဒံစေ့"နှင့် တူသော အစေ့ ရှိ၏၊ ၎င်းအစေ့၏ အစား ဗာဒံစေ့ကို အသုံးပြုနိုင်၏။

**အရသာ နှင့် အကျိုးသွား။** ။ယူနာနီဆရာတို့ အလိုအားဖြင့် အသီးသည် ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဝမ်းသက်, အဖျား, ရေငတ်ကို ပျောက်စေ၏၊ အစေ့သည် ဝဖြိုးစေ၏၊ ပိုးကို သတ်တတ်၏၊ အသည်းရောဂါ, မြင်းသရိုက်, နားပင်း ရောဂါတို့ကို ပျောက်စေ၏၊ တိဘက်လူမျိုးတို့သည် အသီးကို ဝါး၍ မျက်စိရောဂါ၌ အသုံးပြုကြ၏၊ ထိုမှတပါး ဝမ်းကို စင်ကြယ်စေ၏၊ ဝမ်းတွင်းရှိ ပိုးတို့ကို သေစေ၏၊ အားကို ဖြစ်စေ၏၊ "ကာနယ်စော ပရာ" ၏ အလိုအားဖြင့် ဝမ်းကို သက်စေ၏၊ အဖျားကို ပျောက်စေ၏၊ ရေငတ်ကို ပြေစေ၏။

---

## ဆီးသီး (မျောက်, ပေါင်ပဲ့)

**သက္ကတ** बहुकण्टक

**ဟိန္ဒီ** मकाई

**လက်တင်** Zizyphus Ocnoplia

**ပုံသဏ္ဌာန်။** ။ဆီးပင်မျိုး ဖြစ်၍ ချုံကဲ့သို့ ပေါက်၏၊ အရွက်များ တခဲနက် ထူထပ်၏၊ အလျား ၂-လက်မခွဲ အနံ တလက်မ ရှည်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးကို ဝမ်းပိုက်ရောဂါ၌ သုံး၏၊ မြစ်ခေါက်ပွတ်ရည်ကို အသားနု တက်ရန် သုံး၏၊ သီဟိုဠ် နှင့် ဂျာဗားတို့၌ ၎င်းအခေါက်ကို အဖျားဖြတ်ဆေး အဖြစ် ဖြင့်သော်၎င်း, အစာကြေ အားတိုးဆေး အဖြစ်ဖြင့်သော်၎င်း အသုံးပြုကြ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ထိခိုက် ဒဏ်ရာ။** ။ ၎င်းအမြစ်စိမ်း၏ ပွတ်ချည်ကို ဖက်ဆေး အဖြစ်ဖြင့် အသုံးပြုလျှင် ထိခိုက်သော ဒဏ်ရာ၌ လွယ်ကူစွာ အသားနု တက်၏၊

**ရင်ဘတ်နာ၊** ။ ၎င်း၏ အသီးကို အသုံးပြုခဲ့သော် ရင်ဘတ်နာရောဂါ ပျောက်ကင်း၏။

---

# ဆီးတော်သီး

သက္ကတ [illegible]

တမိလ် [illegible]

**လက်တင်** Zizyphus Trinervia

**ပုံသဏ္ဌာန်။** ။ ဆီးမျိုးတွင် အပါအဝင် ဖြစ်၏၊ အပင် ငယ်၏၊ အပွင့်သည် စိမ်းရောင်သန်း၍ ဝါ၏၊ အသီး မှည့်သောအခါ ဝါ၏၊ အရွက်သည် ၂-လက်မခွဲမှ ၃-လက်မ အထိ ရှည်၏၊ လက်မဝက်မှ တလက်မခွဲခန့် အနံ ကျယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်ပွတ်ရည်သည် သွေးတို့ကို စင်ကြယ်စေ၏၊ ပန်းသေ ရောဂါ၌ ဓာတ်တို့ကို ပြောင်းလဲစေရန် တိုက်ကျွေးရ၏၊

---

# ဆီးဖြူသီး

သက္ကတ अमलक

ဟိန္ဒီ आँवला

**လက်တင်** Embelic Myrobalan

**ပုံသဏ္ဌာန်။** ။ အပင်ကြီးမျိုး ဖြစ်၏၊ အခေါက်သည် တမတ်မျှ ထူ၍ ကာကီရောင် ဖြော့ ရှိ၏၊ အကြေးများ ရှိ၏၊ အသားသည် နီ၍ ခိုင်ခန့်၏၊ အနှစ် မရှိ၊ အရွက်သည် သေးငယ်

၍ မန်ကျည်းရွက် နှင့် တူ၏၊ အပွင့်သည် ပေါက်ပေါက်ကဲ့သို့ စိမ်းရောင်သန်း၍ ဝါပြီး အခု လိုက် ပွင့်၏၊ ဝသန္တဥတု၌ ရွက်ဟောင်း ကြွေ၍ အပင်တွင် အရွက် မရှိ၊ အသီးသည် လုံး၍ အရေးအကြောင်း ၆-ခု ရှိ၏၊ များသောအားဖြင့် အသီးမှည့်ကို အသုံးပြု၏။

**ဆီးဖြူသီး**သည် ဒေသမရွေး တိုင်းပြည်မရွေး ပေါက်ရောက် ရရှိနိုင်သော အသီးမျိုး ဖြစ် သဖြင့် လူသိများ၏၊ အသေး, အငယ်, အကြီး, အလတ်၊ အရည်ရွှမ်းသည်၊ ပို ချဉ်သည်၊ ပို ဖန် သည်၊ အနည်းအများ အလိုက် ကွဲပြားမှု ရှိ၏။

"သျှိသျှားသီး" ဟူ၍ ရှေးက ပြန်ဆို ရေးသား ခေါ်ဝေါ်ကြသည်ကို တွေ့ရ၏၊ "လက် ပေါ် တင်ထားသော သျှိသျှားသီး ဉပမာ ကဲ့သို့ ထင်ရှား၏" ဟူသော နှိုင်းခိုင်းမှုကို အသုံးပြု ခဲ့ကြ၏၊ သျှိသျှားသီး ဟူ၍ ရှေးက ပြန်ဆိုခဲ့ကြသည့် အထောက်အထားမှာ ဆီးဖြူသီးကို ဟော သော ပုဒ်တို့၏ အနက်ပြန်ဆိုမှုကို ကြည့်သော် သျှိသျှာသီး ဟု ပြန်ဆိုထားသည်ကို တွေ့နိုင် ပေသည်၊ အလုံးကြီးသည်ကို သျှိသျှား ငယ်သည်ကို ဆီးဖြူ သို့မဟုတ် အခြားသော အသီး တမျိုးကို သျှိသျှား ဟူ၍ အမျိုးမျိုး ပြောကြသည်ကို ကြားဘူး၍ ကျွန်ုပ်တို့ကိုယ်တိုင် ဇူနိုယ် နေစဉ် ဟင်းရွက်သစ်သီးဈေးကို သွားပြီးလျှင် ဆီးဖြူသီး အမျိုးမျိုးကို ကိုင်ပြပြီး မေးကြည့်သည့် အခါ သျှိးသျှားသီး ဟု ပြန်ဆိုကြသော ပုဒ်ကို ပင် ခေါ်ဝေါ် သုံးစွဲကြသည်ကို တွေ့ခဲ့ရပေ သည်၊ ဒေသ, ဗီဇ, အခြေအနေ အရ ကြီးသည်, ငယ်သည် သာ ကွာခြားမှု ရှိသည် ဟု မှတ်ရမည်။

**အရသာ နှင့် အကျိုးသွား။** ။ အငန်မှ တပါး အရသာ ငါးပါး ရှိ၏၊ သဗ္ဗ် အေး၏၊ ဝိပါက၌ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ ဝမ်းမီးကို တောက်စေ၏၊ အစာကို ကြေကျက်စေ၏၊ သုက်သွေးကို ပွားစေ၏၊ အသက်ကို ရှည်စေ၏၊ ဒေါသ သုံးပါးကို နိုင်၏၊ ဆီးအောင့်, ဝမ်းသက်, ကျင်ကြီးကြောင့် ဖြစ်သော ရောဂါများ, မြင်းသရိုက်, ချောင်းဆိုး, ပန်းနာ, လေရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

၎င်းကို တို့မြုပ် စားကြ၏၊ ပေါင်း၍ သနပ် ပြုလုပ် စားကြ၏၊ ဖန်သော ပစ္စည်း ဖြစ်၍ ဘုတ်ငါးပါးလက္ခဏာဖြင့် ရေတွက် ဝေဘန် ကြည့်ရှုသော် အာပေါဓာတ် အများဆုံး ကိန်း၍ အချဉ်အနေဖြင့် အနည်းငယ် ပါသောကြောင့် တေဇောဓာတ်လည်း ကိန်းသည် ဟု ဆိုရမည်၊ အဖန်သည် သူ၏ ဆန့်ကျင်ဘက် ဖြစ်သော ဝါယောကို ထိန်းချုပ် အုပ်ဆိုင်းထားရန် (ဝါ) နှိမ်နင်းရန် တာဝန် ရှိသောကြောင့် ဝါယော လွန်သော သို့မဟုတ် အပူ နှင့် ဝါယော ပေါင်း၍ တေဇော, ဝါယော ၂-မျိုး လွန်သော သွေးအန်ခြင်း, သွေးလျှံခြင်း, နှာခေါင်း သွေးယိုခြင်း, သွေးသွန်ခြင်း, သွေးဝမ်းသွားခြင်း, သွားမှ သွေးများစွာ ထွက်ခြင်း, ထိခိုက် ရှနာ၍ သွေးများစွာ ထွက်ခြင်း, လိင်ချောင်းမှ၎င်း နားမှ၎င်း သွေးစိမ်းများ ကျဆင်းခြင်း စသည်ဖြင့် အပူ နှင့် ၎င်း၏ အပြိုင်လေ နှစ်ပါးလွန်မှုတို့ကို (ဝါ) နှစ်ပါး လွန်ခြင်း ကြောင့် ဖြစ်သော ဖေါ်ပြပါ ရောဂါတို့ကို ကောင်းစေနိုင်, ပျောက်ကင်းစေနိုင်သည် ဟု ပဋ္ဌဘုတ် အမြင်ဖြင့် လွယ်လွယ်နှင့် ဆုံးဖြတ်နိုင်၏၊ သို့သော်လည်း အာယုဗ္ဗေဒ ဆေးကျမ်း တို့၌ကား

တို့ဖေါ်ပြပါပဋ္ဌာဘုတ်လက္ခဏာဖြင့် ရှာဖွေ စိစစ်၍ ဆေးအတွက် အသုံးပြုကြသည် အသုံးပြုခြင်း၏ လမ်းသည် အဆုံးသို့ မရောက်သေးချေ၊ ရသ, ဝိပါက, ဂုဏ်, စွမ်းရည်, တန်ခိုးတို့ကိုပါ ထည့်သွင်း စိစစ်၍ ဆေးပစ္စည်း တမျိုးကို အသုံးပြုကြသောကြောင့် မသိသောသူတို့သည် အာဟာရ အတွက် မျှသာ တို့မြုပ်, သနပ်လုပ်၍ စားကြသော်လည်း ပဋ္ဌာဘုတ်လက္ခဏာကို သိသောသူတို့ကား ဖေါ်ပြပါ အပူလွန်, လေလွန် ရောဂါတို့၌ ဆေးအဖြစ်ဖြင့် များစွာ အသုံးပြုကြကုန်၏၊ ဆေးပစ္စည်းတွင် ပဋ္ဌာဘုတ်လက္ခဏာကို သိသည်မှ တပါး အခြားသော ဝိပါက, ဂုဏ်, စွမ်းရည်, သတ္တိတို့ကို ပါ သိကြကုန်သော ဗိန္ဒောဆရာ အဆူဆူတို့ကား အမျိုးမျိုး သုံးကြသည်ကို တွေ့ရ၏။

ၡင်းတို့ကို ဆက်လက်၍ အနည်းငယ် ဖေါ်ပြလိုပါသေးသည်၊ **ဆီးဖြူသီး**သည် ကမ္ဘာပေါ်တွင်ရှိ အသီးအမျိုးမျိုးတို့ အနက် ထူးခြားသော အသီး ၃-မျိုးတွင် ပါဝင်၏၊ အသီး ၃-မျိုးတို့ကား **ဆီးဖြူ**, ဖန်ခါး, သစ်ဆိမ့် တို့ ဖြစ်ကုန်၏၊ ၎င်းတို့ကို တြိဖလ ဟူ၍လည်း ခေါ်ကြကုန်၏၊ ပါဠိသက်သက်ဖြင့် တိဖလ ဟူ၍လည်း ခေါ်ကြကုန်၏၊ မြန်မာတို့ကား တိဖိုလ် ဟူ၍ ပြန်ဆို ယူငင်ကြကုန်၏၊ ဖန်ခါးကိုကား ကြစု အနေဖြင့် ၎င်း၏အပိုင်းအခန်းတွင် မှတ်သားဘွယ်ရာ ဖေါ်ပြခဲ့ပါပြီ၊ ဤ၌ ထူးခြားသော အသီး ၃-မျိုးတွင် ပါဝင်သော ဆီးဖြူကို ဖေါ်ပြရန် လိုပေ၏၊ ဆေးအမြင်ဖြင့် အမြင်ထူးရှိကြကုန်သော ဗိန္ဒောဆရာမြတ်တို့သည် **ဆီးဖြူသီး**ကို ရသာယန ( အသက်ရှည် )အသီး ဟု ထူးခြားစွာ ဖေါ်ပြကြကုန်၏၊ ဖေါ်ပြပါ အသက်ရှည်သီး ၃-မျိုးတို့တွင် **ဆီးဖြူ** နှင့် ဖန်ခါးကို ပိုမို၍ ရသာယန အတွက် အကျိုးပြုကြောင်း ဖေါ်ပြကြကုန်၏၊ ဖန်ခါးသီး၌ ဥဏှသတ္တိ ကိန်းနေကြောင်းကို ဖေါ်ပြ၍ **ဆီးဖြူသီး**၌ကား သီတသတ္တိ ကိန်းနေကြောင်း ခွဲခြားပြသထား၏၊ ထို့ကြောင့် ဖန်ခါးသီး ထက် **ဆီးဖြူသီး**သည် ပိုမို၍ ရသာယန အတွက် အကျိုးပြုသည် ဟု ဆုံးဖြတ်ချက် ချထားသည်ကို တွေ့ရ၏၊ စရက ရှင်ရသေ့ကမူ ကမ္ဘာလောကကြီးတွင် ရှိသော ရှိသမျှ ဆေးပစ္စည်းတို့တွင် အရွယ်ကို တင်စေသော ဆေးပစ္စည်းသည် **ဆီးဖြူသီး** အမြတ်ဆုံး ဟု ဆိုထား၏၊ ရောဂါကို ကုသရန် အတွက် ဖန်ခါးသီးသည် အရေးကြီးဆုံး ဟု မိန့်ဆိုထား၏ ထိုစကား ၂-ရပ်ကို အတုလိုက်၍ ဗိန္ဒောဆရာမြတ် အဆက်ဆက်တို့သည် ဆီးဖြူသီး၏ တန်ခိုးသတ္တိ ကြီးမား အကျိုးများသည်ကို အသိအမှတ် ပြုထားကြကုန်၏။

ဤ၌ **ဆီးဖြူသီး**သည် အသက်ကို ရှည်စေရာ၌ အမွန်မြတ်ဆုံး အသီးတမျိုး ဖြစ်သည် ဟု ဆုံးဖြတ်ချက်ချထားရာတွင် ဗိန္ဒောဆရာတို့၏ ဉာဏ်အမြင် နှလုံးသွင်း အာဘောဂကို တင်ပြရန် လိုပေသေး၏၊ အသက်သည် ခန္ဓာကိုယ် တခုလုံး၌ တည်ရှိသည် ဟု ဆိုကြသော်လည်း အထူးအားဖြင့် ရသရည် သွေး, သား စသော ဓာတ် ၇-ပါးတွင် ( ဝါ ) အသက်ကို ဆောင်နေသော ဓာတ် ၇-ပါးတွင် သွေး၌ အဓိကအားဖြင့် တည်၏၊ သွေးသည် ( ဇီဝဓာရီ ) အသက်ကို ဆောင်တတ်သည် ဟု ဆိုကြကုန်၏၊ မှန်၏၊ မြန်မာတို့သည်လည်း "အသက်သွေးခဲ" ဟု တွဲစပ်၍ အသိအမှတ်ပြုပြီး ခေါ်တွင် အသုံးပြုကြကုန်၏၊ အသက်ရှည်လိုသော သူသည် သွေးကို စောင့်ရှောက်ရာ၏၊ သွေးကို စောင့်ရှောက်ခြင်းသည် ပင်လျှင် အသက်ကို စောင့်ရှောက်ခြင်းနှင့် တူပေ၏၊ ဆီးဖြူသီး

သည် သွေးကိုလည်း ဖြစ်စေ၏၊ သွေးတွင် ဝင်စိုက်၍ ငုတ်နေသော သည်းခြေဒေါသ အပူကိုလည်း ငြိမ်းနိုင်၏၊ သွေးတွင် ဝင်ရောနေသော သလိပ်ဒေါသ ဖြစ်သည့် မကြေကျက်သော သွေးကိုလည်း ပယ်နိုင်၏၊ ဝမ်းမီးကိုလည်း ထူးခြားစွာ တောက်ပစေ၏၊ အချုပ်မှာ တိက္ခဝမ်းမီး ( အပူ ) နှင့် မန္ဒဝမ်းမီး ( အအေး ) ၂-မျိုးလုံးကို ဆီးဖြူသီးသည် ကာကွယ်၍ ဝမ်းမီးမှန် ( သမဝမ်းမီး ) ကို တက်ကြွ ထွန်းပ စေနိုင်သောကြောင့် စားသောက်ပြီးနောက် ဖြစ်ပေါ်လာသမျှသော သွေးတို့ သည် စင်ကြယ်သော သွေးတို့သာ ဖြစ်ကုန်၏၊ ထိုသွေးချိုးပေါ်တွင် ရပ်တည်နေသော အသက် သည်လည်း "အန္တရာယ်ကင်းသည့် အိမ်ဂေဟာ၌ နေရသော လူသားကဲ့သို့" အပြစ်ကင်းသည့် သွေးပေါ်၌ ရပ်တည်နေခြင်းဖြင့် အသက်ရှည်၏၊ ကျန်းမာရ၏၊ အနာရောဂါ ကင်း၏၊ ထို အကြောင်း နှင့် အကျိုးကို မျှော်မှန်း ရည်ရွယ်လျက် ဗိန္ဒောဆရာမြတ်တို့သည် ဆီးဖြူသီးကို အသက်ရှည်စေနိုင်၏ ဟု သတ်မှတ် ဖေါ်ထုတ်ခဲ့ကြပေကုန်၏။

ငင်းပြင် ဆီးဖြူသီးကို ချီးကျူးလျက် ခေါ်ဝေါ်ကြသည်မှာ အသက်ရှည်သော အသီး ဖြစ်၏၊ မှတ်ဉာဏ်ကို ဖြစ်စေ၏၊ အသိဉာဏ်ကို တိုးပွားစေ၏၊ အရွယ်ကို ပျိုစေ၏၊ တန်ခိုးကို တက်စေ၏၊ အသွေး အရောင် အဆင်းကို ဖြစ်စေ၏၊ အဖျားကိုနိုင်၏ ဣန္ဒြေ နှင့် ခန္ဓာကိုယ် အား တို့ကို ဖြစ်စေ၏၊ အသံ ကောင်းစေ၏၊ သုက်ကို ပွားစေ၏၊ ထိုဆိုခဲ့ပြီးသော ဂုဏ်တို့သည် အခြား အခြားသော ဆေးဘက် ပစ္စည်းတို့၌လည်း တွေ့နိုင်၏၊ သို့သော် ဆီးဖြူသီး၌ အများဆုံး တွေ့ရ သည် ဟု မိန့်ဆိုကြလေကုန်၏။

ဆီးဖြူသီးကိုသာ ဆေးဘက်တွင် ထူးခြားစွာ အသုံးဝင်ကြောင်း ဖေါ်ပြထားရုံ မဟုတ် သေးဘဲ အခြားသော အရွက် စသည် တို့ကိုလည်း အသုံးဝင်ပုံကို အောက်ပါ အတိုင်း ဖေါ်ပြ ထားကြကုန်၏၊ ဆီးဖြူပင်သည် အသီးသာ ဆေးတွင် အသုံးဝင်သည် မဟုတ်သေး၊ အရွက် သည်လည်း အသုံးဝင်သေး၏၊ အရွက်ကို ရေနှင့် ပြုတ်ပြီးလျှင် သုံးခွက် တခွက်တင် ကျို၍ ၎င်းပြုတ် ရည်ကို လုပ်ကျွင်း ပေးခဲ့သော် လျှာကွဲခြင်း, ပါးစပ်ကွဲခြင်း, ပေါက်ခြင်းများ တခဏချင်း ပျောက်ကင်း၏၊ ၎င်း၏ အစေ့ကို ထုထောင်း ချေပြီးလျှင် ရေနွေးနှင့် ပြုတ်၍ မျက်စိကို ဆေးကြော ပေးခဲ့သော် နှစ်ပေါင်း များစွာ ဒုက္ခပေးနေသော ထိုသူ၏ မျက်စိသည် အကျိုးပြုလာနိုင်၏၊ ဆီးဖြူရွက်နုများကို ပုန်းရည်ဖြင့် ကျွေးခဲ့သော် အစာမကြေခြင်း, ဝမ်းသက်ခြင်းများ ပျောက် ကင်း၏၊ အသီးခြောက်များကို ပြုတ်ပြီးလျှင် သကြားချိုချို ခပ်လျက် သောက်ခဲ့သော် ပိတ်ဝမ်း ကိုက်ခြင်း, ဝမ်းသက်ခြင်း, သွေးလျှံ, သွေးအန်, သွေးကျ ရောဂါဖြစ်ခြင်းများ လျင်မြန်စွာ ပျောက်ကင်း၏၊ အကယ်၍ စွမ်းနိုင်ခဲ့သော် သံပြာနှင့် ရော၍ လျက်ပေးခဲ့လျှင် သွေးအားနည်း သောရောဂါ, ကိုယ်ရေဝါရောဂါ, အစာမကြေရောဂါများလည်း ပျောက်ကင်းနိုင်၏၊ ၎င်း၏ အပွင့်မှာမူ အနည်းငယ် ဝမ်းသက်စေတတ်၏။

ယူနာနီဆေးအဘိဓာန်ကျမ်းကြီးတို့၌ကား အောက်ပါအတိုင်း ဆီးဖြူသီး၏ အကျိုးများ ကို ဖွင့်ပြထားကြကုန်၏။

၎င်းအသီးသည် အစာအိမ်, ဥဏှောက်, နှလုံးကို အားပေးနိုင်၏၊ သည်းခြေဒေါသ အပူကို ငြိမ်းနိုင်၏၊ အေးစေ၏၊ အညစ်အကြေးကို သုတ်သင်တတ်၏၊ ၎င်း၏ အေးသော စွမ်းရည် သည်

ကြောင့် သွေးပူကို နိုင်၏၊ သွေးများကို သုတ်သင် ရှင်းလင်းပေးပြီးလျှင် အားကိုလည်း ဖြစ်စေ၏၊ မီးကိုလည်း ချုပ်စေတက်၏၊ အစာသစ်အိမ်, မျက်စိ, သားအိမ်တို့၏ သတ္တိကိုလည်း ပေးစွမ်းနိုင်၏၊ ဥဏှောက်၏ အားကိုလည်း လွန်စွာ ပွားစေနိုင်၏၊ ထိုကြောင့် အသိဉာဏ် မှတ်ဉာဏ်တို့သည် လည်း လွန်စွာ တိုးပွားလာနိုင်ကုန်၏။

ဤဖော်ပြချက်တို့ကား အာယုဗ္ဗေဒဆေးကျမ်းတို့၌ ဗိန္ဒောဆရာမြတ်တို့ အသီးအသီး ဖော်ထုတ်ကြသည်မှ အကျဉ်းချုပ် ဖော်ပြခြင်း ဖြစ်လေသည်။

ဆီးဖြူသီးနှင့် စပ်၍ ပါဠိကျမ်းလာ ဘုရားဟော ပိဋက ( ဝိနယ ) ကျမ်းများတွင် ပါရှိသော ဆီးဖြူသီးနှင့် စပ်လျဉ်း၍ တိုက်ဆိုင်ဖော်ပြလိုပါသေးသည်။

ဝိကာလ ဘောဇန သိက္ခာပုဒ်ကို ပညတ်ရာတွင် ရဟန်းတော်များ နေလွှဲသောအခါ အရုဏ်တက်သည် အထိ အချိန်အတွင်း၌ အာဟာရ အတွက် စားသောက်ခြင်းကို တားမြစ်ထားသည်၊ ဆေး အတွက်ဖြစ်ပါမူ ဆီးဖြူသီးကို စားသောက် သုံးဆောင်နိုင်သည် ဟု ခွင့်ပြုထားသည်၊ ဆေး နှင့် အစာကို ခွဲပြရာ၌ လူသားတို့၏ အာဟာရ အတွက် အကျိုး မပြီးသော အသုံး မပြုကြသော ပစ္စည်းသည် ဆေးပစ္စည်းမျိုး ဖြစ်၏၊ ဆေးနယ်ပယ်၌ သာလျှင် အသုံးပြုကြသော ပစ္စည်းမျိုးကို ဆိုလိုသည်၊ ဤ၌ ဇာဒိပ္ဖိုလ်, လေးညှင်း, ချင်း, ပဒဲကော စသည်တို့ကဲ့သို့ ဆေးနယ်ပယ် သက် သက်၌သာ တည်ရှိသော ပွင့်, ရွက်, သီးနှံ မျိုးကိုကား လျဉ်းပါးဘွယ် မရှိပါ၊ ဆီးဖြူသီး, ဖန်ခါးသီးတို့ကား ထိုကဲ့သို့ မဟုတ်ချေ၊ အစာအာဟာရ အတွက်လည်း သုံးဆောင်ကြသော ကြောင့် ၎င်းတို့ကို ဆေးပစ္စည်းတွင် ထည့်သွင်းမည်လော, အစာအာဟာရထည်းတွင် ထည့်သွင်းမည် လော ဟု စိစစ်ဘွယ်ရာ ရှိပေသည်၊ နာနာဓာတုဉာဏ်ကို ကိုယ်ပိုင်မိမိ ရရှိတော်မူသော မြတ်စွာ ဘုရားသည် ထိုဆီးဖြူ နှင့် ဖန်ခါးကို ဆေးပစ္စည်းတွင် ထည့်သွင်းထား၏၊ ရဟန်းတော်များ နေလွှဲသောအခါ၌ သုံးဆောင်နိုင်ရန် ခွင့်ပြုထားတော်မူ၏၊ ချဉ်, ဖန်, ခါး အရသာမျှကို သာ လျှာအမှတ်အသား သညာဖြင့် သစ်သီး ဆေးပစ္စည်းတို့၏ စွမ်းရည် သတ္တိကို ခွဲထားတော်မူသည် မဟုတ်ဘဲ ဆေးပစ္စည်းတို့၏ စွမ်းရည် သတ္တိ တန်ခိုး ဂုဏ် အားလုံးစုံတို့ကို အကုန်အစဉ် သိမြင်တော် မူပြီးသော ကောကဝိဒူဂုဏ်ရှင် သဗ္ဗညုဘုရားသခင် ဖြစ်တော်မူ၍ လူသားတို့အား ဆီးဖြူသီး သည် ကျန်းမာရေး အနေဖြင့်သော်၎င်း အသက်ရှက်ရေး အနေဖြင့်သော်၎င်း မည်မျှအထိ အကျိုး ပြုသည်ကို သိရှိတော်မူသည့်အတိုင်း သတ္တဝါတို့ ထိုအကျိုးကို ခံစားနိုင်စေရန် ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်လေသည်။

ဆေးပစ္စည်းမှန်သမျှကို လျှာအသိဖြင့် ခွဲ၍ မယူငင်နိုင်ကြောင်း ယူငင်ခြင်းသည် လမ်းဆုံး ခြင်းသို့ မရောက်နိုင်ကြောင်း ထင်ရှားပေ၏၊ တဖန် ဆေးပစ္စည်း မှန်သမျှသည် ဘုတ်ငါးပါးဖြင့် ပြီး၏ "ပဥ္စဘူတ မယံ ဒဗ္ဗံ" ဟူ၍ ဆေးကျမ်းတို့၌ လာရှိသည့် အတိုင်း ဘုတ်ငါးပါးတို့ဖြင့် ( ပ, အာ, တေ, ဝါ, ဂါ ) ဘုတ်ငါးဖြင့် ခွဲယူသော် ဆေးပစ္စည်းတို့၏ အကျိုးပြုပုံကို ခွဲယူနိုင်ရန် ရှိသည် ဟု ထင်မှတ်ရန် ရှိပေ၏၊ နာနာဓာတုဉာဏ်သည် ဘုရားရှင်မှသာလျှင် သိနိုင်ကောင်း ရနိုင်ကောင်းသော ဉာဏ်မျိုး ဖြစ်၍ လွန်စွာ ခဲယဉ်းလှပေ၏၊ မှန်၏၊ အေးသော သီတလက္ခဏာ, အာပေါလက္ခဏာ, ဝါယောလက္ခဏာ, အာကာသလက္ခဏာ စသည်များကို ဆေးပစ္စည်းတိုင်း ခွဲယူ

သော် ခွဲနိုင်ပေ၏၊ အပူလက္ခဏာ ပြနေသော်လည်း အပူပင် ဟုတ်ချင်မှ ဟုတ်မည်၊ အာပေါ လက္ခဏာပင် ပြသော်လည်း အာပေါပင် ဟုတ်ချင်မှ ဟုတ်မည်၊ အကယ်၍ ဟုတ်သည် တိုင်အောင် အာပေါပင်ချင်း တူသည်တိုင်အောင် အရသာချင်း အကျိုးသွားချင်း တူသော်ငြားလည်း ဆေး၏ စွမ်းရည် သတ္တိ တန်ခိုး ဂုဏ်ကား သာမည လူသားတို့၏ အသိဉာဏ်ဖြင့် ခွဲယူနိုင်ရန် ခဲယဉ်းလှပေ၏။

ဤ၌ ဆီးဖြူသီးကို ဆက်လက်၍ သာဓက တင်ပြလိုပါသေးသည်၊ မီးသွေး ဖုတ်ရာတွင် ထိုမီးဖသွေးဖို အတွင်း၌ အခြားသော သစ်သားတို့နှင့် အတူ တတုံး, တပိုင်း ဆီးဖြူအသား ပါသွားခဲ့သော် ထိုအခြား သစ်သားများသည် မီးသွေး အဖြစ်သို့ မရောက်တော့ချေ၊ ပဉ္စဘုတ် အသိဉာဏ်ဖြင့် မည်ကဲ့သို့ ခွဲယူမည်နည်း၊ လူသေကောင်အလောင်း မီးသင်္ဂြိုဟ်ရာတွင် ဆီးဖြူ အသားပါသွားခဲ့သော် ထိုအလောင်းသည် မီးမလောင်တော့ပေ၊ ကောက်ညှင်းပေါင်း ပေါင်းရာကျ၌ ထိုကောက်ညှင်းအိုးတွင် ဆီးဖြူကိုင်းနှင့် ထိုးမွှေလိုက်သော် ထိုကောက်ညှင်းသည် မနပ်တော့ပေ၊ ဆီးဖြူသားကို ထွင်း၍ ပြဒါးသွင်းပြီးလျှင် ဆီးဖြူသား တခုဖြင့် ဆို့ပိတ်ပြီးနောက် မီးနု, မီးလတ်, မီးရင့် သုံးမျိုးဖြင့် ဖုတ်ယူခဲ့သော် ပြဒါး အတုံးအခဲကို ရနိုင်ပေသည်။

ပြီးဆေး, မြွေဆေး ထိုးနှံထားသော သူတို့သည် ဆီးဖြူသီးကို မစားရ ထိုအပင်အောက်ကို မသွားရ ဟူ၍ တားမြစ်ချက် ရှိ၏၊ ရှေ့ခေတ် တောင်သူ လယ်သမားတို့သည် ဆီးဖြူသီးကို မြွေပေါများသော လယ်ယာတို့၌ ကြဲဖြန့်ထားပြီးမှ လယ်လုပ်ကြ၏၊ ၎င်းကို ခန္ဓသုတ်ပရိတ် ရွတ်ပြီးလျှင် ပို၍ သိဒ္ဓိမြောက်အောင် စီမံ၍ ဆီးဖြူသီးကို ကြဲထားကြကုန်၏ စသည်ဖြင့် ဆီးဖြူသီး၏ တန်ခိုး အစွမ်း သတ္တိ တို့ကား များပြားလှကုန်၏၊ ဆီးဖြူသီးတွင် ဖန်သော အရသာများ၍ ချိုသော အရသာလည်း အနည်းငယ် ရှိသောကြောင့် အာပေါဓာတ် အများဆုံး ကိန်း၏၊ ထို့ကြောင့် တေဇော ဝါယော ပြဒါးများ, မီးများ, ရောဂါများကို ကာကွယ်နိုင်သည် ဟု ဆိုရန် ရှိ၏၊ မာလကာသီးသည် ဖန်၏၊ ချို၏၊ ခဲ၏၊ အစေ့များသည် ဆိမ့်၏၊ အာပေါဓာတ် သက်သက် အပြည့်အဝ ရှိသော အသီး ဖြစ်၏၊ ဖေါ်ပြပါကဲ့သို့ စွမ်းရည် သတ္တိ ရှိပါမည်လော· စိစစ်နိုင်ပါသည်။

ထိုကြောင့် ဆေးပစ္စည်း၏ စွမ်းရည် သတ္တိ အကျိုးပြုမှုကို ယူငင်ရာ၌ လျှာအသိဉာဏ်ဖြင့်၎င်း, ပဉ္စဘုတ်အသိဉာဏ်ဖြင့်၎င်း, ယူငင်ခြင်းသည် လမ်းမဆုံးသေးကြောင်း ဖေါ်ပြလိုပေသည်၊ လက်တွေ့ အမှား နှင့် အမှန်ကို တွေ့ကြုံ သိရှိ နားလည်ကြသော ပုဂ္ဂိုလ်တို့ ဖေါ်ပြထားသော ဆေးပစ္စည်း အကျိုးပြ အဘိဓာန်ကျမ်း အမျိုးမျိုး တို့ကို နားလည် သင်ကြားပြီးမှ သာ ဗိန္ဒောဆေးပညာသည် မှန်ကန်စွာဖြင့် လမ်းဆုံးသို့ ရောက်မည်သာ ဖြစ်၏၊ ဤ၌ ဆီးဖြူသီးကို ဗိန္ဒောဆေးကျမ်းတကာတို့၌ အသုံးချပုံ အသီးသီး ဆေးနည်း အဖုံဖုံတို့ကို ဖေါ်ပြရန် အရာမဟုတ်သောကြောင့် ၎င်းတို့ကို သိလိုသောသူသည် ဗိန္ဒောဆေးပညာကုထုံးကျမ်း အမျိုးမျိုးတို့မှ ရှာဖွေယူနိုင်ရာ၏၊ ဤ၌ ဆီးဖြူသီး အသုံးဝင်ပုံကို အကျဉ်းချုပ်မျှ သာ ဖေါ်ပြလိုပေသည်။

## ရောဂါအလိုက် အသုံးပြုနည်း

**အတီသာရဝမ်း။** ။ အဟုန် ပြင်းထန်စွာဖြင့် စီးဆင်းသော မြစ်ရေ အလျဉ်ကဲ့သို့

စမ်းသွားသော် ပျောက်ကင်းအောင် လွန်စွာ ကုသနိုင်ခဲ့သည့် အလွန် ကြောက်မက်ဘွယ်ကောင်းသော "အတိသာရဝမ်း" ရောဂါ၌ ချက်၏ ပတ်လည်တွင် ဆီးဖြူသီးကို မှုန့်ညက်အောင် ထောင်း၍ ကန်သင်း သဘွယ် အခွက်ပြုပြီး ဝိုင်းထားပါ၊ ၎င်းကန်သင်းဖြင့် ဝိုင်းထားသော အရွက်ပေါ်တွင် ချင်းသတ္တုရည်ကို ထည့်ဖျန်းထားသော် ၎င်းရောဂါမှ ပျောက်ကင်း၏။

**ကြို့ထိုး။** ။ဆီးဖြူသီး သတ္တုရည်, ပိတ်ချင်းမှုန့်, ပျားရည်တို့ကို ရောကျွေးလျှင် ကြို့ထိုးနာ နှင့် အသက်ရှူ ပြန်ချောင်း နာကျင်ခြင်းကို ပျောက်ကင်းစေ၏။

**ပြည်တုလာသရော။** ။၎င်းအမြစ်၏ သတ္တုရည်, ပျားရည်, နနွင်း-ထိုသုံးမျိုးကို ရော၍ ပြည်တုလာသရော ရောဂါ၌ ပေးခဲ့သော် ၎င်းရောဂါ လျှင်စွာ ပျောက်ကင်း၏။

**ဝမ်းချုပ်ရောဂါ။** ။၎င်းအသီးများကို ရေတွင် ၁၂-နာရီကြာ စိမ်ပြီးနောက် ထိုရေများကို သွန်ပစ်၍ တဖန် ရေသင့်တော်ရုံ ထည့်ပြီး တနာရီခန့် ပြုတ်ပါ၊ ထိုနောက် အစေ့ထုတ်ပြီး ကြိတ်ချေ၍ သကြား ၃-ဆ ထည့်၍ ယိုလုပ်ထားလျက် တနေ့ တဇွန်းမှ ၂ ဇွန်း အထိ မှီဝဲခဲ့သော် အမြဲ ဝမ်းချုပ်လေ့ရှိသော ရောဂါ, နှလုံးတုန် ရင်ခုံခြင်း, အစာမကြေရောဂါ, သည်းခြေရောဂါတို့ အတွက် အလွန် ကောင်း၏။

**ဆီးအောင့်နာ။** ။ဆီးဖြူသီး သတ္တုရည် ဒိ-ဂ-ပဲသားကို ဖါလာမှုန့် ရောစပ်၍ သောက်ခဲ့သော် ဆီးအောင့်နာရောဂါ ပျောက်ကင်း၏။

**ဆီးလွန်နာ။** ။ဆီးဖြူသီး သတ္တုရည်, ငှက်ပျောသီးမှည့်, ပျားရည်, သကြားတို့ကို ရောစပ်၍ လျက်ခဲ့သော် ဆီးလွန်နာ ပျောက်ကင်း၏။

**မီးရတ်ဖြူရောဂါ။** ။ဆီးဖြူသီးစေ့ကို ရေနှင့် သွေး၍ ၎င်းရေကို စစ်ပြီးလျှင် ပျားရည်, သကြားခဲတို့နှင့် ရောစပ်သောက်ခဲ့သော် မီးရတ်ဖြူရောဂါ ပျောက်ကင်း၏။

**မှတ်ချက်။** ။ဆီးဖြူသီးသည် အမျိုးအစား များ၏၊ အချို့သည် တချမ်းတည်းသာ ရှိ၏၊ ၎င်းကို "ဆီးဖြူတခြမ်း" ဟု ခေါ်ကြ၏။

---

# ဆီးဖြူသီး (သဘော)

သက္ကတ लवली

ဟိန္ဒီ हरफारेंवड़ी

လက်တင် Phyllanthus Distichus

**ပုံသဏ္ဌာန်။** ။ဥယျာဉ်များ၌ စိုက်ပျိုးလေ့ရှိသော လှပသည့် အပင်မျိုး ဖြစ်၏၊

လုံးရုပ် သေးငယ်၏၊ အရွက်သည် ကစော့ပုပ်ရွက်နှင့် တူ၏၊ အသီးမှာ သဖန်းကဲ့သို့ အခက်၌ သီး၏၊ နွေရာသီဦး၌ နီရောင် အပွင့်များ ပွင့်၏၊ များသောအားဖြင့် အသီးကို အသုံးပြု၏၊

**အရသာ နှင့် အကျိုးသွား။** ။ ဖန်, ချဉ်, ခါး, အရသာ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ခြောက်ထပ်၏၊ စင်ကြယ်စေ၏၊ မွှေး၏၊ လေပွားစေ၏၊ ကြေလွယ်၏၊ မြိန်စေ၏၊ ဆာလောင်စေ၏၊ တွန့်ရှုံ့စေ၏၊ လေသွားပြွန်များ အပူနည်းစေ၏၊ အစေ့သည် အောက်သို့ သက်စေသော အနုလောမိကဂုဏ် ရှိ၏၊ အသည်းသဘ္ဘ ပေး၏၊ သွေးသန့်စေ, ပွားစေ၏၊ သလိပ်, သည်းခြေကို နိုင်၏၊ အန်, ရေငတ်, နှုတ်မမြိန်, ကျောက်သီး, မြင်းသရိုက် စသည်ကို ပျောက်စေ၏၊ အမြစ်, အခေ့သည် ဝမ်းချုပ်၏၊ အမြစ်, အရွက်သည် အဆိပ်ရောဂါ စသည်ကို ပျောက်ကင်းစေ၏။

---

# ဆီးဖြူသီး ( မြေ )

ဟိန္ဒီ लाल भुंई आंवला

လက်တင် Phyllanthus Urinaria

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ မိုးဥတု၌ ပေါက်၏၊ အရွက်သည် **ဆီးဖြူရိုးရိုး**နှင့် တူသော်သည်း အလွန် ငယ်၏၊ ကျောဘက်၌ ဝါသော အသီးငယ်ကလေးများ ရှိ၏၊ ( မိုးကုန်လျှင် သေတတ်၍ တန်ဆောင်မုန်းလတွင် ဆွတ်ခူးပြီး အခြောက် လှမ်းထားသင့်၏၊ ) များသောအားဖြင့် အသီးကို အသုံးပြု၏။

**အရသာ နှင့် အကျိုးသွား။** ။ ချဉ်, ဖန်, ခါး, အရသာ ရှိ၏ သတ္တိ အေး၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ မြိန်စေ၏၊ ကြေလွယ်၏၊ လေကို ဖြစ်စေ၏၊ အဆိပ်ကို နိုင်၏၊ သား ( သန္ဓေ ) ကို ရစေတတ်၏၊ သည်းခြေ, သလိပ်ကို နိုင်၏၊ ရေငတ်, ချောင်းဆိုး, သွေးအန်, သွေးကျ, ဝါသင့်နာ, ခယရုဂ်, ပန်းနာ, နူနာ, အဆိပ်သင့်, အပူ, ကြို့ထိုး, ထိခိုက် ဒဏ်ရာ စသည်တို့ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ မြေဆီးဖြူသည် ရိုးရိုး, အနီ, အကြီး သုံးမျိုး ရှိ၏၊ အနီမျိုးသည် မြေဆီးဖြူ ရိုးရိုးနှင့် ဂုဏ် သတ္တိ စသည် တူ၏၊ အပွင့် နီသည် သာ ထူး၏၊ အပင်ခြောက်ကိုမှုံ ပြုတ်၍ လက်ဖက်ရည်ဇွန်းခန့် သောက်လျှင် ဝါသင့်နာ ပျောက်၏၊ ရေဖျဉ်းနှင့် ဆီးရောဂါတို့၌လည်း သုံးရ၏။

မြေဆီးဖြူ အကြီးမျိုးသည် ရိုးရိုးထက် အနည်းငယ် ကြီး၏၊ အကိုင်းသွယ် သကဲ့သို့ ရှိ၏၊ အပွင့် အသီး ရိုးရိုးနှင့် တူ၏၊ လတ်ဆတ်သော ၎င်းအရွက် အပွင့် အသီး

တို့ကို ဇီယာ, သကြားတို့နှင့် ဆတူ ကြိတ်၍ လက်ဖက်ရည် တဇွန်းခန့် သောက်လျှင် ပြည်တုလာသရောရောဂါကို ပျောက်၏၊ ကလေးများ ယားနာ အတွက် အရွက်ကို ဆောင်း၍ ရေနှင့် ရောစပ်လျက် ဆေးကြောပေးရ၏၊ ၎င်းအရွက်ပြုတ်ရည်ကို ကိုယ်ရေဝါ ရောဂါနှင့် ညှောင်းကျရောဂါ၌ ပျောက်ကင်းစေ၏၊ အပင်ခြောက်ကို ပြုတ်၍ လက်ဖက်ရည်ကဲ့သို့ သောက်လျှင် ကိုယ်ရေဝါ, ရေဖျဉ်း, ဆီးရွှင်, ညှောင်းကျ, ဆီးရောဂါ အမျိုးမျိုး, ကလေးများ အိပ်ပျော်ရန် အမြစ်ကို အသုံးပြုကြ၏၊ သွေးဝမ်းသွားခြင်း, ဆီးအိမ် ပူခြင်းတို့၌လည်း သုံး၏။

---

# ဆူးကြမ်းပိုး ( ဆူးကြန်ဖို )

ဟိန္ဒီ कांद्दो, करंज, रेठू

လက်တင် Caeasalpinia Sepiaria

အင်္ဂလိပ် Mysore thorn

**ပုံသဏ္ဍာန်။** ။ ၎င်းသည် ကလိန်ဝင်္ဂတွင် ပါဝင်၍ နွယ်တက်တတ်သော အပင်မျိုး ဖြစ်၏၊ ငါးမျှားချိပ်ကဲ့သို့ ချွန်၍ ဝါသော ဆူးများ ရှိ၏၊ အရွက်သည် ထိပ်ဖျား သွယ်၏၊ အပွင့်သည် ၅-လက်မခွဲခန့် ရှည်၏၊ အရွက်ကို တို့မြုပ် စားကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် ချို၏၊ ဝမ်းကို နူးစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အားကို ဖြစ်စေ၏၊ ဝမ်းကို ချောင်စေ၏၊ ကိုယ်ပူကို ကျစေ၏၊ ၎င်းပြင် သည်းခြေပျက်နာ, မီးလောင်လောင်ခြင်းကို ပေါ်ဆေး အဖြစ်ဖြင့် အသုံးပြုရ၏၊ တရုတ်ပြည်၌ ဝမ်းနှုတ်ဆေး အဖြစ်ဖြင့် အသုံးပြု၏။

---

# ဆူးခေါက်ပင်

သက္ကတ काकमुरु (काकुमुला)

လက်တင် Casalpinia Nuga

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၏၊ အခေါက်မှာ ကြမ်း၍ အမျှင်များ ရှိ၏၊ ဝါရောင်, ပြာရောင် ဖြစ်၏၊ အကိုင်းအခက်များမှာ အစိမ်းရင့်ရောင် ဖြစ်၏၊ နူးညံ့၏၊ သို့ရာတွင် ဆူးနုက်များ ရှိ၏၊ အရွက် ကြီး၍ နူးညံ့၏၊ အပွင့်သည် အဖျားတွင် ပွင့်၏၊ အသီးတောင့်မှာ

**ပန်းနာရင်ကျပ်။** ။ ၎င်းအသီးခြောက်ကို ကြိတ်၍ ရေနှင့် ရောပြီး ၁၄ ရက်ခန့် အနည်းငယ်, အနည်းငယ် သောက်ခဲ့လျှင် ပန်းနာ ရင်ကျပ် ရောဂါ ပျောက်ကင်း၏။

**သည်းခြေရောင်။** ။ ၎င်းအခေါက်ကို ရေဖြင့်သွေး၍ လိမ်းကျံလျှင် သည်းခြေ ရောင်ရမ်းသော ရောဂါ လျှင်စွာ ပျောက်ကင်း၏။

**ကြို့ထိုးနာ။** ။ ၎င်း၏ အခေါက်ကို ပြာချ၍ ရေနှင့် စိမ်ထားပါ၊ ၎င်းရေကြည် ကို သောက်လျှင် ကြို့ထိုးနာ ပျောက်ကင်း၏။

**အနာပေါက်။** ။ အနာဟောင်း, အနာပျက်တို့၌ ၎င်းအခေါက်နုကို ပြာချ၍ ၎င်းပြာကို အဝတ်ဖြင့် နုနုစစ်ပေးပြီး အနာများပေါ်သို့ လိမ်းပေးက လျှင်မြန်စွာ ပျောက် ကင်း၏။

**ခြေကွဲနာ။** ။ ညောင်ဗုဒ္ဓဟေ သတ္တုရည်ကိုသော်၎င်း, အစေးကိုသော်၎င်း, လိမ်း ပေးက ခြေကွဲနာ ကောင်းစွာ ပျောက်ကင်း၏။

**ဂရင်ဂျိနာ။** ။ ၎င်း၏ အတွင်းသားခေါက်ကို အခြောက်လှမ်းပြီး အမှုန့်ထောင်း ၍ ၎င်းအမှုန့်ကို ပြွန်ချောင်းဖြင့် အနာပေါ်သို့ အနည်းငယ်မျှ မှုတ်ထည့်ပေးခဲ့သော် ရက် အနည်းငယ်အတွင်း အသားနုတက်၍ အနာကျက်လာပါလိမ့်မည်။

**အရေပြား။** ။ ၎င်းအတွင်းသားခေါက်ကို ထက်ဝက်ခန်း ကျို၍ သောက်ခဲ့သော် အမျိုးမျိုးသော အရေပြား ရောဂါများ ပျောက်ကင်း၏။

**သွေးသန့်ဆေး။** ။၎င်းအစေ့ကို အမှုန့်ပြု၍ ပျားရည်နှင့် လျက်ခဲ့သော် သွေးသား များ သန့်ရှင်းလာလိမ့်မည်။

**သွား။** ။ ၎င်းအခေါက်ကို ပြုတ်ပြီး ငုံပေးခဲ့သော် သွားနှင့်ပတ်သက်သော ရောဂါများ ပျောက်ကင်း၏။

**ရင်ဘတ်နာ။** ။ ရင်ဘတ်၌ အောင့်ခြင်း, နာကျင်ခြင်း ဖြစ်ခဲ့သော် ၎င်းညောင်ရွက် ၏ နုစ်ရွက်နှင့် တခြမ်းကို ထန်းလျက်နှင့် ကြိတ်၍ လုံးပြီးလျှင် တနေ့ နှစ်ကြိမ် သောက်ပါက ရင်ဘတ်နာရောဂါများ လျှင်စွာ ပျောက်ကင်း၏။

**အော့အန်။** ။ ၎င်းအခေါက်ကို ပြာချ၍ ထိုပြာကို ရေတွင်စိမ်ပြီး ထိုစိမ်ထား သော ရေကြည်ကို သောက်ပေးက အော့အန်နာရောဂါ လျှင်စွာ ပျောက်ကင်း၏။

**လိင်နိမိတ်ရောဂါ။** ။ ညောင်ခေါက် အခြောက်ကို ပြာပြု၍ လိင်နိမိတ် ရောဂါ ဖြစ်ရာ အနာပေါ်၌ ဖြူးပေးလျှင် ထိုအနာများသည် ခြောက်၍ ပျောက်ကင်း သွားပါ လိမ့်မည်။

**ကလေးများ စကားပြော အသံပီသရန်။** ။ ၎င်းကလေးများကို ညောင်သီးမှည့်မှည့် တနေ့ ၂ ကြိမ်မျှ ကျွေးသော် ကလေးများသည် စကားပြောရာ၌ အသံ ပီသ လာပါလိမ့်မည်။

**ပေါင်ရင်းသွေးစုနာ။** ။ ညောင်ရွက်နှင့် ၎င်းအကိုင်းနုများကို ထောင်း၍ သတ္တုရည်ယူပါ ထိုသတ္တုရည်တွင် ပျားရည် ရောစပ်၍ သောက်သော် ပေါင်ရင်း၌ ဖြစ်သော သွေးစုနာသည် လျှင်မြန်စွာ ပျောက်ကင်း၏။

**သူငယ်နာ လျှာ,ပါးစပ်ကွဲ။** ။ ၎င်းညောင်ရွက်စိမ်းနှင့် ညောင်ခေါက် အစိမ်းကို ကြိတ်၍ ပျားရည်နှင့် ရောစပ်ပြီး တနေ့ ၃-ကြိမ်မျှ ခံ့လည်း ခံ့ လျက်လည်း လျက်ပေးခဲ့သော် သူငယ်နာ လျှာကွဲ ပါးစပ်ကွဲ ရောဂါများ လျှင်မြန်စွာ ပျောက်ကင်း၏။

**ဘိန်းဆိပ်ဖြေ။** ။ ညောင်ခေါက်ကို ထက်ဝက်ခန်း ကျို၍ သောက်ခဲ့သော် ဘိန်းဆိပ်သင့်သော ဝေဒနာမှ လျှင်မြန်စွာ ပျောက်ကင်း ချမ်းသာ၏။

**မီးလောင်နာ။** ။ ညောင်ခေါက်ကို အမှုန့် နုညက်စွာ ထောင်း၍ ၎င်းအမှုန့်ကို ထောပတ်နှင့် ရော၍ လိမ်းပါက မီးလောင်နာမှ သက်သာ ပျောက်ကင်း၏။

**နို့နာ။** ။ ညောင်ခေါက်ကို ပြာချ၍ ရေနှင့် ရောပြီး ၎င်းရေထဲတွင် သံကို မီးဖုတ်၍ ၄-၅-၆-ကြိမ် ထည့်ထားပါ၊ ၎င်းရေကို နံနက်စောစော သောက်၍ ဖရဲခါးမြစ်ကို အနာတွင် လူးပေးခဲ့သော် နို့နာရောဂါမှ ကောင်းစွာ ပျောက်ကင်း၏။

**ခယရုဂ်။** ။ ညောင်းစေးမှ ပြုလုပ်သော ချိပ်ကို အမှုန့် ပြု၍ ထောပတ်, သကြား ရောပြီး သောက်ပေးပါက ခယရုဂ် ရောဂါမှ ကောင်းစွာ ပျောက်ကင်း၏။

**ပိုးကျနာ။** ။ ညောင်ခေါက်ကို မုန့်နှင့် ရော၍ တိရစ္ဆာန်များကို ကျွေးပါက ၎င်းတို့၌ ဖြစ်သော ပိုးကျနာမှ လျှင်စွာ ပျောက်ကင်း၏။

**မေးခိုင်နာ။** ။ ညောင်၏ အခေါက် သတ္တုရည်ကို ရေနှင့် ရော၍ ၎င်းတွင် ပိတ်ချင်းမှုန့် ထည့်သောက်ခဲ့သော် မေးခိုင်သော ဝေဒနာမှ သက်သာ ပျောက်ကင်း၏။

**သွေးလျှံ, သွေးကျ။** ။ ညောင်ရွက်၏ သတ္တုရည် ကဆ, ကလနက်သွေး, (သစ်စေး တမျိုး) ခြောက်ဆ တို့ကို ပူနွေးအောင် ပြုလုပ်ထားသော ပျားရည်နှင့် ရောစပ်၍ မှိုဝဲခဲ့သော် သွေးလျှံ, သွေးကျနာများ ပျောက်ကင်းသည့် အပြင် နှလုံးသည်းတွင် စုအောင်း နေသော သွေးဆိုင် သွေးခဲများကိုလည်း ပယ်ဖျောက်နိုင်၏။

**မီးရတ်နာ။** ။ ညောင်းစေးမှ ပြုလုပ်သော ချိပ် (ညောင်ချိပ်) အမှုန့် ၁၂-ပဲသားတွင် ဒိန်ချဉ်ကို ထည့်ရော၍ သကြားခဲ အနည်းငယ် ထည့်ပြီး သောက်ခဲ့သော် မီးရတ်နာရောဂါ သက်သာ ပျောက်ကင်း၏။

**အနာ အသားနုတက်ဆေး။** ။ ခတ်ကြမ်းကြမ်း ထောင်းထားသော ညောင်ခေါက်ကို ပြုတ်၍ အနာတွင် ဖဏ်ရည်ဆေးပေးခဲ့သော် အနာသည် လျှင်မြန်စွာ အသားနုတက်၍ ကျက်လာပါလိမ့်မည်။

**တနည်း - ကြို့ထိုးနာ။** ။ ညောင်ချိပ် အမှုန့် ၁-ပဲသားကို ပျားရည်နှင့် ရောစပ်၍ လျက်ပေးခဲ့သော် ကြို့ထိုးနာမှ ကောင်းစွာ ပျောက်ကင်း၏။

**ချောင်းခြောက်။** ။ ညောင်ချိပ် အမှုန့်, ထောပတ်, သကြား တို့ကို ရောစပ်၍ လျက်ပေးခဲ့လျှင် ချောင်းခြောက် ရောဂါမှ လျင်စွာ ပျောက်ကင်း၏၊

**ချောင်းဆိုး, သလိပ်သွေးပါ။** ။ ချောင်းဆိုးသော အခါ၌ သလိပ်မရဘဲ ကြာမြင့်စွာ ဆိုးပြီးလျှင် နောက်ဆုံး၌ သလိပ်ရလာသော အခါမှ ထိုသလိပ်တွင် သွေးအစအန ပါလာသော ရောဂါအတွက် ညောင်ချိပ် ၄-ရွေးသား, ပျားရည် ၁-ဒွေးနီး, ထောပတ် ၂-ဇွန်း သကြားခဲ ၈-ပဲသား တို့ကို ရောစပ်၍ နေ့အခါတွင် ၅-ကြိမ်, ၆-ကြိမ် လျက်ပေးသင့်၏။

**အိပ်မပျော်သောရောဂါ။** ။ ညောင်ချိပ် ၁-ပဲသားကို ကျွဲနို့ ၂-ကျပ် ၄-ပဲသား, သကြားခဲ ၅-ပဲသားနှင့် ရောစပ် သောက်သော် ကောင်းစွာ အိပ်ပျော်လာပါလိမ့်မည်။

**ကျပ်တီးနာ။** ။ ညောင်မြစ်ကို ရေဖြင့် ကျောက်ပြင် ပေါ်တွင် ကြိတ်၍ အနာ ဖြစ်ရာ၌ လိမ်းပေးလျှင် ရက်အနည်းငယ်အတွင်း ကျပ်တီးနာမှ ကောင်းစွာ ပျောက်ကင်း၏။

**တနည်း - အနာပေါက်။** ။ အနာဆွေး, အနာဟောင်းများ အသားနု တက်စေရန် ညောင်၏ အတွင်းသားခေါက်ကို နှင်းဆီရည်နှင့် လိမ်းပေလျှင် အနာများ လျင်မြန်စွာ အသားနု တက်၍ ကျက်လာပါလိမ့်မည်၊ ၎င်းပြင် ဂရင်ဂျီနာ နှင့် ကျပ်တီးနာများ အတွက်လည်း ၎င်းနည်း အတိုင်း သုံးစွဲနိုင်၏။

**မှတ်ချက်။** ။ ညောင်ဗုဒ္ဓဟောပင်သည် "ဗုဒ္ဓရှင်တော် ဂေါတမ" အမှီပြု၍ ဘုရား အဖြစ်သို့ ရောက်ရာ ဖြစ်သော ဗောဓိညောင်မျိုး ဖြစ်၏၊ ဤ၌ ဗောဓိ (သစ္စာလေးပါး တရားကို သိရာ) စေတီထိုက်သော ညောင်ပင်မျိုးနှင့် ဖေါ်ပြပါ ဗောဓိညောင်မျိုးသည် တမျိုးတည်းပင် ဖြစ်၏၊ ဂုဏ်ကို မကြည့်ဘဲ ညောင်ပင် သာမည အနေဖြင့် ကြည့်ခဲ့သော် အတူတူပင် ဖြစ်၏၊ ဗောဓိညောင်ပင်မျိုး မှန်သမျှ အကုန်လုံးကို ရှိခိုးထိုက်, ပူဇော်ထိုက်, ပရိဘောဂ စေတီထိုက်သည် ဟု ယူဆ၍ မကိုးကွယ်အပ်ပေ၊ မြတ်စွာဘုရား ပွင့်တော်မူရာ အပင်မှ မျိုးရိုးမပျက် ဆင်းသက်စဉ်လာ ဖြစ်သော ညောင်ဗုဒ္ဓဟောပင် မျိုးကိုသာ ရှိခိုး ထိုက်, ပူဇော်ထိုက်ပေ၏၊ ဤကဲ့သို့ မျိုးဇာတ်တခုတည်း ပင် ဖြစ်သော်လည်း ဂုဏ်ချင်း ကွာခြား နေသည်ကို ခွဲခြား၍ မှတ်သားရာ၏၊ ညောင်ပင်မျိုးသည် နတ်ကိုးကွယ်သော အယူဝါဒ ရှိသူများ မြောက်မြားစွာပင် လေးစားခြင်းကို ခံရပေ၏၊ အချို့သူတို့သည် မည်သည့် အိုးအိမ် အဆောက်အဦတွင် မဆို အစေ့ကျ၍ ပေါက်ရောက်လာပါမူ ထိုအပင် ကို အဆောက်အဦးသာ အပျက်ခံသည် သတ်မပစ်ကြပေ၊ ထိုအယူဝါဒသည် အိန္ဒိယ ပြည်၌ ဗုဒ္ဓခေတ် မပေါ်မီက ပင် စတင်၍ များစွာ ထွန်းလာ ပေသည်၊ ဗုဒ္ဓခေတ် ပေါ်ပြီးသည့်နောက် ညောင်ပင်ကို ကိုးကွယ်မှု, တမာပင်ကို ကိုးကွယ်မှု, ဆီးဖြူပင်ကို

ကိုးကွယ်မှု, ပဒ်စိမ်းပင်ကို ကိုးကွယ်မှု စသော ထိုသစ်ပင်ကို ကိုးကွယ်မှု အရပ်ရပ်ဘို့ကို များစွာ တားမြစ် ခဲ့သောကြောင့် ဗုဒ္ဓဘာသာဝင်တို့ အဘို့ ထိုကိုးကွယ်မှုကို မလိုလား မနှစ်သက်ကြပေကုန်၊ သို့သော် ထိုအယူ ဝါဒစွဲကား ဦးခေါင်း၌ စွဲလျက် ပင် အချို့ ရှိကြပေကုန်၏၊ ထိုရှိသည် တို့ကို ကိုးကွယ်မှု၌ မျက်စိ လည်ကုန်သော ပုဂ္ဂိုလ် တို့သည် ညောင်ထောက်ခြင်း — စသည်ဖြင့် ယတြာချေကိန်း ပြုပေးကြပြန်သောကြောင့် များစွာ အထင်ကြီးခြင်း ခံကြရ၏၊ ယခုခေတ်၌မူ များစွာသော သူတို့သည် ထိုကိုးကွယ်မှုကို မလိုလား ကြကုန် သဖြင့် လှဲပစ်ခြင်း, ထင်း အဖြစ် အသုံး ပြုကြခြင်း ပြုလုပ်ကြကုန်၏၊ အခြားသော သစ်ပင် တပင်ကို မှီတွယ်ပြီးမှ ကြီးထွား ပေါ်ပေါက် လာတတ်သော အပင်မျိုး ဖြစ်၍ ၎င်း၏ အသားသည် ခိုင်မာ ကျစ်လစ်မှု မရှိသောကြောင့် အခြားသော အဆောက်အဦး အတွက် အသုံး မပြုနိုင်ဘဲ ထင်းအတွက်သာ အသုံးပြုရန် သင့်၏၊ ထိုအပင်ရှိရာ အဆောက်အဦး, ထိုအပင်နှင့် နီးကပ်ရာ အဆောက်အဦး တို့သည် များစွာ ပျက်စီးတတ်ကုန်၏၊ ထိုအပင်၏ အသက်သည် လွန်စွာ ပြင်း၏၊ ပယ်ထုတ် သတ်ပစ်ခြင်းငှာ မစွမ်းနိုင်ပေ၊ များစွာ ထွင်းဖေါက်၍လည်း သွားသောကြောင့် ရောက်သမျှကို တူးပစ်ခြင်းငှာလည်း မစွမ်းနိုင်ပေ၊ ထိုသို့ တွယ်မိလျှင် ပယ်ထုတ်ရန် ခက်သော အပင်ကို ပယ်ထုတ်လိုခဲ့သော် ထိုအပင်ကို ဖေါက်၍ ၎င်းတွင် ပြဒါးသွင်းပြီးလျှင် ( အပင်ကြီး - ငယ် အလိုက် ) ပြန်ပိတ်ထားပါက မကြာမီ ရက်, လ အတွင်း ခြောက်သွေ့၍ သေသွားနိုင်၏၊ ဤကဲ့သို့ ပြုလုပ် ဆောင်ရွက်ကြသည်ကို တွေ့ဘူးပေသည်၊ ကျွန်ုပ်တို့ ဖေါ်ပြလိုသည်မှာ ဆေးသုံး အတွက် သာ ဖြစ်၏၊ ဆေး၌ အသုံးဝင်သမျှကိုသာ ဖေါ်ထုတ် တင်ပြရန် လိုရင်း ဖြစ်၏၊ သို့သော်လည်း ပူဇော်ဘွယ်ရာ ဖြစ်သော ဗောဓိ ( စေတီ ထိုက်သော ) အပင်မျိုးသည်လည်း ထိုအပင်မျိုးမှ ပင် ဖြစ်၍ ထိုစေတီ ထိုက်သော အပင်မျိုးကိုလည်း ခုတ်ချိုး ထစ်ပိုင်း၍ ဆေးအတွက် အသုံးမပြုမိကြရန် ဗောဓိပင်မျိုးမှ တပါး အခြားသော ဗောဓိညောင်မျိုးကိုလည်း ပူဇော်ဘွယ်ရာ အပင်မျိုး ဟူ၍ မှတ်ယူကြပြီး ဆေးအတွက် မယူရဲ, မသုံးဝံ့ မဖြစ်ကြစေရန် ရည်သန်ပြီးလျှင် စကားဆက်စပ်၍ ဖေါ်ပြ လိုက်ရပေသည်။

---

# ညောင်ရေအိုးပန်း

မတလဲဂူ ၎ဴး

လက်တင် Melostoma Malabathricum

ပုံသဏ္ဍာန်။ ။ အကိုင်းအခက်များသော အပင်မျိုး ဖြစ်၏၊ ၇၈-မှ ၈၀-လက်မ ခန့်မြင့်တတ်၏၊ အရွက်သည် ငှက်တောင်ပုံရှိ၏၊ အပွင့်သည် ထိပ်ဖျားညီ၏၊ အသီးသည် ၆-သက်မ ခန့်ရှည်၏၊ မျက်နှာ၀ ကျယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်ကို ဝမ်းသက်ရောဂါ, ဝမ်းကိုက်ရောဂါတို့၌ အသုံးပြုရ၏၊ အရွက်နှင့် အပွင့်ကို ဝမ်းသက်ရောဂါတို့၌ ချုပ်ဆေးအဖြစ်ဖြင့် ပေးရ၏၊ အခေါက်ပြုတ်ရည်ကို လည်ချောင်းရောင်ခြင်း, ပက္ခရုရောဂါတို့၌ နှုတ်ငုံဆေးအဖြစ်ဖြင့် ပေးရ၏၊ ရှင်းပြင် ဝဲခြောက်ရောဂါ, အနာယင်းခြင်းတို့၌ လိမ်းပေးရ၏။

---

# ညောင်သပြေ

**တမီလ်** அலபலம்பி

**လက်တင်** Ficus Gibbose

**ပုံသဏ္ဌာန်။** ။ သဖန်း အမျိုးအစားမျိုး ဖြစ်၏၊ နွယ်ယောင် ပင်ယောင်ဖြစ်၏၊ အခက်အလက်များမှ ဇာကဲ့သို့ကျ၏၊ လမ်းဟောင်း, နတ်ကွန်းဟောင်း, ဂူအထွတ်များ, နံရံများ, ရေတွင်းများ၌ ပေါက်တတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်ကို ပြုတ်၍သောက်ခဲ့သော် ဝမ်းမီးကို တောက်စေ၏၊ နူးညံ့စွာ ဝမ်းသက်၏။

---

# ညောင်အုပ်

**သက္ကတ** कामरूप

**ဟိန္ဒီ** कामरूप

**လက်တင်** Ficus Retusa

**ပုံသဏ္ဌာန်။** ။ အပင်ကြီးမျိုးဖြစ်၏၊ အရွက် ညောင်ရွက်နှင့်တူ၏၊ သို့ရာတွင် ငယ်၏၊ အရိပ်ကောင်းသဖြင့် လမ်းဘေး၌ စိုက်ထားတတ်ကြ၏၊ ပဥ္စင်္ဂါးပါးလုံးသုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ အေးသော သတ္တိရှိ၏၊ ဝိပါက၌ စပ်၏ ထက်မြက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝဖြိုးစေတတ်၏၊ ကြေလွယ်၏၊ ချုပ်၏၊ ကာမကို အားပေးတတ်၏၊ ဒေါသ သုံးပါးလုံးနိုင်၏၊ နူနာ, အနာပေါက်, သွေးအန်, သွေးကျ, သမင်ဖြူ, ခေါင်းကိုက်, သွေးဖေါက်ပြန်, အပူရောဂါတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာပေါက်။** ။ အရွက်, အခေါက် တခုခုကို ဆီဖြင့် ကြော်ချက်၍ အနာပျက်များ၌ လိမ်းပေးက အနာများသည် အသားနု တက်၍ မကြာခင် ကျက်လာလိမ့်မည်၊ ထိခိုက်

ရှ,န - သော ဒဏ်ရာများနှင့် အကြော ကိုက်ခဲသော ရောဂါများအတွက်လည်း အထူး ကောင်း မွန်၏။

**ခေါင်းကိုက်။** ။ ၎င်းအရွက် သို့မဟုတ် အခေါက်ကို အနာအုံဆေး အဖြစ်ဖြင့် အုံပေးလျှင် အစာမကြေ လေပြည့် ရောဂါကြောင့် ဖြစ်သော ခေါင်းကိုက် ရောဂါသည် လျှော့ စွာ ပျောက်ကင်း၏။

**ဝမ်းပိုက်နာ။** ။ ၎င်းအရွက်နှင့် ပင်စိမ်းရွက်ကို ဆတူ စပ်ပြီး ထောပတ် ထက်ဝက် ထည့်၍ သောက်လျှင် လေထိုး, လေအောင့်ပြီး ပိုက်ပွ၍ နာကျင်နေသော ရောဂါများ အတွက် **အကျိုးပြု၏။**

**လိင်ဥရောင်။** ။ ၎င်းအရွက်၏ သတ္တုရည် ၅-ကျပ်သား, ပင်စိမ်း အနက်ရွက်၏ သတ္တုရည် ၅-ကျပ်သား, ထောပတ် ၅-ကျပ်သား တို့ကို ရောစပ်၍ မီးဖိုတွင် မီးညှင်းညှင်းဖြင့် ချက်ပြီးလျှင် အရည်များ ကုန်ခန်း၍ ထောပတ် ၅-ကျပ်သား ကျန်သော အခါ လေလုံစွာ ပုလင်းထဲသို့ ထည့်ပါ၊ ၎င်းဆေးကို ၂၁-ရက်တိုင်အောင် လိင်ဥရောင်ရာ၌ လိမ်းပေး သင့်၏။

**အသည်းရောင်။** ။ ၎င်းအစိမ်းခေါက်၏ သတ္တုရည် ၁၂-ပဲသားကို နွားနို့နှင့် သောက်ပြီး အထက်ပါ လိင်ဥရောင်ရောဂါ၌ ဆိုခဲ့သော ထောပတ် ဆေးကိုလည်း အသည်း ရောင်ရာ၌ လိမ်းပေးပါ၊ အုပ္ပူလည်း ထိုးပေးပါ၊ ဤနည်းအတိုင်း ပြုလုပ်ခဲ့သော် ရက်အနည်း ငယ် အတွင်း ပျောက်ကင်းပါလိမ့်မည်။

## ညောင် အမျိုးများ

**မှတ်ချက်။** ။ မြန်မာပြည်၌ ဒေသန္တရ အနေဖြင့် ခေါ်ဝေါ်ကြသော ညောင် အမျိုး ကား များလှ၏၊ ၎င်းတို့မှာ —

| | |
|---|---|
| ၁ ညောင်ဖြူ | ၄ ညောင်လန်း |
| ၂ ညောင်ကြတ် | ၅ ညောင်ပိန္ဒဲ |
| ၃ ညောင်ကြက်ပေါင် | ၆ ညောင်သဖန်း—တို့ ဖြစ်ကြ၏။ |

ထိုပြင် — ၁- ညောင်ကြတ် ( ပိလက္ခ, ပိပ္ပလီ ), ၂ - ညောင်ဗုဒ္ဓဟေ ( အဿတ္ထ ) မျိုး, ၃ - ပညောင် ( နိဂြောဓ, ဝဋ္ဋ, ဗဟုပဒ ) မျိုး — ဟူ၍ ညောင် သုံးမျိုး ရှိ၏၊ ထိုသုံးမျိုး အနက် —

၁ "ပိလက္ခ, ပိပ္ပလီ" မျိုးဟူသည် အရွက်ဝယ်၏၊ အခွန်ဖြူ၏၊ ဘုရားစေတီတိုင်း စသည်တို့၌ ပေါက်တတ်၏။

၂ "အဿတ္ထ" မျိုး ဟူသည် အရွက်ကြီး၏၊ အဖျားရွက်ရှည်၏၊ ရွက်ရိုးရှည်၏။

၃ "နိဂြောဓ, ဝဋ္ဋ, ဗဟုပဒ" မျိုး ဟူသည် အရွက် မကြီးမငယ် ရှိတတ်၏၊ ခြေထောက် မုတ်ဆိတ်များ ရှိလေသည်။

# နိဂုံးအမှာ - ပန်ကြားလွှာ

ဤတွင် ပုံပြ အရှင်နာဂသိန် ဆေးအဘိဓာန်ကျမ်းကြီး ပဌမတွဲ အပြီးဆုံးသတ် နိဂုံးရပ်ပါပြီ၊ ထိုပဌမတွဲ၌ ကဝဂ်နှင့် စဝဂ်တွင် ပါသော ဆေးတို့ကိုသာ သီးသန့် ဖော်ပြထားပါသည်၊ သစ်ပင်တိုင်းသည် ဆေးဘက်ဝင်သည်သာ ဖြစ်သောကြောင့် ဤမျှနှင့် ကဝဂ်- စဝဂ် ဆေးပင်များ ကုန်ဆုံးသွားပြီဟု မဆိုနိုင်ပါ၊ သို့သော်- ကျမ်းတကာနှင့် ညှိနှိုင်းရသမျှ မူလသက္ကတ ဘာသာနှင့် တည်ရှိသော ဆေးပင်တို့ကိုသာ ဦးစားပေး၍ ရေးသား ဖေါ်ထုတ်ခြင်းဖြစ်ပါသည်၊ အချို့လည်း ရိုက်ပြီးမှ တွေ့ရှိသည်- အချို့လည်း ပြတ်သား မှန်ကန်စွာ မဆုံးဖြတ်နိုင်သေး၍ ချန်ထားရပါသည်၊ နောင်အကြိမ် အကြောင်းညီညွတ်၍ ရိုက်နှိပ်နိုင်ပါက ဖေါ်ပြပါ အကြောင်းနှစ်ချက်ကြောင့် ထည့်သွင်း မရိုက်နိုင်သမျှ ကဝဂ်- စဝဂ်တွင် ပါဝင်သော ဆေးပင်အချို့တို့ကို ထည့်သွင်း ဖေါ်ပြ ရိုက်နှိပ်ရန် အသင့် စီစဉ်ထားပါသည်၊ မှန်ကန်စွာ ဖြစ်သည်ထက် ဖြစ်အောင် ဆက်လက်၍ သစ်ပင် အတတ်ပညာပြကျမ်းများနှင့် ညီအောင် ပြည့်စုံစွာ ဖေါ်ပြပါမည်၊ ကြိုးစားနေပါသည်၊ ယခု ဆက်လက်ရိုက်ရန် စီစဉ်နေသော အုပ်တွဲမှာ ဒုတိယတွဲဖြစ်သည်၊ ၎င်း၌ တဝဂ်နှင့် ပဝဂ်တို့တွင် ပါဝင်နိုင်သမျှ ဆေးပင်တို့ကို အက္ခရာစဉ်ပြီး ရိုက်နှိပ် ထုတ်ဖေါ်သွားပါမည်၊ ဖေါ်ပြသင့်သော ဆေးပင်များကိုလည်း အပွင့်, အရွက်,မှ အခေါက်, အသီး, အစေ့ စသည်ဖြင့် ပြည့်စုံစွာ ဖေါ်ပြထားသဖြင့် မည်သည့် ခေတ်ကမှ သမိုင်းတလျှောက်လုံးတွင် မဖေါ်ပြ မရိုက်နှိပ်နိုင်လောက်အောင်ပင် တာဝန်ကြီးသော စာပေမျိုးကို ပြုစုရသဖြင့် များစွာ တာဝန်ကြီးပါသည်၊ အချိန်ကုန် ငွေပန်း လူပန်းနှင့် တွေ့ကြုံရပါသည်၊ ထိုပင်ပန်းသမျှ အမျိုးမျိုးတို့ကို တိုင်းပြည်နှင့် အမျိုးသား အကျိုးကို ရှုယ်ကိုး မျှော်မှန်းလျက် စာပေပညာ ဓမ္မဒါန လှူဒါန်းခြင်းတမျိုးပင် ဖြစ်ပါစေတော့ဟု ရည်ရွယ်ထားသည် အတိုင်း ထိုရည်ရွယ်ချက်သည် အထိုက်အလျောက် ပြီးမြောက် အောင်မြင် နိဂုံးဆင်နိုင်သဖြင့် ထို၏ ဝမ်းမြောက် ဝမ်းသာ ပီတိဖျာ၍ များစွာသော ဓမ္မဒါန ကုသိုလ် အရပ်ရပ်သည်သာလျှင် အချိန်ကုန် ငွေပန်း လူနွမ်းသမျှကို လန်းဆန်းအောင် ပြုပြင်လျက် ဒုတိယတွဲကို ဆက်လက် ထုတ်ဝေနိုင်ရန် ကြိုးစားအားသစ် ရေးခြစ် စီမံ ရပေတော့သည်။

သမိုင်းအဆက်ဆက်က တာဝန်မယူနိုင်လောက်အောင် တာဝန် ကြီးမားလှသော နိဃဏ္ဍုကျမ်းအတတ် ပညာပေး စာအုပ်မျိုးကို ပြုစုရာ၌ အချိန်ကာလပေါင်းများစွာ ကြိုးစားရှာဖွေ၍ဆောင်းပြီး ဖေါ်ထုတ် တင်ပြရုံသာ မဟုတ်သေးပါ၊ သက်ဆိုင်ရာတို့၌ ကျွမ်းကျင်မှုရှိကြသော ပုဂ္ဂိုလ်အပေါင်းတို့နှင့်လည်း အခွင့်ရတိုင်း တိုင်ပင်မေးမြန်း၍ မှတ်တမ်း မှတ်စုလုပ်ခါ ဖြည့်စွက်ရေးသားထားခြင်း ဖြစ်ပါသည်၊ သို့သော်လည်း သစ်ပင်အရာ လိမ္မာကျွမ်းကျင် စိတ်ကောင်းဂင်

ကြကုန်သော ဗိန္ဒောဆရာကြီးများ နှင့် ဗဟုသုတ များလှစုဆောင်း သုတေသီ ဖြစ်ကုန်သော သူတော်ကောင်းတို့ကား မြောက်များစွာပင် ရှိကြကုန်သေးသည် ဖြစ်သောကြောင့် တင်ပြ ထုတ်ဝေလိုက်သော ပဌမတွဲတွင်ဖြစ်စေ အခြားသော ဆက်လက် ရေးသား ရိုက်နှိပ် ထုတ်ဝေ မည့် ဒုတိယတွဲ- တတိယတွဲ- စတုတ္ထတွဲမှာဖြစ်စေ ကောင်းသည်ထက်ကောင်း မှန်သည်ထက်မှန် အသုံးကျသည်ထက်ကျသော အကြံဉာဏ်များကို ပေးကြပါလျှင် ဝမ်းမြောက်စွာဖြင့် လက်ခံ မှတ်ယူပြီး ထည့်သွင်း ဖေါ်ပြလိုကြောင်း ပညာရှိအပေါင်းတို့ထံ မေတ္တာရပ်ခံ အကြောင်းကြား အပ်ပါသတည်း။

ပဌမတွဲ - ပြီး ပြီ



အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်

ဒုတိယတွဲ တတိယတွဲ စတုတ္ထတွဲ

နှင့်

## ပုံပြသားငါးကျေးငှက်ဆေးအဘိဓာန်

ပဥ္စမ ဆဌမ-၄-ပိုင်း ၄-အုပ်

**ထွက်ရှိနေပြီ**

---

မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံ
၁၂၊ ငါးထပ်ကြီးဘုရားလမ်း၊ရန်ကုန်မြို့ ။

ချွန်၍ ဗာဒံရင့်ရောင် ရှိ၏၊ ၂-လက်မမှ ၂-လက်မခွဲ အထိ ရှည်၍ အနံ ၁-လက်မ ကျော်ခန့်
ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် အားကို ဖြစ်ပွားစေ၏၊ ကျောက်တည်
ဆီးရောဂါကို နိုင်၏၊ ၎င်းသစ်သား၏ အရည်ကို မျက်စိရောဂါ၌ အတွင်းဆေး,
အဖြစ် အသုံးပြုရ၏၊ အသီးကိုလည်း မျက်စိရောဂါ၌ သုံးရ၏၊ အရွက်ကို သားဖွါးပြီး
သားအိမ် အားရှိစေရန် အသုံးပြုရ၏။

---

# ဆူးကောက်နက် (ဆူးခေါက်နက်)

သက္ကတ कन्थारि (कन्थरी)

ဟိန္ဒီ कन्थरि (कन्थार)

လက်တင် Capparis Sepiaria

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ယာခင်းစောင်းရှိ ရှားစောင်းပင် နှင့် ဆူးဖြူပင်တို့၌ တက်၍
ပြန့်နေတတ်၏၊ နွယ်များ၌ မာ၍ ချွန်သော ဆူးများ ရှိ၏၊ အရွက်မှာ ရှည်၍ လုံး၏၊ အပွင့်မှာ
ဖြူ၍ အဆုပ်လိုက် ပွင့်၏၊ အသီး လုံး၍ နူးညံ့၏၊ မှည့်သော အခါ နက်၏၊ သုံးသော အခါ
အများအားဖြင့် ပဉ္စငါးပါးလုံးကို သုံးရ၏။

ဆူးခေါက်နက်သည် ဆယ်ထပ်ချင်းနှင့် အလုံးစုံ တူ၏၊ သို့ရာတွင် "ဆယ်ထပ်ချင်း" သည်
ချွန်၍ ဆူးခေါက်နက်၏ အရွက်ကား အဖျား၌ ချိုင့်၏၊ ဤကဲ့သို့ အရွက်၏ ထူးခြားချက်ကို
ကြည့်၍ ခွဲခြား ယူရ၏၊ အခေါက် စသည်ကို မခွဲနိုင်ကြ၊ ဗယဆေးဆိုင်တို့၌ကား အမြစ်ခေါက်
များကို ဆူးကောက်နက်ခေါက် ဟု ခေါ်၏၊ အကိုင်းတွင် အပေါက် ရှိသည်၊ တုတ်ချောင်းနှင့်
ထိုးကြည့်လျှင် အပေါက်ကို တွေ့ရ၏၊ ဆယ်ထပ်ချင်းကား ကြည့်ရာ၌ အားလုံး တူ၏၊ အဖျား
မဟိုက်ချေ၊ အခေါင်း မရှိချေ၊ ဤကဲ့သို့ ထူးခြားချက်ကို ပှတ်ယူအပ်၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ခါး၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ ဝပ်ပါး
ကို ပွားစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်မြိန်စေ၏၊ ဝဖြိုးစေ၏၊ ဓာတ်တို့ကို ပြောင်းလဲစေ၏၊
လေ, သလိပ်ကို နိုင်၏၊ အဖျား, အရေပြား, မြင်းဖုအစုံနာ, ပူခြင်း, အသားဆိုင်များ နာကျင်ခြင်း
များကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မျက်စိရောင်။** ။ ၎င်းအမြစ်ကို အမှုန့်ထောင်းပြီး ဘိန်းနှင့် ကြိတ်၍ မျက်စိတွင်
လိမ်းကျံ ကွင်းပေးလျှင် မျက်စိရောင်ခြင်း စသော မျက်စိရောဂါ ပျောက်ကင်း၏။



ဆူးပဒေါင်း

BARLERIA LONGIFOLIA

**ဝမ်းပိုက် ထိုးအောင့်။**　။ ၎င်းအမြစ်ကို ပြုတ်ကောင်းနှင့် အတူ တိုက်သော် ဝမ်းပိုက် ထိုးအောင့်သော ရောဂါမှ ပျောက်ကင်း၏။

**သွေးဖေါက်ပြန်။**　။ ၎င်းအရွက်ကို ကျို၍ တိုက်သော် သွေးဖေါက်ပြန်သော ရောဂါ ၊ အရေပြား ရောဂါတို့၌ အကျိုးပြု၏။

---

# ဆူးပဒေါင်း

သက္ကတ　सन्ध्यमिड्रा (कोकिलाक्ष)

ဟိန္ဒီ　कोइलेखा

လက်တင် Barleria Longiflora

**ပုံသဏ္ဌာန်။**　။ ၎င်းအပင်သည် ၂-ပေမှ ၄-ပေ အထိ မြင့်၏၊ အရွက်မှာ ၂-လက်မ ခန့်သော ရှည်၍ အပွင့် ဖြူ၏၊ အချို့ နိဃဏ္ဍုကျမ်းများ၌ မိချောင်းကွမ်းဖတ်နှင့် ဆူးပဒေါင်း ကို အတူတူ ပြန်ဆိုထားကြ၏၊ ယခု ပြန်ဆိုသော စန္ဒောဒယ (၁၀) တွဲ အရ ဆူးပဒေါင်း နှင့် မိချောင်းကွမ်းဖတ် ကွဲပြားပုံကို သိသာလှပေသည်၊ အများအားဖြင့် ပဉ္စငါးပါးလုံးကို သုံးကြ၏။

**အရသာ နှင့် အကျိုးသွား။**　။ အရွက်သည် ချို၍ ခါးသက်သက် ဖြစ်၏၊ **အေး၏၊** ဗိပါက်၌ ချို၏၊ အစေ့သည် ဖန်, ခါး၏၊ အေး၏၊ အမြစ်သည် အေး၏။

**ဂုဏ် နှင့် စွမ်းရည်။**　။ အရွက်သည် ပြေပြစ်၏၊ ဝဖြိုးစေ၏၊ ကာမကို **အားပေး၏၊** အိပ်ပျော်စေ၏၊ သည်းခြေ ဒေါသကို နိုင်၏၊ ဝမ်းသက်, ရေဇော်, ကျောက်တည်, ဆီးနှင့် စပ်သော ရောဂါ, ပူခြင်း, မျက်စိရောဂါ, ထိုးအောင့်, ရေဖျဉ်း, ဝမ်းပိုက်ရောဂါ, ဆီးဝမ်းချုပ် ရောဂါ များကို ပျောက်ကင်းစေ၏။

အစေ့သည် ကြေခဲ၏၊ ချုပ်၏၊ သုက်ကိုပွားစေ၏၊ ခွန်အားကို ပြုတတ်၏၊ ကိုယ်ဝန်ကို တည် စေ၏၊ သလိပ်, လေကို ပြုတတ်၏၊ မလတို့ကို တောင့်တင်းစေ၏၊ သည်းခြေ, အပူ, သွေးဖေါက်ပြန် ခြင်းကို ပယ်တတ်၏။

အမြစ်သည် နာကျင်ကိုက်ခဲကို ပျောက်စေ၏၊ ခွန်အားကို ဖြစ်စေ၏၊ **ဆီးများစေ၏၊** ၎င်းပဉ္စငါးပါးပြာသည် ဆီးကို များစေ၏၊ ( ဆီးရွှင်၏။ )

**မှတ်ချက်။**　။ မြန်မာပြည်ရှိ ကုလားလူမျိုး ဗယဆေးကုန်သည်တို့သည် မိချောင်းကွမ်း ဖတ်အစေ့ကို "တာလမခါနာ" ဟု ခေါ်၍ ရောင်းဝယ်ကြ၏။

No. 34　[ မင်္ဂလာ ]

"တာလမခါနာ" "ဆူးပဒေါင်း" ဟူ၍၎င်း, "မိချောင်းကွမ်းဖတ်" [illegible] ပြန်ဆိုကြ၏၊ အဘိဓာန်ကြီးတို့၌လည်း ၂-မျိုး ဖွင့်ပြထား၏၊ ဆူးရှိသော [illegible] ဆူးပဒေါင်း ဟု မြန်မာတို့ ခေါ်ကြ၏၊ ဆူးမရှိသော အပင်ကို မိချောင်းကွမ်း[illegible] ခေါ်၏၊ ၂-မျိုးလုံးကို ပင် အသုံးပြုနိုင်၏။

---

# ဆူးပန်း

**သက္ကတ** कुसुम्भ (अग्निशिखा)

**ဟိန္ဒီ** कसूम

**လက်တင်** Carthamus Tinctorius

**ပုံသဏ္ဍာန်။** ။ အရွက် နှင့် ဆူးမှာ မြေပုတ်ခရမ်း၏ အရွက်, ဆူးတို့နှင့် [illegible] အပွင့်မှာ နီရောင်သန်း၍ လိမ္မော်ရောင် ရှိ၏၊ ၎င်းမှာ ဆူးရှိ, ဆူးမဲ့ ဟူ၍ ၂-မျိုး ရှိ၏၊ ၎င်း ၂[illegible] အနက် ဆူးမဲ့ ပွင့်မှာ ပို၍ အရောင် တောက်ပြောင် လှပ၏၊ သုံးသောအခါ ပဥ္စင်္ဂါးပါ[illegible] အသုံးပြုကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ ချို၏၊ သတ္တိ ပူ၏၊ ဝိပါက၌ ချို[illegible]

**ဂုဏ် နှင့် စွမ်းရည်။** ။ ခြောက်ထပ်စေ၏၊ မလတို့ကို ဖြိုခွဲတတ်၏၊ ဆံပင်ကို [illegible] တောက်စေ၏၊ ဒေါသ ၃-ပါးလုံးကို ပယ်တတ်၏၊ ၎င်းပြင် ဆီးအောင့်, နူနာရော[illegible] ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း


**ပြည်တုလာသရော။** ။ ဆူးပန်းပွင့် ၃-ပဲသားကို ကြိတ်၍ ဒိန်ရည်နှင့် သော[illegible] ပြည်တုလာသရောရောဂါမှ ပျောက်ကင်း၏။

**အဆိပ်ပြေ။** ။ ၎င်းအပွင့်ကို ကြိတ်၍ သောက်သော် မြွေဆိပ် ကင်းဆိပ်မှ ပြေပျောက်[illegible]

**ကိုယ်ရေဝါ။** ။ ဆူးပန်းပွင့် ၄-ပဲသားကို အနည်းငယ် အနည်းငယ်မျှ တို့[illegible] စားခဲ့သော် ကိုယ်ရေဝါရောဂါမှ ပျောက်ကင်း၏။

**ကျောက်ရောဂါ။** ။ ဆူးပန်းပွင့်ကို ဒန်းကျည်းရွက်နှင့် ရောကြိတ်ပြီးလျှင် ခြေဖဝါး, [illegible] လက်ဖဝါးတို့ကို လိမ်းကျံပေးက ကျောက်ရောဂါမှ ပျောက်ကင်း၏။

**ဆံပင်ကောင်းဆေး။** ။ ဆူးပန်းစေ့ နှင့် ဆူးဖြူခေါက်တို့ကို အညီအမျှစီ [illegible] မီးရှို့ ပြာချပြီးနောက် ၎င်းပြာကို စပယ်ဆီနှင့် ရော၍ ဆံပင်၌ လိမ်းလျှင် ဆံပင်များ [illegible] ပြောင်ပြောင်၍ ဆံ[illegible] အလွန် ကောင်းလာပါလိမ့်မည်။



ဆူးပန်း

CARTHAMUS TINCTORIUS

कुसुम

**လိပ်ခေါင်း နှင့် ကျောက်တည်ရောဂါ။** ။ ဆူးပန်း အပွင့် ၃-မတ်သားကို ရေနှင့် ကြိတ်၍ သကြားနှင့် ရောပြီးလျှင် ၇-ရက် သောက်ပါက လိပ်ခေါင်းရောဂါ နှင့် ကျောက်တည် ရောဂါ ပျောက်ကင်းပါ၏။

**လျှာပူ, လျှာရောင်နာ။** ။ ဆူးပန်းပွင့်ကို ကြိတ်၍ ခေါင်းမှာ လိမ်းပေးပါလျှင် ပျောက်ကင်းပါ၏။

**အရှူးရောဂါပျောက်ဆေး။** ။ ဆူးပန်းစေ့ ၂-ကျပ် ၄-ပဲသားကို ထောင်း၍ ၎င်း၊အမှုံ့ကို စင်ကြယ်သော အဝတ်နှင့် ထုပ်ပါ၊ ၎င်းအထုပ်ကို နွားနို့ ၂၀-ကျပ်သားထဲမှာ နယ်ပါ၊ ထိုသို့ နယ်၍ ဆေးမှုံ့ကုန် နယ်၍ ၎င်းနို့ကို ရွှာလပတ်ရည်နှင့် ရော၍ သောက်ပါ၊ ထိုသို့ သောက်ခဲ့သော် အရူးရောဂါ, ကြောက်ဘတ်သောရောဂါ, အာနာ, ယားနာ, လေဖေါက် ဖြစ်သော ရောဂါများ ပျောက်ကင်းပါလိမ့်မည်။

**မှတ်ချက်။** ။ ဆူးပန်းသည် အရိုင်း, အယဉ် ( ဆူးရှိ, မရှိ ) ၂-မျိုး ရှိ၏၊ အစေ့သည် ချို၏၊ အေး၏၊ ပြေပြစ်၏၊ ကာမကို အားပေး၏၊ သလိပ်, လေ, ရတ္တပိတ် ရောဂါတို့ကို ကင်းဝေးစေ၏၊ အရွက်သည် ချို၏၊ ခါး၏၊ ပူ၏၊ ဝမ်းသက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ မြိန်စေ၏၊ ဆာလောင် မွတ်သိပ်စေ၏၊ ဆီကို ထုတ်ဆောင်တတ်၏၊ သည်းခြေကို ဖြစ်စေ၏၊ ဝစ္စမဂ်၌ ရောဂါဖြစ်စေ၏၊ မျက်စိကို အကျိုးပြု၏၊ သလိပ်ကို ပယ်တတ်၏၊ အစေ့ဆီသည် ချဉ်၏၊ ပူ၏၊ ကြေကျက်ခဲ၏၊ ဆံပင်ကို ဖျက်ဆီးတတ်၏၊ ဒေါသ ၃-ပါးကို ပြုတတ်၏၊ ခွန်အားကို ဖြစ်စေ၏၊ ချုပ်၏၊ သွေးအန်, သွေးကျ ရောဂါကို ဖြစ်စေ၏၊ ပိုး နှင့် လေကို ပယ်တတ်၏၊ ( ဆူးပန်းကို ရှေးအခါက " ဝတ်ပန်း " ဟု ပြန်ဆိုကြ၏။ )

---

# ဆူးပုပ်ကြီး

သက္ကတ आरि (संदानिका)

ဟိန္ဒီ आरी (खैरबैल)

လက်တင် Acacia Penata

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ဆူးရှိနွယ်မျိုး ဖြစ်၏၊ အရွက်မှာ ရှားရွက်နှင့် သဏ္ဌာန် တူ၏၊ အပွင့်မှာ အနည်းငယ် ဝါရောင်သန်း၍ ဖြူ၏၊ အသီးတောင့်မှာ ပြားပြား ဖြစ်၍ အညို ရောင် ရှိ၏၊ အပွင့်သည် ဆူးဖြူပွင့်နှင့် ပုံသဏ္ဌာန် တူ၏၊ အစေ့သည် ဗာဒံအရင့်ရောင် ရှိ၏၊ ဆူးပုပ်ကြီး ထက် အစစအရာရာ ငယ်သော, ဆူးပုပ်ကြီး ထက် အနံ့ မပြင်းသော ဆူးပုပ်ငယ်မျိုး ရှိ၏၊ ၎င်းကို ဆူးပုပ်ကလေး ဟူ၍၎င်း, အညာဆူးပုပ် ဟူ၍၎င်း ခေါ်ကြသည်။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ဖန်, ခါး၏၊ ပူ၏၊ ဒေါသ ၃-ပါးကို ငြိမ်းစေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သွေးဖေါက်ပြန်ခြင်း, လေ, သည်းခြေ နှင့် ချောင်းဆိုး ရောဂါ တို့ကို ပျောက်ကင်းစေ၏၊ အခေါက်ကို အခြားသော ဆေးဘက်တို့နှင့် ရော၍ အသုံးပြု မြေဆိပ် ပျောက်ကင်း၏။

---

# ဆူးဖြူပင်

**သက္ကတ बबूर (बब्बूल)** **လက်တင်** Acacia Arabica

**ဟိန္ဒီ बबूल, बबूर, कीकर** **အင်္ဂလိပ်** Indian gum-arabic tree (Babul tree)

**ပုံသဏ္ဌာန်။** ။ ၎င်းအပင်သည် ပင်လတ်မျိုး ဖြစ်၏၊ အရွက်မှာ ဆီးဖြူရွက် ဆင်ဆင် တူ၍ အပ်ကဲ့သို့ ချွန်ထွက်သော ဆူးများ ရှိ၏၊ ၂-ခွ ထွက်လျက် နေ၏၊ အပွင့်မှာ နန်းလုံးကြိုင်ပွင့်နှင့် သဏ္ဌာန် တူ၏၊ အသီးမှာ ကောက်ကောက် ရှိ၍ သေးပြီး တို၏၊ ၎င်းအပင်မှ အစေး ထွက်၏၊ ထိုအစေး နှင့် အခေါက်ကို ဆေး၌ သုံးကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်, ချို အရသာ ရှိ၏၊ သတ္တိ အေး၏၊ ဝိပါက် စပ်၏၊ အပင်သည် ချို, ဖန်, ခါး၏၊ အေး၏၊ ဒေါသ ၃-ပါးကို နိုင်၏၊ အရွက်သည် ဖန်၏ အေး၏၊ အစေးသည် ချုပ်၏။


**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းသည် ခြောက်ထပ်စေ၏၊ စင်ကြယ်စေ၏၊ ကြေစေ၏ မလတို့ကို ချုပ်စေတတ်၏၊ ခေါင်းပါးစေတတ်၏၊ သည်းခြေ, သလိပ်ကို နိုင်၏၊ သွေးမြင်းသရိုက် ပိတ်ဝမ်း, ချောင်းဆိုး ရောဂါတို့ကို ပျောက်ကင်းစေ၏။

အပင်သည် ပြေပြစ်၏၊ မလကို ချုပ်စေ၏၊ ပိတ်ဝမ်း, သွေးဝမ်း, အပူ, တုလာသရောဂါ တို့ကို ပျောက်ကင်းစေ၏၊ အရွက်သည် လေ, သလိပ်ကို နိုင်၏၊ ချုပ်၏၊ မြိန်စေ၏၊ ချောင်းဆိုး မြင်းသရိုက်, မျက်စိရောဂါ နှင့် အရိုးကျိုး ရောဂါတို့ကို ပျောက်ကင်းစေ၏၊ အစေးသည် သည်းခြေ နှင့် လေကို နိုင်၏၊ သွေးဝမ်း, ရတ္တပိတ်, တုလာသရော, မီးရတ်, အရိုးကျိုးကို ပျောက် စေ၏၊ သွေးယိုစီးခြင်းကို ရပ်စေ၏၊ အခေါက်သည် တွန့်ရှုံ့စေ၏၊ ပိုး နှင့် အဆိပ်ကို ပယ်ဖျက်၏ ၎င်းပြင် ချောင်းဆိုး, ဝမ်းသက်, သွေးဝမ်း, သည်းခြေဖေါက်ပြန်, ကိုယ်ပူလောင်, မြင်းသရိုက် အနာပေါက်, ဓာတ်များယိုစီးခြင်း, ရေဖျဉ်း, ဝမ်းပိုက်ရောင် ရောဂါတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အတိသာရဝမ်း။** ။ ဆူးဖြူစေးကို ရေဖြင့် ဖျော်သောက်သော် အတိသာရဝမ်း နှင့် သွေးပါသော အတိသာရဝမ်း ပျောက်ကင်း၏။

**အတိသာရဝမ်း ( ဆေးနည်းတမျိုး )။** ။ တနည်း — ဆူးဖြူရွက် အရင့်၏ အမှုန့် ရည်ကို နံနက် ည တကြိမ်စီ သောက်ပါက အမျိုးမျိုးသော အတိသာရဝမ်းရောဂါ ပျောက် ကင်း၏။



ဆူးဖြူပင်
ACACIA ARABICA
बबूल, बबूर, कीकर

**အတိသာရဝမ်းရောဂါ ( ဆေးတမျိုး )။** ။ ဆူးဖြူရွက် သတ္တုရည်, သကြားခဲ, ပျားရည် ရော၍ သောက်ခဲ့လျှင် ပျောက်ကင်းပါ၏။

**သွားနာ။** ။ ဆူးဖြူသီးအခွံ နှင့် ဗာဒံသီးအခွံကို ပြာချ၍ သွားတိုက်ခဲ့သော် ပွားကိုက် သွားနာမှ ကင်းဝေး၏။

**ဆီးချို။** ။ ၎င်းအစေးကို စားလျှင် မစုံမေဟ ခေါ် ဆီးချိုရောဂါမှ ပျောက်ကင်း၏။

**ဆီးချိုရောဂါ ( ဆေးနည်းတမျိုး )။** ။ ဆူးဖြူရွက် အညွန့်နုနုကို ၇-ရက်တိုင်အောင် နံနက်တကြိမ် ညတကြိမ် တတိုလာစီ ၎င်းတွင် သကြားခဲရော၍ စားပါက ဆီးရောဂါ ပျောက်ကင်း၏။

**အစာမကြေ လေထိုး။** ။ ၎င်းအစေးရည်ကို သောက်ပါက အစာမကြေခြင်း, ဝမ်းပိုက် ထိုးအောင့်ခြင်းတို့မှ ချမ်းသာစေ၏။

**ညောင်းကျ။** ။ ၎င်းအစေးကို ရေနှင့် ဖျော်၍ ပြွတ်တံဖြင့် ကိုယ်တွင်းသို့ သွင်းသော် ညောင်းကျရောဂါ, ဆီးအိမ်ရောင်, ဆီးပူ, ပြည်ယိုစီးခြင်းတို့ကို ပျောက်ကင်းစေ၏။

**သွေးစုနာ။** ။ မြေရေလဲတွင် ဆူးဖြူစေးကို သုတ်၍ အနာမှာ ပတ်တီးစည်းသကဲ့သို့ စည်းပေးသော် သွေးစုနာ ကင်းပျောက်၏။

**ခံတွင်းရောဂါ။** ။ ခံတွင်းနံ့ မကောင်းခြင်း, လျှာပူလောင်ခြင်း, ပေါက်ကွဲခြင်း ဖြစ်ခဲ့သော် ဆူးဖြူခေါက် အမှုန့်ကို ရေနှင့် ကျို၍ နှုတ်ငုံခြင်း အသုံးပြုပါ။

**အရိုးကွဲရောဂါ။** ။ ဆူးဖြူစေ့ အမှုန့်ကို သုံးရက် တိုင်အောင် ပျားရည်နှင့် မှီဝဲပါက အရိုးကွဲရောဂါ ပျောက်ကင်းပြီးလျှင် အလွန် ခိုင်မာလိမ့်မည်။

**အကြောတင်းရောဂါ။** ။ ထနောင်းစေ့ကို နွားကျောင်ငယ်နှင့် သွေး၍ လိမ်းသော် အကြောတင်းရောဂါ ပျောက်ကင်းပါလိမ့်မည်။

**သုက်ဓာတ်အားတိုးဆေး။** ။ အဝတ်အသစ် အလျား တတောင် အနံ တတောင် ၎င်းတွင် ထနောင်းအသီးစိမ်း သတ္တုရည်နှင့် စိမ်၍ အခြောက်လှန်းပါ၊ ဤနည်းဖြင့် ၁၄-ကြိမ် ပြည့်အောင် ပြုပါ၊ ၎င်းအဝတ်ကို ၁၄-ပိုင်း ပိုင်း၍ ၎င်းအဝတ်ပိုင်း တခုကို နွားနို့ အစိတ်သားဖြင့် ကျို၍ သကြားခဲနှင့် ရော၍ သောက်ပါ၊ သုက်ဓာတ် ပျောက်ကင်း၏၊ ဤနည်းဖြင့် ၁၄-ကြိမ် သောက်ပါ။

**ချွေးရှုးအဆိပ်ပျောက်ဆေး။** ။ ဆူးဖြူအရွက် သတ္တုရည်တွင် နွားနို့ ထောပတ် နှင့် ကတိုး အနည်းငယ် ရော၍ သောက်ခဲ့သော် ချွေးရှူးအဆိပ် ပျောက်ကင်းပါ၏၊ သို့မဟုတ် ဆူးဖြူရွက် သတ္တုရည်ကို ၃-ရက် တိုင်တိုင် သောက်ပေးပါက ပျောက်ကင်းပါ၏။

**ဝမ်းပိုက်နာရောဂါ နှင့် အတိသာရရောဂါ။** ။ ထနောင်းအစိမ်းခေါက်၏ သတ္တုရည်ကို ဒိန်ရည်နှင့် ရော၍ သောက်ပါ၊ ပျောက်ကင်း၏။

**သည်းခြေချဉ်ရောဂါ။** ။ဆူးဖြူရွက်ကို ရေနှင့် ထက်ဝက်ခန့်ကို ပြုတ်၍ သရက်အစေး တပဲသား ရော၍ ပြုတ်ပါ၊ ၎င်းကို ညက ပြုတ်ပြီးလျှင် နံနက်စောစောက် သောက်ပါ၊ ပျောက်ကင်းပါ၏။

**မီးရတ်လွန်ရောဂါ။** ။ဆူးဖြူစေ့, သရက်ပွင့်, လက်ပန်ခေါက်, သနပ်စေ့၊ ၎င်းတို့ကို အမှုံ့ ပြု၍ နွားနို့နှင့် ရော၍ သောက်ပါ၊ မီးရတ်လွန်ရောဂါ ပျောက်ကင်းပါ၏။

**မျက်ရည်ယိုရောဂါ။** ။ဆူးဖြူရွက်ကို ခပ်ပြစ်ပြစ် ကြိတ်၍ ပျားရည်နှင့်ရော၍ မျက်စိခပ်ပါ၊ မျက်ရည်ယိုခြင်း ပျောက်ကင်းပါ၏။

**ဝမ်းနှုတ်ဆေး။** ။ဆူးဖြူစေ့ကို ၄-ပုံ ၁-ပုံကြွင်း ပြုတ်၍ ၎င်းပြုတ်ရည်တွင် ဇာတိပ္ဖိုလ်သီး အမှုံ့ အနည်းငယ် ခပ်၍ သောက်ပါ၊ ၎င်းနောက် ကွမ်းတကြိမ်စားက ဝမ်းတကြိမ် သွားပါလိမ့်မည်၊ ကွမ်းနှစ်ကြိမ်စားပါက ဝမ်းနှစ်ကြိမ် သွားပါလိမ့်မည်၊ ဤနည်းဖြင့် ကွမ်းစားတိုင်း ဝမ်းသွားပါလိမ့်မည်။

**လိင်နိမိတ်ရောဂါ။** ။ဆူးဖြူရွက်ကို အမှုံ့ပြုပြီးလျှင် လိမ်းပေးပါက ပျောက်ကင်း၏။

**မျက်စိမှုန် မျက်စိပူ ရောဂါပျောက်ဆေး။** ။ဆူးဖြူရွက်ကို ကြိတ်၍ အပြားလုပ်ပြီး မျက်စိမှာ ကပ်ပြီး အိပ်ပါ ပျောက်ကင်းပါ၏။

---

# ဆူးလုံး


သက္ကတ उष्ट्रकटारा

ဟိန္ဒီ ऊंट कटारा

အင်္ဂလိပ် Thisqal

**ပုံသဏ္ဌာန်။** ။၎င်းဆူးလုံးပင်သည် အပင်ငယ်ချုံမျိုး ဖြစ်၏၊ ၎င်းအပင်၏ အမြင့်မှာ ၁-ပေခွဲမှ ၂-ပေ မြင့်မား၏၊ ၎င်းအပင်၏ အရွက် အကိုင်း အပွင့် အသီးများတွင် ဖြူသော ဆူးများ ရှိ၏၊ ၎င်းအပင်သည် အသီး ပဌမ သီး၍ အသီး ကြွေကျပြီးမှ အပွင့် ပွင့်၏၊ အပွင့်၏ အရောင်မှာ ဖြူရောင်သန်း၍ ညိုဝါရောင် ရှိ၏၊ ၎င်းအသီးမှာ သစ်ကျားသီးနှင့် တူ၏၊ အကိုင်း၏ အဖျားတွင် သီး၏၊ ၎င်းအသီးပေါ်တွင် ရှည်၍ ထက်သော ဆူးများစွာ ရှိ၏၊ ၎င်းအသီး မှည့်လျှင် အတွင်းမှ မျိုးများ ထွက်၏၊ အစေ့မှာ အလွန် သေးငယ်လှ၏၊ ၎င်းအပင် နေပုံ အရွက် ထွက်ပုံမှာ အညာခယာဝါပင်နှင့် တူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။စပ်ဖျဉ်းဖျဉ်း ရှိ၏၊ ခါးသက်သက် ရှိ၏၊ သလိပ်ရောဂါ လေရောဂါလည်း နိုင်၏၊ ကြေကျက်လွယ်၏၊ နှုတ်ကိုလည်း မြိန်စေတတ်၏၊ ပူ၏၊ သုက်ပွားစေ၏၊ ၎င်းပြင် ဆီးအောင့်နာ, သည်းခြေနာ, လေနာ, ဆီးချိုရောဂါ, ရေငတ်ရောဂါ, နှလုံး



ဆူးလုံး
ECHINOPS ECHINATUS
ऊँटकटारा

ရောဂါ, အနာမီးလျှံနာကို ကင်းဝေးစေ၏၊ ၎င်းအစေ့သည် အေး၏၊ သုက်ပွား၏၊ မွတ်သိပ်ခြင်း ပြေစေ၏၊ ချိုဆိမ့်၏၊ ၎င်းအမြစ်သည် မီးဖွားလွယ်၏၊ **ကာမအားတိုး၏။**

## ရောဂါအလိုက် အသုံးပြုနည်း

**ချောင်းဆိုးရောဂါ။** ။ ၎င်းအမြစ်ကို ယူ၍ အရိပ်မှာ ခြောက်စေ၍ မှုန့်ညက်စွာ ထောင်းပြီးလျှင် ပုလင်းထည်း ထည့်ထားပါ၊ ၎င်းအမှုန့်ကို ၄-ရွေးမျှ ကွမ်းဥ ထည့်၍ **စားခဲ့သော်** ရက်အနည်းငယ်အတွင်း ပန်းနာ, ရင်ကျပ်ရောဂါ ပျောက်ကင်း၏။

**ဆီးရှင်ခြင်းရောဂါ။** ။ ၎င်းအမြစ်၏ အခေါက်ကို ၆-ပဲသားမျှ ယူ၍ ရေ ၃၂-ကျပ်သားနှင့် ကြိုချက်၍ စစ်ယူပါ၊ ၎င်းဆေးရေတွင် သကြားခဲ ရော၍ သောက်ခဲ့သော် ဆီး လွန်စွာ ရှင်လန်းပါလိမ့်မည်။

**မီးဖွားလွယ်ဆေး။** ။ အလွန်မှ ခဲယဉ်းစွာ သားဖွားရန် ခက်ခဲသော မိန်းမများ ၎င်းဆူးလုံးမြစ်ကို ညက်ညက် ကြိတ်၍ ၎င်းမိန်းမ၏ ချက်အောက်မှ ဆွဲ၍ လိမ်းပေးပါ၊ နောက်တနည်း- ဤကဲ့သို့ သားဖွားရန်၌ အလွန် ခက်ခဲသော မိန်းမများအား ၎င်းအမြစ်ကို ရေနှင့် သွေး၍ တခွက်စာကို ၃-မတ်သားမျှ တိုက်ပါ။

**အားတိုးဆေး။** ။ ၎င်းအမြစ်၏ အခေါက်ကို ထောင်း၍ အဝတ်နှင့် ထုပ်ထုပ်ထားပါ၊ နို့ ၃၂၀-သား, ရေ ၆၄၀-သား, စွန်မလွှန် ၄-လုံး ဆေးထုပ်နှင့် ရော၍ ကျိုချက်ပါ၊ ရေကုန်၍ ရေခန်း၍ ရေ ၆၄၀-သား ခန်း၍ နို့ ၃၂၀-သား ကျန်သော် စွန်မလွှန်သီးနှင့် ဆေးထုပ်ကို ဖယ်၍ ၎င်းနို့တွင် သကြားခဲ အနည်းငယ် ရော၍ သောက်ခဲ့သော် **အားအင်** ဝဖြိုး၍ **ကာမအားအင်** တိုးလိမ့်မည်။

**ကျောက်ကပ်ရောင်ခြင်းရောဂါ။** ။ ဆူးလုံးမြစ် ၆-ပဲသား, ခြသေ့်နို့ရေပင် အနီရွက် ၅-ပဲသား, ၎င်းနှစ်မျိုးကို ပြုတ်၍ သောက်ခဲ့သော် ကျောက်ကပ်ရောင်သော ရောဂါ ပျောက်ကင်းစေတတ်၏။

**ပြည်တုလာသရော ရောဂါ။** ။ ၎င်းအမြစ် ၆-ပဲသား, ခြသေ့်နို့ပင် ၆-ပဲသား ၎င်း နှစ်မျိုးကို ရေနှင့် ကျို၍ အခရေစစ်ပါ၊ ရှာလပတ်ရည်နှင့် ရော၍ သောက်ခဲ့သော် ရက်အနည်းငယ် အတွင်း ပျောက်ကင်းပါ၏။

**မြေဆိပ်ပျောက်ဆေး။** ။ မြွေကိုက်သော နေရာသို့ ၎င်းအမြစ်ကို သွေး၍ လိမ်းလည်းလိမ်း, သောက်လည်း သောက်ခဲ့သော် မြွေဆိပ်, ကင်းဆိပ် ပျောက်ကင်း၏။

**ဆီးချိုရောဂါ။** ။ ၎င်းအမြစ်ခေါက် ၃-ပဲသား, ဆူးလေမြစ် ၃-ပဲသား, သကြားခဲ ၆-ပဲသား ၎င်းသုံးမျိုးကို မှုန့်ညက်စွာ ထောင်း၍ နို့အေးအေးဖြင့် ရော၍ သောက်ခဲ့သော် ပျောက်ကင်း၏။

**အရေပြားရောဂါ။** ။ ၎င်းအမြစ်များကို ပြုတ်၍ ရေချိုးပေးပါ၊ အရေပြားရောဂါ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ၎င်းအပင်ကို "ငှက်မနားပင်" ဟု အချို့ ခေါ်ကြ၏၊ ငှက်နားလို့ မရအောင် ဆူးများ ရှိခြင်းကြောင့် ဖြစ်ဟန်တူ၏၊ ရှဥ့်မတက်ပင် ခေါ်သကဲ့သို့တည်း။

---

# ဆူးလေကြီး

သက္ကတ गोक्षुर

ဟိန္ဒူ बड़ा गोखरू

လက်တင် Pedalium Murex

**ပုံသဏ္ဌာန်။** ။ မိုးဦးကျ ပေါက်သော ပင်ထောင်မျိုး ဖြစ်၏၊ အပင်မှာ ကပေ့ ၂-ပေခန့် မြင့်၏၊ အကိုင်းအခက်များမှာ မြေသို့ ညွတ်နေ၏၊ အရွက်မှာ မန်ကျည်းရွက်နှင့် တူ၏၊ အသီးမှာ ဆူးသုံးခွ သို့မဟုတ် ၅-ခွ ရှိ၍ မဲ၏။

**အရသာ နှင့် အကျိုးသွား။** ။ အမြစ် နှင့် အသီးသည် ချို၏၊ အေး၏၊ ဝိပါကန် ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝဖြိုးစေတတ်၏၊ ချဉ်ဆီကို ပွားစေတတ်၏၊ ကာမကို အားပေး၏၊ ဓာတ်တို့ကို ပြောင်းလဲစေတတ်၏၊ ဒေါသ သုံးပါးလုံးကို ငြိမ်းစေ၏၊ ကျောက်တည် ရောဂါ, ဆီးအိမ်၌ ဖြစ်သော ရောဂါ, ဝဣမဂ်ကျသောရောဂါ, ပန်းနာ, အရှုအရှိုက်ပင်ပန်း ခြင်း, အရေပြား, နှလုံး, မြင်းသရိုက်, နူနာ စသည်တို့၌ အသုံးပြုရ၏။


## ရောဂါအလိုက် အသုံးပြုနည်း

**ကျောက်တည်။** ။ ဆူးလေကြီး နှင့် ကျောက်ကပ်ပင်ကို ရော၍ သောက်သော် ကျောက် အရည်ပျော်ကျ၍ ထိုကျောက်တည်ရောဂါမှ ပျောက်ကင်း၏။


**အစာမကြေ ရင်ပြည့်။** ။ ဆူးလေသီး နှင့် ချင်းခြောက်ကို ပြုတ်၍ နေ့စဉ် နံနက် စောစော သောက်လျှင် အစာမကြေ ရင်ပြည့် ရင်ကယ် ရောဂါမှ ပျောက်ကင်း၏။

**မီးတွင်းဖျား။** ။ ဆူးလေသီးကို ၃-ဘို့ တဘို့ကြွင်း ပြုတ်၍ မီးဖွားပြီးနောက် သောက်သော် သားအိမ်တွင်းရှိ သွေးပုပ်, သွေးကြွင်းများ ဆင်း၍ မီးတွင်းဖျားရောဂါမှ ပျောက်ကင်း၏။

**နာတာရှည်ညောင်းကျ။** ။ ၎င်းအပင်၏ ပဥ္စငါးပါးကို ၃-ဘို့ တဘို့ကြွင်း ပြုတ်၍ ရှုံ့ပြဲသား ခပ်သောက်သော် နာတာရှည် ညောင်းကျရောဂါ ပျောက်၏။



ဆူးလေကြီး
PEDALIUM MUREX
बड़ा गोखरू



ဆူးလေငယ်
TRIBULS TERRESTRIS
गोखरू

မှတ်ချက်။ ။
အေး၏၊ လေ

ပုံသဏ္ဌာန်။
တွင် ထီးပမာ ပြန့်နေ၏
ကြီး၏၊ အပွင့်သည် ဝါ

အရသာ နှင့် ဇ

ဂုဏ် နှင့် စွမ်းရ
၏၊ ဆာလောင်ခြင်းကို
ဟူသမျှ၌ ကောင်း၏၊ ဝ
နှုနာ စသည်တို့ကို ပျော
စေ၏၊ အစေ့သည် အေ
ကို ရှည်စေ၏၊ သုက်ရော
ကင်းစေ၏၊ ပြာသည် ချ
သုတ်သင်တတ်၏။

သက္ကတ
ဟိန္ဒီ

ပုံသဏ္ဌာန်။
အပေါ်မှ ရွှေရောင် အေ

အရသာ နှင့် အ
ပါး၏။

ဂုဏ် နှင့် စွမ်းရည်။

**မှတ်ချက်။** ။ အရွက်သည် ကာမကို အားပေး၏၊ သုက်ကို သုတ်သင်တတ်၏၊ ပြာသည် အေး၏၊ လေကို ပယ်တတ်၏၊ သွေးကို သုတ်သင်တတ်၏။

---

# ဆူးလေငယ်

သက္ကတ बहुकंटका

ဟိန္ဒီ छोटा गोखरू

လက်တင် Tribuls Terrestris

**ပုံသဏ္ဌာန်။** ။ မိုးဥတုတွင် များစွာ ပေါက်သော အပင်မျိုး ဖြစ်၏၊ မြေပေါ်တွင် ထီးပမာ ပြန့်နေ၏၊ အရွက်သည် ကုလားပဲရွက်နှင့် တူ၏၊ သို့ရာတွင် ကုလားပဲရွက် ထက်ကြီး၏၊ အပွင့်သည် ဝါ၍ ဆူးရှိ၏၊ အပင်တိုင်းတွင် အမွေးရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ အမြစ် နှင့် အသီးသည် အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝဖြိုးစေတတ်၏၊ ကာမကို အားပေး၏၊ အသက်ကို ရှည်စေ၏၊ ဆာလောင်ခြင်းကို ဖြစ်စေတတ်၏၊ ကျောက်တည်ရောဂါ၊ ဆီးနှင့် ပတ်သက်သော ရောဂါ ဟူသမျှ၌ ကောင်း၏၊ ထိုပြင် ပန်းနာ, ချောင်းဆိုး, နှလုံးရောဂါ, မြင်းသရိုက်, သွေးဒေါသ, နူနာ စသည်တို့ကို ပျောက်ကင်းစေ၏၊ အရွက်သည် ကာမကို အားပေး၏၊ သွေးကို စင်ကြယ်စေ၏၊ အစေ့သည် အေး၏၊ ဆီးကို များစေ၏၊ ဖေါရောင်ခြင်းကို ပျောက်ကင်းစေ၏၊ အသက်ကို ရှည်စေ၏၊ သုက်ရောဂါ, တုလာသရောရောဂါ, ပြည်တုလာသရော ရောဂါတို့ကို ပျောက်ကင်းစေ၏၊ ပြာသည် ချို၏၊ အေး၏၊ ကာမကို အားပေး၏၊ လေကို ပယ်တတ်၏၊ သွေးကို သုတ်သင်တတ်၏။

---

# ဆေးကတ္တီပါ

သက္ကတ समुद्र-पत्र

လက်တင် Argyreia Speciosa

ဟိန္ဒီ समुद्र का पात

အင်္ဂလိပ် Elephant Creeper

**ပုံသဏ္ဌာန်။** ။ နွယ်ကြီးမျိုး ဖြစ်၏၊ အရွက် ဝိုင်း၏၊ တမိုက်မျှလောက် ရှိသည်၊ အပေါ်မှ ရွှေရောင် အောက်မှ အဖြူ ဖြစ်၏၊ အပွင့် ခရမ်းရောင် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ယူနာနီဆရာတို့၏ အလိုအားဖြင့် အမြစ်သည် ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကာမသတ္တိကို ဖြစ်စေ၏၊ ဉောင်းညာသောအနာ, ဂနို

ရောဂါ, ဆီးအောင့်နာ, နာတာရှည်အနာ, ရောင်တင်းသော ရောဂါတို့၌ အသုံးပြု၏၊ ဟိန္ဒူ ဆရာတို့၏ အလိုအားဖြင့် အမြစ်ကို အားကိုးဆေး အဖြစ်ဖြင့်၎င်း, အကြောနှင့် ပတ်သက်သော ရောဂါတို့၌၎င်း, အဆစ်ရောင်သော ရောဂါ၌၎င်း အသုံးပြု၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာပေါက်။** ။ ၎င်းအရွက်ကို အမွေးရှိသော ဘက်မှ အနာပေါ်တွင် ကပ်ထား လျှင် အနာကို ရင့်ကျက်အောင် ပြု၍ ပြည်ပေါက်စေ၏၊ အမွေးမရှိသောဘက်မှ အနာပေါ်တွင် ကပ်လျှင် အနာကို ပိန်၍ အသားနု တက်ပြီး ပျောက်ကင်းစေ၏။

**သွေးသန့်ဆေး။** ။ ၎င်းအမြစ်ကို ထက်ဝက်ခန့် ပြုတ်၍ စစ်ယူပြီးလျှင် ပျားရည်နှင့် ရောပါ၊ ထိုရောပြီးဆေး၏ ကြွေဇွန်း ၂-ဇွန်းခန့်ကို တဝက်စာ ပြု၍ သောက်လျှင် သွေးသားများ ကို သန့်ရှင်း စင်ကြယ်စေ၏။

**အဆစ်ရောင်။** ။ ၎င်းအမြစ်ကို ကျို၍ သောက်သော် အဆစ်ရောင် ရောဂါ လျင် မြန်စွာ ပျောက်ကင်း၏။

**ပွေးနာ။** ။ ၎င်း၏ အစေးကို လိမ်းလျှင် ပွေးနာ နှင့် ဒက်နာများ ပျောက် ကင်း၏။

**မှတ်ချက်။** ။ ၎င်းအပင်ကို "ကန်ဇွန်းကြီး" ဟု အဘိဓာန်ကျမ်းပြုဆရာ အများတို့ ပြန်ဆိုကြ၏၊ ကန်ဇွန်းမျိုးထည်းတွင် အပါအဝင် ဖြစ်၍ "ကန်ဇွန်းကြီး" ဟု ပြန်ဆိုခြင်း သည် သင့်သော်လည်း (ဆေးကတ္တီပါ) ဟု ပင် ပြန်ဆိုလိုက်ရသည်။

---

# ဆေးခါးကြီး

ဟိန္ဒူ कालमेघ

**လက်တင်** Andrographis Paniculata

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ ၁-ပေမှ ၃-ပေ အထိ မြင့်တတ်၏၊ အချို့ သူတို့သည် "ကျီရာယတာ" ခေါ် ရှမ်းဆေးကြီး နှင့် "ကာလမေဃ" ခေါ် ဆေးခါးကြီးကို တမျိုးတည်း ဟု ယူဆကြ၏၊ စင်စစ်မူ တမျိုးစီ ဖြစ်၏၊ ဆေးခါးကြီးသည် ရှမ်းဆေးခါးကြီး ထက် အဆင့်အတန်း ဂုဏ် သတ္တိ နည်းပါး၏။

**အရသာ နှင့် အကျိုးသွား။** ။ ဆေးခါးကြီးသည် ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝမ်းမီးကို တောက်စေ၏, ဝဖြိုးစေ၏၊ အဖျားကို ပျောက်စေ တတ်သော ဂုဏ်လည်း ရှိ၏၊ သို့ရာတွင် ကွိနိုင်နှင့် သက်တူခြင်း မတူချေ၊ ကလေးများ အတွက် အထူးအားဖြင့် ကောင်း၏၊ ထိုမှတပါး ခေါင်းကိုက်ခြင်း, အစာမကြေခြင်း, ဝမ်းသက်ခြင်းတို့ ကို ပျောက်ကင်းစေ၏။

---

# ဆေးခါးကြီး (သဘော)

သက္ကတ चिरतिक्ता
ဟိန္ဒီ चिरायता
လက်တင် Swertia Chirata

**ပုံသဏ္ဌာန်။** ။ ချုံငယ်မျိုးဖြစ်၏၊ ၃-ပေခန့် မြင့်၏၊ အရိုးများမှာ နီရောင်သန်း၍ ဝါ၏၊ အပွင့်မှာအဆုပ်လိုက် ပွင့်၍ ဝါရောင်သန်း၏၊ ၎င်း၏ ပဥ္စင်္ဂါးပါး အားလုံး ခါး၏၊ အပွင့်ပွင့်ပြီးနောက် တပင်လုံး ခြောက်သွား၏၊ များသော အားဖြင့် ပဥ္စင်္ဂါးပါးလုံးကို အသုံးပြုရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ခါး စပ်၏၊ အေးသော သတ္တိ ရှိ၏၊ ကြေကျက်သော အခါ (ဝိပါက) ၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ ဝဖြိုးစေ၏၊ အပူကို နိုင်၏၊ နူးညံ့စွာ ဝမ်းသက်စေ၏၊ ပိုးတို့ကို ပယ်ဖျက်တတ်၏၊ အစာသစ်အိမ်ကို စင်ကြယ်စေ၏၊ သလိပ်, သည်းခြေကို နိုင်၏၊ ရေငတ်, နူနာ, အနာပေါက်, မီးရတ်ဖြူ, ချောင်းဆိုး, ပန်းနာ, ရောင်တင်း, မြင်းသရိုက်, နှုတ်မမြိန်ရောဂါ စသည်ကို ပျောက်ကင်းစေ၏။

**မှတ်ချက်။** ။ စရကဆရာကြီးကမူ ယိုသဘော်ဆေးခါးကြီးကို ပါးစပ်မှ ယိုစီးသော သွေးလျှံ, သွေးကျ နှင့် ငှေဖျဉ်းရောဂါ၌ အလွန် ကောင်း၏ ဟု အဆိုအမိန့် ရှိ၏။

---

# ဆေးခြောက်

သက္ကတ अजया
ဟိန္ဒီ गांजा (भाग)
လက်တင် Cannabis Sativa
အင်္ဂလိပ် Indian Hemp

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ၄-ပေမှ ၈-ပေ အထိ အမြင့် ရှိသော မိုးရာသီ ပင်ငယ်မျိုး ဖြစ်၏၊ မြန်မာပြည် တောင်တန်းဒေသ တလျောက်၌ အများအပြား ပေါက်တတ်သည့်ပြင် လွင်ပြင်ဒေသများတွင်လည်း ပေါက်ရောက်လေ့ ရှိ၏၊ အခက်တခက်လျှင် ၆-ရွက် ၇-ရွက် ရှိ၍ အရွက်သည် လက် ၇-ချောင်းကဲ့သို့ ဖြစ်၏၊ ရှည်၍ အပေါ်သို့ ထောင်ပြီး အဖျား ချွန်၏၊ တမာရွက်နှင့် ဆင်ဆင်တူ၏၊ သို့သော် တမာရွက် ထက် များစွာ ငယ်၏၊ အပွင့်သည် အရွက်ငယ်ကလေးများ၌ ပွင့်၏၊ ထိုအပွင့်တွင် သေးငယ်သော အသီးကလေးများ သီး၏၊ အသီး တလုံး တလုံးတွင် အစေ့ တစေ့ သာ ရှိ၏၊ အပွင့်, အသီး၏ အတံများ, အစေ့, အရွက်တို့၌ ကပ်နေသော အစေး

( Resen ) သည်အသုံးဝင်၏၊ ဆေးခြောက်သည် အဖို့ အမ ဟူ၍ ၂-မျိုး ရှိရာ မြန်မာတို့သည် အဖိုမျိုးကို " ဘင်း " ဟု ခေါ်ကြ၏၊ အမပင်မှ အရွက်များကိုမူ " ဆေးခြောက် " ဟု ခေါ်ကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းသည် ပူ၏၊ ဝမ်းမီးကို တောက်စေတတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ချုပ်၏၊ ကြေကျက်လွယ်၏၊ ရေငတ်စေတတ်၏၊ သလိပ်ကို ပယ်တတ်၏၊ လေကိုနိုင်၏၊ ခွန်အားကို ပွါးတတ်၏၊ ကာမကို အားပေး၏၊ နှုတ်ကို မြိန်စေ၏၊ စိတ်ကို တုန်လှုပ်စေတတ်၏၊ အိပ်ပျော်စေတတ်၏၊ ကိုယ်ဝန်ကို ကျစေတတ်၏၊ နာကျင် ကိုက်ခဲ စေ၏၊ မူးရစ်စေတတ်၏၊ ဆီး အလွန် ကောင်းစေ၏၊ ဆာလောင်မွတ်သိပ်စေ၏၊ သုက်ကို တောင့် တင်း ခိုင်မာစေ၏၊ အစာသင်အိမ်ကို အားတိုးစေ၏၊ ၎င်းပြင် - အကျွပ မည်သော လေရောဂါ၊ အညှို့ရောင်၊ အိပ်မက်သုက်လွတ်၊ သွေးနှင့် တကွ ဆီးသွားခြင်း၊ သာမည ဖြစ်သော အဖျားရောဂါ၊ တုလာသရောရောဂါ၌ ဖြစ်တတ်သော လိင်တောင့်တင်း၍ ကိုက်ခဲခြင်း၊ အစာသစ်အိမ်၌ ရောင် ခြင်းကြောင့် ဖြစ်တတ်သော နာကျင်ကိုက်ခဲခြင်း၊ ဥတုသွေးလာချိန်၌ နာကျင်ကိုက်ခဲခြင်း၊ အစာ မကြေခြင်းကြောင့် ဖြစ်သော ဝမ်းသက်ရောဂါ နှင့် အစာမကြေရောဂါ၊ ဖျားစဉ် အလွန်အကဲ ပတောက်ပရစ် ပြောခြင်း၊ အူတွင်း၌ ထိုးအောင့်ခြင်း၊ သည်းခြေဒေါသကြောင့် ခြောက်ခြင်း ဖြစ်၍ ထိုးအောင့်သောရောဂါ၊ မီးရတ်သွေးပိတ်ခြင်းကြောင့် ခေါင်းတွင် နာကျင်ကိုက်ခဲခြင်း၊ ကိုယ်ဝန်ယိုစီးခြင်း၊ လစဉ် ဓမ္မတာသွေး လွန်ခြင်း၊ စိတ်အားနည်း၍ မေ့လျော့တတ်ခြင်း၊ ခယရုပ်၊ ချောင်းဆိုး၊ နူနာ၊ အရူး၊ ပန်းသေရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ ဝါဇီကရဏဆေးလည်း မည်၏၊ ရသာယနဆေးလည်း ဖြစ်၏။

ဆေးခြောက်သည် မွတ်သိပ်ခြင်းကို တိုးပွားစေ၏၊ ပန်းသေ ရောဂါကို ကောင်းစွာ ပယ်ဖျောက် တတ်၏၊ ဤဆေးခြောက်ကို မှီဝဲခြင်းကြောင့် အိပ်မက်၌ သုက်လွတ်ခြင်းကို ပျောက် ကင်းစေ၏၊ သုက်ကို တောင့်ခိုင် စေတတ်၏၊ ဤဆေးကို သောက်ခဲ့သော် ကောင်းစွာ အိပ်ပျော် ၏၊ ကာမကို ပူပန်စေတတ်၏။

အကယ်၍ လူနာသည် အလွန် အကဲ ပတောက်ပရစ် ပြောခြင်း စသည် ဖြစ်ခဲ့သော် ဤဆေးကို သောက်က အိပ်ပျော်သွား၏၊ လေလေးကိုင်း ရောဂါ၌ ဤဆေးကို မှီဝဲခဲ့သော် အကျိုးရှိ၏၊ အူတွင်း၌ ထိုးအောင့်သော ရောဂါ၌ ဤဆေးကို ပေးရာ၏၊ သည်းခြေ ဒေါသ ကြောင့် ခြောက်ခြင်း ဖြစ်၍ ထိုးအောင့်သော ရောဂါကို ဤဆေးသည် ပျောက်ကင်းစေတတ်၏၊ အစာသစ်အိမ် အားကို တိုးပွားစေတတ်၏။

အစာမကြေခြင်းကြောင့် ဖြစ်သော ဝမ်းသက်ရောဂါ နှင့် အစာမကြေ ရောဂါကို ပျောက်ကင်း စေတတ်၏၊ ဤဆေးကို အရူးရောဂါကိုလည်း ပေးအပ်၏၊ ဤဆေးသည် အညှို့ ရောင်သော ရောဂါကို ပျောက်ကင်းစေတတ်၏၊ ဆီးအလွန်ကောင်း၏၊ သွေးနှင့် တကွ ဆီးသွား ခြင်းကို တားမြစ်တတ်၏၊ ကျန်းမာပါလျက် ဤဆေးကို သောက်ခဲ့သော် အလွန် နှစ်ချိုက်စွာ အိပ်ပျော်၏၊ အပြင် ဆေးအဖြစ်နှင့် အသုံးပြုပါက လိပ်ခေါင်းနှင့် အဖျားကို လိမ်းကျံ ပေး ခဲ့သော် နာကျင် ကိုက်ခဲခြင်း ပျောက်ကင်း၏၊ သာမည ဖြစ်သော အဖျားကိုလည်း ပယ်ဖျောက်

ကတ်၏၊ တုလာသရောရောဂါ၌ ဖြစ်တတ်သော လိင်တောင့်တင်း၍ ကိုက်ခဲခြင်းကို ဤဆေးဖြင့် လိမ်းကျံ ပေးခဲ့သော် ပျောက်ကင်း၏။

ဤဆေးကို စားပါက အကြော အားနည်းခြင်းကြောင့် ဖြစ်သော ပစ်လွင့်တတ်သော ရောဂါနှင့် ယှဉ်သော ဥတုသွေး လာချိန်၌ နာကျင်ကိုက်ခဲခြင်းကို လျင်မြန်စွာ ပျောက်ကင်းစေတတ်၏၊ အစာသစ်အိမ်၌ ရောင်ခြင်းကြောင့် ဖြစ်တတ်သော နာကျင်ကိုက်ခဲခြင်း, ခယရက်ချောင်းဆိုး ရောဂါတို့၌ ဤဆေးကို မှီဝဲခြင်းကြောင့် လျင်မြန်စွာ ပျောက်ကင်း၏၊ အကယ်၍ ရောဂါ တစုံတရာကြောင့် ဆီးအိမ်၌ ပစ်လွင့်တတ်သော ရောဂါ ဖြစ်သည် ဖြစ်စေ- ခန္ဓာကိုယ်၌ ပစ်လွင့်တတ်သော ရောဂါနှင့် ယှဉ်သော ရောဂါ ဖြစ်သည် ဖြစ်စေ ဤဆေးကို သောက်ခဲ့သော် လျင်မြန်စွာ အကျိုး ရှိ၏၊ အလွန်အကဲ ဒုက္ခပေးတတ်သော ပြင်းထန်သည့် ပစ်လွင့်တတ်သော ရောဂါနှင့် ယှဉ်သော ကူးစက်တတ်သော ချောင်းဆိုး ရောဂါ၌ ဤဆေးသည် အထူးအားဖြင့် ကျေးဇူးပြု၏။

မိန်းမတို့ အရွယ်လွန်သော အခါတွင် ထိုမိန်းမ၏ မီးရတ်သွေးသည် ပိတ်သွားခြင်းကြောင့် ခေါင်းတွင် မကြာ မကြာ သို့မဟုတ် အချိန်ကိုင်း ပြင်းထန်စွာ နာကျင်ကိုက်ခဲခြင်းသည် ဖြစ်၏၊ ထိုနာကျင် ကိုက်ခဲခြင်းကို ဆေးခြောက်သည် အလွန်အကဲ အကျိုးပြု၏၊ ကိုယ်ဝန်ယိုစီးခြင်း, သို့မဟုတ် ကိုယ်ဝန် လျှောကျခြင်းကြောင့် ဖြစ်သော သွေးအလွန် ယိုစီးခြင်း, ထိုမှတပါး လစဉ် ဓမ္မတာ သွေးယိုစီးချိန်, သို့မဟုတ် သွေးမီးရတ် ရောဂါကြောင့် ဖြစ်သော အလွန်အကဲ သွေးယိုစီးရာ၌လည်း ဤဆေးကို မှီဝဲခဲ့သော် ပျောက်ကင်း၏။

ဤနည်းအတိုင်း စိတ်အားနည်းရာ၌ လူသည် စကားကို ပြောနေစဉ်ပင် ပဌမ ပြောသော စကားကို မေ့လျော့သွားသည် ရှိသော် ဤဆေးကို အချိန်အနည်းငယ်သော ကာလတိုင်အောင် သောက်ပေးက စိတ်အားနည်းခြင်းကို ပယ်ဖျောက်တတ်၏၊ အစာမကြေ ရောဂါ၌ မည်သည့် နည်းနှင့်မျှ စားသောက်၍ အစာမကြေခဲ့သော်၎င်း, နှုတ်မမြိန်ခြင်း ဖြစ်ခဲ့သော်၎င်း ဤဆေးကို မှီဝဲပါက ပျောက်ကင်း၏၊ ဦးခေါင်း ထက်ဝက်တွင် ကိုက်ခဲခြင်းကြောင့် ဖြစ်သော ရောဂါ၌ ပုလဲနှင့် ဤဆေးကို မှီဝဲခဲ့သော် ပျောက်ကင်း၏၊ ဤဆေးကို မှီဝဲခဲ့သော်၎င်း, သို့မဟုတ် အပြင်၌ အသုံး ပြုခဲ့သော်၎င်း ဌာန အလိုက် ဖြစ်သော သွေးကို ဆောင်သော အကြောတို့သည် တွန့်သွား၏၊ နား, မျက်စိတို့၏ ကြားခြင်း, မြင်ခြင်း သတ္တိတို့သည် တိုးတက်လာ၏။

ဆေးခြောက်သည် အနည်းငယ်မျှနှင့် ဝမ်းမီးကို တောက်စေ၍ မှတ်သိတ်ခြင်းကို တိုးပွားစေတတ်၏၊ ဘိန်းကဲ့သို့ ဝမ်းသက်ရောဂါနှင့် ပိတ်ဝမ်းရောဂါကို ပယ်ဖျောက်တတ်၏၊ သို့ရာတွင် ဝမ်းကို မချုပ်စေတတ်၊ ဤဆေး၏ ထူးခြားသော သတ္တိသည် ဦးခေါင်း၌ ဖြစ်၏၊ အနည်းငယ်မျှ စားခဲ့သော် ဤဆေးခြောက်သည် ပျော်ရွှင် စေတတ်၏၊ အလည် အလတ် စားခဲ့သော် ပတောက်ပရစ် ပြောတတ်၏၊ အလွန် စားခဲ့သော် အိပ်ခြင်းကို ဖြစ်စေတတ်၏၊ ပဌမ အခြေအနေ ( အနည်းငယ် ) လောက်ရှိသာ ဆေးခြောက်ကို စားသူသည် ခန္ဓာကိုယ် ပင်ပန်းမှုနှင့် စိတ်ပင်ပန်းမှုကို မသိ ထိုသူသည် အလွန် ကြည်လင်သောစိတ် ရှိ၏၊ ဒုတိယ အခြေ အနေ (ဆေးခြောက်ကို အနည်းငယ် ပိုမိုစားခြင်း ) ၌ မူးရစ်ခြင်း ဖြစ်လာ၏၊ လူသည် စကားတိုင်း၌ အလွန် ရယ်၏၊ စကားမစပ် ထင်ရာကို ပြော၏၊ အလွန် အကဲ စားခဲ့သော် လူသည် အိပ်ပျော်၍

လေးလံ ထိုင်းမှိုင်း၏၊ ဦးခေါင်းရှိ လေကြောတို့၌လည်း အလွန်အကဲ ထိုဆေးခြောက်၏ သတ္တိသည် ဖြစ်၏၊ သညာကို ဆောင်ကုန်သော အကြောတို့သည်လည်း သညာ ကင်းကုန်သောကြောင့် သညာကို ဖျက်ဆီးတတ်သော အစွမ်း သတ္တိသည် အရေပြား အပေါ်၌ ဖြစ်၏၊ ကိုယ်ခန္ဓာ ကိုက်ခဲ ခြင်းသည် နည်းပါးသွား၏၊ သို့မဟုတ် ပျောက်ပျက်သွား၏၊ ထိုကြောင့် ဆေးခြောက်သည် နာကျင် ကိုက်ခဲ ခြင်းကို ပယ်ဖျောက် တတ်လေသည်၊ ဆေးခြောက်၏ နာကျင် ကိုက်ခဲ ခြင်းကို ပယ်ဖျောက် တတ်သော သတ္တိသည် ဘိန်း နှင့် ပတိုင်း တို့ထက် အားနည်း၏၊ သို့ရာတွင် အသားဆိုင်တို့၌ အကယ်၍ ပစ်လွင့်တတ်သော လေရောဂါ ဖြစ်သော်လည်း ဆေးခြောက်ဖြင့် ပျောက်ကင်း စေတတ်၏၊ ထို့ကြောင့် ဆေးခြောက်သည် ပစ်လွင့်တတ်သော ရောဂါ, မေးခိုင်သော ရောဂါ, ထိုပြင် အခြားသော လေရောဂါတို့ကို ပျောက်ကင်း စေတတ်လေသည်၊ အနည်း ငယ်မျှကိုသာ ကျွေးမွေးခဲ့သော် ဤဆေးခြောက်သည် အင်္ဂါကြီး, ငယ် တို့၏ အားကိုး တိုးပွား စေခြင်းကြောင့် "ဝါဇီကရဏ အားတိုးဆေး" လည်း မည်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မျက်စိကိုက်။** ။ဆေးခြောက် အရွက်စိုကို ကြိတ်၍ မျက်စိ၌ အုံပေးက မျက်စိနာခြင်း, ကိုက်ခြင်းများ ပျောက်ကင်း၏။

**သွေးတုလာသရော။** ။ငင်းအရွက်ကို နို့နှင့် ချက်ပြီးလျှင် မြင်းသရိုက်နာ၌ လိမ်း ပေးသော် သွေးတုလာသရောရောဂါ လျှင်မြန်စွာ ပျောက်ကင်း၏။

**အဆစ်ရောင်။** ။ငင်းအစေ့ကို ဆီချက်၍ ရောင်ရမ်းရာ၌ လိမ်းပေးလျှင် အဆစ် အဆက်များ ရောင်ရမ်းခြင်း ပျောက်ကင်း၏။

**ရင်နာ။** ။ဆေးခြောက် အစေ့ကို ဖြူတ်ကောင်းနှင့် ရော၍ ထန်းလျက်နှင့် စားခဲ့ သော် ရင်နာခြင်း ပျောက်ကင်း၏။

**အိပ်ပျော်ဆေး။** ။ငင်းဆေးခြောက်ကို အိပ်မပျော်သူအား ကျွေးပါက ကောင်းစွာ အိပ်ပျော်စေနိုင်၏။

**သုက်အားတိုးဆေး။** ။ငင်းဆေးခြောက်ကို အားအင်တိုးပွားစေသည့် အခြား သော ဆေးအက်တို့နှင့် ရောစပ်၍ ကျွေးပါက သုက်သွေးအားကို လွန်စွာ ပွားတိုးစေ၏။

**ဝမ်းပျက်နာ။** ။စမုန်စပါး ပေါင်းတိုက်ရည်နှင့် ဆေးခြောက်ကို ရော၍ အနည်း ငယ်, အနည်းငယ်မျှ စားပေးပါက အာမာတိသာရ ခေါ် အစာမကြေ ဝမ်းပျက်နာမှ ပျောက် ကင်း၏။

**တနည်း - ဝမ်းပျက်နာ။** ။လှော်ပြီးသား ဆေးခြောက်ကို ပျားရည်နှင့် ရောစပ်ပြီး လျက်ပေး ခဲ့သော် အထက်ပါ ဝမ်းပျက်နာနှင့် တကွ အတိသာရ ဝမ်းပျက်နာမှ ပျောက် ကင်း၏။

**မျက်စိနာ။** ။ဆေးခြောက် အရွက်စိမ်းရည်ကို ခတ်ပျင်ပျစ် ကြိတ်၍ မီးဖြင့် အတန် ငယ် ပူအောင် ပြုပြီးလျှင် မျက်စိ၌ အုံပေးက မျက်စိနာ ရောဂါမှ လျင်စွာ ပျောက်ကင်း၏။

**သွေးမြင်းသရိုက်နာ၊** ။ ဆေးခြောက်ချက်ကို နွားနို့နှင့် ကျိုချက်၍ လိပ်ခေါင်း ဖြန့်၍ သုတ်လိမ်း ပေးခဲ့သော် **သွေးယိုစီးခြင်းနှင့်** တကွ လိပ်ခေါင်းပါ ပျောက်ကင်း သွား ပါလိမ့်မည်။

**အဆစ်ရောင်။** ။ ဆေးခြောက်စေ့မှ ထုတ်ယူ၍ ရသော အဆီကို အဆစ် အဆက် များ ရောင်ရမ်းရာ၌ လိမ်းပေးက လျှင်စွာ ပျောက်ကင်း၏။

**ဝမ်းပိုက်နာ။** ။ ဆေးခြောက် နှင့် ငြုတ်ကောင်းကို ရောစပ် အမှုန့် ပြုပြီးလျှင် ဝက်လျက်နှင့် တေ၍ အလုံးကလေးများ ပြုလုပ်ပါ၊ ထိုဆေးလုံး ကလေး များကို ချင့်ချိန်၍ မှီဝဲပါက ဝမ်းပိုက်နာကျင် ထိုးအောင့်ခြင်းမှ ပျောက်ကင်း၏။

**အိပ်မပျော်သောရောဂါ။** ။ ဆေးခြောက်ကို သောက်ရှုခြင်းဖြင့် အိပ်မပျော်ခြင်းမှ ကင်းဝေး၍ နှစ်ချိုက်စွာ အိပ်ပျော်စေ၏၊ (အချို့ သူတို့သည် ဤ၌ ဆေးခြောက် အစား ဘိန်း ကို အသုံး ပြုကြ၏၊ အမှန် စင်စစ်မှာမူ ဘိန်းသည် အိပ်ပျော်ဆေး မဟုတ်ပါ၊ ဆေးခြောက်သာ လျှင် အိပ်ပျော်ခြင်းကို ဖြစ်စေ၏၊ ထိုကြောင့် ဤ၌ ဆေးခြောက်ကို သာလျှင် အသုံးပြုသင့်၏၊ အကြောင်းမူ - ဆေးခြောက်သည် ချုပ်ခြင်းလည်း မရှိ၊ ဦးနှောက် ကို ကိုက်ခဲ နာကျင်ခြင်းလည်း မဖြစ် စေသောကြောင့်တည်း။ )

**ခေါင်းကိုက်။** ။ သလိပ်ကြောင့် ဦးနှောက် နာကျင် ကိုက်ခဲခြင်း ဖြစ်ခဲ့သော် ဆေးခြောက် ၂-ရွေးသားမျှကို မှီဝဲပါက ခေါင်းကိုက်နာမှ လျှင်စွာ သက်သာ ပျောက်ကင်း၏။

**ချောင်းဆိုး။** ။ ဆေးခြောက်ကို ချင့်ချိန်၍ သုံးစွဲခြင်းဖြင့် ပန်းနာ ချောင်းဆိုး, ကြက်ညှာချောင်းဆိုး, မီးရတ်သွေးချုပ်ခြင်းတို့ အတွက် လွန်စွာ အကျိုးပြု၏။

**ခံတွင်းပျက်။** ။ ငြုတ်ကောင်း နှင့် ဆေးခြောက်ကို ရော၍ ပျားရည်နှင့် လျက်ခဲ့ သော် ခံတွင်း ကောင်း၍ ဆာလောင် မွတ်သိပ်ခြင်းကို ဖြစ်စေပြီး ထိုခံတွင်းပျက် ရောဂါမှ ပျောက်ကင်း၏။

**သုက်အားတိုးဆေး။** ။ ဆေးခြောက်ကို အခြားသော အားအင် ပြည့်ဖြိုး စေသော ဆေးများနှင့် ရောစပ် ချက်၍ မှီဝဲပါက သုက်အားသည် လွန်စွာ တိုးပွား လာပါလိမ့်မည်။

**ပန်းနာ ရင်ကြပ်။** ။ ပန်းနာ ရင်ကြပ် နှင့် လေသေးကိုင်း ရောဂါများ အတွက် ထောပတ်ဖြင့် လှော်ပြီးသော ဆေးခြောက်ကို တရွေးသားမျှ သုံးစွဲပါက ပန်းနာ ရင်ကြပ် နှင့် လေလေးကိုင်း ရောဂါမှ ပျောက်ကင်း၍ ကာမအားတိုးခြင်း, ခါတ်တောင့်တင်း ခိုင်မာ ခြင်းများကိုလည်း ဖြစ်ထွန်းစေ၏။

**လိင်ဥရောင်။** ။ ဆေးခြောက် အစိုရွက်ကို ကြိတ်၍ အနာအုံဆေး အဖြစ်ဖြင့် လိင်ဥ ရောင်ရာ၌ သုတ်လိမ်းပေးပါ၊ ၎င်းအပြင် ဆေးခြောက်ကို ပြုတ်၍ အငွေ့ ခံပေးပါက လိင်ဥ ရောင်ခြင်းမှ ပြေလျော့၍ ပျောက်ကင်းသွားပါလိမ့်မည်။

**အအေးမိဖျား။** ။ ဆေးခြောက် တပဲသား နှင့် ထန်းလျက် နှစ်ပဲသားကို ရောစပ်

နယ်၍ သင့်တော်ရုံ အလုံးကလေးများ လုံးထားပါ၊ ၎င်းဆေးလုံးကလေးများကို ...မြ မတက်မီ ၂-နာရီခန့်က ကြိုတင်၍ တကြိမ်လျှင် ၄-လုံးမျှ မှိဝဲခဲ့သော် အအေးပတ်၍ မြ သော ဝေဒနာမှ ကာသော ပျောက်ကင်း၏။

**မုတ္တကိစ်နာ။** ။သခွားစေ့ကို ဆေးခြောက်နှင့် ရောစပ် ကြိတ်ခြေ၍ ရေ... စိမ်ထားပါ၊ ထိုစိမ်ထားသော အရည်ကို စစ်ပြီး သောက်ပါက ဆီးအောင့်သော မုတ္တကိစ်န... ပျောက်ကင်း၏။

**နားကိုက်။** ။ဆေးခြောက်၏ သတ္တုရည်ကို နား၌ ခပ်ပေးခဲ့သော် နားတွင်း၌ ပိုးများ ပျက်စီး၍ နားနာခြင်း, နားကိုက်ခြင်းများ လျှင်မြန်စွာ ပျောက်ကင်း၏။

**ဝက်ရူးနာ။** ။မိန်းမများ ဝက်ရူး တက်သောအခါ ဆေးခြောက် ရွေးဝက်မျ... တွင် ရှိန်းခို အကောင်းစားကို အနည်းငယ် ရော၍ ကျွေးပါက လွန်စွာ အကျိုးပြု၏၊ သို့ရာတွင် ရှိန်းခိုကောင်း မရခဲ့သော် ရှိန်းခို ရိုးရိုး နှင့် ဆေးခြောက် ၂-ရွေးသားကို ကျွေး... ပါက ထိုနည်းတူစွာပင် အကျိုးပြု၏။

**အိပ်ဆေး။** ။စိုသော သို့မဟုတ် ခြောက်သော ဆေးခြောက်ရွက်ကို ဆုံတွင်း... ဆိတ်နို့နှင့် အတူ ကြိတ်ပြီး ခြေဖဝါးတို့၌ လိမ်းကျံ ပေးခဲ့သော် လျှင်မြန်စွာ အိပ်ပျော်... သွား၏။

**လိပ်ခေါင်း နာကျင် ကိုက်ခဲခြင်း။** ။ လိပ်ခေါင်းနာ၏ အဖျား၌ နာကျင် ကိုက်ခဲ... သောအခါ ဆေးခြောက်ရွက်တို့ကို ကျောက်တွင် ရေနှင့် ကြိတ်ပြီး ဝစ္စမဂ်၌ စည်းပေးခဲ့သော် နာကျင် ကိုက်ခဲခြင်းသည် ပျောက်ကင်း၏။

**ပန်းနာ ချောင်းဆိုး။** ။ပစ်လွှင့်တတ်သော ရောဂါနှင့် ယှဉ်သော ပန်းနာမိုက် ရောဂါ၌ ဆေးလိပ် လိပ်သောက်ခဲ့သော် ပန်းနာ ရောဂါသည် နည်းသွား၏၊ ချောင်းဆိုး ရောဂါ၌ အနည်းငယ်သော ဆေးခြောက်ကို ကျွေးခြင်း, ထိုမှတပါး ဆေးခြောက် ပါသော ဆေးကိုကျွေးခဲ့သော် ချောင်းဆိုးရောဂါရှိ ပစ်လွှင့်တတ်သော ရောဂါနှင့် ယှဉ်သော ဒုက္ခ ာည် နည်းပါးသွား၏။

**လူဝ ကာမ အားတိုးဆေး။** ။ဇာတိပ္ဖိုလ်ရွက်, ဇာတိပ္ဖိုလ်သီး, ဇော်ဂျ... မုတ်ဆိတ်, လေးညှင်း, ပရုပ်, ကံ့ကော်ဝတ်ဆံ, သစ်ကြပိုး, ချင်းခြောက်, ငြုတ်ကောင်း, ပိတ်ချင်း, ခဲမဖြူပြာ, အဘြိုက်ပြာ, သံပြာ, ပြဒါးဆုန်း, ဤဆေး အသီးသီး ၁၂-ပဲသားစီ- ကညွတ်ဥမှုန့်, ဆူးလေမှုန့်, မှန်ကူသီး သို့မဟုတ် စပျစ်သီး, ကတ္တရသချေ်အမှုန့်, ရွှေတံတိုင်း မြစ်မှုန့်, ခွေးလယားစေ့, ပန်းနု, ဥမှန်ဥစေ့မှုန့်, ဤဆေးအသီးသီး ၁၂-ပဲသားစီ- ဆေး ခြောက်မှုန့် ထိုဆေး အလုံးစုံ၏ ထက်ဝက်- သကြား ဆေးခြောက် နှင့် တကွသော အလုံးစုံ သော ဆေးတို့ထက် နှစ်ဆ ယူပါ၊ ဤဆေး အလုံးစုံတို့ကို ကောင်းစွာကြိတ်၍ (သကြားမပါ) ထားပါ၊ သကြားကို လက်ကော်ရ ပြုလုပ်ပါ၊ ထိုတွင် ဇာတိပ္ဖိုလ် စသော အခြားသော အားလုံးစုံသော ဆေးဘက်တို့ကို ရော၍ ၃-ပဲမှစပြီး ၆-ပဲ တိုင်အောင် အလုံးများ ပြုလုပ်ပါ၊ ဤဆေးလုံးကို မှိဝဲသောအခါ အထူးအားဖြင့် ကာမသတ္တိကို **တိုးပွားစေ၏၊** ဤဆေးလုံးများ

…တင့်သော အတိုင်းအတာမျှ စားလျက် ခတ်ပြင်းပြင်း ကျိုထားသော နို့တွင် သကြား …ယ်မှုန့် ရောပြီး အနုပါန အဖြစ်ဖြင့် သောက်သင့်၏၊ ဤနို့ အနုပါနကို သောက်ခြင်း …အားလုံးသည် ခန္ဓာကိုယ်ကို ဝဖြိုးစေတတ်၏၊ ဤဆေးလုံးကို အစီအမံအတိုင်း ဆိုခဲ့သော …အတူ အမြဲမပြတ် သုံးလတိုင်အောင် မှီဝဲခဲ့သော် လူ၏ ခန္ဓာကိုယ်သည် "ကာမဒေဝ" …ဖြစ်သွား၏၊ "ဘိမသေန" ကဲ့သို့ ခွန်အားသည် တိုးတက်လာ၏။

**တိလောကဝိဇယာဝဋီဆေး။** ။ ရှက္ခပင်ဆေးတို့ကို သတ္တုချသောနည်းဖြင့် ပြုလုပ် …သော ဆေးခြောက် သတ္တု ၃-ဆ, အကြွတ် (မဟူရာတမျိုး) အမှုန့် ၃-ဆ, ဤဆေး …ကို ဆုံတွင် ရေနှင့် ကြိတ်ပြီး ကောင်းစွာ တရက်စီ အလုံးကလေးများ ပြုလုပ်ပါ၊ ဤ …ဆေးလုံးကို မှီဝဲသောအခါ ပဒတာက်ပရစ်ပြောခြင်း, ရူးသွပ်ခြင်းကို ပျောက်ကင်းစေတတ်၏၊ …ကျောက်ကပ် နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေတတ်၏၊ မီးရတ်ထွေး လာသောအခါ …ဖြစ်တတ်သော ဥတုသွေးကြောင့် ဖြစ်သော နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေတတ်၏၊ …ရှုဂ် ချောင်းဆိုးနာကိုသည်း ပျောက်ကင်းစေတတ်၏၊ နာဘာရှည် ဝမ်းသက် ရောဂါကို …လည်း ပျောက်ကင်းစေတတ်၏၊ အိပ်မက် သုက်လွှတ်ခြင်းကိုလည်း ပျောက်ကင်းစေတတ်၏။

**တိလောကသမ္ဘောဟနရသဆေး။** ။ သုဒ္ဓ ပြုပြီးသော ဆေးခြောက်ရွက် ၉-ကျပ်, …ပြုပြီးသော ဟင်းရိုင်း, ပြဒါးသုန်, ပရုပ်, လေးညှင်းမှုန့်, အဘြိုက်နက်ပြာ, အသီးသီး ၁၂ ပဲသားစီ ဤဆေးတို့ကို တပေါင်းတည်း ဆုံတွင် ထည့်၍ ဆေးခြောက် သတ္တု …ရည်နှင့် ၇-ကြိမ် ထုံပါ၊ နှင်းဆီပန်း သတ္တုရည် နှင့် ၇-ကြိမ် ထုံပါ၊ ထိုနောက် ၃-ရတီစီ အလုံးကလေးများ ပြုလုပ်ပါ၊ ဤဆေးလုံးကို မှီဝဲသောအခါ နုနယ် ပျိုမြစ်သော မိန်းမပျို၏ …လိုသို့ လိုက်နိုင်၏၊ နှုတ်မြိန်၏၊ ပန်းသေရောဂါကို ပျောက်ကင်းရန်အတွက် အလုံးစုံတို့ထက် …ကောင်းသော ဆေးဖြစ်၏၊ လူ၏ ခန္ဓာကိုယ်သည် ချစ်စရာ ကောင်း၍ လုလ္လဝိရိယ ဓာတ်သည် …ပိုလာ၏၊ နှုတ်ငုံဆောင်နိုင်ခြင်းသတ္တိ, သတိကောင်းခြင်းသတ္တိ, သုက်တောင့်ခိုင်သောသတ္တိ …သည် တိုးတက်လာ၏။

**ဆေးခြောက်သုတ်သင်ပုံ။** ။ အထက် ဖော်ပြပါ အတိုင်း ဆေးခြောက်သည် များစွာ အသုံးဝင်သော်လည်း ထိုဆေးခြောက်ကို သုံးသောအခါ ၎င်း၏ အခိုး, အကင်း, အဆိပ် များ စင်ကြယ်မှ သာလျှင် သုံးဆောင် မှီဝဲသူတို့အား အကျိုးကို ပြုတတ်၏၊ မစင်ကြယ် သေးသော ဆေးခြောက်ကို သုံးစွဲမိပါက အသက်အန္တရာယ်ကို ပေးတတ်သောကြောင့် အောက်ပါအတိုင်း ဆေးခြောက်သုတ်သင်ပုံကို နည်းယူ၍ ပြုလုပ်သင့်ပေသည်။

(က) ရေဦးစွာ ဆေးခြောက်များကို ရေစိမ်၍ မွှေပါ၊ ထိုနောက် နေလှမ်းလျက် နွားထောပတ် မီးညှင်းညှင်းဖြင့် လှော်ပါ၊ ဤသို့ ကောင်းစွာ လှော်ပြီးခဲ့သော် အောက်သို့ ချပါ၊ ယင်းသို့ ပြုလုပ်ခဲ့သော် ဆေးခြောက်သည် စင်ကြယ်သွား၏၊ ထိုအခါ လိုရာ တွင် ထည့်သွင်း …က်စပ်၍ အသုံးပြုနိုင်၏။

(ခ) ခြောက်သော ဆေးခြောက်ရွက်ကို ယူ၍ ဆူးဖြူပင်ပြုတ်ရည်၌ ၂၅-မိနစ် သို့မဟုတ် မိနစ် ၃၀-တိုင်အောင် မီး အလည်အလတ်ဖြင့် ပေါင်းတိုက်ပါ၊ ကောင်းစွာ ပြုတ်ပြီးသော အခါ ပြုတ်ရည်မှ ထုတ်၍ နေပူလှမ်းပါ၊ ဤသို့ ဆူးဖြူပြုတ်ရည်တွင် ပြုတ်သော ဆေးခြောက်သည် ကောင်းစွာ စင်ကြယ်သွား၏၊ ဆိုခဲ့သည့် နည်းများအတိုင်း သုဒ္ဓိပြုပြီးသော ဆေးခြောက်ကို နေရာဌာနတိုင်း၌ အသုံးပြုရ၏၊

---

# ဆေးဂဠုန်

ဟိန္ဒီ विच्छु

လက်တင် Martynia diandra

အင်္ဂလိပ် Davil's Claw

**ပုံသဏ္ဌာန်။** ။ မတ်ထောင်၍ အကိုင်းအခက်များသော အပင်ငယ်မျိုး ဖြစ်၏၊ နူးညံ့၏၊ အစိမ်းပျော့ရောင် ရှိ၏၊ တနံ့တကြိမ်သာ ပေါက်၏၊ တရံတခါ အပေါ်၌ အမွှေးများ ရှိတတ်၏၊ အရွက်သည် ၁-လက်မမှ ၃-လက်မခန့် နီးပါး ရှည်၏၊ အပွင့်၍ အချင်းသည် ၄-လက်မ ကျော်ကျော် ရှိ၏၊ အကိုင်းတလျှောက်၌ အပြွတ်လိုက် ပွင့်၏၊ အသီးသည် ကျ နှုတ်သီးကဲ့သို့ ရှိ၍ "ကာကနာသာ" ဟု ခေါ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပင်ကို မီးလောင်ဖုများ၌ အသုံးပြုရ၏၊ ဥရောပတိုက်တွင် အပင်ကို ရက်ခြားဖျားဌ်ငှင်း, ပန်းနာရောဂါ၌ငှင်း, အဆစ်နာခြင်း၌ငှင်း အသုံးပြုရ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ကင်းဆိပ်။** ။ ကင်းကိုက်ရာ၌ ၎င်းအသီးကို သွေး၍ လူးပါက ကင်းဆိပ်များ ပြေပျောက်၏၊ အခြား အဆိပ်ရှိ သတ္တဝါတို့ ကိုက်ရာ၌လည်း အကျိုးပြု၏။

---


# ဆေးပုလဲ

သက္ကတ नाहकाठ

ဟိန္ဒီ करू (कुटक)

**ပုံသဏ္ဌာန်။** ။ အမြစ်လောင်းသည် ထူ၏၊ ပင်စည်တွင် အမွေး ပါ၏၊ အရွက်သည် ငှက်တောင်ပုံ ရှိ၏၊ အပွင့် ပြာ၏၊ အဖြူစက်ကလေးများ ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ ခါး၏၊ ချုပ်၏။




ဆေး ဝငြိနိ

MARTYNIA DIANDRA

**ဂုဏ် နှင့် စွမ်းရည်။** ။ အစာကို ကြေစေ၏၊ သံကို ကျစေ၏၊ ခွန်အားကို ဖြစ်စေ၏၊ သည်းခြေပျက်ခြင်းကို နိုင်၏၊ ဆေးပုလဲသည် ခါးသော ဆေးများ အနက် အားကို အဖြစ်စေဆုံး ဟု ယူနာနီဆရာတို့က ဆိုလေသည်။

## ရောဂါအလိုက် အသုံးပြုနည်း

**မီးရတ်သွေးထိန်။** ။ ဆေးပုလဲမြစ်ကို ထုထောင်း၍ ဆား ထည့်ပြီးနောက် ရေ သင့်တော်စွာဖြင့် ပြုတ်၍ တခါသောက်လျှင် ကြေဇွန်း ၂-ဇွန်းခန့် သောက်သော် မီးရတ်သွေးကြွင်း, သွေးပုပ်များ ကျဆင်း၍ ကိုယ်သားကိုယ်ရေများ သန့်ရှင်းစင်ကြယ်လာမည်။

**ကလေးချောင်းဆိုး။** ။ ဆေးပုလဲမြစ် ၁-သား, နွယ်ချို ၁-သား, ဆားမီးဖုတ် ၂-ကျပ်သား တို့ကို ရောစပ် အမှုန့် ပြုပြီး မန်ကျည်းနှစ် ၁-သား နှင့် ထေ၍ မကြာမကြာ လျှက်ပေးလျှင် ကလေးများ၌ ဖြစ်တတ်သော ကြက်ညှာ ချောင်းဆိုး ရောဂါ ပျောက်ကင်း၏။

**ကြို့ထိုး။** ။ ၎င်းဆေးပုလဲမြစ် အမှုန့်ကို ပျားရည်နှင့် ရောစပ်၍ လျှက်ပေးပါက ကြို့ထိုး ရောဂါ ပျောက်ကင်း၏။

---

# ဆေးပိုးတီ

ဟိန္ဒီ बंफ.ल़ं (बस्फेज)

လက်တင် Polypodium Vulgare

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ အရွက်သည် အနားများ၌ ကွဲနေ၏၊ အမြစ်သည် ပိုးတီကောင်နှင့် တူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေ, သလိပ်ကို နိုင်၏၊ အစာမကြေ, လေပြည့်ရောဂါ, ကြို့ထိုးခြင်း, ပန်းနာ ရင်ကျပ်ရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာပေါက်။** ။ ဆေးပိုးတီ အစိုကို အပေါ်မှ အခွံကို ခွာပြီး ရေတွင် တည်၍ ဆား အနည်းငယ် ထည့်၍ စိမ်ပါ၊ ၎င်းနောက် အခြောက် လှမ်းပြီး အမှုန့် ပြု၍ ပျားရည်နှင့် ရောလျှက်လျှင် အနာမီးလျှံနာများ, အနာစို, အနာစိမ်းများ ပျောက်ကင်း၏။

---

# ဆေးမန်ကျည်း

သက္ကတ पिंडा (पिंडातक)
ဟိန္ဒီ पिंडातक (मयना)

**ပုံသဏ္ဌာန်။** ။ အပင်သည် ချုံကြီးမျိုး ဖြစ်၏၊ အခေါက် နူးညံ့၏၊ အရွက် ၂-လက်မမှ ၆-လက်မခန့် အထိ ရှည်၍ ၁ လက်မခွဲမှ ၃-လက်မခန့် ထိ ကျယ်၏၊ အပွင့် စိမ်းရောင်သန်း၍ ဖြူ၏၊ အသီး ဆီးသီးနှင့် တူ၏၊ မှည့်သောအခါ ဝါ၏၊ အသား များ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးသည် အေး၏၊ ဝဖြိုးစေ၏၊ သလိပ်, သည်းခြေကို အပြင်သို့ ထုတ်တတ်၏၊ "သုသုတသံဟိတာ" ကျမ်းဆရာကား အခြားသော ဆေးဘက်များနှင့် ရော၍ မြွေဆိပ်, ကင်းမြီးကောက်ဆိပ် သင့်ရာ၌ အသုံးပြု၏။

---

# ဆေးရွက်ပင်

သက္ကတ धूम्रपत्रिका  လက်တင် Nicotiana Tabacum
ဟိန္ဒီ तम्बाक (तम्बाखू)  အင်္ဂလိပ် Indian Tobaco

**ပုံသဏ္ဌာန်။** ။ ဆေးပင်သည် အမျိုးများ၏၊ ဆေးဖေါ်စပ်ရာ၌ "ရောင်ဖြူဆေး" ဟု သီးသန့် ခေါ်၏၊ ပင်ရင်းမှာ ဣန္ဒိယပြည် ကာလကတ္တားမြို့ အနီး "ရံပူရ်" မြို့နယ်မှ အထွက်များ၏၊ ၎င်းမျိုးသည် အရွက် မများချေ၊ ထူ၏၊ အညွန့်ဖြတ်၍ အတက်ဖွံ့ထွားခြင်းကြောင့် ဆေးရွက်တွင် အသား ထူ၏၊ တချို့ ဆေးရွက်တွင် အဝါပြောက်ကလေးများ ထင်၏၊ ဆေးရင့်၏၊ ၎င်းကို ရှေးဟောင်း နန်းတွင်းလျှာပွတ်ဆေးတို့၌ "ရောင်ဖြူဆေး" ဟု သီးသန့် အမည်တပ်၍ ထည့်သုံးကြသည်ကို တွေ့ရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အရွက်သည် ခါး၏၊ ပူ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အနည်းငယ် ဝမ်းသက်၏၊ ဝဖြိုးစေ၏၊ အန်စေတတ်၏၊ ပိုးတို့ကို ပယ်တတ်၏၊ ဝမ်းပိုက်တင်းရောင်ခြင်း, သွားပုပ်ခြင်း, အရေပြားရောဂါ, ကင်းမြီးကောက် အဆိပ် တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လိင်ဥရောင်။** ။ ဆေးရွက်ကြီး, ထုံး, ပုန်းညက်ခေါက် တို့ကို ရောသွေး၍ လိမ်းပါက လိင်ဥရောင်သော ရောဂါ ပျောက်ကင်း၏။

**မြေဆေး။** ။ ခပေါင်းကြီး အမြစ်ကိုသော်၎င်း, အစေ့ကိုသော်၎င်း, ခပေါင်းကြီး ပါသော ဆေးတို့ကို အစားလွန်ခဲ့သော်၎င်း ဆေးရွက်ကြီး ပြုတ်ရေကို တိုက်ပါက ပြေပျောက်၏။

**ကိုယ်ရေဖျော့။** ။ ဆေးရွက်ကို ရှုက ကိုယ်ရေဖျော့ရောဂါ လျင်မြန်စွာ ပျောက်ကင်း၏။

**သွားရောဂါ။** ။ သွားနာ, သွားကိုက် ရောဂါ၌ ဆေးရွက်ကြီး ၂-ဆ, ပြုတ်ကောင်း တဆ ရော၍ သွားတိုက်က သွားတွင်းရှိ ပိုးများ သေ၍ သွားနာ, သွားကိုက်ရောဂါ လျင်မြန်စွာ ပျောက်ကင်း၏။

**ချောင်းဆိုး။** ။ ချောင်းစို့, ချောင်းခြောက်, ပန်းနာရောဂါ၌ ဆေးရွက်ကြီး ပြာကို ၂-ရတီမျှ ကျွေးလျှင် ထိုရောဂါများ ပျောက်ကင်း၏။

---

# ဆေးဝက်သခေါက်ပင်

## (တောင်ကလား, တောသစ်ချ)

ဟိန္ဒီ खिन्ना (खिन्द्रा)

လက်တင် Sapium Insigne

**ပုံသဏ္ဌာန်။** ။ အလတ်စား အပင်မျိုး ဖြစ်၏၊ အစေး ထွက်၏၊ အခေါက်သည် ဝက်ခေါက်နှင့် တူ၏။

**ဂုဏ်နှင့် စွမ်းရည်။** ။ အစေးသည် အဆိပ် ရှိ၏၊ ထိုအစေးကို သမင်ဖြူ စသော အရေပြား ရောဂါများ၌ အသုံးပြုရ၏၊ အရေပြား၌ လိမ်းကျံ ပေးပါက အရေပြား ကွာကျ၏။

---

# ဆေးသူငယ်ချက်

သက္ကတ आवर्त्तनी

ဟိန္ဒီ मरोड़फली

လက်တင် Helicteres Pora

**ပုံသဏ္ဌာန်။** ။ နွယ်ပင်ငယ်မျိုး ဖြစ်၏၊ အမြစ်ရိုးသည် အလွန် ခိုင်မာ၏၊ အမြစ်နှင့်

အရွက်၏ အလည်ပိုင်းသည် အလွန်ကြီး၏၊ အချွန်သည် ဂ-လက်မ, ၉-လက်မခန့် ရှည်၏၊ အရွက်၏ အလည်မှ အရိုးတံ တခု ထွက်၏၊ ၎င်းမှ အပွင့် အဆုပ်လိုက် ပွင့်၏၊ မွှေးကြိုင်၏၊ အသီး အလွန် နည်းပါး၏၊ အသီး အတွင်းတွင် အစေ့ဖြူ တခု ရှိ၏၊ အမွှေးဖြူများဖြင့် ဝိုင်းရံလျက် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။ချို၏၊ ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဆီးဝမ်းကို ရှင်စေ၏၊ ကြေကျက်ခဲ၏၊ ဒေါသသုံးပါးကို ပယ်၏၊ သွေးအန်, သွေးကျ, နှလုံး, ယားနာ, နူနာ, အဖျား စသည်တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**နားလေထွက်။** ။ဆေးသူငယ်ချက် အမှုန့်ကို ကြက်ဆူဆီနှင့် ရော၍ နား၌ ကြပ်ပေးသော် နားလေထွက်ရောဂါ ပျောက်ကင်း၏။

**ကလေးပိုက်နာ။** ။ဆေးသူငယ်ချက်ကို လေးဘို့ တဘို့ကြွင်း ပြုတ်၍ အသက်အရွယ်ကို ချင့်ချိန် တိုက်ပါက ကလေးပိုက်နာ ရောဂါ ပျောက်ကင်း၏။

**သံချဆေး။** ။ဆေးသူငယ်ချက်ကို အိပ်မွေ့သီးဖြင့် ရောပြုတ်၍ တိုက်သော် ဝမ်းတွင်းရှိ တုတ်ပိုး, သံပိုးများ ကျဆင်းလိမ့်မည်။

**ဝမ်းကြောတင်း။** ။ဆေးသူငယ်ချက်ကို ငြုတ်ကောင်းနှင့် ဆတူ ရော၍ အမှုန့်ပြုပြီး အနည်းငယ် လျက်ပေးလျှင် ဝမ်းနာခြင်း, ဝမ်းကြောတင်းခြင်း လျင်မြန်စွာ ပျောက်ကင်း၏။

**ဆီးလွန်နာ။** ။၎င်းကို ဘင်ပြာနှင့် စပ်၍ စားလျှင် ဆီးလွန်ရောဂါ လျင်မြန်စွာ ပျောက်ကင်း၏။

---

# ဆေးသိပုရာ (သမင်စာဖြူသီး)

သက္ကတ **बस्तिशोधन**

ဟိန္ဒီ **मैंनफल**

လက်တင် Randia Dumetorum

**ပုံသဏ္ဌာန်။** ။အပင်ငယ်မျိုး ဖြစ်၏၊ အကိုင်းအခက်များ ထိပ်ဖျားတွင် ရှိ၏၊ ဘေး ပြန့်ကား၏၊ အရွက် အပေါ်ဘက်သည် တောက်ပ၏၊ အပွင့်သည် အရွက်ဖျားတွင် ပွင့်၏၊ အစေ့များ၏၊ ပြား၏၊ အသီးကို အသုံးများ၏။

အရသာ နှင့် အကျိုးသွား။ ။အရသာ ခါး၏၊ ချို၏၊ သတ္တိ ပူ၏၊ ဝိပါက၌ ...။

ဂုဏ် နှင့် စွမ်းရည်။ ။ကာမသတ္တိကို ဖြစ်စေ၏၊ အန်စေတတ်၏၊ လေ, သလိပ်ကို ... ဝမ်းပိုက် တင်းရောင်ခြင်း, ကိုယ်ပူခြင်း, ပြည့်တင်းခြင်း, အနာယဉ်းခြင်း, အနာ ဖူးရောင် ..., ... ဖုအကျိတ်များ, အရေပြားရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆစ်ရောင်**။ ။အဆစ်အမြစ်ရောင် ရောဂါ၌ ဆေးသံပုရာသီးကို သွေး၍ လိမ်း ... ပျောက်ကင်း၏။

**ရင်ဘတ်နာ**။ ။၎င်းအသီးကို ဆံဆေးရည်နှင့် သွေးလိမ်းပါက ရင်ဘတ်နာခြင်း ... မြန်စွာ ပျောက်ကင်း၏။

**ခေါင်းတခြမ်းကိုက်**။ ။၎င်းအသီးကို နွားနို့နှင့် သွေး၍ ရှူပေးပါက ခေါင်း ... ခြမ်းကိုက် ရောဂါ ပျောက်ကင်း၏။

**အတိသာရဝမ်း**။ ။၎င်းအသီးကို ရေနှင့် သွေး၍ ပျားရည်နှင့် ရောလုံး၍ သောက် ...သော် အတိသာရဝမ်းရောဂါ ပျောက်ကင်း၏။

**သွား**။ ။ကလေးများ သွားပေါက်စ အချိန်တွင် ဖျားရှိသော်၎င်း, အခြားသော ...ဖျားရောဂါ၌၎င်း, ထိုအသီးမှုန့်ကို လျှာတွင် ပွတ်၍ လျှာနာ နှိုက်ပေးပါက ကလေးများ ...ားကိုက် သွားနာ ပျောက်ကင်း၏။

**ပန်းနာရင်ကျပ်**။ ။မရိုး, နွယ်ချို, ဆေးသံပုရာသီး ၃ မျိုး တို့ကို အညီအမျှစီ စုံ၍ ...မှုန့် ပြုပြီး ၁-ပဲသားမျှ ကျွေးသော် ချွဲကျပ်, ရင်ကျပ်, ပန်းနာ ပျောက်ကင်း၏။

**ဝမ်းပိုက်နာ**။ ။ဆေးသံပုရာသီးကို ထောင်း၍ ဂျုံမှုန့်နှင့် ရောကြိတ်ပြီး ဝမ်းပိုက်တွင် လိမ်းကျံ ပေးခဲ့သော် ရုတ်တရက် ရှောင်တခင် ဖြစ်ပေါ်လာသော ဝမ်းပိုက်၌ နာကျင် ထိုးအောင့်သော ရောဂါမှ ပျောက်ကင်း၏။

**လေ, သလိပ်ထိုးကျင့်နာ**။ ။ဆေးသံပုရာသီးကို နို့နှင့် သွေး၍ သောက်ပါက လေ, သလိပ်ကြောင့် ဖြစ်သော ထိုးကျင့်ခြင်း, ထိုးအောင့်ခြင်းများ ပျောက်ကင်း၏။

**သည်းခြေငြိမ်ဆေး**။ ။ဆေးသံပုရာသီး၏ သတ္တုရည် ကွမ်းသီးလုံးကြီးခန့်တွင် ပျားရည် ရော၍ သောက်ခဲ့သော် သည်းခြေသည် ငြိမ်းအေး သွားလိမ့်မည်၊ အကယ်၍ ဆေးသံပုရာ အသီးစိမ်းကို မရခဲ့သော် အသီးခြောက်ကိုပင် အမှုန့်ပြု၍ ပျားရည်နှင့် ရောပြီး မှီဝဲခဲ့သော် ထိုသည်းခြေနာ ငြိမ်းအေး ပျောက်ကင်း၏။

**ခေါင်းတခြမ်းကိုက်**။ ။နေမထွက်မီ ဆေးသံပုရာသီး နှင့် သကြားကို နွားနို့နှင့် ရော ဖျော်၍ ရှူပေးခဲ့သော် ခေါင်းတခြမ်းကိုက်သော ရောဂါမှ လျှင်မြန်စွာ ပျောက်ကင်း၏။

**နို့နာ။** ။ ဆေးသံပုရာသီးကို ရေအေးနှင့် သွေး၍ နို့၌ ဖြစ်သော အနာတွင် လိမ်း ပေးခဲ့သော် နို့နာမှ ကောင်းစွာ ပျောက်ကင်း၏။

**သန်းနိုင်ဆေး။** ။ ဦးခေါင်း၌ သန်းများ ပေါက်ပွား လာခဲ့သော် ဆေးသံပုရာ သီး၏ သတ္တုရည်ကို ဦးခေါင်းတွင် လိမ်းပေးက သန်းများ ပပျောက် သွားလိမ့်မည်။

**သလိပ်အန်ဆေး။** ။ ဆေးသံပုရာသီး ၁၂-ပဲသား၊ သိန္ဓောဆား ၃-မူးသား၊ ပိတ်ချင်း သီးမှုန့် ၆-ပြားသားတို့ကို ရေ ၄-ပဲသားနှင့် ရောစပ်၍ သောက်ခဲ့သော် လျှင်စွာ သလိပ်များ အန်တွက် လာပါလိမ့်မည်။

**တနည်း - အန်ဆေး။** ။ ဆေးသံပုရာသီး အလုံးကြီး ၃-လုံး၏ အခွံကို နွာပစ်၍ ထောင်းပြီးလျှင် ထိုထောင်းပြီး ဆေးသံပုရာသီး အခွံမှုန့်ကို ရေ ၄-ကျပ်သားတွင် စိမ်ပါ၊ နံနက် စောစောတွင် ထိုစိမ်ရည်ကို သောက်ခဲ့သော် သလိပ်များ အန်ထွက် လာလိမ့်မည်၊ ၎င်းနည်းဖြင့် စားပိုးနင့်ခြင်း၊ သလိပ်ကြပ်ခြင်း၊ လေကြပ်ခြင်း၊ မသင့်သော အစာများ စားမိ၍ ဝမ်းပိုက်၌ တောင့်ခဲ၍ အသက်ရှူရှိုက် မရအောင် ကြပ်နေခြင်း တို့၌ ၎င်းဆေးကို သုံးခဲ့သော် ဝမ်းတွင်း၌ ရှိသော သလိပ် ခဲ့များ၊ မကြေကျက် သေးသော အစာများ အန်ထွက် လာပါလိမ့်မည်။

**သူငယ်နာချဲ့ယိုင်ဆေး။** ။ ဆေးသံပုရာသီးကို ရေဖြင့်သွေး၍ အရွယ်ကို ချင့်ချိန်ပြီး တိုက်ပါလျှင် ကလေးများ၌ ကျပ်ခဲ၍ ဖြစ်တတ်သော အချဲ့များ ကြေဆင်း၍ ပျောက်ကင်း ချမ်းသာပါလိမ့်မည်၊ ဤဆေးသည် လျှင်မြန်စွာ သက်သက် သာသာနှင့် ပျောက်ကင်းနိုင် သော အလွန် ကောင်းမြတ်သည့် အတုမရှိ ဆေးတမျိုးပင် ဖြစ်၏။

**သံချဆေး။** ။ ဆေးသံပုရာသီး အခြောက်ကို အမှုန့် ပြု၍ ၎င်းအမှုန့် ပြုပြီး ၁-ပဲ သားကို ပျားရည်နှင့် ဖျော်ပြီး လျက်ခဲ့သော် ဝမ်းသွား၍ သံပိုးများ ကျဆင်းပြီး သံထိုးခြင်းမှ ပျောက်ကင်း၏။

**အတိသာရဝမ်း။** ။ နုညက်စွာ ထောင်း၍ စစ်ပြီးသော ဆေးသံပုရာသီးခြောက် အမှုန့် ၂-ပြားသားကို ပျားရည်နှင့် ရော၍ တနေ့လျှင် ၂-ကြိမ်မျှ လျက်ခဲ့သော် ၂-ရက် ၃-ရက် အတွင်းပင် အလွန် ပျောက်ခဲသော အတိသာရဝမ်းပျက်ရောဂါမှ ပျောက်ကင်း၏။

**အဆိပ်ဖြေ။** ။ ဝမ်းတွင်း၌ မသင့်သော အစာများ စားမိ၍ အဆိပ်ဖြစ်ခြင်း၊ မူးဝေ အော့အန်ခြင်း၊ တောက်ခြင်း ဖြစ်ခဲ့သော် ဆေးသံပုရာသီး ၃-လုံး၏ အခေါက်ကို ရေ ဖြင့်နယ်၍ ၎င်းအရည်ကို သောက်ပါက ဝမ်းတွင်းရှိ အဆိပ် အမျိုးမျိုးတို့သည် လျှင်မြန်စွာ အန်ထွက်၍ အဆိပ်များ လျော့ကျ ပျောက်ကင်း၏။

**အဖျား။** ။ ဆေးသံပုရာပင်၏ အခေါက်ကို ရေနွေးဖျော၍ ၎င်းအရည်ကို တိုက်ခဲ့ သော် အဖျားများ ကောင်းစွာ ပျောက်ကင်း၏၊ ၎င်းပြင် အဖျားကြောင့် ဖြစ်သော အရိုး အဆစ်များ ကိုက်ခဲ နာကျင်ခြင်းလည်း တပြိုင်နက် ချမ်းသာပျောက်ကင်း၏။

**ထိခိုက် ဒဏ်ရာ။** ။ ဆေးသံပုရာသီးကို နွားချေးနှင့် ရော၍ ထိခိုက် ရှနမှုကြောင့် ဖြစ်သော သွေးစိမ်းများထွက်သည့် အနာများကို လိမ်းပေးက လွန်စွာ အကျိုးပြု၏။

**ကလေးအဖျား။** ။ကလေးများ သွားပေါက်သည့်အခါ ရုတ်တရက် ဖြစ်တတ်သော အဖျားနှင့် အခြားသော အဖျားရောဂါများ ဝင်ခဲ့သော် ၎င်းဆေးသံပုရာသီးခြောက် အမှုန့်ကို လျှာပွတ်ဆေး အဖြစ်ဖြင့် အသုံးပြုခဲ့ပါက လျှင်စွာ ပျောက်ကင်း၏။

**အဆစ်ရောင်။** ။ခြေဆစ် လက်ဆစ် စသည်တို့၌ ရောင်ရမ်းခဲ့သော် ဆေးသံပုရာသီးကို သွေး၍ လိမ်းပေးပါမူ အရောင်အရမ်းများ လျော့၍ အဆစ်အဆက်များ ကိုက်ခဲခြင်းမှ လျှင်စွာ ပျောက်ကင်း၏။

**အနာပေါက်များ။** ။အနာများပေါ်သို့ ဆေးသံပုရာသီးနှင့် သနုတ်ထော်စေးကို ရောသွေး၍ လိမ်းပေးပါက အနာများသည် နုလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်ပြီး လျှင် လျှင်မြန်စွာ ပျောက်ကင်း၏။

**ဝက်ခြံနာ။** ။မျက်နှာတွင် ပေါက်တတ်သော ဝက်ခြံ, တင်းတိတ်, ယားနာတို့ အတွက် ဆေးသံပုရာသီးကို ရေနှင့် သွေး၍ လိမ်းက ပျောက်ကင်း၏။

**တနည်း- ဝမ်းပိုက်နာ။** ။ဆေးသံပုရာသီးကို ဆန်ဆေးရည်နှင့် သွေး၍ ချက်တွင် လိမ်းပေးက ဂမ်းပိုက်နာရောဂါမှ ပျောက်ကင်း၏။

**ရက်ချန်ဖျား။** ။တရက်ခြားဖျား, နှစ်ရက်ခြားဖျားများ ဖြစ်သော ရက်ချန်ဖျားများ အတွက် ဆေးသံပုရာသီးကို ၄-စိတ် စိတ်၍ တစိတ်ကို ဖါလာကြီးအစေ့နှင့် ရော၍ ကွမ်းဦ ထည့်ပြီးလျှင် အဖျားမတက်မီ အေးလာသော အချိန်တွင် ကြိုတင် စားပါက အဖျားရောဂါမှ ပျောက်ကင်း၏။

**မှတ်ချက်။** ။၎င်းသည် အဖြူ, အနီ ဟူ၍ ၂-မျိုး ရှိ၏၊ ထို ၂-မျိုးကို "မှန်သဖို, မှန်သမ" ဟူ၍လည်း ခေါ်၏။

---

# ဆယ်နှစ်ရာသီပန်း (၁၀၇)

သက္ကတ करवीर

ဟိန္ဒီ कनेर

လက်တင် Nenium Odorum

**ပုံသဏ္ဍာန်။** ။ချုံသဘော ရှိသော အပင်မျိုး ဖြစ်၏၊ အရွက် ချွန်၍ ထက်မြက်၏၊ ရှည်၏၊ အပွင့် ဝါ၏၊ များသော အားဖြင့် အပွင့်ကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။စပ်, ခါး, ဖန်၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ ထက်မြက်၏၊ ချုပ်၏၊

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ လေကို နိုင်၏၊ တုလာသရော, ပိုး, နူနာ, အနာပေါက်, မြင်းသရိုက် ရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ မျက်စိကို အကျိုးပြု၏၊ စားရန် အဆိပ်နှင့် တူ၏၊ အနာမီးလျှံနာ, အဖျား, ယားနာတို့၌ အသုံးပြုရာ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ယားနာ။** ။ ၎င်းအရွက်ကို ဖြစ်စေ, အပွင့်ကို ဖြစ်စေ ရေနှင့် နယ်၍ ထိုနယ်ပြီး ရေကို ယူထားပြီးလျှင် ၎င်းအရည် ၄-ကျပ်သားတွင် သံလွင်ဆီ ၂-ကျပ်သား ရောသည့်၍ အပြုတ် ထအောင် မွှေပြီးနောက် မီး၌ ချက်လျှင် သံလွင်ဆီ ၂-ကျပ်သား သာ ကြွင်းကျန်လိမ့်မည်၊ ထိုအကျန်တွင် ဖယောင်း ၈-ကျပ်သား ထည့်၍ ၎င်းဆီကို ယားနာ နှင့် အရေပြား ရောဂါတို့၌ လိမ်းပေးပါက လွန်စွာ အကျိုးပြု၏။

**အရေပြား။** ။ ၎င်းအမြစ်ကို သွေး၍ မုန်ညင်း ဆီနှင့် ရေခန်းအောင် ချက်ပါ၊ မုန်ညင်းဆီ သာ ကြွင်းကျန်လိမ့်မည်၊ ထိုအခါ ၎င်းချက်ပြီး ဆီကို ယူ၍ အရေပြားရောဂါတို့၌ လိမ်းပေးပါသ လွန်စွာ ကောင်းမြတ်၏။

**ပွေးနာ။** ။ ၎င်းအမြစ်ကို ရေနှင့် သွေး၍ လက်ဖျားနှင့် တို့ပြီး ပွေးပေါက်ရာ၌ တို့ပေးလျှင် ပိုးများစွာ သေ၍ ပွေးနာများ ကောင်းမွန်စွာ ပျောက်ကင်းပါလိမ့်မည်။

**အဆစ်ကိုက်။** ။ အဆစ်အဆက်များ ကိုက်ခဲရာ၌ ၎င်းအချက် ပြုတ်၍ ကြိတ်ပြီးနောက် ဆီနှင့် ဖျော်၍ လိမ်းကျံပေးက လျှင်မြန်စွာ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ဆယ်နှစ်ရာသီပင်သည် အပွင့်ကို အစွဲပြု၍ "အဖြူ, အနီ, အဝါ, အညို နှင့် နှင်းဆီရောင်" ဟု ၅-မျိုး ရှိ၏၊ အဖြူ နှင့် အညိုတို့၏ ဂုဏ်သတ္တိသည် အဝါနှင့် တူ၏၊ အနီသည် ခါး၏၊ ဝိပါက၌ စပ်၏၊ ကြေကျက်လွယ်၏၊ လိမ်းပေးသော် နူနာ ပျောက်၏၊ နှင်းဆီရောင်သည် လေ, သလိပ်တို့ကို ပယ်တတ်၏၊ ခေါင်းကိုက် ပျောက်စေ၏၊ ( အကြွင်းသည် အဝါနှင့် တူ၏။ )

**အထူး သတိပြုရန်မှာ။** ။ ၁၂-ရာသီပင်သည် သေစေတတ်၏၊ သူချည်း သက်သက် အရမ်း မစားရ၊ ဣန္ဒိယပြည်ရှိ ဆေးဥယျာဉ်များ၌ ကျွန်ုပ်တို့ သွားရောက် လေ့လာရာတွင် သက်ဆိုင်ရာတို့က ၁၂-ရာသီ ၅-မျိုးတွင် အနီမျိုးကို "နွယ်သာကီပင်" ကို ညွှန်ပြကြ၏၊ ထိုအပင်မှာ မြင်းကို သေစေတတ်သည် ဟု ကြားဘူး၏၊ နွားများလည်း သေစေတတ်သည်ကို ကျွန်ုပ်တို့ တွေ့ဘူး၏၊ မြန်မာတို့က "၁၂-ရာသီပင်" နှင့် "နွယ်သာကီပင်" ကို ခွဲခြားထားကြ၏၊ လက်တင်ဘာသာ၌လည်း ကွဲပြား၏၊ ကုလားများကမူ နွယ်သာကီပင် နှင့် ၁၂-ရာသီပင်ကို တမျိုးတည်း ရော၍ ပြကြ၏။



ဆောက်ချဉ်

GARCINIA INDICA

कोकम

# ဆောက်ချဉ်

**သက္ကတ** अम्लबीज

**ဟိန္ဒီ** कोकम

**လက်တင်** Garcinia Indica

**ပုံသဏ္ဌာန်။** ။ ၎င်းသည် အပင်ငယ်မျိုး ဖြစ်၏၊ အကိုင်း အခက်များ လွန်စွာ ထေးငယ်၍ အောက်သို့ ငိုက်လျက် နေ၏၊ အရွက်မှာ ၂-လက်မမှ ၄-လက်မ ထိ ရှည်၏၊ အပွင့်မှာ လွန်စွာ သေး၍ အသီးမှာ လိမ္မော်သီး ကဲ့သို့ ဝိုင်းလျက် နေ၏၊ အသီးသည် နုစဉ် စိမ်း၍ မှည့်သောအခါ နီရောင်သန်း၏၊ အသီးအစေ့မှ ဆီထုတ်ယူကြ၏၊ အခေါက်ကို ဆေးမှာ သုံး၏၊ အသီးခြောက်ကို "ကော်ကမ်း" ဟု ခေါ်၏၊ အစေ့မှ အဆီကို "ကော်ကမ်းဆီ" ဟု ခေါ်၏၊ အများအားဖြင့် အသီးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ၎င်းအပင်၏ အရွက်, အပွင့်, အသီး, အစေ့ အားလုံး ချဉ်၏၊ ပူသော သတ္တိ ရှိ၏၊ ကြေကျက်သွားသောအခါ ( ဝိပါက ) ၌ ချဉ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးစိမ်းသည် နှလုံးကို အားပေး၏၊ သွေး သည်းခြေကို ပျက်စေ၏၊ ချုပ်၏၊ အသီးခြောက်သည် နှုတ်ကို မြိန်စေ၏၊ အစာကို ကြေကျက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ ချုပ်၏၊ သွေး, သည်းခြေကို ပျက်စေ၏၊ အခေါက်သည် တောင့်တင်းစေ၏၊ အစေ့၏ အဆီသည် တောင့်တင်းစေ၏၊ အနာကို အသားနုတက်စေ၏၊ အသီးမှည့်သည် ပိုးကို နိုင်၏၊ ဝဖြိုးစေ၏၊ ချုပ်၏၊ ကြေကျက်ခဲ၏၊ သွေးမြင်းသရိုက်, ပိတ်ဝမ်းကိုက်တို့၌ အကျိုးပြု၏၊ မလတို့ကို ဖြိုခွဲတတ်၏၊ ကြေကျက်လွယ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သည်းခြေကို ဖြစ်စေ၏၊ စားလျှင် ကြက်သီးထ၏၊ ခြောက်ထပ်စေ၏၊ ဆိတ်သားဟင်း၌ ထည့်လျှင် နူးနပ်သွား၏၊ သံအပ်ကို ပျော်ကျစေ၏၊ လေ, သလိပ်ကို နိုင်၏၊ နှလုံးထိုးအောင့်, ဂူလုံး, မူးရစ်, အဖျဉ်း, လေချုပ်, ကျို့ထိုး, ဝမ်းတင်းရောင်, နှုတ်မမြိန်, ချောင်းဆိုး, အစာမကြေ, အန်, လေရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လိမ်းဆေး။** ။ ၎င်း၏ အဆီကို အနာ အသားနု တက်ရန်သော်၎င်း, နှုတ်ခမ်း လက် စသော အခြား နေရာတွင် အသားအရေ ကွဲအက်ရာ၌သော်၎င်း လိမ်းဖပေးရ၏။

# ဆင်ကဒက်

ဟိန္ဒီ सामान्यपञ्चाङ्ग बीज

လက်တင် Pterygota Alata

**ပုံသဏ္ဍာန်။** ။ မြင့်မသော အပင်ကြီးမျိုး ဖြစ်၏၊ အရွက်သည် နူးညံ့၍ အမွေး ရှိ၏၊ အသီးသည် ကြီး၍ မာ၏၊ အသီးတွင် အစေ့ ၄၀-ခန့် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အစေ့ကို ဘိန်းအစား အသုံး ပြုရ၏။

---

# ဆင်ငိုမြက်

ဟိန္ဒီ मालन कुरो

လက်တင် Eleusine Indica

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆင်ငိုမြက် ပြုတ်ရည်ကို ကလေးများ တက်သော အခါ၌ တိုက်ရ၏၊ တပင်လုံး အထူးအားဖြင့် အမြစ်လို ချွေးထုတ်ဆေး အဖြစ်ဖြင့်၎င်း, ကိုယ်ပူကျဆေး အဖြစ်ဖြင့်၎င်း အသုံးပြုရ၏၊ ၎င်းပြင် အဆုတ်နှင့် ပတ်သက်သော ရောဂါတို့၌ များစွာ အသုံး ပြုရ၏၊ ချွေးအောင်းရာ၌ ဆင်ငိုမြက် တပင်ကို ထည့်၍ အသုံးပြုခြင်းသည် များစွာ အကျိုးရှိ၏။

---


# ဆင်တုံးမနွယ်

သက္ကတ गुडूची

ဟိန္ဒီ गिलोय

လက်တင် Tinospora Cordifolia


**ပုံသဏ္ဍာန်။** ။ ဆင်တုံးမနွယ်သည် အဖြူမျိုး, အဝါမျိုး, အနက်မျိုး ဟူ၍ ၃-မျိုး ရှိ၏၊ အဖြူမျိုး ထက် အဝါမျိုး ရှား၏၊ အဝါမျိုး ထက် အနက်မျိုး ရှား၏၊ တခုထက် တခု ပို၍ ဆူးများ၏၊ ပို၍လည်း ထက်မြက်၏၊ ရှေးဟောင်း ဆေးကျမ်းတို့၌ "ဆင်သမနွယ်ငန်းရှူး, ဆင်သမနွယ်မြွေဟောက်" ဟု အခေါ်အဝေါ် ရှိခဲ့၏၊ ၎င်းသည် အနက်မျိုးကို ဆိုလိုသည်၊ ၎င်းကို ဓားနှင့် ခုတ်လိုက်သော် ငန်းမြွေတို့၏ နှာမှုတ်လေသံကဲ့သို့ "ရှူး" ဟူသော အသံကို ကြားရ၏၊ အခိုးလေ ဖြစ်၏ ဟု ဆိုလိုသည်၊ ဆေးကျမ်းတို့၌ကား "ပူးခါး တမာပင် တက်သည့် ဥပမာကဲ့သို့" ရိုးရိုး အပင်တို့တွင် တက်သော ဆင်သမနွယ် ထက် တမာပင်တွင် နွယ်တက်သော ဆင်သမနွယ်ကို ပို၍ ဈေးပေးလျက် ဆေးဖော်စပ်ကြ၏၊ ဆင်တုံးမနွယ်ပင်နှင့် သဏ္ဍာန် တူ၍



ဆင်ငိုမြက်

**ELEUSINE INDICA**

मालमकुरी



ဆင်တုံးမနွယ်
TINOSPORA CORDIFOLIA
गिलोय

ဥကြီးများ ရှိသော "တောင်ကြာဥ" ကို ယခုအခါ "ဆင်သမနွယ် ဥ-တလုံး" ဟု ခေါ်ဝေါ် နေကြ၏၊ ဆင်တုံးမနွယ်မျိုး မဟုတ်ချေ၊ တောဆောင်မေခါးမျိုးဖြစ်၏၊ ဆင်တုံးမနွယ်ကိုကား များသော အားဖြင့် နွယ်ကို အသုံးပြု၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်၊ ခါး၏၊ ပူ၏၊ ကြေလွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဝမ်းမီးကို တောက်စေ၏၊ မလတို့ကို ချုပ်စေ၏၊ ခွန်အားကို ပြုတတ်၏၊ နှလုံးကို အကျိုးပြု၏၊ အသက်ရှည်စေ၏၊ ဒေါသ သုံးပါးလုံးကို နိုင်၏၊ တုလာသရော, အဖျား, အပူ, ရေငတ်, သွေးဒေါသ, အော့အန်, ချာချာလည် မူးဝေ, ဝါသင့်, ကိုယ်ရေဝါ, ချောင်းဆိုး, နူနာ, ပိုး, သွေးမြင်းသရိုက်, ပါဒရက်, အဆီတိုး, ရေယုန် စသော ရောဂါတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**လေ, သည်းခြေ, အလိပ်, အစာမကြေ, လေပြည့်။** ။ ၎င်းကို ထောပတ်နှင့် စားသော် လေ— သကြားနှင့် စားသော် သည်းခြေ— ပျားရည်နှင့် စားသော် သလိပ်— သတော်ချင်းခြောက်နှင့် စားသော် အစာမကြေ, လေပြည့် ရောဂါများ ပျောက်ကင်း၏။

**အဆစ်ရောင်။** ။ ၎င်း၏ ၄-ဘို့ တဘို့ကြွင်း ပြုတ်ရည်ကိုသော်၎င်း, သို့မဟုတ် ၎င်းကို ထုချေ၍ ရေနှင့် တညဥ့်သိပ်ပြီးသော စိမ်ရည်ကိုသော်၎င်း သောက်သော် နာတာရှည် အဆစ်ရောင် ရောဂါပျောက်ကင်း၏။

**အဆိပ်ပြေ။** ။ ဆင်တုံးမနွယ်ကို ၃-ဘို့ ၁-ဘို့ကြွင်း ပြုတ်၍ သောက်ပါက အဆိပ်များ ပြေပျောက်၏။

**မီးရတ်ဖြူ။** ။ ဆင်တုံးမနွယ် ပြုတ်ရည်ကိုသော်၎င်း, တညဥ့်သိတ် စိမ်ရည်ကိုသော်၎င်း သောက်လျှင် မိန်းမများ မီးရတ်ဖြူဆင်းသော ရောဂါမှ လျှင်စွာ ပျောက်ကင်း၏။

**နှလုံးတုန်။** ။ မြင်းခွာရွက် နှင့် ဆင်တုံးမနွယ်ကို ရော၍ ပြုတ်ပြီး သောက်ခဲ့သော် နှလုံးတုန်ခြင်း, စိတ်ချောက်ခြင်း ရောဂါမှ ပျောက်ကင်း၏။

**မြစ်ခြောက်နာ။** ။ ဖါလာဖြူ, ဝါးပုလဲ, ဆင်းတုံးမနွယ် (သတ္တုရည်) ၎င်းတို့ကို အမှုန့်ပြု၍ ပျားရည်နှင့် ရောစပ်သောက်သော် မြစ်ခြောက်နာမှ လျှင်မြန်စွာ ပျောက်ကင်း၏။

**နားကိုက်။** ။ ဆင်တုံးမနွယ်ကို ကြိတ်၍ ကြက်သီးဆွေးမျှ ပြုတ်ပြီး ထိုပြုတ်ရည်ကို နား၌ ဆေးကြောပေးခဲ့သော် နားတွင်းရှိ အညစ်အကြေးများ ကင်းစင်၍ နားကိုက်, နားနာများ ပျောက်ကင်း၏။

**ကိုယ်ရေဝါ။** ။ ဆင်တုံးမနွယ်ရွက်ကို ကြိတ်၍ ဒိန်ရည်နှင့် ရောသောက်ခဲ့သော် ကိုယ်ရေဝါသော ရောဂါမှ လျှင်မြန်စွာစွာ ပျောက်ကင်း၏။

**ခြေဖဝါးပူနာ။** ။ဆင်းတုံးမန္ဒယ် နှင့် ကြက်ဆူစေ့ကို ရောကြိတ်၍ ခြေဖဝါး၌ လူးလျှင် ခြေဖဝါး ပူသော အနာ လျှင်စွာ ပျောက်ကင်း၏။

**မှတ်ချက်။** ။ဆင်နှုံးမန္ဒယ်, ဆင်ဝိုမန္ဒယ်, ဆင်စာမန္ဒယ်, ဆင်သမန္ဒယ် ယူ၍လည်း စနှင့် သကို အသံပြောင်း၍ ခေါ်ကြသေး၏၊ ဥပမာ- စနေ- သနေ ဟူသကဲ့သို့တည်း။

---

# ဆင်နှာမောင်းကလေး

**ဟိန္ဒီ** मरंगारा सफेद

**လက်တင်** Heliotropium Strigosum

**ပုံသဏ္ဍာန်။** ။ဟိန္ဒီလို "ဘံဂရာ" ခေါ်သော်လည်း ကြိတ်မှန် အမျိုးအစား မဟုတ်ချေ၊ အပင်ငယ်၍ အကိုင်းအခက်များ စည်ကား၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဝမ်းအနည်းငယ် သက်စေ၏၊ ဆီးရွှင်စေ၏၊ အပင်ရည်သည် အဖုနာ, သွားဖုံးနာ, အနာပေါက်တို့၌ လိမ်းရ၏၊ အသူးအားဖြင့် အနာပြည်များ များပြားလာစေရန် အသုံးပြုရ၏၊ အဆိပ်ရှိသော သတ္တဝါများ ကိုက်ခဲခြင်း နှင့် လေရောဂါ၌လည်း အသုံးပြုရ၏။

---

# ဆင်နှာမောင်းကြီး

**သက္ကတ** हरित शोण्डा

**ဟိန္ဒီ** हस्तीशुण्डि

**လက်တင်** Heliotropium Indicum

**ပုံသဏ္ဍာန်။** ။မိုးအခါ ပေါက်တတ်သော အပင်မျိုး ဖြစ်၏၊ တတောင် တတောင်ထွာခန့် မြင့်၏၊ အကိုင်းအခက် များ၏၊ အရွက်သည် နှလုံးသဏ္ဍာန် ရှိ၏၊ အခက်၏ အဖျား၌ အပွင့်သည် အဆုပ်လိုက် ပွင့်၏၊ ပွင့်ချပ်သည် ဆင်နှာမောင်းနှင့် တူ၏။

**အရသာ နှင့် အကျိုးသွား။** ။ခါးသော အရသာ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။တွန့်ရှုံ့စေတတ်၏၊ ပြင်းထန်သော အဖျားကို ပျောက်ကင်းစေတတ်၏၊ နဂါးကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ အနာကို သုတ်သင်တတ်၏၊ အသားနုကို တက်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာရောင်တင်း။** ။အနာများ ရောင်တင်းသောအခါ ၎င်းအရွက်ဖြင့် ပတ်တီးစည်းပေးသော် လျှင်မြန်စွာ အရောင် လျော့၏။

ဝါ၍

ည်၊
း။

စား

ည်
လာ
သုံး

င်
း၌

င်း
ကို

ကီး


ဆောင်မေဒါ (မြန်မာ)
कालीपहाड़
ဆောင်မေဒါ (သဘော်)
PICRORRHIZA KURROOA
कुटकी

**မျက်ရည်ယို နှင့် မျက်ခွံရောင်။** ။မျက်ရည်ယိုစီးသောအခါ နှင့် မျက်ခွံရောင်သောအခါ ၎င်းအရည်ကို လိမ်းပေးသော် လျှင်မြန်စွာ ပျောက်ကင်း၏။

---

# ဆောင်းမေးခါး (ကုလား)

**သက္ကတ** तिक्ता

**ဟိန္ဒီ** कुटकी

**လက်တင်** Picrorhiza Kurrooa

**ပုံသဏ္ဍာန်။** ။၎င်းသည် နွယ်ပင်မျိုး ဖြစ်၏၊ အမြစ်ကို သုံးရ၏၊ ဆောင်းမေးခါး နှစ်မျိုး ရှိရာတွင် မြန်မာဆောင်းမေးခါးကို တိသက်သာ ဟု ခေါ်၏။

**အရသာ နှင့် အကျိုးသွား။** ။၎င်းသည် အရသာမှာ ခါး၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ ဝမ်းမီးကို တောက်စေ၏၊ နူးညံ့စွာ ဝမ်းသက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ခြောက်ထပ်စေ၏၊ ကြေကျက်လွယ်၏၊ ဆာလောင် မွတ်သိပ်စေ၏၊ နှလုံးကို ကြံ့ခိုင် ပြည့်ဖြိုးစေ၏၊ ပိုးကို ပယ်တတ်၏၊ သလိပ် သည်းခြေကို နိုင်၏၊ ၎င်းပြင် ဆီးရောဂါ, ပန်းနာ, ကြို့ထိုး, သွေးကြောင့်ဖြစ်သော ရောဂါ, ပူလောင်ခြင်း, နူနာ, ဝါသင့်နာတို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သည်းခြေဖျား။** ။ဆောင်းမေးခါး နှင့် တမာ အတွင်းသားခေါက်ကို ဆတူ ကျို၍ တိုက်လျှင် သည်းခြေဖျားနှင့် တကွ ရေငတ်ရောဂါကိုလည်း ပြေပျောက်စေ၏။

**ရင်ဘတ်နာ။** ။ပြုတ်ကောင်း နှင့် ဆောင်းမေးခါးကို ဆတူ ရောကျို၍ သောက်ပါက ရင်ဘတ်နာခြင်း၌ များစွာ အကျိုးပြု၏။

**ဝမ်းမီးနုံ့။** ။ချင်းခြောက် နှင့် ဆောင်းမေးခါးကို ရော၍ အမှုန့်ပြု ထောင်းပြီးလျှင် အနည်းငယ်, အနည်းငယ်မျှ လျက်ပေးပါမူ ဝမ်းမီးနုံ့သော ရောဂါမှ ကင်းဝေး၏။

**ကိုယ်ရေဝါ။** ။ဆောင်းမေးခါးမှုန့် ၆-ပဲသားကို ပျားရည် ၆-ပဲသားနှင့် ရော၍ ရေနွေးပူပူဖြင့် သောက်ခဲ့လျှင် ကိုယ်ရေဝါရောဂါမှ ပျောက်ကင်း၏၊

**ရေဖျဉ်း။** ။ဆောင်းမေးခါး ၁ိ-ဂပဲသားကို ပြုတ်၍ နေ့တွင် ၃-ကြိမ်မျှ ၅-ရက် ၆-ရက်ခန့် ဤနည်း အတိုင်း သောက်လျှင် ဝမ်းသက်လျော၍ ရေဖျဉ်းရောဂါမှ ပျောက်ကင်းစေ၏။

# ဆတ်စပါး

သက္ကတ कंगु

ဟိန္ဒီ कङ्गनी

လက်တင် Setaria Italica

**ပုံသဏ္ဍာန်။** ။ ၎င်းသည် ဆန်တမျိုး ဖြစ်၏၊ ကြမ်းတမ်း၏၊ အပင်သည် ၃-ပေမှ ၄-ပေအထိ မြင့်၏၊ အရွက် ရှည်၏၊ အပင်၏ အဖျားဥ္ဒ ပြောင်းနှံများ ကဲ့သို့ အဖူးတံများ ရှိ၏၊ သို့သော် ပြောင်းနှံ ထက် ငယ်၏၊ ၎င်းအနှံ၌ သေးငယ်သော အသီးကလေးများ ရှိ၏၊ ၎င်းကို ပင် "ဆတ်စပါး" ဟု ခေါ်၏၊ ထိုဆတ်စပါးတွင် အမဲ့, အနီ, အဖြူ, အဝါ အားဖြင့် ၄-မျိုး ရှိ၏၊၎င်း ၄-မျိုးတွင် အဝါသည် အကောင်းဆုံး ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ဆတ်စပါးသည် လေကို ပွါးတတ်၏၊ ကြေကျက်ခဲ၏၊ ဝဖြိုးစေတတ်၏၊ သလိပ်ကို ပယ်တတ်၏၊ မြင်းများ အတွက် အလွန် အကျိုးပြု၏၊ အသားကို ပွားစေတတ်၏၊ ကာမကို အားပေး၏၊ ကိုယ်ဝန်ဆောင် မိန်းမ၏ ကိုယ်ဝန်ကို ငြိမ်သက်စေတတ်၏၊ အရိုးကျိုးခြင်းကို ဆက်စေတတ်၏၊ ထိုမှတပါး ဆီးကို ရွှင်စေ၏၊ တွန့်ရှုံ့စေတတ်၏၊ အစာ မကြေ လေပြည့်ရောဂါ၌ အကျိုးပြု၏။

---

# ဆတ်ဆတ်ချေ

သက္ကတ छिकनी

ဟိန္ဒီ नकछिकनी

လက်တင် Centipeda Orbicularis

**ပုံသဏ္ဍာန်။** ။ အပင်ငယ်မျိုး ဖြစ်၏၊ တမိုက်မျှ မြင့်၏၊ အပွင့်သည် အဆုပ်လိုက် ပွင့်၏၊ အခက်အလက်များတွင် အမွေးသေးကလေးများ ရှိ၏၊ အပွင့်သည် တမာပွင့် ကဲ့သို့ ဖြူ၏၊ အရွက်ကို ပွတ်၍ ရှူခဲ့သော် ချေဆတ်၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာမှာ စပ်၏၊ ဖန်၏၊ ပူသော သတ္တိ ရှိ၏၊ ကြေကျက်သွားသောအခါ ဝိပါက၌ စပ်၏၊ အနံ့ စူး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်ကို မြိန်စေ၏၊ ကြေကျက်လွယ်၏၊ ဝမ်းမီးကို တောက်စေ၏၊ လေ, သလိပ်ကို နိုင်၏၊ အရေပြားရောဂါ, သမင်ဖြူ, ပိုးရောဂါ, သွေးဖောက်ပြန်ခြင်း, ဘုတ်ဖမ်းစားခြင်း, မျက်စိရောဂါတို့၌ အသုံးပြုရာ၏၊ ၎င်းကို များစွာ စားလျှင် နှလုံးတုန် တတ်၏။

# ဆတ်နီ

သက္ကတ मंडुआ

ဟိန္ဒီ बहुपत्तका

လက်တင် Eleusine Coracana

**ပုံသဏ္ဍာန်။** ။ စပါးမျိုး ဖြစ်၏၊ ပဲခူး, မြစ်ကြီးနားခရိုင်တို့တွင် ရှိ၏။

**အရသာ နှင့် အကျိုးသွား။** ။အရသာ ဖန်, ခါး, ချို၏၊ အေးသော သတ္တိ ရှိ၏၊ ဝိပါက်၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေကျက်လွယ်၏၊ ခွန်အားကို ပြုတတ်၏၊ တွန့်ရှုံ့စေတတ်၏၊ ဒေါသသုံးပါးကို နိုင်၏၊ ခါးကိုက်ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အနာ။** ။ အရွက်ကို အနာတို့၌ ကြိတ်၍ စည်းပေးသော် အနာ ပျောက်ကင်း၏။

**နူနာ။** ။ အပင်ကို ကန့်ချုပ်နီနှင့် ရော၍ အသုံးပြုခဲ့သော် ကြွေကျသော နူနာကို လျှင်မြန်စွာ ပျောက်ကင်းစေ၏။

**သားဖွားပြီး ပိုက်နာ။** ။ အစေ့တို့ကို မြေအိုးတွင် လှော်၍ မိန်းမများ သားဖွားပြီး ၁နာက် ပိုက်နာသောအခါ ၃-ရက်မှ ၇-ရက်တိုင်အောင် ကျွေးခဲ့သော် ပိုက်နာ ပျောက်ကင်း၏။

**ဝစွမက် နာကျင်။** ။ ဝစွမက် နာကျင်ရာ၌ ပြုတ်ရေကို အသုံးပြုခဲ့သော် လျှင်မြန်စွာ ပျောက်ကင်း၏။

**အနာ။** ။ အပင်ကို ကြိတ်၍ အနာတို့၌ လိမ်းပေးသော် အနာ ပျောက်ကင်း၏။

---

# ဆတ်သွားဖူး (ဖြူ)

သက္ကတ केतकी

ဟိန္ဒီ केवड़ा

လက်တင် Pandanus Odoratissimus

**ပုံသဏ္ဍာန်။** ။ ဆတ်သွားဖူးသည် အပွင့်, အဖူးနှင့် တကွ အပင်နေပုံသည် ထင်ရှား၍ အထူး ဖော်ပြရန် မလိုပေ၊ ပဥ္စင်္ဂါးပါးလုံးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား၊** ။ အဖူးသည် စပ်, ခါး၏၊ သတ္တိ ပူ၏၊ ဝိပါက၌ စပ်၏၊ အပင်သည် ချို,ခါး,စပ်၏၊ ဝစ္ဆ ံသည် အနည်းငယ် ပူ၏၊ အသီးသည် ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အဖူးသည် ကြေကျက်လွယ်၏၊ အရောင်အဆင်းကို ပြုတတ်၏၊ ဆံပင်အနံ့ မကောင်းခြင်းကိုပယ်ဖျောက်တတ်၏၊ လေ, သလိပ်ကို နိုင်၏၊ ကိုယ်နံ့ မကောင်းခြင်း, ကိုက်အရောင်အဆင်း မကောင်းခြင်း စသော ရောဂါများကို ပျောက်ကင်းစေတတ်၏၊ အပင်သည် ကြေလွယ်၏၊ အဆိပ်, သလိပ်ကို ပယ်တတ်၏၊ ဝစ္ဆ ံသည် " သိဒ္ဓမ " မည်သော နူနာ, ယားနာ, တို့ကို ပယ်ဖျောက်တတ်၏၊ အသီးသည် လေ, သလိပ်ကို ပယ်တတ်၏၊ တူလာသရောရောဂါကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မီးရတ်သွေးလွန်။** ။ ဆတ်သွားဖူး အဖြူ၏ အမြစ်ကို ရေနှင့် ကြိတ်၍ သကြားနှင့် ရောပြီး သောက်ခဲ့သော် မီးရတ်သွေးလွန် သာ ရောဂါမှ ပျောက်ကင်း၏။

**ဆီးချုပ်, ဆီးပူ။** ။ ဆီးချုပ်ခြင်း, ဆီးပူခြင်း, ဆီးသွားရာ သွေးပါခြင်း, ဆီးသွားရာ၌ အလူးအလှိမ့် နာကျင်ခြင်းတို့၌ ၎င်းဆတ်သွားဖူးဖြူ၏ အမြစ်ကို ထုပြီး ရေနှင့် စိမ်ပါ၊ ထိုစိမ်ထားသော အရည်ကို သကြားခဲနှင့် သောက်က ၎င်းဆီးရောဂါများ ပျောက်ကင်း၏။

**ဝက်ရူးနာ။** ။ ဆတ်သွားဖူး အဖြူမြစ်, ဆတ်သွားဖူး အဝါပွင့်တို့ကို အညီအမျှ စီစု အမှုန့်ပြုပါ၊ ၎င်းအမှုန့်ကို ဆေးလိပ် ဆေးတံများတွင် ထည့်၍ အခိုးကို ရှူပေးခဲ့သော် ဝက်ရူးတက်သော ရောဂါမှ ပျောက်ကင်း၏။

**ဦးနှောက်ရောဂါ။** ။ အပူလွန်ကဲသဖြင့် ဦးနှောက်ခြောက်သော ရောဂါ အတွက် ဆတ်သွားဖူး အဖြူ၏ သတ္တုရည် နှင့် နံ့သာဖြူကို သွေး၍ ဖလ်ဖူး တခုတွင် ထည့်ပါ၊၎င်းနောက် ဖလ်ဖူးကို အဝတ်ဖြင့် ဖုံးစည်းထားပြီး လှုပ်၍ လှုပ်၍ အနံ့ကို ရှူပေးပါက ဦးနှောက်ခြောက် သော ရောဂါမှ လျင်မြန်စွာ ပျောက်ကင်း၏။

**အပူနာ အမျိုးမျိုး။** ။ ၎င်းအဖြူရွက်၏ သတ္တုရည်တွင် ဇီရာ ထည့်၍ ကြိတ်ပြီး နောက် သကြားခဲနှင့် ရော၍ သောက်ပါက အပူလွန်သော ရောဂါ အမျိုးမျိုးမှ ပျောက် ကင်း၏။

**မှတ်ချက်။** ။ ဆတ်သွားဖူးသည် အဖြူမျိုး, ရွှေဝါရောင်မျိုး ဟူ၍ ၂-မျိုး ရှိ၏၊ ဂုဏ်သတ္တိလည်း မဘူကြချေ၊ ထိုကြောင့် အဝါမျိုးကို သီးသန့်၍ နောက်တွင် ဖော်ပြ လိုက်၏။

# ဆတ်သွားဖူး ( ရွှေဝါရောင် )

သက္ကတ सुवर्ण केतकी

ဟိန္ဒီ पीला केवड़ा

လက်တင် Pandanus Ordoratissimus

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ဆတ်သွားဖူး ( အဖြူ ) နှင့် အပွင့်, အရွက် အားလုံး တူ၏၊ သို့သော် အပင်မှာ ငယ်၍ အပွင့်မှာ ဝါသည် သာ ထူးခြား၏၊ ပဥ္စင်္ဂါးပါးလုံးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ စပ်, ခါး၏၊ အနည်းငယ် ပူ၏၊ ဝိပါကဌ် ပေ်၏၊ အပင်သည် ချို, စပ်, ခါး၏၊ ပင်စည်သည် ခါး, ငန်၏၊ အလွန် အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကျန်းမာစေ၏၊ ကာမကို အားပေးတတ်၏၊ မွှေးကြိုင်၏၊ မျက်စိရောဂါ စသည်ကို ပျောက်ကင်းစေ၏၊ အပင်သည် မျက်စိကို အကျိုးပြု၏၊ အဆိပ်, သလိပ်ကို ပယ်တတ်၏၊ ပင်စည်သည် ခန္ဓာကိုယ်ကို တောင့်တင်းစေ၏၊ ခွန်အားကို ဖြစ်စေ၏၊ အသက်ရှည်စေ၏၊ သည်းခြေ, သလိပ်ကို ပယ်တတ်၏၊ ( အသီး နှင့် ဝစ္ဆံ၏ ဂုဏ်သည် ဆတ်သွားဖူး အဖြူ၏ အသီး, ဝစ္ဆံတို့နှင့် အလုံးစုံ တူ၏။ )

---

# ဆိတ်ချေးပင် ( ဆိတ်ချေးမို )

သက္ကတ एकवीर

ဟိန္ဒီ एकवीर

လက်တင် Bridelia Montana

**ပုံသဏ္ဌာန်။** ။ အပင်ငယ်မျိုး သို့မဟုတ် အလည်အလတ် အပင်နုမျိုး ဖြစ်၏၊ အခေါက်သည် မီးပြာရောင် ရှိ၏၊ အရွက်များ၏၊ အလျားသည် ၂-လက်မခွဲမှ ၅-လက်မခွဲ ထိ ရှည်၍ အနံသည် ၁-လက်မမှ ၂-လက်မခွဲထိကျယ်၏၊ အပွင့်သည် စိမ်းရောင်သန်း၍ ဝါ၏၊ အညှာ မဲ့၏၊ သို့မဟုတ် တို၏၊ အပင်သည် ၁၅-ပေမှ ၂၅-ပေ အထိ မြင့်၏၊ ဆူးရှည်ရှည် ကြီးများ ကျဲကျဲထွက်၏၊ အသီးမှာ ဆီးသီးခန့် ရှိပြီး သေးငယ်၏၊ အဖျားဌ် သီး၏။

**အရသာ နှင့် အကျိုးသွား။** ။ အပင်သည် ခါး၏၊ စူးရှ၏၊ ပူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေကို နိုင်၏၊ ခါးနာခြင်း, ကိုယ်တခြမ်းသေခြင်းကို ပျောက်ကင်းစေ၏၊ အခေါက်သည် ဆီးရောဂါကို နိုင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပိုးနာ။** ။အခေါက်မှုန့်ကို အနည်းငယ် ကျွေးလျှင် ဝမ်းတွင်းရှိ ပိုးများ သေကြေ ပျက်စီးပြီး ကျလာလိမ့်မည်၊ ၎င်းပြင် သုက်ကို ပွားစေ၏။

**အတိသာရဝမ်း။** ။ဥသျှစ်ကင်း, သကြား နှင့် ၎င်းအခေါက်မှုန့်ကို အနည်းငယ် ကျွေးခဲ့သော် အတိသာရဝမ်းရောဂါ ပျောက်ကင်း၏။

**အစာမကြေ ရင်ပြည့်။** ။ချင်းခြောက်, ဆီ နှင့် ၎င်းအခေါက်မှုန့်တို့ကို ရော၍ ဝမ်းပိုက်၌ လူးပေးခဲ့သော် အစာမကြေ ရင်ပြည့်ရောဂါ ပျောက်ကင်း၏။

---

# ဆိတ်နံကြီး ( တော )

နေပါလီ **गिनेरी**

ဟိန္ဒီ **अग्निय्न**

လက်တင် Cinnamomum Glanduliferum

**ပုံသဏ္ဌာန်။** ။၎င်းသည် နွယ်ယောင် ပင်ယောင်ဖြစ်၍ အရွက်မှာ ဝိုင်း၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အရွက်ကို ဆီးဆေး အဖြစ်ဖြင့်၎င်း, ရေဖျဉ်းရောဂါ အတွက်၎င်း, အတွင်းဆေး အဖြစ် ဆေးပေး၍ အသုံးပြုရ၏၊ ၎င်းအခေါက်ကို ကင်ဆာ, ရောင်ရမ်းနာ၌ လိမ်းဆေး အဖြစ် အသုံးပြုရ၏၊ တိရစ္ဆာန်များ အစာမကြေ ဝမ်းသက်နာတို့၌လည်း အသုံးပြုရ၏။

---

# ဆိတ်ဖလူးပင်

သက္ကတ **परिजात**

ဟိန္ဒီ **हारसिंगार**

လက်တင် Nyctonthes Arbortristis

**ပုံသဏ္ဌာန်။** ။အလွန် လှသော အပင် ဖြစ်၏၊ ၅-ပေမှ ၁၂-ပေ ထိ မြင့်၏၊ အရွက်မှာ နည်းနည်း ကြမ်း၍ ခေါင်ရမ်းဆည်းလည်းနှင့် ဆင်ဆင် တူ၏၊ အပွင့်မှာ ဖြူ၍ အပွင့်၏ ရိုးတံမှာ နီကြန်ကြန် ရှိ၏၊ အပွင့်မှာ အလွန် မွှေးကြိုင်၏၊ စိတ်ကို ကြည်နူးစေ၏၊ ပဥ္စငါးပါးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ အခေါက်သည် ခါး၏၊ ချဉ်၏၊ အရွက်သည် ခါးစပ်၏၊ အပင် ပဥ္စင်္ဂါးပါးသည် ချို၏၊ သတ္တိ အေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အပင် ပဥ္စင်္ဂါးပါးသည် ပြေပြစ်၏၊ ဝဖြိုးစေ၏၊ ကိုယ်ဝန်ကို ကြီးထွားစေ၏၊ ချုပ်၏၊ ဆံပင်တို့ကို အကျိုးပြု၏၊ အန်စေ၏၊ ပိုးတို့ကို ဖြစ်ပွားစေ၏၊ အပူ, တုလာသရော, မြင်းသရိုက်, ခွာတ်တို့၌ ဖြစ်သော ရောဂါ, မီးရတ်နာ, ဆံပင်ကျွတ် ရောဂါတို့၌ ကောင်း၏၊ ထောပတ်နှင့် ကြော်ထားသော ဆိတ်ဖလူးပွင့်သည် မိန်းမတို့အား ချမ်းသာစွာ ဥတုသွေးကို လာစေ၏၊ အရွက်သည် သလိပ်ကို နိုင်၏၊ အခေါက်ကို ကွမ်း၌ ထည့်စားလျှင် ချောင်းဆိုး ပျောက်၏၊ အခေါက်ဆီကို မျက်စိ ကိုက်ခဲခြင်း၌ အသုံးပြုရ၏၊ အရေပြားရောဂါ ပျောက်ကင်းစေ၏၊ အဆုပ်ပြွန်ရောင်ခြင်းကိုလည်း ပျောက်ကင်းစေ၏၊ အရွက်သည် အဖျား ပျောက်ကင်း၏၊ ပိုးတို့ကို သေစေ၏၊ ပဥ္စင်္ဂါးပါးကို ပြုတ်၍ သောက်လျှင် အဖျဉ်းကြီးရောဂါ ပျောက်ကင်း၏။

## ရောဂါအလိုက် အသုံးပြုနည်း

**အဆစ်ရောင်။** ။ အပွင့်ကို ပြုတ်၍ သောက်သော် အဆစ်ရောင်ရောဂါ ပျောက်ကင်း၏။

**အဖျားဟောင်း။** ။ အခွက်သတ္တုရည်ကို ပျားရည်နှင့် ရော၍ သောက်သော် အဖျားဟောင်းသည် လျှင်မြန်စွာ ပျောက်ကင်း၏။

**သည်းခြေဖေါက်ပြန်။** ။ အရွက်သတ္တုရည်ကို သကြားနှင့် ရောစပ် သောက်ခဲ့သော် သည်းခြေဖေါက်ပြန်သော ရောဂါမှ ပျောက်ကင်း၏။

**သံကျဆေး။** ။ အရွက်သတ္တုရည်တွင် ဆားအနည်းငယ် ခပ်တိုက်သော် သံများ လွယ်ကူစွာ ကျဆင်း၏။

**ပွေးနာ။** ။ ၎င်းအရွက်ကို ကြိတ်၍ လိမ်းသော် ပွေးနာများ ပျောက်ကင်း၏။

**ပြည်တုလာသရော။** ။ ၎င်းအစေ့ ၁၂-ပဲသားကို ပြုတ်ကောင်း ၃-ပဲသားနှင့် ကြိတ်၍ ရေဖြင့် လုံးပြီးလျှင် ၃-ပဲသား တလုံးကို ရေအေးနှင့် တိုက်ကျွေးက ပြည်တုလာသရော ရောဂါ ပျောက်ကင်း၏။

**ဒူးခေါင်းကြီးရောဂါ။** ။ ဆိတ်ဖလူးရွက်ကို မီးညှင်းညှင်းဖြင့် ထက်ဝက်ခန်းပြုတ်၍ အနည်းငယ်, အနည်းငယ်မျှ သောက်ခဲ့သော် ဆေးတွေ့ခဲသော ဒူးခေါင်းကြီးရောဂါ နှင့် တင်ကြောလျှောက်နာများ ပျောက်ကင်းချမ်းသာ၏။

**သူငယ်နာ။** ။ ၎င်းအရွက်ကို ရေနွေးဖျော၍ သို့မဟုတ် ရေနွေးနှင့် စိမ်၍ နယ်ပါ၊ နယ်ပြီးသော ၎င်းအရည်ကို တိုက်ခဲ့သော် ကလေးများ သူငယ်နာ အဖျား ကျဆင်း၍ ချွေးထွက်ပြီး သူငယ်နာ ရောဂါမှ ပျောက်ကင်းလိမ့်မည်။

**ဆီးလွန်နာ။** ။ ၎င်းအရွက်ကို ထက်ဝက်ခန်း ကျို၍ သောက်ခဲ့သော် ဆီးလွန်သော ရောဂါမှ သက်သာ ပျောက်ကင်း၏။

**မီးရတ်သွေးလွန်။** ။ ဆိတ်ဖလူး အရွက်နုနု အနည်းငယ်ကို ငြုတ်ကောင်း ၇-စေ့ ဖြင့် ကြိတ်၍ ကျွေးခဲ့သော် မိန်းမများ အဘို့ မီးရဘ်သွေးလွန်သော ရောဂါမှ သက်သာ ပျောက် ကင်း၏။

**မျက်စိနာ။** ။ ဆိတ်ဖလူးခေါက်, နှမ်းဆီ, ဆန်ပုန်းရည်, သိန္ဓောဆား တို့ကို အညီ အမျှစီ ယူ၍ ကြိတ်ချေပြီး ကျွေးခဲ့သော် မျက်စိနာသော ရောဂါမှ ပျောက်ကင်း၏။

**တိရစ္ဆာန်များ အဆိပ်သင့်နာ။** ။ ဆိတ်ဖလူးအရွက် သတ္တုရည်ကို ညှစ်၍ တိုက်ပါက တိရစ္ဆာန်များ အတွက် တစုံတခုသော အစားအစာ တို့ကို စားမိ၍ အဆိပ်သင့်ခြင်းမှ ပြေ၍ လျှင်မြန်စွာ သက်သာ ပျောက်ကင်း၏။

**ယားနာ။** ။ ဆိတ်ဖလူးရွက်ကို နွားနို့နှင့် ကြိတ်၍ အနာ ဖြစ်ရာ၌ လိမ်းပေးခဲ့သော် ယားနာများ ကောင်းစွာ ပျောက်ကင်း၏။

**လည်ပင်းနာ။** ။ ဆိတ်ဖလူးရွက်, ဝါးရွက်, သဘော်သဖန်းရွက် တို့ကို ရောကြိတ်၍ ၇-ရက်တိုင်တိုင် လိမ်းပေးခဲ့သော် လည်ပင်းနာသော ရောဂါမှ သက်သာ ပျောက်ကင်း၏။

**ဒက်နာ။** ။ ဦးခေါင်း၌ ဖြစ်သော ဒက်နာ, ယားနာ တို့၌ ဆိတ်ဖလူးစေ့ကို လိမ်း ပေးက ပျောက်ကင်း၏။

**မြွေဆိပ်ဖြေ။** ။ မြွေကိုက်ခံရခဲ့သော် ဆိတ်ဖလူး အရွက် သို့မဟုတ် အခေါက်၏ သတ္တု ရည်ကို ညှစ်၍ သောက်ပါက မြွေကိုက် ခံရသူသည် မြွေဆိပ်မှ လျော့ကျ၍ ချမ်းသာ ပျောက် ကင်း၏။

**အအေးမိသောရောဂါ။** ။ ဆိတ်ဖလူး အရွက်စိမ်းကို ညက်စွာ ကြိတ်၍ ထန်းလျက်နှင့် ရောပြီး ကွမ်းသီး အသေးခန့် အလုံးကလေးများ လုံးထားပါ၊ ၎င်းဆေးလုံးကို အဖျား မတက်မီ တနာရီက ကြိုတင်၍ ရေနွေးဖြင့် သောက်ပေးခဲ့သော် အဖျား မတက်တော့ဘဲ အအေး မိ၍ ဖျားနာသော ရောဂါမှ ပျောက်ကင်း၏။

**အင်္ဂါ ကြီး, ငယ် ကိုက်ခဲသော ရောဂါ။** ။ ဆိတ်ဖလူးရွက်ကို ညက်စွာ ကြိတ်၍ ရေနွေးနှင့် စိမ်ပြီး သတ္တုရည်ကို ညှစ်ယူပါ၊ ထိုသတ္တုရည် ၁၂-ပဲသား, ချင်းစိမ်း သတ္တုရည် ၁၂-ပဲသားတို့တွင် သကြား အနည်းငယ် ရော၍ နံနက် ည မှန်စွာ သောက်ပါက လေကြောင့် ဖြစ်သော အင်္ဂါ ကြီး, ငယ် ကိုက်ခဲ နာကျင်သော ရောဂါမှ ပျောက်ကင်း၏၊ ၎င်းအပြင် အဆစ် အဆက်များ ကိုက်ခဲနာကျင်ခဲ့သော် ၎င်းဆိတ်ဖလူး အရွက်ကို မီးအုံ၍ ကပ်ပေးခြင်း, ကျပ်ထုပ် ထိုးပေးခြင်း ပြုပါက လွန်စွာ အကျိုးပြု၏။

## ဆိတ် ဖူး

**ပုံသဏ္ဌာန်။** ။နန္ဒင်းရွက်ငယ်နှင့် သဏ္ဌာန် တူ၏၊ ဥ-ကို အတို့ အမြှုတ် ပြု၍ စားကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ဆိတ်ဖူးသည် စဉ်းငယ် ပူ၏၊ ခါး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။လေ, သလိပ်ကို နိုင်၏၊ မြေကိုင်သောရောဂါ, ဘုတ် ပြိတ္တာ ဖမ်းစားခြင်းတို့ကို ပျောက်ကင်းစေတတ်၏။

---

[ ၈ ]

## ဇရစ်

ဟိန္ဒီ ক'চকচু

ဘင်္ဂါလီ ক'টকচু

လက်တင် Lasia Helerophylla

**ဂုဏ် နှင့် စွမ်းရည်။** ။အမြစ်ကို လည်ပင်းရောဂါတို့၌ အသုံးပြုရ၏၊ မြင်းသရိုက်ရောဂါ အတွက်လည်း အမြစ်သည် အကောင်းဆုံးဆေး ဖြစ်၏၊ ထိုပြင် အရွက် နှင့် အမြစ်ကို ၎င်းမြင်းသရိုက်ရောဂါ၌ အသုံးပြုနိုင်၏၊ မြန်မာတို့သည် ၎င်းကို ပုဇွန်နှင့် ကြော်စားခြင်း, ငါး နှင့် ချဉ်ဟင်းချက် စားခြင်း, ပြုတ်၍ တို့စားခြင်း, အချဉ်တည်၍ စားခြင်း, သုတ်စားခြင်း စသည်ဖြင့် ကြိုက်နှစ်သက်သလို အမျိုးမျိုး ပြုလုပ်စားကြ၏။

---

# ဇလတ်ပန်း

သက္ကတ နန္ဒီဝၖက္ၐ

ဟိန္ဒီ प्ररोह। (नंदीवृक्ष)

လက်တင် Tabernaemontana Coronaria

**ပုံသဏ္ဌာန်။** ။အမြဲ စိမ်းလန်း၍ ၂-ခြမ်း ဖြာသော အကိုင်းအခက် ရှိသည့် ချုံပင် မျိုး ဖြစ်၏၊ အခေါက် မိုးပြာရောင် ရှိ၏၊ အစေး ရှိ၏၊ အရွက်သည် ရွက်ဆိုင် ထွက်၏၊ အပွင့် ဖြူ၏၊ ၎င်းသည် "ကုန်းဇလတ်, ရေဇလတ်, တောင်ဇလတ်, ဇလတ်ကြီး, ဇလတ်ကလေး, ဇလတ်စကြာ" စသည်ဖြင့် အပွင့် နှင့် အရွက် သဏ္ဌာန်ကို စွဲ၍ အမျိုးမျိုး ခေါ်ဝေါ်ကြသည်ကို တွေ့ရသည်၊ "ကနေရ" ကို ရှေးက "ကုလားဇလတ်" ဟု ဘာသာ ပြန်ကြသည်၊ ၎င်းသည် ဖော်ပြပါ ဇလတ်မျိုးမှ မဟုတ်ချေ၊ "နွယ်သာကီပင်" ဟု ယခုကာလတွင် ခေါ်ကြသည်၊ အဆိပ်မျိုးတွင် ပါသည်၊ "ဇလတ်နီ" ဟူ၍လည်း ရှိသေး၏၊ ကချင်ပြည်နယ်၌ ပေါက်၏၊ တောင်ကမ်းပါး တလျှောက်၌ များစွာ ပေါက်ရောက်တတ်၏၊ အပွင့်သည် အဆုပ်လိုက် ပွင့်၏၊ ရွက်ရိုး နီ၏၊ "ဇလတ်"ဟူ၍ ပင် ခေါ်သော်ငြားလည်း ဇလတ်မျိုးထည်းမှ မဟုတ်ချေ၊ မွှေး၏၊ လွန်စွာ ကျက်သရေ ရှိ၏၊ အာယုဝဍ္ဎန အတွက် အချို့ ပျားရည်နှင့် စားသောက် မှီဝဲကြသည်ကို တွေ့ရသည်၊ ၎င်းသည်" တာလီသပတ္တ "သဒ္ဒါက ဟောသော ဆေးပင် သုံးမျိုးတွင် ပန်ဂျပ်နယ်သားတို့ ယူကြသည့် ပန်ချာပီတာလီသပတ္တမျိုးတွင် ပါဝင်သည်၊ ရွက်လှပင်မျိုးထည်းမှ ရိုးနီ ပင်နီ ရွက်လှတမျိုး ရှိသေး၏၊ ၎င်းကိုလည်း အချို့က ဇလတ်နီ ဟု ခေါ်ကြ၏၊ ဇလတ်မျိုးကား, မဟုတ်ချေ၊ ရွက်လှမျိုး သာ ဖြစ်၏။

ဇလတ်ပင်ကို ဟောသော ရှိရင်းစွဲ ဆေးကျမ်းတို့၌ ဖော်ပြထားသည့် သတ္တတပုဒ်မှာ "နန္ဒိရုက္ခ, နိယျာသဝုတ္တ, ဗိဿဏုပိယ, အဿတ္ထဘေဒ, ခယတရု, ခေါရီ, ပါရောဟီ, ဝနပ္ပတိ, တဂရ" ဟူ၍ ပရိယာယ်သဒ္ဒါ ၉-ပုဒ်တို့ကို ဆေးကျမ်း ( ဝနောသဓိ စန္ဒောဒယ ၆-တွဲ - နှာ-၅၇ ) တို့၌ ဖော်ပြထားသည်ကို တွေ့ရသည်၊ ထိုပရိယာယ် သဒ္ဒါတို့တွင် "တဂရ" သဒ္ဒါကို များစွာ စဉ်းစားဝေဘန်ရန် သင့်ပေ၏၊ သင့်သည့်အတိုင်း ကျွန်ုပ်တို့သည် နောက်က ( ကန့်ဘလူ နှင့် စမ္ဗာတွင် ) ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဤ၌ စကား ဆိုက်လာပြန်သောကြောင့် ဆက်လက် ဖော်ပြပါဦးမည်၊ ပါဠိစာပေ တလျှောက်တို့၌ "တဂရ"ပုဒ်ကို တွေ့တိုင်း ရှေးဆရာမြတ်တို့သည် "တောင်ဇလတ်" ဟု မြန်မာပြန်ခဲ့ကြကုန်၏၊ ဖော်ပြပါ ပရိယာယ်သဒ္ဒါတို့ကို ထောက်သော် "တဂရ" သဒ္ဒါသည် "ဇလတ်" ကို ဟောသောကြောင့် သင့်သည် သာ ဖြစ်၏၊ ဝေဿန္တရာဇာတ် စသော ပါဠိစာပေတို့၌ "တဂရ" သဒ္ဒါကို ချုံငယ်ဟော "ဂစ္ဆ" သဒ္ဒါနှင့် တွဲ၍ ဖွင့်ပြထားသည်ကို တွေ့ရသည်၊ ဇလတ် ဟူသည် ပင်ငယ်ချုံမျိုး ဖြစ်သောကြောင့် သင့်ပေ၏၊ ဝေဿန္တရာဇာတ်တို့၌ ကဲ့သို့ တော တောင် စိမ့်မြိုင် ဂနိုင် အကြောင်းကို ဖော်ပြရာ၌ "တဂရ" သဒ္ဒါကို ဇလတ်ပန်း ဟု အနက် ပြန်ဆိုယူခြင်းသည် များစွာ လျော်ပါပေသည်၊ ထိုသို့ တော တောင် ဂနိုင် မြိုင် အဖွဲ့အနွဲ့

မျိုးတို့၌ "တဂရ" သဒ္ဒါကို ဇလတ်ဟု ပြန်ဆိုယူခြင်းသည် သင့်မြတ်သော်လည်း ဆေးကျမ်းတို့၌ ဆေးသုံး အနေဖြင့် နံ့သာမျိုး ၄-ပါးကို ပြရာတွင် "တဂရ" ကို "ဇလတ်" ဟု ပြန်ဆိုယူခြင်းတည် လုံးဝ မသင့်ပေ၊ အဘယ့်ကြောင့်နည်း ဟူမူ "တဂရ" သဒ္ဒါအတွက် "စမွာ" ဟူသော အနက်ကို ယူရန် ဆေးကျမ်းတို့၌ များစွာ ညွှန်ကြား ထားသောကြောင့်တည်း၊ အချို့ (ရသာမတဋ္ဌိကာ) ဆေးကျမ်းတို့၌ "တဂရ" ကို "မလယာဂရု" "မလေးအကျော်" မျိုးဟု ဖွင့်ဆိုထားသည်ကို တွေ့ရ၏၊ အကျော်မျိုး ဟု ဖွင့်ဆိုထားသည်ကို တွေ့ရ၏၊ **အကျော်မျိုး,** စမွာမျိုးသည် အနှစ်နံ့သာကို ယူရသော အပင်မျိုး ဖြစ်သည်၊ ဇလတ်ကား အပွင့် **အနံ့**ကို ယူရသော အမျိုး ဖြစ်သည်၊ ထိုသို့ အခြေအနေ အရ ခွဲခြား၍ "တဂရ" သဒ္ဒါကို မှတ်ယူအပ်ပေသည်၊ မဟာပရိနိဗ္ဗာနသုတ် စသော ပါဠိစာပေတို့၌ ပါရှိသော "တဂရ" သဒ္ဒါကိုရင်း, ဓမ္မပဒပါဠိတို့၌ လာရှိသော တဂရသဒ္ဒါကိုရင်း, ဆေးကျမ်းတို့၌ လာသော စတုဇာတိယဂန္ဓ, စတုဂ္ဂန္ဓတို့၌ရင်း တွေ့ရှိသော "တဂရ" သဒ္ဒါကို "စမွာ" ကို သာလျှင် ယူသင့်၏၊ မည်သည့် စမွာမျိုးကို ယူရမည်ကို စမွာ အဓိဋ္ဌာန်း၌ ဖွင့်ပြခဲ့ပြီး ဖြစ်သည်။

**အရသာ နှင့် အကျိုးသွား။** ။အမြစ်သည် စပ်ရှားရှား ရှိ၏၊ ခါး၏၊ အနံ့ အနည်းငယ် ရှိ၏၊ ပူသော သတ္တိ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အူတို့ကို တွန့်ရှုံ့စေတတ်၏၊ သည်းခြေပျက်နာ, သွေးနှင့် ပတ်သက်သော ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သားဖွားဖျား။** ။မီးဖွားသော အခါ၌ အလွန် ပြင်းထန်သော အဖျားဟမျိုး အဖြစ်ဖြင့် ဖြစ်တတ်၏၊ ထိုအခါ ၎င်းအမြစ်ကို ပွတ်ပြီးလျှင် တကိုယ်လုံး လိမ်းကျံပေး၍ ထိုအမြစ်ကို ငရုံ့ပတူ အမြစ်နှင့် ရောကျိုပြီးလျှင် သောက်သည်ရှိသော် သားဖွားဖျားရောဂါ၌ လွန်စွာ အကျိုးပြု၏၊ ထိုဆေးရည်ကို သောက်ပြီးနောက် ကုသားပဲပြုတ်ရည်ကို တိုက်ကျွေးနိုင်၏။

**မျက်စိကိုက်။** ။၎င်းအစေးကို ဆီနှင့် ရော၍ နဖူးတွင် လိမ်ကျံပေးလျှင် မျက်စိကိုက်ရောဂါများ ပျောက်ကင်း၏။

**သွားနာ။** ။အမြစ်ကို တဖြည်းဖြည်း ဝါး၍ ငုံထားလျှင် သွားနာ သွားကိုက် ရောဂါကို လျင်စွာ ပျောက်စေ၏။

**အူတွင်းပိုးနာ။** ။ အမြစ်ကို ရေနှင့် သွေး၍ တိုက်ကျွေးခဲ့သော် အူတွင်းရှိ ပိုးများ အန္တရာယ်မှ ကင်း၏။

**မျက်ခွံရောဂါ။** ။အမြစ်ကို တမာရွက်ရည်နှင့် ပွတ်၍ ၎င်းပွတ်ရည်ကို မျက်ခွံ

ပေါ်တွင် လိမ်းကျံပေးပါက မျက်ခွံရောင်ခြင်း, ယားခြင်း စသော မျက်ခွံရောဂါကို လျော့ပျောက်စေ၏။

---

## ဇလတ် ( အနီ )

**ဟိန္ဒီ** **बुरांस**

**လက်တင်** Rhododendron Arboreum

**ပုံသဏ္ဌာန်။** ။ အမြဲ စိမ်းလန်းနေသော အပင်ငယ်မျိုး ဖြစ်၏၊ အရွက်သည် ၃-လက်မခွဲခန့်မှ ၇-လက်မခန့် အထိ ရှည်၏၊ ၁-လက်မခွဲခန့်မှ ၂-လက်မခွဲခန့် အထိ ကျယ်၏၊ အပွင့်သည် အနီရင့်ရောင်, နှင်းဆီရောင် ဖြစ်၏၊ မြန်မာပြည်, ရှမ်းပြည် ( တောင်ပိုင်း ) မိုးကုတ် စသည်တို့၌ ရှိ၏၊ ( ၎င်းသည် "ဇလက်နီ" ဟု မြန်မာတို့ ဝေါဟာရ ပြုထားသော်လည်း ဇလတ်မျိုးထဲမှ မဟုတ်ချေ။ )

**ဂုဏ် နှင့် စွမ်းရည်။** ။ အရွက်နုသည် အဆိပ် ရှိ၏။

---


## ဇာတိပ္ဖိုလ်သီး

**သက္ကတ** **जातिफल**

**ဟိန္ဒီ** **जायफल**

**လက်တင်** Myristica Fragrans

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ဆေးတို့၌ လွန်စွာ အသုံးဝင်၏၊ သတ္တဝါတို့ အတွက် အသက်ကယ်တင်ရှင်ပင်များဟွင် ၎င်းသည် ရှေ့တန်းမှ နေ၏၊ မြန်မာပြည်၌ကား ဆေးတကာတို့တွင် ဗိန္ဓောဆရာတို့ များစွာ အသုံးပြုကြသော်လည်း ထွန်းထွန်းကားကား ဖြစ်မြောက်လောက်အောင် မရှိချေ၊ မလေး စသော တိုင်းပြည်တို့၌ များစွာ ဖြစ်ထွန်း၏၊ သဘော်ဗဟု ဆေးပစ္စည်း အနေဖြင့် မြန်မာတို့ အသုံးပြုကြ၏၊ ထိုကြောင့် ထိုအပင်၏ အမည်သည် မြန်မာစကား မဟုတ်ချေ၊ "ဇာတိပ္ဖိုလ်သီး" ဟူ၍ပင် ခေါ်ဝေါ်ကြသော်လည်း အသီး အစစ်ကား မဟုတ်ချေ၊ "ဇာတိပ္ဖိုလ်ပွင့်" ဟူ၍ ပင် ခေါ်ဝေါ်သော်လည်း အပွင့်အစစ်ကား မဟုတ်ချေ၊ ၎င်းသည် အပင်ကြီးမျိုး ဖြစ်၏၊ အရွက် ရှည်လျားလျား ရှိ၏၊ အကိုင်းများ ဖြာထွက်၏၊ အပွင့်ငယ်လေးများ ပွင့်၏၊ အသီး၏ အတွင်းရှိ အဆံကို "ဇာတိပ္ဖိုလ်သီး" ဟု ယူရ၏၊ ထိုအဆံကို မွေးယှက်ထားသော အဖတ်ကို "ဇာတိပ္ဖိုလ်ပွင့်" ဟု ခေါ်ဝေါ်၍ ဆေးတွင် သုံးကြ၏။



ဇာတိပ္ဖိုလ်သီး

MYRISTICA FRAGRANS

जायफल

**အရသာ နှင့် အကျိုးသွား။**　　။ အရသာ ဖန်, ခါး, စပ်၏၊ ပူသော သတ္တိ ရှိ၏၊ ဝိပါက၌ စပ်၏၊ ဝမ်းမီးကို တောက်စေ၏၊ ကြေလွယ်၏၊ ဇာတိပ္ဖိုလ်ဆီသည် ထက်၏၊ ဝမ်းမီးကို တောက်စေ၏၊ ဇာတိပ္ဖိုလ် အတွင်းခေါက် ( ဇာတိပ္ဖိုလ်ပင်၏ နီရောင် ရှိသော အတွင်းခေါက်ကို "ဇာယပတြီ" ခေါ်၏၊ ) သည် ခါးစပ်၏၊ ကြေလွယ်၏၊ မွှေး၏၊ အသီးခွံ ( ဇာဝတြီ· ခေါ်၏ ) သည် စပ်၏၊ ပူ၏၊ ကြေလွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။**　　။ မြိန်စေ၏၊ ထက်၏၊ ချုပ်၏၊ အသံကို စောင့်ရှောက်တတ်၏၊ ခံတွင်းပျက်ခြင်း, မလမျှား, အနံ့မကောင်းခြင်း, မဲခြင်းကို ပျောက်ကင်းစေ၏၊ လေ,သလိပ်ကို နိုင်၍၊ ချောင်းဆိုး, ပိုး, အန်ခြင်း, ပေါရောင်, မြစ်ခြောက်နာ, နှာခေး, နှလုံး, လည်ချောင်းရောဂါ, လေ, ဝမ်းသက်, တုလာသရောရောဂါ စသည်တို့ကို ပျောက်ကင်း စေတတ်၏၊ နာသာရှည် ဝမ်းသက်, ဝမ်းယောင်, အကျွပ ( ပစ်လွင့်တတ်သော ) လေ, ထိုးအောင့်, အစာမကြေ, လေပြည့်, အနာပေါက်, သွားဖုံးယောင်တို့ကို ပျောက်ကင်းစေ၏၊ ဇာတိပ္ဖိုလ် အတွင်းခေါက်သည် မြိန်စေ၏၊ လှပစေ၏၊ ပါးစပ် စင်ကြယ်စေ၏၊ ဝမ်းမီးကို ပွားစေ၏၊ သလိပ်ကို နိုင်၏၊ ချောင်း, အန်, ပန်းနာ, ရေငတ် ရောဂါတို့ကို ပျောက်ကင်းစေ၏၊ အသီးခွံသည် မြိန်စေ၏၊ လှပစေ၏၊ သလိပ်ကို နိုင်၏၊ ချောင်းဆိုး, အန်, ပန်းနာ, ရေငတ်, ပိုး, အဆိပ်သင့် ရောဂါတို့ကို ပျောက်ကင်းစေ၏။

အခြားသော ကျမ်းတကျမ်း၌ ဖေါ်ပြထားသည်မှာ ဇာတိပ္ဖိုလ်သည် အနံ့ မွှေးကြိုင်၏၊ ဝမ်းမီးကို တောက်စေ၏၊ လေကို ပယ်တတ်၏၊ ခန္ဓာကိုယ်ကို ရှင်လန်းတက်ကြွစေ၏၊ ဝဖြိုး, အားတိုးစေတတ်၏၊ အစာသစ်အိမ်ကို ထက်စေ၏၊ အစာအိမ်၌ ကြေကျက် စေတတ်သော သည်းခြေရည်ကို တိုးပွားစေတတ်၏၊ အစာကို ဆာလောင်စေတတ်၏၊ အစာကိုလည်း ချက်နိုင်၏၊ ထိုဇာတိပ္ဖိုလ်သီး ပါသော ဆေးသည် အစာအိမ်တလျောက် အူတွင်းသို့ ရောက်သွားသော အခါ အူတွင်းရှိ လေကို ဝစ္စမဂ်မှ ထုတ်ပယ်နိုင်၏၊ အစာသစ်အိမ်၏ အထက်၌မူ ဇာတိပ္ဖိုလ်သီးသည် ပရုပ်ကဲ့သို့ အစာအိမ်၏ အနံ့ဆိုးကို ပယ်ဖျောက်နိုင်၏၊ အဖျားရောဂါကို ပယ်ရာ၌လည်း အတုမရှိ ဖြစ်၏၊ ကာမအာရုံကြောများကို လန်းဆန်းစေနိုင်၏၊ ၎င်းကို များစွာ မှီဝဲသော် ရစခြင်း, ထိုင်းမှိုင်းခြင်းကို ဖြစ်စေနိုင်၏၊ ကိုယ်စောင့်ဓာတ်မီး ( ဥသ္မာကိုယ်ငွေ့ ) ကို အားပေးရာ၌ ပြိုင်ဘက်ကင်းသော အသီး ဖြစ်၏၊ လိင် နှင့် သိုအိမ်တို့ကို အကျိုးပြု၏၊ အသံအဆုတ်ရောင်ခြင်း, ရေဖျဉ်းရောဂါ, အဆစ်ရောင်, လေဖြတ်, လေငန်း ရောဂါတို့၌ များစွာ အကျိုးပြု၏၊ ခံတွင်း၌ ငုံထားပေးလျှင် ခံတွင်း၏ အနံ့ဆိုးကို ပယ်ဖျောက်နိုင်၏၊ ၎င်းကို သွေး၍ မျက်စိ၌ ကွင်းလျှင် မျက်စိယားခြင်း ပျောက်ကင်း၍ မျက်စိအလင်းရောင်အားလည်း ပိုမိုလာ၏၊ သက်ထိန်းဆေးများကို ဖေါ်ရာ၌ ၎င်းသည် အရေးကြီးသော ဆေးဘက်တွင် ပါဝင်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ဝမ်းမီးနုံ့။**　　။ ဇာတိပ္ဖိုလ်သီး အမှုန့်ကို ပျားရည်နှင့် ရော၍ ပေးလျှင် လျှင်မြန်စွာ ဝမ်းမီးနုံ့သော ရောဂါမှ ပျောက်ကင်း၏။

**နှလုံးအားနည်း။** ။မောခြင်း, ဟိုက်ခြင်း, နှလုံးကရိယာများ အားနည်းခြင်း ဖြစ်မဲ့သော် ဇာတိပ္ဖိုလ်သီးကို သွေး၍ ပျားရည်နှင့် စပ်ကျွေးပါက နှလုံးသည် အားရှိ လာပါလိမ့်မည်။

**ဝမ်းသက်။** ။နေ့ညမစဲ နှစ်ရှည်စွဲလာသော ဝမ်းသက် ရောဂါ နှင့် ဝမ်းမီးနုံ့ခြင်း, အဖျဉ်းရောင်ခြင်း, ထိုးခြင်း, အောင့်ခြင်း ဖြစ်လျှင် ဇာတိပ္ဖိုလ်သီးကို ၅-ရတီ မှ ၇-ရတီသား အထိ ကျွေးနိုင်၏။

**တနည်း - ဝမ်းသက်ရောဂါ။** ။ဇာတိပ္ဖိုလ်သီး အလုံးကြီးတွင် အပေါက်ငယ် ဖောက်၍ ဘိန်းမြုပ်ထည့်ပြီးလျှင် လွှစာမှုန့်ဖြင့် ပိတ်ပြီးလျှင် ၎င်းပေါ်တွင် နယ်ထားသော ဂျုံမှုန့်ကို သရွတ်မံ လိမ်းကျံ၍ မီးတွင် ဖုတ်ပါ၊ အပြင်မှ မံထားသော ဂျုံမှုန့်များကို ဖယ်ရှားပြီးလျှင် အလုံးငယ် ပြုလုပ်၍ ၂-ရတီမှ ၃-ရတီအထိ ကျွေးသော် တာရှည် စွဲနေသော ဝမ်းသက်ရောဂါများ အတွက် လွန်စွာ ကောင်း၏။

**ကာလဝမ်း။** ။ဇာတိပ္ဖိုလ်သီးကို ရေအေးနှင့် သွေးပြီးလျှင် တိုက်ကျွေးရာ၏၊ အန်ခဲ့သော် တဖြည်းဖြည်း လျက်စေရာ၏။

**တနည်း - ကာလဝမ်းရောဂါ။** ။ကာလဝမ်းရောဂါ ဖြစ်ရာ၌ ထိုဇာတိပ္ဖိုလ်သီးကို သွေးပြီးလျှင် ကိုယ်လုံး လိမ်းနယ် ပေးခဲ့သော် ပျောက်ကင်း၏။

**နားရဖ်ရောင်။** ။ဇာတိပ္ဖိုလ်သီးကို သွေးပြီးလျှင် ရောင်တင်းနေသော နားနောက်၌ လိမ်းလျှင် အကျိတ် အခဲ အဖု နှင့် ရောင်တင်းခြင်းများ လျင်မြန်စွာ ပျောက်ကင်း၏။

**ပျို့အန်။** ။ဇာတိပ္ဖိုလ်သီးကို ရေအေးဖြင့် သွေးပြီးလျှင် တိုက်ကျွေးခြင်း, လွန်စွာ အန်ခဲ့သော် လျက်စေခြင်းဖြင့် တခဏချင်း ပျို့အန်ခြင်း ပျောက်ကင်းနိုင်၏။

**ကြောက်မက်ဘွယ် ကောင်းသော ဝမ်းသက်။** ။ဇာတိပ္ဖိုလ်သီး ၆-ပဲသား, လက္ချား ၆-ပဲသား, စင်ကြယ်ပြီး ဘိန်း ၆-ပဲ ထိုသုံးမျိုးကို စုပေါင်း ထုထောင်းပြီးလျှင် ကွမ်းရွက်သတ္တုရည်နှင့် နာနာကြိတ်ပါ၊ ကြေညက်သောအခါ တရတီခန့် အလုံးငယ်များ ပြုလုပ်ပါ၊ တနေ့လျှင် ၂-လုံး ရက်တက်ရည်ဖြင့် တိုက်ကျွေးခဲ့သော် ကြောက်မက်ဖွယ်ကောင်းသော ဝမ်းသက်ရောဂါ ၇-ရက် အတွင်း ပျောက်ကင်း၏။

**သုက်ထိန်းဆေးနည်း။** ။ဇာတိပ္ဖိုလ်သီးကြီး ကြီး တလုံး ( ၇-ပဲအောက် မငယ်စေရ ) ကို အခေါင်း လုပ်ပြီးလျှင် အတွင်း၌ ပဲဝက်ဘိန်းကို ထည့်ပါ၊ အပေါက်ကို ဂျုံမှုန့်ဖြင့် ပိတ်ပါ၊ ဂျုံမှုန့်ဖြင့် အပြင်မှ ဇော်သရွတ် ထပ်မံပါ၊ မီးဖုတ်ပြီးနောက် အပြင်သို့ ထုတ်ယူပြီး အေးသောအခါ လိမ်းပတ် မံထားသော ဇော်သရွတ်များကို ဖယ်ရှားပြီးလျှင် ဇာသီးကို ကြိတ်၍ ပျားရည်ဖြင့် တိုက်ကျွေးပါ၊ ကာမဂုဏ် မမှီဝဲမီ ကြိုတင်၍ ဇီးစေ့ခန့် စားပြီးနောက် နွားနို့ကို ဆက်သောက်ပါ၊ များစွာ သုက်ကို ထိန်းနိုင်သည် ဟု ကုထုံးကျမ်းတို့တွင် ဆို၏။

**ဇာတိဖလာဒိဝဋ္ဋိ ( ဇာတိပ္ပိုလ် စသော ဆေးလုံး )။** ။ ဇာတိပ္ပိုလ်သီး, ဇာတိပ္ပိုလ်ပွင့်, လေညှင်း, ကံ့ကော်ဝတ်ဆံ, စင်ကြယ်အောင် လုပ်ထားပြီးသော ပတိုင်းစေ့, စင်ကြယ်အောင် လုပ်ထားပြီးသော ဘိန်း, ၁-ကျပ် ဂ-ပဲသားစီ ယူ၍ စင်ကြယ်အောင် လုပ်ထားပြီးသော ကျောက်သွေး ၄-ကျပ် ဂ-ပဲသား, သံပြာ ၃-ကျပ် ၁၂-ပဲ ( ဓာတ်သမုဒ္ဒရာကျမ်းတွင် ကြည့်ပါ ) အားလုံးဆေးပစ္စည်းကို ထုထောင်းပြီးလျှင် အမှုန့်ကို စစ်ယူ၍ ကျောက်သွေးကို ရေဖျော်ပြီး ဆေးမှုန့်နှင့် နယ်ရာ၏၊ ၂-ရတီခန့် အလုံးငယ်များ ပြုပါ၊ တကြိမ်လျှင် ၂-လုံးစီ ယူ၍ ( နံနက် ညနေ ) သောက်ပါ၊ နွားနို့ ထပ်သောက်ပါ၊ အလွန် အားနည်းသော ဆီးချိုရောဂါ, ဆီးချိုခြင်းကြောင့် အလွန် ရေငတ်ခြင်း, အလွန် ဆီးများခြင်း, ကျင်ငယ်လမ်းများ အားနည်းခြင်း, ဆီးချို အနာဒပေါက်ရောဂါ, ကျင်ငယ်နှင့် အတူ သကြားများ ကျခြင်း စသော ရောဂါများကို ပျောက်စေနိုင်သည့်ပြင် ခန္ဓာကိုယ်အား, စိတ်အား, ဣန္ဒြေအား, ဉာဏ်အားများ တိုးပွားလာနိုင်၏။

**ဇာတိဖလာဒိစုဏ္ဏ ( ဇာတိပ္ပိုလ် စသော ဆေးမှုန့် )။** ။ ဇာတိပ္ပိုလ်သီး, လေးညှင်း, ဖါလာ, ငြုတ်ကောင်း, ကရဝေး, သင်ကြံပိုး, ကံ့ကော်ဝတ်ဆံ, ဝါးစိန့်, ငရုတ်, နံ့သာဖြူ, နှမ်းနက်, စမွှါ, ကြစု, ကျောက်ထင်းရှူး, ဆီးဖြူသီး, ပိတ်ချင်းသီး, စမုန်နက်, ဇီယာဖြူ, ကန့်ချုပ်နီမြစ်, ချင်းခြောက်, အိပ်မွှေ့သီး — ၎င်းအားလုံးသော ဆေးတို့ကို ၁-ကျပ် ဂ-ပဲသားစီ ယူပြီးလျှင် အသီးသီး အမှုန့် ပြုလုပ်ပြီးမှ ချိန်ပါ၊ အားလုံးသော ဆေးအလေးချိန်နှင့် အမျှ စင်ကြယ်အောင် ပြုပြီးသော ဆေးခြောက်ကို ရောပါ၊ ၎င်းနောက် အားလုံး ဆေးအလေးချိန် သကြားခဲ အမှုန့် ကြိတ်၍ ရောပါ၊ ၎င်းဆေးမှုန့်ကို ၁-ပဲ, ၃-ပဲ အထိ ပျားရည်နှင့် တေ၍ လျက်ပေးလျှင် ဝမ်းကိုက်, ပန်းနာ, ချောင်းဆိုး, နူတ်မမြိန်, ခယရုဂ်, လေ နှင့် သလိပ်တို့ ဖေါက်ပြန်ခြင်း နှင့် ထိပ်ခတ်နာ ရောဂါများ ပျောက်ကင်း၏။

**ဇာတိဖလာဒိဝဋ္ဋိ ( မြင်းသရိုက်ရောဂါ အတွက် )။** ။ ဇာတိပ္ပိုလ်သီး, လေးညှင်း, ပိတ်ချင်းသီး, သိန္ဓောဆား, ချင်းခြောက်, ပတိုင်းစေ့, ရှိန်းခို, လက္ခား, မီးဖေါက် အားလုံးသော ဆေးဘက်တို့ကို လေးတူ ယူပြီးလျှင် ထိုဆေးမှုန့်များကို သံပုရာရည်ဖြင့် နယ်၍ ၂-ရတီခန့် အလုံးများ ပြုလုပ်ပါ၊ ဆေးတလုံးမှ ၂-လုံး အထိ နံနက် ညနေ ၂-ကြိမ် သောက်ပါ၊ နှမ်း ၆-ပဲသား, ဆီဦး ၁၂-ပဲသားနှင့် အတူ ရော၍ သောက်သော် မြင်းသရိုက်ရောဂါကြောင့် ကျဆင်းနေသော သွေးများ နှင့် ရက်အတန်ကြာအောင် ထွက်နေသော လိပ်ခေါင်းရောဂါများ ဆောလျှင်စွာ ပျောက်ကင်း၏။

**မှတ်ချက်။** ။ ဇာတိပ္ပိုလ်သီး ကောင်း, မကောင်း ရွေးချယ်ရန်မှာ ချောမွတ်ခြင်း, လှုပ်ကြည့်က အသံမြည်ခြင်း, လေးတွဲ့ခြင်း ရှိလျှင် ကောင်း၏၊ ကြမ်းခြင်း, အသံမမြည်ခြင်း, ပေါ့ခြင်း ရှိလျှင် မကောင်း။

# ဇာတိပ္ဖိုလ်ပွင့်

သက္ကတ **ज.तिपत्री** လက်တင် The Arilof myristiea Frangrans

ဟိန္ဒီ **जायपत्री** အင်္ဂလိပ် Maee

**ပုံသဏ္ဌာန်။** ။ ဇာတိပ္ဖိုလ်ပွင့် ဟူသည် ဇာတိပ္ဖိုလ်ပင်မှ ပွင့်သော အပွင့်မျိုး မဟုတ်ချေ၊ ၎င်းအပွင့်ကို ဆေးတွင် များစွာ မသုံးကြချေ၊ (ဇာတိကောသ = အသီး၏အိမ်) အဆန်ကို ပတ်ရစ် အုပ်ထားသော အခွံပါးကို ယခုကာလ "ဇာတိပ္ဖိုလ်ပွင့်" ဟု ခေါ်ကြ၏။

**အရသာ နှင့် အကျိုးသွား။** ။ ပေါ့ရှားရှား ရှိ၏၊ ခါး၏၊ ချို၏၊ ကြေကျက်လွယ်၏၊ မွှေး၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်မြိန်စေ၏၊ လုပခြင်းကို တိုးတက်စေ၏၊ ပါးစပ်ကို စင်ကြယ်စေ၏၊ သလိပ်ကို နိုင်၏၊ ချောင်းဆိုး, အန်ခြင်း, ပန်းနာ, ရေငတ် ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။

---

# ဇာတိပ္ဖိုလ်သီး (တော)

သက္ကတ **कामुक**

ဟိန္ဒီ **जङ्गली जायफल**

လက်တင် Myristica Malabari a

**ပုံသဏ္ဌာန်။** ။ အသီးသည် ဇာတိပ္ဖိုလ် ရိုးရိုး ထက် ရှည်၍ ကြီး၏၊ အနံ့အရသာကား လျော့နည်း၏၊ မွှေး၏၊ ဆီအနည်းငယ် ရ၏၊ အရွက်သည် အဝါရောင် သန်း၍ နီ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးကို သုံးရ၏၊ အရသာ, သတ္တိ, ဝိပါက, ဂုဏ်, ဒေါသ, ရောဂါ အားလုံး ဇာတိပ္ဖိုလ်ရိုးရိုးနှင့် တူ၏။

**မှတ်ချက်။** ။ ဇာတိပ္ဖိုလ်ရိုးရိုးနှင့် တူသည် ဟု ဆိုရသော်လည်း ရိုးရိုးလောက် ထက်မြက်ခြင်း မရှိသဖြင့် သုံးစွဲရာ၌ အလေးချိန် ပို၍ သုံးရ၏၊ ထူးခြားချက်ကား - အဆီကို လိမ်းကျံပေးလျှင် အဖု အကျိတ်များ ပျောက်ကင်း၏၊ ကြိယ်၍ လိမ်းလျှင် လေကြောင့်ဖြစ်သော နာကျင် ကိုက်ခဲခြင်း ပျောက်ကင်း၏၊ လှော်၍ကြိတ်၍ တနေ့ ၂-ကြိမ်, ၃-ကြိမ် စားလျှင် ငိုက်မြည်း၏၊ ကြိတ်၍ ပျားရည်နှင့် သောက်လျှင် အစာဝမ်း, ပိတ်ဝမ်း ရောဂါများ ပျောက်ကင်း၏။

---

# ဇီရာ

သက္ကတ जीरक လက်တင် Cumminum

ဟိန္ဒီ जीरा အင်္ဂလိပ် Cumin

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ချုံပင်ငယ်မျိုး ဖြစ်၏၊ အကိုင်းအလက်များ ပြေ့ပျောင်း၏၊ စိမ်းသော အဆင်း ရှိ၏၊ အရွက် သေးငယ်၍ သုံးခုတွဲ၍ ထွက်တတ်၏၊ အသီးမှာ ရှည်လျားလျား ရှိ၍ ချွန်၏၊ လယ်ယာမြေတို့၌ အစေ့ကို ကြဲချ၍ စိုက်ပျိုးကြ၏၊ အသီးအစေ့ကို အများဆုံး သုံးရ၍ အခြားသော အမြစ် အကိုင်း အရွက်တို့ကိုလည်း သုံးနိုင်၏၊ အချို့စာအုပ်တို့၌ "ယ" အက္ခရာနှင့် "ဇီယာ" ဟု ရေးကြသည်ကို တွေ့ရ၏၊ သက္ကတ အမည် "ဇီကရ" ဟိန္ဒီအမည် "ဇီရာ" ဟု ခေါ်သည်ကို ထောက်လျှင် "ဇီရာ" ဟု ရကောက် အက္ခရာနှင့် ရေးခြင်းသည် သာလျှင် သင့်၏။

**အရသာ နှင့် အကျိုးသွား။** ။ စပ်၏၊ အေးသော သတ္တိ ရှိ၏၊ အနည်းငယ် ပူ၏၊ ဝိပါက၌ **စပ်၏၊** ချုပ်၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှုတ်ကို မြိန်စေ၏၊ အဆိပ်ကို ပယ်တတ်၏၊ သားအိမ်ကို စင်ကြယ်စေ၏၊ လေ, သည်းခြေကို ငြိမ်းစေ၏၊ မျက်စိရောဂါ, ဝမ်းပိုက်တင်းရောင်ခြင်း, အဖျား, ခယရုဂ်, နူနာ, နှုတ်မမြိန်, သွေးဖေါက်ပြန်, ဝမ်းသက်, ပိုး, ဂူလုံး ရောဂါ စသည်တို့ကို ပျောက်ကင်းစေ၏။

## ဇီရာကို ကျမ်းဆရာ အမျိုးမျိုးတို့ မြင်ပုံ

အဖျားဟောင်း အတွက် ဇီရာသည် များစွာ အကျိုးပြု၏၊ ၎င်းသည် အစာကိုလည်း များစွာ ဆာစေတတ်၏၊ အားအင် ဆုတ်ယုတ်မှုကိုလည်း လွန်စွာ တိုးပွားနိုင်၏၊ အဖျားသစ် ဖြစ်ရာ၌လည်း ဇီရာသည် အကျိုးပြု၏၊ ၎င်းကို သုံးခြင်းဖြင့် ကိုယ်ပူရှိန် လျော့ပါးသွားနိုင်၏ အပူကြောင့် ကျင်ငယ်ခန်းပြီးလျှင် ထိုးကျင် ကိုက်ခဲမှုကိုလည်း နည်းပါးသွားစေနိုင်၏၊ ဇီရာကို ပြုတ်ပြီးလျှင် ၎င်းရေကို ချိုးသည် ရှိသော် ယားယံခြင်း ဝေဒနာကို ပျောက်ကင်းစေနိုင်၏၊ ပိုက်တင်းရောင်ခြင်း, ပျို့အန်ခြင်း, ဝမ်းကိုက်ခြင်း, ဝမ်းသက်ခြင်း, အစာမကြေရောဂါနှင့် စပ်သမျှတို့ အတွက် ဇီရာသည် အလွန် အကျိုးပြုသော ဆေးဘက် တမျိုး ဖြစ်၏၊ ကလေးသူငယ်များ အတွက် ရောဂါ၌မူ ဇီရာသည် ထူးခြားစွာ အကျိုးပြုသည့် ဆေးပင် ဖြစ်၏၊ မြင်းသရိုက်ရောဂါ ပြင်းထန်စွာ ဖြစ်ပြီးလျှင် လွန်စွာ နာကျင် ကိုက်ခဲခြင်း, ရောင်တင်းခြင်း ဖြစ်ခဲ့သော် "ဇီရာ" ကို သကြားခဲနှင့် ရောစပ်ပြီး အတွင်းဆေး အနေနှင့် အသုံးပြုပြီးလျှင် ၎င်း "ဇီရာ" သက်သက်ကို ပြုတ်၍ ဖဏ်ဆေးပေးသင့်၏၊ ကျောက်ရောဂါ, ကျောက်တည်ခြင်း နှင့် ကျင်ငယ်ချုပ်ခြင်း ဖြစ်သည်ရှိသော် သကြားခဲနှင့် ပြုတ်၍ အကြိမ်ခတ်များများ သောက်ပေးရာ၏၊ မီးရတ်ရောဂါနှင့် ဆိုင်သမျှလည်း ဇီရာသည် ကျေးဇူးပြုပါ၏။

ယူနာနီဆေးပညာရှင်တို့၏ ဆေးအဘိဓာန်တွင် ဇီရာကို အောက်ပါ အတိုင်း ဖွင့်ပြထားသည်ကို တွေ့ရ၏၊ ဇီရာသည် ပူ၏၊ ခြောက်သွေ့စေ၏၊ ၎င်းသည် ဝမ်းပိုက်တင်းရောင်ခြင်းကို ပယ်ဖျောက်နိုင်၏၊ လေကယ်နေသည်ကို ငြိမ်းအေးစေနိုင်၏၊ အသည်း နှင့် အူတို့ကို အားရှိစေ၏၊ ဝစ္စမဂ်၌ ၎င်း၏ အားကို ဖြစ်စေ၍ မစ္စမဂ်တွင် ရောင်သမျှကို ပယ်ဖျောက်နိုင်၏၊ သလိပ်ကို ပယ်နိုင်၏၊ ခတ်ချုပ်ရောဂါကိုလည်း ပယ်ဖျောက်နိုင်၏၊ တကိုယ်လုံး နွမ်းရည် သတ္တိ အားလျော့ပါးရာ၌ ၎င်းသည် များစွာ အားအင်ကို ဖြစ်စေ၏၊ ညဥ့်တွင် မျက်စိမမြင်ခြင်းနှင့် တကွ မျက်စိရောဂါ အမျိုးမျိုး အပြင် မျက်စိမှ မျက်ရည်ကျဆင်းခြင်းကိုလည်း ပယ်ဖျောက်နိုင်၏၊ ဝစ္စမဂ်, ကျင်ချောင်းတို့၌ ဖြစ်သော အသားညွန့်, အသားတစ်, အသားငုတ် တို့နှင့် ကျောက်တည်မှုကိုလည်း ပယ်ဖျောက် နိုင်၏၊ ၎င်းသည် ကြို့ထိုးရောဂါကိုလည်း တားမြစ်နိုင်၏၊ အဆီ တိုးပွားခြင်းကြောင့် ဖြစ်သော ပိုးရော တို့ကိုလည်း ပယ်ဖျောက်နိုင်၏၊ သည်းခြေဒေါသ လွန်ကဲ ဖေါက်ပြန်ရာ၌လည်း ၎င်းအပူကို ငြိမ်းစေ နိုင်၏၊ ကိုယ်ဝန်ဆောင်များ ပျို့အန်ခြင်း ဖြစ်ခဲ့သော် ဇီရာကို ပြုတ်တိုက်ရာ၏၊ ဇီရာ အဖြူနှင့် ပြုလုပ်ထားသော ဟာလဝါမုန့်မျိုးကို ကျွေးခဲ့သော် သားသည် မိခင်တို့၏ နို့သည် လွန်စွာ အားရှိသာ၏၊ ဇီရာကို ထောပတ်နှင့် နယ်ပြီးလျှင် ဆေးပြားလေး လုပ်၍ ၎င်းအခိုကို ရှူခဲ့သော် ကြို့ထိုးရောဂါ လျင်စွာ ပျောက်ကင်း၏၊ ဇီရာဆီသည် ကင်းမြီးကောက် အဆိပ်များကိုလည်း နိုင်နင်း၏၊ ဇီရာကို လှော်ပြီးလျှင် အမှုန့် ထောင်း၍ ထောပတ်နှင့် တွေကျွေးခဲ့သော် ဝမ်းသက်ရောဂါများ ပျောက်ကင်း၏၊ ခွေး ဆိပ်ပျောက်ရန် ဇီရာ နှင့် ငြုတ်ကောင်းကို ရောစပ်၍စိမ်ပြီး သောက်ပါက လွန်စွာ အကျိုးပြု၏၊ လိင်ဥရောင် ရောဂါ အတွက် ဇီရာ နှင့် ငြုတ်ကောင်းကို ရောစပ် ချက်၍ လိမ်းရန် သင့်၏၊ တက်ဖျား ကျဖျား ဖြစ်ခဲ့သော် ဇီရာမှုန့်ကို ထန်းလျက်နှင့် စားခဲ့သော် တက်ဖျား, ကျဖျား နှင့် လေရောဂါတို့ကို ပျောက်ကင်း၏။

**မှတ်ချက်။** ။ ဤ၌ ဇီရာနှင့် စပ်၍ မှတ်သားဘွယ်ရာကို တင်ပြလိုပါသေးသည်၊ မြန်မာပြည်၌ ဗိန္ဒောဆရာမြတ်တို့သည် ဇီရာ ၅-ပါး ဟု ခေါ်ဆိုခြင်း မပြုကြဘဲ "စမုန်မျိုးငါးပါး" ဟု ခေါ်ဝေါ် သုံးစွဲခြင်းကို ပြုကြကုန်၏၊ "စမုန်စပါး, စမုန်ဖြူ, စမွတ်, ဇီရာ, စမုန်ဖွဲ" ဟူ၍ စမုန်ငါးပါး သချ်ာကို နယမာလာကျမ်းတွင် ဖေါ်ပြထားသည်ကို တွေ့ရသည်၊ စမုန်စပါးမှ စ၍ အမည်ဘပ်ပြီးလျှင် ခေါ်ဝေါ် သုံးစွဲကြသည် ဖြစ်သောကြောင့် ၎င်းအမည်သည်သည်း သင့်သည်သာ ဖြစ်၏၊ သို့သော် အာယုဗ္ဗေဒကျမ်းတို့၌ကား စမုန်က စ၍ ရေတွက်၍ အမည်မမှည့်ဘဲ ဇီရာမှ စ၍ မှည့်ခေါ်ပြီးလျှင် ပဉ္စ ဇီရာ ( ပန်ကျဂျီရာ ) ဟူ၍ သက္ကတဘာသာ ဝေါဟာရဖြင့်၎င်း, ဟိန္ဒီလို ( ပန်ဂျီရာ) ဟူ၍၎င်း ခေါ်ဝေါ် သုံးစွဲ ကြသည်ကို တွေ့ရ၏၊ ဆေးပစ္စည်း ရောင်းရိုမဟုတ်ဘဲ ဆေးပစ္စည်းကိုပါ တဘ်ကျမ်းကုန်သော အချို့ ဆိုင်တို့၌ ဖေါ်ပြပါ အတိုင်း ခေါ်ဝေါ်ကြပြီးလျှင် ဇီရာမှ စသော စမုန်မျိုးငါးပါးကို ထည့်ပေးကြကုန်၏၊ ဤကဲ့သို့ မူလ သက္ကတ ဘာသာဖြင့်၎င်း ဟိန္ဒီဘာသာဖြင့်၎င်း ဇီရာ ၅-မျိုး သုံးစွဲ ခေါ်ဝေါ်သည်ကို တွေ့ရ၏၊ မွန်ဗိန္ဒော ဆေးပညာဘိုု၌လည်း "ဂျီရာပစ္စုင်း ( ဂျီပစ္စုင်း ) ဟူ၍ ဇီရာကို ဦးတည်ပြီးလျှင် မူလ ဆေးကျမ်းလာ ခေါ်ဝေါ်မှုနှင့် မခြားနားဘဲ

တသားတည်း ဓါဝေါ သုံးစွဲသည်ကို တွေ့ရသည်၊ မြန်မာဗိန္ဒောဆရာတို့သာ ဖေါ်ပြခဲ့သည့် အတိုင်း စမုန်မျိုး ၅ ပါး ဟု ဓါဝေါ သုံးစွဲကြသည်ကို တွေ့ရသည်။

ဖေါ်ပြပါ ဇီရာ ၅-မျိုး ဖြစ်စေ, တနည်း စမုန်မျိုး ၅-ပါး ပင် ဖြစ်စေ သုံးစွဲကြရာ၌ သုံးစွဲလိုသူ၏ ရည်ရွယ်ချက်သည် သာ အဓိက ဖြစ်၏၊ မိမိ ဖေါ်သော **ဆေးသည်** မည်သည့် မည်သည့် အကျိုးကို ပြုစေလိုသောကြောင့် မည်သည့် ပစ္စည်းကို ထည့်ရသည် ဟု ဆေးပစ္စည်း၌ သိသော အသိဉာဏ်သည် သာ အရေး အကြီးဆုံး ဖြစ်၏၊ ထိုကြောင့် ဗိန္ဒောဆေးပညာ အတတ်သည် ဆေးပစ္စည်းတို့၏ စွမ်းရည် သတ္တိ ဂုဏ်အင်ကို သိခြင်း၌ ဆုံးသည်၊ ဆေးပညာ တတ်သည် ဟူသော ရှေးသမားတော်ကြီးများ၏ မှတ်ချက်သည် လွန်စွာ လျော်ကန်ပေစွ၊ ထိုကြောင့် စမုန်မျိုးငါးပါးကို ယူရာ၌ရင်း, အို့မဟုတ် ဇီရာ ငါးပါးကို ယူရာ၌ရင်း, ဖေါ်ပြပါ ယူနည်းမှ တပါး အခြားသော ယူနည်းများလည်း ၃-၄-နည်း ရှိသေး၏၊ ဝါဒကွဲပြားနေကြသည် ဟု အပြစ်မတင်သင့်ပေ၊ အာယုဗ္ဗေဒ ဆေးအဘိဓာန်ကျမ်းတို့၌ကား စမုန်မျိုး ၅-ပါး တနည်း ဇီရာ ၅-ပါး ( အစေ့မျိုး ငါးပါ ) သုံးစွဲသည်မှ တပါး အခြားသော သုံးစွဲနည်းမျိုးလည်း ရှိသေး၏၊ အစေ့မျိုး ၅-ပါး ဟူသည် ( ၁ ) မုန်ညင်းဖြူစေ့, ( ၂ ) စမွတ်, ( ၃ ) ဇီရာ, ( ၄ ) ဘိန်းစေ့, ( ၅ ) စမုန်ဖြူစေ့ —ဟူ၍ အစေ့မျိုး ၅-ပါးကို ဖေါ်ပြထားပြန်၏၊ အသုံးပြုရမည့် ရောဂါမှာ ဝမ်းကိုက်, ယားနာ, ဝမ်းမီးနုံ့, ကာလဝမ်း, ပန်းနာ, ချောင်းဆိုး, အအေးမိသော ရောဂါ, အစာမကြေရောဂါ, ထိုးအောင့်သော ရောဂါတို့၌ အသုံးပြုရန် ဖေါ်ပြထား၏၊ ထိုသုံးစွဲရမည့် ရောဂါ နှင့် သုံးစွဲသင့်သော ဆေးပစ္စည်း ၅-မျိုးကို ထောက်ဆလျှင် အခြားသော အစေ့ ၅-မျိုးတို့ကို ယူရာ၌လည်း လိုသလို ထည့်သွင်း ယူနိုင်လျှင် များစွာ သင့်လျော်ပေ၏၊ တနည်း-အစေ့ ၅-မျိုးကို တိုက်ရိုက် ဖေါ်ပြထားသည်မှာ အောက်ပါ အတိုင်း ဖြစ်၏။

( ၁ ) ပဲနံ့သာစေ့, ( ၂ ) မြင်းခေါင်း နွယ်ရောင်စေ့, ( ၃ ) စမုန်ဖြူစေ့, ( ၄ ) စမုန်နက်စေ့, ( ၅ ) မိချောင်းကွမ်းဘတ်စေ့, ၎င်း ၅-မျိုးတို့ကို ဖေါ်ပြထား၏၊ ထိုအစေ့ ၅-မျိုးကို မည်သည့် ရောဂါ၌ သုံးရမည်နည်း ? အဖြေမှာ - ထိုအစေ့ ၅-မျိုးတို့၏ စွမ်းရည် ဂုဏ် သတ္တိကို ကြည့်ရှု စိစစ်ပြီးမှသာလျှင် အဖြေ ပေးနိုင်မည် သာ ဖြစ်၏၊ ထိုကြောင့် ဆေးဖေါ်စပ်လိုသော ဗိန္ဒောဆရာသည် ဆေးပစ္စည်း တို့၏ စွမ်းရည် ဂုဏ် သတ္တိ တို့ကို ကြည့်ရှုပြီးလျှင် " လိုက်ဘိုး - ပိုလျှော့ " ရောဂါ အလိုက် ဆေးအလိုက် အသုံးပြုနိုင်အောင် ကြံစည် ကြိုးစား မှတ်သား လေ့လာရကုန်၏။

ပါ အတိုင်း ဖွင့်ပြ
ဝမ်းပိုက်တင်းရောင်
ပည်း နှင့် အူတို့ကို
ပယ်ဖျောက်နိုင်၏၊
လုံး ငှမ်းရည် သတ္တိ
မျက်စိမြင်ခြင်းနှင့်
ပည်း ပယ်ဖျောက်
အသားငုတ် တို့နှင့်
ပ်း တားမြစ်နိုင်၏၊
သည်းခြေဒေါသ
ျား ပျို့အန်ခြင်း
ဟာလဝါမှုန့်မျိုးကို
ကို ထောပတ်နှင့်
လျှင်စွာ ပျောက်
ကို လှော်ပြီးလျှင်
ျာက်ကင်း၏၊ ခွေး
န်စွာ အကျိုးပြု၏၊
လိမ်းရန် သင့်၏၊
ျား, ကျဖျား နှင့်

သားသည်၊ မြန်မာ
ဘဲ "စမုန်မျိုး
စမုန်ဖြူ, စမွတ်,
ဖေါ်ပြထားသည်
းစွဲကြသည် ဖြစ်
အာယုဗ္ဗေဒကျမ်း
ါပြီးလျှင် ပဉ္စ
လို ( ပန့်ဂျီရာ)
်း ရောင်းရှိ
ါ်ပြပါ အဘိုင်း
ာန်၏၊ ဤကဲ့သို့
းစွဲ ခေါ်ဝေါ်
ဂျီပဒ္ဒိုင်း )
င့် မခြားနားဘဲ



တသားတည်း ခေါ်ဝေါ် သုံးစွဲသည်ကို တွေ့ရသည်၊ မြန်မာဗိန္ဒောဆရာတို့သာ
ခဲ့သည့် အတိုင်း စမုန်မျိုး ၅ ပါး ဟု ခေါ်ဝေါ်သုံးစွဲကြသည်ကို တွေ့ရသည်

ဖေါ်ပြပါ ဇီရာ ၅-မျိုး ဖြစ်စေ, တနည်း စမုန်မျိုး ၅-ပါး ပင် ဖြစ်စေ
ကြရာ၌ သုံးစွဲလိုသူ၏ ရည်ရွယ်ချက်သည်သာ အဓိက ဖြစ်၏၊ မိမိ ဖေါ်သော ဆေး
မည်သည့် မည်သည့် အကျိုးကို ပြုစေလိုသောကြောင့် မည်သည့် ပစ္စည်းကို ထည့်
ဟု ဆေးပစ္စည်း၌ သိသော အသိဉာဏ်သည် သာ အရေး အကြီးဆုံး ဖြစ်၏၊ ထို
ဗိန္ဒောဆေးပညာ အတတ်သည် ဆေးပစ္စည်းတို့၏ ငှမ်းရည် သတ္တိ ဂုဏ်အင်ကို သိ
ဆုံးသည်၊ ဆေးပညာ တတ်သည် ဟူသော ရှေးသမားတော်ကြီးများ၏ မှတ်ချက်
လွန်စွာ လျော်ကန်ပေစွ၊ ထို့ကြောင့် စမုန်မျိုးငါးပါးကို ယူရာ၌ရှင်း, ဇီရာ(?) ငါးပါးကို ယူရာ၌ရှင်း, ဖေါ်ပြပါ ယူနည်းမှ တပါး အခြားသော ယူနည်းများ
၃-၄-နည်း ရှိသေး၏၊ ဝါဒကွဲပြားနေကြသည် ဟု အပြစ်မတင်သင့်ပေ၊ အာယု
ဆေးအဘိဓာန်ကျမ်းတို့၌ကား စမုန်မျိုး ၅-ပါး တနည်း ဇီရာ ၅-ပါး ( အစေ
ငါးပါ ) သုံးစွဲသည်မှ တပါး အခြားသော သုံးစွဲနည်းမျိုးလည်း ရှိသေး၏၊ အစေ
၅-ပါး ဟူသည် ( ၁ ) မုန်ညင်းဖြူစေ့, ( ၂ ) ဇမွတ်, ( ၃ ) ဇီရာ, ( ၄ )
စေ့, ( ၅ ) စမုန်ဖြူစေ့ —ဟူ၍ အစေ့မျိုး ၅-ပါးကို ဖေါ်ပြထားပြန်၏၊
ပြုရမည့် ရောဂါမှာ ဝမ်းကိုက်, ယားနာ, ဝမ်းမီးနှုံ့, ကာလဝမ်း, ပန်းနာ, ချောင်း
အအေးမိသော ရောဂါ, အစာမကြေရောဂါ, ထိုးအောင့်သော ရောဂါတို့၌ အာ
ရန် ဖေါ်ပြထား၏၊ ထိုသုံးစွဲရမည့် ရောဂါနှင့် သုံးစွဲသင့်သော ဆေးပစ္စည်း ၅-မျိုး
ထောက်ဆလျှင် အခြားသော အစေ့ ၅-မျိုးတို့ကို ယူရာ၌လည်း လိုသလို ထည့်
ယူနိုင်လျှင် များစွာ သင့်လျော်ပေ၏၊ တနည်း-အစေ့ ၅-မျိုးကို တိုက်ရိုက် ဖေ
ထားသည်မှာ အောက်ပါ အတိုင်း ဖြစ်၏။

( ၁ ) ပဲနံ့သာစေ့, ( ၂ ) မြင်းခေါင်း နွယ်ရောင်စေ့, ( ၃ ) စမုန်ဖြူ
( ၄ ) စမုန်နက်စေ့, ( ၅ ) မိချောင်းကွမ်းဘတ်စေ့, ၎င်း ၅-မျိုးတို့ကို ဖေါ်ပြ
၏၊ ထိုအစေ့ ၅-မျိုးကို မည်သည့် ရောဂါ၌ သုံးရမည်နည်း ? အဖြေမှာ - ထိုအ
၅-မျိုးတို့၏ ငှမ်းရည် ဂုဏ် သတ္တိကို ကြည့်ရှု စိစစ်ပြီးမှသာလျှင် အဖြေ ပေးနိုင်မည်
ဖြစ်၏၊ ထို့ကြောင့် ဆေးဖေါ်စပ်လိုသော ဗိန္ဒောဆရာသည် ဆေးပစ္စည်း တို့၏ ငှမ်း
ဂုဏ် သတ္တိ တို့ကို ကြည့်ရှုပြီးလျှင် " လိုဘိုး-ပိုလျှော့ " ရောဂါအလိုက် ဆေးအ
အသုံးပြုနိုင်အောင် ကြံစည် ကြိုးစား မှတ်သား လေ့လာရကုန်၏။

# ဇီရာရွက် ( မြန်မာ )

**ဟိန္ဒီ** कपूर वल्लि

**လက်တင်** Anisochibes Carnosus

**ပုံသဏ္ဍာန်။** ။မိုးအခါ၌ ပေါက်တတ်သော အပင်မျိုးဖြစ်၏၊ အရွက်သည် ပြန့်ကျယ်၏၊ ၃-သဏ္ဍာန်ရှိ၏၊ ကျယ်ပြန့်သော အနားရေးရှိ၏၊ အရွက်အပေါ်သည် နူးညံ့၏၊ နောက်ဘက်သည်အမွေး ရှိ၏၊ အသီးသည် အပွင့်ဖျားမှ ဖြစ်၏၊ ပြား၏၊ နူးညံ့၏၊ ဗာဒံရောင်ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ထက်မြက်၏၊ သလိပ်ကို ထုတ်ဆောင်တတ်၏၊ ကလေးများ ချောင်းဆိုး သလိတ်ကြပ်ရာ၌ အသုံးပြုရ၏၊ အရွက်ရည်ကို သကြားနှင့် အတူ ရော၍ လည်ချောင်း နာကျင်ရာ၌ တိုက်ရ၏။

---

# ဇီရာညို

**သက္ကတ** कृष्ण जीरक

**ဟိန္ဒီ** ज.रास्याह

**လက်တင်** Carum Carui

**ပုံသဏ္ဍာန်။** ။၎င်းသည် ၂-နှစ်ခံပင် ဖြစ်၏၊ ၂-ပေ, ၃-ပေ အထိ မြင့်၏၊ အသီး ညို၍ သေးငယ်၏၊ မွှေး၏၊ ၎င်းသည် အညိုမျိုး ဖြစ်သောကြောင့် ကဏှဇီရက ( ဇီရာညို ) ဟု ခေါ်၏၊ ကုလားများ ရောင်းဝယ်သော ဗယဆေးဆိုင်၌ "ရှာဇီရာ" ဟု မေးဝယ်ရ၏။

**အရသာ နှင့် အကျိုးသွား။** ။စပ်ရှားရှား ရှိ၏၊ ပူသော သတ္တိ ရှိ၏၊ မွှေး၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ်နှင့် စွမ်းရည်။** ။သလိပ်ကို ပယ်တတ်၏၊ မျက်စိကို အကျိုး ပြု၏၊ နှုတ်မြိန်စေ၏၊ နာတာရှည်ရောဂါ, ဖေါရောင်ခြင်း, ဦးခေါင်းရောဂါ, နူနာစသည်ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မျက်စိ။** ။ဇီယာညိုကို ပါးစပ်ဖြင့် ဝါး၍ အရည်ကို မျက်စိတွင် ခတ်ပေးသော် သွေးခြေဉကလေးများ အရည်ပျော်ကျ၍ မျက်စိရောဂါ လျင်မြန်စွာ ပျောက်ကင်း၏။

**သွား။** ။၎င်း၏ ပြုတ်ရည်ကို နှုတ်ငုံဆေး အဖြစ် အသုံးပြုသော် သွားကိုက် သွားနာ ပျောက်ကင်း၏။

ဇီရာဆီ
CARUM CARUI
जीरास्याह





ဇီရာနက် (တောဇီရာ)
SALVIA MOOR CROFTIANA
कालीजीरो

**ဖေါရောင်။** ။ ၎င်းကို ရှာလပတ်ရည် ပြုလုပ်၍ တိုက်သော် ကိုယ်ဝန်ဆောင်များ အတွက် ဖေါရောင်သော ရောဂါသည့် ပျောက်ကင်း၏။

---

# ဇီရာနက်(တောဇီရာ)

**ဟိန္ဒီ** काली जीरी

**လက်တင်** Salviamoorcroftiana

**ပုံသဏ္ဍာန်။** ။ ၎င်းသည် ပေ ၆၀၀-မှ ပေ ၉၀၀-ထိ မြင့်သော တောင်ပေါ် တို့၌ ပေါက်ရောက်တတ်၏၊ အပင်မှာ ဖြူ၍ ပြောင့်ပျောင်း၏၊ အမွှေးငယ်များ ရှိ၏၊ အရွက် တို့သည် ဆုံ၍ ထွက်၏၊ အနည်းငယ် ဝိုင်း၏၊ ရွက်များ၌ ခွေးသွားစိတ်များ ရှိ၏၊ အပွင့် ရှည်၍ အနည်းငယ် ညိုရောင် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် ချောင်းဆိုးရောဂါကို ပျောက်ကင်းစေ၏၊ အရွက်ကို ယားနာ, ပိုးရောဂါ တို့၌ အသုံးပြုရ၏၊ အနာ တို့၌ ပတ်တီး စည်းပေး ရ၏၊ အစေ့ကို အန်ဆေး အဖြစ်ဖြင့် အသုံးပြုရ၏၊ ဝမ်းပိုက်အောင့်ခြင်း, ပိတ်ဝမ်း ရောဂါတို့၌ အသုံးပြုရ၏၊ အနာ တို့၌ ထည့်ရ၏၊ သွေးမြင်းသရိုက် ရောဂါ၌လည်း အသုံးပြုရ၏။

---

# ဇော်ဂျီခါးပုံစ

**ပုံသဏ္ဍာန်။** ။ ဇော်ဂျီခါးပုံစ ဟူ၍လည်း ရှိသေး၏၊ ၎င်းသည် သစ်ပင်ကြီးတို့၌ ကပ်၍ ပေါက်တတ်၏၊ အရွက်ကြီး၍ အဝိုင်း ဖြစ်၏၊ ထိုအရွက်ကြားမှ ခါးပုံစ ကဲ့သို့ ကျလာ၏၊ ထို့ကြောင့် "ဇော်ဂျီခါးပုံစ" ခေါ်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ အလွန် ကုစားရ ခက်သော ရေဖျဉ်း ရောဂါ တို့၌ အသုံး ပြုကြ၏။

---

# ဇော်ဂျီတောင်ဝှေး

**ပုံသဏ္ဍာန်။** ။ ၎င်းသည် အနီရောင်, အစိမ်းရောင်, ဇော်ရောင် စသည်ဖြင့် အမျိုးမျိုး ရှိ၏၊ အရွက် အနေ အထား တို့သည် အကြီး, အငယ်, အသွယ်, အတို-ဟူ၍ အမျိုးမျိုး ရှိလေသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။သွေးအန်, သွေးကျ, သွေးလျှံ, သွေးသွန်နာ တို့၌သည်းခြေ ဒေါသ အပူကို လွန်စွာ ငြိမ်းစေနိုင်၏၊ သကြားချိုချိုနှင့် သောက်ရ၏။

---

# ဇော်ဂျီမုတ်ဆိတ်

**သက္ကတ** जटामांसी

**ဟိန္ဒီ** जटामांसी

**လက်တင်** Nardostachys Zatamansi

**အရသာ နှင့် အကျိုးသွား။** ။အရသာမှာ ခါး၏၊ ဖန်၏၊ အေးသော သတ္တိ ရှိ၏၊ ဝိပါကဌ် စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဝမ်းမြောက် နှစ်သိမ့်ခြင်းကို ဖြစ်စေတတ်၏၊ အရောင်အဆင်းကို ဖြစ်စေတတ်၏၊ ခွန်းအားကို ပြုတတ်၏၊ အဆိပ်ကို ပယ်တတ်၏၊ ဆံပင်ကို တောက်ပြောင်စေ၏၊ ဒေါသ သုံးပါးလုံးကို ငြိမ်းစေ၏၊ လည်ချောင်းရောဂါ, သွေးအန်, သွေးကျ, အဖျား, ဘုတ်ဖမ်းစားခြင်း, ဖေါ်ရောင်ခြင်း, အကြောရောဂါ, ရေယုန်, နူနာ, အရေပြားရောဂါ, လေရောဂါ, အနာမီးလျှံနာ, အကြောလျော့ကျသက်သန့်နာ, ကျောက်ရောဂါ စသည်တို့၌ အသုံးပြုရ၏။

## ရောဂါအလိုက် အသုံးပြုနည်း


**သွေးဖေါက်ပြန်။** ။ဇော်ဂျီမုတ်ဆိတ်ကို ရေအေးနှင့် တညဉ့် စိမ်၍ ၎င်းရေတွင် ပျားရည်နှင့် ရောစပ် သောက်ခဲ့သော် သွေးဖေါက်ပြန်ခြင်း,သွေးဆိုးပွားခြင်းတို့ ပျောက်ကင်း၏။

**နှလုံးတုန်။** ။ဇော်ဂျီမုတ်ဆိတ်ကို ရေနှင့် သွေး၍ ရင်၌ လိမ်းကျံပေးက နှလုံးတုန်ခြင်း ရင်ခုန်ခြင်းတို့ လျင်မြန်စွာ ပျောက်ကင်း၏၊

**ဦးနှောက်ကိုက်ခဲခြင်း။** ။ဇော်ဂျီမုတ်ဆိတ်ကို ရေနှင့် ကြိတ်၍ ဦးခေါင်း၌လိမ်းပေးသော် ဦးနှောက်ကိုက်ခဲခြင်း လျင်မြန်စွာ ပျောက်ကင်း၏။

**သွားရောဂါ။** ။ဇော်ဂျီမုတ်ဆိတ်ကို အမှုန့်ပြု၍ သွားတိုက်ဆေး အဖြစ် အသုံးပြုခဲ့သော် သွားကိုက် သွားနာ လျင်မြန်စွာ ပျောက်ကင်း၏။

**နှလုံး, သလိပ်။** ။၎င်းဇော်ဂျီမုတ်ဆိတ်ကို ရှာလပတ်ရည် ပြုလုပ်၍ သောက်ခဲ့သော် နှလုံးရောဂါ နှင့် သလိပ်ရောဂါများ လျင်မြန်စွာ ပျောက်ကင်း၏။



ဇော်ဂျီမုတ်ဆိတ်

NARDOSTACHYS JATAMANS

जटामांसी

**သလိပ်အော့အန်။** ။ ဇော်ဂျီမုတ်ဆိတ်ကို ရေဖြင့် ကြိတ်၍ စစ်ပြီး သောက်ခဲ့သော် သလိပ်အော့အန်ခြင်းမှ ပျောက်ကင်း၏။

**။ရေဖျဉ်း။** ။ ဇော်ဂျီမုတ်ဆိတ်နှင့် ဆားကို ကျောက်ပြင်တွင် **ကြိတ်၍** လိမ်းလျှင် ရေဖျဉ်ရောဂါ လျှင်မြန်စွာ ပျောက်ကင်း၏။

**ဝက်ရူးစသည်။** ။ ဇော်ဂျီမုတ်ဆိတ်ကို စွဲမြဲစွာ သောက်လျှင် ဝက်ရူးနာ, မီးရတ်ထိမ်ခြင်း, ဆီး ပြန်တံ မကောင်းခြင်း, အစာကြေ ပြန်တံ မကောင်းခြင်း, အသက်ရှူ ပြန်တံ မကောင်းခြင်း တို့နှင့် ကိုယ်ရေဝါရောဂါ, အဆစ်ရောင်ရောဂါတို့ လျှင်မြန်စွာ ပျောက်ကင်း၏။

**လေလုံး။** ။ လေလုံးရောဂါနှင့် ဝက်ရူးနာများ အတွက် ဇော်ဂျီမုတ်ဆိတ် အမှုန့် ၁၀-ရွေး, ပရုပ် ၁-ရွေးခွဲ, သစ်ကြံပိုး အပါး ၂-ရွေးခွဲ ၎င်းအားလုံးကို အမှုန့်ပြု၍ ထမင်း မစားမီ သောက်ပါက အထက်ပါ ရောဂါများ လျှင်မြန်စွာ ပျောက်ကင်း ချမ်းသာ၏။

---

# ဇာင်ပြွန်းသီး

**ကနေရီ কাংগাল**

**လက်တင်** Dillenia Pentagyna

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ပင်လတ်မျိုး ဖြစ်၍ ပေ ၄၀ - မှ ၅၀ - ပေ အထိ မြင့်၏၊ မြန်မာပြည် အထက်ပိုင်း နှင့် အောက်ပိုင်းဒေသရှိ သစ်တောများတွင် များစွာ ပေါက်လေ့ရှိ၏၊ ၎င်းသည် အကြီး အငယ် ၂-မျိုး ရှိ၏၊ အကြီးမျိုးမှာ အလုံး ကြီး၍ အငယ်မျိုးမှာ အလုံး သေး၏၊ သီးသော အခါ ပြွတ်ခိုင်၍ သီး၏။

**အရသာ နှင့် အကျိုးသွား။** ။ ချဉ်၏၊ စဉ်းငယ် ဖန်၏၊ ချွဲပြစ်၏၊ ဝမ်းမီးကို တောက်စေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ လေပူသလိပ်ပူတို့ကို နိုင်၏၊ သွေး, သည်းခြေ တို့ကို ပျက်စေတတ်၏၊ လေ နှင့် သလိပ်ရောထွေး၍ လေချောင်း အခြောက်ဆိုးရာ၌ သင့်၏၊ အသီးကိုသကြား ရည်တို့နှင့် ရော၍ အဖျော်ပြုလုပ်ပြီး သောက်ခဲ့သော် ချောင်းဆိုးခြင်း ပျောက်ကင်း၏၊ မြန်မာတို့သည် ၎င်းကို ဟင်းချက်စားကြ၏၊ တောတွင် အလိုအလျောက် ပေါက်၍ ကျွေကျသော အသီးများကို ကျွဲနွားများ စားကြ၏၊ ၎င်းအသီးသည် ကျွဲ နွား တို့ အတွက် **အေးသော အစား** အစာ တခု ဖြစ်၏။

---

# ဇော်ဂင်းကလေး

ဟိန္ဒီ तिपाना

မရထီ तिनी

လက်တင် Allophylus Serratus

**ပုံသဏ္ဌာန်။** ။ သူတပါးကို မှီ၍ ဖြစ်သော ချုံသဘော ရှိသော အပင်မျိုး ဖြစ်၏၊ အရွက်သည် ဥ-သဏ္ဌာန် ရှိ၏၊ အမွေး ရှိ၏၊ အပွင့် သေး၏၊ ဖြူ၏၊ အသီးလုံး၏၊ ချော၏၊ မှည့်သော အခါ နီ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် တွန့်ချုံ့စေတတ်၏၊ ဝမ်းသက် ရောဂါ စသည် တို့၌ အသုံးပြုရ၏။

---

# ဇမ္ဗုပနီပင် (ဇမ္ဗုပနီပင်)

သက္ကတ गर्दभांड

ဟိန္ဒီ पारस पीपल

လက်တင် Thespesia Popluleca

အင်္ဂလိပ် Umbrella tree

**ပုံသဏ္ဌာန်။** ။ ညောင်ပင်နှင့် တူ၏၊ သို့ရာတွင် ညောင်ပင်၌ အပွင့် မရှိသော်လည်း ဤ၌ ရုံးပတီ ကဲ့သို့ အပွင့်များ ရှိ၏၊ အရွက်ကို ကြော်၍ စားရ၏၊ ပဥ္စင်္ဂါးပါးလုံး သုံးရ၏။


**အရအသာ နှင့် အကျိုးသွား။** ။ ချို, ချဉ်, ဖန်၏၊ အေး၏၊ ဝိပါက၌ စပ်၏၊ ကြေကျက်ခဲ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သုက်ကို ပွားစေ၏၊ သလိပ်ကို ပြုတတ်၏၊ လေ, သလိပ်ကို နိုင်၏၊ နှလုံးရောဂါ, ပူခြင်း, လည်ချောင်းရောဂါ စသည်ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**သည်းခြေရောင် နှင့် သည်းခြေဖေါက်ပြန်။** ။ ၎င်းအရွက်ကို ကြိတ်၍ မီးနှင့် နွေးပြီး လိမ်းပေးခဲ့သော် အဆစ်အဆက် ရောင်ခြင်း, သည်းခြေရောင်ခြင်းများ ပျောက်ကင်း၏၊ ၎င်းပြင်-အလည်သားကို သွေး၍ လိမ်းပေးခဲ့သော် သည်းခြေဖေါက်ပြန်ခြင်းနှင့် ခါးနာခြင်း လျင်မြန်စွာ ပျောက်ကင်း၏။

**ယားနာ။** ။ ၎င်းအသီး ဝါ၏ သတ္တုရည်ကို လိမ်းသော်၎င်း, အခေါက် ပြုတ်ရည်ကို ရေချိုးသော်၎င်း, အပွင့်ကို ကြိတ်၍ လိမ်းခဲ့သော်၎င်း, ယားနာ နှင့် အရေပြားရောဂါ အမျိုးမျိုးတို့ ပျောက်ကင်း၏။



ဗမ္ဗုပနီပင်

THESPESIA POPULNEA

पारसपीपल

**သွေးပေါက်ပြန်။** ။ ၎င်းအမြစ်ကို လေးဘို့ တဘို့ကြွင်း ပြုတ်၍ ၅-ကျပ်သားမှ ၇-ကျပ်သား အထိ သောက်လျှင် သွေးပေါက်ပြန်သောရောဂါ အံ့သြဘွယ်ရာ ပျောက်ကင်း၏။

**ပွေးနာ။** ။ ၎င်းအပွင့်၏ သတ္တုရည်ကို လိမ်းလျှင် ပွေးနာရောဂါ ပျောက်ကင်း၏။

**အနာမီးလျှံနာ။** ။ အကြောပေါ်တွင် ပေါက်သော အနာမီးလျှံများ အတွက် ၎င်းအရွက်ကို မီးကင်၍ ကပ်ပေးက အနာမီးလျှံနာများ ပျောက်ကင်း၏။

**ရင်နာ။** ။ ၎င်းအမြစ်ကို ကျိုသောက်ခဲ့သော် ရင်နာရောဂါ ပျောက်ကင်း၏။

**မှတ်ချက်။** ။ အသီးသည် ချဉ် ချို၏၊ အသီးဆံသည် ချို၏၊

---

# ဇွန်ပန်း

**သက္ကတ** **ယူထိကာ**

**ဟိန္ဒီ** **जही**

**လက်တင်** Zasminum Auriiulatum

**။ပုံသဏ္ဍာန်။** ။ ၎င်းသည် နွယ်မျိုး ဖြစ်၏၊ ဥယျာဉ်များနှင့် အလှပန်းခြံများတွင် စိုက်ပျိုးကြ၏၊ ၎င်းအပွင့်သည် သေး၍ ဖြူ၏၊ အလွန် လှပ၍ မွှေး၏၊ ၎င်းတွင် အပွင့်ကို စွဲ၍ အဖြူမျိုး, အဝါမျိုး ဟူ၍ ၂-မျိုး ရှိ၏၊ ဂုဏ်သတ္တိကား တူ၏၊ အဝါမျိုးသည် အနံ့ မွှေးကြိုင်၍ ပိုမို လှပ၏၊ အများအားဖြင့် အပွင့်ကို သုံး၏။

**အရသာ နှင့် အကျိုးသွား။** ။ အရသာ ချိုခါး၏၊ သတ္တိ အေး၏၊ ဝိပါက္ကဲ စပ်၏၊ ကြေကျက်လွယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ နှလုံးကို ကျေးဇူး ပြု၏၊ သလိပ်, လေ ဖြစ်စေ၏၊ သည်းခြေကို နိုင်၏၊ သကြားဆီးရောဂါ, ရေငတ်, ပူခြင်း, အရေပြား, ရောဂါအမျိုးမျိုး, အနာပေါက်, သွေးပေါက်ပြန်, မျက်စိ, ခံတွင်း, သွားဉ္စ ဖြစ်သော ရောဂါများ, အဆိပ်သင့်, ဦးခေါင်းရောဂါ စသည် တို့ကို ပျောက်ကင်းစေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ပါးစပ်။** ။ ပါးစပ်ကွဲခြင်း, ပါးစပ်၌ အဖု အပိမ့်ပေါက်ခြင်း ဖြစ်ခဲ့သော် ၎င်းအရွက်ကို ဝါး၍ ငုံလျှင် ပျောက်၏၊ ၎င်းပြင် ၎င်းအရွက်ကို နနွင်းနွယ်, တြိဖလတို့နှင့် ရော၍ လေးဘို့ တဘို့ကြွင်း ပြုတ်သောက်လျှင်လည်း ပါးစပ်နာများ ပျောက်ကင်း၏။

**နားရောဂါ။** ။ နားကိုက်, နားနာ, နားပြည်ယို တို့၌ ၎င်းအရွက် သတ္တုရည်ကို ခတ်ပေးက ၎င်းရောဂါများ လျှင်မြန်စွာ ပျောက်ကင်း၏။

**ခြေဘဝါးကွဲ**။ ။ ခြေးဖဝါး ကွဲအက်ရာ၌ ၎င်းအရွက်ကို ကြိတ်၍ အုံပေးပါက လျှင်စွာ ပျောက်ကင်း၏။

**ပွေးနာစသည်**။ ။ ဇွန်ပန်း အဝါ၏ အမြစ်ကို ရေနှင့် သွေးလိမ်းသော် ပွေးနာ ရောဂါ ပျောက်ကင်း၏၊ ၎င်းပြင် ၎င်းအခေါက်ကို ဓားများနှင့် ခုတ်ထစ်သော အခါ ထွက်လာ သော နို့စေးကို မကျက်နိုင်သော အနာများ, အရိုး အဆစ် လွဲခြင်း, အနာပျက်တို့၌ ဘေးပတ် ပတ်လည်တွင် လိမ်းက ၎င်းရောဂါများ ပျောက်ကင်း၏။

**ယောနိ**။ ။ ၎င်းအပွင့်ကို ကြိတ်၍ ယောနိတွင် လိမ်းပေးခဲ့သော် ယောနိ လျော့ပါး ခြင်းမှ ကင်းရှင်းစွာ ပျောက်၏။

**ခေါင်းတခြမ်းကိုက် နှင့် စိတ်နောက်**။ ။ ၎င်းအစေးကို ခေါင်းတခြမ်းကိုက်ရောဂါ၌ လိမ်းပေးခဲ့သော် လျင်မြန်စွာ ပျောက်ကင်း၏၊ ၎င်းပြင် - ထိုအစေးသည် စိတ်နောက်သူများ အတွက်လည်း အလွန် အကျိုးပြုပေ၏။

**ကြက်မျက်သင့် နှင့် မျက်စိရောဂါ**။ ။ ကြက်မျက်သင့် နှင့် မျက်စိရောဂါတို့ အတွက် ဇွန်းပန်းကို အောက်ပါအတိုင်း အသုံးပြုရာ၏။

ဇွန်းပန်းပွင့် - ၅ဝ, ကြိတ်မှုန့်ရွက် - ၅ဝ,
ဒန့်သလွန်ရွက် - ၃ဝ, ပြုတ်ကောင်း - ၁၆–စေ့,
ပိတ်ချင်း - ၃ - တောင့် —

၎င်းအားလုံးကို ညက်စွာ ထောင်း၍ အတောင့်ကလေးများ ပြုလုပ်ပြီး အခြောက် လှမ်းပါ၊ ထိုအတောင့်များကို ရေနှင့် သော်၎င်း, ဆန်ပုန်းရည်နှင့် သော်၎င်း, မျက်စိတွင် လိမ်းကျံပေးက မျက်ရည်ပူများ ကျလာ၍ မျက်စိရောဂါများမှ ပျောက်ကင်း၏။

---



ညံပင်

SESBANIA ACULEATA

नुहामों

## [ ည ]

## ညံ့ပင်

သက္ကတ इतफत

ဟိန္ဒီ मुतक्षामों

လက်တင် Sesbania Aculeata

**ပုံသဏ္ဌာန်။** ။ အကိုင်း အခက်များ၌ မိုးဥတုနှင့် ယှဉ်၍ ပေါက်တတ်သော အသက်တိုသည့် တနှစ်ခံ ( မိုးသက်ပင် ) အပင်မျိုး ဖြစ်၏၊ အချို့နေရာ၌ နွေရာသီသို့ ရောက်သော်ငြားလည်း မသေဘဲ ရှင်လျက် ရှိတတ်၏၊ ၎င်းသည် ရေသကျည်းမျိုးမှ ဖြစ်၏၊ "ရေသကျည်းအရိုင်း" တမျိုး ဟု မှတ်ယူရပေမည်၊ ထိုကြောင့် နိဃဏ္ဍုကျမ်းတို့၌ "ဝနဇယန္တိ" ဟု မှည့်ခေါ်ကြကုန်၏၊ "ဇယန္တ" သဒ္ဒါသည် ရေသကျည်းကို ဟော၏၊ မြန်မာတို့သည် ပြုတ်၍ တို့စားခြင်း, အချဉ်ထည့်၍ စားခြင်း ပြုကြကုန်၏၊ ၎င်း၏ အရိုးများတို့သည် ပွသောကြောင့် ဖော့၏ အစား အသုံးပြုကြ ကုန်၏၊ အပွင့်မှာ အဝါရောင် ရှိ၏၊ အင်း, အိုင် ရေဝပ်ရာ တို့၌ များစွာ ပေါက်တတ်၏၊ ကျွဲ, နွား, သိုး, ဆိတ်တို့သည် ၎င်းအရွက်ကို ကြိုက်နှစ်သက် ကြကုန်၏၊ တရံတခါ ၇-ပေခန့် မြင့်တတ်၏၊ အသားသည် ပွ၏၊ ပေါ့၏၊ အသီးသည် အတောင့် ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အမြစ်သည် သန်ကို ကျစေ၏၊ ဆီးကို ရှင်စေ၏၊ မိန်းမတို့၏ နို့ရည်ကို ရှင်စေ၏၊ မျက်စိရောဂါတို့၌ အသုံးပြုရ၏၊ အစေ့သည် သန်များ အတွက် ကောင်း၏။

---

## ညောင်ခြေထောက်

သက္ကတ वट

ဟိန္ဒီ बड़

လက်တင် Ficus Bengalensis

**ပုံသဏ္ဌာန်။** ။ ဤညောင်ခြေထောက်ကို ပြည်ညောင် ဟု၎င်း, ညောင်လန်း ဟု၎င်း, ခေါ်ကြသေး၏၊ ညောင်ပိန္နဲမှလည်း ခြေထောက် ကျတတ်၏၊ ၎င်းမျိုးကို မယူရ၊ ပဥ္စငါးပါး လုံးကို သုံးရ၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်ချို၏၊ အေး၏၊ ဝိပါကဥ္စ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အူတို့ကို တွန့်ရှုံ့စေတတ်၏၊ အရောင်အဆင်းကို ဖြစ်စေ၏၊ သလိပ်, သည်းခြေကို နိုင်၏၊ အနာပေါက်, အန်ခြင်း, အဖျား, ယောနိဒေါသ, တွေဝေခြင်း, ရေယုန်ကြီးရောဂါ စသည် တို့ကို ပျောက်ကင်းစေ၏၊ အရွက်သည် အနာပေါက် ရောဂါ တို့၌ အကျိုး ပြု၏၊ အရွက်ဖူးသည် အသားကြွေကျသော နူနာတို့၌ အကျိုးပြု၏၊ ရွက်နုသည် သလိပ်ကို ပယ်တတ်၏၊ ရွက်ခြောက်သည် ချွေးကို ထွက်စေ၏၊ အခေါက်သည် တောင့်တင်းစေ၏၊ အစေးသည် နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ အသားနု တက်စေ၏။

## ရောဂါအလိုက် အသုံးပြုနည်း

**ထိခိုက်ဒဏ်ရာ နှင့် အဆစ်လွဲခြင်း။** ။ ၎င်း၏ အစေးကို လိမ်းပါက ထိခိုက် ဒဏ်ရာ နှင့် အဆစ်အဆက်လွဲခြင်းတို့ ပျောက်ကင်း၏၊ ထိုနည်းအတိုင်း ပင် အသုံးပြုခဲ့သော် အဆစ် ရောင်ခြင်းလည်း ပျောက်ကင်း၏။

**ရောင်ဖေါခြင်း။** ။ ရိုးရိုးရောင်ဖေါခြင်း နှင့် ကိုက်ခဲနာကျင်ခြင်း၌ ၎င်းအစေးကို လိမ်းက လျှင်မြန်စွာ ပျောက်ကင်း၏။

**ဆီးချို။** ။ ၎င်းအခေါက်ကို ထက်ဝက်ခန့် ပြုတ်၍ သောက်လျှင် ဆီးချိုရောဂါ နှင့် ဆီးတွင် သကြားပါခြင်းတို့ ပျောက်ကင်း၏၊ အားခွန်ဗလများလည်း တိုးပွားလာလိမ့်မည်။

**သွားဖုံးရောင်။** ။ ၎င်းအခေါက်ကို ထက်ဝက်ခန်းအောင် ကျို၍ နှုတ်ငုံခြင်း, ပလုပ် ကျင်း ခြင်း ပြုလုပ်ခဲ့သော် သွားဖုံးရောင်ခြင်း, နာခြင်းတို့ ပျောက်ကင်း၏၊

**အနာပေါက်။** ။ အရွက်စိမ်းကို ကြိတ်၍ အုံပေးပါက နုလျှင် ပိန်၍ ရင့်လျှင် ပြည် ပေါက် သွားလိမ့်မည်၊ ပြည်ပေါက်ပြီးနောက် ၎င်းအရွက်ကို ဆန်နှင့် ပြုတ်၍ အနာကို အခိုးခံ ပေးလျှင် အနာသည် လျှင်မြန်စွာ အသားနုတက်၍ ကျက်သွားလိမ့်မည်။

**မုတ္တကိစ်နာ။** ။ ၎င်း၏ အမြစ်ခေါက်ကို ရေအေးဖြင့် သွေး၍ သောက်ခဲ့သော် မုတ္တကိစ်နာ ရောဂါ လျှင်မြန်စွာ ပျောက်ကင်း၏။

**သွေးအန်, သွေးကျ။** ။ ၎င်းအညွှန့်နုများကို ရေနွေးဖျော၍ ၎င်းအရည်ကို သောက် ခဲ့သော် သွေးအန်, သွေးကျ ရောဂါများ လျှင်မြန်စွာ ပျောက်ကင်း၏။

**အော့အန်ပျောက်ဆေး။** ။ ၎င်းအမြစ် အနုံ မုတ်ဆိတ်ကလေးများကို ကျို၍ သောက် လျှင် ဆေးမတွေ့နိုင်သော အော့အန်နာများ ပျောက်ကင်း၏။

**သုက်အားနည်း။** ။ ၎င်း၏ မြစ်ခေါက်ပြုတ်ရည်ကို ဖြစ်စေ, ၎င်း၏ သတ္တုရည်ကို ဖြစ်စေ, ဖျော်ချဲ့အောင် ပြုလုပ်၍ အခြား အားဆေးများ နှင့် ရောစပ် ပေးခဲ့သော် သုက်အား နည်းသော ရောဂါများ ပျောက်ကင်း၍ လျှင်မြန်စွာ အားများ ပြည့်လာလိမ့်မည်။

**ခါးကိုက်။** ။ ၎င်းအပင်၏ နို့စေးရည်ကို လိမ်းပေးလျှင် ခါးကိုက် ခါးနာ ရောဂါ များ လျှင်မြန်စွာ ပျောက်ကင်း၏။

**မီးရတ်သွေးလွန်။** ။ မီးရတ်သွေးလွန်ရောဂါနှင့် သွေးမြင်းသရိုက် ရောဂါတို့အတွက် ၎င်း၏ နို့စေးကို ၅-စက်မှ ၇-စက်ထိ တနေ့ ၃ - ၄ - ကြိမ် သောက်ခဲ့သော် အထက်ပါ ရောဂ များ လျှင်မြန်စွာ ပျောက်ကင်း၏။

**ကျပ်တီးနာ။** ။ ကျပ်တီးနာပေါ်တွင် ၎င်းအစေးကို လိမ်းပေးက နှလျှင် ပိန်၍ ရင့်လျှင် ပျောက်ကင်းချမ်းသာ ပါလိမ့်မည်။

**လိင်နိမိတ်ရောဂါ။** ။ ၎င်းအရွက်ကို ပြာချ၍ ၎င်းပြာကို ရေတွင် စိမ်၍ သောက် ခဲ့သော် လိင်နိမိတ်ရောဂါ လျှင်စွာ ပျောက်ကင်း၏။

**မီးလောင်နာ။** ။ ၎င်းအပင်မှ အပေါ် အခွံပါးကို နွားနို့ ဒိန်ရည်နှင့် ကြိတ်၍ မီးလောင်နာတွင် လူးပေးက လျှင်စွာ အေးငြိမ်း၍ ပျောက်ကင်း ချမ်းသာ ပါလိမ့်မည်။

**ခြေကွဲနာ။** ။ ၎င်းအစေးကို ခြေကွဲနာ ဖြစ်ရာ အနာပေါ်သို့ လိမ်းပေးက လျှင် မြန်စွာ အသားနုတက်၍ ပျောက်ကင်း ချမ်းသာ ပါလိမ့်မည်။

**တနည်း - ရတ္တပိတ်နာ။** ။ ၎င်းအရွက်ကို ညက်အောင် ကြိတ်၍ ပျားရည်, သကြား တို့နှင့် ရောစပ်၍ သောက်ခဲ့သော် ရတ္တပိတ်နာ ရောဂါ ချမ်းသာ ပျောက်ကင်း၏။

**မျက်စိပူ။** ။ ၎င်းအစေးကို မျက်စိ၌ ခတ်ပေးလျှင် မျက်စိပူလောင်ခြင်း ကောင်း စွာ ပျောက်ကင်း၏။

**အတိသာရဝမ်း။** ။ ၎င်းအစေးကို ချက်မှာ သိပ်ထည့်ပြီးလျှင် ဘေးပတ်ပတ်လည် တွင် လူးပေးခဲ့သော် အတိသာရဝမ်းရောဂါ လျှင်စွာ ပျောက်ကင်း၏။

---

# ညောင်ချဉ်

သက္ကတ चारूदशना

ဟိန္ဒီ पाकर

လက်တင် Ficus Lacor

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ညောင်ခြေထောက်, ညောင်ဗုဒ္ဓဟေ, ညောင်အုပ်စုမျိုးထဲမှ ပါဝင်၍ ထိုညောင်မျိုးတို့ကဲ့သို့ တောတောင် တလျှောက်တို့၌ ပေါက်ရောက်တတ်၏၊ အမြင့် မှာ ပေ ၄၀-မှ ၅၀-ပေ အထိ မြင့်၏၊ အားလုံးသော အစိတ်အပိုင်းတို့သည် နူးညံ့ ပျော့ ပြောင်းကုန်၏၊ အခေါက်သည် ပြာနှမ်းနှမ်း အရောင်ရှိ၏၊ အရွက်မှာ ဝိုင်း၍ ရှည်၏၊ အရွက်ချွန်း

များလည်း ရှိ၏၊ ၎င်း၏ အသီးလုံးသည် တလက်မ၏ ၄-ပုံ ၁-ပုံခန့် ရှိ၍ လုံးချွန်ချွန် ဖြစ်၏၊ မှည့်သောအခါ အသီးရောင်မှာ ဖြူသွား၏။

**အရသာ နှင့် အကျိုးသွား။** ။ ဖန်၍ ခါးသက်သက်ရှိ၏၊ အေးသော သတ္တိရှိ၏၊ ဝိပါက၌ စပ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ သည်းခြေ, သလိပ်ကို ပယ်တတ်၏၊ အနာပေါက်, ယောနိနှင့် ပတ်သက်သော ရောဂါ, ပူခြင်း, သွေးဖောက်ပြန်ခြင်း, ဖေါရောင်, သွေးအန်, သွေးကျ, တွေဝေ, ချာချာလည်အောင်မူးခြင်း, ပတောက်ပရစ် ပြောခြင်း တို့ကို ပျောက်ကင်းစေ၏။

မိန်းမများ မီးရတ်ဖြူ ဆင်းသောအခါ ၎င်း၏ ပြွတ်ရည်ကို မြွန်တံဖြင့် တနေ့ ၂-ကြိမ် ၃-ကြိမ်ခန့် ဆေးပေးက ၎င်းရောဂါမှ သက်သာ ပျောက်ကင်း၏။

၎င်းအသီး၏ သတ္တုရည်ကို သောက်ခဲ့သော် နှလုံးကို အလွန် အားပေး၏၊ ဝမ်းမီးကိုလည်း လွန်စွာ တောက်စေ၏၊ ဆာလောင်မွတ်သိပ်ခြင်းကို ဖြစ်စေ၏။

၎င်းအကြီးမျိုး၏ အသီးကို ယိုထိုး၍ စားလျှင် သရက်ရွက် အအေးပတ်ခြင်း, ရောင်ရမ်းခြင်း၌ လွန်စွာ အကျိုးပြု၏၊ အဆီဓာတ် ကိုလည်း ဖြည့်စွမ်းပေး၏၊ သွေးနှင့် သည်းခြေဖေါက်ပြန်ခြင်းကို လွန်စွာ ငြိမ်းစေ၏။

၎င်းအစေ့ကို သွေးဖေါက်ပြန်သော ရောဂါနှင့် ယားနာ အစိုများတွင် အသုံးပြုရ၏၊ အနာမီးလျှံနာ စသော အနာအမျိုးမျိုးနှင့် အနာလေးများအိုင်းကျ၍ ပွံ့နှံ့ပေါက်နေသော အနာတို့ အတွက် လွန်စွာကောင်း၏၊ အစေ့သည် ဝမ်းချုပ်စေ၏၊ ၎င်း၏ အရွက် နှင့် အခေါက်ကို ရေတွင် တညဥ့်စိမ်၍ နံနက်လင်းသောအခါ စစ်ယူပါ၊ ၎င်းအရည်တွင် သကြားခဲရော၍ သောက်လျှင် အထက်ပါ ဖေါ်ပြခဲ့သော အနာ အမျိုးမျိုး, အရေပြားရောဂါ အမျိုးမျိုးကို **ပျောက်ကင်းစေ၏။**

သလိပ်နှင့် သည်းခြေဖောက်ပြန်၍ ဖြစ်သော အဖျား၌ ၎င်းအခေါက်ကို ထက်ဝက်ကြွင်းကျို၍ သောက်လျှင် လွန်စွာ ကောင်း၏၊ ၎င်းအခေါက်ကို ပြာချ၍ ဆားချက်တိုက်လျှင် သွားသည် လွန်စွာ ခိုင်၏၊ အခေါက်ကို ပြုတ်၍ သွားရောဂါအတွက် ငုံးပေးတ လွန်စွာ အကျိုးပြု၏၊ သွားခိုင်ဆေးတွင် အမြတ်ဆုံးဖြစ်၏။

---

## ၁ = ညောင်ချဉ် ( တမျိုး )

သက္ကတ प्लक्ष

ဟိန္ဒီ पाकरी

လက်တင် Ficus Tesella

**ပုံသဏ္ဌာန်။** ။ ၎င်းသည် ညောင်ချဉ်မျိုးထဲမှ ဖြစ်၏၊ အားလုံးသော အစိတ်

အပိုင်းတို့သည် ချောမွေ့နူးညံ့၍ အရွက်မှာ ပါး၏၊ အလျား ၅-လက်မခွဲ ရှည်၍ ၃-လက်မခွဲ ကျယ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအခေါက်ပြုတ်ရည်သည် နာတာရှည် လေထိုး, လေနာ ရောဂါတို့ အတွက် လွန်စွာ အကျိုးပြု၏။

---

# ၂-ညောင်ချဉ် (တမျိုး)

သက္ကတ . प्लक्ष

ဟိန္ဒီ पिलखन

လက်တင် Ficus Infectoria

**ပုံသဏ္ဍာန်။** ။ ၎င်းသည်လည်း ဖော်ပြပါ ညောင်ချဉ်မျိုးထဲတွင် တမျိုး ပါဝင်သော အပင်ကြီးမျိုးဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်းအခေါက်သည် မီးရတ်ဖြူရောဂါနှင့် အနာမီးလျှံနာ စသော အနာအမျိုးမျိုးတို့၌ လွန်စွာ အသုံးကျ၏။

**မှတ်ချက်။** ။ အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း ညောင်ချဉ်မျိုးသည် ၃-မျိုးရှိကြောင်း သိရပေသည်၊ မြန်မာဝေါဟာရပြုထားရာ၌ကား "ညောင်ချဉ်" ဟူ၍ပင် ခေါ်ဝေါ် သုံးစွဲကြကုန်၏၊ သုံးမျိုး ရှိသည်ကို သီးသန့် ၃-မျိုး အမည် မှည့်ခေါ်ခြင်း မရှိထားသောကြောင့် "ညောင်ချဉ်" တမျိုး ဟူ၍ပင် ဖော်ပြလိုက်ရပေသည်၊ ဟိန္ဒီ, သက္ကတ, လက်တင်တို့၌ကား ထိုညောင်ချဉ် သုံးမျိုးတို့၏ အမည်ဝေါဟာရကို သီးသန့် ခေါ်ဝေါ် သုံးစွဲ ထားကြသည်ကို သတိပြုရာ၏။

---

# ညောင်ဖြူ

သက္ကတ गजभक्षक वट

ဟိန္ဒီ गजना

လက်တင် Ficus Rumphii

**ပုံသဏ္ဍာန်။** ။ အလည်အလပ်စား အပင်မျိုး ဖြစ်၏၊ အရွက်များသည် ထွက်စတွင်

နီ၏၊ ထိပ်ဖျားချွန်၏၊ စုလိုက်ထွက်၏၊ အညှာမရှိ၊ နူးညံ့၏၊ ရင့်လာသောအခါ အနက်ပျောက်ကလေးများနှင့် ဖြူ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ အသီးကို ပြုတ်ကောင်း, ထောပတ်, နနွင်းတို့နှင့် ရောရှ ဝမ်းတွင်းရှိ ပိုးများကို နှိမ်နင်းရန် တိုက်ရ၏၊ ထိုပြင် ပန်းနာရောဂါ, အန်ခြင်း တို့ကို ပျောက်ကင်းစေ၏။

---

# ညောင်ဗုဒ္ဓဟေ

သက္ကတ बोधिद्रुम

ဟိန္ဒီ पीपल

လက်တင် Ficus Religiosa

**အရသာ နှင့် အကျိုးသွား။** ။ အသီး, အရွက်, အခေါက်, အစေး, အသားတို့ကို သုံးရ၏၊ ဖန်ခါး၏၊ အေးသော သတ္တိ ရှိ၏၊ ဝိပါကဒ္ဓ ချို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ကြေခဲ၏၊ ခြောက်ထပ်စေ၏၊ အရောင်အဆင်းကို တောက်ပစေ၏၊ ယောနိကို သုတ်သင်တတ်၏၊ သည်းခြေ သလိပ်ကို နိုင်၏၊ အပူ, အနာပေါက်, ခယရုဂ်, ပန်းနာ, နူနာ, ပလိပ်, ဂရင်ဂျီနာ စသည်တို့ကို ပျောက်ကင်းစေ၏၊ အသီး မှည့်သည် အေး၏၊ နှလုံးကို အကျိုးပြု၏၊ သွေးရောဂါ, အဆိပ်, အပူ, သည်းခြေကြောင့်ဖြစ်သော ရောဂါ, အန်ခြင်း, မြစ်ခြောက်, နှုတ်မမြိန်ရောဂါများကို ပျောက်ကစ်းစေ၏၊ အရွက်သည် အောက်သို့ သက်စေတတ်၏၊ တွန့်ရှုံ့စေတတ်၏၊ သွေးကို စင်ကြယ်စေတတ်၏၊ အခေါက်သည် ချုပ်၏၊ ဝဖြိုးစေတတ်၏၊ အစေးသည် သွားနှင့် သွားဖုံးတို့၏ နာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေတတ်၏။

## ရောဂါအလိုက် အသုံးပြုနည်း

**မုတ္တကိစ်။** ။ ၎င်းအခေါက်ကို လေးဘို့ တဘို့ကြွင်း ပြုတ်၍၎င်း, ရေနွေးဖျော၍၎င်း သောက်ခဲ့သော် မုတ္တကိစ်ရောဂါ လျှင်စွာ ပျောက်ကင်း၏။

**ယားနာ။** ။ ၎င်းအခေါက်ကို ထက်ဝက်ခန်း ကျို၍၎င်း, ပြုတ်၍၎င်း သောက်ခဲ့သော် ယားနာ ပျောက်ကင်း၏။

**ရေယုန်နာ။** ။ ၎င်း၏မြစ်ခေါက်ကို ထက်ဝက်ခန်း ကျို၍ သောက်လျှင် ရေယုန်ကြီးနာရောဂါ လျှင်စွာ ပျောက်ကင်း၏။